**THE REPUBLIC OF THE UNION OF MYANMAR**
**MYANMAR INSTITUTE OF CERTIFIED PUBLIC ACCOUNTANTS Inc.**
**(MICPA)**
**No.1/19, Tha Khin Mya Garden Street, Ahlone Township, Yangon.**
**Tel: +959-401122113**
**+995-401122114**
**Email: myanmar.micpa@gmail.com**
**office@micpa.org.mm**

စာအမှတ်၊ MICPA/ ၂၀၂၀/ ၁၁၂
ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

သို့
အသင်းဝင်များအားလုံး

အကြောင်းအရာ။ FATF ၏ နည်းပညာပိုင်းဆိုင်ရာစာအုပ်ပေးပို့ခြင်း

ရည်ညွှန်းချက်။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဗဟိုအဖွဲ့ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့၏ (၁-၁၂-၂၀၂၀) ပြည့်နှစ် ရက်စွဲပါ စာအမှတ်၊ ၄၃၂၃ (၄၁၀၄)/ ၁၄-၀၃/ ဦး ၄

၁။ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အထက်ရည်ညွှန်းချက်ပါစာဖြင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF) မှ ၂၀၁၃ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် နည်းပညာပိုင်းဆိုင်ရာ (Methodology) စာအုပ်အား မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းသို့ ပေးပို့လာပါသည်။

၂။ သို့ပါ၍ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် အထက်ဖော်ပြပါ စာအုပ်အား အသင်းသူ၊ အသင်းသားများ သိရှိနိုင်စေရန်အလို့ငှာ အင်္ဂလိပ်၊ မြန်မာ Soft Copy များနှင့်အတူ ပူးတွဲ ဖြန့်ဝေအပ်ပါသည်။

ပူးတွဲစာ- (၂)စောင်

ဥက္ကဋ္ဌ(ကိုယ်စား)
(တင်ရှိန်၊ အမှုဆောင်အရာရှိချုပ်)

မိတ္တူ
-ရုံးလက်ခ

# နည်းပညာ

FATF အကြံပြုချက်များနှင့်
နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု နှင့်
AML/ CFT စနစ်များ၏ ထိရောက်မှုကို
အကဲဖြတ်ခြင်း

The Financial Action Task Force (FATF) is an independent inter-governmental body that develops and promotes policies to protect the global financial system against money laundering, terrorist financing and the financing of proliferation of weapons of mass destruction. The FATF Recommendations are recognised as the global anti-money laundering (AML) and counter-terrorist financing (CFT) standard.

For more information about the FATF, please visit **www.fatf-gafi.org**

This document and/or any map included herein are without prejudice to the status of or sovereignty over any territory, to the delimitation of international frontiers and boundaries and to the name of any territory, city or area.

Citing reference:

FATF (2013-2019), *Methodology for Assessing Compliance with the FATF Recommendations and the Effectiveness of AML/CFT Systems*, updated February 2019, FATF, Paris, France,
http://www.fatf-gafi.org/publications/mutualevaluations/documents/fatf-methodology.html

© 2013-2019 FATF/OECD. All rights reserved.
No reproduction or translation of this publication may be made without prior written permission.
Applications for such permission, for all or part of this publication, should be made to the FATF Secretariat, 2 rue André Pascal 75775 Paris Cedex 16, France
(fax: +33 1 44 30 61 37 or e-mail: contact@fatf-gafi.org)

# FATF အကြံပြုချက်များအပေါ် နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု နှင့် AML/CFT စနစ်များ၏ ထိရောက်မှုတို့ကို အကဲဖြတ်ရန် **နည်းပညာ**

## ၂၀၁၃ ဖေဖော်ဝါရီလတွင် အတည်ပြုသည်

၂၀၁၉ ဖေဖော်ဝါရီလတွင် နောက်ဆုံးပြင်ဆင်မွမ်းမံသည်

# မာတိကာ


နိဒါန်း..... ၅

နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု ..... ၁၅

ထိရောက်မှု ..... ၁၉

နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အကဲဖြတ်ချက် ..... ၃၀

ထိရောက်မှု အကဲဖြတ်ချက် ..... ၁၁၉

ဖြည့်စွက်ချက် ၁ နိုင်ငံအများအပေါ် လွှမ်းမိုးသည့် စီရင်ပိုင်ခွင့်ဆိုင်ရာ အကဲဖြတ်ချက် ..... ၁၆၄

ဖြည့်စွက်ချက် ၂ - နိုင်ငံအချင်းချင်းအပြန်အလှန် အကဲဖြတ်ချက် ပုံစံ ..... ၁၆၅

ဖြည့်စွက်ချက် ၃ - FATF လမ်းညွှန် စာတမ်းများ ..... ၁၉၈

ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များအပေါ် သတ်မှတ်လိုအပ်ချက်များ၏ဥပဒေအခြေခံ ၂၀၄

FATF နည်းပညာ မွမ်းမံပြင်ဆင်မှု ရက်စွဲများ ..... ၂၃၀

# အတိုကောက် စကားလုံးစာရင်း

| | |
|---|---|
| AML/CFT | ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး |
| BNI | ကိုင်ဆောင်သူလွှဲပြောင်းနိုင်သောစာချုပ်စာတမ်း |
| CDD | ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်မှု |
| CFT | အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး |
| DNFBP | ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ |
| FATF | ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်မှု အဖွဲ့ |
| FIU | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| IO | လက်ငင်းရလဒ် |
| IN | အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုမှုစာစု |
| ML | ငွေကြေးခဝါချမှု |
| MOU | နားလည်မှုစာချွန်လွှာ |
| MVTS | ငွေကြေးသို့မဟုတ် တန်ဖိုးလွှဲပြောင်းရေးဝန်ဆောင်မှု(များ) |
| NPO | ပရဟိတအဖွဲ့အစည်း |
| Palermo Convention | ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး ဆိုင်ရာ ကွန်ဗင်းရှင်း (၂၀၀၀) |
| PEP | ပြည်တွင်းပြည်ပ၌ သြဇာတိက္ကမရှိသူ |
| R. | အကြံပြုချက် |
| RBA | အန္တရာယ်အခြေပြု ချဉ်းကပ်မှု |
| SRB | ကိုယ်တိုင်စည်းကမ်းချမှတ်သည့်အဖွဲ့များ |
| STR | သံသယဖြစ်ဖွယ်သတင်းပို့ချက် |
| TCSP | ယုံကြည်အပ်နှံမှုနှင့် ကုမ္ပဏီဝန်ဆောင်မှုပေးသူ |
| Terrorist Financing Convention | အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တားဆီးနှိမ်နှင်းရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၉၉) |
| TF | အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု |
| UN | ကုလသမဂ္ဂ |
| UNSCR | ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ |
| Vienna Convention | မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် တရားမဝင်ရောင်းဝယ်မှု တားဆီးနှိမ်နှင်းရေး ဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း ၁၉၈၈ |

# နိဒါန်း

1. ဤစာတမ်းသည် ၂၀၁၂ ဖေ ဖော်ဝါရီလ၌ ပြန်လည်ပြင်ဆင် အတည်ပြု ထားသည့် FATF အကြံပြုချက် များဖြင့် နည်းပညာ ဆိုင်ရာ လိုက်နာဆောင်ရွက်မှုကို အကဲဖြတ်ဆန်းစစ်ရာတွင် လည်းကောင်း၊ နိုင်ငံတစ်တစ်နိုင်ငံ၏ ငွေကြေး ခဝါချမှု/ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (AML/CFT) စနစ်၏ ထိရောက်မှု အဆင့်ကို ပြန်လည် သုံးသပ်ရာတွင်လည်းကောင်း၊ အသုံးပြုရန် အ ခြေခံဖြစ်ပါသည်။ အပိုင်း သုံးပိုင်းပါရှိ ပါသည်။ဤပထမအပိုင်းမှာ နိဒါန်းပိုင်းဖြစ်ပြီး၊ အကဲဖြတ်သည့် နည်းပညာ (Methodology1) ယင်း၏ နောက်ခံအ ကြောင်းနှင့် အကဲဖြတ်မှုများ (evaluations/assessments)တွင် မည်သို့ အသုံးပြုရမည်ကို ခြုံငုံ ဖော်ပြထားပါသည်။ ဒုတိယအပိုင်းမှာမူ FATF အကြံပြုချက် တစ်ခုချင်း၏ နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုကို အကဲဖြတ်ရန်အတွက် စံများ ချမှတ်ထားပါသည်။ တတိယအပိုင်းမှာ FATF အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် ထိရောက်မှုမည်မျှရှိသည်ကို အကဲဖြတ်ရန် စဉ်းစားသည့် ရလဒ်များ၊ ညွှန်းကိန်းများ၊ ဒေတာနှင့် အခြားအကြောင်းတရားများကို ချမှတ်ထားပါသည်။ အပြန်အလှန် အကဲဖြတ်ခြင်း(Mutual Evaluation) အတွက် လုပ်ငန်းစဉ်များနှင့် လုပ်ထုံး လုပ်နည်းများကို သီးခြား စာတမ်းတွင် ဖော်ပြထားပါသည်။

2. အပြန်အလှန်အကဲဖြတ်ခြင်း၏ အပတ်စဉ် (၄) အတွက် FATF က နည်းပညာဆိုင်ရာ လိုက်နာ ဆောင်ရွက်မှုကို အကဲဖြတ်ရန်အတွက်လည်းကောင်း၊ AML/CFT စနစ် ထိရောက်ခြင်းရှိမရှိ၊ မည်သို့ ထိရောက်ခြင်း ရှိသည်တို့ကို အကဲဖြတ်ရန် လည်းကောင်း၊ ချဉ်းကပ်ပုံများ ထပ်မံဖြည့်စွက်ကာ အတည်ပြု ခဲ့ပါသည်။ ထို့ကြောင့် ဤနည်းပညာတွင် အပိုင်း (၂) ပိုင်း ဖော်ပြထားပါသည်။

- နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အကဲဖြတ်ခြင်းသည် အဓိကအားဖြင့် သက်ဆိုင်ရာ နိုင်ငံ၏ ဥပ ဒေ နှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တို့နှင့်ရော၊ ကြီးကြပ်ရေးအာဏာပိုင် များ ၏ လုပ်ပိုင်ခွင့်များ၊လုပ်ထုံးလုပ်နည်းများနှင့်ပါ သက်ဆိုင်သည့် FATF အကြံပြုချက်များ၏ သီးသန့် သတ်မှတ်ချက်များကို အကဲဖြတ်ခြင်း ဖြစ်ပါသည်။ ထိုအချက်များသည် AML/CFT စနစ်တစ်ခု တည်ဆောက်ရန် အတွက် အ ခြေခံအုတ်မြစ်များ ဖြစ်ပါသည်။
- ထိရောက်မှုကို အကဲဖြတ်နည်းသည် နည်းပညာ လိုက်နာဆောင်ရွက်မှု ကို အကဲဖြတ် နည်း နှင့် 32 အ ခြေခံအားဖြင့် ကွဲပြားပါသည်။ FATF အကြံပြုချက် များကို အကောင်အထည် ဖော်မှုလုံလောက်ခြင်း ရှိမရှိကို အကဲဖြတ်ခြင်းဖြစ်ပြီး၊နိုင်ငံတစ်နိုင်ငံက အားကောင်းသော AML/CFT စနစ် တစ်ခု၏ အခရာဖြစ်သည့် သတ်မှတ် ရလဒ် (outcomes) အစုများကို မည်မျှ အတိုင်းအတာ အထိ ပြည့်မီအောင် ဆောင်ရွက်နိုင်သည်ကို ဖော်ထုတ်ခြင်း ဖြစ် သည်။ သို့ဖြစ်ရာ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများဆိုင်ရာ မူဘောင်များ မျှော်မှန်းသည့် ရလဒ်များကို မည်သည့်အတိုင်းအတာအထိ ဆောင်ကြဉ်းပေးနေသည်ကို ဦးတည်

အကဲဖြတ်ခြင်းဖြစ်ပါသည်။

3. နည်းပညာ လိုက်နာဆောင်ရွက်မှု နှင့် ထိရောက်မှု အကဲဖြတ်မှု နှစ်ခုလုံး ပေါင်းကာ၊ နိုင်ငံက FATF စံနှုန်းများကို မည်သည့်အတိုင်းအတာအထိ လိုက်နာဆောင်ရွက်သည်၊ ပြီးလျှင် FATF အကြံပြုချက်များ ၏ သတ်မှတ်ချက်များအရ၊ အားကောင်းသော AML/CFT စနစ်ကို ထိန်းသိမ်းရာတွင် မည်မျှအထိ အောင်မြင်နေသည်ကို စုစည်း ပိုင်းခြားစိတ်ဖြာမှု တစ်ခု ထွက်လာမည်ဖြစ်သည်။

4. ဤနည်းပညာသည် AML/CFT နိုင်ငံတကာ စံနှုန်းများအပေါ် နိုင်ငံတစ်နိုင်ငံက လိုက်နာ ဆောင်ရွက်မှုကို အကဲဖြတ်သူများ အကဲဖြတ်သည့်အခါ အထောက်အကူပြုရန် ရည်ရွယ်ပြုစုထားပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု၊ ဖျက်အားပြင်းလက်နက် ပြန့်ပွားမှု တို့ကို တိုက်ဖျက်ရန်အတွက် ချမှတ်ထားသည့် FATF အကြံပြုချက်များ နှင့် အဓိပ္ပါယ်ရှင်းလင်း ဖွင့်ဆိုသည့်စာစု (Interpretive Notes) များရှိ နိုင်ငံတကာစံနှုန်း လိုအပ်ချက်များကို ထင်ဟတ်စေသော်လည်း ၄င်းတို့ကို ပြင်ဆင်ခြင်း သို့မဟုတ် လွှမ်းမိုးခြင်းမပြုပါ။ ထိရောက်သော AML/CFT စနစ်များ အကောင်အထည် ဖော်ရန်အတွက် နိုင်ငံများက ပြဋ္ဌာန်းသည့် မတူကွဲပြားသော ဥပဒေ၊ စည်းမျဉ်း၊ငွေရေးကြေးရေးဆိုင်ရာ မူဘောင်များဖြင့် ချမှတ်ထားသည့် စနစ်များနှင့် ယန္တရားများကို သိရှိအောင် ဖော်ထုတ်ရာတွင် အကဲဖြတ်သူ များအား အထောက်အကူပြုမည် ဖြစ်ပါသည်။ ထိုအပြင် နိုင်ငံများက နည်းပညာဆိုင်ရာ အကူအညီများ လိုအပ်မှုနှင့် စပ်လျဉ်း၍ သုံးသပ်ချက်ပြုလုပ်ခြင်း အပါအဝင်၊ ကိုယ့်စနစ်ကို ကိုယ်တိုင် ပြန်လှန် သုံးသပ်သည့် အခါတွင်လည်း အသုံးဝင်ပါသည်။ ဤ နည်းပညာကို FATF ၊ FATF- ပုံစံဖြင့် ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ (FSRBs) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ နှင့် ကမ္ဘာ့ဘဏ်တို့၏ ယခင် အစောပိုင်း ပြုစု ထားသည့် FATF အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်မှု အကဲဖြတ်ချက်များမှ ရရှိသည့် အတွေ့အကြုံများဖြင့် ပြုစုထားခြင်းဖြစ်ပါသည်။

---

1 အကဲဖြတ်မှု "assessment" နှင့် "evaluation" ဟူသောအသုံးအနှုန်းများနှင့် ၄င်းတို့၏ ဆင့်ပွားဝေါဟာရများကို ဤစာတမ်း တစ်လျှောက် အသုံးပြုထားပြီး၊ FATF နှင့် FSRB တို့ ဆောင်ရွက်သည့် အပြန်အလှန်အကဲဖြတ်ခြင်းကိုရည်ညွှန်းသည် (IMF နှင့် ကမ္ဘာ့ဘဏ်က ဆောင်ရွက်သည့် အကဲဖြတ်မှုများ

## အန္တရာယ်နှင့် ဆက်စပ်အ ခြေအနေများ

5. အကဲဖြတ်ချက်တိုင်း၏ တာထွက်မှာ နိုင်ငံ၏ အန္တရာယ်များနှင့် ဆက်စပ်အ ခြေအနေများကိုရော၊ ထိုအ ခြေအနေများကို ဖြစ်ပေါ်စေသည့် အခြေခံအကြောင်းများကိုပါ အကျယ်အားဖြင့် အရင်ဆုံး နားလည်ရန် ဖြစ်ပါသည်။ ထိုအထဲတွင် အောက်ပါတို့ ပါဝင်ပါသည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များ၏ သဘောသဘာဝနှင့် အတိုင်းအတာ၊

- အကြံပြုချက်အသီးသီးရှိ စီးပွားရေးကဏ္ဍအတွက် အခရာကျမှု ကို သက်ရောက် မှုရှိစေသည့် နိုင်ငံ၏ အ ခြေအနေများ (ဥပမာ -ထိုနိုင်ငံ၏ စီးပွားရေး ပုံစံနှင့် ငွေရေးကြေးရေး ကဏ္ဍ တည်ဆောက်ပုံ)
- AML/CFT စနစ်ကို ကျားကန်ပေးသည့် စနစ်တည်ဆောက်မှုဆိုင်ရာ အချက် များ၊ နှင့်
- AML/CFT အစီအမံများ အကောင်အထည်ဖော်ပုံကို လွှမ်းမိုးနိုင်သည့် အခြား ဆက်စပ် အကြောင်းအရာများနှင့်တကွ ယင်းအကြောင်းအရာများက မည်မျှ ထိရောက်မှုရှိသည် တို့ဖြစ်ပါသည်။

6. ML/TF အန္တရာယ်များသည် အကြံပြုချက် ၁ အပေါ် နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အကဲဖြတ်သည့် အခါနှင့် အခြား အကြံပြုချက်များ၏ အန္တရာယ်အခြေပြု အပိုင်းများကို အကဲဖြတ်သည့် အခါတွင်ရော၊ ထိရောက်မှု အကဲဖြတ်သည့်အခါတွင်ပါ အဓိက သက်ဆိုင် ပါသည်။ အကဲဖြတ်သူများသည် နိုင်ငံတစ်နိုင်ငံရှိ ငွေကြေးခဝါချမှု၏ သဘောသဘာဝနှင့် အတိုင်းအတာကိုလည်းကောင်း၊ နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၏ အန္တရာယ် အကြောင်းခြင်းရာများကို လည်းကောင်း၊ အကဲဖြတ်မှု စသည့်အချိန်မှ စ၍ အကဲဖြတ်မှုလုပ်ငန်းစဉ် တောက်လျှောက် ထည့်သွင်းစဉ်းစားသင့်ပါသည်။ နိုင်ငံတွင်း၌ တရားမဝင်ငွေကြေးများ ရရှိစေသည့် ပြစ်မှုများ၏ အမျိုးအစားနှင့် အတိုင်းအတာ၊ နိုင်ငံတွင်း အကြမ်းဖက်အုပ်စုများ လှုပ်ရှားခြင်း သို့မဟုတ် ရန်ပုံငွေများ ရှာဖွေခြင်း၊ တရားမဝင် ရရှိသည့် သို့မဟုတ် ပြစ်မှုမှ ရရှိသည့် ငွေကြေး ပစ္စည်းများ နယ်စပ်ဖြတ်ကျော် စီးဆင်းမှုတို့သည် ဆက်စပ်သည့် အကြောင်းတရားများဖြစ် နိုင်ပါသည်။

7. အကဲဖြတ်သူများသည် နိုင်ငံ၏ အန္တရာယ်များအား ကနဦး နားလည်နိုင်ရန်၊ ထိုနိုင်ငံက ပြုလုပ်သည့် ကိုယ်ပိုင် အန္တရာယ်အကဲဖြတ်ချက်များကို အခြေခံအဖြစ် အသုံးပြုသင့်သည်။ သို့သော် နိုင်ငံတစ်ခု၏ ကိုယ်ပိုင်အကဲဖြတ်ချက်ကို မှန်သည်ဟု မသုံးမသပ် လက်ခံခြင်း မပြုသင့်သလို ထို ကောက်ချက် အားလုံး အတိုင်း လိုက်ရန် မလိုပေ။ အကဲဖြတ်သူများသည် အောက်ပါ အပိုဒ် ၁၅ တွင်ရှိ အကြံပြုချက် (၁) နှင့် လက်ငင်းရလဒ် (၁) ပါ မည်သို့ အန္တရာယ် အကဲဖြတ်ချက် ပြုလုပ်ရမည်ဆိုသည့် လမ်းညွှန်ကိုလည်း သတိချပ်သင့်ပါသည်။ တစ်ခါတရံ ထိုနိုင်ငံက အကဲဖြတ်ထားသည့် အချက်များမှာ ကျိုးကြောင်း ဆီလျော်ခြင်း ရှိမရှိ ဆုံးဖြတ်နိုင်ခြင်းမရှိသည့် အခါများ၊ သို့မဟုတ် ထိုနိုင်ငံ၏ အကဲဖြတ်ချက်များ လုံလောက်မှု မရှိခြင်း သို့မဟုတ် အလျင်း မရှိခြင်းဖြစ်သည့် အခါများလည်း ရှိနိုင်သည်။ ထိုအခါများတွင် ထိုနိုင်ငံ အတွင်းရှိ အဓိက အန္တရာယ်များကို ထိုနိုင်ငံ၏ အာဏာပိုင်များနှင့် နားလည်မှု တူညီနိုင်ရန် အနီးကပ် ဆွေးနွေးသင့်ပါသည်။ သဘောတူညီမှုမရနိုင်ပါက၊သို့မဟုတ် အကဲဖြတ်သူများက နိုင်ငံ၏ ကိုယ်ပိုင် အကဲဖြတ်ချက်က ကျိုးကြောင်းဆီလျော်မှု ရှိသည်ဟု ကောက်ချက်မချနိုင်ပါက၊ အပြန်အလှန် အကဲဖြတ်မှု ဆိုင်ရာ အစီရင်ခံစာ ( Mutual Evaluation Report (MER)) ထဲတွင် အန္တရာယ်များနှင့်ပတ်သက်ပြီး နားလည်ပုံ ဘာကြောင့်

မတူကွဲပြားရသည်ကို အချက်အလက်များနှင့် ရှင်းလင်းစွာ ရှင်းပြသင့်ပါသည်။ ပြီးလျှင် အကဲဖြတ်သူများက အန္တရာယ်များကို မိမိတို့နားလည်သည့် အလျောက် အခြား အန္တရာယ်အခြေပြု အစိတ်အပိုင်းများ (ဥပမာ- အန္တရာယ် အခြေပြု ကြီးကြပ်မှု) တို့ကို အကဲဖြတ်သင့်ပါသည်။

8. အကဲဖြတ်သူများသည် စီးပွားရေးကဏ္ဍအတွက် အခရာကျသည့် ကိစ္စများကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်။ ဥပမာ -ငွေကြေးရေးကဏ္ဍ၏ အစိတ်အပိုင်းအသီးသီး၊ DNFBP အသီးသီးတို့၏ အရေးပါနိုင်မှု။ ငွေရေးကြေးရေးကဏ္ဍ အရွယ်အစား၊ ပေါင်းစပ်ထားမှုနှင့် ဖွဲ့စည်းမှုများ၊ ငွေကြေးဆိုင်ရာ အသုံးပစ္စည်း အမျိုးမျိုး၊ သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်း အမျိုးမျိုး၏ အရေးပါနိုင်မှု၊ ၊ စီးပွားရေးပမာဏ၏ မည်မျှသည် ပြည်တွင်း၌ ဖြစ်သည်၊ မည်မျှသည် နယ်စပ်ဖြတ်ကျော် စီးပွားရေးဖြစ်သည်၊ ငွေသားအသုံးပြုသည့် စီးပွားရေး အတိုင်းအတာ၊ တရားဝင် ပြုထားခြင်းမရှိသည့် ကဏ္ဍ နှင့်/သို့မဟုတ် မှောင်ခို စီးပွားရေး၏ ခန့်မှန်းပမာဏ စသည်တို့ဖြစ်သည် ။ အကဲဖြတ်သူများသည် လူဦးရေ၊ ဖွံ့ဖြိုးမှုအဆင့်၊ပထဝီဆိုင်ရာ အကြောင်းတရားများ၊ကုန်သွယ်မှု သို့မဟုတ် ယဉ်ကျေးမှု ချိတ်ဆက်မှုများကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။ ကဏ္ဍအသီးသီး၏ အရေးပါနိုင်မှုနှင့် ထိုကဏ္ဍများကို နည်းပညာ ဆိုင်ရာ လိုက်နာဆောင်ရွက်မှု ရော ထိရောက်မှုပါ အကဲဖြတ်ရာတွင် တွေ့ရှိသည့် အရေးကိစ္စများကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။ နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အဆင့်သတ်မှတ်ရာတွင် နိုင်ငံအတွက် အရေးပါဆုံးနှင့် အသက်ဆိုင်ဆုံး အရေးကိစ္စများကို အလေးပေးစဉ်းစားသင့်ပါသည်။ ထို့အတူ အောက်တွင် ဖော်ပြ ထားသကဲ့သို့ ထိရောက်မှုအကဲဖြတ်ရာတွင် အရေးကြီးဆုံး နယ်ပယ်များကို အထူး ဂရုပြု စဉ်းစားသင့်ပါသည်။.

9. ထိရောက်သော AML/CFT စနစ်တစ်ခု ဖြစ်ရန်အတွက် စနစ်တည်ဆောက်မှုဆိုင်ရာ အချက် အချို့ ထား ရှိပြီး ဖြစ်ရပါမည်။ ဥပမာ -နိုင်ငံရေးတည်ငြိမ်မှု၊ ပြဿနာများကို ကိုင်တွယ်ရန် အဆင့်မြင့် ကတိကဝတ်များ၊ တာဝန်ခံမှုရှိပြီး တည်ငြိမ်သော အဖွဲ့အစည်းများ၊ဂုဏ်သိက္ခာနှင့် ပွင့်လင်းမြင်သာမှုနှင့် စွမ်းရည်ပြည့်ပြီး သီးခြားလွတ်လပ် ထိရောက်သော တရားစီရင်ရေးစနစ်။ ထို စနစ်တည်ဆောက်မှုဆိုင်ရာ အချက် များ မရှိလျှင်၊ သို့မဟုတ် အထွေထွေ မူဘောင်၌ ကြီးမားသော အားနည်းချက်များနှင့် လစ်ဟင်းမှုများ ရှိလျှင် ထိရောက်သော AML/CFT မူဘောင်ကို အကောင်အထည်ဖော်နိုင်ရန် ကြီးမားစွာ အဟန့်အတား ဖြစ်စေနိုင်ပါသည်။ လိုက်နာဆောင်ရွက်မှု မရှိဟူ၍ သော်လည်း ကောင်း၊ ထိရောက်မှု မရှိဟူ၍ သော် လည်းကောင်း အကဲဖြတ်သူများက တွေ့ရှိသည့်အခါ ထို စနစ်တည်ဆောက်မှုဆိုင်ရာ အချက်များ ကင်းမဲ့ ခြင်းကြောင့်ဖြစ်နိုင်ရာ MER တင်ပြသည့်အခါ ထိုသို့ ဖော်ပြသင့်ပါသည်။

10. နိုင်ငံတစ်ခု၏ AML/CFT အစီအမံများ ထိရောက်မှုကို ကြီးမားစွာ လွှမ်းမိုးနိုင်သည့် အခြား ဆက်စပ် အကြောင်းတရားများတွင် စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှု စနစ်၏ ရင့်ကျက်မှုနှင့် အမြင်ကျယ်မှု၊ အဂတိလိုက်စားမှု အတိုင်းအတာနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရန် အစီအမံများ၏ အကျိုးသက်ရောက်မှု၊ ငွေကြေးဝန်ဆောင်မှု အလှမ်းမမီမှု အတိုင်းအတာတို့ ပါဝင်ပါသည်။ ယင်းအကြောင်းခြင်းရာများကြောင့် ML/FT အန္တရာယ်များ ရိုက်ခတ်နိုင်ပြီး AML/CFT အစီအမံများ ၏ ထိရောက်မှု တိုးတက်လာခြင်း သို့မဟုတ် လျော့နည်းသွားခြင်းတို့ ရှိနိုင်ပါသည်။

11. အကဲဖြတ်သူများသည် AML/CFT စနစ် အကောင်အထည်ဖော်သည့် ထိုနိုင်ငံအတွင်းရှိ ဆက်စပ် အ ခြေအနေကို ယေဘူယျအားဖြင့် နားလည်နိုင်ရန် အတွက်၊ အန္တရာယ်များ၊ စီးပွားရေးကဏ္ဍအတွက် အခရာကျမှု အရေးကိစ္စများ၊ နှင့် အခြား ဆက်စပ်အကြောင်းအရာများ အပါအဝင်၊ အထက်ပါ ဆက်စပ် အကြောင်းတရားများကို

ထည့်သွင်း စဉ်းစား သင့်ပါသည်။ အကဲဖြတ်သူများအနေနှင့် ပမာနကျသည် သို့မဟုတ် အန္တရာယ်အဆင့် မြင့်ဖြစ်သည်ဟု ယူဆသည့် အရေးကိစ္စများအပေါ် ယင်းအကြောင်းတရားများက သက်ရောက်မှု ရှိစေနိုင်သဖြင့်၊ ၄င်းတို့ အကဲဖြတ်လုပ်ငန်းစဉ်၌ မည်သည့်အပိုင်းကို အာရုံစိုက်ရမည်ကို ဆုံးဖြတ်ရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ အထူးသက်ဆိုင်သည့် ဆက်စပ်အကြောင်းတရားများကို၊ ဤ နည်းပညာ၏ ထိရောက်မှု အပိုင်းရှိ လက်ငင်းရလဒ် (immediate outcomes) တစ်ခုချင်းတွင် ဖော်ပြထားပါသည်။ အကဲဖြတ်သူများသည် နိုင်ငံတစ်ခု၏ အကဲဖြတ်မှုကို ရိုက်ခတ်နိုင်သည့် အန္တရာယ်နှင့် ဆက်စပ်အကြောင်းတရားများကို စဉ်းစားသည့်အခါ ၊ အထူးသဖြင့် ဆုံးဖြတ်ချက်များကို ကြီးမားစွာ သက်ရောက်နိုင်သည့် ကိစ္စများကို စဉ်းစားသည့်အခါတွင် အထူး သတိထားသင့်သည်။ ထိုအကြောင်း အရာများကို နောက်ဆုံးကောက်ချက်ချ ဆုံးဖြတ်သည့်အခါ ပမာန ကျသည့် ကိစ္စများတွင် အထူးသတိပြု သင့်ပါသည်။ အကဲဖြတ်သူများအနေနှင့် နိုင်ငံ၏ အမြင်များကို ထည့်သွင်းစဉ်းစား သင့်သော်လည်း၊ ဝေဖန်သုံးသပ်ခြင်း၊ အခြား ခိုင်မာအားထားရသည့် ဇစ်မြစ်များမှ ရရှိသည့် သတင်းအချက် အလက်များ (ဥပမာ- အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် အဓိက အားထားရသည့် ထုတ်ဝေစာများစသည့်) ဇစ်မြစ်အများအပြားကို ကို ကိုးကားခြင်းတို့ ပြုလုပ် သင့်ပါသည်။ ဤအချက်များကို အခြေခံပြီး အကဲဖြတ်သူ များက AML/CFT စနစ် အကောင် အထည် ဖော်နေသည့် နိုင်ငံ၏ ဆက်စပ်အ ခြေအ နေများကို ကိုယ်ပိုင် သုံးသပ်မှုဖြင့် ဆုံးဖြတ်သင့်ပါသည်။ ထိုသို့ ပိုင်းခြားစိတ်ဖြာမှုကိုလည်း ရှင်းလင်း ပြတ်သားစွာ *MER* တွင် တင်ပြသင့်ပါသည်။

12. အန္တရာယ်၊ စီးပွားရေးကဏ္ဍအတွက် အခရာကျမှု နှင့် စနစ်တည်ဆောက်မှု သို့မဟုတ် ဆက်စပ် အကြောင်းတရား များကို သိခြင်းအားဖြင့် အချို့အခြေအနေများတွင် နိုင်ငံတစ်ခုက လိုက်နာဆောင်ရွက်မှု ရှိခြင်း မရှိခြင်း ၊သို့မဟုတ် ထိုနိုင်ငံ၏ နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အပေါ် မူတည်ပြီး၊ ထိရောက်မှုအတိုင်းအတာက မျှော်လင့်သည် ထက် မြင့်မားခြင်း ကျဆင်းခြင်းတို့ကို ပိုမိုနားလည် စေနိုင်သည်။ ဤအကြောင်းတရားများက နိုင်ငံ၏ စွမ်းဆောင်နိုင်မှု ကောင်းမွန်ခြင်း သို့မဟုတ် အားနည်းခြင်းကို ရှင်းပြနိုင်သည့် အရေးပါသောအရာများ ဖြစ်နိုင်သကဲ့သို့၊ ထိရောက်မှု (effectiveness) မည်သို့ ပိုမို ကောင်းမွန်အောင် လုပ်ဆောင်နိုင်မည်ဟု အကဲဖြတ်သူများက အကြံပြုရာ၌လည်း အရေးပါသော အရာများ ဖြစ်ပါသည်။ နည်းပညာ ဆိုင်ရာ လိုက်နာဆောင်ရွက်မှု နှင့် ထိရောက်မှု အဆင့်သတ်မှတ်ခြင်း များကို နိုင်ငံအားလုံးအ ပေါ် နိုင်ငံတကာ စံနှုန်းဖြင့် တစ်ပြေးညီ ဆုံးဖြတ်ပါသည်။ ကျေနပ်ဖွယ်မရှိသော အ ခြေအ နေ (ဥပမာ- ဆောက်တည်မှုအစိတ်အပိုင်းများ လစ်ဟင်းနေလျှင်) လိုက်နာဆောင်ရွက်မှုနှင့် ထိရောက်မှုကို အားနည်းစေမည် ဖြစ်သည်။ သို့သော် အန္တရာယ်များ နှင့် စီးပွားရေးကဏ္ဍအတွက် အခရာကျမှု ၊ စနစ်တည်ဆောက်မှု ဆိုင်ရာ (structural) နှင့် အခြားဆက်စပ် စဉ်းစားရမည့် အကြောင်းတရားများကြောင့်. FATF စံနှုန်းများ အကောင်အထည်ဖော်မှု အားနည်းခြင်း သို့မဟုတ် တစ်ပြေးမညီခြင်း မဖြစ်သင့်ပေ။ အကဲဖြတ်သူများသည် မည်သည့်အကြောင်းတရားများကို ထည့်သွင်း စဉ်းစားသည်ကို MER ထဲတွင် ရှင်းလင်းစွာ ဖော်ပြသင့်သလို၊ ဘာကြောင့် ဖြင့် ဘယ်လိုဖြင့် ထိုသို့ စဉ်းစားရသည်၊ ထိုသို့စဉ်းစားရာတွင် မည်သည့် သတင်းအချက်အလက် ဇစ်မြစ်များကို အသုံးပြုသည်ဆိုသည် တို့ကိုလည်း ဖော်ပြသင့်ပါသည်။

## အထွေထွေ အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် လမ်းညွှန်

13. FATF အကြံပြုချက်များမှ အဓိပ္ပါယ်ဖွင့်ဆိုချက် အပြည့်အစုံကို "အကြံပြုချက်များ"နှင့် အတူ ထည့်သွင်း ဖော်ပြသည့် ဝေါဟာရစာရင်းတွင် ပါရှိပါသည်။ စဉ်းစားသုံးသပ်မှု ရှေ့နောက်ညီစေရန် အရေးကြီးသဖြင့်၊ အကဲဖြတ်သူများသည် အောက်ပါ လမ်းညွှန်ရှိ အခြားအချက်များအပေါ်အထွေထွေ အဓိပ္ပါယ်ဖွင့်ဆိုမှုကို လည်း မှတ်သားသင့်ပါသည်။

14. ငွေရေးကြေးရေးအဖွဲ့အစည်းများ–အကဲဖြတ်သူများသည်"ငွေရေးကြေးရေးအဖွဲ့အစည်းများ" ဟူသည့် အဓိပ္ပါယ် အောက်တွင် ဖွင့်ဆိုသည့် ငွေရေးကြေးရေး လုပ်ငန်းများ ဆောင်ရွက်သည့် အဖွဲ့အစည်း အမျိုးအစားများကို ကောင်းစွာ နားလည်ထားသင့်သည်။ ထိုသို့ လုပ်ငန်းများကို မတူညီသော နိုင်ငံ များရှိ အဖွဲ့အစည်းများက အမည်အမျိုးမျိုးဖြင့် လုပ်ငန်း လုပ်ဆောင်နိုင်သည်ကို မှတ်သားရန် အရေးကြီးပါသည်။ (ဥပမာ-ဘဏ်)။ ထိုကြောင့် အဖွဲ့အစည်းများက အမည်စွဲမထားဘဲ လုပ်ငန်းကိုသာ အာရုံစိုက် သင့်ပါသည်။

15. နိုင်ငံ၏ အန္တရာယ်ကို အကဲဖြတ်ခြင်း-- အကြံပြုချက် ၁ နှင့် လက်ငင်းရလဒ်၁ ကို အကဲဖြတ်ရာတွင် အကဲဖြတ်သူများ၏ဆင်ခြင်မှုချည်းဖြင့်သာ အကဲဖြတ်ရန် မမျှော်လင့်သော်လည်း၊ တစ်ဖက်တွင် နိုင်ငံတစ်ခု၏ ကိုယ်ပိုင် အန္တရာယ် သုံးသပ်ချက်ကိုလည်း အမှန်ဟု ယူဆပြီး လက်မခံသင့်ပါ။ နိုင်ငံ၏ ကိုယ်ပိုင် အန္တရာယ် အကဲဖြတ်ချက်ကို အကဲဖြတ်သူများက သုံးသပ်ရာတွင် ထိုနိုင်ငံက အသုံးပြုသည့် လုပ်ငန်းစဉ်များ လုပ်ထုံးလုပ်နည်းများ တင်းကျပ်ခြင်း ရှိမရှိ၊ အကဲဖြတ်သည့် အခါ ရှေ့နောက်ညီမှု ရှိမရှိ (ဥပမာ -နောက်ဆုံးကောက်ချက်က အသုံးပြုသည့် အချက်အလက်များနှင့် ကနဦး ပိုင်းခြားစိတ်ဖြာမှုနှင့် ရှေ့နောက် ကိုက်ညီမှု ရှိမရှိ) ကို သုံးသပ်သင့်ပါသည်။ အကဲဖြတ်သူများသည် အရေးကိစ္စများကို အသေးစိတ် စိစစ် ခြင်းမပြုဘဲ၊ အလုံးခြုံအားဖြင့်သုံးသပ်ပြီး၊ ရလဒ်များက ကျိုးကြောင်း သင့်တော်မှု ရှိမရှိကို သာမန်အသိဖြင့် ချဉ်းကပ်သင့်သည်။ အကြောင်းသင့်လျှင် ယုံကြည်အားထားရသော ဇစ်မြစ်များမှရရှိသော နိုင်ငံ၏ အန္တရာယ်များ အကြောင်းကိုစဉ်းစားလေ့လာ သင့်သည်။ ကြီးမားသောကွဲပြားခြားနားချက်များ ရှိနိုင်မရှိနိုင် ဆက်လက်လေ့လာနိုင်ရန် ဖြစ်သည်။ အကယ်၍ နိုင်ငံ၏ကိုယ်ပိုင်အန္တရာယ် အကဲဖြတ်ချက်မှာ ကျိုးကြောင်း သင့်တင့်သည်ဟု အကဲဖြတ်အဖွဲ့က ယူဆပါက၊ ထိုအကဲဖြတ်ချက်ကိုအခြေပြုကာ ဤနည်းပညာအောက်ရှိ အန္တရာယ်အခြေပြု အစိတ်အပိုင်းများဖြင့် သုံးသပ်သင့်သည်။

16. အကြံပြုချက် ၁ ကိုအကဲဖြတ်သည့်အခါတွင် အကဲဖြတ်သူများသည် အောက်ပါအချက်များကို ဦးတည်၍ ပိုင်းခြားစိတ်ဖြာမှု ပြုသင့်ပါသည်။ (၁) အန္တရာယ်အကဲဖြတ်မှု ပြုလုပ်ရန်နှင့် ညှိနှိုင်းဆောင်ရွက်ရန် အတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်နှင့် ယန္တရားများ(၂) အန္တရာယ်အကဲဖြတ်မှု(များ) ၏ ကျိုးကြောင်း သင့်တင့်မှု နှင့်(၃) ဖော်ထုတ်ရရှိသော အန္တရာယ်များနှင့် ၄င်းတို့အတွက် ချမှတ်သည့် အန္တရာယ်အခြေပြု အစီအမံများ ကိုက်ညီမှု (ဥပမာ - ခြွင်းချက်များ၊ အန္တရာယ်အဆင့်မြင့် သို့မဟုတ် အန္တရာယ်အဆင့်နိမ့် အ ခြေအနေများ)။

17. လက်ငင်းရလဒ် ၁ (Immediate Outcome 1) ကို အကဲဖြတ်ရာတွင်၊ အကဲဖြတ်သူများသည် မိမိတို့၏ အန္တရာယ် ဆိုင်ရာ အကဲဖြတ်ချက်(များ) ၏ ကျိုးကြောင်းသင့်တင့်မှု အမြင်ကို အခြေခံကာ၊ လက်တွေ့ အ ခြေအ နေရှိ အန္တရာယ်ကို ကြီးကြပ်ရေးအာဏာပိုင်များ မည်မျှ ကောင်းစွာ သိရှိပြီး၊ ထိုအသိကို မူဝါဒ ပြုစုချမှတ်ဆောင်ရွက် သည့် နေရာတွင် အန္တရာယ်လျှော့ချအောင် မည်မျှကောင်းမွန်စွာ အသုံးချနိုင်သည်ကို အလေးထား အကဲဖြတ် သင့်သည်။

18. **အန္တရာယ်အခြေပြု သတ်မှတ်လိုအပ်ချက်များ** -ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်၊ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှု ဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း (DNFBP) များ လုပ်ဆောင်ရန် လိုသည့် အကြံပြုချက် တိုင်းအတွက်၊ အကဲဖြတ်သည့်အခါ၊ သာမန်အားဖြင့် ထိုသတ်မှတ် ထားသည့် လိုအပ်ချက်အားလုံးကို ထိုအဖွဲ့အစည်းများက ဖြည့်ဆည်းရန်တာဝန်ရှိသင့်သည်ဆိုသည့် အခြေခံမူဖြင့် အကဲဖြတ်သူများက လိုက်နာဆောင်ရွက်မှုအပိုင်းကို အကဲဖြတ်သင့်ပါသည်။ သို့သော်လည်း FATF အကြံပြုချက်များ၏ အခြေခံ စဉ်းစားရမည့် အချက်များတွင်၊ အချို့ အဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ အတွက် ဖြစ်စေ၊ အချို့ ဆက်သွယ် ဆောင်ရွက်သူများ၊ ထုတ်လုပ်မှု၊ ၊ ဆက်ဆံဆောင်ရွက်ချက်များ သို့မဟုတ် နိုင်ငံများအတွက်ဖြစ်စေ၊ ပေါ်ပေါက်နိုင်သည့် အန္တရာယ် အတိုင်းအတာများ လည်း ပါဝင်သည်။ ထိုကြောင့် နိုင်ငံတစ်နိုင်ငံသည် "အကြံပြုချက်များ" ကို အကောင်အထည်ဖော်လုပ်ဆောင်သည့်အခါ 'အန္တရာယ်' ကို ဦးတည် စဉ်းစားရန် လိုပြီး (ဥပမာ -ရိုးရှင်းသော အစီအမံများဖြင့် လုပ်ဆောင်ခြင်း) အကဲဖြတ်သူများ ဘက်ကလည်း နိုင်ငံတစ်နိုင်ငံ၏ အန္တရာယ်ကာကွယ်ရေး အစီအမံများ၌ အားနည်းချက်များ ရှိမရှိ၊ ထိုအစီအမံများ၏ အရေးပါမှုကို သုံးသပ်စဉ်းစားရာတွင် အန္တရာယ်ဆိုသည့်အချက်ကိုရော၊ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအရ မည်မျှ အလျော့ အတင်း လုပ်ခွင့်ရှိသည်ဆိုသည့်အချက်ကိုပါ ထည့်သွင်းစဉ်းစားရန်လိုသည်။ FATF "အကြံပြုချက်များ" အရ ပိုမို တင်းကျပ်သည့် သို့မဟုတ် သီးခြားအစီအမံများ ချမှတ်ရန်လိုသည့် အန္တရာယ်အဆင့်မြင့် လုပ်ငန်းများ ဖော်ထုတ်ရရှိပါက၊ ထိုသို့ အစီအမံများကို ချမှတ်ရမည်ဖြစ်သည်။ သို့သော်၊ အန္တရာယ်အဆင့်အနိမ့်အမြင့်ပေါ် မူတည်၍ ထိုအစီအမံများ၏ အတိုင်းအတာမှာ တစ်နေရာနှင့် တစ်နေရာ ကွာခြားနိုင်သည်။

19. **အန္တရာယ်အဆင့်နိမ့် အ ခြေအနေများအတွက် ခြွင်းချက်များ**–ငွေကြေးဝါဒမူနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု အန္တရာယ်အဆင့်နိမ့်သော အခြေအနေများတွင်၊ အချို့သော အကြံပြုချက်များ အောက်ရှိ ငွေရေးကြေးရေး အဖွဲ့အစည်းနှင့် DNFBP တို့ လုပ်ဆောင်ရန် လုပ်ငန်း များကို လုပ်ဆောင်ခြင်းမပြုရန် နိုင်ငံများက ဆုံးဖြတ်နိုင်သည်။ ထိုသို့ဆုံးဖြတ်ပါက၊ နိုင်ငံများက ထို အကြံပြုချက်များကို ဘာကြောင့် အသုံးမပြုရန် ဆုံးဖြတ်ရသည်ကို အထောက် အထားများ၊ ပိုင်းခြားစိတ်ဖြာမှုများဖြင့် အကဲဖြတ်သူများအား ပြသင့်သည်။

20. **ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နှင့် နိုင်ငံများလုပ်ဆောင်ရန် သတ်မှတ်လိုအပ်ချက်များ - FATF** အကြံပြုချက်များတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် DNFBP များသည် ဆိုင်ရာ လုပ်ဆောင်ချက်များကို "*လုပ်ဆောင်သင့်သည် (should)*" သို့မဟုတ် "*လုပ်ဆောင်ရန်တာဝန်ရှိသင့်သည် (should be required)*" ဟု လည်းကောင်း၊ နိုင်ငံများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် DNFBP များ၊ သို့မဟုတ် အခြားဌာန သို့မဟုတ် ပုဂ္ဂိုလ်များက "*လုပ်ဖြစ်အောင် သေချာစေသင့်သည် (should ensure)*"ဟုလည်းကောင်း ဖော်ပြသည်။ ဤနည်းပညာ အောက်ရှိ သက်ဆိုင်ရာစံများတွင် အသုံးအနှုန်း တစ်ပြေးညီဖြစ်စေရန်အတွက် "*ငွေရေး ကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် DNFBP များသည် လုပ်ဆောင်ရန် တာဝန်ရှိသင့်သည်* (should be required) " ဟူသည့် အသုံးအနှုန်းကို သုံးစွဲထားပါသည်။

21. **ဥပ ဒေ သို့မဟုတ် အဓိန္ဓိအာဏာသက်ရောက်စေသည့် နည်းလမ်းများ** – " ငွေရေးကြေးရေး အဖွဲ့အစည်းများ နှင့် DNFBPs များ ၏ လိုအပ်ချက်များကို သတ်မှတ်သည့် ဥပ ဒေအခြေခံ" ဆိုသည့် စာစုတွင်၊ ဆိုင်ရာ လိုအပ်ချက်များကို အကောင်အထည် ဖော်ရန်အတွက် သတ်မှတ်သည့် ဥပ ဒေ အခြေခံကို ( **FATF** အကြံပြုချက်များအပါ် ရှင်းလင်း ဖွင့်ဆို

သည့်စာစုများအဆုံးတွင်) ဖော်ပြထားပါသည်။ ထိုစာစုတွင် ဖော်ပြထားချက်အရ၊ ထိုလိုအပ်ချက်များကို အကောင်အထည် ဖော်သည့် နည်းလမ်းယန္တရားများမှာ အမိန့်အာဏာ သက်ရောက်စေသည့် နည်းလမ်း မြောက်မမြောက်ကို အကဲဖြတ်သူများ စဉ်းစားသင့်သည်။ အကြံပြုချက် (၁၀)၊ (၁၁) နှင့် (၂၀) တို့တွင်ပါရှိသည့် လိုအပ်ချက်များ သည် ဥပ ဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည့် အချက်များဖြစ်သော်လည်း၊ အခြားလိုအပ်ချက်များကိုမူ ဥပ ဒေအတွင်းဖြစ်စေ၊ အခြား အမိန့်အာဏာ သက်ရောက်စေသည့် နည်းတစ်မျိုးမျိုးဖြင့် ဖြစ်စေ ပြဋ္ဌာန်း သတ်မှတ်ထားနိုင်သည်ကို အကဲဖြတ်သူများ သတိပြုသင့်သည်။ အချို့စာတမ်း သို့မဟုတ် အစီအမံအမျိုးအစားတို့သည် အမိန့်အာဏာ သက်ရောက်စေသည့် နည်းလမ်းများ မဟုတ်ဟု ယူဆသော်လည်း၊ ထိရောက်မှုကို ပံ့ပိုးပေးနိုင်လျှင်မူ၊ ထိုအချက်ကို နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုလိုအပ်ချက်များကို ပံ့ပိုးပေးသည့်အချက်တစ်ခုအနေနှင့် မတွက်ဆဘဲ၊ ထိရောက်မှုဆိုင်ရာ ပိုင်းခြားစိတ်ဖြာမှု ထဲတွင် ထည့်သွင်း စဉ်းစားနိုင်သည်။ (ဥပမာ- ပုဂ္ဂလိက ကဏ္ဍ အဖွဲ့အစည်းများမှ ဆန္ဒအ လျောက် ထုတ်ပြန်သည့် လုပ်ငန်းကျင့်ဝတ်များ သို့မဟုတ် ကြီးကြပ်ရေး အာဏာပိုင်တစ်ဖွဲ့ဖွဲ့မှ စည်းနှောင်မှု မရှိသော လမ်းညွှန်များ)။

22. **DNFBPs များအတွက် အကဲဖြတ်မှု** –DNFBPs နှင့် သက်ဆိုင်ရာစည်းကမ်း ကြီးကြပ်ရေး (သို့မဟုတ်) ဌာနဆိုင်ရာ (ကိုယ်ပိုင်) စည်းကမ်းကြီးကြပ်ရေးအဖွဲ့များ လုပ်ဆောင်ရန်လိုအပ်သည့် အပိုင်းကို အကြံပြုချက် (၂၂)၊ (၂၃) နှင့် (၂၈)တွင် (ပြီးလျှင် အကြံပြုချက်များ ၆ နှင့် ၇ ရှိ သီးခြားအပိုင်းများတွင်) ဖော်ပြထားသည်။ ဤလိုအပ်ချက်များအရ ၄င်းတို့၏ နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုကို ဤသီးခြား အကြံပြုချက်များ အောက်တွင်သာ အကဲဖြတ်သင့်ပြီး၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်သာ သက်ဆိုင်သည့် အခြား အကြံပြုချက်များသို့ သယ်မသွားသင့်ပါ။ သို့သော်၊ ထိရောက်မှု ရှိမရှိ ဆိုင်ရာ ရလဒ်များကို စိစစ်သည့် အခါတွင်မူ ငွေရေးကြေးရေးအဖွဲ့အစည်းများ့ ရော DNFBPs ကို ပါ အကျုံးတဝင် စဉ်းစားသင့်သည်။

23. **ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့ခြင်း** – ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် သက်ဆိုင်သည့် FATF စံနှုန်း လိုအပ်ချက်များသည် အကြံပြုချက် ၇ "ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှု" နှင့် အကြံပြုချက် (၂) ("အမျိုးသားအဆင့် ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု") အောက်တွင်သာ ရှိသည်။ ရလဒ် (၁၁) အောက်တွင်၊ အမျိုးသားအဆင့် ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ လိုအပ်ချက်မှလွဲ၍ ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့ခြင်း (proliferation)နှင့် သက်ဆိုင်သည့် လုပ်ဆောင်ရန် သတ်မှတ် လိုအပ်ချက် အားလုံး ထိရောက်မှု အကဲဖြတ်ရန် ဖော်ပြပါရှိသည်။ အမျိုးသား ဆိုင်ရာ ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှု လိုအပ်ချက်ကို လက်ငင်းရလဒ် (၁) အောက်တွင် ဖော်ပြပါရှိသည်။ ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုကို ငွေကြေး ထောက်ပံ့ခြင်းနှင့် သက်ဆိုင်သည့်ကိစ္စများကို အခြားအကဲဖြတ်ချက်အပိုင်းများတွင် မစဉ်းစားဘဲ၊ထိုနေရာများ တွင်သာ စဉ်းစား သင့်ပါသည်။

24. **အမျိုးသားအဆင့် အစီအမံများ။ နိုင်ငံအများပေါ်လွှမ်းမိုးသော အစီအမံများနှင့် နိုင်ငံရှိ ပြည်နယ် ဒေသဆိုင်ရာ အစီအမံများ** - အချို့နိုင်ငံများတွင် AML/CFT အရေးကိစ္စများကို ပြည်ထောင်စု အစိုးရအဆင့်တွင်သာမကဘဲ၊ ပြည်နယ် ဒေသအစိုးရအဆင့်များတွင်ပါ ကိုင်တွယ် ဆောင်ရွက်ကြရသည်။ အကဲဖြတ်လုပ်ငန်းဆောင်ရွက်ရာတွင် AML/CFT အစီအမံများသည် ပြည်နယ်/ဒေသအဆင့်များကိုပါ လုံလောက်စွာ ထည့်သွင်းစဉ်းစားရန် လုပ်ဆောင်သင့်သည်။ ထိုနည်းတူစွာ နိုင်ငံတစ်ခုအပေါ် အကျုံးဝင်သည့် နိုင်ငံအများ ပေါ် လွှမ်းမိုးသော ဥပ ဒေများ(supra-national laws)၊

စည်းမျဉ်းများကို ပါ ထည့်သွင်း စဉ်းစားသင့်ပါသည်။ဖြည့်စွက်ချက်(၁)တွင် နိုင်ငံအများပေါ် လွှမ်းမိုးသည့် ဥပဒေစည်းမျဉ်းများအရ အကဲဖြတ်ရန်ရှိမည့် သီးခြား အကြံပြုချက်များကို ဖော်ပြထားသည်။

25. **ငွေကြေးဆိုင်ရာ ကြီးကြပ်ခြင်း** – ဘဏ်လုပ်ငန်း၊ အာမခံလုပ်ငန်းနှင့် ငွေချေးသက်သေခံ ကဏ္ဍများ အပေါ် ချမှတ်သည့် AML/CFT သတ်မှတ်လိုအပ်ချက်များကို ပြဋ္ဌာန်းသော ဥပ ဒေများနှင့် အမိန့်အာဏာ သက်ရောက် စေသည့် နည်းလမ်းများအား ကြီးကြပ်ရေးလုပ်ငန်းစဉ် (supervisory process) ဖြင့် အကောင်အထည်ဖော် အာဏာ သက်ရောက် စေသင့်ပါသည်။ ဤကဏ္ဍများနှင့် သက်ဆိုင်သော Basel Committee, IAIS နှင့် IOSCO တို့က ထုတ်ပြန်သည့် ပင်မ ကြီးကြပ်ရေးစည်းမျဉ်းများကိုလည်း လိုက်နာ ကျင့်သုံးသင့်ပါသည်။ အချို့ကိစ္စရပ်များတွင် ဤ ကြီးကြပ်ကွပ်ကဲရေး စည်းမျဉ်းများသည် FATF စံနှုန်းများ အောက်တွင် ချမှတ်ထားသည့် လိုအပ်ချက်များနှင့် တစ်ထပ်တည်းကျသည့်အခါ ကျမည်ဖြစ်သလို၊ဖြည့်ဆည်းပေးသည့် အခါလည်းရှိမည် ဖြစ်ပါသည်။ အကဲဖြတ်သူများသည် ပင်မ အခြေခံမူများ( Core Principles) အရဖြစ်စေ၊ စံနှုန်းချမှတ်သည့် ကြီးကြပ်ရေးအဖွဲ့များက ထုတ်ပြန်သည့် အခြားသက်ဆိုင်ရာ စည်းမျဉ်းများ သို့မဟုတ် စံနှုန်းများအရဖြစ်စေ၊ လုပ်ဆောင်သည့် မည်သည့် အကဲဖြတ်ချက် /တွေ့ရှိချက်ကို မဆို သိထားသင့်ပြီး၊ အလေးပေး စဉ်းစား သင့်ပါသည်။ အခြားငွေရေးကြေးရေးအဖွဲ့အစည်း အမျိုးအစားများ အတွက်မူ၊ ဤသို့ ဥပ ဒေများ၊ တာဝန်များကို အကောင်အထည်ဖော် အာဏာတည်စေသည့်ကိစ္စရပ်ကို စည်းကမ်း ထိန်းသိမ်းရေး သို့မဟုတ် ကြီးကြပ်ရေးမူဘောင်များဖြင့်လုပ်ဆောင်သလား သို့မဟုတ် အခြားနည်းလမ်း များဖြင့် လုပ်ဆောင်သလား ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ နှင့် တစ်နိုင်ငံ ကွဲပြားလိမ့်မည်ဖြစ်သည်။

26. **အရေးယူ ဒဏ်ခတ်ခြင်း** –AML/CFT လိုအပ်ချက်များကို လိုက်နာရန်ပျက်ကွက်မှုအတွက် "ထိရောက်၊ အချိုးညီ ပြီး နောင်ကြဉ်စေမည့် အရေးယူမှုများကို နိုင်ငံများအနေနှင့် ချမှတ်ထားရှိရန် အကြံပြုချက် အများအပြား၌ ဖော်ပြပါရှိပါသည်။ ဤလိုအပ်ချက်များ၏ အစိတ်အပိုင်းအသီးသီးကို နည်းပညာ ဆိုင်ရာ လိုက်နာဆောင်ရွက်မှု အောက်တွင် လည်းကောင်း၊ ထိရောက်မှုအောက်တွင် လည်းကောင်း အကဲဖြတ်ရ ပါသည်။ နည်းပညာ ဆိုင်ရာ လိုက်နာဆောင်ရွက်မှု ဆိုင်ရာ အကဲဖြတ်ခြင်း လုပ်ဆာင် သည့်အခါ၊နိုင်ငံ၏ ဥပ ဒေနှင့် အခြားအမိန့်အာဏာ သက်ရောက်စေသည့်နည်းလမ်းများတွင် ယင်းသတ်မှတ် လိုအပ်ချက်များ (requirements[2]) ကိုချိုး ဖောက်ပုံ အကြီး အသေးအလိုက် အချိုးညီစွာ ကျသင့်စေမည့် အရေးယူ ဆောင်ရွက် နည်းများ အလုံအလောက် ပြဋ္ဌာန်း ချမှတ်ထားခြင်း ရှိမရှိကို စဉ်းစားသင့်သည်။ ထိရောက်မှု ဆိုင်ရာ အကဲဖြတ်ခြင်းတွင် ထိုသို့ အရေးယူဆောင်ရွက်မှုများ လက်တွေ့ လုပ်ဆောင်သည့်အခါ အရေးယူခံ ရသည့် အဖွဲ့အစည်းအနေနှင့် နောင်တွင် လိုက်နာဆောင်ရွက်စေသည်အထိ ထိရောက်ခြင်း ရှိမရှိကို စဉ်းစား သင့်ပါသည်။

27. **နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း** – ဤနည်းပညာတွင် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းကို သီးသန့် အကြံပြုချက်များနှင့် လက်ငင်းရလဒ်များအောက်တွင် အကဲဖြတ်ပါသည်( အဓိကအားဖြင့် အကြံပြုချက် ၃၆-၄၀ နှင့် လက်ငင်းရလဒ် (၂) အောက်)။ နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်စွမ်း နှင့် ဆောင်ရွက်လို စိတ်ရှိခြင်း မရှိခြင်းသည် အခြား အကြံပြုချက်များနှင့် လက်ငင်းရလဒ်များတွင် သက်ရောက်မှု ရှိနိုင်သည်ဆိုသည့် အချက်ကိုလည်း အကဲဖြတ်သူများ သတိမူသင့်သည်။( ဥပမာ -နယ်စပ်ဖြတ်ကျော်မှု ပါဝင်သည့် ပြစ်မှုများ စုံစမ်း စစ်ဆေးခြင်း သို့မဟုတ် နိုင်ငံတကာအုပ်စုများအပေါ် ကြီးကြပ်ခြင်း)။ ထို့အပြင် နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်မှု ရှိခြင်းမရှိခြင် းကြောင့် လိုက်နာဆောင်ရွက်မှု သို့မဟုတ် ထိရောက်မှုတို့ အပေါ် ကောင်းကျိုး သက်ရောက်မှု သို့မဟုတ်

ဆိုးကျိုးသက်ရောက်မှု ဖြစ်စေသည့်မည်သည့် ဖြစ်ရပ်ကို မဆို ရှင်းလင်းစွာ ဖော်ပြသင့်သည်။

28. **ဥပ ဒေကြမ်းနှင့် အဆိုပြုချက်များ** –အကဲဖြတ်သူများသည် နိုင်ငံတစ်နိုင်ငံသို့ ကွင်းဆင်းအကဲဖြတ်သည့် ခရီးစဉ်အဆုံးအထိ အာဏာတည်ပြီး သက်ရောက်မှု ရှိသော ဆိုင်ရာ ဥပ ဒေများ၊စည်းမျဉ်း သို့မဟုတ် အခြား AML/CFT အစီအမံများကိုသာ ထည့်သွင်းသုံးသပ် သင့်ပါသည်။ စနစ် ပြင်ဆင်ရန် ရေးဆွဲထားသော ဥပဒေကြမ်းများ၊ အခြား သီးသန့် အဆိုပြုချက်များကို အကဲဖြတ်သူများအား တင်ပြလာပါက၊ ၄င်းတို့ကို အစီရင်ခံစာထဲတွင် ရည်ညွှန်း ရေးသားနိုင်သော်လည်း၊ အကဲဖြတ်ချက်၏ နောက်ဆုံးကောက်ချက်တွင် သော်လည်းကောင်း၊ အဆင့်သတ်မှတ်ရာတွင် သော်လည်းကောင်း ထည့်သွင်း စဉ်းစားခြင်း မပြုသင့်ပေ။

29. **FATF** လမ်းညွှန်- သတ်မှတ်လိုအပ်ချက်များကို နိုင်ငံများက မည်သို့ အကောင်အထည် ဖော်နိုင်သည်ဆိုသည့် FATF လမ်းညွှန်ကို နောက်ခံ အကြောင်းအရာ အဖြစ် အကဲဖြတ်သူများ အသုံးပြုရန် စဉ်းစားနိုင်သည်။ FATF လမ်းညွှန် အပြည့်အစုံကို ဤစာတမ်းတွင် နောက်ဆက်တွဲအဖြစ် ထည့်သွင်း ဖော်ပြထားပါသည်။ ဤသို့သော လမ်းညွှန်သည် အကဲဖြတ်သူများအတွက် FATF အကြံပြုချက်များ လက်တွေ့ကျကျ အကောင်အထည်ဖော် ရာတွင် ပိုမိုနားလည်စေ နိုင်ပါသည်။ သို့သော် အကဲဖြတ်သည့် လုပ်ငန်းစဉ်တွင် ထိုလမ်းညွှန်ကို အသုံးချပုံကို ထည့်သွင်းခြင်း မပြုသင့်ပေ။

---

2 အရေးယူဆောင်ရွက်ချက်အမျိုးအစား သာဓကများမှာ -စာဖြင့်သတိပေးချက်၊ သီးခြားညွှန်ကြားချက်များဖြင့် လိုက်နာဆောင်ရွက်ရန်အမိန့်များ (လိုက်နာရန်ပျက်ကွက်သည့်အတွက် နေ့စဉ်ကျသင့်သည့် ဒဏ်ကြေးများပါ ပါနိုင်)။ အဖွဲ့အစည်းက ဆောင်ရွက်နေသည့်အစီအမံများကို ပုံမှန်အစီရင်ခံစာ တင်ပြစေခြင်း၊ လိုက်နာရန်ပျက်ကွက်သည့်အတွက် ကျသင့်သည့်ဒဏ်ကြေးများ၊ ထိုပုဂ္ဂိုလ်များကို ယင်းဌာနတွင် အလုပ်မလုပ်ရန် တားမြစ်ခြင်း၊ မန်နေဂျာများ၊ ဒါရိုက်တာများနှင့် ထိန်းချုပ်သည့်ပိုင်ရှင်များအား အစားထိုးခြင်းသို့မဟုတ် တားမြစ်ခြင်း၊ ထိန်းသိမ်း စောင့်ရှောက်ရန်ချမှတ်ခြင်းသို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်း၊သို့မဟုတ် လုပ်ပိုင်ခွင့်ရှိပါက ပြစ်ဒဏ်ချမှတ်ခြင်း

# နည်းပညာ ဆိုင်ရာ လိုက်နာဆောင်ရွက်မှု

30. ဤနည်းပညာ၏ နည်းပညာဆိုင်ရာလိုက်နာဆောင်ရွက်မှုအပိုင်းသည် ဥပဒေများနှင့် အမိန့်အာဏာ သက်ရောက်စေသည့် နည်းလမ်းများ၊ ကြီးကြပ်ရေးအာဏာပိုင်များ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ထုံးလုပ်နည်းများ အပါအဝင် FATF အကြံပြုချက်များ အောက်ရှိ လိုအပ်ချက်အသီးသီးကို အကောင်အထည်ဖော်မှုတို့နှင့် သက်ဆိုင်သည်။ အများအားဖြင့် ထိရောက်မှုနှင့် အဓိကသက်ဆိုင်သော စံနှုန်းများ ၏ သတ်မှတ် လိုအပ်ချက်အသီးသီးတို့ မပါဝင်ပေ။ ယင်းတို့ကို ဤနည်းပညာ ၏ ထိရောက်မှုအပိုင်းတွင် သီးခြား အကဲဖြတ်သည်။

31. FATF အကြံပြုချက်များသည် နိုင်ငံတကာစံနှုန်းများအဖြစ် အသိအမှတ်ပြုထားသည်ဖြစ်ရာ နိုင်ငံတိုင်းအပေါ် အကျုံးဝင်သည်။ သို့သော် AML/CFT အတွက် ဥပဒေ၊ အဖွဲ့အစည်းနှင့် ကြီးကြပ်ရေးဆိုင်ရာ မူဘောင်တို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကွဲပြားခြားနားနိုင်သည့်အချက်ကို အကဲဖြတ်သူများ သတိပြုသင့်သည်။ FATF အကြံပြုချက်များကို လိုက်နာဆောင်ရွက်သည်ဆိုလျှင်၊ နိုင်ငံများသည် ၄င်းနိုင်ငံ၏ ဥပဒေ၊ အဖွဲ့အစည်းများက ချမှတ်ပြဋ္ဌာန်းသည့် စနစ်များနှင့် ကိုက်ညီသည့်ပုံစံဖြင့် FATF စံနှုန်းများ (FATF Standards[3]) ကို အကောင်အထည် ဖော်ခွင့်ရှိသည်။ သို့သော် လိုက်နာဆောင်ရွက်မှု အထမြောက်အောင် အသုံးပြုသည့်နည်းလမ်းများမှာ ကွဲပြားခြားနား နိုင်သည်ဖြစ်ရာ နိုင်ငံအတွက် အန္တရာယ်များနှင့် စနစ်တည်ဆောက်မှုဆိုင်ရာ (structural) သို့မဟုတ် ဆက်စပ်စဉ်းစားစရာ အကြောင်းတရားများကို သတိမူသင့်ပါသည်။

32. ဤနည်းပညာ၏ နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုအပိုင်း၌ အကြံပြုချက် တစ်ခုချင်း၏ သီးခြား လိုအပ်ချက်များကို သတ်မှတ်စံများ (Criteria) အဖြစ် စာရင်းပြုစုထားပါသည်။ ထိုစာရင်းတွင် အကြံပြုချက်များ၏ မဖြစ်မနေ လုပ်ဆောင်ရမည့်အပိုင်းများအား အပြည့်အဝ လိုက်နာဆောင်ရွက်မှသာ ထိုစာရင်းပါ အချက်များနှင့် ပြည့်မီမည်ဖြစ်သည်။ အကြံပြုချက်တစ်ခုချင်းအတွက် အကဲဖြတ်ရမည့် စံများကို အမှတ်စဉ်လိုက် စီစဉ်ထားသည်ဖြစ်သော်လည်း အရေးကြီးမှု ဦးစားပေးမှုကို စီစဉ်ခြင်းမဟုတ်ပါ။ အချို့နေရာများတွင် အကဲဖြတ်ရာ၌ အရေးကြီးသည့် အချက်များကို ဖော်ထုတ်ရာတွင် အထောက်အကူ ဖြစ်စေရန် အတွက် စံအချက်များအောက်တွင် indent အင်တင်း ပြုကာ ရှင်းလင်းချက် ဖော်ပြထားသည်။ ထိုသို့ ရှင်းလင်း ဖော်ပြချက်ပါရှိသည့်စံများအတွက် ထိုစံကို အလုံးခြုံ ပြည့်မီခြင်းရှိမရှိ ဆုံးဖြတ်နိုင်ရန်၊ စံအောက်ရှိ အပိုင်းတစ်ခုချင်းပြည့်မီသလားဆိုသည့်အချက်ကို အကဲဖြတ်သူများ သုံးသပ်သင့်ပါသည်။

## လိုက်နာဆောင်ရွက်မှု အဆင့်သတ်မှတ်ခြင်း

33. အကဲဖြတ်သူများသည် နိုင်ငံတစ်ခုက စံနှုန်းအပေါ် မည်သည့်အတိုင်းအတာအထိ လိုက်နာ ဆောင်ရွက်သည် (မလိုက်နာသည်)ကို အကြံပြုချက်တိုင်းအတွက် ကောက်ချက်ချသင့်ပါသည်။ ဖြစ်နိုင်သည့် လိုက်နာဆောင်ရွက်မှုအဆင့် ၄ ဆင့် ရှိပါသည် -လိုက်နာဆောင်ရွက်သည်၊ အများအားဖြင့် လိုက်နာ ဆောင်ရွက်သည်၊တစ်ချို့တစ်ဝက် လိုက်နာ ဆောင်ရွက်သည်၊နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိဟူ၍ဖြစ်သည်။ ခြွင်းချက်အခြေအနေများတွင် အကြံပြုချက် တစ်ခုခုအား အကျုံးဝင်ခြင်းမရှိ ဟူ၍ သတ်မှတ်နိုင်သည့် အခါလည်း ရှိမည်။ ဤအဆင့် သတ်မှတ်ချက်များသည် နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အကဲဖြတ်ချက်များတွင် သတ်မှတ်ထားသည့်စံများကိုသာ အခြေခံထားခြင်း ဖြစ်ပြီး အောက်ပါအတိုင်း ဖြစ်သည်။

3 FATF စံနှုန်းများတွင် အကြံပြုချက်များနှင့် ၄င်းတို့၏ ရှင်းလင်းဖွင့်ဆိုသည့်စာစုများ ပါရှိသည်။

| | | နည်းပညာဆိုင်ရာလိုက်နာဆောင်ရွက်မှု အဆင့်များသတ်မှတ်ခြင်း |
|---|---|---|
| **Compliant** လိုက်နာဆောင်ရွက် | C | အားနည်းချက်မရှိ |
| **Largely compliant** အများအားဖြင့် လိုက်နာဆောင်ရွက် | LC | အားနည်းချက်အနည်းငယ်သာ ရှိ |
| **Partially compliant** တစ်ချို့တစ်ဝက်လိုက်နာဆောင်ရွက် | PC | အားနည်းချက် အတော်အသင့်ရှိ |
| **Non-compliant** လိုက်နာဆောင်ရွက်ခြင်းမရှိ | NC | အားနည်းချက်ကြီးများရှိ |
| **Not applicable** အကျုံးမဝင် | NA | နိုင်ငံတစ်ခု၏ ဥပ ဒေသို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ အင်္ဂါရပ်များကြောင့်၊ လိုအပ်ချက်မှာ အကျုံးမဝင် |

မည်သည့်အကြံပြုချက်အတွက်မဆို ၊ အားနည်းချက် အဆင့်ကိုသတ်မှတ်သည့်အခါ၊ နိုင်ငံ၏ ဆက်စပ်စဉ်းစားရမည့် အကြောင်းတရားများ၊ ပြည့်မီသည့်သတ်မှတ်စံ (Criteria) အရေအတွက်နှင့် နှိုင်းယှဉ်ချက်အရ ထိုစံတို့ကို ပြည့်မီခြင်း မပြည့်မီခြင်း၏ အရေးကြီးမှုတို့ကို အလေးထားစဉ်းစားသင့်သည်။

34. အကဲဖြတ်ခံရသည့် နိုင်ငံ၏ AML/CFT စနစ်သည် အကြံပြုချက်များနှင့် လိုက်လျောမှု ရှိကြောင်း ပြသရန် ထိုနိုင်ငံ၏ တာဝန်ဖြစ်သည်ကို ဂရုပြုရန် အရေးကြီးပါသည်။ အကြံပြုချက်တစ်ခုချင်းအတွက် လိုက်နာဆောင်ရွက်မှု အဆင့် သတ်မှတ် ဆုံးဖြတ်ရာတွင်၊ အကဲဖြတ်သူသည် ဥပဒေများ၊ အမိန့်အာဏာ သက်ရောက်စေသည့်နည်းလမ်းများက FATF အကြံပြုချက်များနှင့် လိုက်နာမှုရှိမရှိ အကဲဖြတ်ရုံသာမက စည်းမျဉ်း စည်းကမ်း မူဘောင်ပါ ချမှတ်ထားရှိပြီး ဖြစ်မဖြစ် အကဲဖြတ်သင့်ပါသည်။

35. အလေးပေးစဉ်းစားပုံ–အကြံပြုချက်တစ်ခုချင်းကို အကဲဖြတ်ရန် အသုံးပြုသည့် စံတစ်ခုချင်းတွင် အရေးကြီးမှု မတူညီသကဲ့သို့ စံအရေအတွက်များခြင်းသည်လည်း အကြံပြုချက်တစ်ခုအပေါ် အလုံးခြုံ လိုက်နာဆောင်ရွက်မှု အဆင့်ရှိသည် ဟူ၍ ရည်ညွှန်းခြင်း မဟုတ်ပါ။ အကြံပြုချက်တစ်ခုချင်း၏ အဆင့် သတ်မှတ်ခြင်းကို ဆုံးဖြတ်သည့်အခါ နိုင်ငံ၏ဆက်စပ် အကြောင်း တရားများကြောင့် စံ၏အရေးကြီးမှု ရှိနိုင်သည်ကို စဉ်းစားသင့်ပါသည်။ နိုင်ငံ၏ အန္တရာယ်အဆင့်အနေအထား လေ့လာချက် (risk profile)နှင့် အခြား စနစ်တည်ဆောက်မှုဆိုင်ရာ (structural)နှင့်

ဆက်စပ် စဉ်းစားရသည့် အချက်အလက်များအရ၊ ချို့ယွင်း အားနည်းချက်များက မည်မျှအထိ အရေးပါသည်ကို စဉ်းစားသင့်ပါသည်။ (ဥပမာ- အန္တရာယ်အဆင့်မြင့် ဒေသတွင်လား၊ သို့မဟုတ် ငွေရေးကြေးရေး ကဏ္ဍ၏ အစိတ်အပိုင်း အတော် များများတွင်လား)။ အချို့ အခြေအနေများတွင် အခြားစံများ ပြည့်မီသော်လည်း၊ အားနည်းချက် တစ်ခုတည်းနှင့် NC အဆင့်သတ်မှတ်ရန် လုံလောက်သည့်အခါရှိနိုင်သည်။ တဖန် အန္တရာယ်အဆင့်နိမ့်သည့် သို့မဟုတ် လူသုံးနည်းသည့် ငွေကြေး ဆောင်ရွက်မှုတစ်ခုခုနှင့် ပတ်သက်သည့် အားနည်းချက်ဆိုလျှင် အကြံပြုချက် အတွက် အဆင့်ကို အလုံးခြုံ အားဖြင့် အနည်းငယ်သာ သက်ရောက်မှုရှိနိုင်သည်။

36. **အကြံပြုချက်များတစ်ခုနှင့်တစ်ခု ထပ်ခြင်း** –အခြေအနေအတော်များများတွင် အရင်းခံ အားနည်းချက် တစ်ခုတည်းကပင် အခြားသော အကြံပြုချက်အများအပြားကို အဆင့်ဆင့်ရိုက်ခတ်သွား လိမ့်မည် ဖြစ်သည်။ ဥပမာ - ချို့ယွင်းချက်ရှိသော အန္တရာယ်ဆိုင်ရာ အကဲဖြတ်ချက်တစ်ခုကြောင့် AML/CFT စနစ်တစ်လျှောက်ရှိ အန္တရာယ်အခြေပြု အစီအမံအားလုံးကို ယိမ်းယိုင်ချိန်ရဲ့သွားစေမည်၊ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် DNFBP အမျိုးအစားတစ်ခု အပေါ် သတ်မှတ်ရမည့် စည်းမျဉ်းများ သတ်မှတ် အကောင် အထည်ဖော်ရန် ပျက်ကွက်မှုကြောင့်၊ ငွေရေးကြေးရေး အဖွဲ့ အစည်းများ သို့မဟုတ် DNFBP များအပေါ် အကျုံးဝင်သည့် အကြံပြုချက်အားလုံးအပေါ် အကဲဖြတ်ချက်ကို ထိခိုက်လိမ့်မည်၊ ထိုသို့အခါများ၌ အကဲဖြတ်သူများသည် အကျုံးဝင်သည့် အကြံပြုချက်တိုင်းအတွက် အဆင့် သတ်မှတ်ချက်သည် အရင်းခံ အကြောင်းတရားများ၏ အားနည်းချက်ကြောင့် ဖြစ်ကြောင်း ဖော်ပြသင့်ပြီး ၊ ဆီလျော်သည့်အခါ ထိုအတိုင်း အဆင့်သတ်မှတ်ပေးသင့်သည်။ MER ထဲတွင်လည်း ထိုအရင်းခံအကြောင်းတရား တစ်ခုတည်းက သက်ဆိုင်သည့် အကြံပြုချက် အားလုံးတွင် ပါဝင်ပတ်သက်နေကြောင်း ရှင်းလင်းစွာ ဖော်ပြသင့်သည်။

37. **ယခင် အဆင့်သတ်မှတ်ချက်များနှင့် နှိုင်းယှဉ်ခြင်း** - ၂၀၁၂ ခုနှစ် ရှိ FATF အကြံပြုချက်များနှင့် အထူး အကြံပြုချက်များကို ပြန်လည်ပြင်ဆင်စုစည်းခြင်း၊ နည်းပညာဆိုင်ရာ လိုက်နာ ဆောင်ရွက်မှုနှင့် ထိရောက်မှု အတွက် သီးခြား အကဲဖြတ်ချက်များ စတင်အသုံးပြုခြင်း သည့်အတွက်၊ ဤနည်းပညာအောက် အဆင့်သတ်မှတ်ပုံ များသည် ၂၀၁၄ ခုနှစ်ရှိ နည်းပညာအောက် အဆင့်သတ်မှတ်ပုံများနှင့် တိုက်ရိုက် နှိုင်းယှဉ် ကြည့်နိုင်မည် မဟုတ်ပါ။

# ထိရောက်မှု

38. နိုင်ငံတစ်ခု၏ AML/CFT စနစ် ထိရောက်မှုကို အကဲဖြတ်ခြင်းသည် FATF စံနှုန်းများနှင့် နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုကို အကဲဖြတ်ခြင်းကဲ့သို့ပင် အရေးကြီးပါသည်။ ထိရောက်မှုကို အကဲဖြတ်ရခြင်း ရည်ရွယ်ချက်မှာ (က) ရလဒ်များအပေါ် FATF ၏အာရုံစိုက်မှု တိုးတက်စေရန်၊ (ခ) နိုင်ငံ၏ အမျိုးသား AML/CFT စနစ်က FATF စံနှုန်းများ၏ ဦးတည်ချက်များကို မည်မျှအတိုင်းအတာအထိ ပြည့်မီနေပြီလဲဆိုသည်ကို သိရှိရန် နှင့် စနစ်အတွင်း ပျံ့နှံ့နေသည့် အားနည်းချက်များ သိရှိဖော်ထုတ်ရန်၊ ပြီးလျှင် (ဂ) နိုင်ငံများက ၄င်းတို့၏ စနစ်ပိုမိုကောင်းမွန်စေရန် ဦးစားပေး အစီအမံများ ချမှတ်ရန် ဖြစ်ပါသည်။ ဤနည်းပညာ၏ ဦးတည်ချက်များကို ရည်ရွယ်၍၊ ထိရောက်မှုကို *"ချမှတ်ထားသည့် ရလဒ်များ ပြည့်မီသည့်အတိုင်းအတာ"* ဟူ၍ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

39. AML/CFT စကားရပ်တွင် ထိရောက်မှုဆိုသည်မှာ ဘဏ္ဍာရေးစနစ်များနှင့် နိုင်ငံများက ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ နှင့် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှု တို့၏ အန္တရာယ်များနှင့် ခြိမ်းခြောက်မှုများ ကို လျှော့ချနိုင်သည့် အတိုင်းအတာကို ခေါ်သည်။ ထိုသို့ ပြည့်မြောက်နိုင်ရန်မှာ(က) ချမှတ်သည့် မူဝါဒ၊ ဥပ ဒေ နှင့် အမိန့်အာဏာတည်စေသည့် နည်းလမ်းများ၊ (ခ) ဥပဒေစိုးမိုးရေး အစီအစဉ်များ၊ ကြီးကြပ်ဆောင်ရွက်မှုများ သို့မဟုတ် ပိုင်းခြားစိတ်ဖြာမှု ပြုထားသည့် သတင်းအရ စုံစမ်းထောက်လှမ်းမှုများ၊ သို့တည်းမဟုတ် (ဂ) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ နှင့် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုတို့၏ အန္တရာယ်များကို လျှော့ချရန် ချမှတ်သည့် သီးခြားအစီအမံများ အကောင်အထည်ဖော်မှု စသည်တို့၏ ရလဒ်များကြောင့် ဖြစ်နိုင်ပါသည်။

40. ထိရောက်မှုကို အကဲဖြတ်ရသည့် ရည်မှန်းချက် ပန်းတိုင်မှာ နိုင်ငံ၏ AML/CFT စနစ်တစ်ခုလုံးကို သုံးသပ်ပြီး မည်မျှ အလုပ်ဖြစ်သည်ကို နားလည်အသိအမှတ်ပြုရန် ဖြစ်သည်။ ထိရောက်မှုကို အကဲဖြတ်ခြင်းသည် အကြံပြုချက်များ အတိုင်း နည်းပညာဆိုင်ရာ လိုက်နာ ဆောင်ရွက်မှုကို အကဲဖြတ်ခြင်းနှင့် ချဉ်းကပ်ပုံချင်း အခြေခံမှ စ၍ ကွာခြား ပါသည်။ ဆိုင်ရာ လိုအပ်ချက်များ ပြည့်မီခြင်းရှိမရှိ စစ်ဆေးခြင်း မပါသကဲ့သို့၊ ဆိုင်ရာ အကြံပြုချက် တစ်ခုချင်း၏ အပိုင်းအားလုံး ပြည့်စုံစွာရှိ ခြင်းမရှိခြင်းကိုလည်း မစစ်ဆေးပါ။ သတ်မှတ်ထားသည့် ရလဒ်များ ကို လက်တွေ့တွင် ပြည့်မြောက်အောင် ဆောင်ရွက် နိုင်ခဲ့ခြင်း ရှိမရှိ၊ မည်မျှအတိုင်းအတာအထိ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းရှိမရှိကိုသာ ဆုံးဖြတ်ခြင်း ဖြစ်သည် (ဆိုလိုသည်မှာ AML/CFT စနစ်၏ အဓိက ဦးတည်ချက်များသည် FATF စံနှုန်းများနှင့် အညီ ထိရောက်စွာ ပြည့်မီခြင်း(။ အကဲဖြတ်သည့်လုပ်ငန်းစဉ်ကို အကဲဖြတ်ခံနိုင်ငံနှင့် တိုင်ပင်လုပ်ဆောင်မည် ဖြစ်ပြီး၊ အကဲဖြတ်သူများ၏ ဆုံးဖြတ်ချက်အပေါ် မူတည်ပါသည်။

41. အဓိက မှတ်သားရန်မှာ AML/CFT စနစ် ထိရောက်မှုရှိကြောင်းကို ပြသရန်သည် အကဲဖြတ်ခံနိုင်ငံ၏ တာဝန် ဖြစ်ပါသည်။ အထောက်အထားဖြင့် မပြသနိုင်ပါက အကဲဖြတ်သူများအနေနှင့် စနစ်ထိရောက်မှု မရှိဟူ၍သာ ကောက်ချက် ချ ရမည်ဖြစ်ပါသည်။

## ထိရောက်မှု အကဲဖြတ်ရန်အတွက် မူဘောင်

42. ထိရောက်မှု အကဲဖြတ်ရန်အတွက် FATF က ချမှတ်ထားသည့် ရလဒ်အစဉ်များအလိုက်၊ ဦးတည် သုံးသပ်သည့် ချဉ်းကပ်မှုကို ပြုစုထားပါသည်။ အမြင့်ဆုံးအဆင့်တွင်၊ အစီအမံများ အကောင်အထည် ဖော်ခြင်း၏ ဦးတည်ချက်မှာ

*"ဘဏ္ဍာရေးစနစ်များနှင့်၊ အကျယ်အားဖြင့် စီးပွားရေးတစ်ခုလုံးကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု၊ နှင့် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုတို့" ၏ခြိမ်းခြောက်ရန်မှ ကာကွယ်နိုင်သည့် အတွက်၊ ငွေကြေးကဏ္ဍ၏ ဂုဏ်သိက္ခာကို ခိုင်မာအားကောင်းစေပြီး ဘေးအန္တရာယ်ကင်းရှင်းမှု နှင့်လုံခြုံမှုကို ဖော်ဆောင်ပေးသည်"* နိုင်ငံတစ်ခု၏ AML/CFT စနစ် ထိရောက်မှုကို အလုံးခြုံနားလည်မှု နှင့် ယင်းစနစ်၏ အစိတ်အပိုင်းများ မည်မျှ ကောင်းစွာ လုပ်ဆောင်နိုင်မှုကို အသေးစိတ် သိရှိမှု - ဤနှစ်ပိုင်းကို ဟန်ချက်ညီညီ သုံးသပ်နိုင်ရန်အတွက် FATF သည် ထိရောက်မှုကို *လက်ငင်းရလဒ် (၁၁)* ခုကို မူတည်၍ အဓိက အကဲဖြတ်ပါသည်။ ထိုရလဒ်တိုင်းသည် ထိရောက်သော AML/CFT စနစ် ပြည့်မီရမည့် အဓိက ပန်းတိုင်များဖြစ်ပြီး၊ အစီအမံများ၏ အဓိက ပန်းတိုင်သုံးခု ဖြစ်သော ကြားအဆင့် ရလဒ် (၃) ခု (Intermediate Outcomes) အဖြစ် ပေါင်းစည်း သွားပါသည်။ သို့သော်၊ဤချဉ်းကပ်မှုသည် နိုင်ငံတစ်ခုက အကြံပြုချက်တစ်ခုချင်းကို အကောင်အထည်ဖော်ရာတွင် ထိရောက်မှုရှိမရှိကို တိုက်ရိုက် အကဲဖြတ်ရန် မဟုတ်သကဲ့သို့၊ အဖွဲ့အစည်းများအသီးသီး၏ စွမ်းဆောင်မှုကို အကဲဖြတ်ရန်လည်း မဟုတ်ပါ။ အကဲဖြတ်သူများသည် အဆင့်မြင့် ဦးတည်ချက်များ သို့မဟုတ် ကြားအဆင့် ရလဒ်များကို တိုက်ရိုက် အကဲဖြတ်ရန် မလိုသော်လည်း၊MER ပြုစုသည့်အခါ နိုင်ငံ၏ အလုံးခြုံထိရောက်မှုကို ယေဘူယျအားဖြင့် အကျဉ်းရုံးတင်ပြရန် ဆီလျော်မှု ရှိကောင်းရှိနိုင်သည်။

43. အဆင့်မြင့် ဦးတည်ချက်၊ ကြားအဆင့်ရလဒ်များနှင့် လက်ငင်းရလဒ်များ အကြား ဆက်စပ်မှုကို အောက်ပါ ပုံဖြင့် ဖော်ပြပါသည်။

**အဆင့်မြင့်ဦးတည်ချက်**

ငွေ ရေးကြေးရေးစနစ်များနှင့် စီးပွားရေးတစ်ခုလုံးသည် ငွေ ကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ နှင့် ဖျက်အားပြင်း လက်နက် ပြန့်ပွားမှု" ၏ ခြိမ်းခြောက်ရန်မှ ကာကွယ်နိုင်သည့်အတွက်၊ ငွေကြေးကဏ္ဍ၏ ဂုဏ်သိက္ခာကို ခိုင်မာအားကောင်းစေပြီး ဘေးအန္တရာယ် ကင်းရှင်းမှုနှင့် လုံခြုံမှုကို ဖော်ဆောင်ပေးသည်။

**ကြားအဆင့်ရလဒ်များ**

- မူဝါဒ၊ ညှိနှိုင်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် ငွေ ကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု၊အန္တရာယ်များလျှော့ချနိုင်။
- အကြမ်းဖက်မှုကို ထောက်ပံ့ရန် ပြစ်မှုကျူးလွန်ရာမှရရှိသည်ပစ္စည်း၊ငွေကြေး များကို ငွေရေးကြေးရေးနှင့် အခြားကဏ္ဍများသို့မဝင်ရောက်နိုင်၊ )သို့ ( ဤကဏ္ဍများက ဖော်ထုတ် သတင်းပို့နိုင်သည်။
- ငွေခဝါချခြင်းခြိမ်းခြောက်မှုများကို ဖော်ထုတ်တားဆီး နိုင်ပြီး၊ ကျူးလွန်သူများကို အရေးယူကာ တရားမဝင်ပစ္စည်းများကို သိမ်းဆည်နိုင်သည်၊ အကြမ်းဖက်မှုကိုငွေထောက်ပံ့ခြင်းခြိမ်းခြောက်မှုများကိုဖော်ထုတ်တားဆီးနိုင်ပြီး၊ ရင်းမြစ်များကိုအကြမ်းဖက်သမားများ အလုမ်းမမီနိုင်ခြင်း၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့သူများ အား အရေးယူနိုင်ခြင်းဖြင့် အကြမ်းဖက်လုပ်ရပ်များတားဆီးကာကွယ်နိုင်သည်။

**လက်ငင်းရလဒ်များ**

- ML/TFအန္တရာယ်များကို နားလည်ပြီးဆီလျော်မှုရှိသည့်အခြေအနေတွင်၊ ML/TFနှင့် proliferation ကို တိုက်ဖျက်ရန် ပြည်တွင်း၌လုပ်ငန်များညှိနှိုင်း ဆောင်ရွက်နိုင်သည်။
- နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် လိုအပ်သည့်သတင်း ငွေကြေးစုံစမ်းမှု နှင့် သက်သေခံပစ္စည်းများရရှိပြီး ရာဇဝတ်ကောင်များနှင့် ၎င်းတို့၏ပိုင်ဆိုင်မှု များ အား အရေးယူနိုင်သည်။
- ကြီးကြပ်သူများက ငွေကြေးအဖွဲ့အစည်းများ၊DNFBPများကို ၎င်းတို့၏ အန္တရာယ်များနှင့် အချိုးညီသည့် AML/CFT လိုအပ်ချက်များလိုက်နာရန် မှန်ကန်စွာ ကြီးကြပ် စောင့်ကြည့်၊ စည်းကမ်းချမှတ်ကြသည်။
- ငွေကြေးအဖွဲ့အစည်းများနှင့် DNFBPများက ၎င်းတို့၏ အန္တရာယ်များနှင့် အချိုးညီပြီးလုံလောက်သည့် ကာကွယ်ရေး AML/CFT အစီအမံများကျင့်သုံး၊ သံသယဖြစ်ဖွယ်များ သတင်းပို့ကြသည်။
- ဥပဒေရေးရာပုဂ္ဂိုလ်များနှင့် အစီအစဉ်များကို ML/TF အတွက် အလွဲသုံးစားမပြုနိုင်ရန် ကာကွယ်နိုင်၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များ၏ အချက်အလက်ကို ကြီးကြပ်ရေးအာဏာပိုင်များက အဆီးအတားမရှိ ရယူနိုင်သည်။
- ငွေကြေးဆိုင်ရာသတင်းနှင့် အခြားသက်ဆိုင်သည့် အချက်အလက်တို့ကို ကြီးကြပ်ရေး အာဏာပိုင်များက ML/TF စုံစမ်းစစ်ဆေးရေးအတွက် သင့်တော်စွာ အသုံးပြုနိုင်သည်။
- ML ပြစ်မှုများနှင့်လူပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးပြီး ကျူးလွန်သူများအား တရားစွဲကာ ထိရောက်၊အချိုးညီပြီး နှောင်ကြိုသည့်ပြစ်ဒဏ်များချမှတ်သည်။
- ကျူးလွန်ရာမှရရှိသည့်ငွေကြေးနှင့် ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုသည့် ပစ္စည်း များ အား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းသည်။
- TF ပြစ်မှုများနှင့်လူပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးပြီး ကျူးလွန်သူများအား တရားစွဲကာ ထိရောက်၊အချိုးညီပြီး နှောင်ကြိုသည့်ပြစ်ဒဏ်များချမှတ်သည်။
- အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့များနှင့် အကြမ်းဖက်ထောက်ပံ့သူ များက ငွေကြေးရန်ပုံငွေရှာခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် အသုံးပြုခြင်း၊ NPO ကဏ္ဍကို အလွဲသုံးစားလုပ်ခြင်းမပြုလုပ်နိုင်ရန် တားဆီးနိုင်သည်။
- ဆိုင်ရာ UNSCR များနှင့်အညီ၊လက်နက်ပြန့်ပွားမှုတွင်ပါဝင်ဖတ်သက်သော လူ၊အဖွဲ့များအား ငွေကြေးရန်ပုံငွေရှာခြင်း၊ ရွှေ့ပြောင်းခြင်းနှင့် အသုံးပြုခြင်းမပြုလုပ်နိုင်ရန် တားဆီးနိုင်သည်။

## လွှမ်းခြုံလေ့လာခြင်း

44. အကဲဖြတ်သူများသည် လက်ငင်းရလဒ် ၁၁ ခုလုံးကို အကဲဖြတ်ရမည်။ သို့သော် ကွင်းဆင်း ခရီးစဉ် မတိုင်မီ၊ အကဲဖြတ်ခံနိုင်ငံနှင့် အတူတိုင်ပင်၍ အထက်ပါ စာပိုဒ် ၅ မှ ၁၀ အထိ ချမှတ်ထားသည့် အန္တရာယ်များနှင့် အခြား အကြောင်းတရားများကို လွှမ်းခြုံလေ့လာမှု (scoping exercise) ပြုလုပ်သင့်သည်။ အကဲဖြတ်ခံနိုင်ငံနှင့် အတူ အန္တရာယ် အဆင့်မြင့် အရေးကိစ္စများကို အသေးစိတ် သိရှိအောင် ဖော်ထုတ်ပြီး အကဲဖြတ်လုပ်ငန်းစဉ် တစ်လျှောက် စိစစ်ကာ နောက်ဆုံးအစီရင်ခံစာတွင် ထည့်သွင်း ဖော်ပြသင့်သည်။ အသေးစိတ်စိစစ်ရန် လိုမည် မဟုတ်သော အန္တရာယ် အဆင့်နိမ့်နယ်ပယ်များကိုလည်း ဖော်ထုတ်သင့်ပါသည်။ အကဲဖြတ်ချက် ဆက်လက် လုပ်ဆောင်စဉ် အကဲဖြတ်သူများက နိုင်ငံနှင့် ဆက်လက်ထိတွေ့လျက်၊ ထိရောက်မှု အကြောင်းကနဦး တွေ့ရှိချက်များ အပေါ် အခြေခံ ထားသည့် ၄င်းတို့၏ အလုံးခြုံစူးစမ်းလေ့လာမှု ကို ပြန်လှန် သုံးသပ်သင့်သည်။ ထိုသို့ သုံးသပ်ခြင်း အားဖြင့် အဓိက ML/TF အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိရောက်မှုတိုးတက်နိုင်ရန် အကောင်းဆုံး လေ့လာရန် ဖြစ်မည့် နယ်ပယ်များကို အာရုံစိုက်နိုင်မည်ဖြစ်သည်။

## နည်းပညာ လိုက်နာဆောင်ရွက်မှု နှင့် ဆက်နွယ်မှု

45. နိုင်ငံ၏ နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အဆင့်သည် ထိရောက်မှုဆိုင်ရာ အကဲဖြတ်ချက်ကို ပံ့ပိုးသည်။ အကဲဖြတ်သူများသည် နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အဆင့်ကို ၄င်းတို့၏ လွှမ်းခြုံလေ့လာမှု (scoping exercise)၏ တစ်စိတ်တစ်ပိုင်းအဖြစ် စဉ်းစားသင့်သည်။ နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုကို အကဲဖြတ်ခြင်းသည် ထိရောက်သော AML/CFT စနစ်တစ်ခု၏ အုတ်မြစ်ဖြစ်သော ဥပဒေနှင့် စည်းမျဉ်း စည်းကမ်း မူဘောင်များ ရှိမရှိ သုံးသပ်ခြင်း ဖြစ်သည်။ FATF အကြံပြုချက်များ၏ နည်းပညာဆိုင်ရာ အပိုင်းများတွင် လိုက်နာဆောင်ရွက်မှု အဆင့်နိမ့်သည်ဟု အကဲဖြတ်ခံ ရသည့် နိုင်ငံတွင် ထိရောက်သော AML/CFT စနစ်ရှိရန် ဖြစ်နိုင်ခြေ နည်းပါသည် (သို့သော် လိုက်နာဆောင်ရွက် အား ကောင်းသည့်နိုင်ငံသည်လည်း ထိရောက်သည့် စနစ်ရှိသည်ဟု တရားသဝေ တွက်၍ မရပါ)။ များသောအားဖြင့် ထိရောက်မှု အားနည်းရခြင်းသည် အကြံပြုချက်များ၏ နည်းပညာဆိုင်ရာ အစိတ်အပိုင်းများ အကောင်အထည်ဖော်ရာတွင် ကြီးမားသော အားနည်းချက်များ ရှိခြင်း ကြောင့် ဖြစ်သည်။

46. ထိရောက်မှုကို အကဲဖြတ်သည့်လုပ်ငန်းစဉ်အတွင်း၊ ထိရောက်မှုတိုးတက်ရေး အကြံပြုရန် အတွက်၊ နိုင်ငံက ဘာကြောင့် ထိရောက်မှုရှိကြောင်း (မရှိကြောင်းကို) ရှင်းပြသည့်အခါ၊ ဆိုင်ရာ အကြံပြုချက်များအပေါ် နည်းပညာ လိုက်နာဆောင်ရွက်မှုက သက်ရောက်ပုံကို စဉ်းစားဆင်ခြင်းသင့်သည်။ ထူးခြားသော အခြေအနေများတွင် လိုက်နာဆောင်ရွက်မှု အဆင့်နိမ့်သော်လည်း ထိရောက်မှုအဆင့် အတော်အတန် ရှိသည်ဟု အကဲဖြတ်သူများ ကောက်ချက်ချ ရတတ်ပါသည် (ဥပမာ -နိုင်ငံ၏ အဆင့်နိမ့် အန္တရာယ်များ၊သို့မဟုတ် စနစ်တည်ဆောက်မှု။ စီးပွားရေး ကဏ္ဍအတွက် အခရာကျမှု၊ နှင့် ဆက်စပ် စဉ်းစားရမည့် ( structural, material contextual ) အကြောင်း တရားများ အပါအဝင် သီးခြား အခြေအနေများကြောင့် သော်လည်းကောင်း၊နိုင်ငံ၏ ဥပဒေများနှင့် အဖွဲ့အစည်းများ ကြောင့် သော်လည်း ကောင်း၊ သို့မဟုတ် FATF အကြံပြုချက်များ မဟုတ်သော်လည်း အခြား ဖြည့်ဆည်းပေးသည့် AML/CFT အစီအမံများ ကျင့်သုံး

သောကြောင့် သော်လည်းကောင်း ဖြစ်နိုင်သည်)။ ထိုသို့အခြေအနေများကို MER တွင် တင်ပြသည့်အခါ အထူးသတိပြု သင့်ပြီး၊ လိုက်နာဆောင်ရွက်မှုအဆင့်နိမ့်သော်လည်း ဘာကြောင့် ထိရောက်မှုကို ထိုသို့ကောက်ချက်ချ ရသည်ကို အသေးစိတ်ရှင်းပြကာ ၄င်းတို့၏ဆုံးဖြတ်ချက်ကို တင်ပြသင့်ပါသည်။

## ထိရောက်မှု နည်းပညာကို အသုံးပြုခြင်း

47. ထိရောက်မှုဆိုင်ရာ အကဲဖြတ်ချက်အတွင်း လက်ငင်းရလဒ် (၁၁) ခု ကို တစ်ခုချင်း သုံးသပ် အကဲဖြတ်သင့် သော်လည်း၊ ကြားအဆင့် သို့မဟုတ် အဆင့်မြင့် ရလဒ်များအပေါ် တိုက်ရိုက် ဦးတည် မစဉ်းစားပါ။ လက်ငင်း ရလဒ်တစ်ခုချင်းအတွက် အကဲဖြတ်သူများ အဖြေထုတ်ရမည့်လွှမ်းခြုံ မေးခွန်းနှစ်ခုမှာ-

- *မည်သည့်အတိုင်းအတာအထိ ရလဒ် ပြည့်မီသနည်း။*

  အကဲဖြတ်သူများက ယင်းရလဒ်အရ၊ နိုင်ငံက ထိရောက်မှုရှိသလား အကဲဖြတ်သင့်သည် (ဆိုလို သည်မှာ AML/CFT စနစ်က စွမ်းဆောင်မှုကောင်းသည်ဆိုလျှင်၊ စနစ်ကောင်း တစ်ခု၏ မျှော်မှန်းချက် အတိုင်းနိုင်ငံက ရလဒ်များ ပြည့်မီ ဖြစ်မြောက်နေပြီလား) ထိသို့ကောက်ချက်ချရန် နည်းပညာ ဆိုင်ရာ လိုက်နာ ဆောင်ရွက်မှုနှင့် ဆက်စပ်အကြောင်းတရားများကိုလည်း ထည့်သွင်းစဉ်းစားပြီး၊ *အချက် အလက် သာဓကများ* နှင့် *သီးခြား အကြောင်းတရား သာဓကများ*ဖြင့် ပြဆိုထားသည့် ပင်မ အရေး ကိစ္စများ(*Core Issues*) ကို အဓိက အခြေခံ၍ ဆုံးဖြတ်သင့်ပါသည်။

- *ထိရောက်မှု တိုးတက်စေရန် ဘာလုပ်နိုင်သနည်း။* နိုင်ငံတစ်ခုက ထိရောက်မှု အဆင့်မြင့်သည် အထိ မပြည့်မီလျှင်၊မပြည့်မီရသည့် အကြောင်းခံများကို သိရှိနားလည်အောင် လုပ်ပြီး၊ ဖြစ်နိုင်သည့် အခါ များတွင် လိုအပ်သည့် ရလဒ် ပြည့်မီရန် မည်သို့တိုးမြှင့် စွမ်းဆောင်ရမည်ကို အကြံပြုသင့်သည်။ သူတို့၏ ပိုင်းခြားစိတ်ဖြာမှုနှင့် အကြံပြုချက်များကို၊ ပင်မအရေးကိစ္စများ (core issues ) များနှင့် *ပင်မ အရေးကိစ္စများ အပေါ် ကောက်ချက်တို့ကို အထောက်အပံ့ ပြုသည့် သီးခြားအကြောင်း တရားများ၏ သာဓကများ*၊ လုပ်ဆောင်ချက်များ၊ လုပ်ငန်းစဉ်များ၊ ရင်းမြစ်များနှင့် အခြေခံအဆောက်အအုံ စသည်တို့ အပေါ် အ ခြေတည်ကာ သုံးသပ်သင့်သည်။ နည်းပညာဆိုင်ရာ အားနည်းချက်များက ထိရောက်မှုအပေါ် သက်ရောက်ပုံနှင့် ဆက်စပ်အကြောင်း တရားများ၏ ဆက်စပ်ပုံကိုပါ စဉ်းစား သုံးသပ်သင့်ပါသည်။ ရလဒ်ကို အတိုင်းအတာ မြင့်မားသည်အထိ ပြည့်မီသည်ဟု အကဲဖြတ်သူများ ကျေနပ်ပါက၊ ထိရောက်မှု တိုးတက် စေရန် ဘာလုပ်နိုင်သနည်းဆိုသည့်အချက်ကို အသေးစိတ် စဉ်းစားရန်မလိုတော့ပေ။(သို့သော်လည်း ကျင့်စဉ်ကောင်းများ၊ နောက်ထပ် တိုးတက်ရန် လုပ်ဆောင် နိုင် မည့် အလားအလာများ၊မြင့်လျက်ရှိသည့် ထိရောက်မှု အတိုင်းအတာကို ဆက်လက် ထိန်းသိမ်းရန် စဉ်ဆက်မပြတ် ကြိုးပမ်းမှုများ စသည်တို့ကို ဖော်ထုတ်ရာတွင်လည်း အကျိုးရှိနိုင် သေးသည်)။

*ထိရောက်သောစနစ်တစ်ခု၏ လက္ခဏာများ*

48. လက်ငင်းရလဒ်များတစ်ခုစီ၏ အကွက်ထိပ်ရှိ စာသားသည် ထိရောက်မှုရှိသည့် စနစ် တစ်ခု၏ အဓိက လက္ခဏာများနှင့် ရလဒ်များကို ဖော်ပြထားပါသည်။ ဤသို့ နိုင်ငံတစ်ခုက ရလဒ်ပြည့်မီအောင် ထိရောက်စွာ လုပ်ဆောင်

သည့် အခြေအနေကို စတင် ဖော်ပြပြီး အကဲဖြတ်ချက် အတွက်လည်း တိုင်းတာသည့် ပေတံဖြစ်သည်။

*ရလဒ်ကို ပြည့်မီနေခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် စဉ်းစားရမည့် ပင်မ အရေးကိစ္စများ*

49. ဒုတိယအခန်းတွင် ရလဒ် ပြည့်မီခြင်းရှိမရှိ ၊ ရှိပါက မည်သည့်အတိုင်းအတာထိ ပြည့်မီသည်ကို အကဲဖြတ်သူများ ဆုံးဖြတ်ရန် အခြေခံကို တင်ပြထားသည်။ ပင်မအရေးကိစ္စများ(*core issues)* မှာ မဖြစ်မ နေ မေးရမည့် မေးခွန်းများ ဖြစ်ပြီး၊ နိုင်ငံသည် ရလဒ်တစ်ခုချင်း အောက်တွင် မည်မျှ ထိရောက်သည်ကို ခြုံငုံ သိရှိရန်အတွက်ဖြစ်သည်။ ပင်မအရေး ကိစ္စများကို အကဲဖြတ်ချက်များအရ ရလဒ်တစ်ခုချင်းကို ခြုံငုံသုံးသပ်ကာ၊ အကဲဖြတ်သူများက နိုင်ငံတစ်ခု မည်မျှ ထိရောက် သည်ကို ကောက်ချက်ချသင့်ပါသည်။

50. အကဲဖြတ်သူများသည် ရလဒ်တစ်ခုချင်းအတွက် စာရင်းပြုစုထားသည့် ပင်မအရေးကိစ္စ အားလုံးကို စိစစ်သင့်သည်။ သို့သော် တစ်ခုချင်း စိစစ်ရာတွင် ထိုဆိုင်ရာအရေးကိစ္စနှင့် ဆက်စပ်သည့် အန္တရာယ်အဆင့်၊ စီးပွားရေး ကဏ္ဍအတွက် အခရာကျမှု တို့အပေါ် မူတည်၍ အသေးစိတ် စိစစ်သည့် နေရာတွင် ကွာခြားနိုင်သည်။ ထူးခြားသည့် အခြေအနေများတွင် အကဲဖြတ်သူများက ထိရောက်မှု ရလဒ်အတွက် ပင်မကိစ္စဟု ယူဆသည့် ထပ်တိုးကိစ္စများကိုပါ ထည့်သွင်းသုံးသပ်နိုင်သည်။ (ဥပမာ -နိုင်ငံ၏ AML/CFT စနစ်၏ ထူးခြားသောအခြေအနေကို ထင်ဟပ်စေသော်လည်း၊ ပင်မအရေးကိစ္စများတွင်လည်းမပါ၊ ပင်မအရေးကိစ္စ၏ ထပ်တိုး အချက်အလက် အဖြစ်/ သီးခြားအကြောင်း တရားများ အဖြစ် လည်းမပါသည့် အခြား အစီ အမံများ)။ သူတို့သည် ပင်မကိစ္စအဖြစ် ယူဆပြီးအသုံးပြုရသည့် မည်သည့် ထပ်တိုး အရေးကိစ္စကိုမဆို အသုံးပြုသည်ဆိုလျှင်၊ ဘယ်အခါက ဘာကြောင့် အသုံးပြုရသည်ကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။

*ပင်မအရေးကိစ္စအပေါ် ကောက်ချက်ချမှုကို အထောက်အပံ့ပြုနိုင်သည့် အချက်အလက်များကို သာဓကအဖြစ်ဖော်ပြချက်*

51. အချက်အလက်ဆိုင်ရာ သာဓကများ *(Examples of Information)* သည် ရလဒ် ပြည့်မီသည်အထိ ရှိရသည့် အတိုင်းအတာကို နားလည်ရန်နှင့် အကဲဖြတ်သူများ *ပင်မအရေး ကိစ္စများ*ကို အကဲဖြတ်ချိန်တွင် ဒေတာပွိုင့်များ ရှာဖွေ ကောင်းရှာဖွေရန်အတွက် အလွန် သင့်လျော်သည်။ ထိုပုံပိုးသတင်းအချက်အလက်နှင့် အခြားဒေတာများဖြင့် ထိုပင်မ အရေး ကိစ္စများအပေါ် အကဲဖြတ်သူများနားလည်မှုကို စစ်ကြည့်နိုင်သည်၊ သို့မဟုတ် နားလည်မှု မှန်ကန်ကြောင်း အဖြေထုတ်နိုင်သည်။ ထိုအပြင်၊ရလဒ်မည်မျှ ကောင်းစွာ ပြည့်မီသည်ကို အကဲဖြတ်သူများ အပြီးသတ်ပုံဖော်နိုင်ရန် အရေအတွက်ပြ သည့် အစိတ်အပိုင်းတစ်ခုလည်း ထွက်လာနိုင်သည်။

52. စာရင်းပြုထားသည့် ပုံပိုးသတင်းအချက်အလက်နှင့် ဒေတာစာရင်းမှာ အပြည့်အစုံ မဟုတ်ပါ။ မဖြစ်မနေ သုံးရန် လည်း မဟုတ်ပါ။ ရရှိသည့် ဒေတာ၊ ကိန်းဂဏန်းများနှင့် အခြားစာရွက်စာတမ်းများမှာ နိုင်ငံတစ်ခုနှင့် တစ်ခု ကွဲပြားမည် ဖြစ်ပြီး၊ အကဲဖြတ်သူများ ဆုံးဖြတ်ချက် ချရာတွင် အထောက်အကူ ပြုနိုင်ရန်အတွက်၊ နိုင်ငံက တင်ပြသည့် မည်သည့် အချက်အလက်ကို မဆို အသုံးပြုသင့်သည်။

53. ထိရောက်မှုကို အကဲဖြတ်ခြင်းသည် ကိန်းဂဏန်းစာရင်းဇယား တွက်ချက်သည့် အလုပ် မဟုတ်ပါ။ ရလဒ်ကို မည်မျှကောင်းစွာ ပြည့်မီသည်ကို အကဲဖြတ်သူများက အချက်အလက် အထောက်အထားများဖြင့် ဆုံးဖြတ်ချက်ချနိုင်ရန် အတွက် ဒေတာနှင့် ကိန်းဂဏန်းများအပြင် အခြားအရည်အသွေးပြအချက်အလက် များကို အသုံးပြုသင့်သည်

မှန်သော်လည်း၊ ရရှိသည့် ဒေတာကို နိုင်ငံ၏ အခြေအနေ အရ ဝေဖန် ဆန်းစစ်သင့်ပါသည်။ ဒေတာအစိမ်းသက်သက်ကို အာရုံမစိုက်သင့်ဘဲ (အမျိုးမျိုး အဓိပ္ပါယ်ဖွင့်ဆိုနိုင်ပြီး၊ ပြောင်းပြန် ကောက်ချက်များပင် ထွက်နိုင်သည့် အတွက်ဖြစ်သည် သတင်းအချက်အလက်များနှင့် အကဲဖြတ်ခံနိုင်ငံ က ရည်မှန်းချက် ပြည့်မီခြင်းရှိမရှိ ပိုင်းခြား စိတ်ဖြာချက်များ အပေါ် အာရုံစိုက်သုံးသပ် ဆုံးဖြတ်သင့်သည်။ အကဲဖြတ်သူများ အနေနှင့် ထိရောက်မှုကို ဆုံးဖြတ်ရာတွင်၊ အခြားနိုင်ငံများနှင့် ဆက်စပ်သည့် ဒေတာများကို နှိုင်းယှဉ်သည့် ပွိုင့်အနေနှင့် ဆွဲယူအသုံးပြုခြင်းမှာ နိုင်ငံ အခြေအနေများ၊ AML/CFT စနစ်များနှင့် ဒေတာကောက်ယူသည့်အလေ့အထများ ကွာခြားမှု ကြီးမားသဖြင့် အထူးသတိပြု သင့်သည်။ လုပ်ဆောင်မှု မြင့်မားတိုင်းလည်း မျှော်မှန်းသည့် ရလဒ်ကို အမြဲ ပြည့်မီခြင်း ရှိချင်မှ ရှိမည်ကိုလည်း သတိချပ်သင့်သည်။

*ပင်မအရေးကိစ္စများအပေါ် ကောက်ချက်ချသည့်အခါ အထောက်အပံ့ဖြစ်စေနိုင်သည့်သီးခြား အကြောင်း တရား သာဓကများ*

54. ဤနည်းပညာ၏ *အကြောင်းတရားများ* အခန်းတွင် ရလဒ်တစ်ခုကို ပို့ဆောင် ပေးလေ့ရှိသည့် အစိတ်အပိုင်းများကို သာဓကများအဖြစ်ဖော်ပြထားပါသည်။ ဖြစ်နိုင်သည့် အကြောင်း တရားများကို ဖော်ပြသည့် ပြီးပြည့်စုံသော စာရင်းမဟုတ်သော်လည်း၊ နိုင်ငံတစ်ခုက ရလဒ်တစ်ခု ပြည့်မီရသည့် (သို့မဟုတ် မပြည့်မီရသည့်) အကြောင်းရင်းကို အကဲဖြတ်သူများ စဉ်းစားရာ၌ (ဥပမာ- အကြောင်းတရားများထဲမှတစ်ခုကို ခွဲခြမ်းကြည့်ခြင်းဖြင့်) အထောက်အကူဖြစ်ရန် ဖော်ပြထားပါသည်။ များသောအားဖြင့် အကဲဖြတ်သူများသည် ရလဒ်တစ်ခု ပြည့်မီနေသည့် အတိုင်းအတာကို အခိုင်အမာ ကောက်ချက်ချနိုင်ရန်အတွက် *အကြောင်း တရားများ*ကို ကိုးကားရန် လိုမည်ဖြစ်သည်။ သတိချပ်သင့်သည်မှာ ဤအခန်းတွင် စာရင်းပြုထားသည့် လုပ်ဆောင်ချက်များနှင့် လုပ်ငန်းစဉ်များမှာ AML/CFT လုပ်ငန်းတာဝန်များကို စီစဉ်ရန် မဖြစ်မ နေ သုံးရမည့် တစ်ခုတည်းသော ပုံစံဟု မဆိုလိုပါ။ အများဆုံး အကောင်အထည်ဖော်လေ့ရှိ စီမံခန့်ခွဲပုံများသာဖြစ်ပြီး၊ နိုင်ငံတစ်ခုက ထိရောက်မှုမရှိသည့် အကြောင်းရင်းများသည် ဤအကြောင်းတရားများ စာရင်းထဲ၌ ပါချင်မှပါပေမည်။ အကဲဖြတ်သူများသည် အောက်တွင်ရှိလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများကိုသာ မကြည့်ဘဲ၊ *ဤအကြောင်းတရား များ*၏ အရည်အသွေးပြ ရှုဒေါင့်မှအာရုံစိုက်ရန်လိုပါသည်။

55. အကဲဖြတ်သူများသည် *အကြောင်းတရား*တိုင်းကို သုံးသပ်ရန်မလိုပါ။ နိုင်ငံတစ်ခုသည် တစ်နေရာတွင် ပြောပလောက်အောင် ထိရောက်မှုရှိနေလျှင်၊ အကဲဖြတ်သူများအနေနှင့် ဘာကြောင့် ဤသို့ ထိရောက်သည်ကို လိုရင်းတိုရှင်း ဖော်ပြပြီး အထူးကောင်းမွန်သည့် ကျင့်စဉ်များကို ထောက်ပြသင့်သည်။ သို့သော် နည်းပညာ၏ ဤအခန်းရှိ အကြောင်းတရားတိုင်းကို အသေးစိတ်စိစစ်ရန်မလိုပေ။ တစ်ခါတရံ နိုင်ငံတစ်ခုက ပြောပလောက်အောင် ထိရောက်မှုမရှိဘဲ၊ ထိရောက်မှုမရှိသည့်အကြောင်းရင်းမှာလည်း အခြေခံအကြောင်းများ ကြောင့် ဖြစ်လျှင်လည်း (ဥပမာ- နည်းပညာဆိုင်ရာ အားနည်းချက်ကြီးများ ရှိနေခြင်း) အကဲဖြတ်သူများ အနေနှင့် ရလဒ် ဘာကြောင့် မပြည့်မီရသည်ကို အသေးစိတ်ဆက်လက် စိစစ်နေရန် မလိုပေ။

56. အဆင့်အသီးသီးအစဉ်လိုက်အပေါ် မူတည်သည့် ရလဒ်များ၊ သို့မဟုတ် ရလဒ် ပြည့်မီအောင် လုပ်ရသည့် *တန်ဖိုးကွင်းဆက်*(value chain)(ဥပမာ- စုံစမ်းစစ်ဆေးခြင်း၊တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ပေးခြင်းစသည့် အဆင့်များ အစဉ်လိုက် လုပ်ရသည့် လက်ငင်းရလဒ် (၇)) ကို အကဲဖြတ်သူများ သတိပြုသင့်သည်။ ထိုအခါများတွင် လုပ်ငန်းစဉ်၏ အခြားအဆင့်များ ထိရောက်သော်လည်း၊ အဆင့်တစ်ဆင့်တွင် ချို့ယွင်းမှုကြောင့် ရလဒ်မပြည့်မီနိုင်ခြင်း ဖြစ်နိုင်သည်။

57. အကဲဖြတ်သူများအနေနှင့် အဓိက အရေးကိစ္စဖြစ်သည်၊သို့မဟုတ် အန္တရာယ်အဆင့်မြင့် ကိစ္စများဖြစ်သည်ဟု ယူဆနိုင် သည့် ဆက်စပ်အကြောင်းတရားများ ကိုလည်း ထည့်သွင်း စဉ်းစားသင့်သည်။ ထိုအခါတွင် ထိုကိစ္စများကို အာရုံစိုက် ကြည့်သင့်သည်။ ဤအကြောင်း တရားများသည် နိုင်ငံ၏ လုပ်ဆောင်မှု ဘာကြောင့် ကောင်းသည် ညံ့သည်ကို ရှင်းပြနိုင်မည့် အရေးကြီးအပိုင်းလည်း ဖြစ်ပြီး ထိရောက်မှုကို မည်သို့ တိုးတက်အောင် လုပ်နိုင်သည်ကို အကဲဖြတ်သူများ အကြံပြုနိုင်သည့် အပိုင်းလည်းဖြစ်နိုင်သည်။ သို့သော် FATF စံနှုန်းများ အကောင်အထည်ဖော်မှု ညံ့ဖျင်းခြင်း သို့မဟုတ် အဆင်မချောခြင်းမှာ ထိကိစ္စများကြောင့်ဟု အကြောင်းပြချက်မပေးသင့်ပေ။

## ချိတ်ဆက်ဖြစ်ပေါ်သည့်အရေးကိစ္စများ

58. လက်ငင်းရလဒ်များသည် တစ်ခုစီ သီးခြားရပ်တည်နေသည်မဟုတ်ပါ။ နေရာအတော် များများ၌ လက်ငင်းရလဒ် တစ်ခုအောက်တွင် သတ်မှတ်ဖော်ပြသည့် အရေးကိစ္စ တစ်ခုသည် အခြား ရလဒ်များ ပြည့်မီမှုအပေါ် လည်း ပံ့ပိုးလိမ့်မည် ဖြစ်သည်။ အထူးသဖြင့် လက်ငင်းရလဒ် ၁ နှင့် ၂ အောက်ရှိ (က) နိုင်ငံ၏ အန္တရာယ်များကို အကဲဖြတ်ချက်များနှင့် အန္တရာယ်အခြေပြုချဉ်းကပ်မှုဖြင့် အကောင်အထည် ဖော်မှုကို သုံးသပ်သော အကြောင်းတရား အကဲဖြတ်ချက်များ။ (ခ) နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုတွင် ထိတွေ့ပါဝင်မှု တို့သည် အခြားရလဒ်များအပေါ် များစွာ သက်ရောက်မှု ရှိသည့် အကြောင်းတရားများ ဖြစ်သည်(ဥပမာ -အန္တရာယ် အကဲဖြတ်ချက်သည် လက်ငင်းရလဒ် ၄ အောက်ရှိ အန္တရာယ် အခြေပြု အစီအမံများ အကောင်အထည်ဖော်မှုအပေါ်ကိုရော၊ ရလဒ်အားလုံးနှင့် သက်ဆိုင်သည့် ကြီးကြပ်ရေး အာဏာပိုင်များ၏ ရင်းမြစ်များအပေါ်ကိုပါ၊ သက်ရောက်မှုရှိသည်။ နိုင်ငံတကာနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း ဆိုရာတွင် လက်ငင်းရလဒ် ၇ နှင့် ၈ အရ၊ ပြည်တွင်း ML စုံစမ်း စစ်ဆေးမှုများနှင့် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အကူအညီ တောင်းခံမှုပါ ပါဝင်သည်။ ထို့အတွက် အကဲဖြတ်သူများသည် လက်ငင်းရလဒ် ၁ နှင့် ၂ အရ တွေ့ရှိချက်များက အခြားလက်ငင်းရလဒ်များ၏ ထိရောက်မှုအဆင့်အပေါ် အပေါင်း လက္ခဏာ ပြမည်လား၊အနှုတ်လက္ခဏာပြမည်လား ဆိုသည်ကို ထည့်သွင်း သုံးသပ် သင့်သည်။ ဤ ချိတ်ဆက်ဖြစ်ပေါ် သည့် အရေးကိစ္စများကို လက်ငင်းရလဒ် တိုင်း၏ အောက်ဘက်တွင် ***အကဲဖြတ်သူများအတွက် မှတ်ချက်များ*** အောက်တွင် ဖော်ပြထားသည်။

## ထိရောက်မှုအပေါ်ဆုံးဖြတ် ကောက်ချက်ချခြင်း

59. အကဲဖြတ်သူများက နိုင်ငံသည် မည်သည့်အတိုင်းအတာအထိ ထိရောက်သည် (သို့မဟုတ် မထိရောက်သည်) ကို လက်ငင်းရလဒ်တစ်ခုစီအတွက် ကောက်ချက်ချ သင့်သည်။ နိုင်ငံက ထိရောက်မှု အဆင့်မြင့်သည်အထိ မပြည့်မီပါက၊ ဘာကြောင့် မပြည့်မီရသည့် အကြောင်းများ၊ ရလဒ်ပြည့်မီရန်အတွက် စွမ်းဆောင်မှု တိုးတက် ကောင်းမွန်အောင် မည်သည့်အစီအမံများ ချမှတ်သင့်သည်ကို အကြံပြုသင့်သည်။

***60. ထိရောက်မှုကို အကဲဖြတ်ပုံသည် နည်းပညာဆိုင်ရာလိုက်နာဆောင်ရွက်မှု အကဲဖြတ်ပုံနှင့် အခြေခံကစ၍ ကွာခြားသည်။*** နိုင်ငံတစ်နိုင်ငံက ထိရောက်မှု မည်သည့် အတိုင်းအတာအထိ မြင့်သည် လျှော့နည်းသည် ဆိုသည့် အကဲဖြတ်သူများ၏ ကောက်ချက်များ သည် နိုင်ငံ၏ ရလဒ်ပြည့်မီမှု အတိုင်းအတာနှင့် ပတ်သက်ပြီး အလုံးခြုံ နားလည်မှု အပေါ် အခြေခံသင့်သည်။ ***ပင်မအရေးကိစ္စ(Core Issues)များကို စံအမှတ်ဆောင်ရွက်ရန် စာရင်းတစ်ခု (checklist)***

***အဖြစ် မမှတ်ယူသင့်ပါ။*** လက်ငင်းရလဒ်တစ်ခုချင်းအတွက် နိုင်ငံ၏ ထိရောက်မှုကို သင့်တင့်လျောက်ပတ်စွာ နားလည်နိုင်ရန် အကဲဖြတ်သူများအား အထောက်အကူ ပြုသည့် မေးခွန်းစုများအဖြစ်သာ မှတ်ယူသင့်သည်။ ပင်မ အရေးကိစ္စများ ၏ အရေးကြီးပုံသည် တစ်ခုနှင့် တစ်ခု မတူသကဲ့သို့ ၄င်းတို့၏အရေးပါမှုသည်လည်း နိုင်ငံတစ်ခုချင်း၏ မတူညီသော အခြေအနေများ၊ ML/TF အန္တရာယ်များနှင့် စနစ်တည်ဆောက်မှုဆိုင်ရာ (structural)အကြောင်း တရားများ အလိုက် ကွာခြားမည်ဖြစ်သည်။ ထို့အတွက် ကောက်ချက်များ ချသည့်အခါ အကဲဖြတ်သူများသည် တရားသင ဆုပ်ကိုင်ခြင်း မပြုဘဲ ကိုယ်ပိုင် ဆင်ခြင်သုံးသပ်မှု အတွေ့အကြုံများ အသုံးပြုရန်လိုပါသည်။

61. အကဲဖြတ်သူများ၏ ကောက်ချက်တွင် ရလဒ် ပြည့်မီခြင်းရှိမရှိကို ထင်ဟပ်စေသည့်အကြောင်းများသာ ဖော်ပြ သင့်သည်။ အကဲဖြတ်သူများ၏ ထိရောက်မှု ပြည့်မီရန် အကောင်းဆုံး ရွေးချယ်မှုဟူ၍ ကိုယ်ပိုင် ယူဆချက် များကို ဘေးဖယ်ထားသင့်ပြီး ၄င်းတို့၏ နိုင်ငံ ချဉ်းကပ်ပုံ များကလည်း ၄င်းတို့အပေါ် မလိုလားအပ်သည့် လွှမ်းမိုးမှု မရှိစေသင့်ပါ။ တဖန် ၄င်းတို့ ဖော်ထုတ်တွေ့ရှိသည့် ပြဿနာ အရေအတွက် သို့မဟုတ် အားနည်းချက် အရေအတွက် ပေါ်မူတည်၍ ကောက်ချက်ချခြင်းကိုလည်း ရှောင်ကြဉ်သင့်သည်။အဘယ်ကြောင့်ဆိုသော်၊နိုင်ငံတစ်ခုတွင် အားနည်းချက် များစွာ ရှိကောင်းရှိမည်၊သို့သော် ထိုအားနည်းချက် များ၏ သဘောသဘာဝအရ ပမာဏကျမှ မရှိခြင်း၊သို့မဟုတ် အခြား နယ်ပယ်များတွင် အားသာချက်များပြီး အားနည်းချက်များကို ချေပနိုင်ခြင်းတို့ကြောင့် အလုံးခြုံအားဖြင့် ထိရောက်မှု အဆင့် မြင့်မားနိုင်ပါသည်။

62. ***အကဲဖြတ်သူများ၏ ထိရောက်မှုအဆင့်အပေါ် အဆုံးအဖြတ်ပြုသည့် ကောက်ချက်များသည် အဓိကအားဖြင့် သရုပ်သကန်ဖော်ပြချက်သာ ဖြစ်သင့်သည်။*** အကဲဖြတ်သူများသည် အလုံးခြုံအားဖြင့် ပြည့်မီရမည်ဟု စိစစ်ယူဆသည့် ရလဒ် အတိုင်း အတာကို၊ ထိရောက်မှု ဘယ်နယ်ပယ်တွင် ပိုမြင့်သည် သို့မဟုတ် ပိုနိမ့်သည် စသည့် အဆင့်ခြားနားမှု များကိုပါ မှတ်သား၍ ရှင်းလင်းစွာ ဖော်ပြသင့်သည်။ ၄င်းတို့ ဆုံးဖြတ်ချက် ချရသည့် အကြောင်းများကို ရှင်းလင်းစွာ တင်ပြသင့်သည်၊ ဥပမာ- ထိရောက်မှုမရှိခြင်း၏ အကြောင်းရင်းဖြစ်သော ပြဿနာများ သို့မဟုတ် အားနည်းချက်များ၊ ၄င်းတို့ အရေးကြီးဆုံးဟု ယူဆသည့် *ပင်မအရေးကိစ္စများ*နှင့် သတင်းအချက်အလက်များ၊ ဒေတာနှင့် အခြားညွှန်းကိန်း များကို ၄င်းတို့ မည်သို့ နားလည်သည်၊ ပြီးလျှင် အကဲဖြတ်ချက်၏ အချို့ရှုဒေါင့်များကို မည်သည့် အကြောင်းကြောင့် ပိုအလေးပေးသည်။ အကဲဖြတ်သူများသည် အထူးအားသာချက် သို့မဟုတ် ကျင့်စဉ်ကောင်းများ တွေ့ရှိလျှင်လည်း ဖော်ပြသင့်ပါသည်။

63. ရှင်းလင်းပြီး နှိုင်းယှဉ်ရလွယ်သည့် ဆုံးဖြတ်ချက်များ ချမှတ်မှု သေချာစေရန်၊ အကဲဖြတ်သူများသည် ၄င်းတို့၏ ဆုံးဖြတ်ချက်ကို အကျဉ်းချုပ်အားဖြင့် အဆင့်သတ်မှတ် သင့်ပါသည်။ လက်ငင်းရလဒ်တိုင်းအတွက် *ပင်မအရေး ကိစ္စများ*နှင့် *(core issues) ပင်ကိုယ်လက္ခဏာများ*ကို ကိုင်တွယ်နိုင်သည့်အတိုင်းအတာ ပေါ်မူတည်၍၊ထိရောက်မှု ဖြစ်နိုင်ခြေ ၄ ဆင့်ရှိပါသည် *-ထိရောက်မှု အဆင့်မြင့်ရှိ၊ ထိရောက်မှု လုံလောက်သည့်အဆင့်ရှိ၊ ထိရောက်မှု အလယ်အလတ်အဆင့်ရှိ၊နှင့် ထိရောက်မှု အဆင့်နိမ့်ကျ* တို့ဖြစ်သည်။ ဤအဆင့်များကို အောက်ပါတို့အတိုင်း ဆုံးဖြတ်သင့်ပါသည်။

| | ထိရောက်မှု အဆင့်သတ်မှတ်ချက်များ |
|---|---|
| ထိရောက်မှု အဆင့်မြင့်ရှိ၊ | လက်ငင်းရလဒ် ပြည့်မီသည့်အတိုင်းအတာ အလွန်မြင့်၊ အသေးစား ပြုပြင်ရန်များရှိ၊ |
| ထိရောက်မှု လုံလောက်သည့်အဆင့်ရှိ | လက်ငင်းရလဒ် ပြည့်မီမှု အတိုင်းအတာ မြင့်၊ အတော်အသင့် ပြုပြင်ရန်များရှိ |
| ထိရောက်မှု အတော်အသင့် အဆင့်ရှိ၊ | လက်ငင်းရလဒ် ပြည့်မီမှု အတိုင်းအတာတစ်ခုအထိရှိ၊ အကြီးစားပြုပြင်ရန်များရှိ |
| ထိရောက်မှု အဆင့်နိမ့်ကျ | လက်ငင်းရလဒ်ပြည့်မီမှု မရှိ သို့မဟုတ် ပြည့်မီမှုမှာ မပြောပလောက်၊ အောက်ခြေမှစ၍ ပြုပြင်ရန်လို |

## AML/CFT စနစ် တိုးတက်စေရန် အကြံပြုချက်များ

64. အကဲဖြတ်သူများ၏ နိုင်ငံတစ်နိုင်ငံအပေါ် အကြံပြုချက်များမှာ အကဲဖြတ်မှု၏ အဓိက အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။ မိမိတို့၏ ဆုံးဖြတ်ချက်များကို အခြေခံကာ အကဲဖြတ်သူများအနေနှင့် နိုင်ငံတစ်နိုင်ငံ၏ ထိရောက်မှု အဆင့်ရော နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုအဆင့်အပါအဝင်၊ ထိုနိုင်ငံ၏ AML/CFT စနစ် တိုးတက်စေရန် ချမှတ်သင့်သည့် အစီအမံများကို အကြံပြုသင့်သည်။နိုင်ငံ၏ အခြေအနေနှင့် လုပ်နိုင်စွမ်း၊ထိရောက်မှုအဆင့်၊ နှင့် ဖော်ထုတ် တွေ့ရှိသည့် အားနည်းချက်များ၊ ၊ ပြဿနာများကို ကုစားရန် အတွက် အစီအမံများကို ဤအကြံပြုချက်များဖြင့် အစီရင်ခံစာတွင် ဦးစားပေး ဖော်ပြသင့်သည်။ အကဲဖြတ်သူများ၏ အကြံပြုချက်များတွင် ဖော်ထုတ်တွေ့ရှိသည့် အားနည်းချက်များ သို့မဟုတ် ချို့ယွင်းချက်များကို တစ်ခုစီ သုံးသပ်တင်ပြရုံ မဟုတ်ဘဲ၊ နိုင်ငံ ရင်ဆိုင်ရသည့် အန္တရာယ်များကို ထိရောက်စွာ လျှော့ချနိုင်ရန် ဦးစားပေးရပ်အဖြစ် သတ်မှတ် အစီအမံများ ဖော်ထုတ် တင်ပြ ခြင်းဖြင့် အကြံပြုချက်ကို အဖိုးတန်စေသင့်ပါသည်။ အကောင်းဆုံးနှင့် အမြန်ဆုံးလက်တွေ့ လုပ်ဆောင်နိုင်သည့်၊ အကျယ်ပြန့်ဆုံး သက်ရောက်နိုင်သည့်၊ သို့မဟုတ် အလွယ်ဆုံး ပြည့်မီနိုင်သည့် တိုးတက်ရာတိုးတက်ကြောင်းတို့ ကို အခြေပြုသည့် အစီအမံများ ဖြစ်နိုင်သည်။

65. အကဲဖြတ်သူများအနေနှင့် အကြံပြုချက်များ ပေးသည့်အခါ နိုင်ငံ၏ အခြေအနေများနှင့် ဆက်စပ် အကြောင်းတရားများ၊ ၄င်း၏ ဥပဒေနှင့် စည်းမျဉ်း စည်းကမ်း စနစ်များကို ထည့်သွင်းစဉ်းစားရန် သတိပြုသုံးသပ်သင့်သည့်အပြင်၊ ထိရောက်သည့် AML/CFT စနစ် အထမြောက် ပြည့်မီနိုင်သည့် နည်းအမျိုးမျိုး ရှိပြီး၊ အကဲဖြတ်သူများ နှစ်သက်သည့် ပုံစံက အကဲဖြတ်ခံနိုင်ငံ၏ ဆက်စပ် အကြောင်း တရားများအရ သင့်တော်ချင်မှ သင့်တော်မည်ကို သတိချပ်သင့်သည်။

66. အကဲဖြတ်ခံနိုင်ငံက လှုပ်ရှားမှုအစီအစဉ်တစ်ရပ် ပြုစုသည့်အခါ လွယ်ကူချောမွေ့စေရန် အကဲဖြတ်သူများ အနေနှင့် ဘယ်နေရာတွင် သတ်မှတ်လှုပ်ရှားမှု ဆောင်ရွက်ရန်လိုသည်ကို ဦးစားပေး ရည်မှန်းချက် ပြည့်မီရန်

လုပ်ဆောင်ရာတွင် မည်သည့်နေရာ၌ ပြောင်းသာပြင်သာ ရှိနိုင်သည် တို့ကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။ နိုင်ငံများက အကြံပြုချက်များကို မိမိနိုင်ငံ အခြေအနေနှင့် ကိုက်ညီစွာ လုပ်ဆောင်နိုင်မည့် ကြိုးပမ်းမှုများ အဟန့်အတား ဖြစ်စေမည့် မလိုလားအပ်သည့် တင်းကျပ်သော အကြံပြုချက်များ ပေးခြင်း (ဥပမာ -သတ်မှတ် အစီအမံ များကို အချိန်ဇယား ကန့်သတ်ခြင်း) များ ရှောင်ရှား သင့်ပါသည်။

67. နိုင်ငံတစ်ခုက ထိရောက်မှုအဆင့် မြင့်ခြင်းသည် ဆက်လက် ပြုပြင်ရန် မလိုတော့ဟု မဆိုလိုပါ။ တိုးတက် ဖြစ်ပေါ်လျက်ရှိသည့် အန္တရာယ်များကို အဆင့်မြင့်ထိရောက်မှု ဖြင့် ထိန်းချုပ်ရေးအတွက် အရေးယူ ဆောင်ရွက်ရန်များ ရှိနိုင်ပါသည်။ ထိုသို့ အဆင့်မြင့် ထိရောက်မှုရှိသော နယ်ပယ်များတွင် ဆက်လက် လုပ်ဆောင်ရန်များ ဖော်ထုတ် တွေ့ရှိလျှင်၊ ထိုအချက်များကိုလည်း အကြံပြုချက်များတွင် ထည့်သွင်းဖော်ပြသင့်ပါသည်။

## ကိုးကားချက်

68. အကဲဖြတ်သူများအနေနှင့် ဤနည်းပညာကို သော်လည်းကောင်း၊ FATF စံနှုန်းများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ ကို သော်လည်းကောင်း၊ မည်သို့ အသုံးချရမည်ကို မရေရာ ဖြစ်ပါက၊ FATF အတွင်းရေးမှူးရုံးကိုဖြစ်စေ၊ ၄င်းတို့၏ FSRB သို့ဖြစ်စေ၊အကြံဉာဏ် တောင်းခံ သင့်ပါသည်။

# နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုအကဲဖြတ်ချက်

| | |
|---|---|
| အကြံပြုချက် ၁ | **အန္တရာယ်များအကဲဖြတ်ခြင်းနှင့် အန္တရာယ်အခြေပြုချဉ်းကပ်မှု RISK-BASED APPROACH[4] ကို ကျင့်သုံးခြင်း** |

## *နိုင်ငံများအတွက် တာဝန်များနှင့် ဆုံးဖြတ်ချက်များ*

*အန္တရာယ်အကဲဖြတ်ချက်*

1.1 နိုင်ငံများသည် နိုင်ငံ၏ အန္တရာယ်များကို သိရှိအောင်ဖော်ထုတ်ပြီး အကဲဖြတ်သင့်သည်[5]

1.2 နိုင်ငံများသည် အန္တရာယ်များကို အကဲဖြတ်ရန်အတွက် လုပ်ရှားမှုများ ညှိနှိုင်းဆောင်ရွက်မည့် လုပ်ပိုင်ခွင့် အာဏာတစ်ရပ် သို့မဟုတ် ယန္တရားတစ်ခု ချမှတ်သင့်သည်။

1.3 နိုင်ငံများသည် အန္တရာယ်အကဲဖြတ်ချက်များကို နောက်ဆုံး အခြေအနေနှင့်အညီ မွမ်းမံနေသင့်သည်။

1.4 နိုင်ငံများသည် အန္တရာယ်အကဲဖြတ်ချက်(များ)၏ ရလဒ်များအပေါ် သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များနှင့် ဌာနဆိုင်ရာ (ကိုယ်တိုင်) စည်းကမ်းကြီးကြပ်ရေး အဖွဲ့များ(SRB)၊ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များအား အချက်အလက်ဖြန့်ဝေနိုင်မည့် ယန္တရားများရှိသင့်သည်။

---

4 ဤအကြံပြုချက်ရှိ လိုအပ်ချက်များကို အကဲဖြတ်ရာတွင် အခြား အကြံပြုချက်များရှိ ပို၍တိကျသော အန္တရာယ်အခြေပြု လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။ အကြံပြုချက် ၁ အောက်တွင်၊အကဲဖြတ်သူများသည် နိုင်ငံများ၊ ငွေရေးကြေးရေးအဖွဲ့များ /DNFBPsအတွက် အခြားအကြံပြုချက်များအတိုင်း လုပ်ဆောင်ရန်ဖြစ်သည့် အန္တရာယ်အကဲဖြတ်မှုနှင့် အန္တရာယ် လျှော့ချမှုတို့ကိုပါ အလုံးခြုံသုံးသပ်သင့်သည်။ သို့သော် အခြားအကြံပြုချက်များအောက် သတ်မှတ်သည့် အန္တရာယ်အခြေပြုအစီအမံများအပေါ် အသေးစိတ်အကဲဖြတ်မှုများနှင့် ပုံတူပွားခြင်းမဖြစ်သင့်ပေ။ နိုင်ငံ၏ အန္တရာယ်အကဲဖြတ်ချက်)များ(ကို အကဲဖြတ်သူများက အသေးစိတ် ပြန်လုန်သုံးသပ်မှု ပြုလုပ်ရန် မရည်ရွယ်ပါ။ နိုင်ငံက ချမှတ်သည့် လုပ်ငန်းစဉ်၊ ယန္တရားနှင့် သတင်းအချက်အလက် ဧစ်မြစ်များ အပြင်၊ ဆက်စပ်အကြောင်းတရားများကိုပါ အာရုံစိုက်သင့်ပြီး၊ နိုင်ငံကပြုလုပ်သည့် အန္တရာယ် အကဲဖြတ်မှုဆိုင်ရာ ကောက်ချက်များအပေါ် ကျိုးကြောင်းသင့်တင့်မှုရှိမရှိ စဉ်းစားသင့်သည်။

5 သင့်လျော်သည့်အခြေအနေတွင်၊ ဤလုပ်ဆောင်ရန်တာဝန်အပေါ် ကျေနပ်မှုရှိမရှိ သုံးသပ်ရာ၌ ML/TF အန္တရာယ်အကဲဖြတ်ချက်များကို နိုင်ငံအများ အပေါ် လွှမ်းခြုံသည့်အဆင့်အထိ ထည့်သွင်းသုံးသပ်သင့်သည်။

*အန္တရာယ်လျှော့ချရေး*

1.5 နိုင်ငံများသည် မိမိတို့၏ အန္တရာယ်ဆိုင်ရာအသိအပေါ် အခြေခံကာ၊ ရင်းမြစ်များ ခွဲဝေ ချထားခြင်း နှင့် ML/TF တားဆီးကာကွယ်ရန် သို့မဟုတ် လျှော့ချရန် အစီအမံများ အကောင်အထည် ဖော်ခြင်းတို့ လုပ်ဆောင် ရာတွင် အန္တရာယ်အခြေပြု ချဉ်းကပ်မှု ကျင့်သုံးသင့်သည်။

1.6 ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် DNFBPs လိုက်နာရန်လိုသည့် ဆောင်ရွက်ချက်များပါရှိသော FATF အကြံပြုချက် အချို့ကို ကျင့်သုံးခြင်းမပြုရန် ဆုံးဖြတ်သည့် နိုင်ငံများသည် အောက်ပါတို့ကို ဖော်ပြသင့်သည်။

(a) ML/TF အန္တရာယ်အဆင့်နိမ့်သည့်အထောက်အထားများရှိသည်၊ ခြွင်းချက်ချမှတ်ခြင်း အလွန်နည်းပါးပြီး ခြွင်းချက်ချမှတ်ရန် မှန်ကန်ခိုင်လုံသည့် အ ခြေအနေများတွင်သာ ခြွင်းချက် ချခြင်းဖြစ်သည်၊ ထို့အပြင် သီးခြား အမျိုးအစားတစ်ခုဖြစ်သည့် ငွေရေးကြေးရေးအဖွဲ့၊ သို့မဟုတ် ဆောင်ရွက်ချက်တစ်ခု သို့မဟုတ် DNFBP အတွက်သာ ဖြစ်သည်၊ သို့မဟုတ်

(b) (ငွေသို့မဟုတ်တန်ဖိုး တစ်ခု ရှိသောပစ္စည်းလွှဲပြောင်းခြင်းမဟုတ်သော) စီးပွား ဆက်ဆံဆောင်ရွက်မှုကို လူပုဂ္ဂိုလ် သို့မဟုတ် ဥပဒေပုဂ္ဂိုလ်မှ (အရေအတွက်အားဖြင့်လည်းကောင်း သတ်မှတ်စံအားဖြင့်လည်းကောင်း) ရံဖန်ရံခါသာ သို့မဟုတ် အနည်းအကျဉ်းသာ လုပ်ဆောင်ခြင်း ဖြစ်သည့်အတွက် ML/TF အန္တရာယ် အဆင့်နိမ့်သည် ။

1.7 နိုင်ငံများက အန္တရာယ်အဆင့်မြင့်သည်ဟုဖော်ထုတ်ရရှိပါက၊ ၄င်းတို့၏ AML/CFT စနစ်က ထိုအန္တရာယ်များကို အောက်ပါ လုပ်ဆောင်ချက်များအပါအဝင်ဖြင့် ကိုင်တွယ်နိုင်သည်ဟု သေချာစေသင့်သည်။ (က) ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များအား အန္တရာယ်များကို စီမံခန့်ခွဲရန်နှင့် လျှော့ချရန် အထူးတိုးမြှင့် အစီအမံများ ချမှတ်စေခြင်း၊ သို့မဟုတ် (ခ) ) ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များအား ၄င်းတို့၏ အန္တရာယ်အကဲဖြတ်ချက်များအတွင်း ဤအချက်ကို ထည့်သွင်းစေခြင်း သေချာအောင်ဆောင်ရွက်ခြင်း။

1.8 ML/TF[6] အန္တရာယ်အဆင့်နိမ့်ကြောင်း ဖော်ထုတ်သိရှိပါက၊ ထို့အပြင် ဤတွေ့ရှိချက်သည် ယင်းနိုင်ငံ၏ ML/TF အန္တရာယ် အကဲဖြတ်ချက်နှင့်လည်း ကိုက်ညီသည်ဆိုပါက၊ နိုင်ငံများသည် ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များအား လျှော့ရှားမှု လုပ်ဆောင်ရန် သတ်မှတ်ထားသော အချို့ FATF အကြံပြုချက်များ အတွက် ရိုးရှင်းသောအစီအမံများ ခွင့်ပြုနိုင်သည်။

1.9 ကြီးကြပ်သူများနှင့် SRB များသည် ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များအား အကြံပြုချက် (၁)[7] ) အောက်ရှိ တာဝန်များကို အကောင်အထည်ဖော်မှု သေချာအောင် ဆောင်ရွက် သင့်သည်။

*ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များ အတွက် တာဝန်များနှင့် ဆုံးဖြတ်ချက်များ*

*အန္တရာယ် အကဲဖြတ်ချက်*

1.10 ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များအား (ဆက်သွယ် ဆောင်ရွက် သူများ ،နိုင်ငံများ သို့မဟုတ် ပထဝီ နယ်ပယ်များ။ နှင့် ပစ္စည်းများ،ဝန်ဆောင်မှုများ، ငွေကြေး ဆက်ဆံဆောင်ရွက်မှုများ သို့မဟုတ် ငွေကြေး ဆိုင်ရာ ဆက်သွယ် ပို့ဆောင်သည့် လမ်းကြောင်းများ (delivery channels[8] အတွက်)၌ ဖြစ်သော ML/TF အန္တရာယ်များကို ဖော်ထုတ်၊ အကဲဖြတ်ရန် နားလည်ရန် လိုအပ်သည်များကို ဆောင်ရွက် သင့်သည်။

(a) ၄င်းတို့၏ အန္တရာယ်အကဲဖြတ်ချက်များကို စာရွက်စာတမ်းဖြင့် ထားရှိခြင်း၊

(b) အလုံးခြုံအန္တရာယ်အဆင့်ကို မသတ်မှတ်မီ၊ အန္တရာယ်လျှော့ချရေး အတွက် သင့်လျော်သည့် အဆင့်နှင့် အမျိုးအစားမသတ်မှတ်မီ၊ သက်ဆိုင်သည့် အန္တရာယ်အကြောင်းတရား အားလုံးကို သုံးသပ်ခြင်း၊

(c) ဤအကဲဖြတ်ချက်များကို အချိန်နှင့်တစ်ပြေးညီမွမ်းမံထားရှိခြင်း၊ နှင့်

(d) ကြီးကြပ်ရေးအာဏာပိုင်များနှင့် SRBs များအား အန္တရာယ်အကဲဖြတ်ချက်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်ပေးပို့ရန် သင့်လျော်သည့် နည်းလမ်းယန္တရားများ ထားရှိခြင်း။

---

6 အကြံပြုချက်များအရ တိုးမြင့်/သီးခြားအစီအမံများချမှတ်ရန်လိုသည့် အန္တရာယ်အဆင့်မြင့် လူပ်ရှားမှုများ ဖော်ထုတ်ရရှိပါက၊နိုင်ငံများသည် ယင်းသို့အစီအမံများ ကျင့်သုံးရန်သေချာအောင်လုပ်ဆောင်သင့်သည်၊သို့သော်လည်း ယင်းသို့အစီအမံများမှာ အန္တရာယ်အဆင့်များအလိုက် ခြားနားနိုင်သည်။

7 ဤသတ်မှတ်စံများအရ လိုအပ်ချက်များကို အကဲဖြတ်ရာတွင် အကြံပြုချက် ၂၆ နှင့် ၂၈ တို့နှင့်စပ်လျဉ်းသည့် တွေ့ရှိချက်များကို ထည့်သွင်းသုံးသပ်သင့်သည်။

8 ML/TF ဆိုင်ရာ မည်သည့် အန္တရာယ်အကဲဖြတ်ချက်များမဆို၊ ၄င်းကဲဖြတ်ချက်များ၏ သဘောသဘာဝနှင့် အတိုင်းအတာတို့သည် စီးပွားရေးလုပ်ငန်း၏ သဘောသဘာဝနှင့် အရွယ်အစားအလိုက် ဆီလျော်မှုရှိသင့်သည်။ ကြီးကြပ်ရေးအာဏာပိုင်များ သို့မဟုတ် SRB များက ကဏ္ဍအလိုက်သာ ဖြစ်တည်သည့် သီးခြားအန္တရာယ်များကို ရှင်းလင်းစွာ ဖော်ထုတ်နိုင်ပြီး၊ နားလည်သဘောပေါက်ပြီးသကဲ့သို့ငွေရေးကြေးရေးအဖွဲ့တစ်ခုချင်းနှင့် DNFBP များသည်လည်း ၄င်းတို့၏ ML/TF အန္တရာယ်များကို နားလည်သဘောပေါက်ပါက၊ အန္တရာယ်အကဲဖြတ်ချက်ကို စာတမ်းတစ်ခုချင်းစီ ပြုစုရန် မလိုအပ်ဟု ဆုံးဖြတ်နိုင်သည်။

အန္တရာယ်လျှော့ချရေး

1.11 ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များကအောက်ပါတို့ လုပ်ဆောင်ရန် တာဝန်ရှိသင့်သည်၊

(a) နိုင်ငံ သို့မဟုတ် ငွေကြေးအဖွဲ့အစည်းက သို့မဟုတ် DNFBP က ဖော်ထုတ်သိရှိရသည့် အန္တရာယ်များကို စီမံခန့်ခွဲနိုင်ရန် နှင့် လျှော့ချနိုင်ရန်အတွက်၊အကြီးတန်း စီမံခန့်ခွဲမှုမှ အတည်ပြုသည့် မူဝါဒများ၊ အထိန်းအချုပ်များနှင့် လုပ်ထုံး လုပ်နည်းများ ထားရှိခြင်း၊

(b) ထိုအထိန်းအချုပ်များကို အကောင်အထည်ဖော်မှုအား ကြီးကြပ်ပြီး လိုအပ်ပါက တိုးမြှင့် ဆောင်ရွက်ခြင်း၊ နှင့်

(c) အန္တရာယ်အဆင့်မြင့်သည်ဟု ဖော်ထုတ်သိရှိပါက အန္တရာယ်များ စီမံခန့်ခွဲရန်နှင့် လျှော့ချရန် တိုးမြှင့် အစီအမံများ ချမှတ်ခြင်း။

1.12 နိုင်ငံများသည် အန္တရာယ်အဆင့်နိမ့်သည်ဟု ဖော်ထုတ်သိရှိသည့်အခါမှသာ၊ ထို့အပြင် သတ်မှတ်စံ ၁.၉ မှ ၁.၁၁ တို့ ပြည့်မီသည့်အခါမှသာ၊ ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များအား အန္တရာယ်များ စီမံခန့်ခွဲရန် နှင့် လျှော့ချရန် အတွက် ရိုးရှင်းသည့် အစီအမံများ ချမှတ်စေရန် ခွင့်ပြုသင့်သည်။ ML/TF ရှိသည်ဟု သံသယရှိသည့် မည်သည့်အခါတွင်မဆို၊ရိုးရှင်းသည့် အစီအမံများကို ခွင့်မပြုသင့်ပါ။

## အကြံပြုချက် ၂ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု

2.1 နိုင်ငံများတွင် ဖော်ထုတ်တွေ့ရှိသည့်အန္တရာယ်များမှရရှိသည့်အသိဖြင့် အမျိုးသားအဆင့် AML/CFT မူဝါဒများ ချမှတ်ထားရှိသင့်ပြီး ပုံမှန် သုံးသပ်သင့်သည်။

2.2 နိုင်ငံများသည် အမျိုးသားအဆင့် AML/CFT မူဝါဒများကို တာဝန်ယူရမည့် လုပ်ပိုင်ခွင့် အာဏာတစ်ရပ် သို့မဟုတ် ညှိနှိုင်းရေး ယန္တရား သို့မဟုတ် အခြားယန္တရား ချမှတ်သင့်သည်။

2.3 မူဝါဒချမှတ်သူများ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)၊ဥပဒေစိုးမိုးရေးအဖွဲ့များ၊ ကြီးကြပ်သူများနှင့် အခြားသက်ဆိုင်သည့် ကြီးကြပ်ရေးအာဏာပိုင်များအကြား ပူးပေါင်း ဆောင်ရွက်ခြင်း၊ သင့်လျော်သည့်အခြေအနေတွင်မူဝါဒများနှင့်လုပ်ဆောင်ချက်များ ချမှတ်အကောင် အထည်ဖော်မှုနှင့် စပ်လျဉ်း၍ အချင်းချင်း ညှိနှိုင်းခြင်း၊ သတင်းအချက်အလက် ဖလှယ်ခြင်းတို့ကို ပြည်တွင်း၌ လုပ်ဆောင် နိုင်ရန်အတွက် ယန္တရားများ ချမှတ်ထားရှိသင့်သည်။ ယင်းသို့ ယန္တရားများကို မူဝါဒချမှတ်သည့်အဆင့်နှင့် လက်တွေ့ ဆောင်ရွက်သည့်အဆင့်နှစ်ခုလုံးတွင် ကျင့်သုံးသင့်သည်။

2.4 ကြီးကြပ်ရေးအာဏာပိုင်များလည်းဖျက်အားပြင်းလက်နက်ပြန့်ပွားမှုကိုငွေ ကြေးထောက်ပံ့မှု တိုက်ဖျက်ရန် အတွက် အလားတူ ပူးပေါင်းဆောင်ရွက်မှုနှင့်၊ သင့်လျော်ပါက ညှိနှိုင်းရေးယန္တရားများပါ ရှိသင့်သည်။

2.5 နိုင်ငံများတွင် AML/CFT လိုအပ်ချက်များသည် ဒေတာဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေးနှင့် ပုဂ္ဂလိက လွတ်လပ်ခွင့် စည်းမျဉ်းများနှင့် အခြားအလားတူ ပြဋ္ဌာန်းချက်များ (ဥပမာ -ဒေတာ လုံခြုံမှု /နိုင်ငံတွင်း၌ သိမ်းဆည်းထားရှိမှု) (data security/localisation).[9] နှင့် သဟဇာတဖြစ်မှု သေချာစေရန် သက်ဆိုင်ရာ အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းမှု ရှိသင့်သည်။

---

9 နည်းပညာဆိုင်ရာလိုက်နာဆောင်ရွက်မှုကို ဦးတည် အကဲဖြတ်ရာတွင်၊ သက်ဆိုင်ရာ အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုရှိမရှိနှင့်၊ ဆီလျော်သည့်အခြေအနေတွင်၊ တရားဝင်ဖြစ်စေ အလွတ်သဘောဖြင့်ဖြစ်စေ၊ညှိနှိုင်းမှု ဆောင်ရွက်မှုရှိမရှိကိုသာ အကဲဖြတ်သင့်သည်။

## အကြံပြုချက် ၃ ငွေကြေးခဝါချသည့် ပြစ်မှု

3.1 ဗီယင်နာ ကွန်ဗင်းရှင်းသဘောတူစာချုပ်နှင့် ပလာမို ကွန်ဗင်းရှင်း သဘောတူစာချုပ်အရ၊ ML ကို ပြစ်မှု အဖြစ် သတ်မှတ်သင့်သည်။ (အပိုဒ် 3(1)(b) နှင့်(c) ဗီယင်နာ သဘောတူစာချုပ်နှင့် အပိုဒ် 6(1) ပလာမို သဘောတူ စာချုပ်( Palermo Convention)[10] ကိုကြည့်ပါ)။

3.2 မူလပြစ်မှုများ တတ်နိုင်သမျှ ကျယ်ပြန့်စွာ အကျုံးဝင်ရေးကို ရှေးရှု၍၊ ML အတွက် မူလပြစ်မှုများ ;အောက်ရှိ ကြီးလေးသောပြစ်မှုအားလုံးအားအကျုံးဝင်စေသင့်သည်။ အနည်းဆုံး အားဖြင့်၊ သတ်မှတ် ပြစ်မှု အမျိုးအစား တိုင်းတွင် ပါရှိသောပြစ်မှု အသီးသီးကို မူလပြစ်မှုများ အတွင်း ထည့်သွင်းသင့်သည်။[11].

3.3 နိုင်ငံများသည် အများဆုံးပမာဏ သတ်မှတ်သည့်ချဉ်းကပ်မှု(threshold approach) ပါဝင်သည့် ပေါင်းစပ်ချဉ်းကပ်မှု (combined approach)ကို ကျင့်သုံးသည်ဆိုလျှင်၊ မူလပြစ်မှုများတွင် အနည်းဆုံးအားဖြင့် အောက်ပါ ပြစ်မှုများ ပါဝင်သင့်သည်။ [12]

(a) ၄င်းတို့၏ အမျိုးသားအဆင့် ဥပ ဒေအောက်ရှိ ကြီးလေးသော ပြစ်မှု အမျိုးအစားထဲ ပါဝင်သော ပြစ်မှုများ၊ သို့မဟုတ်

(b) ထောင်ဒဏ် ၁ နှစ်ထက်ပိုသော အမြင့်ဆုံးပြစ်ဒဏ်ချမှတ်နိုင်သောပြစ်မှုများ၊ သို့မဟုတ်

(c) အနည်းဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ် ၆ လနှင့် အထက် ချမှတ်နိုင်သည့် ပြစ်မှုများ( ပြစ်မှုများကို အနည်းဆုံး ထောင်ဒဏ်မည်မျှကျခံရမည်ဟု သတ်မှတ်သည့် ဥပ ဒေစနစ် ကျင့်သုံးသော နိုင်ငံများ အတွက်)။

3.4 ML ပြစ်မှု အဖြစ် ပြစ်မှုကျူးလွန်ရာမှ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ၊ ရရှိသောငွေကြေးနှင့် ပစ္စည်းများ သို့မဟုတ် ထိုငွေကြေးကို ကိုယ်စားပြုသည့် မည်သည့်ပစ္စည်းဖြစ်စေ၊ တန်ဖိုးမည်မျှဖြစ်စေ အထိ တိုးချဲ့ သတ်မှတ်သင့်သည်။

3.5 ထိုပစ္စည်းသည် ပြစ်မှုကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းဖြစ်ကြောင်း သက်သေပြရာတွင်၊ ၊ လူတစ်ဦးသည် မူလပြစ်မှုဖြင့် ပြစ်မှုထင်ရှားစီရင်မိန့်ချမှတ်ခံရသည့် သူဖြစ်ရန် မလိုသင့်ပေ။

3.6 ငွေခဝါချမှုအတွက် မူလပြစ်မှုများကို၊ အခြားနိုင်ငံတစ်ခုတွင် ကျူးလွန်ခဲ့ပြီး၊ ထိုနိုင်ငံ၌လည်း ပြစ်မှု မြောက်သည့်ပြစ်မှုဖြစ်ပါက၊ မိမိနိုင်ငံတွင်း၌ မူလပြစ်မှု ကျူးလွန်သကဲ့သို့ပင် တိုးချဲ့သတ်မှတ်သင့်သည်။

3.7 ပြည်တွင်းဥပ ဒေ၏ အခြေခံမူများနှင့် မဆန့်ကျင်ပါက၊ မူလပြစ်မှု ကျူးလွန်သူများအား ML ပြစ်မှု ကျူးလွန်သူ အဖြစ် အကျုံးဝင်စေသင့်သည်။

3.8 ရည်ရွယ်ချက်နှင့် အသိ ရှိသည်ဟု ဖြစ်ရပ်မှန်အခြေအနေများအရ ဓမ္မဓိဌာန်ကျကျ ကောက်ချက်ချနိုင်လျှင် ML ပြစ်မှုကျူးလွန်သည်ဟု သက်သေပြနိုင်သင့်သည်။

3.9 ML ပြစ်မှုဖြင့်ထောင်ဒဏ်ကျခံရသူ လူပုဂ္ဂိုလ်များကို အချိုးညီပြီး နောင်ကြဉ်မည့် ပြစ်ဒဏ်များ ချမှတ်သင့်သည်။

3.10 ဥပဒေဆိုင်ရာပုဂ္ဂိုလ်များအပေါ်လည်း ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ကျခံရန် တာဝန်ရှိမှု နှင့် အရေးယူမှုတို့ ကျင့်သုံးသင့်သည်။ အကယ်၍ (ပြည်တွင်းဥပဒေ၏ အခြေခံမူများအရ) ကျင့်သုံးရန် မဖြစ်နိုင်ပါက၊ တရားမကြောင်းအရ သို့မဟုတ် ဌာနဆိုင်ရာ ပြစ်ဒဏ်ကျခံရန်တာဝန်ရှိမှု နှင့် အရေးယူမှုများ ကျင့်သုံးသင့်သည်။ သို့သော် ထိုသို့ဆိုခြင်းကြောင့်၊ ကျခံရန်တာဝန် တစ်မျိုးမက ရှိသည့် နိုင်ငံများတွင်၊ ဥပဒေဆိုင်ရာ ပုဂ္ဂိုလ်များအပေါ်ပြစ်မှုကြောင်းအရ ရော၊တရားမကြောင်းအရ အပြင် ဌာနဆိုင်ရာ ကြားနာမှုများ ပြိုင်တူရင်ဆိုင် ခံရခြင်းကို အဟန့်အတားမဖြစ်စေသင့်ပါ။ ယင်းသို့အစီအမံများကြောင့် လူပုဂ္ဂိုလ်များအပေါ် ကျခံရသည့် ပြစ်ဒဏ်ကျခံရန်တာဝန်ကို ထိခိုက်ခြင်းမရှိပေ။. အရေးယူမှုအားလုံးသည် အချိုးညီ၍ နောင်ကြဉ်စေသင့်သည်။

3.11 ပြည်တွင်းဥပဒေ၏ အခြေခံမူများက မတားမြစ်သ၍၊ ML ပြစ်မှုများတွင် ကျူးလွန်မှုတွင် ပူးပေါင်းပါဝင်ခြင်း၊ ကျူးလွန်မှုနှင့် ဆက်စပ်ပတ်သက်ခြင်း သို့မဟုတ် ကျူးလွန်ရန် အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်း၊ ၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ ကျူးလွန်ရန် အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ လွယ်ကူစေခြင်း နှင့် အကြံဉာဏ်ပေးခြင်းများ အပါအဝင်၊ သင့်လျော်သည့် အထောက်အကူပြု ပြစ်မှုများရှိသင့်သည်။

---

10 ပြစ်မှု၏ ရုပ်ပိုင်းဆိုင်ရာ အစိတ်အပိုင်းများနှင့် စီးပွားရေးအတွက် အခရာ ကျသည့် အချက်များကို အထူးမှတ်သားရန်

11 အကြံပြုချက် (၃) အရ၊ နိုင်ငံများသည် "ရာဇဝတ်ဂိုဏ်းများတွင်ပါဝင်မှုနှင့် ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးမှု"ကို သီးခြားပြစ်မှုအဖြစ်သတ်မှတ်ရန်မလိုပေ။ "သီးခြားသတ်မှတ်သည့်ပြစ်မှု" အမျိုးအစားကို ခြိုလွှမ်းကာမိရန်အတွက်၊ နိုင်ငံတစ်ခုသည် ပါလာမိုကွန်ဗင်းရှင်းတွင်ချမှတ်ထားသည့် ရွေးချယ်မှုနှစ်ခုထဲမှ တစ်ခုကို ပြည့်မီလျှင်လုံလောက်သည်။ ဆိုလိုသည်မှာ- ခြားနားသောပြစ်မှု သို့မဟုတ် ပူးပေါင်းကြံစည်မှုကိုအခြေခံသည့်ပြစ်မှု။

12 ML ကျူးလွန်ရန် အခြေခံဖြစ်သော မူလပြစ်မှုများ သတ်မှတ်ရန်အတွက်၊ နိုင်ငံများသည် (က) ပြစ်မှုအားလုံး၊ သို့မဟုတ် (ခ) ကြီးလေးသောပြစ်မှုအမျိုးအစားတစ်ခုခုနှင့် အမြင့်ဆုံး သတ်မှတ်မှုအကြားဆက်စပ်မှု၊ သို့မဟုတ် မူလပြစ်မှု အပေါ်အကျုံးဝင်သည့် ထောင်ဒဏ် (အမြင့်ဆုံးသတ်မှတ်မှုအပေါ်အခြေခံသည့်ချဉ်းကပ်မှု)၊ သို့မဟုတ် (ဂ) မူလပြစ်မှုများစာရင်း၊သို့မဟုတ်ဤချဉ်းကပ်မှုများ ပေါင်းစပ်သတ်မှတ်မှုစသည်တို့ဖြင့်သတ်မှတ်သည်။

## အကြံပြုချက် ၄ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း နှင့် ကြားကာလ အစီအမံများ

4.1 နိုင်ငံများက ပြစ်မှုတရားခံများ သို့မဟုတ် တတိယ ပုဂ္ဂိုလ်များ၏ လက်ဝယ်ရှိ အောက်ပါပစ္စည်း တို့ကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ဥပ ဒေ အစီအမံများ အပါအဝင် အစီအမံများ ရှိ သင့်သည်။

(a) ခဝါချပြီးသည့် ငွေကြေး၊ ပစ္စည်းများ

(b) (ဝင်ငွေ သို့မဟုတ်ထိုတရားမဝင် ငွေများမှ ရရှိသော အကျိုးအမြတ်များ အပါအဝင်) တရားမဝင် ငွေများ၊ သို့မဟုတ် ML သို့မဟုတ် မူလပြစ်မှုများ ကျူးလွန်ရာတွင် သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် အသုံးပြုသည့် ငွေကြေး သို့မဟုတ် ပစ္စည်းများ။

(c) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု၊ အကြမ်းဖက်လုပ်ရပ်များ သို့မဟုတ် အကြမ်းဖက် အဖွဲ့ အစည်းများ အတွက်ဖြစ်သည့်၊ သို့မဟုတ် ယင်းတို့တွင် အသုံးပြုသည့်၊ သို့မဟုတ် အသုံးပြုရန် ရည်ရွယ်သည့်၊ သို့မဟုတ် အသုံးပြုရန် သတ်မှတ်ထားသည့် ဥစ္စာပစ္စည်း၊ သို့မဟုတ်

(d) တူညီသောတန်ဖိုးရှိသည့် ဥစ္စာပစ္စည်း၊

4.2 နိုင်ငံများသည် ၄င်းတို့၏ ကြီးကြပ်ရေးအာဏာပိုင်များ အောက်ပါတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေ အစီအမံများ အပါအဝင် အစီအမံများ ရှိသင့်သည်။

(a) သိမ်းဆည်းခံရမည့် ပိုင်ဆိုင်မှုများ မည်သည်တို့ဖြစ်သည်ကို ဖော်ထုတ်၊ခြေရာခံပြီး တန်ဖိုး ဖြတ်ရန်၊

(b) သိမ်းဆည်းခံရမည့် ပိုင်ဆိုင်မှုများကို ရောင်းဝယ်ခြင်း၊ လွှဲပြောင်းခြင်းသို့မဟုတ် ဖျောက်ဖျက်ခြင်းမှ တားဆီးရန်အတွက် ထိန်းချုပ်ရေး သို့မဟုတ် သိမ်းဆည်းရေး စသည့် ကြားကာလအစီအမံများ လုပ်ဆောင်ရန် [13]၊

(c) သိမ်းဆည်းခံရမည့် ပိုင်ဆိုင်မှုများကို နိုင်ငံက ထိန်းချုပ်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်း သို့မဟုတ် ပြန်လည်ရယူခြင်းတို့ကို အဟန့်အတားဖြစ်မည့် လုပ်ဆောင်မှုကို ကာကွယ် တားဆီးရန် သို့မဟုတ် ခြေဖျက်မည့်ခြေလှမ်း လှမ်းရန်နှင့်

(d) သင့်လျော်သည့် မည်သည့် စုံစမ်းစစ်ဆေးရေး အစီအမံများ မဆို ပြုလုပ်ရန်။

---

13 အစီအမံများတွင် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည့် ပိုင်ဆိုင်မှုကို တစ်ဖက်၏မျက်ကွယ်တွင်ဖြစ်စေ၊ ကြိုတင်အသိပေးခြင်းမရှိဘဲ ဖြစ်စေ၊ ရှေးဦးစွာ ထိန်းချုပ်ရန် သို့မဟုတ် သိမ်းဆည်းရန် ကျင့်သုံးခြင်းကို ပြည်တွင်းဥပဒေ၏ အခြေခံမူများနှင့် မဆန့်ကျင်သည်၊ ခွင့်ပြုသင့်သည်။

4.3 ဥပဒေများနှင့် အခြားအစီအမံများဖြင့် သဘောရိုး တတိယပုဂ္ဂိုလ်များ၏ အခွင့်အရေးကို ကာကွယ်သင့်သည်။

4.4 နိုင်ငံများတွင် ထိန်းချုပ်ထားသည့်၊ သိမ်းဆည်းသည့် သို့မဟုတ် နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲရန် နှင့် လိုအပ်သည့်အခါ ထုခွဲရောင်းချရန်အတွက် ယန္တရားများ ရှိသင့်သည်။

## အကြံပြုချက် ၅ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှု

5.1 နိုင်ငံများသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ကွန်ဗင်းရှင်းသဘောတူစာချုပ် အရ [14] TF ကို ပြစ်မှုအဖြစ် သတ်မှတ်သင့်သည်။

5.2 TF ပြစ်မှု ကျူးလွန်မှုကို ရန်ပုံငွေ သို့မဟုတ် အခြားပိုင်ဆိုင်မှု အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို မည်သည့် နည်းဖြင့်မဆို၊ ဥပဒေနှင့် မညီသော ရည်ရွယ်ချက်ဖြင့် အောက်ပါလုပ်ရပ်များတွင် အသုံးပြုရန် သော်လည်းကောင်း၊ အသုံးပြုမည်ကို သိလျက်နှင့် သော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ (က) အကြမ်းဖက်လုပ်ရပ်(များ)ကို လုပ်ဆောင်ရန်၊ သို့မဟုတ်(ခ) အကြမ်းဖက်အဖွဲ့တစ်ဖွဲ့မှ သို့မဟုတ် အကြမ်းဖက်သမားတစ်ဦးက လုပ်ဆောင်ရန် (အကြမ်းဖက်လုပ်ရပ်တစ်ခုခု သို့မဟုတ်အများနှင့် ဆက်စပ်မှု မရှိစေကာမူ) ထောက်ပံ့ခြင်း သို့မဟုတ် ကောက်ခံခြင်း တို့အထိ တိုးချဲ့ သတ်မှတ်သင့်သည် ။[15]

5.2 bis TF ပြစ်မှုဆိုရာတွင်၊ မိမိ နေထိုင်ရာ နိုင်ငံ သို့မဟုတ် ဇာတိနိုင်ငံ မဟုတ်သည့် နိုင်ငံများသို့ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ရန်၊ ।စီစဉ်ရန် သို့မဟုတ် ပြင်ဆင်ရန် သို့မဟုတ် ပါဝင်ရန်၊ သို့မဟုတ် အကြမ်းဖက်သင်တန်း ပို့ချရန် သို့မဟုတ် တက်ရောက်သင်ယူရန် ခရီးသွားသူများအား ငွေကြေးထောက်ပံ့ခြင်းကိုပါ ထည့်သွင်း သတ်မှတ်သင့်သည်။

5.3 TF ပြစ်မှုကျူးလွန်မှုကို တရားဝင်နည်းလမ်းမှ ဖြစ်စေ၊ တရားမဝင်နည်းလမ်းမှဖြစ်စေ ရရှိသည့် ရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်မှုများအထိ တိုးချဲ့သတ်မှတ်သင့်သည်။

5.4 TF ပြစ်မှုကျူးလွန်ခြင်းတွင် ရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်မှုများသည် (က) အကြမ်းဖက် လုပ်ရပ်(များ) ကျူးလွန်ရာတွင် အမှန်တကယ်အသုံးပြုခဲ့ခြင်း သို့မဟုတ် အသုံးပြုရန် အားထုတ်ခဲ့ခြင်း၊(ခ) အကြမ်းဖက်လုပ်ရပ်တစ်ခုခု သို့မဟုတ်အများနှင့် ဆက်နွယ်မှု ရှိရန် မလိုသင့်ပေ။

5.5 ကျူးလွန်ကြောင်း သက်သေပြရန် အဖြစ်မှန် အခြေအနေများမှ ဓမ္မမိဌာန်ကျကျ ကောက်ချက်ချ၍ ရည်ရွယ်ချက်နှင့် အသိ ရှိကြောင်းသာ ပြသရန်လိုသင့်သည်။

---

14 ပြစ်မှုအဖြစ်သတ်မှတ်ခြင်းသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တားဆီးနှိမ်နင်းသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၏ အပိုဒ် (၂)နှင့် အညီ ဖြစ်သင့်သည်။

15 TF ကို ပြစ်မှုအဖြစ်သတ်မှတ်ရာတွင်၊ အားပေးကူညီမှု၊ အားထုတ်မှု သို့မဟုတ် ပူးပေါင်းကြိုးပမ်းမှု တစ်ခုတည်းအပေါ် အခြေခံ၍ ပြစ်မှု သတ်မှတ်ကာမျှဖြင့် **အကြံပြုချက်**ကိုလိုက်နာဆောင်ရွက်ရန် လုံလောက်သည့် မဟုတ်ပါ။

5.6 TF ပြစ်ဒဏ်ကျခံရသူ လူပုဂ္ဂိုလ်များအပေါ် အချိုးညီ၍ နောင်ကြဉ်မည့် ပြစ်မှုဆိုင်ရာ အရေးယူမှုများ ကျင့်သုံးသင့်သည်။

5.7 ဥပဒေရေးရာပုဂ္ဂိုလ်များအပေါ် ပြစ်မှုကြောင်းအရ ပြစ်ဒဏ် ကျခံရန်တာဝန်နှင့် အရေးယူမှုများ ကျင့်သုံးသင့်ပြီး၊) ပြည်တွင်းဥပဒေ၏ အခြေခံမူများကြောင့် (ထိုသို့ ကျင့်သုံးရန် မဖြစ်နိုင်ပါက တရားမကြောင်းသို့မဟုတ် ဌာနဆိုင်ရာ ပြစ်ဒဏ်ကျခံရန် တာဝန်နှင့် အရေးယူမှုများ ကျင့်သုံးသင့်သည်။ သို့သော် ထိုသို့ဆိုခြင်းကြောင့်၊ ပြစ်ဒဏ်ကျခံရန်တာဝန်တစ်မျိုးမက ရှိသည့် နိုင်ငံများတွင်၊ ဥပဒေရေးရာ ပုဂ္ဂိုလ်များ အပေါ် ပြစ်မှုကြောင်းအရ ရော၊တရားမကြောင်းအရ အပြင် ဌာနဆိုင်ရာ ကြားနာမှုများ ပြုံ့ုတူ ရင်ဆိုင်ခံရခြင်းကို အဟန့်အတားမဖြစ်စေသင့်ပါ။ ယင်းသို့အစီအမံများကြောင့် လူပုဂ္ဂိုလ်များအပေါ် ကျခံရသည့် ပြစ်ဒဏ် ကျခံရန်တာဝန်ကို ထိခိုက်ခြင်းမရှိပေ။

5.8 အောက်ပါတို့လည်း ပြစ်မှုကျူးလွန်မှုဟု သတ်မှတ်သင့်သည်။

(a) TF ပြစ်မှုကျူးလွန်ရန် အားထုတ်မှု

(b) TF ကျူးလွန်မှု သို့မဟုတ် ကျူးလွန်ရန်အားထုတ်မှုတွင် အပေါင်းပါ အဖြစ် ပါဝင်မှု

(c) TF ပြစ်မှု ကျူးလွန်ရန် စီစဉ်ဆောင်ရွက်မှု သို့မဟုတ် အခြားသူများအား ညွှန်ကြားမှု ပြုလုပ်ပြီး၊

(d) ရည်ရွယ်ချက်တူ လူတစ်စု မှ ကျူးလွန်သည့် သို့မဟုတ် ကျူးလွန်ရန် အားထုတ်သည့် TF ပြစ်မှု တစ်ခု သို့မဟုတ်အများ ကျူးလွန်စေရန် ပံ့ပိုးမှု ပြုခြင်း၊ [16].

5.9 TF ပြစ်မှုများကို ML မူလပြစ်မှုများအဖြစ် သတ်မှတ်သင့်သည်။

5.10 TF ကျူးလွန်သည်ဟု စွပ်စွဲခံရသည့်လူသည်အကြမ်းဖက်သမား(များ)/ အကြမ်းဖက် အဖွဲ့အစည်း (များ) တည်ရှိ သည့် သို့မဟုတ် အကြမ်းဖက်လုပ်ရပ်(များ) ဖြစ်ပွားသည့်/မည့် နိုင်ငံ သို့မဟုတ် အခြားနိုင်ငံတွင် ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ထိုသူအပေါ် TF ပြစ်မှုများ အကျုံးဝင်စေသင့်သည်။

16 ထိုသို့ပံ့ပိုးမှုသည် ရည်ရွယ်ချက်ဖြင့် ပံ့ပိုးမှုဖြစ်ပြီး (၁) ထိုအဖွဲ့၏ ဒုစရိုက်လုပ်ငန်း သို့မဟုတ် ဒုစရိုက်ရည်ရွယ်ချက် ကို ဆက်လက်လုပ်ဆောင်နိုင်ရန် ဖြစ်ပြီး၊ ထိုလှုပ်ရှားမှု သို့မဟုတ် ရည်ရွယ်ချက်တွင် TF ပြစ်မှုကျူးလွန်ရန်လည်းပါဝင်ခြင်း၊ သို့မဟုတ် (၂) ယင်းအဖွဲ့၏ TF ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ကို သိလျက်နှင့်ပံ့ပိုးခြင်း ဖြစ်သည်။

| | |
|---|---|
| **အကြီးပြုချက် ၆** | **အကြမ်းဖက်မှု၊ အကြမ်းဖက်မှုအား ငွေကြေးထောက်ပံ့မှုတို့နှင့် ဆက်စပ်သည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှု** |

*ဖော်ထုတ်ခြင်းနှင့်. စာရင်းသွင်းသတ်မှတ်ခြင်း*

6.1 ကုလသမဂ္ဂလုံခြုံရေးကောင်စီ ၁၂၆၇/၁၉၈၉ (အယ်လ် ကိုင်းဒါး)၊ ၁၉၈၈ အရေးယူ ဒဏ်ခတ်သည့် နည်းလမ်းများ (အောက်တွင်ကုလသမဂ္ဂ အရေးယူ ဒဏ်ခတ်ရန် နည်းလမ်းများ (“UN Sanctions Regimes) ” နှင့်အညီ သတ်မှတ်မှုများနှင့် စပ်လျဉ်း၍၊ နိုင်ငံများသည်-

a) လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို) စာရင်းသွင်း (သတ်မှတ်ရေးအတွက် ၁၂၆၇/၁၉၈၉ ကော်မတီအား အဆိုပြုရန်နှင့်၊ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို စာရင်းသွင်း သတ်မှတ်ရန် အတွက်လည်းကောင်း၊ ၁၉၈၈ ကော်မတီအား အဆိုပြုရန် အတွက်လည်းကောင်း၊ ကြီးကြပ်ရေး အာဏာပိုင် သို့မဟုတ် တရားရုံးတစ်ရပ်ရပ်အား သတ်မှတ်ဖော်ထုတ် သင့်သည်၊

b) ထိုသို့ ပစ်မှတ်ထား သတ်မှတ်ရန်အတွက် သက်ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ (UNSCRs) တွင် ချမှတ်ထားသည့် သတ်မှတ်စံများအရ၊ ဖော်ထုတ်သည့် ယန္တရား(များ) ရှိသင့်သည်။

c) သတ်မှတ်ရန်အဆိုပြုမည် မပြုမည်ကို ဆုံးဖြတ်ရာတွင် “ကျိုးကြောင်းသင့်တင့်သည့် အကြောင်းပြ ချက် (reasonable grounds)” သို့မဟုတ် “ကျိုးကြောင်းသင့်တင့်သည့်အခြေခံ (reasonable basis)” များကို အထောက်အထားများဆိုင်ရာ စံနှုန်းများဖြင့် သက်သေပြသင့်သည်။ ယင်းသို့ သတ်မှတ်ရန် အဆိုပြုချက်များသည် ပြစ်မှုကြောင်းအရ ကြားနာမှု ဖြစ်ပေါ်ခြင်း မဖြစ်ပေါ်ခြင်း အပေါ် မူမတည် သင့်ပေ။

d) ကုလသမဂ္ဂဆိုင်ရာ အရေးယူ ဒဏ်ခတ်နည်းများ အသုံးပြုသည့်အခါ၊ သတ်မှတ်ရန် ကိစ္စအတွက် သက်ဆိုင်ရာ ကော်မတီ (၁၂۷ဂ/၁၉၈۹ ကော်မတီ သို့မဟုတ် ၁۹၈၈ ကော်မတီ)မှ အတည်ပြုထားသည့် လုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်ထားသော ပုံစံများအတိုင်း လိုက်နာသင့်သည်။ ပြီးလျှင်

e) အဆိုပြုသည့် အမည်နှင့် သက်ဆိုင် သည့် အချက်အလက်များ [17]၊ မည်သည့်အတွက် စာရင်းသွင်း သတ်မှတ်သင့်သည်ကို အသေးစိတ်ပါနိုင်သမျှပါသည့် အမှု တည်ဆောက် ထားသည့် ရေးသားချက် [18] တို့ကို တတ်နိုင်သမျှ ပေးသင့်သည်၊ [19]။ ပြီးနောက် (၁၂۷ဂ/၁၉၈۹ ကော်မတီသို့ အမည်စာရင်း အဆိုပြုလျှင်) ၄င်းတို့ကို သတ်မှတ်သည့်နိုင်ငံ အဖြစ် လူသိရှင်ကြား ဖော်ပြရန် ရှိမရှိကို အတိအကျ တင်ပြသင့်သည်။

---

17 အထူးသဖြင့်၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့များ၊လုပ်ဆောင်မှုများနှင့်အဖွဲ့အစည်းများအား မည်သူမည်ဝါဖြစ်ကြောင်း တိကျမှန်ကန်စွာ သိရှိနိုင်ရန်အတွက် ထိုသို့အချက်အလက်များကို လုံလောက်စွာ ပေးသင့်သည်။ အထူးသဖြင့် တတ်နိုင်သ၍ အင်တာပိုမှ အထူး နှိုတစ်စာ ထုတ်ပြန်ရန် လိုအပ်သည့်သတင်းအချက်အလက်များ။

18 ဤအမှုရေးသားချက်ကိုထုတ်ပေးရန် မေတ္တာရပ်ခံခြင်းခံရပါက၊ အဖွဲ့ဝင်နိုင်ငံတစ်ခုခုက လျှို့ဝှက်လုံခြုံထားရမည့်အပိုင်းများမှလွဲ၍ သက်ဆိုင်ရာကော်မတီ (၁၂۷ဂ/၁၉၈۹ ကော်မတီ သို့မဟုတ် ၁۹၈၈ ကော်မတီ) အား ထုတ်ပေးနိုင်သင့်သည်။

19 ထိုလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် စာရင်းသွင်းရန် သတ်မှတ်ချက်နှင့် ကိုက်ညီကြောင်း ပံ့ပိုးမည့် အချက်အလက်အတိအကျ၊ ထိုသတင်းအချက်အလက်၏ သဘောသဘာဝ၊ ပေးပို့နိုင်သည့် ပံ့ပိုးသတင်းအချက်အလက် သို့မဟုတ် စာရွက်စာတမ်းများ၊ နှင့် အဆိုပြုခံရသူနှင့် လက်ရှိ သတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်းနှင့် ဆက်စပ်မှုရှိလျှင် အသေးစိတ်ဖော်ပြချက်များ အပါအဝင်။

6.2 UNSCR ၁၃၇၃ နှင့်အညီ စာရင်းသွင်းသတ်မှတ်မှုများနှင့် စပ်လျဉ်း၍၊ နိုင်ငံများသည်-

(a) စာရင်းသွင်းသတ်မှတ်ရန် စံများနှင့် ကိုက်ညီသည့် လူပုဂ္ဂိုလ်သို့မဟုတ်အဖွဲ့အစည်းအား အဆိုပြုရန် တာဝန်ကို ၊မိမိနိုင်ငံ၏ ဆုံးဖြတ်ချက်အရ တင်ပြသည့်အခါဖြစ်စေ၊အခြားနိုင်ငံတစ်ခုက တောင်းခံသဖြင့်၊ စစ်ဆေးပြီးသင့်လျော်ပါက ဆောင်ရွက်သည့်အခါ ဖြစ်စေ၊ ကြီးကြပ်ရေး အာဏာပိုင် သို့မဟုတ် တရားရုံးတစ်ရပ်ရပ်အား ဖော်ထုတ် ခန့်အပ်ရန် ချမှတ်သင့်သည်။

(b) UNSCR ၁၃၇၃ တွင်[20] ချမှတ်ထားသည့် သတ်မှတ်ရေးစံများအရ၊ စာရင်းသွင်း သတ်မှတ်ရန် အတွက် ပစ်မှတ်များကို ဖော်ထုတ်ရန် ယန္တရား(များ)ရှိသင့်သည်။

(c) တောင်းခံချက်တစ်ရပ်ရပ်ရရှိသည့်အခါ၊ အဆိုပြုခံရသူအပေါ် သံသယဖြစ်ခြင်း သို့မဟုတ် ယုံကြည်ရခြင်းမှာ သတ်မှတ်စံများနှင့် ပြည့်မီကြောင်းကို နိုင်ငံ(အများ) ပေါ် လွှမ်းမိုးသည့် အခြေခံ မူများနှင့် အညီ၊ ကျိုးကြောင်းသင့်တင့်သည့် အကြောင်းပြချက်များဖြင့်ဖြစ်စေ၊ ကျိုးကြောင်း သင့်တင့်သည့် အခြေခံဖြင့်ဖြစ်စေ၊ ထိုတောင်းခံချက်ကိုပံ့ပိုးထားခြင်း ရှိမရှိ ချက်ချင်း ဆုံးဖြတ် သင့်သည်။

(d) စာရင်းသွင်းသတ်မှတ်ရန် ဆုံးဖြတ်ချက် ချမချကို ဆုံးဖြတ်ရာတွင် "ကျိုးကြောင်း သင့်တင့်သည့် အကြောင်းပြချက်" သို့မဟုတ် ကျိုးကြောင်းသင့်တင့်သည့် အခြေခံ" များကို အထောက်အထားများ ဆိုင်ရာစံများဖြင့် ကျင့်သုံးကာ ဆုံးဖြတ်သင့်သည်။[21] ယင်းသို့ သတ်မှတ်ရန် (အဆိုပြုချက်) များသည် ပြစ်မှုကြောင်းအရ ကြားနာမှု ရှိခြင်းမရှိခြင်းအပေါ် မူမတည်သင့်ပေ။

(e) နိုင်ငံတစ်ခုထံ ပစ္စည်းထိန်းချုပ်သည့်ယန္တရားများအရ အ ရေးယူဆောင်ရွက် မှုစတင်ရန် တောင်းခံသည့်အခါ၊ မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြသည့် အချက်အလက်များ တတ်နိုင်သမျှ ပြည့်စုံစွာ ပေးပို့ပြီး၊ စာရင်းသွင်းသတ်မှတ်ရန်အတွက် ပံ့ပိုးသည့် အချက်အလက် တတ်နိုင်သမျှ တိကျစွာဖော်ပြ၍ ပေးပို့သင့်သည်။

6.3 ကြီးကြပ်ရေးအာဏာပိုင်(များ)တွင် အောက်ပါတို့ဆောင်ရွက်နိုင်ရန် ဥပဒေအရ လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် ယန္တရားများ ရှိသင့်သည်။

(a) လူပုဂ္ဂိုလ်များ နှင့် အဖွဲ့အစည်းများကို စာရင်းသွင်းရန်အတွက် စံများဖြင့် ပြည့်မီသည်ဟု ယူဆ ရသော သို့မဟုတ် ယုံကြည်ရသော ကျိုးကြောင်းသင့်တင့်သောအကြောင်းပြချက်များ၊ သို့မဟုတ် ကျိုးကြောင်း သင့်တင့်သော အ ခြေခံများ ဖြင့် ဖော်ထုတ်သတ်မှတ်ရန် ထိုသို့ သတင်း အချက်အလက်များ တောင်းခံခြင်း သို့မဟုတ် ကောက်ခံခြင်း။

(b) ဖော်ထုတ်သိရှိပြီးလျှင် စာရင်းသွင်းသတ်မှတ်ရေး (အဆိုပြုရန်)စ ဉ်းစား သုံးသပ်သည့် လူပုဂ္ဂိုလ် နှင့် အဖွဲ့အစည်းအပေါ် တစ်ဖက်မျက်ကွယ် လုပ်ဆောင်ခြင်း၊

*ထိန်းချုပ်ခြင်း*

6.4 နိုင်ငံများသည် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှုများကို မဆိုင်းမတွ အကောင်အထည် ဖော်သင့်သည်။ [22].

6.5 နိုင်ငံများတွင် ဥပဒေဆိုင်ရာလုပ်ပိုင်ခွင့်အာဏာရှိသင့်ပြီး ၊ အောက်ပါ စံနှုန်းများနှင့် လုပ်ထုံး လုပ်နည်းများ နှင့် အညီ၊ ပြည်တွင်း၌ ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူ ဒဏ်ခတ်မှုများ အကောင်အထည်ဖော်ခြင်း နှင့် အာဏာသက်ရောက်စေခြင်းတို့ လုပ်ဆောင်ရန် တာဝန် လွှဲအပ်ရေးအတွက်ကြီးကြပ်ရေးအာဏာပိုင်များ ဖော်ထုတ် သင့်သည်။

a) နိုင်ငံများသည် ပြည်တွင်းရှိ လူပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာပုဂ္ဂိုလ်များအား စာရင်းသွင်း သတ်မှတ် ခံရသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ငွေကြေး သို့မဟုတ် အခြားပိုင်ဆိုင်မှု များကို မနှောင့်နှေးစေဘဲ ကြိုတင်အသိပေးခြင်းမပြုဘဲ၊ ထိန်းချုပ်ရန် တာဝန်သတ်မှတ်သင့်သည်။

b) ထိန်းချုပ်ရန်တာဝန်ကို အောက်ပါအထိတိုးချဲ့ဆောင်ရွက်သင့်သည်။ (၁) အကြမ်းဖက် လုပ်ရပ် တစ်ခုခု၊ အကြမ်းဖက်ရန်ကြံစည်မှု သို့မဟုတ် ခြိမ်းခြောက်မှုနှင့် ညီစွန်းမှ မဟုတ်ဘဲ သတ်မှတ် ခံရသူ သို့မဟုတ် အဖွဲ့အစည်း ပိုင်ဆိုင်သည့် သို့မဟုတ်ထိန်းချုပ်သည့် ငွေကြေး သို့မဟုတ် အခြား ပိုင်ဆိုင်မှုများ အားလုံး၊ (၂) သတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်းမှ တိုက်ရိုက်ဖြစ်စေ သို့မဟုတ် သွယ်ဝိုက်၍ဖြစ်စေ၊ အလုံးစုံပိုင်ဆိုင်သော သို့မဟုတ် ပူးတွဲပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ် သော ထိုငွေကြေး သို့မဟုတ် အခြားပိုင်ဆိုင်မှုများ၊ နှင့် (၃) စာရင်းသွင်းသတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်သော ငွေကြေးနှင့် ပိုင်ဆိုင်မှုများမှ ဆင့်ပွားရရှိသော ငွေကြေးနှင့် ပိုင်ဆိုင်မှုများ အပြင် (၄) စာရင်း သွင်းသတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်းများ၏ ကိုယ်စား သို့မဟုတ် ညွှန်ကြားမှုဖြင့် ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ငွေကြေးနှင့် ပိုင်ဆိုင်မှုများ။

---

20 ထိုအထဲတွင် စစ်ဆေးရန်လုပ်ပိုင်ခွင့်အာဏာနှင့် ထိရောက်သောလုပ်ထုံးလုပ်နည်းများ သို့မဟုတ် ယန္တရားများရှိခြင်း၊ သင့်လျော်သည့်အခြေအနေတွင် UNSCR ၁၃၇၃ (၂၀၀၁) ပါ အခြားနိုင်ငံများ၏ ထိန်းချုပ်ယန္တရားများအရ လုပ်ဆောင်ရန်များကို အကောင်အထည်ဖော်ခြင်း၊

21 နိုင်ငံတစ်ခုသည် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား စာရင်းသွင်းသတ်မှတ်ရေး အတွက် "ကျိုးကြောင်းသင့်တင့်သည့်အကြောင်းပြချက်များ" သို့မဟုတ် "ကျိုးကြောင်း သင့်တင့်သည့်အခြေခံ" တို့ရှိကြောင်း ဆုံးဖြတ်ပြီး၊ ပစ္စည်းထိန်းချုပ်ရေး ယန္တရားအောက်ရှိ ဆောင်ရွက်ချက်စတင်ရန် သက်သေအထောက်အထား အမျိုးအစားနှင့် ပမာဏနှင့် စပ်လျဉ်း၍ မိမိ၏ကိုယ်ပိုင် ဥပဒေစနစ်၏ ဥပဒေစံနှုန်းများအရ ကျင့်သုံးသင့်သည်။ ဤအချက်သည် မိမိက သတ်မှတ်ရေးအဆိုပြုချက်ကို မိမိနိုင်ငံကိုယ်တိုင်က တင်သွင်းသည့်အခါဖြစ်စေ၊ အခြားနိုင်ငံတစ်ခုက တောင်းခံသည့်အခါဖြစ်စေ အကျုံးဝင်သည်။

22 UNSCR ၁၃၇၃ အတွက်၊ မဆိုင်းမတွ အရေးယူ ဒဏ်ခတ်ရန်တာဝန်သည် နိုင်ငံ၏ကိုယ်ပိုင်အဆိုပြုချက်ဖြင့်တင်သွင်းမှုအရဖြစ်စေ၊ အခြားနိုင်ငံက တောင်းခံ၍ဖြစ်စေ၊ နိုင်ငံ(အများ)အဆင့်မှ စာရင်းသွင်းသတ်မှတ်ချက်ကြောင့်ဖြစ်သည်။ တောင်းခံချက်လက်ခံရရှိသည့်နိုင်ငံသည် အကျုံးဝင်သည့် ဥပဒေအခြေခံမူများနှင့်အညီ ကျေနပ်မှုလည်းရှိ၊ သတ်မှတ်ရန်အဆိုပြုခံရသူသည် UNSCR ၁၃၇၃ အောက်ရှိစံနှုန်းများနှင့် ကိုက်ညီသည်ဟု ယူဆရကြောင်း သို့မဟုတ် ယုံကြည်ရကြောင်း သတ်မှတ်ရန် တောင်းခံချက်သည်လည်း ကျိုးကြောင်းသင့်တင့်သည့်အကြောင်းပြချက်များ၊ သို့မဟုတ် ကျိုးကြောင်းသင့်တင့်သည့်အခြေခံများဖြင့် ပံ့ပိုးခြင်းလည်းရှိရမည်။

c) နိုင်ငံများသည် မိမိတို့၏နိုင်ငံသားများ သို့မဟုတ် မိမိတို့၏ စီရင်ပိုင်ခွင့်အတွင်းရှိ လူပုဂ္ဂိုလ် များနှင့် အဖွဲ့အစည်းများက[23] သတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်းများ၏ အကျိုးအတွက် ငွေကြေး သို့မဟုတ် အခြားပိုင်ဆိုင်မှုများ၊ စီးပွားရေးရင်းမြစ်များ၊ သို့မဟုတ် (ငွေကြေးဆိုင်ရာ သို့မဟုတ် အခြားသက်ဆိုင်ရာ ဝန်ဆောင်မှုများကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ၊ အလုံးစုံ သို့မဟုတ် ပူးတွဲ၍ဖြစ်စေ၊ အလှမ်းမီစေရန် ဆောင်ရွက်ပေးခြင်း၊ သတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်းများ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ၊ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့် ကုမ္ပဏီ အဖွဲ့အစည်း များ၊ သတ်မှတ်ခံရသူ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများအတွက်၊ ထိုသူတို့၏ကိုယ်စားဖြစ်စေ ညွှန်ကြားချက်ဖြင့် ဖြစ်စေ၊ ဆောင်ရွက်ခြင်းသည် လိုင်စင်ဖြင့် သော်လည်းကောင်း၊ လုပ်ပိုင်ခွင့် လွှဲအပ် ထားသဖြင့်သော်လည်းကောင်း၊ သို့မဟုတ် သက်ဆိုင်ရာ UNSCR များနှင့်အညီ ဆောင်ရွက်ခြင်း မဟုတ်လျှင် တားမြစ်သင့်သည်။

d) နိုင်ငံများသည် စာရင်းသွင်းသတ်မှတ်ပြီးလျှင် ပြီးခြင်း ထိုသို့ သတ်မှတ် ကြောင်းကို ငွေရေးကြေးရေး ကဏ္ဍနှင့် DNFBP များအား ဆက်သွယ်အကြောင်းကြားပြီး၊ ပစ်မှတ်ထားသည့် ငွေကြေး သို့မဟုတ် ပိုင်ဆိုင်မှုများ ထိန်းသိမ်းထားနိုင်သည့် DNFBP များအပါအဝင်၊ ငွေရေးကြေးရေး အဖွဲ့အစည်း များနှင့် အခြား လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများအား ထိန်းချုပ်ရေး ယန္တရားများအောက်ရှိ အရေးယူ ဒဏ်ခတ်ရန် တာဝန်များအပေါ် ရှင်းလင်းသည့်လမ်းညွှန်များချမှတ်သည့်ယန္တရားများ ရှိသင့်သည်။

e) နိုင်ငံများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက သက်ဆိုင်ရာ UNSCR များ၏ တားမြစ်မှုဆိုင်ရာ စည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်သည့် ထိန်းချုပ်ထားသည့် (သို့) အရေးယူ ဒဏ်ခတ်ထားသည့်၊ မည်သည့် ပိုင်ဆိုင်မှုကိုမဆို ကြီးကြပ်ရေး အာဏာပိုင်များထံ အစီရင် ခံရန်တာဝန်ရှိစေသင့်သည်။ (စီးပွားဆက်ဆံ ဆောင်ရွက်ရန် အားထုတ်မှုများကိုပါ အစီရင် ခံရန်)

f) နိုင်ငံများသည် အကြံပြုချက် ၆ ရှိ တာဝန်များကို အကောင်အထည်ဖော်သည့်အခါ၊ သဘောရိုးဖြင့် ဆောင်ရွက်သော တတိယ ပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အကာအကွယ် ပေးသည့် အစီအမံများ ချမှတ်သင့်သည်။

*စာရင်းမှပယ်ဖျက်ခြင်း၊ ထိန်းချုပ်မှုမှ ဖြေလျှော့၍ ထိန်းချုပ်ထားသည့်ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများကို အလှမ်းမီစေခြင်း*

6.6. နိုင်ငံများသည် စာရင်းသတ်မှတ်ရန် စံများနှင့် မကိုက်ညီသော သို့မဟုတ် မကိုက်ညီတော့သော လူပုဂ္ဂိုလ် များနှင့် အဖွဲ့အစည်းများကို စာရင်းမှပယ်ဖျက်ရန်နှင့် ၄င်းတို့၏ထိန်းချုပ်ခံ ရန်ပုံငွေနှင့် ပိုင်ဆိုင်မှုများကို ပြန်လည် ဖြေလျှော့ပေးရန်အတွက် အများသိလုပ်ထုံးလုပ်နည်းများထားရှိသင့်သည်။ ထိုအထဲတွင် အောက်ပါ တို့ ပါဝင်သင့်သည်

a. ကုလသမဂ္ဂဆိုင်ရာအရေးယူ ဒဏ်ခတ်မှုစနစ်များအရ စာရင်းသတ်မှတ်ထားသည့် လူပုဂ္ဂိုလ်များနှင့်

အဖွဲ့အစည်းများသည် နိုင်ငံ၏ အမြင်အရ၊ သတ်မှတ်စံများနှင့် မကိုက်ညီသဖြင့် ဖြစ်စေ၊ မကိုက်ညီတော့သဖြင့်ဖြစ်စေ စာရင်းမှပယ်ဖျက်ပေးရန် သက်ဆိုင်ရာ ကုလသမဂ္ဂဆိုင်ရာ အရေးယူ ဒဏ်ခတ်မှု ကော်မတီထံ တင်သွင်းသည့်လုပ်ထုံးလုပ်နည်းများ။ ယင်းလုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်စံများသည် ၁၂၆၇/၁၉၈၉ ကော်မတီ သို့မဟုတ် ၁၉၈၈ ကော်မတီတို့မှ လိုအပ်သလို ချမှတ်အတည်ပြုထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်သင့်သည် [24]။

b. UNSCR ၁၃၇၃ အရ စာရင်းသွင်းခြင်းခံရပြီး သတ်မှတ်စံများနှင့် မကိုက်ညီတော့သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများကို စာရင်းမှ ပယ်ဖျက်ပေးရန်နှင့် ရန်ပုံငွေ သို့မဟုတ် အခြားပိုင်ဆိုင်မှုများကို ထိန်းချုပ်မှုမှ လွတ်ကင်းစေရန်တို့ကို တာဝန်ယူဆောင်ရွက်သည့် ဥပဒေဆိုင်ရာ အာဏာပိုင်များနှင့် လုပ်ထုံး လုပ်နည်းများ သို့မဟုတ် ယန္တရားများ၊

c. UNSCR ၁၃၇၃ အရ စာရင်းသွင်းသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍၊ တောင်းခံချက်ရရှိသည့်အခါ စာရင်းသွင်းသည့်ဆုံးဖြတ်ချက်ကို တရားရုံးရှေ့မှောက်ဖြစ်စေ အခြားလွတ်လပ်သည့် ကြီးကြပ်ရေး အာဏာပိုင်မှ ဖြစ်စေ ပြန်လှန်သုံးသပ်ရန်နှင့် ခွင့်ပြုရန် လုပ်ထုံးလုပ်နည်းများ၊

d. UNSCR ၁၉၈၈ အရ စာရင်းသွင်းသတ်မှတ်မှုများနှင့်စပ်လျဉ်း၍၊ ၁၉၈၈ ကော်မတီမှ ပြန်လှန်သုံးသပ်မှုကို ၁၉၈၈ ကော်မတီမှ အတည်ပြုထားသည့် မည်သည့် သက်ဆိုင်ရာ လမ်းညွှန်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ( (UNSCR ၁၇၃၀ အောက်ရှိ Focal Point ယန္တရားအပါအဝင်) နှင့်အညီ ပြုလုပ်ရာတွင် လွယ်ကူစေမည့် လုပ်ထုံးလုပ်နည်းများ၊

e. အယ်လ်ကိုင်းဒါး အရေးယူ ဒဏ်ခတ်မှုစာရင်းရှိ စာရင်းသွင်းသတ်မှတ်မှုများနှင့် စပ်လျဉ်း၍၊ စာရင်းသွင်းသတ်မှတ်ခံရသူလူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား UNSCR ၁၉၀၄၊ ၁၉၈၉ နှင့် ၂၀၈၃ တို့အရ ကုလသမဂ္ဂ ပဋ္ဌိပက္ခ ဖြေရှင်းရေးရုံး (United Nations Office of the Ombudsperson) မှ စာရင်းပယ်ဖျက်ရန် လျှောက်ထားမှုကိုလက်ခံ ကြားနာနိုင်မှုကို အကြောင်းကြားသည့် လုပ်ထုံးလုပ်နည်းများ၊

23 ဤနေရာ၌ "သို့မဟုတ်" ဆိုသည်မှာ နိုင်ငံများသည် မိမိတို့၏ နိုင်ငံသားများရော မိမိ စီရင်ပိုင်နက်အတွင်းရှိ မည်သူ/မည်သည့်အဖွဲ့အစည်းမဆိုအား တားမြစ်ရမည်။

f. ထိန်းချုပ်ရေးယန္တရားတစ်ခုခု၏ မှားယွင်းမှုကြောင့်(false positive) အမှတ်မထင် ထိန်းချုပ်ခံရသည့် စာရင်းသွင်းသတ်မှတ်ခံသူလူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများနှင့် အမည်ထပ်တူသူ သို့မဟုတ် အလားတူ အမည်ရှိသူ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများသည် စာရင်းသွင်းသတ်မှတ်ခံသူ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ မဟုတ်ကြောင်း စစ်ဆေးအပြီးတွင်၊ ၄င်း၏ ရန်ပုံငွေများ သို့မဟုတ် အခြား ပိုင်ဆိုင်မှုများကို ထိန်းချုပ်ထားခြင်းမှ လွတ်ကင်းစေရန်အတွက် အများသိလုပ်ထုံးလုပ်နည်းများ၊

g. စာရင်းမှပယ်ဖျက်ခြင်းနှင့် ထိန်းချုပ်မှုများကို ပြန်လည်လွတ်ကင်းစေခြင်းတို့ကို ထိုသို့ ဆောင်ရွက်ပြီးလျှင် ပြီးခြင်း ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များအား ချက်ချင်းအကြောင်းကြားရန်၊နှင့် ပစ်မှတ်ထားရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများ ထိန်းသိမ်းထားကောင်းထားနိုင်သည့် DNFBP များအပါအဝင် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အခြားလူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများအား စာရင်းမှ ပယ်ဖျက်ခြင်း သို့မဟုတ် ထိန်းချုပ်မှလွတ်ပေးခြင်း လုပ်ဆောင်ချက်များကို လေးစားလိုက်နာရန် တာဝန်များနှင့် စပ်လျဉ်း၍ လမ်းညွှန် မှ ပေးရန် ယန္တရားများ။

6.7. နိုင်ငံများသည် အချို့ အခကြေးငွေများ၊စရိတ်များနှင့် ဝန်ဆောင်မှုအတွက် တောင်းခံငွေများ ပေးချေရန် လိုအပ်သည့် အခြေခံ အသုံးစရိတ်များအတွက်ဖြစ်စေ၊ အထူးအသုံးစရိတ်များအတွက် ဖြစ်စေ၊ ထိန်းချုပ်ထားသော ရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်မှုများကို UNSCR ၁၄၅၂ အရ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် အညီလည်းကောင်း၊ အခြား သက်ဆိုင်ရာ နောက်တိုး ဆုံးဖြတ်ချက်များနှင့် အညီလည်းကောင်း၊ အလှမ်းမီ ရယူနိုင်ခွင့် ပြုသင့်သည်။ UNSCR ၁၃၇၃ အရ၊ နိုင်ငံ(အများ)မှ စာရင်းသွင်းသတ်မှတ်ခံရသူ လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများအပေါ် ထိန်းချုပ်အစီအမံများ လုပ်ဆောင်ပါကလည်း အထက်ပါ အလားတူ အကြောင်းပြချက်များအတွက် နိုင်ငံများသည် ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများကို အလှမ်းမီ ရယူပိုင်ခွင့် ပြုသင့်သည်။

---

24 ၁၂၆၇/၁၉၈၉ ကော်မတီ၏ လုပ်ထုံးလုပ်နည်းများကို UNSCR ၁၇၃၀၊ ၁၇၃၅၊ ၁၈၂၂၊ ၁၉၀၄၊ ၁၉၈၉၊ ၂၀၈၃ နှင့် အခြားမည်သည့် နောက်တိုး ဆုံးဖြတ်ချက်များတွင် ချမှတ်ထားပြီး၊ ၁၉၈၈ ကော်မတီ၏ လုပ်ထုံးလုပ်နည်းများကို UNSCR ၁၇၃၀၊ ၁၇၃၅၊ ၁၈၂၂၊ ၁၉၀၄၊ ၁၉၈၈၊ ၂၀၈၂ နှင့် အခြားနောက်တိုး ဆုံးဖြတ်ချက်များတွင် ချမှတ်ထားသည်။

## အကြံပြုချက် ၇ — ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှုများ

7.1 နိုင်ငံများသည် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုနှင့် ၄င်းအား ငွေကြေးထောက်ပံ့မှုတို့ကို တားဆီးနှိမ်နှင်းရေး၊ ဖျက်ဆီးရေးနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ ကြေညာချက် အခန်း ၇ အောက် အတည်ပြုထားသည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို လိုက်နာရန် ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူ ဒဏ်ခတ်မှုများကို မဆိုင်းမတွ အကောင်အထည်ဖော်သင့်သည်.[25]

7.2 နိုင်ငံများသည် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများကို အကောင်အထည်ဖော်ရန်နှင့် အာဏာသက်ရောက်စေရန်အတွက် လိုအပ်သည့် ဥပဒေ ပြဋ္ဌာန်း၍ တာဝန်ယူရမည့် ကြီးကြပ်ရေး အာဏာပိုင်များကို ဖော်ထုတ်ခန့်ထားသင့်ပြီး၊ အောက်ပါ စံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ လုပ်ဆောင်သင့်သည်။

(a) နိုင်ငံများသည် စာရင်းသွင်းသတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများ၏ ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများကို မဆိုင်းမတွ ကြိုတင်အကြောင်းကြားခြင်းမပြုဘဲ ထိန်းချုပ်ရန်၊ ပြည်တွင်းရှိ လူပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာပုဂ္ဂိုလ်များ၏ တာဝန်အဖြစ် သတ်မှတ်သင့်သည်။

(b) ပစ္စည်းထိန်းချုပ်ရန်တာဝန်ကို အောက်ပါအတိုင်း တိုးချဲ့လုပ်ဆောင်သင့်သည် - (၁) လုပ်ရပ်တစ်ခုခု၊ ကြံစည်မှုတစ်ခုခု သို့မဟုတ် လက်နက်ပြန့်ပွားမှု ခြိမ်းခြောက်မှု တစ်ခုခုနှင့် ညီစွန်းမှ မဟုတ်ဘဲ၊ စာရင်းသွင်းသတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်သော ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုအားလုံး (၂) စာရင်းသွင်း သတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများက တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေ၊ တစ်ခုလုံး ဖြစ်စေ ပူးတွဲ၍ ဖြစ်စေ ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်သော ၏ ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများ၊ နှင့် (၃)စာရင်းသွင်းသတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများက ပိုင်ဆိုင်သောသို့မဟုတ် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ ထိန်းချုပ်သော ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများမှ ဆင်းသက်လာသော သို့မဟုတ် ဆင့်ပွားရရှိသော ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများအပြင် (၄) စာရင်းသွင်းသတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများ၏ ကိုယ်စား၊ သို့မဟုတ် ညွှန်ကြားမှု အောက်တွင် လုပ်ဆောင်သော လူပုဂ္ဂိုလ်များ နှင့်အဖွဲ့အစည်းများ၏ ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများ။

(c) နိုင်ငံများ ရန်ပုံငွေများ သို့မဟုတ် အခြား ပိုင်ဆိုင်မှုများကို အလှမ်းမီရယူနိုင်သည့် လိုင်စင်၊ ရယူပိုင်ခွင့် မရှိလျှင် သို့မဟုတ် သက်ဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် အညီ ထုတ်ပြန်ထားခြင်းမရှိသ၍၊ ၄င်းတို့၏ နိုင်ငံသားများက ဖြစ်စေ၊ ၄င်းနိုင်ငံတွင်းရှိ မည်သည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကဖြစ်စေကာမူ စာရင်းသွင်းသတ်မှတ် ခံရသူများနှင့်

အဖွဲ့အစည်းများ၏ အကျိုးအတွက် ရန်ပုံငွေများ သို့မဟုတ် အခြား ပိုင်ဆိုင်မှုများကို အလှမ်းမီ ရယူခြင်းမပြုနိုင်ရန် သေချာစွာ တားမြစ်သင့်သည်။

(d) နိုင်ငံများသည် စာရင်းသွင်းသတ်မှတ်ပြီးသည်နှင့်၊ ထိုသို့သတ်မှတ်ဆောင်ရွက်ကြောင်းကို ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များအား ချက်ချင်း အကြောင်းကြားသည့် ယန္တရားများ ရှိသင့်သည်။ ထိုနောက် DNFBP များအပါအဝင်၊ပစ်မှတ်ထားခံရသည့် ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများ ထိန်းသိမ်းထား ကောင်း ထားနိုင်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အခြားလူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ ထိန်းချုပ်ယန္တရားအောက်ရှိ လုပ်ငန်းတာဝန်များအရ အရေးယူ ဒဏ်ခတ်ရန် ရှင်းလင်းသောလမ်းညွှန်များ ချမှတ်သင့်သည်။

(e) နိုင်ငံများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက သက်ဆိုင်ရာ UNSCR များ၏ တားမြစ်ရန် တာဝန်များနှင့် အညီ ထိန်းချုပ်ထားသော ပိုင်ဆိုင်မှုများ သို့မဟုတ် လိုက်နာဆောင်ရွက်ချက်များ (ငွေလွှဲပြောင်းရန် အားထုတ်မှုများ အပါအဝင်) အပေါ် ကြီးကြပ်ရေး အာဏာပိုင်များ အား အစီရင်ခံသင့်သည်။

(f) နိုင်ငံများသည် အကြံပြုချက် ၇ ပါ တာဝန်များကို အကောင်အထည်ဖော်ရာတွင်၊ သဘောရိုးဖြင့် ဆောင်ရွက်သည့် တတိယပုဂ္ဂိုလ်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးသည့် အစီအမံများ ချမှတ်သင့်သည်။

---

25 အကြံပြုချက် (၇) သည် ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ကျင့်သုံးလျက်ရှိသည့် လက်ရှိ UNSCR အားလုံး၊ လာလတ်သော နောက်တိုး ဆုံးဖြတ်ချက်များ၊ နှင့် ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ကျင့်သုံးစေသည့် လာလတ်သော UNSCR များ အပေါ် အကျိုးဝင်သည်။ ဤနည်းပညာ နှင့် ဆက်စပ်သည့် FATF စံနှုန်းများထုတ်ပြန်ချိန် (၂၀၁၇ ဇွန်လ)တွင် ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထားအရေးယူ ဒဏ်ခတ်မှုမှုနှင့် အကျိုးဝင်သည့် UNSCR များမှာ - မြောက်ကိုရီးယားအပေါ် ချမှတ်သည့် UNSCR ၁၇၁၈(၂၀၀၆)နှင့် နောက်တိုး ဆုံးဖြတ်ချက်များ (၁၈၇၄(၂၀၀၉)၊ ၂၀၈၇(၂၀၁၃)၊ ၂၀၉၄(၂၀၁၃)၊ ၂၂၇၀ (၂၀၁၆)၊ ၂၃၂၁(၂၀၁၆) နှင့် ၂၃၅၆ (၂၀၁၇)တို့ဖြစ်သည်။ Joint Comprehensive Plan of Action (JCPOA) ကို ထောက်ခံအတည်ပြုသည့် UNSCR ၂၂၃၁ (၂၀၁၅)ဖြင့် (၁၇၃၇ (၂၀၀၆)၊ ၁۷۶۷(၂၀۰۷)၊۱۸۰۳(۲۰۰۸) နှင့် ၁၉၂၉ (၂၀၁၀) တို့အပါအဝင်) အီရန်နှင့် ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် စပ်လျဉ်းသည့် UNSCR ပြဋ္ဌာန်းချက်အားလုံးကို ရပ်ဆိုင်းလိုက်သော်လည်း၊ ငွေကြေးဆိုင်ရာ ပစ်မှတ်ထားအရေးယူ ဒဏ်ခတ်မှုမှုများအပါအဝင် သီးသန့် ကန့်သတ်ချက်များ ချမှတ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် အပြန်အလှန် ကတိကဝတ်များပြုကာ လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် အရေးယူ ဒဏ်ခတ်မှုများကို တစ်ဆင့်ပြီး တစ်ဆင့် ချဉ်းကပ်မှု ဖြေလျှော့ခြင်း၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။ JCPOA ကို အကောင်အထည်ဖော်သည့်နေ့သည် ၂၀၁၆ ဧနီနဝါရီလဖြစ်သည်။

7.3 နိုင်ငံများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက အကြံပြုချက် ၇ အောက်ရှိ တာဝန်များကို ပြဋ္ဌာန်းသည့် သက်ဆိုင်ရာ ဥပဒေများ သို့မဟုတ် အာဏာသက်ရောက်စေသည့် နည်းလမ်းများအပေါ် လိုက်နာဆောင်ရွက်မှုရှိမရှိ စောင့်ကြည့်ကြပ်မတ်သည့် လိုက်နာ ဆောင်ရွက်မှု သေချာစေသည့် အစီအမံများ ချမှတ်သင့်သည်။ ယင်းသို့ ဥပဒေများ သို့မဟုတ် အာဏာ သက်ရောက် စေသည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် တရားမကြောင်းအရ သို့မဟုတ် ဌာနဆိုင်ရာ သို့မဟုတ် ပြစ်မှုကြောင်းအရ အရေးယူခြင်း ကျခံစေသင့်သည်။

7.4 နိုင်ငံများသည် မိမိနိုင်ငံ၏ အမြင်တွင် စာရင်းသွင်းသတ်မှတ်ရန် စံများနှင့် မကိုက်ညီသော၊ သို့မဟုတ် မကိုက်ညီတော့သော စာရင်းသွင်းသတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများအား၊ လုံခြုံရေး ကောင်စီသို့ စာရင်းမှ ပယ်ဖျက်ရန် တောင်းခံမှု တင်ပြရန်အတွက်၊ အများသိ လုပ်ထုံးလုပ်နည်းများ ချမှတ် အကောင်အထည် ဖော်သင့်သည်။ ထိုအထဲတွင် အောက်ပါတို့ ပါဝင်သင့်သည်[26]။

(a) UNSCR ၁၇၃၀ အရ စာရင်းမှ ပယ်ဖျက်ပေးရန် ဌာနဖြစ်သော Focal Point ၌ စာရင်းတွင်းပါဝင်နေသူများနှင့် အဖွဲ့အစည်းများအား စာရင်းမှ ပယ်ဖျက်ပေးရန် လျှောက်ထားနိုင်ရေး ကူညီခြင်း၊ သို့မဟုတ် Focal Point တွင် ကိုယ်တိုင် တိုက်ရိုက်လျှောက်ထားရန် စာရင်းသွင်းသတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများထံ အကြောင်းကြားခြင်း၊

(b) ထိန်းချုပ် ယန္တရားတစ်ခုခု၏ အမှတ်မထင် မှားယွင်းချက်ကြောင့် (false positive) စာရင်းသွင်းသတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများနှင့် အမည်တူ သို့မဟုတ် အလားတူအမည်ရှိသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများ အား ထိန်းချုပ်မှုမှ လွှတ်ပေးရန် အများသိ လုပ်ထုံးလုပ်နည်းများ၊

(c) နိုင်ငံများက UNSCR ၁၇၁၈ နှင့် ၂၂၃၁ အောက်ရှိ ခြွင်းချက်အခြေအနေများနှင့် ပြည့်မီ ကိုက်ညီသည်ဟု ဆုံးဖြတ်ပါက၊ ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်မှုများကို ထိုဆုံးဖြတ်ချက်များတွင် ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် အညီ အလှမ်းမီရယူနိုင်ရန်ခွင့်ပြုခြင်း၊

(d) အရေးယူ ဒဏ်ခတ်မှု စသည်နှင့် စာရင်းမှ ပယ်ဖျက်ခြင်းနှင့် ထိန်းချုပ်မှုမှ လွှတ်ပေးခြင်းတို့ကို ငွေရေးကြေးရေး ကဏ္ဍနှင့် DNFBP များအား ချက်ချင်း အကြောင်းကြားသည့် ယန္တရားများ၊ ထိုနောက် ပစ်မှတ်ထားခြင်းခံရသည့် ရန်ပုံငွေများ သို့မဟုတ် အခြား ပိုင်ဆိုင်မှုများကို ထိန်းသိမ်းထားရှိ ကောင်း ရှိနိုင်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အခြားလူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ (DNFBP အပါအဝင်) အား ၄င်းတို့၏ စာရင်းမှပယ်ဖျက်ခြင်း သို့မဟုတ် ထိန်းချုပ်မှုမှ လွှတ်ကင်းစေခြင်းဆိုင်ရာ တာဝန်များကို လေးစားရန် လမ်းညွှန်ခြင်း၊

7.5 ငွေကြေးဆိုင်ရာ ပစ်မှတ်ထားအရေးယူ ဒဏ်ခတ်မှုများကျခံသည့် နေ့ရက်မတိုင်မီ ငွေစာရင်းများ အပေါ် ရှိသည့် စာချုပ်များ၊ သဘောတူညီမှုများ သို့မဟုတ် တာဝန်များနှင့် ပတ်သက်၍-

(a) နိုင်ငံများသည် UNSCRs ၁၇၁၈ သို့မဟုတ် ၂၂၃၁ အရ၊ ထိန်းချုပ်ခံရသောငွေစာရင်းများသို့

ဤဆုံးဖြတ်ချက်၏ ပြဋ္ဌာန်းချက်များ ကျခံသည့်ရက်မတိုင်မီ ငွေစာရင်းသို့ ဝင်ရန် ရှိသော အတိုးများ ဖြစ်စေ၊ အခြားဝင်ငွေများဖြစ်စေ၊ စာချုပ်များ၊သဘောတူညီချက်များ သို့မဟုတ် တာဝန်များအရ ပေးချေရန် ငွေများ ရဖြစ်စေ ရှိပါက၊ ထိုအတိုးများ၊ အခြားဝင်ငွေများ နှင့် ပေးချေမှုများသည်လည်း ဤပြဋ္ဌာန်းချက်များအောက်တွင် ဆက်လက်ကျခံ၍ ထိန်းချုပ်ထားမည် ဆိုလျှင်၊ ထိုသို့ နောက်တိုး ငွေများကို စာရင်းများအတွင်းလက်ခံသင့်သည်။

(b) ထိန်းချုပ်မှုကို UNSCR ၁၇၃၇ အရ ဆောင်ရွက်ပြီး UNSCR ၂၂၃၁အရ ဆက်လက် ဆောင်ရွက်လျှင် ဖြစ်စေ၊UNSCR ၂၂၃၁ တစ်ခုတည်းအရ ဆောင်ရွက်လျှင်ဖြစ်စေ၊ ထိုထိန်းချုပ်မှု ကြောင့် စာရင်းသွင်း သတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်းမှ စာရင်းသွင်းခြင်းမခံရမီ ချုပ်ဆိုခဲ့သော စာချုပ် တစ်ရပ်ရပ်အရ ပေးဆောင်ရန်များ ရှိပါက၊ အောက်ပါတို့နှင့် ကိုက်ညီလျှင် ပေးဆောင် သင့်သည် - (၁) ထိုစာချုပ်သည် UNSCR ၂၂၃၁ တွင်ရော၊ နောင်ဆင့်ပွား ဆုံးဖြတ်ချက်များတွင်ပါ၊ ညွှန်းဆို ထားသော မည်သည့် တားမြစ်ပစ္စည်း၊ ရုပ်ဝတ္ထု၊ ကုန်ပစ္စည်း၊နည်းပညာများ၊ အထောက် အကူများ၊ သင်တန်းများ၊ ငွေကြေးအကူအညီများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ပွဲခ သို့မဟုတ် ဝန်ဆောင်မှုများ နှင့်မျှ ဆက်နွယ်မှု မရှိကြောင်းကို သက်ဆိုင်ရာနိုင်ငံများက ဆုံးဖြတ်လျှင်၊ (၂) ထိုပေးချေမှုကို တိုက်ရိုက် ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ လက်ခံရရှိသူသည် UNSCR ၂၂၃၁ အောက်ရှိဖြည့်စွက်ချက်(ဘီ) စာပိုဒ် ၆ ၌ ပါရှိသော အစီအမံများ ကျခံနေရသည့် လူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်း တစ်ခုခု မဟုတ်ကြောင်း သက်ဆိုင်ရာနိုင်ငံများက ဆုံးဖြတ်လျှင်၊ ပြီးလျှင် (၃) သက်ဆိုင်ရာနိုင်ငံများက ထိုသို့ ပေးချေမှုများသို့မဟုတ်လက်ခံမှုများ ပြုလုပ်ရန်ရည်ရွယ်ကြောင်း ကြိုတင် အကြောင်းကြားစာ ကို လုံခြုံရေးကောင်စီထံ တင်ပြပြီး လည်း ဖြစ်ရမည်။ သင့်လျော်သည့် အခြေအ နေများတွင် ရန်ပုံငွေများ၊အခြား ငွေကြေး ဆိုင်ရာ ပိုင်ဆိုင်မှုများ သို့မဟုတ် စီးပွားရေးဆိုင်ရာ ရင်းမြစ်များကို ဤရည်ရွယ် ချက်ဖြင့် ထိန်းချုပ်မှုမှ လွတ်ကင်းစေခြင်းတို့ လုပ်ဆောင်ရန် ထိုသို့ လုပ်ပိုင်ခွင့် မချမှတ်မီ ရုံးဖွင့်ရက် ၁၀ ရက် အတွင်း အကြောင်းကြားပြီးလည်း ဖြစ်ရမည်။

---

26 UNSCR ၁၇၁၈ နှင့် ၄င်းမှ ဆင်းသက်လာသော ဆုံးဖြတ်ချက်များအတွက်၊ ထိုလုပ်ထုံးလုပ်နည်းများနှင့် သတ်မှတ်စံများသည် (ထိုဆုံးဖြတ်ချက်အောက်တွင် ချမှတ်ထားသည့် Focal Point ယန္တရားရှိ လမ်းညွှန်/လုပ်ထုံးလုပ်နည်းများအပါအဝင်) UNSCR ၁၇၃၀ (၂၀၀၆) နှင့် ၄င်းမှဆင်းသက်လာသော မည်သည့်ဆုံးဖြတ်ချက်များအရ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အတည်ပြုထားသော အကျုံးဝင်သည့် မည်သည့် လမ်းညွှန် သို့မဟုတ် လုပ်ထုံးလုပ်နည်းများနှင့်မဆို အညီဖြစ်သင့်သည်။

## အကြံပြုချက် ၈ ပရဟိတ အဖွဲ့များ (NPOs)

*အန္တရာယ်အခြေပြု ချဉ်းကပ်မှု ကျင့်သုံးခြင်း*

8.1 နိုင်ငံများသည် -

(a) အကြံပြုချက် (၁)ပါ လိုအပ်ချက်များကို မထိခိုက်စေဘဲ၊ ပရဟိတအဖွဲ့တိုင်းက လုပ်ငန်း သဘာဝအရ အန္တရာယ်မြင့်အဆင့်ရှိသည်မဟုတ်သဖြင့် (အချို့မှာ အန္တရာယ် အဆင့်နိမ့် ဖြစ်နိုင်သလို အန္တရာယ် လုံးဝ မရှိသည်လည်း ဖြစ်နိုင်သည်) FATF ၏ 'ပရဟိတအဖွဲ့' [27] ဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက် အောက်တွင် မည်သည့် လုပ်ငန်း အောက်ရှိ အဖွဲ့အစည်းများက အကျုံးဝင်သည်ကို ဖော်ထုတ်သင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် NPO များ၏ အသွင်သဏ္ဌာန်နှင့် အမျိုးအစား များကို ဖော်ထုတ်သိရှိ ခြင်းဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အတွက် အလွဲသုံးစား ပြုခံရနိုင်ခြေ မှန်းဆနိုင်သဖြင့်၊ ၄င်းတို့၏ လှုပ်ရှားမှုများနှင့် သရုပ်လက္ခဏာများသိရှိရန်အတွက် သက်ဆိုင်သည့် သတင်း အချက် အလက် ရင်းမြစ် အားလုံးကို အသုံးပြုသင့်သည်။[28]

(b) အကြမ်းဖက်အဖွဲ့များကြောင့် NPO များအပေါ် ပေါ်ပေါက်နိုင်သည့် ခြိမ်းခြောက်မှုများ၏ သဘော သဘာဝကိုလည်းကောင်း၊ထို NPO များအား အကြမ်းဖက်သမားများက မည်သို့ အလွဲသုံးစား ပြုသည်ကိုလည်းကောင်း၊ ဖော်ထုတ်သင့်သည်။

(c) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် အလွဲသုံးစားပြုခံရနိုင်သည့် NPO ကဏ္ဍ၏လုပ်ငန်း အမျိုးအစားတစ်ခုခုရှိ ပရဟိတအဖွဲ့များနှင့် သက်ဆိုင်သော ဥပဒေများနှင့် စည်းမျဉ်းများအပါအဝင်၊ အစီအမံများက ဖော်ထုတ်ရရှိသည့် အန္တရာယ်များကို ဖြေရှင်းရန် အချိုးညီပြီး ထိရောက်သည့် လှုပ်ရှားမှုများ လုံလောက်စွာ လုပ်ဆောင်နိုင်ခြင်း ရှိမရှိကို ပြန်လှန်သုံးသပ်သင့်သည်။ ထိုနောက်

(d) အစီအမံများ အကောင်အထည်ဖော်မှု ထိရောက်ရေး သေချာစေရန်၊ ထိုကဏ္ဍအပေါ် အကြမ်းဖက် လုပ်ရပ်များ ဖြစ်ပွားနိုင်ခြေရှိသည့် အားနည်းချက်အလားအလာများနှင့် ပတ်သက်သည့်သတင်း အချက်အလက် များကို ပုံမှန် ပြန်လှန်အကဲဖြတ်သင့်သည်။

---

27 ဤအကြံပြုချက်အတွက်၊ NPO ဆိုသည်မှာ ပရဟိတ၊ ဘာသာရေး၊ ယဉ်ကျေးမှုပညာရေး၊ လူမှုရေး သို့မဟုတ် ခင်မင်းရင်းနှီးမှု ရည်ရွယ်ချက်များအရ၊ သို့မဟုတ် အခြား "ကုသိုလ်ဖြစ်" အမျိုးအစားတစ်ခုခုကိုလုပ်ဆောင်ရန်အတွက် ရန်ပုံငွေများ ကောက်ခံခြင်း သို့မဟုတ် ဖြန့်ဝေခြင်း စသည့် လုပ်ငန်းများကို အဓိက လုပ်ဆောင်သည့် ဥပဒေရေးရာပုဂ္ဂိုလ်တစ်ခုခု သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဆိုလိုသည်။

28 ဥပမာ- ထိုသို့အချက်အလက်များကို စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၊ အခွန်အာဏာပိုင်များ၊FIUများ၊အလှူရှင်အဖွဲ့အစည်းများ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၊ စုံစမ်းထောက်လှမ်းရေးအာဏာပိုင်များမှ ရရှိနိုင်သည်။

*အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်းသည့် အရေးကိစ္စများအပေါ် အလုမ်းမီနိုင်မှု တည်တံ့ရေး*

8.2 နိုင်ငံများသည်

(a) စီမံအုပ်ချုပ်မှုနှင့် NPO များ အပေါ် စီမံခန့်ခွဲမှုတွင် တာဝန်ခံမှု၊ ဂုဏ်သိက္ခာရှိမှုနှင့် ပြည်သူများ၏ ယုံကြည်မှု မြှင့်တင်နိုင်ရန်အတွက် ရှင်းလင်းသော မူဝါဒများ ရှိသင့်သည်။

(b) NPO များရော အလှူရှင်အသိုင်းအဝန်းများအကြားပါ NPO များ အပေါ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အတွက် အလွဲသုံးစားပြုခြင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များ ရှိနိုင်သည့်အားနည်းချက်များ နှင့် ပတ်သက်၍ အသိပညာ မြှင့်တင်ရေးနှင့် တိုးမြှင့်ရေး အတွက် အလုမ်းမီနိုင်သမျှအပေါ် ပညာရေး အစီအစဉ်များ၊ နှင့် NPO များအနေနှင့် ထိုသို့ အလွဲသုံးစား လုပ်ခြင်းမှ ကိုယ့်ကိုယ်ကို ကာကွယ်နိုင်မည့် အစီအမံများကို အားပေးတိုက်တွန်း လုပ်ဆောင်စေ သင့်သည်။

(c) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များနှင့် အားနည်းချက်များကို ကိုင်တွယ် ဖြေရှင်းပြီး အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အတွက် အလွဲသုံးစား မပြုနိုင်အောင်၊ ချောမွေ့သည့် ကျင့်စဉ်ကောင်းများ ကို ပြုစုချမှတ်ရန် NPO များနှင့် အတူ လုပ်ဆောင်သင့်သည်။ ထိုအပြင်

(d) ဖြစ်နိုင်သမျှ အခြေအနေများ၌ NPO များအား ကြီးကြပ်မှုအောက်ရှိ ငွေရေးကြေးရေး လမ်းကြောင်း များမှ ငွေလွှဲပြောင်းခြင်းများပြုလုပ်ရန် တိုက်တွန်းသင့်သည်။ တစ်ချိန်တည်း တွင် မတူညီသော နိုင်ငံများရှိ ငွေရေးကြေးရေး ကဏ္ဍများ၏ မတူညီသော လုပ်ဆောင် နိုင်စွမ်းကို လည်းကောင်း၊ အရေးပေါ် အလှူထည့်ဝင်ရန်နှင့် လူသားချင်းစာနာမှု ပေးရန် လိုသည့် မတူညီသောနိုင်ငံများတွင် မတူညီသာ နေ နယ်ပယ်များရှိခြင်းကိုလည်းကောင်း ထည့်သွင်းမှတ်သားသင့်သည်။

*ပစ်မှတ်ထား NPO များအား အန္တရာယ်အခြေပြု ကြီးကြပ်ခြင်း သို့မဟုတ် စောင့်ကြည့်ကြပ်မတ်ခြင်း*

8.3 နိုင်ငံများသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် အလွဲသုံးစား ပြုခြင်းအန္တရာယ် ခံရနိုင်ခြေ ရှိသော NPO များအပေါ် အန္တရာယ်အခြေပြု အစီအမံများ ချမှတ်ကျင့်သုံးကြောင်း ပြသနိုင်သည့် ထိရောက်သော ကြီးကြပ်မှု သို့မဟုတ် စောင့်ကြည့်ကြပ်မတ်မှုများ အားပေးမြှင့်တင်ရန်ခြေလှမ်းများ လှမ်းသင့်သည်။[29]

8.4 သက်ဆိုင်ရာ အာဏာပိုင်များသည် -

(a) ဤအကြံပြုချက်ရှိ NPO များ လိုက်နာရန် လိုအပ်ချက်များအရ (သတ်မှတ်စံ ၈.၃ အရ ၄င်းတို့အပေါ် ချမှတ်သည့် အန္တရာယ်အခြေပြု အစီအမံများ အပါအဝင်).လိုက်နာမှု ရှိမရှိ စောင့်ကြည့် ကြပ်မတ် သင့်သည်။[30] ထိုနောက်

(b) NPO များသို့မဟုတ် ယင်းNPOများကိုယ်စား ဆောင်ရွက်ပေးသူများ၏ ချိုးဖောက်မှုများကို ထိရောက်၊ အချိုးညီ၍ နောင်ကြဉ်စေမည့် အရေးယူမှုများ လုပ်ဆောင်နိုင်သင့်သည်။ [31]

*ထိရောက်သော သတင်းအချက်အလက် စုဆောင်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း*

8.5 နိုင်ငံများသည် -

(a) NPO များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ ထိန်းသိမ်းထားရှိသည့် သက်ဆိုင်ရာ အာဏာပိုင်များ သို့မဟုတ် အဖွဲ့အစည်းများအားလုံးအကြား တတ်နိုင်သမျှ ထိရောက်သော ပူးပေါင်း ဆောင်ရွက်မှု၊ ညှိနှိုင်းမှုနှင့် သတင်းအချက်အလက် မျှဝေမှုများ ပြုလုပ်ရန် သေချာစွာ လုပ်ဆောင် သင့်သည်။

(b) အကြမ်းဖက်လုပ်ရပ် သို့မဟုတ် အကြမ်းဖက်အဖွဲ့များက အသုံးချခံရသည် သို့မဟုတ် ထိုအဖွဲ့များအား တက်ကြွစွာ အထောက်အကူပြုနေသည်ဟု သံသယဖြစ် သော NPO များအား စစ်ဆေးရန်အတွက် လိုအပ်သည့် စုံစမ်းစစ်ဆေးသော ကျွမ်းကျင်မှုနှင့် လုပ်နိုင်စွမ်းရှိသင့်သည်။

(c) စုံစမ်းစစ်ဆေးမှုတစ်ရပ်ရပ်ပြုလုပ်နေစဉ်အတွင်း၊ ထို NPO များအား စီမံအုပ်ချုပ်မှု နှင့် စီမံခန့်ခွဲသူများ ထံမှ သတင်းအချက်အလက်အားလုံး (ငွေကြေးဆိုင်ရာနှင့် လုပ်ငန်းအစီအစဉ်ဆိုင်ရာ အချက်အလက်များအပါအဝင်) အလှမ်းမီရယူနိုင်မှု သေချာစေရန် ဆောင်ရွက်သင့်သည်။

---

29 NPO များအတွက် အစီအမံများ သာဓကများကို ဖော်ထုတ်ရရှိသော အန္တရာယ်များအပေါ် မူတည်၍ အပြည့်အဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ချမှတ်နိုင်ရန် INR .8. ရှိ ပိုဒ်ခွဲ ၆ (ခ)တွင် အသေးစိတ်ဖော်ပြထားသည်။ စီရင်ပိုင်နက်တစ်ခုတွင်းရှိ NPO များ အပေါ် ကျရောက်သည့် လက်ရှိ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် အန္တရာယ်ကို လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်သည့် စည်းကမ်းများ သို့မဟုတ် အခြားအစီအမံများ ရှိပြီးလည်း ဖြစ်နိုင်သည်။ သို့သော်လည်း ထိုကဏ္ဍပေါ် ကျရောက်သည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် အန္တရာယ်ကို ပုံမှန် ပြန်လည် အကဲဖြတ်သင့်သည်။

30 ဤစကားရပ်၌၊ စည်းမျဉ်း စည်းကမ်းများတွင် ကိုယ်တိုင်စည်းကမ်းကြီးကြပ်သည့်အဖွဲ့အစည်းများနှင့် တရားဝင်အသိအမှတ်ပြုအဖွဲ့အစည်းများက ကျင့်သုံးသည့် စည်းကမ်းများနှင့် စံနှုန်းများပါဝင်နိုင်သည်။

31 ထိုသို့အရေးယူပိတ်ဆို့မှုအသွယ်သွယ်တွင် ငွေစာရင်းများကိုထိန်းချုပ်ခြင်း၊ ယုံကြည်အပ်နှံသူများကို ဖယ်ရှားခြင်း၊ လက်မှတ် ရုပ်သိမ်းခြင်း၊ လိုင်စင်ရုပ်သိမ်းခြင်းနှင့် စာရင်းမှ ပယ်ဖျက်ခြင်းတို့ ပါဝင်သည်။ ထိုလုပ်ဆောင်ချက်ကြောင့် NPO များအားဖြစ်စေ၊ စပ်ဆိုင်သည့်အခြေအနေများ၌ ၄င်းတို့ ကိုယ်စားဆောင်ရွက်ပေးသူများအား တရားမကြောင်းအရ၊ လုပ်ငန်းဆိုင်ရာ သို့မဟုတ် ပြစ်မှုကြောင်းအရ တရားရင်ဆိုင်မှုများကို အဟန့်အတားမဖြစ်စေသင့်ပေ။

(d) NPO တစ်ခုခုက အောက်ပါတို့ကို လုပ်ဆောင်သည်ဟု သံသယဖြစ်လျှင် သို့မဟုတ် သံသယဖြစ်ဖွယ် အကြောင်းများရှိလျှင် သင့်လျော်သည့် ယန္တရားများ ချမှတ်ဆောင်ရွက်သင့်သည် - (၁)အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် အလွဲသုံးစားပြုမှုတွင် ပါဝင်ပတ်သက်ခြင်း နှင့်/သို့မဟုတ် အကြမ်းဖက်အဖွဲ့က ရန်ပုံငွေစုဆောင်းရန် ဗဟိုပြုသည့်အဖွဲ့ဖြစ်ခြင်း၊

(၂) ပိုင်ဆိုင်မှု ထိန်းချုပ်ခံရခြင်းမှ လွတ်ကင်းစေရန် သို့မဟုတ် အခြား အကြမ်းဖက်လုပ်ရပ်အတွက် အထောက်အကူ ဖြစ်စေရန်အပါအဝင်၊အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အတွက် လမ်းကြောင်း အဖြစ် အသုံးချခံရခြင်း၊ နှင့်

(၃) တရားဝင် အသုံးပြုရန် ရည်ရွယ်ထားသည့် ရန်ပုံငွေများကို ဖုံးကွယ်ပြီး သို့မဟုတ် လျှို့ဝှက်စွာ လမ်းကြောင်းလွဲမှုကို ဖုံးကွယ်ပြီး အကြမ်းဖက်သမားများ သို့မဟုတ် အကြမ်းဖက်အဖွဲ့များ ၏ အကျိုးအတွက် ၄င်းတို့ထံသို့ ဦးတည်ခြင်းဖြစ်လျှင်၊ တားဆီးကာကွယ်ရေး သို့မဟုတ် စုံစမ်းစစ်ဆေးရေး ဆောင်ရွက်ရန်အတွက်၊ဤသတင်းအချက်အလက်ကို ကြီးကြပ်ရေးအာဏာပိုင်များနှင့် ချက်ချင်း မျှဝေသင့်သည်။

*စိုးရိမ်ဖွယ် NPO တစ်ခုခုအကြောင်း သတင်းအချက်အလက်အတွက် ပြည်ပမှတောင်းခံမှုကို ထိရောက်စွာ တုံ့ပြန်နိုင်သည့် စွမ်းရည်*

8.6 နိုင်ငံများသည် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည် သို့မဟုတ် အခြားနည်းများဖြင့် အကြမ်းဖက်မှုကို ကူညီမှုတွင် ပါဝင်ပတ်သက်သည်ဟု မသက်ဝင်ဖွယ် NPO တစ်ခုခုနှင့် စပ်လျဉ်းသည့် ပြည်ပမှ သတင်း အချက်အလက် တောင်းခံမှုကို တုံ့ပြန်နိုင်ရန်အတွက် သင့်လျော်သည့် ဆက်သွယ်ရန် ပွိုင့်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိရန်ဖော်ထုတ်သင့်သည်။

## အကြံပြုချက် ၉ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လျှို့ဝှက်လုံခြုံမှုဆိုင်ရာ ဥပဒေများ

9.1 ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လျှို့ဝှက်လုံခြုံမှုဆိုင်ရာ ဥပဒေများသည် FATF အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အဟန့်အတားမဖြစ်စေသင့်ပါ။[32]

32 ဤနေရာတွင် အထူးစိုးရိမ်ဖွယ်ရှိနိုင်သည်မှာ ကြီးကြပ်ရေးအာဏာပိုင်များက ML သို့မဟုတ် FT တိုက်ဖျက်ရာတွင် ၄င်းတို့၏ လုပ်ငန်းတာဝန်များကို ကောင်းစွာ ထမ်းဆောင်နိုင်ရန် လိုအပ်သည့် သတင်းအချက်အလက်များ အလှမ်းမီရန် ဆောင်ရွက် နိုင်သည့်စွမ်းရည်၊ ပြည်တွင်း ပြည်ပ ကြီးကြပ်ရေးအာဏာပိုင်များအကြား သတင်းအချက်အလက် မျှဝေခြင်း၊နှင့် အကြံပြုချက် (၁၃)၊ (၁၆) သို့မဟုတ် (၁၇) များအရ တာဝန်ဖြစ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား သတင်းအချက်အလက် မျှဝေခြင်း။

## အကြံပြုချက် ၁၀ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း [33] (CDD)

10.1. ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အမည်ဝှက် သို့မဟုတ် အမည်တုဖြင့် ငွေစာရင်းဖွင့်ခြင်းကို တားမြစ်သင့်သည်။

*မည်သည့်အခါတွင် CDD လုပ်ဆောင်ရန်လိုသနည်း*

10.2. ငွေရေးကြေးရေးအဖွဲ့အစည်း များသည် CDD အစီအမံများကို အောက်ပါအခြေအနေများတွင် ကျင့်သုံးရန် လိုအပ်သင့်သည်။

a. စီးပွားဆက်ဆံဆောင်ရွက်ရန် ထူထောင်သည့်အခါ၊

b. အများဆုံးသတ်မှတ်ပမာဏ (USD/EUR ၁၅၀၀၀) အထက် ရံဖန်ရံခါ လွှဲပြောင်းခြင်း၊ ထိုသို့ဆောင်ရွက်သည့် အခါ တစ်ကြိမ်တည်းဖြင့် ငွေလွှဲပြောင်းခြင်း သို့မဟုတ် ဆက်နွယ်မှုရှိသည့် အကြိမ်ရေများစွာဖြင့် လုပ်ဆောင် ခြင်း၊

c. အကြံပြုချက် ၁၆ နှင့် ၄င်း၏ ရှင်းလင်းဖွင့်ဆိုသည့်စာစုများတွင် အပြည့်အစုံဖော်ပြထားသည့် အခြေအနေများတွင် ရံဖန်ရံခါ အီလက်ထရွန်နစ်နည်းလမ်းဖြင့် ငွေလွှဲပြောင်းခြင်း၊

d. FATF အကြံပြုချက်များအောက် မည်သည့်နေရာတွင်မဆို ရည်ညွှန်းသည့်မည်သည့် ခြွင်းချက်များ (သို့) အများဆုံးသတ်မှတ်ပမာဏရှိစေကာမူ ML/TF ဟု သံသယရှိခြင်း၊ သို့မဟုတ်

e. ငွေရေးကြေးရေးအဖွဲ့အစည်း က ယခင်က တောင်းခံရရှိထားသည့် ဆက်သွယ်ဆောင်ရွက်သူ ဆိုင်ရာ အချက်အလက်များ မှန်ကန်မှု သို့မဟုတ် လုံလောက်မှု မရှိဟု သံသယရှိခြင်း၊

*ဆက်သွယ်ဆောင်ရွက်သူအားလုံးအတွက် လိုအပ်သော အလေးထားစိစစ်မှု အစီအမံများ*

10.3. ငွေရေးကြေးရေးအဖွဲ့အစည်း များသည် ဆက်သွယ်ဆောင်ရွက်သူ (အမြဲတမ်းဖြစ်စေ ရံဖန်ရံခါဖြစ်စေ လူပုဂ္ဂိုလ် ဖြစ်စေ ဥပဒေရေးရာပုဂ္ဂိုလ် ဖြစ်စေ ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုဖြစ်စေ) ကို မည်သူမည်ဝါ ဖြစ်ကြောင်း၊ ဖော်ထုတ်ရန်တာဝန်ရှိသင့်သည်။။ ဆက်သွယ်ဆောင်ရွက်သူ ၏ သက်သေခံ အထောက်အထားများ မှန်ကန်မှုကို ယုံကြည်အားထားရပြီး လွတ်လပ်သည့် ဇစ်မြစ်များမှ ရရှိသည့် စာတမ်းများ၊ ဒေတာ သို့မဟုတ် သတင်းအချက်အလက် (ကိုယ်ရေးသက်သေခံအထောက်အထားပြ ဒေတာ) များ အသုံးပြုကာ စိစစ်အတည်ပြုသင့်သည်။

---

33 ငွေရေးကြေးရေးအဖွဲ့အစည်း များ CDD လုပ်ခြင်း၏ အခြေခံမူကို ဥပဒေတွင် ပြဋ္ဌာန်းသင့်သော်လည်း၊ လိုအပ်ချက်များအတိအကျကိုမူ အာဏာသက်ရောက်စေသည့် အခြားနည်းလမ်းများဖြင့် ချမှတ်နိုင်သည်။

10.4. ငွေရေးကြေးရေးအဖွဲ့အစည်း များသည် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးဦး၏ ကိုယ်စား ဆောင်ရွက်သည်ဟု ဆိုသူအား အမှန်တကယ် ကိုယ်စား ဆောင်ရွက်ခွင့် ပေးထားခြင်း ရှိမရှိ စစ်ဆေးခြင်း၊ ထိုသူ၏ ကိုယ်ရေးသက်သေခံအထောက်အထား ကို စိစစ် အတည်ပြုခြင်း၊

10.5. ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ ကိုယ်ရေးအချက်အလက်ကို တောင်းခံ၍ ၊ မှန်မမှန် သိရှိအောင် ယုံကြည်အားထားရသည့် ဇစ်မြစ်မှ ရနိုင်သည့် အချက်အလက် သို့မဟုတ် ဒေတာများ အသုံးပြုကာ၊ ကျိုးကြောင်းသင့်တင့်သည့် နည်းလမ်းများဖြင့် ဖော်ထုတ်ပြီး၊ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အမှန်ဖြစ်ကြောင်း ငွေရေးကြေးရေးအဖွဲ့အစည်း ကျေနပ်သည်အထိ စိစစ်အတည်ပြုခြင်း၊

10.6. ငွေရေးကြေးရေးအဖွဲ့အစည်း များသည် စီးပွားဆက်ဆံဆောင်ရွက်သည့် ရည်ရွယ်ချက်နှင့် သဘောသဘာဝနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို နားလည်အောင် စုဆောင်းရန် တာဝန်ရှိသင့်သည်။

10.7. ငွေရေးကြေးရေးအဖွဲ့အစည်းများသည် စီးပွားဆက်ဆံဆောင်ရွက်မှုအပေါ် အလေးထားစိစစ်မှုကို အောက်ပါတို့ အပါအဝင် စဉ်ဆက်မပြတ် ပြုလုပ်ရန်တာဝန်ရှိသင့်သည်။။

(a) ငွေရေးကြေးရေးအဖွဲ့အစည်း သိထားသည့် ဆက်သွယ်ဆောင်ရွက်သူ အကြောင်းများ၊ ၄င်းတို့၏ စီးပွားရေးနှင့်အန္တရာယ်အဆင့်၊လိုအပ်သည့်အခြေအနေတွင် ငွေလွှဲပြောင်းမှုများက ငွေကြေးများ၏ ဇစ်မြစ်များ အရ မှန်ကန် ကိုက်ညီမှုရှိမရှိ သေချာစေရန်၊ ဆက်ဆံ ဆောင်ရွက်မှု တစ်လျှောက်လုံးရှိ ငွေလွှဲပြောင်းမှုများကို စေ့စပ်စွာစစ်ဆေးခြင်း၊ ပြီးလျှင်

(b) အန္တရာယ်အဆင့်မြင့် အမျိုးအစားတွင် ပါဝင်သော ဆက်သွယ်ဆောင်ရွက်သူများ အတွက် အထူးအားဖြင့်၊ CDD လုပ်ငန်းစဉ်အောက် ကောက်ခံရရှိပြီး လက်ဝယ်ရှိမှတ်တမ်းများကို ပြန်လှန်သုံးသပ်ခြင်းဖြင့် စာရွက်စာတမ်းများ၊ ဒေတာ သို့မဟုတ် အချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ဆက်စပ်မှုရှိအောင် သေချာစွာ ထားရှိခြင်း၊

*ဥပဒေရေးရာပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများအတွက်လိုအပ်သည့် သီးခြား* CDD *အစီအမံများ*

10.8. ဥပဒေရေးရာပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများ ဖြစ်သော ဆက်သွယ် ဆောင်ရွက် သူများ အတွက် ငွေရေးကြေးရေးအဖွဲ့အစည်း သည် ထို ဆက်သွယ်ဆောင်ရွက်သူ ၏ စီးပွားရေး လုပ်ငန်း သဘောသဘာဝနှင့် ၄င်း၏ ပိုင်ဆိုင်မှုနှင့် ထိန်းချုပ်နိုင်သည့် ဖွဲ့စည်းပုံကို နားလည် သိရှိအောင်လုပ်ဆောင်ရန် တာဝန်ရှိသင့်သည်။။

10.9. ဥပဒေရေးရာပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများ ဖြစ်သည့် ဆက်သွယ် ဆောင်ရွက်သူ များ အတွက်၊ ငွေရေးကြေးရေးအဖွဲ့အစည်း သည် ဆက်သွယ်ဆောင်ရွက်သူ ၏ သက်သေခံ အထောက် အထား အချက်အလက်များ သိရှိအောင်လုပ်ပြီး မှန်ကန်မှု စိစစ်ရန် အောက်ပါအချက်အလက်များ ကောက်ခံရန် တာဝန်ရှိသင့်သည်။

(a) အမည်၊ ဥပ ဒေပုံစံနှင့် အမှန်တကယ် တည်ရှိကြောင်း သက်သေအထောက်အထား၊

(b) ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုအပေါ် စည်းကမ်းကြပ်မတ်ပြီး စည်းနှောင်မှု ရှိစေသည့် လုပ်ပိုင်ခွင့်များ အပြင်၊ ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု၌ အကြီးတန်းစီမံခန့်ခွဲမှုရာထူးရှိသူ ၏ အမည်များ၊ ပြီးနောက်

(c) မှတ်ပုံတင်ထားသည့် ရုံးလိပ်စာ၊ ထိုလိပ်စာနှင့် မတူပါက အဓိကလုပ်ငန်းလုပ်ကိုင် သည့်နေရာ။

10.10. ဥပဒေရေးရာပုဂ္ဂိုလ် ဖြစ်သော ဆက်သွယ်ဆောင်ရွက်သူများအတွက်34 ငွေရေးကြေးရေး အဖွဲ့အစည်းသည် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း သိရှိအောင်ဖော်ထုတ်ရန် နှင့် သက်သေခံ အထောက်အထား အချက်အလက်မှန်ကန်မှုစိစစ်ရန်အတွက် အောက်ပါ အချက် အလက်များမှတဆင့် ကျိုးကြောင်းလုံလောက်သည့် အစီအမံများ ကျင့်သုံးရန် လိုအပ်သင့်သည်။

(a.) ဥပဒေရေးရာပုဂ္ဂိုလ်အတွင်း ပိုင်ဆိုင်မှုအဆုံးစွန်ထိန်းချုပ်နိုင်သည့် လူပုဂ္ဂိုလ် (ရှိလျှင် 35)မည်သူမည်ဝါ ဖြစ်ကြောင်း၊ ပြီးလျှင်[36]

---

34 ထို ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် ပိုင်ဆိုင်မှုထိန်းချုပ်နိုင်သူသည် စတော့အိတ်ချိန်းတွင် စာရင်းဝင်သောကုမ္ပဏီဖြစ်ပြီး ဖွင့်ဟကြေညာရန် တာဝန်များရှိသည့်အတွက် )စတော့အိတ်ချိန်းစည်းမျဉ်းများ သို့မဟုတ် ဥပ ဒေ သို့အာဏာသက်ရောက် စေသည့်နည်းများအရ (အကျိုးခံစားခွင့်ရှိသူပိုင်ရှင်နှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှု အလုံအလောက်ရှိရန် တာဝန်များရှိ လျှင်၊ သို့မဟုတ် ထိုကုမ္ပဏီ၏ အများစု ပိုင်ဆိုင်သော လက်ခွဲကုမ္ပဏီ ဖြစ်လျှင်၊ ထိုကုမ္ပဏီများ၏ အစုရှယ်ယာဝင် သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်းဖော်ထုတ်ရန်နှင့် စိစစ်အတည်ပြုရန်မလိုပါ၊ သက်ဆိုင်သည့် အထောက်အထားများကို အစိုးရ မှတ်ပုံတင်ရုံး၊ ဆက်သွယ်ဆောင်ရွက်သူ သို့ အခြား ယုံကြည်အားထားရသည့် ဇစ်မြစ်များမှ ရရှိနိုင်သည်။

35 ပိုင်ဆိုင်မှု အကျိုးစီးပွားများသည် အလွန်များပြားလှသဖြင့် ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုကို ပိုင်ဆိုင်မှုဖြင့် ထိန်းချုပ်သည့် လူပုဂ္ဂိုလ်များ (တစ်ဦးတည်းဖြစ်စေ သို့မဟုတ် ပေါင်းစပ်၍ဖြစ်စေ) မရှိတတ်ပေ။

36 ပိုင်ဆိုင်မှုကို အဆုံးစွန်ထိန်းချုပ်နိုင်သည့် အကျိုးအမြတ်သည် ကုမ္ပဏီ၏ ပိုင်ဆိုင်မှုဆိုင်ရာဖွဲ့စည်းမှုပေါ်တွင် မူတည်သည်။ သတ်မှတ်ပမာဏပေါ် အခြေခံနိုင်သည်၊ ဥပမာ- ကုမ္ပဏီ ၏ ရာခိုင်နှုန်းတစ်ခုထက် ပို၍ ပိုင်ဆိုင်ခြင်း ၊ (ဥပမာ- ၂၅%)

(b). (က) ပိုင်ဆိုင်မှုကို အဆုံးစွန်ထိန်းချုပ်နိုင်သူ(များ)မှာ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် ဖြစ်ခြင်းအား သံသယရှိပါက၊ သို့မဟုတ် ပိုင်ဆိုင်မှုကို ထိန်းချုပ်သူ လူပုဂ္ဂိုလ် မရှိပါက၊ အခြားနည်းများဖြင့် ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုကို ထိန်းချုပ်သည့် လူပုဂ္ဂိုလ် (ရှိလျှင်) မှာ မည်သူမည်ဝါ ဖြစ်ကြောင်း။ ထိုနောက်

(c). (က) နှင့် (ခ) တွင် လူပုဂ္ဂိုလ်ကို သတ်မှတ်ဖော်နိုင်ခြင်းမရှိလျှင် အကြီးတန်းစီမံခန့်ခွဲရေးအရာရှိ ရာထူး ရှိသော သက်ဆိုင်ရာ လူပုဂ္ဂိုလ်၏ သက်သေခံ အ ထောက်အထား။

10.11. ဥပ ဒေရေးရာ စီစဉ်ဆောင်ရွက်မှုများဖြစ်သည့် ဆက်သွယ်ဆောင်ရွက်သူ များ အတွက်၊ ငွေရေးကြေးရေး အဖွဲ့အစည်း သည် အောက်ပါအချက်အလက်များဖြင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ရန်နှင့် သက်သေခံ အထောက်အထားများ မှန်မမှန် စိစစ်အတည်ပြုရန် တာဝန်ရှိသင့်သည်။

(a) ယုံကြည်အပ်နှံမှုများအတွက်၊ထူထောင်သူ၊ ယုံကြည်အပ်နှံခြင်းခံရသူ (များ)၊ ကာကွယ် စောင့်ရှောက်သူ (ရှိလျှင်) အကျိုးခံစားခွင့်ရှိသူများ (သို့) အကျိုးခံစားခွင့်ရှိသူ အတန်းအစား တို့[37] ၏ သက်သေခံ အထောက်အထားများ၊ နှင့် ယုံကြည်အပ်နှံမှုအပေါ် ထိန်းချုပ်မှု /ပိုင်ဆိုင်မှု အဆင့်ဆင့် အပါအဝင်) အဆုံးစွန်ထိရောက်စွာ ထိန်းချုပ်သည့် မည်သည့် လူပုဂ္ဂိုလ်ကို မဆို ဖော်ထုတ် အတည်ပြုခြင်း၊

(b) အခြားသော ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု အမျိုးအစားများအတွက်၊တူညီသော သို့မဟုတ် အလားတူရာထူးတာဝန်ရှိသည့်ပုဂ္ဂိုလ်များ၏သက်သေခံအထောက်အထားကို စိစစ် အတည်ပြုခြင်း။

*အသက်အာမခံ ပေါ်လစီများအပေါ် အကျိုးခံစားခွင့်ရှိသူများအတွက် CDD*

10.12. ဆက်သွယ်ဆောင်ရွက်သူ နှင့် အကျိုးခံစားခွင့်ရှိသူများအတွက်လိုအပ်သည့် CDD အစီအမံများအပြင်၊ ငွေရေးကြေးရေးအဖွဲ့အစည်း များသည်အသက်အာမခံနှင့် အခြားသော ရင်းနှီးမြှုပ်နှံမှု ပုံစံရှိသည့် အာမခံ ပေါ်လစီများ၏ အကျိုးခံစားခွင့်ရှိသူအပေါ်၊ အကျိုးခံစားခွင့်ရှိသူ မည်သူမည်ဝါဖြစ်ကြောင်း သိသည်နှင့် သို့မဟုတ် သတ်မှတ်ပြီးသည်နှင့် မကြာမီ အောက်ပါ အစီအမံများကို ချမှတ်ကျင့်သုံးသင့်သည်။

(a) အကျိုးခံစားခွင့်ရှိသူအဖြစ် လူပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများကို သီးသန့် အမည်သတ်မှတ်လျှင်၊ ထိုသူ၏ အမည်ကို ယူခြင်း၊

(b) သီးခြားပုံစံများ သို့မဟုတ် အတန်းအစား သို့မဟုတ် အခြားနည်းများဖြင့် သတ်မှတ်ထားသော အကျိုးခံစားခွင့် ရှိသူဖြစ်လျှင်၊ ငွေရေးကြေးရေးအဖွဲ့အစည်းက ထိုထိုအကျိုးခံစားခွင့်ရှိသူ မည်သူ မည်ဝါ ဖြစ်ကြောင်း အာမခံကြေးထုတ်ပေးချိန်တွင် ထုတ်ဖော်နိုင်မည်ကို ကျေနပ် လောက်သည် အထိ ထိုသူ နှင့် ပတ်သက်သည့် အချက်အလက် လုံလောက်စွာ ရယူခြင်း၊

37 ပင်ကိုလက္ခဏာများ သို့မဟုတ် အတန်းအစားအားဖြင့် သတ်မှတ်သည့် ယုံကြည်အပ်နှံမှုများ၏ အကျိုးခံစားခွင့်ရှိသူများအတွက်၊ ငွေရေးကြေးရေးအဖွဲ့အစည်း များသည် ငွေထုတ်ပေးချိန် တွင် ဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူက လုပ်ပိုင်ခွင့်ရှိသည့်အတိုင်း ကျင့်သုံးရန် ရည်ရွယ်သည့်အခါတွင်ဖြစ်စေ၊အကျိုးခံစားခွင့်ရှိသူ မည်သူမည်ဝါဖြစ်ကြောင်း သိရှိနိုင်မည်ဟု ယုံကြည် ကျေနပ်လောက် သည်အထိ၊ အကျိုးခံစားခွင့်ရှိသူနှင့်ပတ်သက်သည့် အချက်အလက် လုံလောက်စွာ ကောက်ခံသင့်သည်။

(c) အထက်ပါ အချက် နှစ်ချက်လုံးအတွက် -အကျိုးခံစားခွင့်ရှိသူ၏ သက်သေခံအထောက် အထားကို အာမခံကြေးထုတ်ပေးချိန်တွင် စိစစ်အတည်ပြုသင့်သည်။

10.13. ငွေရေးကြေးရေးအဖွဲ့အစည်းများသည် CDD အစီအမံများ တိုးမြှင့် ချမှတ်ရန် ဆုံးဖြတ်ရာတွင် အသက်အာမခံပေါ်လစီတစ်ခုခု၏ အကျိုးခံစားခွင့်ရှိသူကိုလည်း အန္တရာယ်ဖြစ်နိုင်သည့် အကြောင်းတရားတစ်ခုအဖြစ် အကျုံးဝင်မှုရှိမရှိ စဉ်းစားရန်တာဝန်ရှိသင့်သည်။ အကျိုးခံစားခွင့်ရှိသူဖြစ်သော ဥပဒေရေးရာပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု တစ်ခုခုသည် အန္တရာယ်အဆင့်မြင့်သည့် အနေအထားရှိလျှင်၊ ငွေရေးကြေးရေးအဖွဲ့အစည်းသည် CDD အစီအမံများတိုးမြှင့်သတ်မှတ်ရန်လိုအပ်ပြီး၊ အာမခံကြေး ထုတ် ပေးချိန်တွင် အကျိုးခံစားခွင့်ရှိသူ၏ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံ အထောက်အထားများကို ရယူကာ အတည်ပြုစိစစ်ရန် တာဝန်ရှိသင့်သည်။။

*စိစစ်အတည်ပြု ချိန်*

10.14. ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဆက်သွယ်ဆောင်ရွက်သူ နှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်၏ သက်သေခံအထောက်အထားကို စီးပွားဆက်ဆံမှု မထူထောင်မီနှင့် ထူထောင်ချိန် တွင် ဖြစ်စေ၊ ရံဖန်ရံခါ ဆက်သွယ်ဆောင်ရွက်သူ များအတွက် ငွေလွှဲပြောင်းချိန်တွင် ဖြစ်စေ၊ သို့မဟုတ် )ခွင့်ပြုလျှင် (အောက်ပါ အခြေအနေများ၌ စိစစ်အတည်ပြုခြင်းကို ထူထောင်ပြီး ချိန်တွင် ဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

(a) ထူထောင်ပြီး ဖြစ်နိုင်သမျှ အမြန်ဆုံး၊

(b) လုပ်ငန်း ပုံမှန်လုပ်ဆောင်မှုကို အနှောင့်အယှက်မဖြစ်စေရန် အရေးကြီးသည့်အခါ၊ထို့အပြင်

(c) ML/TF. အန္တရာယ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ပြီးဖြစ်သည့်အခါ။

10.15. ငွေရေးကြေးရေးအဖွဲ့အစည်း များသည် ဆက်သွယ်ဆောင်ရွက်သူ တစ်ဦး၏ သက်သေခံ အထောက်အထားများ မစိစစ်ရသေးမီ စီးပွားဆက်ဆံထူထောင်ခွင့် ရရှိနိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ အန္တရာယ် စီမံခန့်ခွဲသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ရန် တာဝန်ရှိသင့်သည်။။

*လက်ရှိ ဆက်သွယ်ဆောင်ရွက်သူ များ*

10.16 ငွေရေးကြေးရေးအဖွဲ့အစည်း များသည် လက်ရှိ စီးပွားရေးကဏ္ဍအတွက် အခရာကျမှု နှင့် အန္တရာယ် ပေါ်မူတည်၍၊ ဆက်သွယ်ဆောင်ရွက်သူ များအပေါ် CDD စည်းကမ်းများကို ကျင့်သုံးရန်တာဝန် ရှိ သင့်ပြီး ထိုလက်ရှိ စီးပွားဆက်ဆံမှုတို့အပေါ် ယခင်က CDD အစီအမံများ ကျင့်သုံးခြင်းရှိမရှိနှင့် ကျင့်သုံးခဲ့လျှင်၊ ကျင့်သုံးခဲ့သည့်ကာလ၊ အချက်အလက်များ တောင်းခံ ရရှိမှု လုံလောက်ခြင်းရှိမရှိပေါ် မူတည်၍၊ သင့်လျော်သည့် အချိန်များတွင် အလေးထားစိစစ်မှုများ ပြုလုပ်သင့်သည်။

*အန္တရာယ်အခြေပြု ချဉ်းကပ်မှု*

10.17 ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ML/TF အန္တရာယ်အဆင့်မြင့်သည့် အခြေအနေများတွင် အလေးထား စိစစ်မှု တိုးမြှင့်လုပ်ဆောင်ရန်တာဝန်ရှိသင့်သည်။

10.18 ငွေရေးကြေးရေးအဖွဲ့အစည် များသည် မိမိအဖွဲ့အစည်းမှဖြစ်စေ၊နိုင်ငံမှ ဖြစ်စေ အန္တရာယ် ပိုင်းခြား စိတ်ဖြာမှု လုံလောက်စွာ ပြုလုပ်ခြင်းဖြင့် အန္တရာယ်အဆင့်နိမ့်သည်ဟု ဖော်ထုတ် သိရှိမှသာ ရိုးရှင်းသော CDD အစီအမံများ ချမှတ်ကျင့်သုံးနိုင်သည်။ ထိုရိုးရှင်းသောအစီအမံ များသည် အန္တရာယ်အဆင့်နိမ့်သည့် အကြောင်းတရားများနှင့် အညီ ဖြစ်သင့်သည်။ သို့သော် ML/TF အန္တရာယ် ရှိသည်ဟု သံသယရှိလျှင် သော်လည်းကောင်း၊ အန္တရာယ်အဆင့်မြင့်သည့် အနေအထားများ ပေါ်ပေါက်လျှင် သော်လည်းကောင်း၊ ရိုးရှင်းသည့် အစီအမံများ ကျင့်သုံးရန် လက်သင့်မခံပါ။

*CDD ကျေနပ်လောက်သည်အထိ အပြည့်အဝ မလုပ်ဆောင်နိုင်ခြင်း*

10.19 ငွေရေးကြေးရေးအဖွဲ့အစည်း သည် သက်ဆိုင်သည့် CDD အစီအမံများကို ကျင့်သုံးနိုင်သည့်အခြေအ နေ မရှိလျှင်-

(a) ငွေစာရင်းဖွင့်ခွင့် မပြုရန်၊ စီးပွားဆက်ဆံထူထောင်ခြင်း မစတင်ရန်၊ သို့မဟုတ် ငွေကြေးဆက်သွယ် ဆောင်ရွက်မှု မပြုလုပ်ရန်၊ သို့မဟုတ် စီးပွားဆက်ဆံထူထောင်မှု အဆုံးသတ်ရန် တာဝန်ရှိသင့်သည်။

(b) ထိုနောက် ဆက်သွယ်ဆောင်ရွက်သူ နှင့် ပတ်သက်၍ သံသယဖြစ်ဖွယ်သတင်းပို့ရေး စဉ်းစားရန် တာဝန်ရှိသင့်သည်။

38 အမျိုးသားအဆင့် စည်းကမ်းလိုအပ်ချက်များ အာဏာတည်စေသည့်ရက်စွဲတွင် ရှိနှင့်သော ဆက်သွယ်ဆောင်ရွက်သူ များ

*CDD နှင့် ပေါက်ကြားမှု*

10.20 ငွေရေးကြေးရေး အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုသို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု နှင့် ပတ်သက်သည့် သံသယ ရှိပြီး၊ CDD ဆောင်ရွက်လျှင် ဆက်သွယ် ဆောင်ရွက်သူ ရိပ်မိလိမ့်မည်ဟု ယုံကြည်ရ လောက်သည့် အထောက် အထားရှိလျှင်၊ CDD ဆောင်ရွက်ခြင်း မပြုတော့ဘဲ၊ STR တင်ပို့ရန်သာ တာဝန်ရှိ သင့်သည်။

## အကြံပြုချက် ၁၁ မှတ်တမ်းမှတ်ရာ ထိန်းသိမ်းထားရှိခြင်း [39]

11.1 ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ပြည်တွင်းပြည်ပ ငွေလွှဲပြောင်းမှုများ၏ လိုအပ်သည့် မှတ်တမ်းမှတ်ရာများကို စီးပွားဆက်ဆံ ဆောင်ရွက်မှုများ ပြီးစီးပြီးနောက် အနည်းဆုံး ငါးနှစ်အထိ ထိန်းသိမ်းထားရန် တာဝန်ရှိသင့်သည်။

11.2 ငွေရေးကြေးရေးအဖွဲ့အစည်းများသည် CDD အစီအမံများမှ ရရှိသော မှတ်တမ်းအားလုံး၊ ငွေစာရင်းဖိုင်များ၊ နှင့် စီးပွားဆက်ဆံ ဆောင်ရွက်မှုများကို၊ ပိုင်းခြားစိတ်ဖြာမှု ရလဒ်အားလုံး နှင့်တကွ၊ စီးပွားဆက်ဆံ ဆောင်ရွက်မှုများ ပြီးစီးပြီးနောက် သို့မဟုတ် ရံဖန်ရံခါ ငွေလွှဲပြောင်းမှု ပြီးသည့် ရက်စွဲ၏ အနည်းဆုံး ငါးနှစ်အထိ ထိန်းသိမ်းထားရန် တာဝန်ရှိသင့်သည်။

11.3 ငွေလွှဲပြောင်းမှု မှတ်တမ်းများသည်ပြစ်မှုတစ်ခုခုအတွက် တရားစွဲဆိုရန် သက်သေအထောက်အထား အဖြစ် လိုအပ်သည့်အခါ သုံးနိုင်ရန်၊ ငွေလွှဲပြောင်းမှုတစ်ခုချင်းကို ပြန်လည်တည်ဆောက် နိုင်လောက် အောင် လုံလောက်စွာရှိသင့်သည်။

11.4 CDD အချက်အလက်များအားလုံးနှင့် ငွေလွှဲပြောင်းမှု မှတ်တမ်းများကို ပြည်တွင်းကြီးကြပ်ရေး အာဏာပိုင်များက လုပ်ပိုင်ခွင့်အရ တောင်းခံသည့်အခါ ငွေရေးကြေးရေးအဖွဲ့အစည်းများက အဆောတလျင် ထုတ်ပြနိုင်အောင် သေချာစွာဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

39 ငွေရေးကြေးရေးအဖွဲ့အစည်း များက ငွေလွှဲပြောင်းမှု မှတ်တမ်းများနှင့် CDD အစီအမံများမှ ရရှိသော အချက်အလက်များကို ထိန်းသိမ်းထားရှိရန် အခြေခံမူကို ဥပဒေဖြင့် ပြဋ္ဌာန်းသင့်သည်။

## အကြံပြုချက် ၁၂ ပြည်တွင်းပြည်ပတွင် သြဇာတိက္ကရှိသူများ (PEP)

12.1 ပြည်ပ PEP များနှင့် ပတ်သက်၍၊ အကြံပြုချက် (၁၀)တွင် သတ်မှတ်ထားသည့် CDD အစီအမံများ အပြင်၊ ငွေရေးကြေးရေးအဖွဲ့အစည်း များသည် အောက်ပါတို့ကို လုပ်ဆောင်ရန် တာဝန်ရှိသင့်သည်။

(a) ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် သည် PEP ဟုတ်မဟုတ် သတ်မှတ်ရန် အတွက် အန္တရာယ် စီမံခန့်ခွဲရေးစနစ်များ ချမှတ်ထားရှိခြင်း၊

(b) ထိုသို့ စီးပွားဆက်ဆံဆောင်ရွက်မှုများ မထူထောင်မီ (သို့မဟုတ် လက်ဟောင်း ဆက်သွယ်ဆောင်ရွက်သူ များအတွက် ဆက်လက် မလုပ်ဆောင်မီ) အကြီးတန်း စီမံခန့်ခွဲမှု၏ အတည်ပြုချက် ရယူခြင်း၊

(c) PEP ဟု ဖော်ထုတ် သတ်မှတ်သည့် ဆက်သွယ်ဆောင်ရွက်သူ များနှင့် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်များ၏ ကြွယ်ဝမှု၏ဇစ်မြစ်နှင့် ရန်ပုံငွေများ၏ ဇစ်မြစ်ကို သိရှိရန် သင့်လျော်သည့် အစီအမံများချမှတ်ခြင်း၊. ပြီးလျှင်

(d) ထိုသို့ ဆက်သွယ်ဆောင်ရွက်မှုကို စဉ်ဆက်မပြတ် တိုးမြှင့် စောင့်ကြည့်ကြီးကြပ်ခြင်း။

12.2 ပြည်တွင်း PEP များ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုမှ အရေးပါသော တာဝန်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များအပေါ်၊အကြံပြုချက် ၁၀ ပါ CDD အစီအမံများ လုပ်ဆောင်သည့် အပြင်၊ ငွေရေးကြေးရေးအဖွဲ့အစည်း များသည် အောက်ပါတို့လုပ်ဆောင်ရန် တာဝန်ရှိ သင့်သည်။

(a) ဆက်သွယ်ဆောင်ရွက်သူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်သည် ထိုပုဂ္ဂိုလ် အမျိုးအစား ဟုတ်မဟုတ် သိရှိသတ်မှတ်ရန် သင့်လျော်သည့် အစီအမံများ ချမှတ်ခြင်း၊ ထိုနောက်

(b) ထိုပုဂ္ဂိုလ် အမျိုးအစားနှင့် စီးပွားဆက်ဆံဆောင်ရွက်မှုတွင် အန္တရာယ်အဆင့်မြင့်သည့်အခါ၊ သတ်မှတ်စံ ၁၂.၁ (ခ) မှ (ဃ) အထိ ပါရှိသော အစီအမံများ ချမှတ်ခြင်း၊

12.3 ငွေရေးကြေးရေးအဖွဲ့အစည်း များသည် PEP အမျိုးအစားအားလုံး၏ မိသားစုဝင်များ သို့မဟုတ် ရင်းနှီးသည့် မိတ်ဆွေသင်္ဂဟများကို ပါ ဆိုင်ရာ သတ်မှတ်လိုအပ်ချက်များ ၁၂.၁ နှင့် ၁၂.၂ တို့ ချမှတ်ရန် တာဝန်ရှိသင့်သည်။

12.4 အသက်အာမခံ ပေါ်လစီများနှင့် ပတ်သက်၍၊ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အကျိုးခံစားခွင့်ရှိသူများ နှင့်/(သို့) (လိုအပ်လျှင်) အကျိုးခံစားခွင့်ရှိသူ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်များသည် PEP များ ဟုတ်မဟုတ် သတ်မှတ်ရန် သင့်လျော်သည့်အစီအမံများ ချမှတ်ရန် တာဝန်ရှိသင့်သည်။ ငွေထုတ်ပေးချိန်တွင် နောက်အကျဆုံး လုပ်ဆောင်သင့်သည်။ အန္တရာယ် အဆင့် မြင့်သည့် အခြေအနေများကို ဖော်ထုတ်သိရှိပါက၊ ပေါ်လစီ ကြေးများ မထုတ်ပေးမီ၊ ပေါ်လစီ ကိုင်ဆောင်သူနှင့် စီးပွားဆက်ဆံ ဆောင်ရွက်မှု တစ်ခုလုံးအပေါ် အလေးထား စိစစ်မှု တိုးမြှင့် ဆောင်ရွက်ရန်နှင့် သံသယဖြစ်ဖွယ် သတင်းပို့ရေး စဉ်းစားရန် အတွက်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အကြီးတန်းစီမံခန့်ခွဲမှုထံ အကြောင်း ကြားရန်တာဝန် ရှိသင့်သည်။

## အကြံပြုချက် ၁၃ အဆက်အသွယ်ဘဏ်လုပ်ငန်း

13.1 နယ်စပ်ဖြတ်ကျော် အဆက်အသွယ်ဘဏ်လုပ်ငန်းနှင့် အလားတူ ဆက်ဆံဆောင်ရွက်မှုများနှင့် ပတ်သက်၍ ငွေရေးကြေးရေးအဖွဲ့အစည်း များသည် အောက်တို့လုပ်ဆောင်ရန် တာဝန်ရှိသင့်သည်။

(a) လက်ခံဆောင်ရွက်သည့်ဘဏ်လုပ်ငန်း၏ သဘော သဘာဝကို ကောင်းစွာ နားလည်ရန် အတွက် နှင့် ထိုဘဏ်၏ လုပ်ငန်းဂုဏ်သိက္ခာ၊ ကြီးကြပ်မှုဆိုင်ရာ အရည်အသွေးတို့ အပြင်၊ ယခင်က ML/TF စုံစမ်းစစ်ဆေးမှု သို့မဟုတ် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အရေးယူခံရမှု ရှိမရှိနှင့် ပတ်သက်ပြီး အများပြည်သူ ရရှိနိုင်သည့် သတင်းအချက်အလက်များမှ ထိုလက်ခံဆောင်ရွက်သည့် ဘဏ် အကြောင်း အချက်အလက်များ လုံလောက်စွာ ကောက်ခံခြင်း;

(b) လက်ခံဆောင်ရွက်သည့် ဘဏ်၏ AML/CFT ထိန်းချုပ်မှုများကို အကဲဖြတ်ခြင်း;

(c) အဆက်အသွယ်ဘဏ်နှင့် စီးပွားဆက်ဆံဆောင်ရွက်မှု အသစ်များ မထူထောင်မီ အကြီးတန်း စီမံခန့်ခွဲမှု ထံမှ အတည်ပြုချက် တောင်းခံရယူခြင်း; နှင့်

(d) ဘဏ်တစ်ခုချင်း၏ AML/CFT တာဝန်အသီးသီးကို ရှင်းလင်းစွာ နားလည်အောင် ဆောင်ရွက်ခြင်း။

13.2 "ပေးချေမှုကို တစ်ဆင့်လက်ခံငွေစာရင်း" ပေးချေမှုအတွက် တစ်ဆင့် အသုံးပြုသော ဘဏ်ငွေစာရင်း (payable-through account) များနှင့်ပတ်သက်၍၊ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လက်ခံ ဆောင်ရွက်သည့် ဘဏ်က အောက်ပါတို့ကို ကျေနပ်လောက်သည်အထိ လုပ်ဆောင်ကြောင်း သိရှိအောင် ဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

(a) ထိုဘဏ်က အဆက်အသွယ်ဘဏ်၏ ငွေစာရင်းများကို တိုက်ရိုက်ရယူအသုံးပြုသည့် ၄င်း၏ ဆက်သွယ် ဆောင်ရွက်သူ များအပေါ် CDD တာဝန်များ လုပ်ဆောင်ပြီးကြောင်း၊ ထိုနောက်

(b) အဆက်အသွယ်ဘဏ်ထံ သက်ဆိုင်ရာ CDD အချက်အလက် တောင်းခံသည့်အခါ ပေးပို့ နိုင်ကြောင်း။

13.3 ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သဏ္ဌာန်ဆောင်ဘဏ်များနှင့် အဆက်အသွယ် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများ မထူထောင်ရန်၊ သို့မဟုတ် ဆက်လက် မလုပ်ဆောင် ရန် တားမြစ်သင့်သည်။ လက်ခံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ၄င်းတို့၏ ငွေစာရင်းများကို သဏ္ဌာန်ဆောင် ဘဏ်များမှ အသုံးပြုခြင်းကိုခွင့်မပြုကြောင်း ငွေရေးကြေးရေး အဖွဲ့အစည်း များအနေနှင့် ကျေနပ် လောက်သည်အထိ ဆောင်ရွက်ရန်တာဝန်ရှိသင့်သည်။

## အကြံပြုချက် ၁၄ ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ် လွှဲပြောင်းသည့် ဝန်ဆောင်မှုများ

14.1 ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ် လွှဲပြောင်းသည့် ဝန်ဆောင်မှုများ ပေးသည့် လူပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ်များအား လိုင်စင် သို့မဟုတ် မှတ်ပုံတင်ရန် တာဝန်ရှိသင့်သည်။ 40

14.2. နိုင်ငံများသည် လိုင်စင် သို့မဟုတ် မှတ်ပုံတင်ခြင်းမရှိဘဲ MVTS လုပ်ဆောင်သည့် လူပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ်များအား ဖော်ထုတ် သိရှိရန် လုပ်ဆောင်ပြီး၊ အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူဆောင်ရွက်မှုများ ကျင့်သုံးသင့်သည်။

14.3 MVTS ပေးသူများသည် AML/CFT လိုက်နာဆောင်ရွက်မှုအတွက် စောင့်ကြည့် ကြပ်မတ်မှုအောက်တွင် ရှိသင့်သည်။

14.4 MVTS ပေးသူ၏ ကိုယ်စားလှယ်များသည် ကြီးကြပ်ရေးအာဏာပိုင်တစ်ရပ်ရပ်ထံမှ လိုင်စင် သို့မဟုတ် မှတ်ပုံတင် လျှောက်ထားရယူရန် တာဝန်ရှိသင့်သည်။ သို့တည်းမဟုတ် MVTS ပေးသူက MVTS ဝန်ဆောင်မှုလုပ်ငန်းနှင့် ၄င်းတို့၏ ကိုယ်စားလှယ်များ လုပ်ကိုင်သည့် နိုင်ငံများမှ ကြီးကြပ်ရေး အာဏာပိုင်များ တောင်းခံလျှင် ပေးနိုင်ရန်၊ မိမိတို့၏ ကိုယ်စားလှယ် စာရင်းကို အချိန်နှင့်တစ်ပြေးညီ ထားရန် တာဝန်ရှိသင့်သည်။

14.5 ကိုယ်စားလှယ် အသုံးပြုသည့် MVTS ဝန်ဆောင်မှုလုပ်ငန်းများသည် ယင်းတို့အား AML/CFT အစီအစဉ်များ အတွင်း ထည့်သွင်းပါဝင်စေပြီး၊ ထိုအစီအစဉ်များအပေါ် လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့် ကြပ်မတ်သင့်သည်။

40 နိုင်ငံများသည် MVTS ဆောင်ရွက်ခွင့် ရရှိထားသည့် လိုင်စင်ရ သို့မဟုတ် မှတ်ပုံတင်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်း များအပေါ် သီးခြား လိုင်စင် သို့မဟုတ် မှတ်ပုံတင်စနစ် ချမှတ်ရန် မလိုပေ။

## အကြီးပြုချက် ၁၅ နည်းပညာသစ်များ

15.1 နိုင်ငံများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသစ်တီထွင်သည့် ထုတ်ကုန်များနှင့် စီးပွားရေး လုပ်ငန်း ပုံစံများနှင့် ဆက်နွယ်၍ ပေါ်ပေါက်လာနိုင်သော ML/TF အန္တရာယ်များအပြင်၊ ပို့ဆောင်မှု ယန္တရား အသစ်များ၊ ထုတ်ကုန်အသစ်နှင့် လက်ဟောင်း ထုတ်ကုန်များအတွက် နည်းပညာအသစ် သို့မဟုတ် တီထွင် ပေါ်ပေါက်လျက်ရှိသည့် နည်းပညာများ အသုံးပြုမှုများမှ ပေါ်ပေါက်နိုင်သည့် ML/TF အန္တရာယ် များကို ဖော်ထုတ် အကဲဖြတ်သင့်သည်။

15.2 ငွေရေးကြေးရေးအဖွဲ့အစည်း များသည် အောက်ပါတို့ကို လုပ်ဆောင်ရန် တာဝန်ရှိသင့်သည်။

(a) ယင်းသို့ ထုတ်ကုန်များ၊ အသုံးပြုမှုများနှင့် နည်းပညာများကို စတင် မိတ်မဆက်မီ သို့မဟုတ် အသုံးမပြုမီ အန္တရာယ်အကဲဖြတ်မှု ဆောင်ရွက်ခြင်း၊ ထိုနောက်

(b) အန္တရာယ်များကို စီမံခန့်ခွဲရန် နှင့် လျှော့ချရန် သင့်လျော်သည့် အစီအမံများ ကျင့်သုံးခြင်း။

## အကြံပြုချက် ၁၆ အီလက်ထရွန်နစ်နည်းဖြင့်ငွေလွှဲပြောင်းမှုများ

*ငွေလွှဲပို့သူဘက်မှ ငွေရေးကြေးရေးအဖွဲ့အစည်း*

16.1 ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဒေါ်လာ/ယူရို ၁၀၀၀ သို့မဟုတ် ထိုထက်ပိုသော နိုင်ငံ ဖြတ် ကျော် အီလက်ထရွန်နစ် ငွေလွှဲပြောင်းမှု အားလုံးတွင် အောက်ပါ အချက်များ ပါရှိမှု သေချာ အောင် ဆောင်ရွက်ရန် တာဝန်ရှိ သင့်သည်။

(a) လိုအပ်ပြီး တိကျမှန်ကန်ရမည့် လွှဲပြောင်းပေးသူ၏ အချက်အလက်များ 41

(i) လွှဲပြောင်းပေးသူ၏ အမည်

(ii) လွှဲပြောင်းရန် အတွက် အသုံးပြုသည့် လွှဲပြောင်းပေးသူ၏ ငွေစာရင်းအမှတ်၊ သို့မဟုတ် ငွေစာရင်း မရှိလျှင်၊ လွှဲပြောင်းမှုကို နောက်ကြောင်းပြန်လိုက်နိုင်မည့် လွှဲပြောင်းမှု ပြုစဉ်က ကိုးကား အမှတ်အသား။

(iii) လွှဲပြောင်းပေးသူ၏လိပ်စာ သို့မဟုတ် အမျိုးသားမှတ်ပုံတင်အမှတ် သို့မဟုတ် ဆက်သွယ် ဆောင်ရွက်သူ ၏ သက်သေခံအမှတ်၊ သို့မဟုတ် မွေးသက္ကရာဇ်။

(b) အကျိုးခံစားခွင့်ရှိသူနှင့် သက်ဆိုင်သော လိုအပ်သည့် အချက်အလက်များ

(i) အကျိုးခံစားခွင့်ရှိသူ၏ အမည်၊ ထိုနောက်

(i) အကျိုးခံစားခွင့်ရှိသူ၏ လွှဲပြောင်းမှုကို လက်ခံသည့် ငွေစာရင်းအမှတ်၊ သို့မဟုတ် ငွေစာရင်း အမှတ်မရှိလျှင်၊ လွှဲပြောင်းမှုကို နောက်ကြောင်းပြန်လိုက်နိုင်မည့် ကိုးကား အမှတ်အသား။

16.2 လွှဲပြောင်းပေးသူတစ်ဦးတည်းမှ အကျိုးခံစားခွင့်ရှိသူအများအား တစ်စုတည်း စာအမှတ်တစ်ခု တည်း ဖြင့် လွှဲပြောင်းပေးလျှင် ထိုအမှတ်တွင်လိုအပ်ပြီး တိကျမှန်ကန်သည့်လွှဲပြောင်းသူ၏ အချက် အလက်များ၊ အကျိုးခံစားခွင့်ရှိသူ ၏ နိုင်ငံအတွင်း နောက်ကြောင်းပြန် လိုက်နိုင်မည့် အကျိုးခံစားခွင့် ရှိသူများ၏ အချက်အလက်များ၊ ပြီးလျှင် ငွေရေးကြေးရေးအဖွဲ့အစည်း သည် လွှဲပြောင်း ပေးသူ၏ ငွေစာရင်းအမှတ် သို့မဟုတ် လွှဲပြောင်းမှုဆိုင်ရာ ကိုးကားအမှတ်အသားကို ထည့်သွင်းဖော်ပြရန် တာဝန်ရှိသင့်သည်။

16.3 နိုင်ငံများသည် စံသတ်မှတ်ချက် ၁၆.၁ ၏ သတ်မှတ် လိုအပ်ချက်များအရ၊အနည်းဆုံး သတ်မှတ် ပမာဏ (de minimis threshold) ကို ကျင့်သုံးလျှင်၊ ငွေရေးကြေးရေး အဖွဲ့အစည်း များသည် နိုင်ငံဖြတ်ကျော် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပြောင်းမှုအားလုံးကို ထိုအနည်းဆုံး သတ်မှတ် ပမာဏဖြင့် (ဒေါ်လာ/ယူရို ၁,၀၀၀ ထက် မပိုရ) လွှဲပြောင်းမှုများတွင် အောက်ပါအချက်များ ပါရှိစေရန် လုပ်ဆောင်သင့်သည်။

(a) လိုအပ်သည့် လွှဲပြောင်းပေးသူ၏ အချက်အလက်-

(i) လွှဲပြောင်းပေးသူ၏အမည်၊ နှင့်

(ii) ငွေလွှဲပြောင်းမှုကို ပြုလုပ်ရာတွင် အသုံးပြုသည့် လွှဲပြောင်းပေးသူ၏ ငွေစာရင်းအမှတ်၊ သို့မဟုတ် ငွေစာရင်းအမှတ် မရှိလျှင်၊ လွှဲပြောင်းမှုကို နောက်ကြောင်းပြန်လိုက်နိုင်မည့် ထူးခြားသည့် ကိုးကား အမှတ်အသား။

(b) လိုအပ်သည့် အကျိုးခံစားခွင့်ရှိသူ၏ အချက်အလက်များ

(i) အကျိုးခံစားခွင့်ရှိသူ၏ အမည်၊ နှင့်

(ii) ငွေလွှဲပြောင်းမှုကို ပြုလုပ်ရာတွင် လက်ခံ အသုံးပြုသည့် အကျိုးခံစားခွင့်ရှိသူ၏ ငွေစာရင်း၊ သို့မဟုတ် ငွေစာရင်းမရှိလျှင် လွှဲပြောင်းမှုကို နောက်ကြောင်းပြန် လိုက်နိုင်မည့် ကိုးကား အမှတ်အသား။

16.4 သတ်မှတ်စံ ၁၆.၃ တွင် ဖော်ပြသည့် အချက်အလက် တိကျမှန်ကန်မှုအတွက် စိစစ်အတည်ပြုရန် မလိုပေ။ သို့သော် ML/TF သံသယရှိသည့် အခြေအနေတွင်၊ ငွေရေးကြေးရေးအဖွဲ့အစည်း သည် ဆက်သွယ် ဆောင်ရွက်သူ နှင့် ပတ်သက်သည့် အချက်အလက်ကို စိစစ်အတည်ပြုရန် တာဝန်ရှိသင့်သည်။

41 "တိကျမှန်ကန်သော" ဆိုသည့် စကားရပ်မှာ တိကျမှန်ကန်မှုရှိစေရန် စိစစ်အတည်ပြုပြီးသည့် အချက်အလက်များကို သရုပ်ဖော်ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း များသည် လိုအပ်သည့် လွှဲပြောင်းပေးသူ၏ အချက်အလက်များ၏ တိကျမှန်ကန်မှုကို စိစစ်အတည်ပြုရန် တာဝန်ရှိသင့်သည်။

16.5 ပြည်တွင်း၌ အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပြောင်းမှုများအတွက် လွှဲပြောင်းမည့် ငွေရေးကြေးရေး အဖွဲ့အစည်းသည် ထိုငွေလွှဲပြောင်းမှုနှင့် အတူပါရှိရမည့် အချက်အလက်များတွင် နိုင်ငံဖြတ်ကျော် အီလက်ထရွန်နစ် နည်းဖြင့် ငွေလွှဲပြောင်းမှုများ နည်းတူ၊လွှဲပြောင်းပေးသူ၏ အချက်အလက်များ ပါ ထည့်သွင်းရန် တာဝန်ရှိသင့်သည်။ သို့သော် အခြားသောနည်းများဖြင့် အကျိုးခံစားခွင့်ရှိသူ၏ ငွေရေး ကြေးရေး အဖွဲ့အစည်း နှင့် သက်ဆိုင်ရာ အာဏာပိုင်များက ရယူနိုင်လျှင်မူ၊ ပါရှိရန် မလို42 ။

16.6 ပြည်တွင်း၌ အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပြောင်းမှုနှင့် အတူပါရှိသည့် အချက်အလက်များကို အခြားနည်း များဖြင့် အကျိုးခံစားခွင့်ရှိသူ၏ ငွေရေးကြေးရေးအဖွဲ့အစည်း နှင့် သက်ဆိုင်ရာ အာဏာပိုင် များက ရယူနိုင်လျှင်၊ ငွေလွှဲ ငွေရေးကြေးရေးအဖွဲ့အစည်း သည် ငွေလွှဲသူ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူထံ နောက်ကြောင်းပြန် လိုက်နိုင်မည့် ငွေစာရင်းအမှတ် သို့မဟုတ် ငွေလွှဲမှု ဆိုင်ရာ သီးခြား ကိုးကား အမှတ်ကို ထည့်သွင်းရန်သာ လိုအပ်သင့်သည်။ ငွေလွှဲပို့မည့် ငွေရေးကြေးရေး အဖွဲ့အစည်း သည် အကျိုးခံစားခွင့်ရှိသူ ၏ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များထံမှ အချက်အလက် တောင်းခံ လာလျှင် ရုံးရက် ၃ ရက်အတွင်း ပေးဆောင်နိုင်ရန်တာဝန်ရှိသင့်သည်။ ဥပဒေစိုးမိုးရေးအဖွဲ့များမှ ထိုသို့အချက်အလက် များကို တောင်းခံပါက ချက်ချင်း ထုတ်ပေးနိုင်သင့်သည်။

16.7 ငွေလွှဲပို့မည့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် ကောက်ခံရရှိသည့် ငွေလွှဲသူနှင့် အကျိုးခံစားခွင့်ရှိသူ တို့၏ အချက်အလက်များကို အကြံပြုချက် ၁၁ နှင့် အညီ ထိန်းသိမ်းထားရှိရန်တာဝန်ရှိသင့်သည်။

16.8 အထက်တွင် ဖော်ပြထားသည့် သတ်မှတ်စံ ၁၆.၁- ၁၆.၇ အထိ စည်းမျဉ်းများနှင့် ကိုက်ညီမှု မရှိပါက၊ ငွေလွှဲပို့မည့် ငွေရေးကြေးရေး အဖွဲ့အစည်းသည် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပို့ခြင်းကို ခွင့်မပြုသင့်ပါ။

---

42 ဤစကားရပ်တွင် ဥရောပ သမဂ္ဂ၏ နယ်နမိတ်များအတွင်း ဆောင်ရွက်သည့် အီလက်ထရွန်နစ် နည်းဖြင့် ငွေလွှဲပို့သည့် မည်သည့် အဆင့်ကို မဆို၊ ရည်ညွှန်းသည်။ ဆက်လက်၍ ဥရောပ အတွင်းဈေးကွက်နှင့် သက်ဆိုင်သည့် ဥပဒေမူဘောင်သည် ဥရောပ စီးပွားရေး နယ်ပယ် ရှိအဖွဲ့ဝင်များအထိ လွှမ်းခြုံသည်ကို မှတ်ယူရသည်။

*ကြားခံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်း များ*

16.9 နိုင်ငံဖြတ်ကျော်အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပို့မှုများအတွက်၊ ကြားခံ ငွေရေးကြေးရေးအဖွဲ့အစည်းသည် ငွေလွှဲပို့ချိန်တွင် အတူတွဲလျက် ပါရှိသည့် ငွေလွှဲပို့သူ နှင့် အကျိုးခံစား ခွင့်ရှိသူတို့၏ အချက်အလက်အားလုံးကို ထိုငွေလွှဲပို့ချက်နှင့်အတူ ထိန်းသိမ်းထားရှိမှု သေချာအောင် ဆောင်ရွက်ရန် တာဝန်ရှိသင့် သည်။

16.10 အီလက်ထရွန်နစ်နည်းဖြင့်နိုင်ငံဖြတ်ကျော် ငွေလွှဲပို့ချိန်တွင် အတူ ပါရန် လိုအပ်သည့် ငွေလွှဲပို့သူ နှင့် အကျိုးခံစားခွင့် ရှိသူတို့၏ အချက်အလက်တို့မှာ နည်းပညာ ကန့်သတ်မှုများကြောင့် သက်ဆိုင်ရာ ပြည်တွင်း ငွေလွှဲပို့ချက်နှင့်အတူ မရှိပါက၊ ကြားခံ ငွေရေးကြေးရေးအဖွဲ့အစည်းသည် ငွေလွှဲပို့သည့် ငွေရေးကြေးရေး အဖွဲ့အစည်းမှ ဖြစ်စေ၊ နောက်ကြားခံ ငွေရေးကြေးရေးအဖွဲ့အစည်းမှဖြစ်စေ၊ လက်ခံရရှိသည့် အချက်အလက်အားလုံးကို အနည်းဆုံး ငါးနှစ်ကြာ မှတ်တမ်းထားရှိရန် တာဝန်ရှိသင့်သည်။

16.11 ကြားခံ ငွေရေးကြေးရေးအဖွဲ့အစည်း များသည် လိုအပ်သည့် ငွေလွှဲပို့သူ နှင့် အကျိုးခံစားခွင့်ရှိသူ တို့၏ အချက်အလက်များမပါရှိသည့်နိုင်ငံဖြတ်ကျော် ငွေလွှဲပို့မှုများကို ဖော်ထုတ်သိရှိနိုင်ရန်အတွက်၊ အီလက်ထရွန် နစ် နည်းဖြင့် ပေးချေမှုကို တောက်လျှောက်ဆောင်ရွက်ခြင်းနှင့်ကိုက်ညီသော (straight- through processing) သင့်လျော်သည့် အစီအမံများ ကျင့်သုံးရန် တာဝန်ရှိသင့်သည်။

16.12 ကြားခံ ငွေရေးကြေးရေးအဖွဲ့အစည်း များတွင် (က) လိုအပ်သည့် ငွေလွှဲပို့သူ နှင့် အကျိုးခံစားခွင့် ရှိသူတို့၏ အချက်အလက်များ မပါရှိသည့် ငွေလွှဲပို့မှုကို မည်သည့်အခါတွင် ဆောင်ရွက်နိုင်သည်၊ ငြင်းပယ်နိုင်သည်၊ သို့မဟုတ် ဆိုင်းငံ့နိုင်သည်ကို ဆုံးဖြတ်နိုင်ရန်နှင့် (ခ) သင့်လျော်သည့် နောက်ဆက်တွဲ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အန္တရာယ်အခြေပြု မူဝါဒများ လုပ်ထုံးလုပ်နည်းများ ထားရန် တာဝန်ရှိသင့်ကြသည်။

*အကျိုးခံစားခွင့်ရှိသူ ငွေလက်ခံသည့် ငွေရေးကြေးရေးအဖွဲ့အစည်း များ*

16.13 အကျိုးခံစားခွင့်ရှိသူ ငွေလက်ခံသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် လိုအပ်သည့် ငွေလွှဲပို့သူ ၏ အချက်အလက်များ မပါရှိသည့်၊ သို့မဟုတ် လိုအပ်သည့် အကျိုးခံစားခွင့်ရှိသူ၏ အချက်အလက် မပါရှိသည့် နိုင်ငံ ဖြတ်ကျော် ငွေလွှဲပို့မှုများကို ဖော်ထုတ်ရန်အတွက် သင့်လျော်သည့် အစီအမံများ ထားရှိရန် တာဝန်ရှိသင့်သည်။ ထိုအစီအမံများတွင် လုပ်ငန်းဆောင်ရွက်ပြီးချိန် စောင့်ကြည့် ကြီးကြပ်ခြင်းသို့မဟုတ် ဖြစ်နိုင်သည့် အခြေအနေများတွင်၊ ဆောင်ရွက်ချိန် အတွင်း စောင့်ကြည့် ကြီးကြပ်ခြင်းတို့ ပါနိုင်သည်။

16.14 ဒေါ်လာ/ယူရို ၁,၀၀၀ နှင့် အထက်ရှိသော အီလက်ထရွန်နစ်နည်းဖြင့် နိုင်ငံဖြတ်ကျော် ငွေလွှဲပို့မှုများ 43 အတွက်၊ အကျိုးခံစားခွင့်ရှိသူ ၏ ငွေလက်ခံသည့် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အကျိုးခံစားခွင့် ရှိသူ မည်သူမည်ဝါဖြစ်သည်ကို ယခင်က စိစစ်ခဲ့ခြင်း မရှိပါက၊စိစစ်အတည်ပြုရန် တာဝန်ရှိ သင့်သည်။ ပြီးလျှင်

ဤအချက်အလက်များကို အကြံပြုချက် ၁၁ နှင့် အညီ ထိန်းသိမ်း ထားရှိရန် တာဝန်ရှိသင့်သည်။

16.15 အကျိုးခံစားခွင့်ရှိသူ၏ ငွေလက်ခံသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် (က) ငွေလွှဲပို့သူ နှင့် အကျိုးခံစား ခွင့် ရှိသူတို့၏ လိုအပ်သည့် အချက်အလက်များ မပါရှိသည့် ငွေလွှဲပို့မှုကို မည်သည့် အခါတွင် ဆောင်ရွက်နိုင်သည်၊ ငြင်းပယ်နိုင်သည်၊ သို့မဟုတ် ဆိုင်းငံ့နိုင်သည်ကို ဆုံးဖြတ်နိုင်ရန်နှင့် (ခ) သင့်လျော်သည့် နောက်ဆက်တွဲ လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် အန္တရာယ်အခြေပြု မူဝါဒများ လုပ်ထုံးလုပ်နည်းများ ထားရန် တာဝန်ရှိသင့်ကြသည်။

*ငွေကြေး သို့မဟုတ် တန်ဖိုး တစ်ရပ်ရပ် လွှဲပြောင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများ*

16.16 MVTS လုပ်ငန်းများသည် ၄င်းတို့ကိုယ်တိုင် တိုက်ရိုက်ဖြစ်စေ၊ ကိုယ်စားလှယ်များဖြင့်ဖြစ်စေ လုပ်ငန်းလည်ပတ်သည့် နိုင်ငံများတွင်၊ အကြံပြုချက် ၁၆ တွင် ပါရှိသည့် သက်ဆိုင်ရာ သတ်မှတ် လိုအပ်ချက်အားလုံးကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

16.17 အီလက်ထရွန်နစ်နည်းဖြင့် လွှဲပို့သူ ရော အကျိုးခံစားခွင့်ရှိသူ အတွက်ပါ နှစ်ဖက်စလုံးကို ကိုင်တွယ်သည့် MVTS လုပ်ငန်းအတွက် အောက်ပါတို့ကို လုပ်ဆောင်ရန် တာဝန်ရှိသင့်သည်။

(a) သံသယဖြစ်ဖွယ် သတင်းပို့ရန် လိုမလို ဆုံးဖြတ်ရန်အတွက်၊ လွှဲပို့သူ နှင့် အကျိုးခံစားခွင့်ရှိသူ နှစ်ဖက်စလုံး၏ အချက်အလက် အားလုံး ကို ထည့်သွင်းစဉ်းစားခြင်း၊ ထိုနောက်

(b) သံသယဖြစ်သော အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပို့မှု ရိုက်ခတ်ခံရသည့် မည်သည့်နိုင်ငံအား မဆို STR ပို့ ပြီး၊ FIU ထံသို့ သက်ဆိုင်သည့် ငွေလွှဲမှုဆိုင်ရာ အချက်အလက်များကို ပေးပို့ခြင်း၊

*ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှု အကောင်အထည်ဖော်ခြင်း*

16.18 နိုင်ငံများသည် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပို့မှုကို စိစစ်မှုကိစ္စများတွင် ငွေရေးကြေးရေး အဖွဲ့အစည်းများက ထိန်းချုပ်ရေး လုပ်ဆောင်ရန်နှင့် UNSCR ၁၂၆၇ နှင့် ၁၃၇၃ ၊ ၄င်းတို့၏ နောက်ဆက်တွဲ ဆုံးဖြတ်ချက် များကဲ့သို့သော အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုအား တားဆီးနှိမ်နှင်းရေးနှင့် စပ်လျဉ်းသည့် UNSCR များအောက်ရှိ တာဝန်များအရ၊စာရင်းသွင်းသတ်မှတ်ခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်း တို့နှင့် ငွေလွှဲပြောင်းခြင်းမှ တားမြစ်ချက်များကို လိုက်နာရန်သေချာအောင် ဆောင်ရွက် သင့်သည်။

---

43 နိုင်ငံများသည် နိုင်ငံဖြတ်ကျော် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပို့မှုများ (ဒေါ်လာ/ယူရို ၁,၀၀၀ ထက် မပိုသော (*de minimis*) အနည်းဆုံး သတ်မှတ်ပမာဏ နည်းကို ချမှတ်နိုင်သည်။ သို့သော် နိုင်ငံများသည် နိုင်ငံဖြတ်ကျော်၍ မိမိနိုင်ငံအတွင်းသို့ ရောက်လာသည့် သတ်မှတ်ပမာဏထက် မပိုသည့် ငွေလွှဲပို့မှုများတွင် ငွေလွှဲပို့သူ၏ လိုအပ်ပြီး တိကျမှန်ကန်သည့် အချက်အလက်များ ပါရှိရန်လိုသည်။

## အကြံပြုချက် ၁၇ ကြားခံအဖွဲ့အစည်းများဖြင့် ဆောင်ရွက်ခြင်း

17.1 ငွေရေးကြေးရေးအဖွဲ့အစည်း များသည် အကြံပြုချက် ၁၀ ရှိ(က)မှ (ဂ) ပါ CDD အစီအမံများ ဖြစ်သည့် (ဆက်သွယ်ဆောင်ရွက်သူ မည်သူမည်ဝါဖြစ်ကြောင်း သက်သေအထောက်အထား၊ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေအထောက်အထား၊ နှင့် ၄င်းတို့၏ လုပ်ငန်း သဘော သဘာဝကို နားလည်အောင်စိစစ်ခြင်း လုပ်ဆောင်ရန်၊ သို့မဟုတ် စီးပွားဆက်ဆံ စတင်ရန်စသည်တို့ကို နောက် ငွေရေးကြေးရေး အဖွဲ့အစည်း နှင့် DNFBP များအား ကြားခံ အဖွဲ့အစည်းအဖြစ် လုပ်ဆောင် စေခွင့်ရှိပါက၊ အောက်ပါအတိုင်း CDD အစီအမံများ လုပ်ဆောင်ရန် တာဝန်သည် ထိုကြားခံ အဖွဲ့အစည်းအား အားထား အသုံးပြုသည့် ငွေရေးကြေးရေးအဖွဲ့အစည်း ပေါ် အဆုံးစွန် ကျရောက်သည်။

(a) အကြံပြုချက် ၁၀ အောက်ရှိ က မှ ဂ ပါ CDD အစီအမံများတွင် ပါရှိသည့် လိုအပ်သော အချက်အလက်များကို ချက်ချင်းတောင်းခံရယူ၇န်၊

(b) သက်သေခံအထောက်အထား ဒေတာများ၊ CDD လိုအပ်ချက်များနှင့် ပတ်သက်သော အခြား သက်ဆိုင် သည့် မှတ်တမ်းများကို ကြားခံအဖွဲ့ထံမှ တောင်းခံသည့်အခါ မဆိုင်းမတွ ပေးနိုင်မည်ဟု ကျေနပ်သည် အထိ လုပ်ဆောင်ရန်၊

(c) ကြားခံအဖွဲ့အစည်းအပေါ် စည်းမျဉ်းစည်းကမ်းချမှတ်ထားပြီး၊ကြီးကြပ်ကွပ်ကဲမှု သို့မဟုတ် စောင့်ကြည့် ကြပ်မတ်မှု ရှိပြီး၊ အကြံပြုချက် ၁၀နှင့် ၁၁ တို့နှင့် အညီ CDD နှင့် မှတ်တမ်းမှတ်ရာ ထားရှိမှုဆိုင်ရာ လိုအပ်ချက်များ လိုက်နာဆောင်ရွက်ရန် အစီအမံများ ချမှတ်ထားရှိပြီးဖြစ်ကြောင်း၊ ကျေနပ်သည်အထိ လုပ်ဆောင်ရန်၊

17.2 ထိုအချက်အလက်များနှင့်ပြည့်မီသည့် ကြားခံအဖွဲ့အစည်း အခြေစိုက်သော နိုင်ငံများကို စဉ်းစား ဆုံးဖြတ်သည့်အခါ၊ နိုင်ငံများသည် နိုင်ငံဆိုင်ရာ အန္တရာယ်အဆင့်နှင့် ပတ်သက်၍ ရရှိနိုင်မည့် သတင်း အချက်အလက်များကို လေ့လာသင့်သည်။

17.3 ငွေရေးကြေးရေးအဖွဲ့အစည်းများ အားထား အသုံးပြုသည့် ကြားခံအဖွဲ့အစည်းသည် ငွေကြေး ဆိုင်ရာ အုပ်စု တစ်ခုတည်း၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါက၊ အောက်ပါအခြေအနေများတွင် အထက်၌ ဖော်ပြ ထားသည့် သတ်မှတ်စံများ၏ လိုအပ်ချက်များ ပြည့်မီမှု ရှိမရှိကို သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင် များက သုံးသပ်သင့်သည်။ 44

44 အကြံပြုချက် ၁၇ ရှိ သက်ဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်ဆိုသည့် စကားရပ်သည် (၁) အုပ်စုဆိုင်ရာ မူဝါဒများနှင့် ထိန်းချုပ်မှုများကို နားလည်ရန်အတွက် ပါဝင်ပတ်သက်သင့်သည့် အိမ်ရှင် အာဏာပိုင်များ (နှင့် (၂) ရုံးခွဲများ/ လက်အောက်လုပ်ငန်းများအတွက် ပါဝင်ပတ်သက်သင့်သည့် ဧည့်အာဏာပိုင်များကို ဆိုလိုသည်။

(a) အကြံပြုချက် ၁၀ မှ ၁၂ အထိ အကြံပြုချက်များနှင့် အညီ၊ ထိုအုပ်စုသည် CDD နှင့် မှတ်တမ်းထိန်းသိမ်းထားရှိမှုတာဝန်များအပြင်၊အကြံပြုချက်၁စနှင့်အညီ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရန် အစီအစဉ်များကိုပါ လိုက်နာကျင့်သုံးမှု ရှိကြောင်း၊

(b) ထို CDD နှင့် မှတ်တမ်းများထိန်းသိမ်းထားရှိမှု လိုအပ်ချက်များနှင့် AML/CFT အစီအစဉ်များ အကောင်အထည် ဖော်မှုကို ကြီးကြပ်ရေးအာဏာပိုင်မှ အုပ်စုလိုက် ကြီးကြပ်ကွပ်ကဲခြင်း၊

(c) ထိုအုပ်စု၏ AML/CFT မူဝါဒများဖြင့် နိုင်ငံတွင်ပေါ်ပေါက်သည့် မည်သည့် အန္တရာယ်အဆင့်မြင့်ကို မဆို လုံလောက်စွာ လျှော့ချနိုင်သည်။

## အကြံပြုချက် ၁၈ ဌာနဆိုင်ရာ ထိန်းချုပ်မှုများ၊ နိုင်ငံခြား ဘဏ်ခွဲများနှင့် လက်အောက်ခံလုပ်ငန်းများ

18.1 ငွေရေးကြေးရေးအဖွဲ့အစည်း များသည် ML/TF အန္တရာယ်များနှင့်တကွ စီးပွားရေးလုပ်ငန်း၏ ပမာဏ တို့ကို ရှေးရှု၍ ML/TF တိုက်ဖျက်ရေး အစီအစဉ်များ အကောင်အထည် ဖော်ရန် တာဝန်ရှိသင့်သည်။ ထိုအစီအစဉ်များတွင် အောက်ပါဌာနဆိုင်ရာမူဝါဒများ၊လုပ်ထုံးလုပ်နည်းများနှင့်ထိန်းချုပ်မှုများ ပါဝင်သည်။

(a) လိုက်နာဆောင်ရွက်မှု စီမံခန့်ခွဲရေး အစီအစဉ်များ (စီမံခန့်ခွဲမှုအဆင့်၌ လိုက်နာဆောင်ရွက်မှု အကောင်ထည်ဖော်ရေး အရာရှိတစ်ဦးခန့်ထားခြင်း အပါအဝင်)

(b) ဝန်ထမ်းများ စတင်ခန့်ထားချိန်တွင် အရည်အချင်း ပြည့်ဝမှု သေချာစေရန် စိစစ် ရွေးချယ်သည့် လုပ်ထုံး လုပ်နည်းများ၊

(c) စဉ်ဆက်မပြတ် ဝန်ထမ်း လေ့ကျင့်ရေး အစီအစဉ်များ၊ နှင့်

(d) စနစ်ကို စစ်ဆေးရန်အတွက် သီးခြား လွတ်လပ်သည့် စစ်ဆေးရေးလုပ်ငန်းစဉ်များ

18.2 ဘဏ္ဍာရေးဆိုင်ရာအုပ်စုများသည် ရုံးခွဲများအားလုံးနှင့် ငွေကြေးဆိုင်ရာ အုပ်စု၏ အများစု ပိုင်ဆိုင်သည့် လက်အောက် လုပ်ငန်းများ ကျင့်သုံးနိုင်ပြီး ကိုက်ညီ သင့်လျော်သည့် ML/TF တိုက်ဖျက်ရေး အုပ်စုလိုက် အစီအစဉ်များ အကောင်အထည် ဖော်ရန် တာဝန်ရှိသင့်သည်။ ထိုအစီအစဉ်တွင် သတ်မှတ်စံ ၁၈.၁ ၌ ဖော်ပြသော အစီအမံများ အပြင်၊ အောက်ပါ အစီအမံများလည်း ပါဝင်သင့်သည်။ ထို့အပြင်၊

(a) CDD နှင့် ML/TF အန္တရာယ် စီမံခန့်ခွဲမှု ကိစ္စရပ်များ ဆောင်ရွက်ရန် လိုအပ်သည့် သတင်း အချက်အလက် ဖလှယ်ရေး အတွက် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၊

(b) အုပ်စုအဆင့် လိုက်နာဆောင်ရွက်မှု၊ စစ်ဆေးမှု၊ နှင့်/သို့မဟုတ် ဘဏ်ခွဲများနှင့် လက်အောက်ခံ လုပ်ငန်းများမှ ဆက်သွယ်ဆောင်ရွက်သူ ၊ငွေစာရင်း နှင့် ငွေလွှဲမှု သတင်းအချက် အလက်များ ဆိုင်ရာ AML/CFT လုပ်ငန်းစဉ်များကို သတ်မှတ်ပြဋ္ဌာန်းခြင်း။ ထိုအထဲတွင် သတင်းအချက်အလက် နှင့် ငွေလွှဲမှု သို့မဟုတ် ပုံမှန်မဟုတ်သည့် လှုပ်ရှားမှုများကို ပြုလုပ်သည့် ပိုင်းခြားစိတ်ဖြာမှုများ ပါဝင်သင့်သည်( ထိုသို့ ပိုင်းခြားစိတ်ဖြာမှု ပြုလုပ်ပြီးလျှင်) 45။ ထိုနည်းတူစွာ ဘဏ်ခွဲများနှင့် လက်အောက်ခံ လုပ်ငန်းများသည်လည်း ဤအုပ်စုအဆင့် လုပ်ငန်းစဉ်များမှ အန္တရာယ်စီမံခန့်ခွဲမှု နှင့် သက်ဆိုင်ပြီး သင့်လျော်သည့် သတင်းအချက် အလက်များ ရရှိသင့်သည်။ 46 ထိုနောက်

(c) သတင်းအချက်အလက်ကို ပေါက်ကြားမှုမဖြစ်စေရန် အကာအကွယ်များအပါအဝင်၊ လျှို့ဝှက် လုံခြုံမှု နှင့် ဖလှယ်သည့် သတင်းအချက်အလက်ကို အသုံးပြုမှုတို့အပေါ် လုံလောက်သည့် အကာ အကွယ်များ ထားရှိခြင်း။

18.3 ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ၄င်းတို့၏ နိုင်ငံခြား ဘဏ်ခွဲများနှင့် အများစုပိုင် လက်အောက်ခံ လုပ်ငန်းများအနေနှင့်၊၄င်းတို့ ရောက်ရှိနေသည့်နိုင်ငံ၏ AML/CFTသတ်မှတ်ချက်များကအနည်းဆုံး အားဖြင့်၊ ဇာတိနိုင်ငံ၏ သတ်မှတ်ချက်များလောက် မတင်းကျပ်ပါက၊ ရောက်ရှိနိုင်ငံ၏ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများခွင့်ပြုသည့်အတိုင်းအတာအထိ၊ ဇာတိနိုင်ငံ၏ သတ်မှတ် ချက်များနှင့် ကိုက်ညီသည့် AML/CFT အစီအမံများ ကျင့်သုံးစေရန် သေချာသည်အထိ ဆောင်ရွက်စေရန် တာဝန်ရှိ သင့်သည်။

ရောက်ရှိနိုင်ငံက ဇာတိနိုင်ငံ၏ သတ်မှတ်ချက်များနှင့် အညီ AML/CFT အစီအမံများ စနစ်တကျ အကောင်အထည် ဖော်ရန် ခွင့်မပြုပါက၊ ဘဏ္ဍာရေးအုပ်စုများသည် သင့်လျော်သည့် ML/TF အန္တရာယ် စီမံခန့်ခွဲရေး အစီအမံများ ထပ်တိုး ကျင့်သုံးပြီး၊ ၄င်းတို့၏ နိုင်ငံရှိ ကြီးကြပ်သူများထံ အကြောင်းကြား သင့်သည်။

45 ထိုအထဲတွင် STR နှင့်တကွ အကြောင်းခံ အချက်အလက်များ၊. သို့မဟုတ် STR ပေးပို့ပြီးကြောင်းဆိုသည့်အချက် လည်း ပါဝင်နိုင်သည်။

46 ဤသတ်မှတ်စံအရ မည်သည့်သတင်းအချက်အလက် နှင့် မည်သည့်အတိုင်းအတာ အထိ ဖလှယ်နိုင်သည်ဆိုသည်ကို သတင်းအချက်အလက်၏ ထိလွယ်ရှလွယ်အနေအထား၊ AML/CFT အန္တရာယ် စီမံခန့်ခွဲမှုနှင့် သက်ဆိုင်မှု တို့အပေါ် မူတည်၍၊ နိုင်ငံများကိုယ်တိုင် ဆုံးဖြတ်နိုင်သည်။

## အကြံပြုချက် ၁၉ အန္တရာယ်အဆင့်ပိုမြင့်သည့်နိုင်ငံများ

19.1 ငွေရေးကြေးရေးအဖွဲ့အစည်း များသည် FATF က အလေးထားစိစစ်ရန် တောင်းဆိုသည့် နိုင်ငံများမှ (ငွေရေးကြေးရေး အဖွဲ့အစည်း များအပါအဝင်) လူပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဆက်သွယ်ဆောင်ရွက်မှု ပြုလုပ်ရာတွင်၊ အန္တရာယ်များနှင့် အချိုးညီသည့် တိုးမြှင့် အလေးထား စိစစ်မှု ဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

19.2 နိုင်ငံများသည် (က) FATF မှ တောင်းဆိုသည့်အခါ၊ ထို့အပြင် (ခ) FATF မှ တောင်းဆိုမှု အပြင် အခြားသီးခြား လွတ်လပ်သည့် အန္တရာယ်များနှင့် အချိုးညီသည့် တန်ပြန်အစီအမံများ ကျင့်သုံးရန် လိုသည့် အခါ၊ ချမှတ် ကျင့်သုံးနိုင်သင့်သည်။

19.3 နိုင်ငံများသည် အခြားနိုင်ငံများ၏ AML/CFT စနစ်များအတွင်း အားနည်းချက်များနှင့် ပတ်သက်သည့် စိုးရိမ်မှုများကို ငွေရေးကြေးရေးအဖွဲ့အစည်းများအား အသိပေးနိုင်မည့် အစီအမံများ ချမှတ်ထားရှိပြီး ဖြစ်သင့်သည်။

## အကြံပြုချက် ၂၀ သံသယဖြစ်ဖွယ် သတင်းပို့ချက်များ ပေးပို့ခြင်း [47]

20.1 ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုရှိ ရန်ပုံငွေများည် ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် ငွေကြေးများ သို့မဟုတ် TF နှင့် ပတ်သက်သည်ဟု သံသယဖြစ်လျှင်၊ သို့မဟုတ် သံသယဖြစ်ရန် အကြောင်းများ လုံလောက်လျှင်၊ FIU ထံသို့ မိမိတို့၏ သံသယများကို ချက်ချင်း သတင်းပို့ အစီရင်ခံရန် တာဝန်ရှိသင့်သည်။

20.2 ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းဂုန် အားထုတ်မှုများ အပါအဝင်၊ ငွေလွှဲပြောင်းမှုအားလုံးကို လွှဲပြောင်းသည့် ပမာဏ မည်မျှရှိသည်ဖြစ်စေ၊ သတင်းပို့ရန် တာဝန်ရှိသင့်သည်။

---

47 ငွေရေးကြေးရေးအဖွဲ့အစည်း များ သံသယဖြစ်ဖွယ်သတင်းပို့ရန် သတ်မှတ်ချက်ကို ဥပဒေ၌ ထည့်သွင်းပြဋ္ဌာန်းသင့်သည်။

48 "ပြစ်မှုကျူးလွန်မှု" ဆိုသည်မှာ (က) နိုင်ငံအတွင်း ML အတွက် မူလပြစ်မှု မြောက်သည့် ရာဇဝတ်ကျူးလွန်မှု အားလုံး၊ သို့မဟုတ် (ခ) အနည်းဆုံးအားဖြင့်၊ အကြံပြုချက် (၃) ၏ သတ်မှတ်ချက်အရ၊ မူလပြစ်မှု မြောက်သည့် ရာဇဝတ်မှုများကို ဆိုလိုသည်။

## အကြံပြုချက် ၂၁ သတင်းပေါက်ကြားမှု နှင့် လျှို့ဝှက်လုံခြုံမှု

21.1 ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ၄င်း၏ ဒါရိုက်တာများ၊အရာရှိများနှင့် ဝန်ထမ်းများက FIU ထံသို့ သဘောရိုးဖြင့် ၄င်းတို့၏ သံသယများကို သတင်းပို့လျှင်၊ ၄င်းတို့အပေါ် စာချုပ်ဖြင့်ဖြစ်စေ အခြားဥပဒေ၊ စည်းမျဉ်း သို့မဟုတ် ဌာနဆိုင်ရာ ပြဋ္ဌာန်းချက်များဖြင့်ဖြစ်စေ ချမှတ်ထားသည့် သတင်းအချက်အလက် ဖွင့်ဟပြောဆိုမှု တားမြစ်ချက်များကို ဖောက်ဖျက်မှုဖြင့် ပြစ်မှုကြောင်းအရနှင့် တရားမကြောင်းအရ ပြစ်ဒဏ် ခံရခြင်းမှ အကာအကွယ်ပေးသင့်သည်။ ၄င်းတို့သည် သံသယဖြစ်ဖွယ် သတင်းပို့ချက်၏ အကြောင်းခံ ဖြစ်သော ပြစ်မှုကျူးလွန်အကြောင်း အတိအကျ မသိဘဲ သတင်းပို့သည်ဖြစ်စေ ထိုကျူးလွန်မှု အမှန်တကယ် ပြီးမြောက်ခြင်းရှိသည် ဖြစ်စေ မရှိသည်ဖြစ်စေ၊ ဤအကာအကွယ် ရသင့်သည်။

21.2 ငွေရေးကြေးရေးအဖွဲ့အစည်းများ၊၄င်းတို့၏ ဒါရိုက်တာများ၊အရာရှိများ နှင့် ဝန်ထမ်းများသည် FIU ထံသို့ STR သို့မဟုတ် ၄င်းနှင့် ပတ်သက်သည့် သတင်းအချက်အလက် ပေးပို့ခြင်းကို ဖွင့်ဟပြောဆိုခြင်းမှ တားမြစ်ချက်ကို ဥပဒေဖြင့် ပြဋ္ဌာန်းသင့်သည်။ သို့သော် ဤပြဋ္ဌာန်းချက်သည် အကြံပြုချက် (၁၈) ပါ သတင်းအချက်အလက် မျှဝေခြင်း သတ်မှတ်ချက်ကို အဟန့်အတား ဖြစ်ရန် ရည်ရွယ်ခြင်းမရှိပါ။

## အကြံပြုချက် ၂၂ — ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (DNFBP) - ဆက်သွယ်ဆောင်ရွက်သူ အား အလေးထားစိစစ်မှု

22.1 DNFBP များသည် အောက်ပါအခြေအနေများ၌ အကြံပြုချက် (၁၀) ပါCDD သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

(a) ကာစီနိုများ -ဆက်သွယ်ဆောင်ရွက်သူ များ က ငွေကြေးလွှဲပြောင်းမှုများကို ဒေါ်လာ/ယူရို ၃,၀၀၀ နှင့် အထက် ပြုလုပ်သည့်အခါ।49

(b) အိမ်အကျိုးဆောင်လုပ်ငန်းများ -အိမ်ခြံ မြေ အရောင်းအဝယ်နှင့် ပတ်သက်၍ ဆက်သွယ် ဆောင်ရွက်သူ၏ ငွေလွှဲပြောင်းမှုများအပေါ် ပါဝင် ဆောင်ရွက်ပေးသည့်အခါ50။

(c) အဖိုးတန် သတ္တုများနှင့်အဖိုးတန် ကျောက်မျက်များ အရောင်းအဝယ်လုပ်ငန်းများ- ဆက်သွယ် ဆောင်ရွက်သူ တစ်ယောက်နှင့် ငွေသား လွှဲပြောင်းမှုပမာဏ ဒေါ်လာ/ယူရို ၁၅,၀၀၀ နှင့် အထက် ဆောင်ရွက်သည့်အခါ।

(d) ရှေ့နေများ၊နိုထရီများ၊ အခြား သီးခြားလွတ်လပ်သော ဥပ ဒေ ပညာဖြင့် အသက်မွေး ဝမ်းကျောင်း ပြုသူများနှင့် စာရင်းကိုင်များသည် မိမိတို့၏ ဆက်သွယ်ဆောင်ရွက်သူများအတွက် အောက်ပါ ဆောင်ရွက်မှုများကို ပြင်ဆင်ပေးသည့်အခါ သို့မဟုတ် လုပ်ဆောင်ပေး သည့်အခါ।

- အိမ်ခြံ မြေ ရောင်းဝယ်ခြင်း၊
- ဆက်သွယ်ဆောင်ရွက်သူ၏ ငွေကြေး၊ ငွေချေးသက်သေခံစာချုပ်စာတမ်းများ သို့မဟုတ် အခြား ပိုင်ဆိုင်မှု များကို စီမံခန့်ခွဲခြင်း၊
- ဘဏ်၊ စုငွေစာရင်းသို့မဟုတ် ငွေချေးသက်သေခံစာချုပ်စာတမ်း စာရင်းများကို စီမံ ခန့်ခွဲခြင်း၊
- ကုမ္ပဏီထူထောင်ခြင်း၊ လည်ပတ်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း တို့အတွက် ထည့်ဝင်ငွေများ စီစဉ်ဆောင်ရွက်ခြင်း၊
- ဥပဒေရေးရာ ပုဂ္ဂိုလ်များ သို့မဟုတ် စီစဉ်ဆောင်ရွက်မှုများ ထူထောင်ခြင်း၊ လည်ပတ်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း၊ နှင့် စီးပွားရေးလုပ်ငန်းများ အရောင်းအဝယ် ဆောင်ရွက်ခြင်း၊

(e) ယုံကြည်အပ်နှံမှုနှင့်ကုမ္ပဏီဝန်ဆောင်မှုပေးသည့်လုပ်ငန်းများသည် အောက်ပါ ဆောင်ရွက်ချက်များ နှင့် ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်သူအတွက် ငွေကြေးလွှဲမှုများ ပြင်ဆင်သည့် အခါ၊ သို့မဟုတ် ဆောင်ရွက်သည့်အခါ।

- ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ ထူထောင်ရေး အေးဂျင့်အဖြစ် ဆောင်ရွက်ခြင်း၊
- ကုမ္ပဏီ၊ ပူးတွဲဆောင်ရွက်သည့် လုပ်ငန်းတစ်ခု၊ ပူးတွဲဆောင်ရွက်သူ၊ သို့မဟုတ် အခြား ဥပဒေရေးရာ ပုဂ္ဂိုလ်များ နှင့် ပတ်သက်သည့် အလားတူ ရာထူးတစ်ခုခု၏ တစ်ခု၏

ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် အခြားသူ တစ်ဦးအား ဆောင်ရွက်စေရန် စီစဉ်ခြင်း၊

- ကုမ္ပဏီ၊ပူးတွဲဆောင်ရွက်မှုသို့မဟုတ် အခြား ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ခုခုအတွက် မှတ်ပုံတင်ထားပြီးသည့် ရုံး၊ လုပ်ငန်းလိပ်စာ သို့မဟုတ် နေရာထိုင်ခင်း၊ ဆက်သွယ်ရန် လိပ်စာ သို့မဟုတ် ရုံးလုပ်ငန်းလိပ်စာ တာဝန်ယူပေးခြင်း၊
- အထူးယုံကြည်အပ်နှံမှု တစ်ခုအတွက် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း၊ သို့မဟုတ် နောက် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု ပုံစံတစ်ခုအတွက် ထပ်တူ ဆောင်ရွက်မှု လုပ်ဆောင်ခြင်း၊ (သို့မဟုတ် အခြားသူတစ်ဦးအား ဆောင်ရွက်ရန် စီစဉ် ပေးခြင်း)။
- နောက်လူတစ်ဦးအတွက် အမည်ခံ အစုရှယ်ယာပိုင်ရှင်အဖြစ် ဆောင်ရွက်ခြင်း (သို့မဟုတ် နောက်လူတစ်ဦးအား ဆောင်ရွက်စေရန် စီစဉ်ဆောင်ရွက်ခြင်း)

22.2 သတ်မှတ်စံ ၂၂.၁ တွင် ချမှတ်ထားသည့် အခြေအနေများတွင်၊ DNFBP များသည် အကြံပြုချက် ၁၁ ပါ မှတ်တမ်းမှတ်ရာ ထိန်းသိမ်းထားရှိခြင်းနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

22.3 သတ်မှတ်စံ ၂၂.၁ တွင် ချမှတ်ထားသည့် အခြေအနေများတွင်၊ DNFBP များသည် အကြံပြုချက် ၁၂ ပါ PEP နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

22.4 သတ်မှတ်စံ ၂၂.၁ တွင် ချမှတ်ထားသည့် အခြေအနေများတွင်၊ DNFBP များသည် အကြံပြုချက် ၁၅ ပါ နည်းပညာနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

22.5 သတ်မှတ်စံ ၂၂.၁ တွင် ချမှတ်ထားသည့် အခြေအနေများတွင်၊ DNFBP များသည် အကြံပြုချက် ၁၇ ပါ ကြားခံအဖွဲ့အစည်းများကိုအားထား ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ရန် တာဝန်ရှိသင့်သည်။

---

49 ကာစီနိုသို့လာရောက်သူအား အဝင်ပေါက်၌ ကိုယ်ရေးအထောက်အထား စိစစ်ခြင်းမှာ ဖြစ်နိုင်သော်လည်း လုံလောက်သည်ဟု မဆိုနိုင်ပါ။ နိုင်ငံများသည် ကာစီနိုအတွင်း ငွေကြေးလွှဲပြောင်းမှု လုပ်သည့် CDD အချက်အလက်များကို ထိုလွှဲပြောင်းမှု လုပ်သည့် ဆက်သွယ်ဆောင်ရွက်သူ နှင့် ချိတ်ဆက်နိုင်ရန် ကာစီနိုများကို သေချာစွာ ဆောင်ရွက်စေသင့်သည်။ "ငွေကြေးဆိုင်ရာ လွှဲပြောင်းမှုများ" ဆိုသည်မှာ ကာစီနို တိုကင်ပြားများ သို့မဟုတ် အခြားတိုကင်များနှင့်သာ ဆိုင်သည်မဟုတ်ပါ။

50 ဤသို့ဆိုရာတွင် အိမ်ခြံမြေ အကျိုးဆောင်လုပ်ငန်းများသည် အကြံပြုချက် (၁၀) ပါ အိမ်ခြံ ဝယ်သူရော ရောင်းသူပါ အကျုံးဝင်သည့် သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်သင့်သည် ဟု ဆိုလိုသည်။

## အကြံပြုချက် ၂၃ DNFBP များ- အခြား အစီအမံများ

23.1 အကြံပြုချက် ၂၀ တွင် ချမှတ်ထားသည့် သံသယဖြစ်ဖွယ်များကို သတင်းပို့ရန် တာဝန်များသည် အောက်ပါ အခြေအနေများတွင် DNFBP အားလုံးအပေါ် အကျုံးဝင်စေသင့်သည်။

(a) ရွှေနေများ၊နိုထရီများ၊ အခြားသီးခြားလွတ်လပ်သော ဥပဒေပညာဖြင့် အသက်မွေး ဝမ်းကျောင်းပြုသူများနှင့် စာရင်းကိုင်များ 51 -သည် သတ်မှတ်စံ ၂၂.၁ (ဃ) 52 တွင် ဖော်ပြထားသည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ငွေကြေးလွှဲပြောင်းမှုတစ်ခုခုကိုကိုယ်တိုင် ဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူ ကိုယ်စားဖြစ်စေ၊ လုပ်ဆောင်သည့် အခါ၊

(b) အဖိုးတန် သတ္တုများ သို့မဟုတ် ကျောက်မျက်များ အရောင်းအဝယ်လုပ်ငန်းလုပ်သူများ -ဆက်သွယ်ဆောင်ရွက်သူတစ်ဦးနှင့် ငွေကြေးလွှဲပြောင်းမှုကို ပမာဏ ဒေါ်လာ/ယူရို ၁၅,၀၀၀ နှင့် အထက် ဆောင်ရွက်သည့်အခါ၊

(c) ယုံကြည်အပ်နှံမှုနှင့် ကုမ္ပဏီ ဝန်ဆောင်ပေးသည့်လုပ်ငန်းများ ဆက်သွယ်ဆောင်ရွက်သူ တစ်ဦးဦး၏ ကိုယ်စား သို့မဟုတ်ထိုသူအတွက် သတ်မှတ်စံ ၂၂.၁ (e) တွင် ဖော်ပြထားသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် ငွေလွှဲပြောင်းတစ်ခုခုကို ဆောင်ရွက်သည့်အခါ၊

---

51 သီးခြားလွတ်လပ်သော ဥပဒေရေးရာ ကျွမ်းကျင်အတတ်ပညာရှင်များအဖြစ် ဆောင်ရွက်ကြသော ရွှေနေများ၊ နိုထရီများ၊အခြားသီးခြားလွတ်လပ်သော ဥပဒေရေးရာ ကျွမ်းကျင်သူများ၊ နှင့် စာရင်းကိုင်များသည် မိမိတို့ရရှိသည့် သက်ဆိုင်ရာသတင်းအချက်အလက်သည် ကျွမ်းကျင်မှုလုပ်ငန်းပိုင်းဆိုင်ရာ လျှို့ဝှက်မှု သို့မဟုတ် ဥပဒေရေးရာ ကျွမ်းကျင်မှုလုပ်ငန်းပိုင်းဆိုင်ရာ အထူးအခွင့်အရေးများ လိုက်နာရသူများဖြစ်ပါက၊ သံသယဖြစ်ဖွယ် သတင်းပို့ရန် မလိုပါ။ မည်သည့်ကိစ္စများက ကျွမ်းကျင်မှု လုပ်ငန်းပိုင်းဆိုင်ရာ လျှို့ဝှက်မှု (professional secrecy) သို့မဟုတ် ကျွမ်းကျင်မှုလုပ်ငန်းပိုင်းဆိုင်ရာ အထူးအခွင့် အရေးများ (legal professional privilege) အောက်ကျရောက်သည်ဆို သည်ကို နိုင်ငံများက သတ်မှတ်ရန်ဖြစ်သည်။ ထိုသို့သတ်မှတ်ရန် ရွှေနေများ၊ နိုထရီများ၊အခြားသီးခြားလွတ်လပ်သော ဥပဒေရေးရာ ကျွမ်းကျင်သူများက မိမိတို့၏ အမှုသည်များမှ ဖြစ်စေ၊ အခြား အမှုသည်တစ်ဦးဦးမှတဆင့် ဖြစ်စေ အောက်ပါတို့ လုပ်ဆောင်ရာမှ ရရှိသော သတင်းအချက်အလက်များ လွှမ်းခြုံစဉ်းစားရသည်။ (က) ဥပ ဒေအရ မိမိ အမှုသည်၏ အနေအထားကို အတည်ပြုချိန် သို့မဟုတ် (ခ) ထိုအမှုသည်အတွက်တရားရုံးခွဲဖြစ်စေ၊ ဌာနဆိုင်ရာဖြစ်စေ၊ အင်ငင်ဗွားမှု ဖြန်ဖြေသည့် ကြားဝင်ဆောင်ရွက်ပေးသည့် ကြားနာမှုများတွင် ခုခံကာကွယ်ပေးခြင်း သို့မဟုတ် လိုက်ပါဆောင်ရွက်ပေးခြင်း လုပ်ဆောင်နေစဉ် ဖြစ်စေ။

52 ရွှေနေများ၊ နိုထရီများ၊အခြားသီးခြားလွတ်လပ်သော ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် စာရင်းကိုင်များကို ၄င်းတို့နှင့် သက်ဆိုင်သာ ကိုယ်တိုင်စည်းကမ်းကြပ်မတ်မှုရှိသည့် အဖွဲ့များ (SRB) ထံ STR ပို့ခွင့် ရှိသည့် နိုင်ငံများအတွက်၊ ဤအဖွဲ့များနှင့် FIU တို့အကြား ပူးပေါင်းဆောင်ရွက်သည့် ပုံစံများ ထားရှိသင့်သည်။

53 သီးခြားလွတ်လပ်သော ဥပ ဒေရေးရာ ကျွမ်းကျင်ပညာရှင်များအဖြစ် ဆောင်ရွက်ကြသော ရွှေနေများ၊ နိုထရီများ၊အခြားသီးခြားလွတ်လပ်သော ဥပဒေရေးရာ ကျွမ်းကျင်သူများနှင့် စာရင်းကိုင်များက မိမိအမှုသည်တစ်ဦးကို ဥပဒေနှင့် မညီညွတ်သည့် လုပ်ငန်း မလုပ်ဆောင်ရန် တားဖြစ်တိုက်တွန်းရန် ကြိုးပမ်းသည့် အခြေအနေများကို သတင်းပေါက်ကြားခြင်း မဖြောက်ပါ။

23.2 သတ်မှတ်စံ ၂၃.၁ ပါ အခြေအနေများတွင်၊ DNFBP များသည် အကြံပြုချက် ၁၈ ပါ ဌာနဆိုင်ရာ ထိန်းချုပ်မှု နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန် ရှိသင့်သည်။

23.3 သတ်မှတ်စံ ၂၃.၁ ပါ အခြေအနေများတွင်၊ DNFBP များသည် အကြံပြုချက် ၁၉ ပါ အန္တရာယ်အဆင့်မြင့် နိုင်ငံများနှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန် ရှိသင့်သည်။

23.4 သတ်မှတ်စံ ၂၃.၁ ပါ အခြေအနေများတွင်၊ DNFBP များသည် အကြံပြုချက် ၂၁ ပါ သတင်းပေါက်ကြားမှုနှင့် လျှို့ဝှက်လုံခြုံမှု နှင့် စပ်လျဉ်းသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် တာဝန် ရှိသင့်သည်53

## အကြံပြုချက် ၂၄ ပွင့်လင်းမြင်သာမှုနှင့် ဥပ ဒေရေးရာ ပုဂ္ဂိုလ်များ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် [54]

24.1 နိုင်ငံများသည် အောက်ပါတို့ကို သိရှိဖော်ထုတ်နိုင်ရန် ယန္တရားများ ရှိသင့်သည် (က) မတူညီသော ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ အမျိုးအစား၊ ပုံစံနှင့် အခြေခံလက္ခဏာများ၊ နှင့် (ခ) ထိုဥပဒေရေးရာ ပုဂ္ဂိုလ်များကို ထူထောင်သည့် လုပ်ငန်းစဉ်များ၊ နှင့် အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များ။ ထိုအချက်အလက်များကို အများပြည်သူ ရယူ ကြည့်ရှုနိုင်သင့်သည်။

24.2 နိုင်ငံများသည် မိမိနိုင်ငံတွင် ထူထောင်သည့် ဥပဒေရေးရာ ပုဂ္ဂိုလ်အမျိုးအစားတိုင်းနှင့် ဆက်နွယ်သည့် ML/TF အန္တရာယ်များကို အကဲဖြတ်သင့်သည်။

*အခြေခံအချက်အလက်များ*

24.3 နိုင်ငံများသည် ကုမ္ပဏီ မှတ်ပုံတင်စာရင်းရုံးတွင် ကုမ္ပဏီအားလုံး မှတ်ပုံတင်စေရန် တာဝန်ရှိ သင့်သည်။ ထိုမှတ်ပုံတင်စာရင်းတွင် ကုမ္ပဏီအမည်၊ ကုမ္ပဏီ တည်ထောင်မှု သက်သေ အထောက်အထား၊ ဥပဒေ ရေးရာ ပုံစံနှင့် အနေအထား၊ မှတ်ပုံတင်ထားသည့် ရုံးလိပ်စာ၊ ကြီးကြပ်မှု ဆိုင်ရာ အခြေခံ လုပ်ပိုင်ခွင့်များ၊ နှင့် ဒါရိုက်တာ စာရင်းများ ပါရှိသင့်သည်။ ဤအချက်အလက် များကိုလည်း အများပြည်သူ ရယူ ကြည့်ရှုနိုင်သင့်သည်။

---

**54** အကဲဖြတ်သူများသည် သတ်မှတ်စံအားလုံး ကို ဆိုင်ရာ ဥပဒေရေးရာ ပုဂ္ဂိုလ် အမျိုးအစားအားလုံးအပေါ် ကျင့်သုံးရန် စဉ်းစားသင့်သည်။ ဤသတ်မှတ်ချက်များ မည်သို့ ကျင့်သုံးရန် ဆိုသည်မှာ ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ အမျိုးအစားအလိုက် ကွာခြားနိုင်သည်-

1. *ကုမ္ပဏီများ-* အကြံပြုချက် ၂၄ တွင် သတ်မှတ်သည့် အစီအမံများကို သီးခြားကုမ္ပဏီများအလိုက် ဖော်ပြထားသည်။
2. *ဖောင်ဒေးရှင်းများ၊ Anstalt ခေါ် ကုမ္ပဏီနှင့် ဖောင်ဒေးရှင်းစပ်ကြားအဖွဲ့အစည်း၊ နှင့် တာဝန်ယူမှုကန့်သတ်ထားသည့် အစုစပ်များ-* နိုင်ငံများသည် အလားတူ အစီအမံများ ကျင့်သုံးပြီး၊ ၄င်းတို့၏မတူညီသော ပုံစံများနှင့် ဖွဲ့စည်းမှုများကို ထည့်သွင်းစဉ်းစားကာ၊ ကုမ္ပဏီများအပေါ် ချမှတ်သည့် သတ်မှတ်ချက်များ အလားတူ ချမှတ်သင့်သည်။
3. နိုင်ငံများသည် အခြား ဥပဒေရေးရာ ပုဂ္ဂိုလ် အမျိုးအစားများ၏ မတူညီသောပုံစံများနှင့် ဖွဲ့စည်းမှုများ၊ လိုအပ်သည့် ပွင့်လင်းမြင်သာမှု ရှိစေရန် ရှေးရှု၍ ထို ဥပဒေရေးရာ ပုဂ္ဂိုလ် အမျိုးအစားများအလိုက် ဆက်နွယ်သည့် *ML/TF* အန္တရာယ်များ ကို ထည့်သွင်းစဉ်းစား သင့်သည်။ အနည်းဆုံးအားဖြင့်၊ ဥပဒေရေးရာ ပုဂ္ဂိုလ်အားလုံးသည်အလားတူအမျိုးအစားများ၏ အခြေခံအချက်အလက်များကို မှတ်တမ်းတင်မှု သေချာစေရန် ဆောင်ရွက်သင့်သည်။

24.4 ကုမ္ပဏီများသည် သတ်မှတ်စံ ၂၄.၃ တွင် ဖော်ပြထားသည့် အချက်အလက်များ ထိန်းသိမ်းထားရှိရန် တာဝန်ရှိသင့်သည်။ ထိုအပြင် အစုရှယ်ယာရှင်တစ်ဦးချင်း ပိုင်ဆိုင်သည့် အစုရှယ်ယာများ၊ ထိုအစုရှယ်ယာ အမျိုးအစားများ (ထိုရှယ်ယာများဖြင့် မဲပေးပိုင်ခွင့် သဘောသဘာဝများ အပါအဝင်) ပါဝင်သည့် အစုရှယ်ယာရှင်များသို့မဟုတ် အဖွဲ့ဝင်များ၏ စာရင်းလည်း55 ထိန်းသိမ်းထားရှိသင့်သည်။ ဤအချက်အလက်များကို ထိုနိုင်ငံအတွင်းရှိ ကုမ္ပဏီ မှတ်ပုံတင်စာရင်းရုံးတွင် တင်ပြထားသည့် တည်နေရာတွင် ထိန်းသိမ်းထားရှိသင့်သည်56။

24.5 နိုင်ငံများသည် သတ်မှတ်စံ ၂၄.၃ နှင့် ၂၄.၄ တွင် ဖော်ပြထားသည့်အချက်အလက်များ တိကျမှန်ကန်ရန် နှင့် အချိန်နှင့် တစ်ပြေးညီ ထိန်းသိမ်းထားရှိရန် သေချာစေမည့် ယန္တရားများ ရှိသင့်သည်။

---

[55]အစုရှယ်ယာရှင်များနှင့် အဖွဲ့ဝင်များ၏ စာရင်းကို ကုမ္ပဏီကိုယ်တိုင် မှတ်တမ်းယူထားနိုင်သကဲ့သို့၊ ကုမ္ပဏီ၏ တာဝန်ယူထားသည့် တတိယ ပုဂ္ဂိုလ်မှလည်း မှတ်တမ်းယူထားနိုင်သည်။

[56]အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များကို နိုင်ငံတွင်းရှိ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားလျှင်၊ အစုရှယ်ယာရှင်များနှင့် အဖွဲ့ဝင်များ၏ အချက်အလက်ကို တောင်းခံသည့်အခါ ကုမ္ပဏီမှ အချိန်မဆိုင်း ထုတ်ပေးနိုင်ပါက၊ထိုအချက်အလက်များသည် နိုင်ငံတွင်း ရှိရန် မလိုပေ။

*အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များ*

24.6 နိုင်ငံများသည်ကုမ္ပဏီတစ်ခု၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အပေါ် အချက်အလက်များ ရရှိနိုင်ပြီး၊ မိမိ၏ နိုင်ငံရှိ သတ်မှတ်တည်နေရာတွင် ရယူကြည့်ရှုနိုင်ရန်၊ သို့မဟုတ် ကြီးကြပ်ရေး အာဏာပိုင် တစ်ရပ်ရပ်မှ ဆောလျင်စွာ သတ်မှတ်နိုင်ရန် အောက်ပါ ယန္တရား တစ်ခု သို့မဟုတ် အများ သုံးသင့်သည်။

(a) ကုမ္ပဏီများ သို့မဟုတ် ကုမ္ပဏီ မှတ်ပုံတင်ရုံးများက ကုမ္ပဏီများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် အပေါ် အချက်အလက်များရယူရန် အချိန်နှင့် တစ်ပြေးညီ ထိန်းသိမ်းထားနိုင်ရန် တာဝန်ရှိသင့်သည်၊

(b) rကုမ္ပဏီများ၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်အပေါ် အချက်အလက်များရယူရန် အချိန်နှင့် တစ်ပြေးညီ ထိန်းသိမ်းထားနိုင်ရန် ကုမ္ပဏီများသည် သင့်လျော်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန် တာဝန်ရှိသင့်သည်၊

(c) အောက်ပါအချက်အလက်များအပါအဝင်၊ လက်ဝယ်ရှိ အချက်အလက်များ ကို အသုံးပြုခြင်း-

(၁) အကြံပြုချက် ၁၀၊ ၂၂ တို့နှင့် အညီ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်/သို့မဟုတ် DNFBP များမှ ရယူထားသည့် အချက်အလက်များ၊

(၂) အခြား ကြီးကြပ်ရေးအာဏာပိုင်များက ကုမ္ပဏီများ၏ ဥပဒေရေးရာနှင့် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်များနှင့် ပတ်သက်၍ ထိန်းသိမ်းထားရှိ သည့် အချက်အလက်များ၊

(၃) အထက်ပါ သတ်မှတ်စံ ၂၄.၃ အရ ကုမ္ပဏီက ထိန်းသိမ်းထားရှိသည့် အချက်အလက်များ၊ နှင့်

(၄) အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်နှင့် ပတ်သက်၍ လုံလောက်သော ပွင့်လင်းမြင်သာမှု ရှိစေရန် အတွက် ချမှတ်ထားသည့် ဖွင့်ဟ ပြောဆိုမှု သတ်မှတ်ချက်များရှိသည့် အခြေအနေတွင် စတော့ အိတ်ချိန်း တွင် ရရှိနိုင်သည့် စာရင်းဝင် ကုမ္ပဏီများ၏ အချက်အလက်များ၊

24.7 နိုင်ငံများသည် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၏ အချက်အလက်များသည် တိကျမှန်ကန်ပြီး တတ်နိုင်သမျှ အချိန်နှင့် တစ်ပြေးညီ ဖြစ်စေရန် တာဝန်ရှိသင့်သည်။

24.8 နိုင်ငံများသည်အကျိုးခံစားခွင့်ရှိသူပိုင်ရှင်မည်သူဖြစ်ကြောင်း အောက်ပါနည်းများဖြင့်ဆုံးဖြတ်ရာတွင် ကုမ္ပဏီများအား ကြီးကြပ်ရေး အာဏာပိုင်များနှင့် အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိ စေသင့်သည်။

(a) နိုင်ငံတွင်း နေထိုင်သော လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အများသည် ကုမ္ပဏီ၏ခွင့်ပြုချက် ရပြီးသူ ဖြစ်ပြီး၊ အခြေခံအချက်အလက်အားလုံးနှင့် ရရှိထားသော အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်၏ အချက် အလက် အားလုံးနှင့် ပတ်သက်၍ ကြီးကြပ်ရေး အာဏာပိုင်များအား တာဝန်ခံမှုရှိစေရန်၊ နှင့် အာဏာပိုင် များအား အကူအညီ ထပ်မံပေးရန် တာဝန်ရှိစေခြင်း၊ 57 နှင့်/သို့မဟုတ်

57 ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင် သို့မဟုတ် အကြီးတန်း စီမံခန့်ခွဲသူများသည် ကုမ္ပဏီ၏ သီးခြားခွင့်ပြုချက်ရရန် လိုမည် မဟုတ်ပေ။

(b) နိုင်ငံတွင်းရှိ DNFBP တစ်ဦးသည် ကုမ္ပဏီ၏ ခွင့်ပြုချက်ရရှိပြီးသူ ဖြစ်ပြီး အခြေခံ အချက် အလက် အားလုံးနှင့် ရရှိထားသော အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်၏ အချက်အလက်အားလုံးနှင့် ပတ်သက်၍ ကြီးကြပ်ရေးအာဏာပိုင်များအား တာဝန်ခံမှု ရှိစေရန်၊ နှင့် အာဏာပိုင်များအား အကူအညီ ထပ်မံပေးရန် တာဝန်ရှိစေခြင်း၊ နှင့် /သို့မဟုတ်

(c) နိုင်ငံက အတိအကျ ဖော်ထုတ်ထားသည့် အခြား အလားတူ အစီအမံများ ဆောင်ရွက်ခြင်း။

24.9 အထက်ဖော်ပြပါ လူပုဂ္ဂိုလ်များ၊ အာဏာပိုင်များနှင့်အဖွဲ့အစည်းများနှင့် ကုမ္ပဏီ ကိုယ်တိုင် သို့မဟုတ် ၄င်း၏ စီမံအုပ်ချုပ်သူများ၊ စာရင်းရှင်း ဖျက်သိမ်းရေးအရာရှိများ သို့မဟုတ် ကုမ္ပဏီ ဖျက်သိမ်းမှုတွင် ပါဝင်သော အခြားသူများ) သည် ဆိုင်ရာ အချက်အလက်များနှင့် မှတ်တမ်းများကို ကုမ္ပဏီ ဖျက် သိမ်းပြီး ချိန်မှ စ၍၊ သို့မဟုတ် ကုမ္ပဏီ မရှိတော့သည့်အချိန်မှ စ၍၊ သို့မဟုတ် ထို ကုမ္ပဏီက လုပ်ငန်းပိုင်း ဆိုင်ရာ ကျွမ်းကျင်မှုဖြင့် ဆောင်ရွက်သည့် ကြားခံအဖွဲ့တစ်ခု(professional intermediary) သို့မဟုတ် ငွေရေး ကြေးရေး အဖွဲ့အစည်း ၏ ဆက်သွယ်ဆောင်ရွက်သူ အဖြစ်မှ ရပ်ဆိုင်းချိန်မှ စ၍၊ အနည်းဆုံး ငါးနှစ်အထိ ထိန်းသိမ်းထားရန် တာဝန်ရှိသင့်သည်။

*အခြား သတ်မှတ်လိုအပ်ချက်များ*

24.10 ကြီးကြပ်ရေး အာဏာပိုင်များနှင့်၊ အထူးသဖြင့် ဥပဒေစိုးမိုးရေးအာဏာပိုင်များသည် ဆိုင်ရာ အဖွဲ့များ ထိန်းသိမ်းထားသည့် အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက် အလက် များကို ဆောလျင်စွာ ရယူနိုင်ရန် လိုအပ်သော လုပ်ပိုင်ခွင့်များ ရှိသင့်သည်။

24.11 ကိုင်ဆောင်သူ ငွေလွှဲစာချုပ်များသို့မဟုတ်ကိုင်ဆောင်သူငွေလွှဲစာချုပ်အသိအမှတ်ပြုလက်မှတ်များထုတ်ပေး ခွင့် ရှိသော ဥပဒေရေးရာ ပုဂ္ဂိုလ်များ ရှိသော နိုင်ငံများသည် ထိုပုဂ္ဂိုလ်များ ငွေကြေး ခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုအတွက် အလွဲသုံးစားပြုခြင်း မခံရစေရန် အောက်ပါ ယန္တရား တစ်ခု သို့မဟုတ် အများ ကျင့်သုံးသင့်သည်။

(a) ကိုင်ဆောင်သူ ငွေလွှဲစာချုပ်များ သို့မဟုတ် ကိုင်ဆောင်သူငွေလွှဲစာချုပ် အသိအမှတ်ပြု လက်မှတ် များ ကို တားမြစ်ခြင်း၊ သို့မဟုတ်

(b) ကိုင်ဆောင်သူ ငွေလွှဲစာချုပ်များ သို့မဟုတ် ကိုင်ဆောင်သူငွေလွှဲစာချုပ် အသိအမှတ်ပြု လက်မှတ် များကို မှတ်ပုံတင်စေရန် (ဥပမာ -စာရွက်ပုံစံမှ ဒစ်ဂျစ်ပုံစံ ပြောင်းစေခြင်း)၊ သို့မဟုတ်

(c) ကိုင်ဆောင်သူ ငွေလွှဲစာချုပ်များ သို့မဟုတ် ကိုင်ဆောင်သူငွေလွှဲစာချုပ် အသိအမှတ်ပြု လက်မှတ် များကို ရွှေ့ပြောင်း သယ်ဆောင်ခြင်း မပြုနိုင်အောင် စည်းမျဉ်း စည်းကမ်းများအောက် လည်ပတ် သည့် ငွေရေးကြေးရေးအဖွဲ့ အစည်း တစ်ခုခု သို့မဟုတ် လုပ်ငန်းကျွမ်းကျင်မှုဖြင့် ဆောင်ရွက်သည့် ကြားခံအဖွဲ့တစ်ခုခုတွင် ထိန်းသိမ်းထားရှိစေရန် တာဝန်ရှိစေခြင်း၊ သို့မဟုတ်

(d) ထိန်းချုပ်ပိုင်ခွင့်ရှိသော အစုရှယ်ယာရှင်များအား ကုမ္ပဏီထံ အကြောင်းကြားစေရန်နှင့် ကုမ္ပဏီမှ ၄င်းတို့၏ ကိုယ်ရေးသက်သေ အထောက်အထားကို မှတ်တမ်းယူစေခြင်း၊ သို့မဟုတ်

(e) နိုင်ငံမှ ဖော်ထုတ်သတ်မှတ်သည့် အခြား ယန္တရားများ အသုံးပြုခြင်း။

24.12 အမည်ခံ အစုရှယ်ယာများနှင့် အမည်ခံ ဒါရိုက်တာများ ထားရှိခွင့် ရှိသော ဥပဒေရေးရာ ပုဂ္ဂိုလ်များ ရှိသည့်

နိုင်ငံများသည် ထိုပုဂ္ဂိုလ်များ အလွဲသုံးစား ပြုခြင်း မခံရစေရန် အောက်ပါ ယန္တရား တစ်ခု သို့မဟုတ် အများကို ကျင့်သုံးသင့်သည်။

(a) ကုမ္ပဏီနှင့် မည်သည့် ဆိုင်ရာ မှတ်ပုံတင်ရုံးထံမဆို၊ အမည်ခံ အစုရှယ်ယာများနှင့် အမည်ခံ ဒါရိုက်တာများသည် အမည်ခံစေသူ မည်သူမည်ဝါဖြစ်ကြောင်း ထုတ်ဖော်ရန်၊ နှင့် ထိုအချက်အလက် ကိုလည်း ဆိုင်ရာ မှတ်ပုံတင်ရုံးတွင် ထည့်သွင်းဖော်ပြရန် တာဝန်ရှိစေခြင်း၊

(b) အမည်ခံ အစုရှယ်ယာများနှင့် အမည်ခံ ဒါရိုက်တာများအား လိုင်စင် လျှောက်ထားရယူရန်၊ ၄င်းတို့၏ အမည်ခံ အနေအထားကို ကုမ္ပဏီ မှတ်ပုံတင်ရုံးတွင် မှတ်တမ်းတင်စေရန်၊ နှင့် ၄င်းတို့အား အမည်ခံစေသူ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြသည့် အချက်အလက်များကို ထိန်းသိမ်းထားရှိပြီး ဤအချက်အလက်များကို ကြီးကြပ်ရေး အာဏာပိုင်များ တောင်းခံလျှင် ထုတ်ပေးနိုင်ရန် တာဝန်ရှိ စေသင့်သည်။

(f) နိုင်ငံမှ ဖော်ထုတ်သတ်မှတ်သည့် အခြား ယန္တရားများ အသုံးပြုခြင်း။

24.13 ဥပဒေရေးရာ ပုဂ္ဂိုလ် ဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်ပါက အရေးယူ ခံရပြီး သင့်လျော်သည့် အချိုးညီ၍ နောင်ကြဉ်စေမည့် အရေးယူ ဆောင်ရွက်မှုများ ကျခံ စေသင့်သည်။

24.14 နိုင်ငံများသည် အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက် များကို၊ အကြံပြုချက် (၃၇) နှင့် (၄၀) တို့အရ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြန်ဆန်စွာ ပေးဆောင် သင့်သည်။ ထိုအထဲတွင် အောက်ပါတို့ ပါဝင်သည်။

(a) ကုမ္ပဏီ မှတ်ပုံတင်ရုံး၌ ထိန်းသိမ်းထားရှိသည့် အခြေခံအချက်အလက်များကို ပြည်ပရှိ ကြီးကြပ်ရေး အာဏာပိုင်များ လွယ်လင့်တကူ ရယူနိုင်ရန် ဆောင်ကြဉ်းပေးခြင်း၊

(b) အစုရှယ်ယာရှင်များနှင့် ပတ်သက်သည့် အချက်အလက်များ ဖလှယ်ခြင်း၊ နှင့်

(c) ၄င်းတို့၏ ပြည်တွင်းဥပဒေနှင့် အညီ၊ ၄င်းတို့၏ ကြီးကြပ်ရေးအာဏာပိုင်များ၏ စုံစမ်းစစ်ဆေး ပိုင်ခွင့်များကို အသုံးပြုကာ၊ ပြည်ပ လုပ်ဖော်ကိုင်ဘက်များ ကိုယ်စား အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များ ရယူခြင်း၊

24.15 နိုင်ငံများသည် အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များကို တောင်းခံသည့်အခါဖြစ်စေ၊ ပြည်ပတွင်နေထိုင်သော အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်များကို ရှာဖွေရာတွင် အကူအညီတောင်းခံသည့်အခါဖြစ်စေ၊ အခြားနိုင်ငံများမှ လက်ခံရရှိသည့် အကူအညီ၏ အရည်အသွေး ပြည့်စုံမှုကို စောင့်ကြည့်လေ့လာသင့်သည်။

## အကြံပြုချက် ၂၅ ပွင့်လင်းမြင်သာမှု နှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၏ အကျိုးခံစားခွင့်ရှိသူ [58]

25.1 နိုင်ငံများသည် အောက်ပါတို့ကို လုပ်ဆောင်ရန် တာဝန်ရှိသင့်သည် -

(a) ၄င်းတို့နိုင်ငံ၏ ဥပဒေ ပြဋ္ဌာန်းမှုအောက်ရှိ မည်သည့် အထူး ယုံကြည်အပ်နှံမှု တွင်ဖြစ်စေ ယုံကြည်အပ်နှံခြင်းခံရသူများသည် ထူထောင်သူ၊ ယုံကြည်အပ်နှံခြင်း ခံရသူ (များ)၊ ကာကွယ် စောင့်ရှောက်သူ (ရှိလျှင်) အကျိုးခံစားခွင့်ရှိသူများ သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ အတန်းအစား၊ နှင့် ယုံကြည်အပ်နှံမှု အပေါ် ထိရောက်သော အဆုံးစွန်ထိန်းချုပ်မှု ပြုလုပ်သည့် အခြား လူပုဂ္ဂိုလ်တို့နှင့် ပတ်သက်သည့် လုံလောက်၊ တိကျ မှန်ကန်ပြီး နောက်ဆုံးအချက်အလက်များ ရယူ ထိန်းသိမ်းစေရန် 59 ။

(b) ၄င်းတို့နိုင်ငံ၏ ဥပ ဒေ ပြဋ္ဌာန်းမှုအောက်ရှိ မည်သည့် ယုံကြည်အပ်နှံမှုတွင် ဖြစ်စေ ယုံကြည်အပ်နှံခြင်းခံရသူများသည် အခြား ဝန်ဆောင်မှုလုပ်ငန်းများ၏ အခြား စည်းမျဉ်း စည်းကမ်း အောက်ရှိ ကိုယ်စားလှယ်များ၊ နှင့် ရင်းနှီးမြှုပ်နှံမှု အကြံပေးအရာရှိများ၊ သို့မဟုတ် မန်နေဂျာများ၊ စာရင်းကိုင်များ၊ နှင့် အခွန်ဆိုင်ရာ အကြံပေးအရာရှိများ အပါအဝင်ယုံကြည်အပ်နှံမှု၏ ဝန်ဆောင်မှုပေးသူများ၏ အခြေခံ အချက်အလက်များကို ထိန်းသိမ်းထားရှိစေရန်၊ နှင့်

(c) ယုံကြည်အပ်နှံခြင်းခံရသူ ကျွမ်းကျင်မှုလုပ်ငန်းလုပ်ကိုင်သူသည် ယုံကြည်အပ်နှံမှုတွင် ပါဝင်ပတ်သက်မှု ပြီးဆုံးချိန်မှစ၍ အနည်းဆုံး ငါးနှစ်အထိ ဤအချက်အလက်များ ကို ထိန်းသိမ်းထားရှိစေရန်။

25.2 နိုင်ငံများသည် ဤအကြံပြုချက်ပါ ထိန်းသိမ်းထားရှိရမည့် အချက်အလက်များကို တတ်နိုင်သမျှ တိကျမှန်ကန်စွာ နှင့် အချိန်နှင့် တစ်ပြေးညီ ထားရှိရန်၊ နှင့် လက်ရှိအချိန်အထိ အခါအားလျော်စွာ မွမ်းမံထားရန် တာဝန်ရှိသင့်သည်။

---

58 အကြံပြုချက် (၂၅) အရ လိုအပ်သည့် အစီအမံများသည် မည်သည့်ယုံကြည်အပ်နှံမှုများအတွက် ဆိုသည်ကို အတိအကျ ဖော်ပြထားသည်။ ထိုသို့ ဖော်ပြရာတွင် အထူးယုံကြည်အပ်နှံမှုများကို ရည်ညွှန်း ကြောင်း (ခက်ဆစ်တွင် အဓိပ္ပါယ်ဖွင့်ဆိုသည့်အတိုင်း) နားလည်သင့်သည်။ အလားတူ ဖွဲ့စည်းမှု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခု ဖြင့် အခြား ဥပ ဒေ ရေးရာ စီစဉ် ဆောင်ရွက်မှု အမျိုးအစားများနှင့် ပတ်သက်၍ နိုင်ငံများသည် အလားတူ ပွင့်လင်း မြင်သာမှု အဆင့်များ တူညီမှုရှိနိုင်ရေးအတွက် ယုံကြည်အပ်နှံမှုများအတွက် သတ်မှတ် ထားသည့် အစီအမံများအတိုင်း အလားတူ ဆောင်ရွက်သင့်သည်။ အနည်းဆုံးအားဖြင့် နိုင်ငံများသည် ယုံကြည်အပ်နှံမှုများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့် အလားတူသည့် အချက်အလက်များကိုလည်း မှတ်တမ်းတင်ခြင်း၊ တိကျမှန်ကန်စေခြင်းနှင့် အချိန်နှင့် တစ်ပြေးညီဖြစ်စေခြင်း သေချာစေသင့်ပြီး၊ ကြီးကြပ်ရေးအာဏာပိုင်များက ဆောလျင်စွာ ရယူနိုင်စေသင့်သည်။ ခက်ဆစ်တွင် ဖွင့်ဆိုထားသည့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု အပေါ် ပေးထားသည့် သာဓကများကို အတိအကျ မယူသင့်ကြောင်း အကဲဖြတ်သူများ သတိပြုစေလိုသည်။ ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုတစ်ခုသည် အထူးယုံကြည်အပ်နှံမှုနှင့် ဖွဲ့စည်းမှု သို့မဟုတ် လုပ်ငန်းစဉ်ချင်း အလားတူ ဖြစ်မဖြစ် ဆုံးဖြတ်ရာတွင် ယုံကြည်အပ်နှံမှုနှင့်တကွ ၄င်းတို့အား အသိအမှတ်ပြုမှု ဆိုင်ရာ ဥပ ဒေတွင် Hague Convention ပါ အပိုဒ် ၂ အား ကိုးကားထားသည့် " ယုံကြည်အပ်နှံမှုနှင့် ယုံကြည်အပ်နှံခြင်းခံရသူ " အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အကဲဖြတ်သူများ ကိုးကားသင့်သည်။ အလားတူပါက နိုင်ငံက ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုဟု အခေါ်အဝေါ် တူညီလင့်ကစား အကြံပြုချက် (၂၅) အောက် ကျရောက်သည်။ နိုင်ငံတစ်ခုက ယုံကြည်အပ်နှံခြင်းခံရသူများ) သို့မဟုတ် အခြား ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများနှင့် အလားတူ လုပ်ငန်းစဉ်များ ဆောင်ရွက်သူများ (အပေါ် အကြံပြုချက် ၂၅ပါ သက်ဆိုင်ရာ တာဝန်များ မကျင့်သုံးပါက၊ ထိုသို့ ခြွင်းချက်ထားခြင်းသည် သတ်မှတ်စံ ၁.၆ နှင့် ကိုက်ညီမှု ရှိမရှိ စိစစ် အတည်ပြုသင့်သည်။

59. နိုင်ငံများသည် ယုံကြည်အပ်နှံမှုများအား ဥပဒေဖြင့် အသိအမှတ်ပြုပေးရန် တာဝန်မရှိပါ။ ယုံကြည်အပ်နှံခြင်းခံရသူများအတွက် သင့်လျော်သည့် တာဝန်များ ရှိပြီးဖြစ်ပါက (ဥပမာ- အင်္ဂလိပ်ရိုးရာ ဥပ ဒေ သို့မဟုတ် စီရင်မှုဆိုင်ရာ ဥပဒေဖြင့်) ဥပဒေအတွင်း၌ သတ်မှတ်စံ ၂၅.၁၊ ၂၅.၂၊ ၂၅.၃၊ ၂၅၄ တို့၏ သတ်မှတ်ချက်များကို ထည့်သွင်းပြဋ္ဌာန်းရန်မလိုပါ။

60 ပြည်တွင်း ကြီးကြပ်ရေး အာဏာပိုင်များ သို့မဟုတ် သက်ဆိုင်သည့် ပြည်ပမှ ပူးပေါင်းဆောင်ရွက်ရန် တောင်းခံမှုအရ နောက်နိုင်ငံတစ်ခု၏ ကြီးကြပ်ရေးအာဏာပိုင်များ

25.3 နိုင်ငံအားလုံးသည် ယုံကြည်အပ်နှံမှုများသည် စီးပွားဆက်ဆံမှု ထူထောင်သည့်အခါ၊ သို့မဟုတ် သတ်မှတ် ပမာဏ ထက်ပိုသည့် ရံဖန်ရံခါ ငွေလွှဲပြောင်းမှုများ ပြုလုပ်သည့်အခါ၊မိမိတို့၏ အခြေအနေကို ငွေရေး ကြေးရေး အဖွဲ့အစည်း များနှင့် DNFBP များထံ တင်ပြရန် အစီအမံများ ချမှတ် ကျင့်သုံး သင့်သည်။

25.4 ယုံကြည်အပ်နှံခြင်းခံရသူများသည် ယုံကြည်အပ်နှံမှုနှင့် ပတ်သက်သည့် မည်သည့်အချက် အလက် မဆို ကြီးကြပ်ရေးအာဏာပိုင်များအား ပေးခြင်းကို ဥပဒေဖြင့် ဖြစ်စေ အခြားအာဏာသက်ရောက် စေသည့်နည်း ဖြင့်ဖြစ်စေ အဟန့်အတားဖြစ်စေခြင်း 60 သို့မဟုတ် စီးပွားဆက်ဆံ ဆောင်ရွက်မှု စည်းမျဉ်းများအရ ထိန်းသိမ်းရန် သို့မဟုတ် စီမံခန့်ခွဲရန်အတွက် ယုံကြည်အပ်နှံမှု၏ အကျိုးခံစား ခွင့်ရှိသူ ပိုင်ရှင်နှင့် ပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက်များကို ငွေရေးကြေးရေး အဖွဲ့အစည်း များနှင့် DNFBP များက တောင်းခံသည့် အခါဖြစ်စေ၊ အဟန့်အတား ဖြစ်ခြင်းများ မရှိသင့်ပါ။

25.5 ကြီးကြပ်ရေး အာဏာပိုင်များ၊ အထူးသဖြင့် ဥပဒေစိုးမိုးရေး အာဏာပိုင်များသည် ယုံကြည်အပ်နှံခြင်း ခံရသူများ၊ နှင့် အခြား အဖွဲ့များ( အထူးသဖြင့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များ) ထိန်းသိမ်းထားရှိသည့် အကျိုးခံစားခွင့် ရှိသူပိုင်ရှင်နှင့် ယုံကြည်အပ်နှံမှု ထိန်းချုပ်သူတို့နှင့် တကွ အောက်ပါ အချက်အလက်များကို ဆောလျင်စွာ ရယူနိုင်ရန် လိုအပ်သည့် လုပ်ပိုင်ခွင့်များ ရှိသင့်သည်။

(က) အကျိုးခံစားခွင့် ရှိသူပိုင်ရှင်

(ခ) ယုံကြည်အပ်နှံခြင်းခံရသူ၏ နေရပ် လိပ်စာ၊ နှင့်

(ဂ) ယုံကြည်အပ်နှံခြင်း ခံရသူများနှင့် စီးပွားဆက်ဆံ ဆောင်ရွက်မှုရှိသော၊ သို့မဟုတ် ရံဖန်ရံခါ ငွေလွှဲ ပြောင်းမှု ဆောင်ရွက်ပေးသော ငွေရေးကြေးရေး အဖွဲ့အစည်း များနှင့် DNFBP များ ထိန်းသိမ်း ထားရှိသည့် သို့မဟုတ် စီမံခန့်ခွဲသည့် ပိုင်ဆိုင်မှုများ။

25.6 နိုင်ငံများသည် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များ၊ယုံကြည်အပ်နှံမှုများနှင့် အခြား ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် အချက်အလက်များကို အကြံပြုချက် ၃၇ နှင့် ၄၀ ပါ သတ်မှတ်ချက်များအရ၊ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုကို လျင်မြန်စွာ ဆောင်ရွက်နိုင်သင့်သည်။ ထိုအထဲတွင် အောက်ပါတို့ ပါဝင်သင့်သည်-

(a) မှတ်ပုံတင်စာရင်းရုံးများ သို့မဟုတ် ပြည်တွင်း အာဏာပိုင်များ ထိန်းသိမ်းထားသည့် အခြေခံ အချက် အလက်များကို ပြည်ပမှ ကြီးကြပ်ရေးအာဏာပိုင်များ လွယ်ကူစွာရယူနိုင်ရန် ဆောင်ကြဉ်း ပေးခြင်း၊

(b) ယုံကြည်အပ်နှံမှု သို့မဟုတ် အခြားဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအပေါ် ပြည်တွင်း၌ ရှိထားသည့် အချက်အလက်များကို ဖလှယ်ခြင်း၊ နှင့်

(c) ပြည်ပမှလုပ်ဖော်ကိုင်ဘက်များကိုယ်စား၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ အချက် အလက် များ ရယူရန်၊ ပြည်တွင်း ဥပဒေနှင့် အညီ ကြီးကြပ်ရေး အာဏာပိုင်များ၏ စုံစမ်း စစ်ဆေးရေး လုပ်ပိုင်ခွင့်များကို အသုံးပြုခြင်း၊

25.7 ယုံကြည်အပ်နှံခြင်း ခံရသူများအနေနှင့်

(က) ၄င်းတို့၏ တာဝန်များကို ဖြည့်ဆည်းရန် ပျက်ကွက်လျှင် ဥပဒေအရ အရေးယူခြင်းခံယူရန်၊ သို့မဟုတ် (ခ) ပြစ်မှုကြောင်းအရဖြစ်စေ တရားမကြောင်းအရ ဖြစ်စေ သို့မဟုတ် ဌာနဆိုင်ရာ အရဖြစ်စေ၊ အချိုးညီပြီး နောင်ကြဉ်စေမည့် အရေးယူ ဆောင်ရွက်မှုများ ရှိရန် နိုင်ငံများက သေချာစွာ ဆောင်ရွက်သင့်သည် [61]။

25.8 သတ်မှတ်စံ ၂၅.၁ တွင် ယုံကြည် အပ်နှံမှု နှင့် ပတ်သက်သည့် အချက်အလက်များကို ကြီးကြပ်ရေး အာဏာပိုင်များအား ပေးရန် ပျက်ကွက်ပါက၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားမကြောင်း အရ ဖြစ်စေ သို့မဟုတ် ဌာနဆိုင်ရာ အရဖြစ်စေ၊ အချိုးညီပြီး နောင်ကြဉ်စေမည့် အရေးယူဆောင်ရွက်မှုများ ရှိရန် နိုင်ငံများက သေချာစွာ ဆောင်ရွက်သင့်သည်။

61 ဤအချက်သည် အကြံပြုချက်များ၏ အခြား နေရာများတွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် အချိုးညီပြီး နောင်ကြဉ်စေမည့် အရေးယူမှု ဆိုင်ရာ သတ်မှတ်ချက်များကို ထိခိုက်စေခြင်း မရှိပေ။

## အကြံပြုချက် ၂၆ — စည်းကမ်းစည်းမျဉ်းများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြီးကြပ်မှု

26.1 နိုင်ငံများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများက AML/CFT သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မှု ရှိစေရန်စည်းကမ်းချမှတ်ပြီး ကြီးကြပ်ကွပ်ကဲခြင်းသို့မဟုတ် စောင့်ကြည့်ကြပ်မတ်ရန် တာဝန် ရှိမည့် ကြီးကြပ်သူ တစ်ဦး သို့မဟုတ် အများ ချမှတ်သင့်သည်။

ဈေးကွက်တွင်း လုပ်ငန်းစတင်မှု

26.2 ပင်မအခြေခံမူကျင့်သုံးသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား လိုင်စင် လျှောက်ထားရယူရန် တာဝန်ရှိ သင့်သည်။ ငွေကြေးသို့မဟုတ် တန်ဖိုးတစ်ရပ်ရပ် လွှဲပြောင်းသည့် ဝန်ဆောင်မှု သို့မဟုတ် ငွေလဲလှယ် သည့် ဝန်ဆောင်မှု ဆောင်ရွက်သည့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများသည် လိုင်စင် သို့မဟုတ် မှတ်ပုံတင် လျှောက်ထား ရယူသင့်သည်။ နိုင်ငံများသည် သဏ္ဌာန်ဆောင်ဘဏ်များ ထူထောင်ခွင့် သို့မဟုတ် ဆက်လက် ဆောင်ရွက်ခွင့် မပြုသင့်ပါ။

26.3 ကြီးကြပ်ရေးအာဏာပိုင်များ သို့မဟုတ် ငွေကြေးဆိုင်ရာ ကြီးကြပ်သူများသည်ရာဇဝတ်ကောင်များ သို့မဟုတ် ၄င်းတို့၏ အပေါင်းပါများက ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုအတွင်း ကြီးမားသော သို့မဟုတ် ထိန်းချုပ် နိုင်စွမ်း ရှိသော အကျိုးစီးပွား ပိုင်ဆိုင်ခြင်း (သို့မဟုတ် ထိုအကျိုးစီးပွား၏ အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင် ဖြစ်ခြင်း)၊ သို့တည်းမဟုတ် စီမံခန့်ခွဲသည့် လုပ်ငန်းတာဝန် ရှိခြင်းတို့ကို တားဆီးကာကွယ်ရန် အတွက် လိုအပ်သော ဥပဒေ သို့မဟုတ် စည်းမျဉ်းဆိုင်ရာ အစီအမံများ ချမှတ်ဆောင်ရွက်သင့်သည်။

*ကြီးကြပ်ကွပ်ကဲခြင်းနှင့် စောင့်ကြည့် ကြပ်မတ်ခြင်းဆိုင်ရာ အန္တရာယ်အခြေပြု ချဉ်းကပ်မှု*

26.4 ငွေရေးကြေးရေးအဖွဲ့အစည်းများအား အောက်ပါတို့ကို ခံယူစေသင့်သည်။

(a) ပင်မအခြေခံမူ ကျင့်သုံးသည့် အဖွဲ့အစည်းများ -AML/CFT အတွက် အဖွဲ့လိုက် ကြီးကြပ် ကွပ်ကဲမှု ကျင့်သုံးခြင်း အပါအဝင်၊ AML/CFT နှင့်သက်ဆိုင်သည့် အခြေအနေများတွင်၊ ပင်မအခြေခံမူများနှင့် ကိုက်ညီသည့် စည်းမျဉ်း စည်းကမ်းချမှတ်ခြင်း နှင့် ကြီးကြပ် ကွပ်ကဲခြင်း62

(b) အခြား ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက်- ထို ကဏ္ဍရှိ ML/TF အန္တရာယ်များအလိုက် စည်းကမ်း ချမှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း သို့မဟုတ် စောင့်ကြည့် ကြပ်မတ်ခြင်း။ အနည်ဆုံး အားဖြင့် ငွေကြေးသို့မဟုတ် တန်ဖိုးတစ်ရပ်ရပ် လွှဲပြောင်းသည့် ဝန်ဆောင်မှု သို့မဟုတ် ငွေလဲလှယ် သည့် ဝန်ဆောင်မှု ဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား အမျိုးသားအဆင့် AML/CFT သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှုရှိစေရန်နှင့် စောင့်ကြည့် ကြပ်မတ်ခြင်း

သေချာ စေမည့်စနစ်များ ချမှတ်ခြင်း။

26.5 ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် အုပ်စုများအား AML/CFTဆိုင်ရာ ကွင်းဆင်း စစ်ဆေးခြင်း နှင့် ကြီးကြပ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်သည့်ကြိမ်ရေနှင့်တင်းကျပ်မှုများကို အောက်ပါအချက်များကို အခြေခံ၍ ဆောင်ရွက်သင့်သည်-

(a) ကြီးကြပ်သူမှ ဖော်ထုတ်သိရှိသည့် အဖွဲ့အစည်းသို့မဟုတ် အုပ်စု၏ အန္တရာယ်အနေအထား အလိုက်၊ ML/TF အန္တရာယ်များနှင့် မူဝါဒများ၊ အဖွဲ့အစည်း သို့မဟုတ် အုပ်စုလိုက် ကျင့်သုံးသည့် ရုံးဆိုင်ရာ ထိန်းချုပ်မှုများနှင့် လုပ်ထုံးလုပ်နည်းများ ၊

(b) နိုင်ငံတွင် ဖြစ်ပေါ်နေသည့် ML/TF အန္တရာယ်များ၊ နှင့်

(c) ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် အုပ်စုများ၊ အထူးသဖြင့် ငွေရေးကြေးရေး အဖွဲ့အစည်း၏ မတူကွဲပြားချက်များနှင့် အဖွဲ့အစည်း အရေအတွက်။ ထိုနောက် အန္တရာယ် အခြေပြု ချဉ်းကပ်မှု အောက်တွင် ၄င်းတို့အား ကိုယ်ပိုင်ဆင်ခြင်မှုဖြင့်လုပ်ခွင့်ပြုသည့် အတိုင်းအတာ။

26.6 ကြီးကြပ်သူသည် ငွေရေး ကြေးရေးအဖွဲ့အစည်းသို့မဟုတ်အုပ်စု၏ (လိုက်နာဆောင်ရွက်မှု မရှိခြင်း၏ အန္တရာယ်များ အပါအဝင်) ML/TF အဆင့်အနေအထားအပေါ် အကဲဖြတ်ချက်ကို အခါအားလျော်စွာ သုံးသပ်သင့်သကဲ့သို့၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်း လည်ပတ်မှုများတွင် ကြီးမားသော ဖြစ်စဉ်များ သို့မဟုတ် တိုးတက်ပြောင်းလဲမှုများ ရှိသည့် အခါတွင်လည်း ပြန်လှန် အကဲဖြတ်သင့်သည်။

61 AML/CFT နှင့် စပ်ဆိုင်သည့် ပင်မ အခြေခံမူများ(Core Principles)တွင် အောက်ပါတို့ပါဝင်သည် -ဘဏ်လုပ်ငန်းအပေါ် ကြီးကြပ်ကွပ်ကဲရေး နှင့် စပ်လျဉ်းသည့် ဘေဇယ်လ်ကော်မတီ (BCBS) အခြေခံမူများ ၁-၃၊ ၅-၉၊ ၁၁-၁၅၊ ၂၆ နှင့် ၂၉၊ အာမခံလုပ်ငန်း ကြီးကြပ်သူများ၏အပြည်ပြည်ဆိုင်ရာ အသင်းကြီး နှင့် စပ်လျဉ်းသည့် အခြေခံမူများ ၁၊ ၃-၁၁၊ ၁၈၊ ၂၁-၂၃ နှင့် ၂၅၊ ငွေချေးအာမခံစာချုပ် ကော်မရှင်၏ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (IOSCO) ၏ အခြေခံမူများ ၂၄၊ ၂၈၊ ၂၉ နှင့် ၃၁၊ နှင့် တာဝန် ၈၊၆၊ ၈ နှင့် ၆။ ဖြစ်နိုင်သည့် အခြေအနေများတွင်၊ အကဲဖြတ်သူများသည် ဤ ပင်မ အခြေခံမူများဖြင့် နိုင်ငံ၏ လိုက်နာဆောင်ရွက်မှု အပေါ် လက်ရှိ အကဲဖြတ်မှုများကို ကိုးကားကြည့်နိုင်သည်။

## အကြံပြုချက် ၂၇ ကြီးကြပ်သူများ၏ လုပ်ပိုင်ခွင့် အာဏာများ

27.1 ကြီးကြပ်သူများတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ AML/CFT သတ်မှတ်ချက်များ လိုက်နာဆောင်ရွက်မှု ကြီးကြပ်ကွပ်ကဲရန် သို့မဟုတ် စောင့်ကြည့် ကြပ်မတ်ရန် လုပ်ပိုင် ခွင့်များ ရှိသင့်သည်။

27.2 ကြီးကြပ်သူများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများကို စစ်ဆေးသည့် လုပ်ပိုင်ခွင့် ရှိသင့်သည်။

27.3 ကြီးကြပ်သူများသည် AML/CFTသတ်မှတ်ချက်များ လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့် ကြပ်မတ်ရာတွင် လိုအပ်သည့်အချက်အလက်များ တောင်းခံ ကြည့်ရှု နိုင်သည့် လုပ်ပိုင်ခွင့် ရှိသင့်သည်။ 63

27.4 ကြီးကြပ်သူများသည် အကြံပြုချက် ၃၅ နှင့် အညီ AML/CFT သတ်မှတ်ချက်များ လိုက်နာရန် ပျက်ကွက်ခြင်းအတွက် ပြစ်ဒဏ်များ ချမှတ်လုပ်ဆောင်နိုင်သည့် လုပ်ပိုင်ခွင့် အာဏာ ရှိသင့်သည်။ ထိုလုပ်ပိုင်ခွင့်များတွင် စည်းကမ်းသေဝပ်မှုဆိုင်ရာ ပြစ်ဒဏ်များနှင့် ငွေဒဏ်များအပြင်၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏လိုင်စင်ရုပ်သိမ်းခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းများ ပါဝင်သင့်သည်။

63 ကြီးကြပ်သူ၏ လုပ်ပိုင်ခွင့်အရ ကြီးကြပ် စိစစ်ရန် တောင်းခံမှု သို့မဟုတ် ရယူအလှမ်းမီမှုသည် တရားရုံးအမိန့် ပါရန် မလိုသင့်ပါ။

## အကြံပြုချက် ၂၈ DNFBP များအား စည်းကမ်းချမှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

*ကာစီနိုများ*

28.1 နိုင်ငံများသည် ကာစီနိုများအား AML/CFT စည်းကမ်းများလိုက်နာရန်နှင့် ကြီးကြပ်ကွပ်ကဲမှု ခံယူရန် သေချာအောင် ဆောင်ရွက်သင့်သည်။ အနည်းဆုံးအားဖြင့်-

(a) နိုင်ငံများသည် ကာစီနိုများ လိုင်စင် လျှောက်ထား ရယူရန် တာဝန်ရှိစေသင့်သည်။

(b) ကြီးကြပ်ရေးအာဏာပိုင်များသည် ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ၄င်းတို့၏ အပေါင်းပါများက ကာစီနိုအတွင်း ကြီးမားသော သို့မဟုတ် ထိန်းချုပ်နိုင်သည့် အကျိုးစီးပွား ပိုင်ဆိုင်ခြင်း (သို့မဟုတ် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်ဖြစ်ခြင်း) သို့မဟုတ် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန်များ ယူခြင်း၊ သို့မဟုတ် ကာစီနိုလုပ်ငန်း လုပ်ကိုင်သူ ဖြစ်ခြင်း စသည်တို့ကို တားဆီးကာကွယ်ရန်၊ လိုအပ်သော ဥပ ဒေ သို့မဟုတ် စည်းမျဉ်းစည်းကမ်း အစီအမံများ ချမှတ် ကျင့်သုံးသင့်သည်။

(c) ကာစီနိုများသည် AML/CFT သတ်မှတ်ချက်များနှင့် လိုက်နာ ဆောင်ရွက်မှုရှိစေရန် ကြီးကြပ်ကွပ်ကဲမှု ခံယူသင့်သည်။

*ကာစီနိုမဟုတ်သည့် အခြား DNFBP များ*

28.2 DNFBP များ အား စောင့်ကြည့် ကြပ်မတ်ရေးနှင့် AML/CFT သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မှု ရှိမရှိ သေချာအောင် ဆောင်ရွက်ရေး တာဝန်များ ယူမည့် ကြီးကြပ်ရေး အာဏာပိုင် သို့မဟုတ် SRB တစ်ရပ်ရပ် ရှိသင့်သည်။

28.3 နိုင်ငံများသည် အခြား DNFBP အမျိုးအစားများအားလည်း AML/CFT သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မှု ရှိမရှိ စောင့်ကြည့်ကြပ်မတ်သည့် စနစ်များ ခံယူ ကျင့်သုံးစေသင့်သည်။

28.4 ခန့်အပ်ခံရသည့် ကြီးကြပ်ရေး အာဏာပိုင် သို့မဟုတ် ကိုယ်တိုင် စည်းကမ်းကြီးကြပ်သည့် အဖွဲ့ (SRB) တို့သည် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

(a) လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ကြပ်မတ်ရန် လုပ်ပိုင်ခွင့်များ အပါအဝင်၊ မိမိတို့၏ လုပ်ငန်း တာဝန်များ လုပ်ဆောင်ရန် လုံလောက်သည့် လုပ်ပိုင်ခွင့်များရှိရန်။

(b) ပြစ်မှုကျူးလွန်သူများ သို့မဟုတ် ၄င်းတို့၏ အပေါင်းပါများက DNFBP တစ်ခုတွင် တရားဝင် အသိအမှတ် ပြုခံရခြင်း၊ သို့မဟုတ် ကြီးမားသော သို့မဟုတ် ချုပ်ကိုင်နိုင်သော အကျိုးစီးပွားကို ပိုင်ဆိုင်ခြင်း (သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဖြစ်ခြင်း)၊ သို့မဟုတ် စီမံခန့်ခွဲသည့် လုပ်ငန်း တာဝန်ယူခြင်း များကို တားဆီးကာကွယ်ရန် လိုအပ်သည့် အစီအမံများ ကျင့်သုံးရန်၊ နှင့်

(c) AML/CFT သတ်မှတ်ချက်များ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု ကို အရေးယူရန် အကြံပြုချက် ၃၅ နှင့် အညီ အရေးယူဆောင်ရွက်မှုများ ထားရှိရန်။

*DNFBP အားလုံး*

28.5 DNFBP များအပေါ် ကြီးကြပ်ကွပ်ကဲမှုကို အောက်ပါတို့အပါအဝင်၊ အန္တရာယ် ဖြစ်လျှင် တုံ့ပြန်နိုင်မည့် အခြေခံဖြင့် ဆောင်ရွက်သင့်သည်။

(a) DNFBP များအပေါ် AML/CFT ကြီးကြပ်မှု ကြိမ်ရေနှင့် တင်းကျပ်မှုကို ၄င်းတို့၏ ML/TF အန္တရာယ်များ အပေါ် နားလည်မှုကို အခြေခံ၍ လည်းကောင်း၊ DNFBP များ၏ ပုံစံလက္ခဏာများ၊. အထူးသဖြင့် မတူကွဲပြားမှုများနှင့် အရေအတွက်တို့ကိုပါ ထည့်သွင်းစဉ်းစား၍လည်းကောင်း သတ်မှတ်ခြင်း၊ ထိုနောက်

(b) DNFBP များ၏ ဌာနဆိုင်ရာ AML/CFT ထိန်းချုပ်မှုများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ လုံလောက်မှု ရှိမရှိ အကဲဖြတ်ရာတွင်၊ DNFBP များ၏ ML/TF အန္တရာယ်အဆင့် အနေအထားကို လည်းကောင်း၊ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအရ ၄င်းတို့၏ ဆင်ခြင်တုံတရားဖြင့် လုပ်ခွင့်ပြုသည့် အတိုင်းအတာကိုပါထည့်သွင်းစဉ်းစားခြင်း၊

## အကြံပြုချက် ၂၉ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU)

29.1 နိုင်ငံများသည် ငွေကြေးခဝါချမှု၊ ဆက်စပ်မူလပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုများနှင့် စပ်လျဉ်းသည့် သံသယဖြစ်ဖွယ် သတင်းပို့ချက်များနှင့် အခြားသတင်းအချက်အလက်များ လက်ခံပြီး ပိုင်းခြား စိတ်ဖြာမှု ပြုလုပ်ရန်အတွက်လည်းကောင်း၊ ထိုပိုင်းခြားစိတ်မှု၏ ရလဒ်များကို ဖြန့်ဝေရန်အတွက် လည်းကောင်း၊ အမျိုးသား အဆင့် ဗဟိုဌာနအဖြစ် ဆောင်ရွက်ရန်တာဝန်ယူမည့် FIU ဖွဲ့စည်းသင့်သည် 64 ။

29.2 FIU သည် အောက်ပါတို့အပါအဝင်၊ သတင်းပို့အဖွဲ့အစည်းများမှ တင်ပို့သည့် ဖော်ပြချက်များ လက်ခံရန်အတွက် ဗဟိုဌာနအဖြစ် ထမ်းဆောင်သင့်သည်။

(a) အကြံပြုချက် ၂၀ နှင့် ၂၃ အရ သတင်းပို့အဖွဲ့အစည်းများက ပေးပို့သည့် သံသယဖြစ်ဖွယ် သတင်းပို့ချက်များ၊ ထိုနောက်

(b) ငွေသားလွှဲပြောင်းမှု သတင်းပို့ချက်များ၊ အီလက်ထရွန်နစ် ငွေလွှဲပြောင်းမှု သတင်းပို့ချက်များနှင့် အခြား အမြင့်ဆုံး သတ်မှတ်ပမာဏ ကြေညာချက်များ/မြွက်ဟာပြောဆိုချက်များကဲ့သို့ အမျိုးသား အဆင့် ဥပ ဒေအရ သတ်မှတ်သည့် အခြား သတင်းအချက်အလက်များ

29.3 FIU သည်-

(a) FIU သို့ အဖွဲ့အစည်းများမှ ပေးပို့သည့် သတင်းအချက်အလက်များအပြင်၊ ပိုင်းခြားစိတ်ဖြာမှု ကောင်းစွာ ပြုလုပ်နိုင်ရန် ထပ်မံ လိုအပ်သည့် သတင်းအချက်အလက်များကို သတင်းပို့အဖွဲ့အစည်းများမှ ရယူ အသုံးပြုနိုင်သင့်သည်၊ 65: ထိုနောက်

(b) ငွေကြေး၊ စီမံအုပ်ချုပ်မှုနှင့် ဥပဒေစိုးမိုးရေး နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို မိမိတို့၏ လုပ်ငန်းတာဝန်များ ကောင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ရနိုင်သမျှ ရယူနိုင်သင့်သည် 66 ။

---

64 FIU ပုံစံများ အမျိုးမျိုးရှိသည့်အတွက် အကြံပြုချက် ၂၉ သည် နိုင်ငံတစ်ခု ရွေးချယ်သည့် ပုံစံမည်သို့ပင် ရှိစေကာမူ အားလုံးအပေါ် အကျုံးဝင်သည်။

65 ပိုင်းခြား စိတ်ဖြာမှု လုပ်ငန်းစဉ်နှင့် ပတ်သက်၍ FIU သည် မည်သည့် သတင်းပို့အဖွဲ့အစည်းမှ မဆို ML/TF သံသယမှု ဟု ယူဆရသော လိုအပ်သည့် အချက်အလက်များကို ထပ်မံ ရယူနိုင်သင့်သည်။ သို့သော်လည်း သတင်းပို့အဖွဲ့အစည်းများထံမှ FIU ပိုင်းခြားစိတ်ဖြာမှု ပြုလုပ်ရန်ဟူသည့် အကြောင်းပြချက်ဖြင့် သတင်းအချက်အလက် လက်လွတ်စပယ် တောင်းခံခြင်းမျိုး မပါဝင်စေရပါ (ဆိုလိုသည်မှာ- အထောက်အထားမဲ့ သတင်းအချက်အလက်များ တောင်းခံခြင်း)

66 ထိုအထဲတွင် အများပြည်သူ ရရှိနိုင်သည့် ဧစ်မြစ်များမှ သတင်းအချက်အလက်များအပြင်၊ အခြားအာဏာပိုင်များကဖြစ်စေ၊ အခြားအာဏာပိုင်များ ကိုယ်စားဖြစ်စေ တောင်းခံရယူထားသော၊ ထိန်းသိမ်းထားသော၊ သက်ဆိုင်သည့် သတင်းအချက်အလက်များပါ ပါရှိသင့်ပြီး၊ သင့်လျော်သည့် အခြေအနေများတွင် စီးပွားရေးလုပ်ငန်းများမှ ထိန်းသိမ်းထားရှိသည့် ဒေတာများပါ ပါဝင်သင့်သည်။

29.4 FIU သည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည် -

(a) သီးသန့် ပစ်မှတ်များ၊ အထူး လုပ်ရှားမှုများ သို့မဟုတ် ငွေလွှဲပြောင်းမှုများကို ခြေရာခံလိုက်နိုင်ရန်၊ နှင့် ထိုပစ်မှတ်များနှင့် ပြစ်မှုများ၊ ငွေကြေးခဝါချမှု၊ မူလပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု များနှင့် ဆက်နွယ်သည်ဟု ယူဆရသည့် အကျိုးအမြတ်များ ဆက်စပ်မှုကို သုံးသပ် ဆုံးဖြတ်နိုင်ရန် အတွက် အသုံးပြုသည့် လက်ဝယ်ရှိအချက်အလက် ဖြင့် သို့မဟုတ် ရယူနိုင်သည့် အချက်အလက်များဖြင့် အသုံးပြုလုပ်ဆောင်သည့် လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာ ပိုင်းခြားစိတ်ဖြာမှု၊ ထိုနောက်

(b) အခြား ကြီးကြပ်ရေး အာဏာပိုင်များမှ ပေးပို့နိုင်သည့် သတင်းအချက်အလက်များ၊ ဒေတာများ အပါအဝင် လက်ဝယ်ရှိ အချက်အလက်များနှင့် ရရှိနိုင်သည့် အချက်အလက်များကို အသုံးပြုကာ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့် ဆက်စပ်သည့် ကျူးလွန်ပုံ အလေ့အထများနှင့် အလားအလာများကို ဖော်ထုတ်ရန် မဟာဗျူဟာဆိုင်ရာ ပိုင်းခြားစိတ်ဖြာမှု။

29.5 FIU သည် သက်ဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်များက ပိုင်းခြားစိတ်ဖြာမှု အဖြေများ နှင့် သတင်းအချက်အလက်များကို တောင်းခံသည့်အခါ မဆိုင်းမငံ့ဘဲ ဖြန့်ဝေ နိုင်သင့်ပြီး၊ ဖြန့်ဝေရန် သီးသန့် လုံခြုံပြီး ကာကွယ်မှု အပြည့်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို အသုံးပြုသင့်သည်။

29.6 FIU သည် အောက်ပါ နည်းများဖြင့် သတင်းအချက်အလက်များကို ကာကွယ် စောင့်ရှောက်သင့်သည်။

(a) လုံခြုံစွာနှင့် လျှို့ဝှက်စွာ ထားရန် စည်းကမ်းများ ချမှတ်ထားသည့် သတင်းအချက်အလက်များ နှင့် သတင်းအချက်အလက် ရရှိပြီးနောက် ကိုင်တွယ်ရန်၊ သိုမှီးရန်၊ ဖြန့်ဝေရန် နှင့် ကာကွယ် စောင့်ရှောက် ရန် လုပ်ထုံးလုပ်နည်းများ၊

(b) FIU အဖွဲ့ဝင်များတွင် လိုအပ်သော လုံခြုံရေးအရ ခွင့်ပြုချက် အဆင့်များ ရှိသင့်ပြီး၊ ထိလွယ် ရှလွယ် သည့် လုံခြုံစွာထားရှိရမည့် သတင်းအချက်အလက်များကို ကိုင်တွယ် ဖြန့်ဝေရာတွင် ၄င်းတို့၏ တာဝန်များကို သေချာစွာ နားလည်စေခြင်း၊ ထိုနောက်

(c) သတင်းအချက်အလက် နည်းပညာ စနစ်များအပါအဝင်၊၄င်းတို့၏ အဆောင်၊ ဌာနများအတွင်းနှင့် သတင်းအချက်အလက်များ ဝင်ရောက် ရယူနိုင်ခွင့် သေချာစွာ ကန့်သတ်ခြင်း၊

29.7 FIU သည် လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် သီးခြား လွတ်လပ်မှု ရှိစေရန် အောက်ပါတို့နှင့် ပြည့်စုံ သင့်သည် -

(a) မိမိတို့၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ထမ်းဆောင်နိုင်သည့် လုပ်ပိုင်ခွင့်များနှင့် လူ၊ ပစ္စည်း အစရှိသည့် အင်အား အပြင်၊ သီးခြား သတင်းအချက်အလက်များကို ပိုင်ခြား စိတ်ဖြာရန်၊ တောင်းခံရန် နှင့်/သို့မဟုတ် ဖြန့်ဝေရန်အတွက် လွတ်လပ်စွာ ဆုံးဖြတ်နိုင်မှု ရှိခြင်း၊

(b) အခြား ပြည်တွင်း ကြီးကြပ်ရေး အာဏာပိုင်များ သို့မဟုတ် ပြည်ပမှ လုပ်ဖော်ကိုင်ဘက်များနှင့်

သတင်း အချက်အလက် ဖလှယ်ရန် အစီအစဉ် ပြုလုပ်နိုင်ခြင်း သို့မဟုတ် လွတ်လပ်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ခြင်း၊

(c) ရုံးဌာနသည် အခြား အာဏာပိုင်တစ်ရပ်ရပ်၏ ဖွဲ့စည်းမှု အောက်တွင် တည်ရှိပါက၊ ထိုအာဏာပိုင်၏ ပင်မ လုပ်ငန်းတာဝန်များနှင့် သီးခြားစွာ တည်ရှိခွင့် ရှိခြင်း၊ ထိုနောက်

(d) မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လိုအပ်သည့် ရင်းမြစ်များကို တစ်ဦးချင်းဖြစ်စေ၊ ပုံမှန် လုပ်ငန်းအရ ဖြစ်စေ၊ ရယူ ဖြန့်ကျက်နိုင်ရန်အတွက် လုပ်ငန်းတာဝန်၏ လွတ်လပ်မှု ထိပါးစေ နိုင်မည့် နိုင်ငံရေးအရ ဖြစ်စေ အစိုးရမှ ဖြစ်စေ လုပ်ငန်းစုမှဖြစ်စေ ဩဇာ လွှမ်းမိုးမှု သို့မဟုတ် ဝင်ရောက် စွက်ဖက်မှု များ ကင်းရှင်းစွာ လုပ်ဆောင်နိုင်ခြင်း။

29.8 နိုင်ငံတစ်ခုသည် FIU တစ်ခုကို ထူထောင်ပြီး၊ Egmont အုပ်စု အဖွဲ့ဝင် မဟုတ်ပါက၊ FIU သည် Egmont အုပ်စု အဖွဲ့ တွင်း ဝင်ရောက်နိုင်ရန် လျှောက်ထားသင့်သည်။ FIU သည် ထို Egmont အုပ်စုအတွင်းသို့ ဝင်ရောက်ရန် လျှောက်ထားချက်တွင် မည်သည့် ခြွင်းချက်မှ မထားရှိဘဲ၊ ထိုလျှောက်ထားသည့် လုပ်ငန်းစဉ် အတွင်းအပြည့်အဝ ဆောင်ရွက်သင့်သည်။

## အကြံပြုချက် ၃၀ ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေးအာဏာပိုင်များ

30.1 အမျိုးသားအဆင့် AML/CFT မူဝါဒများ၏ မူဘောင်အတွင်း ငွေကြေးခဝါချမှု၊ ဆက်စပ် မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား ကောင်းစွာ စုံစမ်းစစ်ဆေးနိုင်ရေး သေချာစေရန်အတွက် ဥပ ဒေ စိုးမိုးရေးအဖွဲ့ အာဏာပိုင်များ သီးသန့် သတ်မှတ်ခန့်ထားသင့်သည်။

30.2 မူလပြစ်မှုများကို စုံစမ်းစစ်ဆေးသူများသည် ထိုမူလပြစ်မှုက မည်သည့်အရပ်တွင် ကျူးလွန်စေကာမူ၊ ML/TF နှင့် ဆက်နွယ်သည့် မည်သည့်ပြစ်မှုများကို မဆို ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်အတွင်း ပြိုင်တူ စုံစမ်းစစ်ဆေးခြင်း 67 ပြုလုပ်ပိုင်ခွင့် ရှိသင့်သည်၊ သို့မဟုတ် ထိုသို့ စုံစမ်း ထောက်လှမ်းမှုများကို အခြား အဖွဲ့သို့ နောက်ဆက်တွဲ ဆက်လက် လုပ်ဆောင်ရန် လွှဲအပ်နိုင်သင့်သည်။

30.3 ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များဖြစ်သော၊ သို့မဟုတ် သိမ်းဆည်းခံရမည့်၊ သို့မဟုတ် ပြစ်မှုမှရရှိသောတရားမဝင်ငွေကြေးနှင့် ပစ္စည်းများဟု သံသယရှိသည့် ပစ္စည်းများကို မြန်ဆန် ထိရောက်စွာ ရှာဖွေ ဖော်ထုတ်၊ ခြေရာခံပြီး ထိန်းချုပ် သိမ်းဆည်းရန်အတွက် သီးသန့်ခန့်အပ်ထားသော ကြီးကြပ်ရေး အာဏာပိုင် တစ်ရပ် သို့မဟုတ် အများ ရှိသင့်သည်။

30.4 နိုင်ငံများသည် အကြံပြုချက် ၃၀ အောက်တွင် ကြီးကြပ်ရေး အာဏာပိုင်များလည်း အကျုံးဝင်ကြောင်းကို သေချာစေသင့်သည်။ ထိုအာဏာပိုင်များ ကိုယ်တိုင်က တရားဥပဒေစိုးမိုးရေး အာဏာပိုင်များ မဟုတ် ကြစေကာမူ၊ အကြံပြုချက် ၃၀ အောက်ရှိ လုပ်ငန်း တာဝန်များကို ကျင့်သုံးသ၍၊ မူလပြစ်မှုများ၏ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ တွင်လည်း လိုက်လံ ဆောင်ရွက်ရန် တာဝန် ဝတ္တရားရှိသည်။

30.5 အကြံပြုချက် ၃၀ အောက်တွင် အဂတိ လိုက်စားမှု များမှ ပေါ်ပေါက်သည့်၊ သို့မဟုတ် သက်ဆိုင်သည့် ML/TF ပြစ်မှုများကို စုံစမ်းစစ်ဆေးရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အာဏာပိုင်များအား တာဝန် သတ်မှတ်ထားပါက၊ ထိုသူတို့သည်လည်း ပိုင်ဆိုင်မှုများကို ဖော်ထုတ်၊ ခြေရာခံပြီး ထိန်းချုပ် သိမ်းဆည်းရန် လုံလောက်သည့် လုပ်ပိုင်ခွင့်များ ရှိသင့်သည်။

---

67 ပြိုင်တူ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း ဆိုသည်မှာ ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကို ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု နှင့်/(သို့) မူလပြစ်မှုများကို (သမားရိုးကျ) ဆောင်ရွက်သည့် ပြစ်မှုဆိုင်ရာ စုံစမ်းထောက်လှမ်းချိန်တွင် တစ်ချိန်တည်း ပြုလုပ်ခြင်းကို ဆိုလိုသည်။

'ငွေကြေးဆိုင်ရာ စုံစမ်း စစ်ဆေးခြင်း' ဆိုသည်မှာ ပြစ်မှုတစ်ခုခုနှင့် ဆက်နွယ်သည့် ငွေကြေးဆိုင်ရာကိစ္စရပ်များကို အောက်ပါတို့ကို ဆောင်ရွက်ရန် စုံစမ်းခြင်းကို ခေါ်သည်(၁) ပြစ်မှုကျူးလွန်သူများ၏ ကွန်ယက်များ ၏ အတိုင်းအဆ နှင့်)/သို့ (ကျူးလွန်သည့် ပြစ်မှု၏ အတိုင်းအဆကို သိရှိဖော်ထုတ်ရန်၊ (၂) ပြစ်မှု ကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များ၊ အကြမ်းဖက်သမားများ၏ ရန်ပုံငွေများ သို့မဟုတ် နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းရန် အခြားသော ပိုင်ဆိုင်မှုများကို ရှာဖွေ ဖော်ထုတ်ရန် နှင့် (၃) ပြစ်မှုအား တရားစွဲဆို တင်ပို့ရာတွင် အသုံးပြုနိုင်မည့် သက်သေခံ အထောက်အထားများကို ရှာဖွေ ဖော်ထုတ်ရန်။

## အကြံပြုချက် ၃၁ ဥပဒေစိုးမိုးရေးနှင့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များ

31.1 ငွေကြေးခဝါမှု၊ ဆက်စပ်မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအားစုံစမ်း စစ်ဆေးသည့် ကြီးကြပ်ရေး အာဏာပိုင်များသည် ထို အမှုများအပေါ် စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆို တင်ပို့မှုများနှင့် ဆက်စပ်လုပ်ငန်းတာဝန်များတွင် အသုံးပြုရန် လိုအပ်သည့် စာရွက် စာတမ်းများနှင့် သတင်း. အချက်အလက်များအားလုံးကို ရယူပိုင်ခွင့်ရှိသင့်သည်။ ထိုလုပ်ပိုင်ခွင့်များတွင် အောက်ပါတို့ကို ဆောင်ရွက်ရာတွင် မဖြစ်မနေကျင့်သုံးရမည့် အစီအမံများအတွက် လုပ်ပိုင်ခွင့်များလည်း ပါဝင်သင့်သည်။

(a) ငွေရေးကြေးရေးအဖွဲ့အစည်းများ နှင့် DNFBP များ၊ အခြား လူပုဂ္ဂိုလ်များ သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်များ ထိန်းသိမ်း ထားရှိသည့် မှတ်တမ်းမှတ်ရာများ ထုတ်ပေးရန် တောင်းခံပိုင်ခွင့်၊

(b) လူနှင့် အဆောက်အအုံ ဥပစာအား ရှာဖွေပိုင်ခွင့်၊

(c) သက်သေခံ ထွက်ဆိုချက်များ ရယူခွင့်၊ နှင့်

(d) သက်သေခံ အထောက်အထား အဖြစ် သိမ်းဆည်း ရယူပိုင်ခွင့်။

31.2 စုံစမ်းစစ်ဆေးမှု ပြုလုပ်သည့် ကြီးကြပ်ရေး အာဏာပိုင်များသည် ငွေကြေးခဝါချမှု၊ ဆက်စပ် မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းထောက်လှမ်းရန် အောက်ပါ စုံစမ်းထောက်လှမ်းရေး နည်းစနစ်များအပါအဝင် နည်းစနစ် အသွယ်သွယ်ကို အသုံးပြုခွင့် ရှိသင့်သည်။

(a) အသွင်ယူ လှုပ်ရှားမှု ဆောင်ရွက်ခြင်း

(b) ဆက်သွယ်ရေးလမ်းကြောင်းများကို ကြားဖြတ် နားထောင်ခြင်း

(c) ကွန်ပျူတာ စနစ်များအတွင်း ဝင်ရောက်ကြည့်ရှုရယူခြင်း၊ နှင့်

(d) ထိန်းချုပ် ပို့ဆောင်ခြင်း။

31.3 နိုင်ငံများ သည် အောက်ပါ ယန္တရားများ ထားရှိ ပြီးဖြစ်သင့်သည်။

(a) လူပုဂ္ဂိုလ်များ သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်များက ငွေစာရင်းများ ထားရှိခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းရှိမရှိကို ဆောလျင်စွာ ရှာဖွေ ဖော်ထုတ်ရန်၊ နှင့်

(b) ကြီးကြပ်ရေး အာဏာပိုင်များတွင် ပိုင်ရှင်အား ကြိုတင် အကြောင်းမကြားဘဲ ပိုင်ဆိုင်မှုများ ဖော်ထုတ်သည့် လုပ်ငန်းစဉ် ချမှတ်ထားခြင်းရှိရန်၊

31.4 ငွေကြေးခဝါချမှု၊ ဆက်စပ်မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများအား စုံစမ်းစစ်ဆေးသည့် ကြီးကြပ်ရေးအာဏာပိုင်များသည် FIU မှ ထိန်းသိမ်းထားရှိသည့် ဆက်စပ် အချက်အလက်အားလုံးကို တောင်းခံပိုင်ခွင့်ရှိသင့်သည်။

| | |
|---|---|
| **အကြံပြုချက် ၃၂** | **ငွေကြေး သယ်ဆောင်သူများ** |

**အကဲဖြတ်သူများအတွက် မှတ်ချက်။**
**အကြံပြုချက် ၃၂ ကို နိုင်ငံအများအား လွှမ်းမိုးသည့် စီရင်ပိုင်ခွင့်တစ်ရပ်ရပ်က နိုင်ငံအများအား လွှမ်းမိုးသည့် အခြေခံအချက်ဖြင့် အကောင်အထည်ဖော်နိုင်မည် ဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံအများအား လွှမ်းမိုးသည့် စီရင်ပိုင်ခွင့်၏ အပြင်နယ်နမိတ်များကို ဖြတ်ကျော်သည့် လှုပ်ရှားမှုကိုသာ အကြံပြုချက် ၃၂ အရ နယ်စပ်ဖြတ်ကျော်မှုဟု ယူဆသည်။ ထိုသို့ အစီအစဉ်များကို ဖြည့်စွက်ချက်၁ တွင် ချမှတ်ထားသည့် အတိုင်း နိုင်ငံအများအား လွှမ်းမိုးသည့်အခြေခံအချက်ဖြင့် အကဲဖြတ်သည်။**

32.1 နိုင်ငံများသည် ငွေကြေး နှင့် ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သည့် စာချုပ်များ(BNI) နယ်စပ်ဖြတ်ကျော် သယ်ဆောင်မှု အပေါ် အဝင်ရော အထွက်ပါ ကြေညာသည့် စနစ် သို့မဟုတ် နှုတ်ဖြင့်မြွက်ဟ ဖြေကြားသည့် စနစ် အကောင်အထည် ဖော်သင့်သည်။ နိုင်ငံများသည် ခရီးသည်များကဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ၊ လေယာဉ်ဖြင့် ဖြစ်စေ နယ်စပ် ဖြတ်ကျော် သယ်ဆောင်မှု မှန်သမျှအပေါ် ထိုသို့ ကြေညာရန် သို့မဟုတ် မြွက်ဟ ဖြေကြားရန် လိုသည်ကို သေချာအောင် ဆောင်ရွက်သင့်သည်။ သို့သော် သယ်ဆောင်ပုံ အမျိုးမျိုး အတွက် မတူညီသော စနစ်များ သုံးစွဲနိုင်သည်။

32.2 ကြေညာရန် စနစ်တွင် ကြိုတင် သတ်မှတ်ထားသည့် အများဆုံး ပမာဏ ကန်ဒေါ်လာ/ယူရို ၁၅,၀၀၀ ထက်ပိုသော ငွေကြေး သို့မဟုတ် BNIကို နယ်စပ်ဖြတ်ကျော် သယ်ဆောင်သူတိုင်း သီးသန့်ခန့်အပ်သည့် ကြီးကြပ်ရေး အာဏာပိုင်များအား အမှန်အတိုင်း ကြေညာရန် တာဝန်ရှိသင့်သည်။ နိုင်ငံများသည် အောက်ပါ ကြေညာရန် စနစ် သုံမျိုးအနက် ရွေးချယ်နိုင်သည်။

(a) ခရီးသည်အားလုံးအတွက် စာဖြင့်ရေးသားပြီး ကြေညာသည့် စနစ် (written declaration)

(b) သတ်မှတ်ပမာဏထက် ပို၍သယ်ဆောင်သည့် ခရီးသည်အားလုံး စာဖြင့် ရေးသားပြီး ကြေညာသည့် စနစ်၊ နှင့်)/သို့။

(c) ခရီးသည်အားလုံး နှုတ်ဖြင့် မြွက်ဟ ကြေညာသည့် စနစ် (oral declaration)။

32.3 နှုတ်ဖြင့် မြွက်ဟဖြေကြားသည့် စနစ် (disclosure system) တွင်၊ ခရီးသည်များသည် အာဏာပိုင်များက တောင်းခံသည့်အခါ အမှန်အတိုင်း ဖြေကြားပြီး လိုအပ်သည့် အချက်အလက်များ ပေးရန် တာဝန်ရှိသင့် သော်လည်း၊ စာဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကြိုတင် မြွက်ဟကြေညာရန် မလိုပါ။

32.4 ငွေကြေး သို့မဟုတ် BNI များကို စာဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ မမှန်မကန် မြွက်ဟကြေညာကြောင်း တွေ့ရှိပါက၊ သီးသန့် ခန့်အပ်ထားသော ကြီးကြပ်ရေး အာဏာပိုင်များသည် သယ်ဆောင်သူထံမှ ထို ငွေကြေး သို့မဟုတ် BNI များ၏ ဇစ်မြစ်နှင့် ပတ်သက်၍ အချက်အလက် ထပ်မံ တောင်းခံ ရယူနိုင်ခွင့် ရှိသင့်သည်။ ထိုနောက်

32.5 ငွေကြေး သို့မဟုတ် BNI များကို စာဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ မမှန်မကန် မြွက်ဟကြေညာသူအား အချိုးညီပြီး နောင်ကြဉ်စေမည့် အရေးယူမှုကို ပြစ်မှုကြောင်းအရ ဖြစ်စေ တရားမကြောင်းအရ ဖြစ်စေ ဌာနဆိုင်ရာမှ ဖြစ်စေ ကျခံစေသင့်သည်။

32.6 စာဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ မမှန်မကန် မြွက်ဟကြေညာသည့်လုပ်ငန်းစဉ်မှ ရရှိသော အချက်အလက်များကို FIU ထံသို့

(က) သံသယ ဖြစ်ဖွယ် နယ်စပ်ဖြတ်ကျော် သယ်ဆောင်မှုများကို အကြောင်းကြားသည့် စနစ်တစ်ရပ်ဖြင့် သော်လည်းကောင်း၊

(ခ) FIU ထံသို့ စာဖြင့်/နှုတ်ဖြင့် မြွက်ဟကြေညာသည့် အချက် အလက်ကို တိုက်ရိုက် ပေးပို့နိုင်သည့် အခြားတစ်နည်း နည်းဖြင့် သော်လည်း ကောင်း အကြောင်းကြား နိုင်သင့်သည်။

32.7 ပြည်တွင်း၌ နိုင်ငံများသည် အကြံပြုချက် ၃၂ ကို အကောင်အထည်ဖော်မှုနှင့် ပတ်သက်သည့် အရေးကိစ္စများကို အကောက်ခွန်၊လူဝင်မှုကြီးကြပ်ရေးနှင့် အခြား သက်ဆိုင်သည့် အာဏာပိုင်များအကြား လုံလောက်သည့် ညှိနှိုင်းမှု ရှိစေရန် သေချာအောင် ဆောင်ရွက်သင့်သည်။

32.8 ကြီးကြပ်ရေး အာဏာပိုင်များသည် အောက်ပါအခြေအနေများတွင် ML/TFနှင့်ဆက်နွယ်သည့် အထောက်အထား ရှိမရှိ စိစစ်သေချာစေရန်၊ ငွေကြေး သို့မဟုတ် BNI များကို သင့်လျော်သည့် အချိန်တစ်ခုအထိ တားမြစ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ပြုလုပ်နိုင်သင့်သည်။

(a) ML/TF သို့မဟုတ် မူလပြစ်မှုများ ကျူးလွန်သည်ဟု သံသယ ရှိလျှင်၊ သို့မဟုတ်

(b) စာဖြင့် ဖြစ်စေ နှုတ်ဖြင့် ဖြစ်စေ မမှန်မကန် ကြေညာကြောင်း တွေ့ရှိလျှင်။

32.9 နိုင်ငံများသည် စာဖြင့် နှုတ်ဖြင့် မြွက်ဟကြေညာသည့်စနစ်သည် အကြံပြုချက် ၃၆ မှ ၄၀ ပါ အချက်များနှင့် အညီ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု နှင့် အကူအညီများ တောင်းခံ ရယူနိုင်သည့် စနစ်မျိုး ဖြစ်စေရန် သေချာ အောင် ဆောင်ရွက်သင့်သည်။ ထိုသို့ ပူးပေါင်း ဆောင်ရွက်မှုကို လွယ်ကူ ချောမော စေရန် အတွက်၊ အချက်အလက်များ [68] ကို အောက်ပါ အခြေအနေများတွင် ထိန်းသိမ်း ရယူထားရမည်။

(a) သတ်မှတ် ပမာဏ ထက် ပိုသော စာဖြင့် /နှုတ်ဖြင့် မြွက်ဟကြေညာချက်၊ သို့တည်းမဟုတ်

(b) စာဖြင့် /နှုတ်ဖြင့် မမှန်မကန် မြွက်ဟကြေညာသည့်အခါ၊ သို့တည်းမဟုတ်

(c) ML/TF ဟု သံသယဖြစ်သည့်အခါ

32.10 နိုင်ငံများသည် စာဖြင့် /နှုတ်ဖြင့် မြွက်ဟကြေညာသည့် စနစ်များမှ ကောက်ခံရရှိသည့် အချက် အလက်များကို ကောင်းစွာ အသုံးပြုနိုင်ရန်အတွက် တင်းကျပ်လုံခြုံသည့်နည်းလမ်းများ ချမှတ်ထားရှိမှု သေချာစေရန် ဆောင်ရွက်သင့်သည်။ သို့သော်

(၁) နိုင်ငံများအကြား ကုန်စည်နှင့် ဝန်ဆောင်မှုများ အတွက် ကုန်သွယ်မှု ပေးချေမှုများ၊ သို့မဟုတ်

(၂) ကုန်သွယ် အရင်းအနှီးများ လှုပ်ရှားမှု လွတ်လပ်ခွင့်ကို ထိန်းချုပ်ခြင်း မရှိစေသင့်ပါ။

32.11 ML/TF သို့မဟုတ် မူလပြစ်မှုများနှင့် ဆက်နွယ်သည့် ငွေကြေး သို့မဟုတ် BNI များကို နယ်စပ်ဖြတ်ကျော် သယ်ဆောင်သူများအား (က) အချိုးညီ၍ နောင်ကြဉ်စေမည့် အရေးယူမှုများကို ပြစ်မှုကြောင်းအရဖြစ်စေ တရားမကြောင်းအရ ဖြစ်စေ ဌာနဆိုင်ရာမှ ဖြစ်စေ ကျခံစေသင့်သည်၊ ပြီးလျှင် (ခ) ထိုသို့သော ငွေကြေး သို့မဟုတ် BNI များကို သိမ်းဆည်းနိုင်မည့် အကြံပြုချက် ၄ နှင့် ကိုက်ညီသည့် အစီအမံများ ကျခံစေ သင့်သည်။

68 အနည်းဆုံးအားဖြင့်၊ အချက်အလက်များတွင် (၁) စာဖြင့်ဖြစ်စေ နှုတ်ဖြင့်ဖြစ်စေ ကြေညာသည့် သို့မဟုတ် ဖော်ထုတ်တွေ့ရှိသည့် ငွေကြေး သို့မဟုတ် BNI ပမာဏ၊ နှင့် (၂) သယ်ဆောင်သူ(များ) မည်သူမည်ဝါဖြစ်ကြောင်း အချက်အလက်များ ပါရှိသင့်သည်။

## အကြံပြုချက် ၃၃ ကိန်းဂဏန်းအချက်အလက်များ

33.1 နိုင်ငံများသည် ၄င်းတို့၏ AML/CFT စနစ်များ [69] ၏ ထိရောက်မှုနှင့် ခရီးရောက်မှု ရှိစေရန်၊ ကိန်းဂဏန်း အချက်အလက်များ အပြည့်အစုံ ထိန်းသိမ်း ထားရှိသင့်သည်။ ထိုအထဲတွင် အောက်ပါတို့ ၏ ကိန်းဂဏန်း စာရင်းအင်းများ ပါဝင်သင့်သည်။

(a) လက်ခံရရှိသည့် STR များ နှင့် ဖြန့်ဝေသည့် STR များ

(b) ML/TF စုံစမ်းစစ်ဆေးမှု၊. တရားစွဲဆိုတင်ပို့မှုနှင့် ပြစ်ဒဏ် ချမှတ်သည့် အမှုများ၊

(c) ထိန်းချုပ်၊ သိမ်းဆည်း၊ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့် ပစ္စည်းများ၊ ထိုနောက်

(d) ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးမှု သို့မဟုတ် အခြား နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်ရန် တောင်းခံမှုနှင့် လက်ခံရရှိမှုများ။

[69] နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုအတွက်၊ အကဲဖြတ်မှုကို အောက်တွင် စာရင်းပြုထားသည့် နယ်ပယ် လေးခုကိုသာ ကန့်သတ်ပြုလုပ်သင့်သည်။

## အကြံပြုချက် ၃၄ လမ်းညွှန်မှု နှင့် တုံ့ပြန်ချက်

34.1 ကြီးကြပ်ရေး အာဏာပိုင်များ၊ ကြီးကြပ်သူများနှင့် SRB များသည် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များ AML/CFT အစီအမံများ ကျင့်သုံးရာတွင် အကူအညီဖြစ်စေမည့် လမ်းညွှန်များ ချမှတ်ပြီး၊ တုံ့ပြန်ချက်များ ပေးသင့်သည်။ အထူးသဖြင့် သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှုများ ရှာဖွေ ဖော်ထုတ်ပြီး သတင်းပို့ရာတွင်အထောက်အကူ ဖြစ်စေမည့်တုံ့ပြန်ချက်များ ပေးသင့်သည်။

## အကြံပြုချက် ၃၅ အရေးယူဒဏ်ခတ် မှုများ

35.1 နိုင်ငံများသည် အကြံပြုချက် ၆ နှင့် ၈ မှ ၂၃ အထိ ပါရှိသည့် AML/CFT သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် လူပုဂ္ဂိုလ်များ သို့မဟုတ် ဥပဒေ ရေးရာ ပုဂ္ဂိုလ်များအား အချိုးညီပြီး နောင်ကြဉ်စေမည့် ပြစ်မှုကြောင်းအရ ဖြစ်စေ တရားမကြောင်းအရ ဖြစ်စေ ဌာနဆိုင်ရာမှ ဖြစ်စေ အရေးယူဒဏ်ခတ်မှု အသွယ်သွယ် ထားရှိရန် သေချာအောင် ဆောင်ရွက်သင့်သည်။ [70]

35.2 ထိုအရေးယူ ဆောင်ရွက်မှုများကို ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များသာမက၊ ၄င်းတို့၏ ဒါရိုက်တာနှင့် အကြီးတန်း စီမံခန့်ခွဲသူများကိုပါ အကျုံးဝင်စေသင့်သည်။

70 အရေးယူ ဆောင်ရွက်မှုများသည် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုတစ်ခု အပေါ် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ အကျုံးဝင်စေသင့်သည်။ ထိုအရေးယူဆောင်ရွက်မှုများမှာ သတ်မှတ်ချက် ချမှတ်သည့် သို့မဟုတ် ကျောထောက် နောက်ခံပြုသည့် စာတမ်းတစ်ခုတည်း၌ ရှိချင်မှ ရှိပေမည်၊ နောက် စာတမ်းတစ်ခုတွင်ရှိချင်ရှိမည်။ အရေးကြီးသည်မှာ သတ်မှတ်ချက်များနှင့် ချမှတ်ထားသည့် အရေးယူမှုများအကြား ထင်ရှားသော ချိတ်ဆက်မှု ရှိရန် ဖြစ်သည်။

## အကြံပြုချက် ၃၆ အပြည်ပြည်ဆိုင်ရာ စာချုပ်များ

36.1 နိုင်ငံများသည် ဗီယင်နာ ကွန်ဗင်းရှင်း ၊ ပါလာမို ကွန်ဗင်းရှင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (မယ်ရီဒါ ကွန်ဗင်းရှင်း) နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းများ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်သင့်သည်။

36.2 နိုင်ငံများသည် ဗီယင်နာ ကွန်ဗင်းရှင်း၊ ပါလာမို ကွန်ဗင်းရှင်း၊ မယ်ရီဒါ ကွန်ဗင်းရှင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းများအား အပြည့်အဝ အကောင်အထည် ဖော်သင့်သည်။ [71]

---

71 သက်ဆိုင်သည့် အပိုဒ်များမှာ ဗီယင်နာကွန်ဗင်းရှင်း (အပိုဒ် ၃-၁၊ ၁၀-၁၆၊ ၁၈-၂၀၊ ၂၄-၂၇၊ ၂၉-၃၁ နှင့် ၃၄)၊ ပလာမိုကွန်ဗင်းရှင်း (အပိုဒ် ၅-၇၊ ၁၀-၁၆၊ ၁၈-၂၀၊ ၂၄-၂၇၊ ၂၉-၃၁ နှင့် ၃၄)၊ မယ်ရီဒါကွန်ဗင်းရှင်း (အပိုဒ် ၁၄-၁၇၊ ၂၃-၂၄၊ ၂၆-၃၁၊ ၃၈၊ ၄၀၊ ၄၃-၄၄၊ ၄၆၊ ၄၈၊ ၅၀-၅၅၊ ၅၇-၅၈) နှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကွန်ဗင်းရှင်း(အပိုဒ် ၂-၁၈)

## အကြံပြုချက် ၃၇ ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးခြင်း

37.1 နိုင်ငံများသည် ငွေကြေးခဝါချမှု၊ ဆက်စပ် မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုတင်ပို့မှုများနှင့် ဆက်စပ်စီရင် ကြားနာမှုများနှင့် ပတ်သက်သည့် ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း အလျင်အမြန် အကူအညီပေးနိုင်မည့် ဥပ ဒေ အခြေခံတစ်ရပ် ရှိသင့်သည်။

37.2 နိုင်ငံများသည် တောင်းခံမှုများ ပေးပို့ခြင်းနှင့် ဆောင်ရွက်ခြင်းများ လုပ်ဆောင်ရန်အတွက် ဗဟိုအာဏာပိုင် တစ်ရပ် သို့မဟုတ် အခြား ချမှတ်ထားသည့် ဌာနဆိုင်ရာ လုပ်ငန်းယန္တရားကို အသုံးပြုသင့်သည်။ ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီ တောင်းခံမှုများကို ဆောလျင်စွာ ဦးစားပေးရပ်ပြီး ဆောင်ရွက်ရန်အတွက် ရှင်းလင်းသည့် လုပ်ငန်းစဉ်များ ရှိသင့်သည်။ တောင်းခံမှုများကို စောင့်ကြည့် ကြပ်မတ်ရန် အတွက် အမှုစီမံ ခန့်ခွဲရေး စနစ်တစ်ခု ထားရှိ သင့်သည်။

37.3 ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီကို တားမြစ်ခြင်း သို့မဟုတ် မလိုလားအပ်သော တင်းကျပ်သည့် စည်းကမ်းချက်များ လိုက်နာစေခြင်းများ မရှိသင့်ပါ။

37.4 နိုင်ငံများသည် ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း တောင်းခံသည့်အကူအညီကို -

(a) ထိုပြစ်မှုသည် ငွေကြေးကုန်ကျမှု ကိစ္စများ ပါဝင်မည်ဟု ယူဆချက် တစ်ခုတည်းဖြင့် ငြင်းဆိုခြင်း၊

(b) ငွေရေးကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် DNFBP များ၏ လျှို့ဝှက်ချက်စည်းကမ်းများ သို့မဟုတ် အတွင်းရေးဆိုင်ရာလုံခြုံမှု သတ်မှတ်ချက်များကို၊ ဥပဒေဆိုင်ရာ အထူးအခွင့်အရေး သို့မဟုတ် ဥပဒေဆိုင်ရာလျှို့ဝှက်ချက်များ အကျုံးဝင်သည့်အခြေအနေများမှလွဲ၍ ငွေရေးကြေးရေးအဖွဲ့ အစည်းများ သို့မဟုတ် DNFBP များ၏ လျှို့ဝှက်ချက်စည်းကမ်းများ သို့မဟုတ် လုံခြုံမှု သတ်မှတ်ချက် များကို အကြောင်းပြု၍ ငြင်းဆိုခြင်း မပြုသင့်ပါ။

37.5 နိုင်ငံများသည် လက်ခံရရှိသည့် ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီ တောင်းခံချက်နှင့် အတူ ပါရှိသည့် အချက်အလက်များကို စုံစမ်းစစ်ဆေးမှု သို့မဟုတ် စုံစမ်းမေးမြန်းမှု၏ သမာဓိကို ကာကွယ်စောင့်ရှောက်ရန်အတွက်၊ ပြည်တွင်းဥပဒေ၏ အခြေခံမူများနှင့် ကိုက်ညီပါက၊ လျှို့ဝှက်လုံခြုံစွာ ထိန်းသိမ်းထားရှိသင့်သည်။

37.6 ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း တောင်းခံသည့် အကူအညီများတွင် အာဏာဖြင့် အတင်းအကျပ် လုပ်ဆောင် ရမည့် လုပ်ရှားမှုများ မပါဝင်ပါက၊ နိုင်ငံများသည် အကူအညီပေးရန်အတွက် နှစ်နိုင်ငံစလုံးတွင် ပြစ်မှုမြောက်သည်ဟု ပြဋ္ဌာန်းချက်ရှိမှ (dual criminality) ကူညီမည် ဆိုသည့် စည်းကမ်းချက် မထားသင့်ပါ။

37.7 ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီ ပေးရန် နှစ်နိုင်ငံစလုံးတွင် ပြစ်မှုမြောက်ခြင်း ဆိုသည့် အချက်ကို စဉ်းစားရန်လိုအပ်သည့် အခြေအနေများတွင်၊ နှစ်နိုင်ငံလုံးကသတ်မှတ်သည့် ပြစ်မှုသည် တူညီ

သည့် အမျိုးအစားအောက်တွင် ရှိခြင်းမရှိခြင်း၊ ပြစ်မှု၏ အခေါ်အဝေါ်တူခြင်းမတူခြင်းကိုစဉ်းစားရန် မလိုဘဲ၊ ထိုပြစ်မှု၏ အကြောင်းခံတရားကို ပြစ်မှုမြောက်ကြောင်းဟု သတ်မှတ်ရုံဖြင့် ပြစ်မှုမြောက်သည်ဟု ကျေနပ်သင့်သည်။

37.8 အကြံပြုချက်၃၁ အောက်ရှိ လုပ်ပိုင်ခွင့်များနှင့် စုံစမ်းထောက်လှမ်းရေးနည်းစနစ်များ၊ သို့မဟုတ် ပြည်တွင်းကြီးကြပ်ရေး အာဏာပိုင်များ လက်ဝယ်ရှိ နည်းလမ်းများကို ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီ တောင်းခံမှု ရရှိသည့်အခါ ၊ထို့ပြင် ပြည်တွင်း မူဘောင်နှင့်ကိုက်ညီပါက ပြည်ပ တရားရေး သို့မဟုတ် ဥပဒေစိုးမိုးရေး အာဏာပိုင်များ က ပြည်တွင်းရှိ လုပ်ဖော်ကိုင်ဘက်များထံ တိုက်ရိုက်တောင်းခံသည့်အခါ၊ အသုံးပြုနိုင်သင့်သည်။ ထိုလုပ်ပိုင်ခွင့်များနှင့် စုံစမ်းထောက်လှမ်းရေးနည်းစနစ်များတွင် အောက်ပါတို့ ပါဝင်သင့်သည်-

(a) အကြံပြုချက် ၃၁ အောက်ရှိ သီးသန့် လုပ်ပိုင်ခွင့်များဖြစ်သော အချက်အလက်များ၊စာတမ်းများ သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ သို့မဟုတ် လူပုဂ္ဂိုလ်များ သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်များထံမှ သက်သေခံအေထာက်အထားများ(ငွေကြေးဆိုင်ရာ မှတ်တမ်းများအပါအဝင်) နှင့် သက်သေထွက်ဆိုချက်များအား တောင်းခံ၊ ရှာဖွေ သိမ်းဆည်းပိုင်ခွင့်အားလုံး နှင့်

(b) အခြားလုပ်ပိုင်ခွင့်များနှင့်စုံစမ်းထောက်လှမ်းရေးနည်းစနစ်အသွယ်သွယ်။

## အကြံပြုချက် ၃၈ ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီ ပေးခြင်း၊ ထိန်းချုပ်ခြင်းနှင့် နိုင်ငံ့ ဘဏ္ဍာ အဖြစ်သိမ်းဆည်းခြင်း

38.1 နိုင်ငံများသည် အောက်ပါ ပစ္စည်းများကို ရှာဖွေဖော်ထုတ်ရန်၊ ထိန်းချုပ်ရန်၊ သိမ်းဆည်းရန် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ပြည်ပနိုင်ငံများမှ တောင်းခံချက်များကို ဆောလျင်စွာ တုံ့ပြန်ဆောင်ရွက် နိုင်သည့် လုပ်ပိုင်ခွင့် အာဏာ ရှိသင့်သည်။

(a) ငွေကြေးခဝါချမှု၊ မူလပြစ်မှုများ သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုမှ ခဝါချပြီး ရရှိသည့် ပစ္စည်းများ

(b) ထို ပြစ်မှုများကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များ

(c) ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများ

(d) ငွေကြေးခဝါချမှု၊ မူလပြစ်မှုများ သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု ပြစ်မှု ကျူးလွန်ရာတွင် အသုံးပြုရန် ကြံရွယ်သည့် ပစ္စည်းများ။

သို့မဟုတ်

(e) တန်ဖိုးတူညီသည့် ပစ္စည်းများ။

38.2 နိုင်ငံများသည် အနည်းဆုံးအားဖြင့် ကျူးလွန်သူ သေဆုံးသဖြင့်ဖြစ်စေ၊ ထွက်ပြေးတိမ်းရှောင်သဖြင့် ဖြစ်စေ၊ မလာရောက်သဖြင့် ဖြစ်စေ၊ သို့မဟုတ် ကျူးလွန်သူ မည်သူဆိုသည်ကို မသိသဖြင့် ဖြစ်စေ၊ ထိုအခြေအနေများ ၌ ပြည်တွင်းဥပဒေ၏ အခြေခံမူများနှင့် ဆန့်ကျင်ခြင်းမရှိပါက၊ ပြစ်ဒဏ်မပါဘဲ ပစ္စည်း သိမ်းဆည်းရန် ဆောင်ရွက်သည့် စီရင် ကြားနာမှုများနှင့် ဆက်စပ် ကြားကာလ အစီအမံများအတွက် ပူးပေါင်းကူညီရန် တောင်းခံချက်များအား အကူအညီပေးပိုင်ခွင့် ရှိသင့်သည်။

38.3 နိုင်ငံများသည် (က)ထိန်းချုပ် သိမ်းဆည်းရေး လုပ်ငန်းစဉ်များကို အခြားနိုင်ငံများနှင့် ညှိနှိုင်းလုပ်ဆောင်ရန် အစီအစဉ်များ၊ နှင့် (ခ) ထိန်းချုပ်၊ သိမ်းဆည်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ပစ္စည်းများကို စီမံခန့်ခွဲရန်နှင့် လိုအပ်သည့်အခါ ထုခွဲရောင်းချ စွန့်ပစ်ရန် ယန္တရားများ ထားရှိသင့်သည်။

38.4 နိုင်ငံများသည် အထူးသဖြင့် တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍ သော်လည်းကောင်း ဥပဒေစိုးမိုးရေး လုပ်ငန်းများ၏ ညှိနှိုင်းဆောင်ရွက်သည့် ရလဒ်အဖြစ် ပစ္စည်းများ သိမ်းဆည်းနိုင်သည့်အခါ၊ အခြားနိုင်ငံများနှင့် သိမ်းဆည်းထားသည့် ပစ္စည်းများကို မျှဝေ ခွဲယူနိုင်သင့်သည်။

## အကြံပြုချက် ၃၉ တရားခံလွှဲပြောင်းခြင်း

39.1 နိုင်ငံများသည် ML/TF နှင့် ပတ်သက်သည့် တရားခံလွှဲပြောင်းရန် တောင်းခံမှုများကို မလိုအပ်ဘဲ ကြန့်ကြာမှု မရှိစေရန် ဆောင်ရွက်နိုင်သင့်သည်။ အထူးသဖြင့် နိုင်ငံများသည် အောက်ပါတို့ကို လုပ်ဆောင်သင့်သည်။

(a) ML နှင့် TF တို့သည် တရားခံ လွှဲပြောင်းနိုင်သည့် ပြစ်မှုများ အဖြစ် သေချာစေရန်၊

(b) အမှု စီမံခန့်ခွဲရေး စနစ် ထားရှိပြီး၊ လိုအပ်သည့်နေရာတွင် ဦးစားပေးရပ် သတ်မှတ်ရေး အပါအဝင်၊ ဆောလျင်စွာ တရားလွှဲပြောင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းစွာ ထားရှိမှု သေချာစေရန်၊ နှင့်

(c) တောင်းခံမှုကို ဆောင်ရွက်ပေးရန် ကျိုးကြောင်းဆီလျော်မှု မရှိသည့်သို့မဟုတ် မလိုလားအပ်ဘဲ တင်းကျပ်သည့် စည်းကမ်းများ ချမှတ်ခြင်း မရှိစေရန်။

39.2 နိုင်ငံများသည်

(a) မိမိနိုင်ငံသားများကို တရားခံလွှဲပြောင်းသင့်သည်။ သို့တည်းမဟုတ်

(b) လွှဲပြောင်းမှုကို နိုင်ငံသားဆိုသည့်အချက်အပေါ် မူတည်ဆုံးဖြတ်ခြင်း မဟုတ်သည့်အခြေအနေတွင် တရားခံ လွှဲပြောင်းရန် တောင်းခံသည့် နိုင်ငံ၏ တောင်းခံချက်အရ၊ တောင်းခံချက်တွင် ပါရှိသည့် ပြစ်မှုများကို တရားစွဲဆို တင်ပို့ရန် မလိုလားအပ်ဘဲ ကြန့်ကြာမှု မရှိစေဘဲ၊ ထို ကြီးကြပ်ရေး အာဏာပိုင်များအား အမှုကို တင်ပြသင့်သည်။

39.3 တရားခံလွှဲပြောင်းရန်အတွက် နှစ်နိုင်ငံလုံးတွင် ပြစ်မှုမြောက်သည့် အချက် လိုအပ်ပါက၊ ထိုသတ်မှတ်ချက်ကို ဖြည့်ဆည်းရန် နှစ်နိုင်ငံလုံးက သတ်မှတ်သည့် ပြစ်မှုသည် တူညီသည့် အမျိုးအစားအောက်တွင် ရှိခြင်း မရှိခြင်း၊ ပြစ်မှု၏ အခေါ်အဝေါ် တူခြင်း မတူခြင်းကို စဉ်းစားရန် မလိုဘဲ၊ ထိုပြစ်မှု၏ အကြောင်းခံတရားကို ပြစ်မှုမြောက်သည် ဟု သတ်မှတ်ရုံဖြင့် ပြစ်မှုမြောက်သည်ဟု ကျေနပ်သင့်သည်။

39.4 ပြည်တွင်းဥပဒေ၏ အခြေခံမူများနှင့် အညီ၊နိုင်ငံများသည် ရိုးရှင်းသော တရားခံ လွှဲပြောင်းရေး ယန္တရားများ ထားရှိသင့်သည် [72]။

---

72 ဆိုင်ရာ အာဏာပိုင်များအကြား ကြားကာလအစီအမံအဖြစ် ဖမ်းဆီးရန် တောင်းခံမှုများကို တိုက်ရိုက် ဆောင်ရွက်ခြင်း၊ ဖမ်းဝရမ်း သို့မဟုတ် တရားရုံး ဆုံးဖြတ်ချက်ဖြင့်သာ လွှဲပြောင်းပေးခြင်း၊ သို့မဟုတ် တရားဝင် လွှဲပြောင်းရေး ကြားနာမှုများ မပါရှိဘဲ ရိုးရှင်းသည့် တရားခံလွှဲပြောင်းမှု ပြုလုပ်သည့် နည်းစတင်ခြင်းကဲ့သို့။

## အကြံပြုချက် ၄၀ အခြား နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ပုံများ

*အထွေထွေ အခြေခံမူများ*

40.1 နိုင်ငံများသည် ငွေကြေးခဝါချမှု၊ ဆက်စပ် မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတို့နှင့် သက်ဆိုင်သည့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အသွယ်သွယ်ကို ၄င်းတို့၏ ကြီးကြပ်ရေး အာဏာပိုင်များက အကျယ်ပြန့်နိုင်ဆုံး မြန်ဆန်စွာ ပေးနိုင်ရေး သေချာစေရန် ဆောင်ရွက်သင့်သည်။ ထိုသို့ အချက်အလက် ဖလှယ်မှုများကို တောင်းခံလျှင် တောင်းခံခြင်း အလိုအလျောက် ပေးနိုင်သင့်သည်။

40.2 ကြီးကြပ်ရေး အာဏာပိုင်များသည် -

(a) ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ရန် ဥပ ဒေ အခြေခံ ရှိသင့်သည်၊

(b) ပူးပေါင်းဆောင်ရွက်ရန် တိကျမြန်ဆန်မှုအရှိဆုံး နည်းလမ်းများကို သုံးပိုင်ခွင့်ရှိသင့်သည်၊

(c) တောင်းခံချက်များ ပေးပို့ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ လွယ်ကူချောမွေ့စေပြီး လုပ်ဆောင်နိုင် သည့် ရှင်းလင်း လုံခြုံသည့် အင်တာနက် တံခါးဝ လမ်းကြောင်းများ၊ ယန္တရားများ နှင့် ဆက်သွယ်ရေး လမ်းကြောင်းများ ထားရှိသင့်သည်။

(d) တောင်းခံချက်များကို ဦးစားပေးရပ် သတ်မှတ်ရန်နှင့် ဆောလျင်စွာ ဆောင်ရွက်ရန် ရှင်းလင်းသည့် လုပ်ငန်းစဉ်များ ထားရှိသင့်သည်။ ထိုနောက်

(e) လက်ခံရရှိသည့် အချက်အလက်များကို လုံခြုံစွာ သိမ်းဆည်းထားနိုင်မည့် ရှင်းလင်းသော လုပ်ငန်း စဉ်များ ထားရှိသင့်သည်။

40.3 ကြီးကြပ်ရေး အာဏာပိုင်များ ပူးပေါင်း ဆောင်ရွက်နိုင်ရန်အတွက် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံပေါင်းစုံ သဘောတူညီမှုများ သို့မဟုတ် အစီအစဉ်များ လိုအပ်သည့်အခြေအနေများတွင် ထိုသို့ ဖြစ်မြောက်နိုင်ရန် ညှိနှိုင်း ဆောင်ရွက်ပြီး တတ်နိုင်သမျှ ပြည်ပ လုပ်ဖော်ကိုင်ဘက်အသီးသီးနှင့် ဆောလျင်စွာ လက်မှတ်ထိုး သင့်သည်။

40.4 တောင်းခံမှု ပြုလုပ်သည်နှင့်၊ တောင်းခံသည့် ကြီးကြပ်ရေးအာဏာပိုင်များကလက်ခံရရှိသည့်အချက် အလက် များကို အသုံးပြုမှုနှင့် မည်သို့ အသုံးဝင်ကြောင်းကို အကူအညီ ပေးသည့် အာဏာပိုင်များထံ ဆောလျင်စွာ တုံ့ပြန်မှု ပေးသင့်သည်။

40.5 နိုင်ငံများက သတင်းအချက်အလက် ဖလှယ်ရန် သို့မဟုတ် အကူအညီ ပေးရန် ကိစ္စရပ်များကို တားမြစ်ခြင်း သို့မဟုတ် ကျိုးကြောင်းမသင့်သည့် သို့မဟုတ် မလိုလားအပ်ဘဲ တင်းကျပ်သည့် စည်းကမ်းများ မချမှတ် သင့်ပါ။ အထူးသဖြင့် ကြီးကြပ်ရေး အာဏာပိုင်များသည် အောက်ပါ အခြေအနေများကြောင့် အကူအညီ ပေးရန် ငြင်းဆိုခြင်း မပြုသင့်ပါ။

(a.) တောင်းခံချက်သည် ငွေကြေးဆိုင်ရာ ကိစ္စရပ်များ ပတ်သက်သည်ဟု ယူဆသဖြင့်ငြင်းဆိုခြင်း၊ ပြီးလျှင်/သို့မဟုတ်

(b.) (ဥပဒေဆိုင်ရာ အထူးအခွင့်အရေး သို့မဟုတ် ဥပဒေဆိုင်ရာ လျှို့ဝှက်ချက်များ အကျုံးဝင်သည့် အခြေအနေများမှ လွဲ၍) ငွေရေးကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် DNFBP များက လျှို့ဝှက်ချက်များ သို့မဟုတ် အတွင်းရေးကိစ္စဆိုင်ရာ လုံခြုံမှုများ ထားရှိရမည်ဟု ဥပဒေများကပြဋ္ဌာန်းသဖြင့် ငြင်းဆိုခြင်း၊ ပြီးလျှင်/သို့မဟုတ်

(c.) တောင်းခံခြင်းခံရသည့် နိုင်ငံတွင် စုံစမ်းမေးမြန်းမှုများ၊ စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် စီရင် ကြားနာမှုများ ပြုလုပ်နေသည့်အချိန်ဖြစ်သဖြင့် (ထိုသို့ အကူအညီ တောင်းခံမှုကြောင့် ထို စုံစမ် း မေးမြန်းမှုများ၊ စုံစမ်းစစ်ဆေးမှုများ သို့မဟုတ် စီရင်ကြားနာမှုများကို အဟန့်အတား ဖြစ်စေမည့် အခြေအနေမှလွဲ၍) ငြင်းဆိုခြင်း၊ ပြီးလျှင် /သို့မဟုတ်

(d.) တောင်းခံသည့် လုပ်ဖော်ကိုင်ဘက်၏ လုပ်ပိုင်ခွင့်မှာ သဘော သဘာဝ သို့မဟုတ် ရာထူးဌာန အနေအထား (အရပ်သား၊ အုပ်ချုပ်ရေး၊ ဥပဒေစိုးမိုးရေး စသည်) အရ ၄င်း၏ ပြည်ပ လုပ်ဖော်ကိုင်ဘက်၏ သဘောသဘာဝ၊ အနေအထားတို့နှင့် ကွာခြားသဖြင့် ငြင်းဆိုခြင်း။

40.6 နိုင်ငံများသည် ကြီးကြပ်ရေး အာဏာပိုင်များနှင့်ဖလှယ်သည့် အချက်အလက်များကို တောင်းခံခြင်းခံရသည့် ကြီးကြပ်ရေး အာဏာပိုင်များ ကြိုတင် ခွင့်ပြုချက်မပေးသ၍၊ ထိုတောင်းခံရသည့် ရည်ရွယ်ချက်အတွက်သာ အသုံးပြုရန် နှင့် အာဏာပိုင်များကသာ အသုံးပြုရန် သေချာအောင် ထိန်းချုပ်မှုများ နှင့် လုံခြုံစွာထားရှိရန် နည်းလမ်းများ ချမှတ်ထားရှိသင့်သည်။

40.7 ကြီးကြပ်ရေး အာဏာပိုင်များသည် ပူးပေါင်းဆောင်ရွက်ရန် မည်သည့်တောင်းခံမှုကို မဆို၊ ဖလှယ်သည့် မည်သည့် အချက်အလက်ကိုမဆို၊ နှစ်ဖက်နိုင်ငံ၏ ကိုယ်ရေးကိစ္စနှင့် ဒေတာလုံခြုံမှုဆိုင်ရာ တာဝန်များနှင့် အညီ၊ လိုအပ်သည့် လုံခြုံမှု ထိန်းသိမ်းထားရှိ သင့်သည်။ အနည်းဆုံးအားဖြင့်၊ ကြီးကြပ်ရေး အာဏာပိုင်များသည် ဖလှယ်ထားသည့် အချက်အလက်များကို ပြည်တွင်းရှိ ဇစ်မြစ်များမှ ရရှိသည့် အလားတူ အချက်အလက်များအား ကာကွယ် ထိန်းသိမ်း သကဲ့သို့ ထိန်းသိမ်းသင့်သည်။ အကယ်၍ တောင်းခံသည့် ကြီးကြပ်ရေး အာဏာပိုင်များက အချက်အလက်များကို ထိရောက်စွာ ကာကွယ် ထိန်းသိမ်းခြင်း မပြုနိုင်ပါက ငြင်းဆိုနိုင်သည်။

40.8 ကြီးကြပ်ရေး အာဏာပိုင်များသည် ပြည်ပ လုပ်ဖော်ကိုင်ဘက်များ၏ ကိုယ်စား စုံစမ်း မေးမြန်းမှုများ ပြုလုပ်ပိုင်ခွင့် ရှိသင့်ပြီး၊ ထိုသို့ စုံစမ်း မေးမြန်းမှုများကို ပြည်တွင်း၌ မိမိသာ ပြုလုပ်ခဲ့လျှင်၊ ရရှိနိုင်မည့် အချက်အလက် အားလုံးကို ပြည်ပ လုပ်ဖော် ကိုင်ဘက်များနှင့် ဖလှယ်ပိုင်ခွင့် ရှိသင့်သည်။

*FIU များ အကြား အချက်အလက် ဖလှယ်ခြင်း*

40.9 FIU များသည် ငွေကြေးခဝါချမှု၊ ဆက်စပ် မူလပြစ်မှုများနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု များ အပေါ် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လုံလောက်သည့် ဥပ ဒေ အခြေခံ ရှိသင့်သည်။ [73]

40.10 FIU များသည် အကူအညီ တောင်းခံမှု ပြုသည့်အခါ နှင့် ဖြစ်နိုင်သည့်အခါတိုင်းတွင်၊ ၄င်းတို့အား ပေးသည့် အချက်အလက်များကို အသုံးပြုမှုကိုလည်းကောင်း၊ ထိုအချက်အလက်များကို အခြေပြု၍ ပိုင်းခြားစိတ်ဖြာမှု ပြုလုပ်ပြီး ရရှိသည့် ရလဒ်ကိုလည်းကောင်း ၄င်းတို့၏ ပြည်ပ လုပ်ဖော်ကိုင်ဘက်များအား တုံ့ပြန်ချက်များ ပေးပို့သင့်သည်။

40.11 FIU များသည် အောက်ပါတို့ ဖလှယ်နိုင်ခွင့် ရှိသင့်သည်-

(a) FIU မှ အလှမ်းမီသည့် သို့မဟုတ် အထူးသဖြင့် အကြံပြုချက် ၂၉ အရ၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ ရယူနိုင်သည့် လိုအပ်သမျှ အချက်အလက်အားလုံး။ ထိုနောက်

(b) အပြန်အလှန် ကူညီရေး အခြေခံမူ (reciprocity) ပေါ် မူတည်၍၊ ၄င်းတို့ ရယူနိုင်ခွင့်ရှိသည့် သို့မဟုတ် ပြည်တွင်း၌ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ အလှမ်းမီသည့် အခြား မည်သည့် အချက်အလက် မဆို။

*ငွေကြေးဆိုင်ရာ ကြီးကြပ်သူများအကြား အချက်အလက် ဖလှယ်ခြင်း*[74]

40.12 ငွေကြေးဆိုင်ရာ ကြီးကြပ်သူများသည် ကျင့်သုံးနိုင်သော ကြီးကြပ်မှုဆိုင်ရာ နိုင်ငံတကာ စံနှုန်း စံညွှန်းများ နှင့် အညီ၊ အထူးသဖြင့် AML/CFT နှင့် စပ်လျဉ်းသည့် သို့မဟုတ် သက်ဆိုင်သည့် ကြီးကြပ်မှုဆိုင်ရာ အချက်အလက်များ ဖလှယ်မှု စံနှုန်းများနှင့် အညီ၊ ၄င်းတို့၏ ပြည်ပ လုပ်ဖော်ကိုင်ဘက်များ (သဘော သဘာဝ သို့မဟုတ် ဌာန ရာထူး စသည့် အနေအထား မတူစေကာမူ) နှင့် ပူးပေါင်း ဆောင်ရွက်မှု ပေးရန် ဥပ ဒေ အခြေခံ တစ်ရပ် ရှိသင့်သည်။

40.13 ငွေကြေးဆိုင်ရာ ကြီးကြပ်သူများသည် ငွေရေးကြေးရေး အဖွဲ့အစည်းများ ထိန်းသိမ်း ထားရှိသည့် အချက်အလက်များ အပါအဝင်၊ ပြည်တွင်း၌ မိမိတို့ ရရှိနိုင်သည့် အချက်အလက်များကို ပြည်ပ လုပ်ဖော်ကိုင်ဘက်များ လိုအပ်သလောက် ၄င်းတို့နှင့် ဖလှယ်ပိုင်ခွင့် ရှိသင့်သည်။

---

73 FIU များသည် ၄င်းတို့၏ FIU လုပ်ဖော်ကိုင်ဘက်များက သဘာသဘာဝအရ အုပ်ချုပ်ရေးပိုင်းကဖြစ်စေ၊ ဥပဒေစိုးမိုးရေးကဖြစ်စေ၊ တရားရေးဘက်ကဖြစ်စေ၊ သို့မဟုတ် အခြား သဘာဝချင်းမတူစေကာမူ ပူးပေါင်းဆောင်ရွက်မှု ပေးနိုင်သင့်သည်။

74 ဤအချက်တွင် ငွေကြေးဆိုင်ရာ ကြီးကြပ်သူများ ဆိုသည်မှာ ကြီးကြပ်ရေး အာဏာပိုင်များကိုဆိုလိုပြီး၊ SRB များဖြစ်သည့် ငွေကြေးဆိုင်ရာ ကြီးကြပ်သူများကို မဆိုလိုပါ။

40.14 ငွေကြေးဆိုင်ရာ ကြီးကြပ်သူများသည် AML/CFT ကိစ္စရပ်များအတွက် အောက်ပါ အချက်အလက် အမျိုးအစားတို့ ကို၊ အထူးအားဖြင့် အုပ်စုတစ်စုတည်းရှိ ငွေရေးကြေးရေးအဖွဲ့အစည်းများအတွက် တာဝန်မှု ဝေ ထမ်းဆောင်ရသည့် အခြား ကြီးကြပ်သူများနှင့် ဖလှယ်ပိုင်ခွင့် ရှိသင့်သည်။

(a) ပြည်တွင်း စည်းမျဉ်း စနစ်နှင့် ဆိုင်သည့် အချက်အလက်များကဲ့သို့ စည်းကမ်း စည်းမျဉ်းဆိုင်ရာ အချက်အလက်များ၊နှင့် ငွေရေးကြေးရေးကဏ္ဍများနှင့်ပတ်သက်သည့်အထွေထွေ အချက်အလက်များ၊

(b) အထူးသဖြင့် ပင်မ အခြေခံမူများ (Core Prinicples) ကျင့်သုံးသည့် ကြီးကြပ်သူများအတွက် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်များ၊ စီမံခန့်ခွဲမှု နှင့် ကိုက်ညီသင့်လျော်မှုရှိသည့် စံနှုန်းများ (fit and properness) ကဲ့သို့ သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ စီးပွားရေး ဆောင်ရွက်ချက်များ (prudential information) နှင့်

(c) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဘဏ်တွင်း AML/CFT လုပ်ထုံးလုပ်နည်းများနှင့် မူဝါဒများ ဆိုင်ရာ အချက်အလက်များကဲ့သို့ သော AML/CFT အချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထား စိစစ်မှုဆိုင်ရာ အချက်အလက်များ၊ ဆက်သွယ်ဆောင်ရွက်သူ၏ ဖိုင်တွဲများ၊ ငွေစာရင်းများနှင့် ငွေလွှဲပြောင်းမှုဆိုင်ရာ အချက်အလက် နမူနာများ။

40.15 ငွေကြေးဆိုင်ရာ ကြီးကြပ်သူများသည် ပြည်ပ လုပ်ဖော်ကိုင်ဘက်များကိုယ်စား စုံစမ်း မေးမြန်းမှုများ ပြုလုပ်နိုင် သင့်ပြီး၊ အုပ်စုလိုက် ကြီးကြပ်မှု ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွယ်ကူ ချောမွေ့ စေရန် အလို့ငှာ ပြည်ပ လုပ်ဖော်ကိုင်ဘက်များကိုယ်တိုင် မိမိနိုင်ငံအတွင်း လိုအပ်သလို စုံစမ်းမေးမြန်းမှုများ ပြုလုပ်နိုင်ရန် ခွင့်ပြုခြင်း သို့မဟုတ် လွယ်ကူစေခြင်း ပြုလုပ်နိုင်သင့်သည်။

40.16 ငွေကြေးဆိုင်ရာ ကြီးကြပ်သူများသည် ဖလှယ်သည့် အချက်အလက်ကို ဖြန့်ဝေရန်၊ သို့မဟုတ် ထိုအချက်အလက်ကို ကြီးကြပ်မှုကိစ္စရပ်များအတွက် ဖြစ်စေ ကြီးကြပ်မှုမဟုတ်သည့် ကိစ္စရပ်များအတွက် ဖြစ်စေ အသုံးပြုရန် အတွက်၊ တောင်းခံခြင်းခံရသည့် ငွေကြေးဆိုင်ရာ ကြီးကြပ်သူ၏ ကြိုတင်ခွင့်ပြုချက် ရရှိပြီး ဖြစ်စေရန် သေချာအောင် ဆောင်ရွက်သင့်သည်။ အကယ်၍ တောင်းခံသည့် ငွေကြေးဆိုင်ရာ ကြီးကြပ်သူက ဥပ ဒေ အရ ထိုအချက် အလက်ကို ဖော်ထုတ်ရန် သို့မဟုတ် သတင်းပို့ရန် တာဝန်ရှိပါက၊ ထိုအခြေအနေများတွင် အနည်းဆုံးအားဖြင့် တောင်းခံသည့် ငွေကြေးဆိုင်ရာ ကြီးကြပ်သူသည် တောင်းခံခြင်းခံရသည့် အာဏာပိုင်အား ဤဥပဒေတာဝန် ရှိကြောင်း ချက်ချင်း အကြောင်းကြားသင့်သည်။

*ဥပဒေစိုးမိုးရေး အာဏာပိုင်များအကြား အချက်အလက် ဖလှယ်ခြင်း*

40.17 ဥပဒေစိုးမိုးရေးအာဏာပိုင်များသည် ပြည်ပလုပ်ဖော်ကိုင်ဘက်များနှင့် ငွေကြေးခဝါချမှု၊ ဆက်စပ်မူလ ပြစ်မှုများ သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုနှင့်ပတ်သက်သည့် ထောက်လှမ်းရေး သို့မဟုတ် စုံစမ်းစစ်ဆေးရေး ကိစ္စရပ်များ ဆောင်ရွက်ရန်၊ ၊ ပြစ်မှု ကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များနှင့် ကျူးလွန်ရန် အသုံးပြုသည့် ပစ္စည်းများကို ရှာဖွေ ဖော်ထုတ်ရန်အတွက် ပြည်တွင်း၌ ရရှိနိုင်သော အချက်အလက်များကို ဖလှယ်နိုင်သင့်သည်။

40.18 တရားဥပဒေစိုးမိုးရေး အာဏာပိုင်များသည် ပြည်ပ လုပ်ဖော်ကိုင်ဘက်များ ကိုယ်စား၊ စုံစမ်းမေးမြန်းမှုများ ပြုလုပ်ရန်နှင့် အချက်အလက် ရယူရန်အတွက်၊ ၄င်းတို့၏ ပြည်တွင်း ဥပဒေနှင့်အညီ ရရှိနိုင်သော နည်းစနစ်များ အပါအဝင်၊ ၄င်းတို့၏ လုပ်ပိုင်ခွင့်များကို အသုံးပြုနိုင်သင့်သည်။ ထိုသို့ တရားဥပဒေစိုးမိုးရေး အာဏာပိုင်များအကြား ပူးပေါင်း ဆောင်ရွက်မှုကို လွှမ်းမိုးသည့် အင်တာပိုလ် ယူရိုပိုလ် သို့မဟုတ် ယူရိုဂျစ်စ် နှင့် နိုင်ငံတစ်ခုချင်းအကြား သဘောတူညီမှုများ စနစ်များ သို့မဟုတ် ကျင့်စဉ်များသည် တောင်းခံခြင်းခံရသည့် တရားဥပဒေစိုးမိုးရေး အာဏာပိုင်မှ ချမှတ်သည့် အသုံးပြုမှုကို ကန့်သတ်ချက်များအား လွှမ်းမိုး စေသင့်သည်။

40.19 ဥပဒေစိုးမိုးရေး အာဏာပိုင်များသည် ပူးပေါင်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်အတွက်၊ ပူးတွဲ စုံစမ်းစစ်ဆေးရေး အဖွဲ့များ ဖွဲ့နိုင်သင့်သည်။ လိုအပ်သည့်အခါ ထိုသို့ ပူးတွဲ စုံစမ်းစစ်ဆေးမှုများ လုပ် ဆောင်နိုင်ရန် နှစ်နိုင်ငံ သို့မဟုတ် နိုင်ငံပေါင်းစုံများအကြား သဘောတူညီမှုများ ထူထောင်သင့်သည်။

*လုပ်ဖော်ကိုင်ဘက် မဟုတ်သူများနှင့် အချက်အလက် ဖလှယ်ခြင်း*

40.20 နိုင်ငံများသည် ၄င်းတို့၏ ကြီးကြပ်ရေးအာဏာပိုင်များအား လုပ်ဖော်ကိုင်ဘက် မဟုတ်သူများနှင့် အထက်ပါ သက်ဆိုင်ရာစည်းမျဉ်းများကို ကျင့်သုံးကာ ကြားခံ အာဏာပိုင်များမှတဆင့် အချက်အလက် ဖလှယ်နိုင်ခွင့် ပြုသင့်သည်။ နိုင်ငံများသည် အချက်အလက် တောင်းခံသည့် ကြားခံ ကြီးကြပ်ရေး အာဏာပိုင်သည် မည်သည့်ရည်ရွယ်ချက်ဖြင့်မည်သူ့ကိုယ်စား တောင်းခံကြောင်းကို ရှင်းလင်းစွာ ဖော်ပြရန် သေချာအောင် ဆောင်ရွက်သင့်သည်။[75]

---

75 အချက်အလက် ကြားခံဖြင့် ဖလှယ်မှု ဆိုသည်မှာ တောင်းခံသည့် အာဏာပိုင်က လက်ခံရရှိခြင်း မတိုင်မီ ပြည်တွင်း သို့မဟုတ် ပြည်ပ အာဏာပိုင် တစ်ရပ်သို့မဟုတ် အများမှ တဆင့် ဖြတ်သန်းရသော တောင်းခံသည့် အချက်အလက်ကို ဆိုလိုသည်။ ထိုသို့ အချက်အလက်ဖလှယ်မှုနှင့် အသုံးပြုမှုသည် အကူအညီတောင်းခံခြင်းခံရသည့် နိုင်ငံမှ ကြီးကြပ်ရေး အာဏာပိုင် တစ်ဦး သို့မဟုတ် အများ၏ ခွင့်ပြုချက်လိုနိုင်သည်။

# ထိရောက်မှု အကဲဖြတ်ချက်

| | |
|---|---|
| **လက်ငင်း ရလဒ် ၁** | **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု အန္တရာယ်များကို နားလည်ပြီး၊ လိုအပ်သည့် အခါငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု၊ ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုကို တိုက်ဖျက်ရန် ပြည်တွင်း၌ ညှိနှိုင်း ဆောင်ရွက်မှုများ ပြုလုပ်ကြသည်။** |

နိုင်ငံတစ်ခုသည်မိမိတို့၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအန္တရာယ်များကိုရှာဖွေ ဖော်ထုတ်ကာ၊ အကဲဖြတ်၍ နားလည်သဘာပေါက်သည့်အပြင်၊ဤ အန္တရာယ်များကို လျှော့ချရန်အတွက်၊ လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်ရန် ပြည်တွင်း၌ ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သည်။ ထိုသို့ဆောင်ရွက်ချက်များတွင် ကြီးကြပ်ရေး အာဏာပိုင်များနှင့် အခြားသက်ဆိုင်ရာအာဏာပိုင်များအကြား ယုံကြည်အားထားရသည့်အချက်အလက် အသွယ်သွယ်ကို အသုံးပြု၍လည်းကောင်း၊ AML/CFT မူဝါဒများနှင့် လုပ်ရှားမှုများကို ချမှတ်ရန် နှင့် ဦးစားပေးရပ် သတ်မှတ်ရန်အ ခြေခံတစ်ခုအဖြစ် အန္တရာယ်အကဲဖြတ်ချက်(များ)ကို အသုံးပြု၍ လည်းကောင်း၊ ထို မူဝါဒများနှင့် လုပ်ရှားမှုများကို လိုအပ်သည့် ဆက်သွယ်ရေး လမ်းကြောင်းများဖြင့် ညှိနှိုင်းကာ ဆက်သွယ် အကောင်အထည် ဖော်၍ လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်ကြသည်။ သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များသည် ဖျက်အားပြင်း လက်နက် ပြန့်ပွားမှုကို တိုက်ဖျက်ရန်လည်း မူဝါဒများနှင့်လုပ်ရှားမှုများကို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြသည်။ အချိန်ကာလတစ်ခု ရောက်သောအခါ၊ ရလဒ်အဖြစ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များကို အလွန်တရာ လျှော့ချနိုင်သည်။

ဤ ရလဒ်သည် အကြံပြုချက် ၁၊ ၂၊ ၃၃ နှင့် ၃၄ တို့နှင့် အဓိကအားဖြင့် သက်ဆိုင်သည်။

အကဲဖြတ်သူများအတွက် မှတ်ချက်

1) အကဲဖြတ်သူများအား နိုင်ငံ၏အန္တရာယ်ဆိုင်ရာအကဲဖြတ်ချက်ကို နက်နက်နဲနဲ ပြန်လှန်သုံးသပ်ခြင်း သို့မဟုတ် အကဲဖြတ်ခြင်းများ ပြုလုပ်ရန် မမျှော်လင့်ပါ။ အကဲဖြတ်သူများသည် ထိုအန္တရာယ် အကဲဖြတ်ချက်များ၏ ကျိုးကြောင်း သင့်လျော်မှုအပေါ် ၄င်းတို့၏ အမြင်များကို အခြေခံကာ၊ ကြီးကြပ်ရေးအာဏာပိုင်များက ထိုအန္တရာယ်များကို မည်မျှ နားလည်၍ လက်တွေ့တွင် အန္တရာယ်များ လျှော့ချရန်အတွက် မူဝါဒ ချမှတ်ရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ ၌ မည်သို့ ကောင်းစွာ အသုံးပြုနိုင်သည်ကို အလေးထားသုံးသပ်သင့်သည်။

2) အကဲဖြတ်သူများသည် ဤ လက်ငင်း ရလဒ် (10) အတွက် ၄င်းတို့၏ တွေ့ရှိချက်များကိုယူ၍ အခြား 10 များအပေါ် အကဲဖြတ်ရာတွင် ထည့်သွင်း စဉ်းစားသင့်သည်။ သို့သော်လည်း ဖျက်အားပြင်း လက်နက်ပြန့်ပွားရေး တိုက်ဖျက်ရန်

အစီအမံများအပေါ် ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှု အပေါ် တွေ့ရှိချက်များကို IO.11 အကဲဖြတ်ချက် အတွက်သာ သုံးသပ်သင့်ပြီး၊ အခြား IO များနှင့် မသက်ဆိုင်ပါ။ (ဆိုလိုသည်မှာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ငွေကြေးထောက်ပံ့မှုနှင့် သက်ဆိုင်သည့် IO.2 မှ IO.10 အထိ) ။

## ရလဒ် ပြည့်မီခြင်း ရှိမရှိ ဆုံးဖြတ်ရာတွင် စဉ်းစားရန် ပင်မ အရေးကိစ္စများ

1.1. နိုင်ငံက ML/TF အန္တရာယ်များကို မည်မျှ ကောင်းစွာ နားလည်သနည်း။

1.2. ဖော်ထုတ်တွေ့ရှိရသည့် ML/TF အန္တရာယ်များကို အမျိုးသားအဆင့် AML/CFT မူဝါဒများနှင့် လှုပ်ရှားမှုများက မည်မျှ ကောင်းစွာ ကိုင်တွယ် ဖြေရှင်းနိုင်သနည်း။

1.3. ခြွင်းချက်များ ထားရှိခြင်းသည် လျော်ကန်ကြောင်း ၊ အန္တရာယ်အဆင့်ပိုမြင့်သည့် အခြေအနေများတွင် တိုးမြှင့် အစီအမံများ ချမှတ်ကျင့်သုံးခဲ့မှု နှင့် အန္တရာယ်အဆင့်နိမ့် အခြေအနေများတွင် ရိုးရှင်းသော အစီအမံများ ချမှတ်ကျင့်သုံးခဲ့မှုကို အန္တရာယ်အကဲဖြတ်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြသရန်၊ ထို ရလဒ်များကို မည်သည့်အတိုင်းအတာအထိ ကောင်းမွန်စွာ အသုံးပြုနိုင်ခဲ့သနည်း။

1.4. ပြောင်းလဲ ဖြစ်ပေါ်နေသည့် အမျိုးသားအဆင့် AML/CFT မူဝါဒများနှင့် ဖော်ထုတ် သိရှိသည့် ML/TF အန္တရာယ်များ အပေါ် ကြီးကြပ်ရေး အာဏာပိုင်များနှင့် SRB များ၏ ဦးတည်ချက်များနှင့် လှုပ်ရှားမှုများက မည်သည့် အတိုင်းအတာ အထိ ကိုက်ညီမှု ရှိသနည်း။

1.5. ကြီးကြပ်ရေး အာဏာပိုင်များနှင့် SRB များသည် ML/TF တိုက်ဖျက်ရန်၊ နှင့် လိုအပ်သည့်အခြေအနေများ၌ ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုတိုက်ဖျက်ရန် မူဝါဒများနှင့် [76] လှုပ်ရှားမှုများတွင် မည်သည့် အတိုင်းအတာ အထိ ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ကြသနည်း၊ [77]

1.6. နိုင်ငံသည် FATF စံနှုန်းများကျင့်သုံးရသည့် ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ DNFBP များနှင့် အခြား ကဏ္ဍများက အမျိုးသားအဆင့် ML/TF အန္တရာယ် အကဲဖြတ်ချက် (များ)၏ ရလဒ်များ ကို သိရှိရန် မည်သည့်အတိုင်းအတာအထိ သေချာအောင် ဆောင်ရွက်သနည်း။

### a) *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များအပေါ် အထောက်အပံ့ပြုနိုင်သည့် အချက်အလက် ဆိုင်ရာ သာဓကများ*

1. ML/TF အန္တရာယ်များအပေါ် နိုင်ငံ၏အကဲဖြတ်ချက်(များ) ဥပမာ -*ထုတ်ဖော်ရရှိသည့် အကဲဖြတ်ချက် အမျိုးအစားများ၊ ဖြန့်ဝေ /အကြောင်းကြားသည့် အကဲဖြတ်ချက် အမျိုးအစားများ*)

2. AML/CFT မူဝါဒများနှင့် မဟာဗျူဟာများ (ဥပမာ -*AML/CFT မူဝါဒများ၊ မဟာဗျူဟာများနှင့် ဖြန့်ဝေ / အကြောင်းကြားသည့် ထုတ်ပြန်ချက်များ၊ အဆင့်မြင့်အရာရှိများနှင့် နိုင်ငံရေးအဆင့်တွင် ထိတွေ့ ဆောင်ရွက်မှု နှင့် ကတိကဝတ်များ*)

3. ပုဂ္ဂလိက ကဏ္ဍနှင့် သက်ဆိုင်ရာ အာဏာပိုင်များထံသို့ ကမ်းလင့် လှုပ်ရှားမှုများ (*ဥပမာ -အန္တရာယ်*

*အကဲဖြတ်ချက်များမှ သက်ဆိုင်ရာ ကောက်ချက်များအပေါ် အသေးစိတ်ရှင်းလင်းတင်ပြမှုများနှင့် လမ်းညွှန်ရှင်းလင်းမှုများ၊ မူဝါဒများနှင့် ဥပဒေများအပေါ် တိုင်ပင်သည့် အကြိမ်ရေနှင့် ဆီလျော်မှု၊ အန္တရာယ် အကဲဖြတ်ချက်(များ)နှင့် အခြား မူဝါဒ ပြုစုချမှတ်ရန် ထည့်ဝင်မှုများ)။*

**b)** *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များအပေါ် အထောက်အပံ့ပြုနိုင်သည့် သီးခြား အကြောင်းတရား သာဓကများ*

4. အန္တရာယ်အကဲဖြတ်ချက်(များ)၏ နောက်ဆုံးကောက်ချက်များ ပြုစုရန် ပြန်လှန်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် မည်သည့် နည်းလမ်းများ၊ ကိရိယာများနှင့် အချက်အလက်များကို အသုံးပြုသနည်း။ အချက်အလက်များနှင့် ဒေတာများကို မည်မျှ ကျယ်ပြန့်စွာ အသုံးပြုသနည်း။

5. မဟာဗျူဟာအဆင့် ငွေကြေး ဆိုင်ရာ စုစည်း စိတ်ဖြာပြီးသည့် သတင်းအချက်အလက်များ၊ ပိုင်းခြားစိတ်ဖြာမှု၊ ကျူးလွန်မှု အမျိုးအစား လေ့လာမှုများနှင့် လမ်းညွှန်များသည် မည်မျှ အသုံးဝင်သနည်း။

6. အန္တရာယ်ဆိုင်ရာ အကဲဖြတ်မှုများတွင် မည်သည့် ကြီးကြပ်ရေး အာဏာပိုင်များနှင့် ဆိုင်ရာ အကျိုးဆက်စပ်သူများက (ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များ အပါအဝင်) ပါဝင်ဆောင်ရွက်သနည်း။ အမျိုးသားအဆင့် ML/TF အန္တရာယ် အကဲဖြတ်ချက်များတွင် မည်သို့ ထည့်ဝင်မှုပေးသနည်း။ မည်သည့် အဆင့်တွင် ထည့်ဝင်မှု ပေးသနည်း။

7. အန္တရာယ်အကဲဖြတ်ချက် (များ) ကို အချိန်နှင့် တစ်ပြေးညီ မွမ်းမံသလား။ ပုံမှန် ပြန်လှန်သုံးသပ်မှု ပြုသလား။ (ခြိမ်းခြောက်မှုများနှင့် ကျူးလွန်မှုပုံစံ အလားအလာများ အပါအဝင်) ကြီးမားသော ဖြစ်စဉ်များ သို့မဟုတ် တိုးတက်မှုများကို လိုက်၍ တုံ့ပြန်သလား။

---

76 AML/CFT သတ်မှတ်ချက်များနှင့် ဒေတာ ကာကွယ်စောင့်ရှောက်မှုနှင့် ကိုယ်ရေးလုံခြုံမှု စည်းမျဉ်းများ၊ အခြားအလားတူ ပြဋ္ဌာန်းမှုများ( ဥပမာ -ဒေတာ လုံခြုံမှု /တစ်နေရာတည်းတွင်ထားရှိမှု) ကို လိုအပ်သလို အလေးထား စဉ်းစားခြင်း၊

77 သက်ဆိုင်ရာ အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းမှုပုံစံ အမျိုးမျိုးရှိစေကာမူ၊ ပင်မ အရေးကိစ္စ ၁.၅ သည် နိုင်ငံတစ်ခုက မည်သည့် ပုံစံ အသုံးပြုရမည်ဟု အဆုံးအဖြတ် ပြုခြင်းမရှိဘဲ ပုံစံအားလုံးကို အကျုံးဝင်စေပါသည်။

8. အန္တရာယ် အကဲဖြတ်ချက်(များ) သည် နိုင်ငံ ရင်ဆိုင်နေရသည့် ML/TF ခြိမ်းခြောက်မှုများ၊ ခုခံနိုင်မှု အားနည်းချက်များ၊ သီးခြားကိစ္စများနှင့် မည်သည့်အတိုင်းအတာ အထိ ကျိုးကြောင်းဆီလျော်မှု ကိုက်ညီမှု ရှိသနည်း။ လိုအပ်သည့်အခြေအနေများတွင် ယုံကြည်အားကိုးရသော ဇစ်မြစ်များမှ ဖော်ထုတ်သည့် အန္တရာယ်များကို ထည့်သွင်းစဉ်းစားပါသလား။

9. ကြီးကြပ်ရေး အာဏာပိုင်များ၏ မူဝါဒများက ပြောင်းလဲဖြစ်ပေါ်လျက်ရှိသည့် ML/TF အန္တရာယ်များ အလိုက် တုံ့ပြန်ပါသလား။

10. ML/TF တိုက်ဖျက်ရေး (နှင့် သက်ဆိုင်သည့်အခြေအနေတွင် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှု တိုက်ဖျက်ရေး) တွင် အမျိုးသားအဆင့် မူဘောင်နှင့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရာတွင်၊ မူဝါဒ ချမှတ်သူများနှင့် လုပ်ငန်း အကောင်အထည်ဖော်သူများဘက်မှ စနစ်တကျ ပုံမှန် ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းရေး သေချာစေရန်၊ အာဏာပိုင်များက မည်သည့် ယန္တရား(များ) သို့မဟုတ် အဖွဲ့ကို အသုံးပြုသနည်း။ ထိုယန္တရား သို့မဟုတ် အဖွဲ့တွင် သက်ဆိုင်သည့် အာဏာပိုင် အားလုံး ပါဝင်သလား။

11. ဌာနဆိုင်ရာများအကြား သတင်းအချက်အလက် မျှဝေခြင်းကို လိုအပ်သလို နှစ်ဌာနအကြား သို့မဟုတ် ဌာနပေါင်းစုံအကြား ဆောလျင်စွာ ဆောင်ရွက်ပါသလား။

12. အန္တရာယ်အကဲဖြတ်ချက်(များ) ပြုလုပ်ရာတွင် လည်းကောင်း၊ ပြည်တွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းမှု ပြုလုပ်ရာတွင်လည်းကောင်း၊ လုံလောက်သည့် ရင်းမြစ်များနှင့် ကျွမ်းကျင်မှုများ ရှိသလား။

| | |
|---|---|
| **လက်ငင်း ရလဒ် ၂** | **နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် လိုအပ်သည့် အချက်အလက်များ၊ ငွေကြေးဆိုင်ရာ စုစည်းသတင်း နှင့် သက်သေခံအထောက်အထားများ ပို့ဆောင်နိုင်ပြီး၊ ပြစ်မှုကျူးလွန်သူများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများကို အရေးယူဆောင်ရွက်ရန် လွယ်ကူစေသည်။** |

*ထိရောက်သည့် စနစ်တစ်ခု၏ လက္ခဏာများ*

နိုင်ငံသည် အပြုသဘောဆောင်သည့် အချက်အလက်များကို အခြားနိုင်ငံများက တောင်းခံသည့်အခါ ဆောလျင်စွာ ပေးပို့သည်။ ကြီးကြပ်ရေး အာဏာပိုင်များသည် အောက်ပါ တောင်းခံချက်များကို ရယူရန် အကူအညီပေးကြသည်။

- ပြစ်မှုကျူးလွန်သူများအား ရှာဖွေပြီး တရားခံလွှဲပြောင်းပေးရန်၊နှင့်
- ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု သို့မဟုတ် ဆက်စပ်မူလပြစ်မှုများ နှင့် ဆက်နွယ်သည့် ပိုင်ဆိုင်မှုများကို ဖော်ထုတ်၊ ထိန်းချုပ်၊ သိမ်းဆည်း၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူပြီး မျှဝေခြင်း နှင့် အချက်အလက်များ ပေးပို့ခြင်း (သက်သေခံ အထောက်အထားများ၊ ငွေကြေးဆိုင်ရာ စုစည်းသတင်း၊ ကြီးကြပ်မှုဆိုင်ရာ အချက်အလက်နှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် အချက်အလက်များအပါအဝင်)

ကြီးကြပ်ရေးအာဏာပိုင်များသည် ပြစ်မှု ကျူးလွန်သူများနှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများနောက် လိုက်လံရှာဖွေရန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တောင်းခံသည်။ အတန်ကြာလာသည့်အခါ ပြစ်မှုကျူးလွန်သူများအတွက် (အကြမ်းဖက်သမားများအတွက်ပါ) ကျင်လည် ကျက်စား ၊ ပြစ်မှုကျူးလွန်ရာမှ ရသည့် အကျိုးအမြတ်များ ထားရှိရန်၊ သို့မဟုတ် ခိုအောင်းရန် မကောင်းသည့် နိုင်ငံအဖြစ် မြင်လာကြသည်။

ဤရလဒ်သည် အဓိကအားဖြင့် အကြံပြုချက် ၃၈ မှ ၄၀ အထိ နှင့်ရော အကြံပြုချက် ၉၊၂၄၊ ၂၅ နှင့် ၃၂ ပါ အချို့အပိုင်းများနှင့် ပါ သက်ဆိုင်သည်။

*အကဲဖြတ်သူများအတွက် မှတ်ချက်၊*

ဤ 10 အောက်တွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တောင်းခံခြင်းနှင့် ပေးပို့ခြင်းများ၌ သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်တို့၏ အခန်းကဏ္ဍတို့အပေါ် တွေ့ရှိချက်များက၊ အခြား 10 များအပေါ် (အထူးသဖြင့် 10.3, 10.5, 10s. 6 မှ 10 အထိ) မည်သို့သက်ရောက်မှုရှိမည်ကို အကဲဖြတ်သူများ ထည့်သွင်းစဉ်းစားသင့်သည်။ ထို့အပြင် နိုင်ငံက ပြည်တွင်းကျူးလွန်မှုများနှင့် ပတ်သက်၍ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှု မည်သို့ တောင်းခံသည်ဆိုသည့် တွေ့ရှိချက်အပေါ်လည်း စဉ်းစားသင့်သည်။

## ရလဒ် ပြည့်မီခြင်း ရှိမရှိ ဆုံးဖြတ်ရာတွင် စဉ်းစားရန် ပင်မ အရေးကိစ္စများ

2.1. နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရန် တောင်းခံမှု အသွယ်သွယ်ထဲမှ ပြစ်မှုဆိုင်ရာ ကိစ္စများနှင့် တရားခံ လွှဲပြောင်းမှုကိစ္စရပ်များကို နိုင်ငံတစ်ခုက အခြားနိုင်ငံအား မည်သည့်အတိုင်းအတာအထိ ဆောလျင်စွာ အပြုသဘောဆောင်သော အကူအညီပေးခဲ့သနည်း။ ထိုသို့ ပေးပို့သည့် အကူအညီ၏ အရည်အသွေးမှာ မည်မျှ ကောင်းသနည်း။

2.2. နိုင်ငံဖြတ်ကျော်မှု အပိုင်းများ ပါရှိသော ပြည်တွင်း ML ကျူးလွန်မှု၊ ဆက်စပ် မူလပြစ်မှုများ နှင့် TF အမှုများကို လိုက်လံ အရေးယူရန်အလို့ငှာ၊ နိုင်ငံက ပြစ်မှုဆိုင်ရာ ကိစ္စများတွင် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု ရရှိရန် သင့်လျော်စွာနှင့် ဆောလျင်စွာ အကူအညီတောင်းခံမှု မည်သည့် အတိုင်းအတာအထိ ရှိခဲ့သနည်း။

2.3. AML/CFT ကိစ္စရပ်များအတွက် ကြီးကြပ်ရေးအာဏာပိုင်အမျိုးမျိုးက နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှု အခြား ပုံစံဖြင့် ၄င်းတို့၏ ပြည်ပ လုပ်ဖော်ကိုင်ဘက်များအား ငွေကြေးဆိုင်ရာ စုစည်းစိတ်ဖြာပြီးသတင်း အချက် အလက်များ၊ ကြီးကြပ်မှုဆိုင်ရာ၊ ဥပဒေစိုးမိုးရေးဆိုင်ရာ သို့မဟုတ် အခြား အချက်အလက်များ ဖလှယ်ရန် သင့်လျော်စွာနှင့် ဆောလျင်စွာ အကူအညီတောင်းခံမှု မည်သည့်အတိုင်းအတာအထိ ရှိခဲ့သနည်း။

2.4. AML/CFT ကိစ္စရပ်များအတွက် ကြီးကြပ်ရေးအာဏာပိုင်အမျိုးမျိုးက နိုင်ငံတကာ ပူးပေါင် းဆောင်ရွက်မှု အခြားပုံစံဖြင့် ၄င်းတို့၏ ပြည်ပ လုပ်ဖော်ကိုင်ဘက်များအား ငွေကြေးဆိုင်ရာ စုစည်းစိတ်ဖြာပြီးသတင်း အချက် အလက်များ၊ ကြီးကြပ်မှုဆိုင်ရာ၊ ဥပဒေစိုးမိုးရေးဆိုင်ရာ သို့မဟုတ် အခြား အချက်အလက်များ ဖလှယ်ရန် အပြုသဘာဆောင်စွာနှင့် ဆောလျင်စွာ အကူအညီပေးအပ်မှု မည်သည့်အတိုင်းအတာအထိ ရှိခဲ့သနည်း။

2.5. ပြည်ပမှ ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများကို ဖော်ထုတ်ရန်နှင့် အခြေခံအချက်အလက်၊ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် အချက်အလက်များ ဖလှယ်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး တောင်းခံမှုများ ကို ကြီးကြပ်ရေးအာဏာပိုင်များကမည်မျှ ကောင်းမွန်စွာ ပေးအပ်၊ တုံ့ပြန်လျက်ရှိသနည်း။

### *a) ပင်မအရေးကိစ္စများ (**Core Issues**) ၏ နောက်ဆုံးကောက်ချက်များအပေါ် အထောက်အပံ့ပြုနိုင်သည့် အချက်အလက် ဆိုင်ရာ သာဓကများ*

1. တရားခံလွှဲပြောင်းရေး၊ ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးနှင့် အခြား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအမျိုးအစားများကို ကိုင်တွယ်မှုနှင့် အကူအညီတောင်းခံမှု အထောက်အထားများ (ဥပမာ -တောင်းခံခဲ့သည့်အရေအတွက်၊ ကြီးကြပ်ရေးအာဏာပိုင်အမျိုးမျိုး (ဥပမာ -*ဗဟိုအာဏာပိုင်၊ FIU၊ ကြီးကြပ်သူများ နှင့် ဥပ ဒေစိုးမိုးရေးအဖွဲ့များ)*မှ လက်ခံရရှိသော၊ သုံးသပ်စိစစ်သော၊ ခွင့်ပြုခဲ့သော သို့မဟုတ် ငြင်းပယ်ခဲ့သော *တောင်းခံမှုများ၊နှင့် တောင်းခံသည့် အမျိုးအစားများ၊ ဆောလျင်စွာ တုံ့ပြန်မှု၊ တောင်းခံမှု များကို ဦးစားပေးရပ် သတ်မှတ်မှု၊ ချက်ချင်းလက်ငင်း ဖြန့်ဝေမှု /ဖလှယ်မှုများ*))။

2. အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်၏အမျိုးအစားများနှင့် အရေအတွက် )နှစ်နိုင်ငံဆိုင်ရာ၊ နိုင်ငံပေါင်းစုံဆိုင်ရာ MOU များ၊ သဘောတူညီမှုစာချုပ်များ၊ အပြန်အလှန် ကူညီမှု အခြေခံအရ ပူးပေါင်းဆောင်ရွက်မှု (reciprocity)၊ သို့မဟုတ် အခြား ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာယန္တရားများ အပါအဝင်)။

3. နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို (က) အောင်မြင်စွာ တောင်းခံနိုင်ခဲ့မှု၊ နှင့် (ခ) ပေးအပ်နိုင်ခဲ့မှု သာဓကများ (ဥပမာ *-နိုင်ငံက ပေးအပ်သော သို့မဟုတ် နိုင်ငံကို ပေးအပ်သော ငွေကြေးဆိုင်ရာ စုစည်းစိတ်ဖြာပြီး သတင်း /သက်သေခံ အထောက်အထားတို့ကို အသုံးပြုနိုင်ခဲ့မှု၊ ၊ ပြည်ပ လုပ်ဖော်ကိုင်ဘက်များ ကိုယ်စား သို့မဟုတ် ၄င်းတို့နှင့် ပူးပေါင်းကာ စုံစမ်းစစ်ဆေးမှုများ၊ ML/TF အတွက် သံသယတရားခံများ /ပြစ်မှု ကျူးလွန်သူများအား တရားခံလွှဲပြောင်းမှု*)

4. စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆို တင်ပို့မှုများ၊ ပိုင်ဆိုင်မှုများကို သိမ်းဆည်းမှု နှင့် ပြန်လည် ယူဆောင်မှု/ ဝေမျှမှု တို့နှင့် ပတ်သက်သည့် အချက်အလက်များ (ဥပမာ *-ML/TF စုံစမ်းစစ်ဆေးမှု /တရားစွဲဆို တင်ပို့မှု အရေအတွက်၊ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုများမှ ရရှိသော ထိန်းချုပ်ထားသည့် သိမ်းဆည်းထားသည့် ပိုင်ဆိုင်မှု အရေအတွက်နှင့် တန်ဖိုး* )ပြစ်ဒဏ် မပါဘဲ သိမ်းဆည်းမှု အပါအဝင်)။

*b) ပင်မအရေးကိစ္စများ ၏ နောက်ဆုံးကောက်ချက်များအပေါ် အထောက်အပံ့ပြုနိုင်သည့် သီးခြား အကြောင်းတရား သာဓကများ*

5. လုပ်ငန်းစဉ်(စုံစမ်းစစ်ဆေးမှုများနှင့် စုံစမ်းမေးမြန်းမှုများ)၏ သမာဓိကို ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အကာအကွယ်များ ထားရှိကြောင်း၊ တောင်းခံမှုများကို လုံခြုံစွာ ကိုင်တွယ်ကြောင်း သေချာစေရန် မည်သည့်အစီအမံများ ချမှတ်လုပ်ဆောင်သနည်း။

6. အကူအညီတောင်းခံမှုများကို လက်ခံရန်၊ အကဲဖြတ်ရန်၊ ဦးစားပေးရပ် သတ်မှတ်ရန်နှင့် တုံ့ပြန်ရန် ကြီးကြပ်ရေး အာဏာပိုင်အမျိုးမျိုးအကြား မည်သည့် ယန္တရားများ (အမှုစီမံခန့်ခွဲရေး စနစ်များအပါအဝင်) သုံးပြုသနည်း။

7. အကူအညီ မပေးသည့် သို့မဟုတ် မပေးနိုင်သည့် အခြေအနေတွင် မည်သည့်အကြောင်းများကြောင့် ငြင်းဆိုသနည်း။

8. အကူအညီ တောင်းခံမှု ရွေးချယ်ရန်၊ ဦးစားပေးရပ် သတ်မှတ်ရန်နှင့် တောင်းခံမှုများပြုလုပ်ရန်အတွက် ကြီးကြပ်ရေး အာဏာပိုင်အမျိုးမျိုးအကြား မည်သည့် ယန္တရားများ (အမှုစီမံခန့်ခွဲရေး စနစ်များအပါအဝင်) ကို အသုံးပြုသနည်း။

9. တောင်းခံခြင်းခံရသည့် နိုင်ငံက တောင်းခံချက်များကို နားလည် သဘောပေါက်နိုင်ရန် နှင့် အကဲဖြတ်နိုင်ရန် အတွက် ဆီလျော်တိကျမှန်ကန်သည့် အချက်အလက်များ ပေးကြောင်း သေချာစေရန် ကြီးကြပ်ရေး အာဏာပိုင်အသီးသီးကမည်သို့ ဆောင်ရွက်ကြသနည်း။

10. အကူအညီ တောင်းခံသည့်နိုင်ငံနှင့်ဖြစ်စေ၊ တောင်းခံခြင်းခံရသည့်နိုင်ငံနှင့်ဖြစ်စေ စီရင်ပိုင်ခွင့်ဆိုင်ရာ ပဋ္ဌိပက္ခများ သို့မဟုတ် တောင်းခံချက်တွင် ပါရှိသည့် အချက်အလက်၏ အရည်အသွေး ညံ့ဖျင်းမှုကြောင့် ပေါ်ပေါက်သည့် ပြဿနာများကို ရှောင်ရှားခြင်း၊ ဖြေရှင်းခြင်းများကို နိုင်ငံက မည်သို့ ကောင်းစွာ လုပ်ဆောင်ခဲ့သနည်း။

11. နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု တောင်းခံသည့်အခါ ဆက်သွယ်ရန် ပုဂ္ဂိုလ်များနှင့် သတ်မှတ်ချက် များ၏ အသေးစိတ်အချက်အလက်များသည် ရှင်းလင်းပြီး၊ တောင်းခံသည့်နိုင်ငံများ အလွယ်တကူ ရယူနိုင်စေရန် ကြီးကြပ်ရေး အာဏာပိုင်များက မည်သို့ သေချာအောင် ဆောင်ရွက်သနည်း။

12. နိုင်ငံသည် မိမိနိုင်ငံသားများအား ဥပဒေအရ တရားခံလွှဲပြောင်းမှု ပြုလုပ်နိုင်ခြင်းမရှိသည့် အခြေအနေများတွင် မလိုလားအပ်သော ကြန့်ကြာမှု မရှိစေဘဲ မည်သို့ တရားစွဲဆိုတင်ပို့သနည်း။

13. အခြားနိုင်ငံများ၏ တောင်းခံချက်အရ သိမ်းဆည်းသည့် ပိုင်ဆိုင်မှုများကို စီမံခန့်ခွဲရန်နှင့် ပြန်လည် သယ်ပို့ရန် မည်သည့် အစီအမံများနှင့် အစီအစဉ်များ ထားရှိသနည်း။

14. နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို တားဆီးစေသည့် သို့မဟုတ် အဟန့်အတားဖြစ်စေစသည့် ဥပဒေအရ၊ လုပ်ငန်းဆောင်ရွက်မှုအရ သို့မဟုတ် တရားစီရင်ရေးအရ အမြင်များ ရှိသလား (ဥပမာ -*နှစ်နိုင်ငံလုံး ပြစ်မှုမြောက် သည့် သတ်မှတ်ချက်များ ကျင့်သုံးမှုတွင် အလွန်အမင်း တင်းကျပ်မှုများရှိခြင်း စသည်*)

15. ကြီးကြပ်ရေးအာဏာပိုင်များသည် လုပ်ဖော်ကိုင်ဘက်မဟုတ်သူများနှင့် တဆင့် ကြားခံအချက်အလက် ဖလှယ်မှု မည်သည့်အတိုင်းအတာအထိ ရှိသနည်း။

16. ပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် ဝင်ရောက်လာသည့် တောင်းခံမှုများကို (က) လက်ခံခြင်း၊ စီမံခန့်ခွဲခြင်း၊ ညှိနှိုင်းခြင်း နှင့် တုံ့ပြန်ခြင်းများ နှင့်(ခ) အကူအညီ တောင်းခံချက်များ ပြုလုပ်ခြင်းနှင့် ညှိနှိုင်းခြင်းများ စသည် တို့ကို ဆောလျင်စွာ ဆောင်ရွက်နိုင်ရန် လုံလောက်သည့် ရင်းမြစ်များ လက်ဝယ်ရှိသလား။

| | |
|---|---|
| **လက်ငင်း ရလဒ် ၃** | **ကြီးကြပ်သူများသည် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များအပေါ် ရှိ အန္တရာယ်များအလိုက် ချမှတ်သည့် AML/CFT တာဝန်များ လိုက်နာ ဆောင်ရွက်ရေးကို လိုအပ်သင့်လျော်စွာ ကြီးကြပ် စောင့်ကြည့်ကြပ်မတ်ပြီး စည်းမျဉ်းများ ချမှတ်ကြသည်။** |

*ထိရောက်သောစနစ်တစ်ခု၏လက္ခဏာများ*

ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် အခြား ဆက်စပ် ကဏ္ဍများတွင် ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်ကြပ်မတ်ခြင်းတို့ဖြင့် ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များအား အောက်ပါတို့ကို လုပ်ဆောင်ကာ ကိုင်တွယ်ဖြေရှင်းပြီး လျှော့ချနိုင်သည်။

- ပြစ်မှုကျူးလွန်သူများနှင့် ၄င်းတို့၏ ကြိုရာပါများက ငွေရေးကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် DNFBP များ၌ အကျိုးခံစားခွင့် ရှိသူဖြစ်ခြင်း၊ သို့မဟုတ် ကြီးမားသော ထိန်းချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှုတာဝန်များ ချုပ်ကိုင်ခြင်းတို့မှ ကာကွယ်နိုင်သည်၊ ထိုနောက်
- AML/CFT သတ်မှတ်ချက်များ ချိုးဖောက်မှုများ၊ သို့မဟုတ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ် စီမံခန့်ခွဲမှု၌ ပျက်ကွက်မှုများ၊ ကို ချက်ချင်း ဖော်ထုတ် သိရှိခြင်း၊ ကုစားခြင်းနှင့် လိုအပ်သည့်အခြေအနေများတွင် အရေးယူနိုင်ခြင်းတို့ လုပ်ဆောင် နိုင်သည်။

ကြီးကြပ်သူများသည်[78] ငွေရေးကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် DNFBP များအား AML/CFT သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မှုအပေါ် လုံလောက်သည့် တုံ့ပြန်ချက်များနှင့် လမ်းညွှန်မှုများ ပေးသည်။ ကာလတစ်ခု ကြာမြင့်သောအခါ ကြီးကြပ်ခြင်း နှင့် စောင့်ကြည့်ကြပ်မတ်ခြင်းတို့ကြောင့် AML/CFT လိုက်နာဆောင်ရွက်မှု အဆင့် တိုးတက်စေပြီး၊ ငွေရေးကြေးရေး အဖွဲ့အစည်းများ နှင့် DNFBP ကဏ္ဍများ၊ အထူးသဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ငွေကြေးထောက်ပံ့မှုဆိုင်ရာ အန္တရာယ် ကျရောက်နိုင်ဆုံး ကဏ္ဍများအား ပြစ်မှုကျူးလွန်သူများက အလွဲသုံးစားပြုရန် ကြိုးပမ်းမှုများကို ဟန့်တားနိုင်ခဲ့သည်။ ဤ ရလဒ်မှာ အကြံပြုချက် ၁၄၊ ၂၆ မှ ၂၈၊ ၃၄နှင့် ၃၅ တို့နှင့် လည်းကောင်း၊ အကြံပြုချက် ၁ နှင့် ၄၀ ရှိ အပိုင်းများနှင့် လည်းကောင်း၊ အဓိက သက်ဆိုင်သည်။

*အကဲဖြတ်သူများအတွက် မှတ်ချက်*

1) အကဲဖြတ်သူများသည် မည်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် DNFBP များက အရေးကြီးဆုံး ဖြစ်သည်၊ အလယ်အလတ် အရေးကြီးသည် သို့မဟုတ် အရေးသိပ်မကြီး စသဖြင့် အလေးပေးရမည်ကို ဆုံးဖြတ်သင့်ပြီး၊ ထိုဆုံးဖြတ်ချက်များကို အစီရင်ခံစာ၏ အပိုင်း ၁၊ ၅ နှင့် ၆ တို့အောက်တွင် ထင်ဟပ်စေသင့်သည်။

ဤရလဒ်၏ အလုံးခြုံ ထိရောက်မှုကို ဆုံးဖြတ်ရာတွင်၊ အကဲဖြတ်သူများသည် ၄င်းတို့ ဖော်ထုတ်သိရှိရသည့် အားနည်းချက် များ အပေါ် မည်သို့ အလေးပေးကြောင်း(weighted)၊ ရှင်းပြသင့်သကဲ့သို့၊ အခြား ကဏ္ဍအမျိုးမျိုး၌ အလေးပေး သုံးသပ်ရာတွင်၊ ဤအချက်များကို မည်သို့ ထည့်သွင်း သုံးသပ်ခဲ့ကြောင်းကို လည်း ရှင်းပြသင့်သည်။

2) ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP ကဏ္ဍ အသီးသီးအား မည်သို့ အလေးပေးရမည်ကို ဆုံးဖြတ်ရာတွင်၊ အကဲဖြတ်သူများသည် ၄င်းတို့၏ အရေးပါမှုကို အောက်ပါ အချက်များကို ထည့်သွင်း စဉ်းစားကာ သုံးသပ်သင့်သည်။

(a) ကဏ္ဍတစ်ခုစီအတွက် စီးပွားရေးအရ အခရာကျသည့် အချက်များကို ထည့်သွင်းစဉ်းစားကာ၊ ထို ကဏ္ဍတွင် ကြုံတွေ့ လျက်ရှိသည့် ML/TF အန္တရာယ်များ၊ (ဥပမာ -*ငွေရေးကြေးရေးကဏ္ဍ၏ အရေးပါသောအပိုင်းများနှင့် DNFBP အမျိုးမျိုးတို့၏ အရေးပါမှု၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏အရွယ်အစား၊ ပေါင်းစည်းပုံနှင့် ဖွဲ့စည်းပုံများ၊*[79] *ငွေကြေးဆိုင်ရာ အသုံးပစ္စည်း အမျိုးမျိုး သို့မဟုတ် အဖွဲ့အစည်းအမျိုးမျိုး၏ အရေးပါမှုများ၊ ပြည်တွင်း စီးပွားရေး လုပ်ငန်း သို့မဟုတ် နယ်စပ်ဖြတ်ကျော် လုပ်ငန်း၏ စီးပွားရေးပမာဏ၊ ငွေသားအသုံးပြုသည့် စီးပွားရေး အတိုင်းအတာ နှင့် တရားဝင်မဟုတ်သော စီးပွားရေးကဏ္ဍ နှင့်/(သို့) မှောင်ခို စီးပွားရေး၏ ခန့်မှန်းပမာဏ*)။ ထိုနောက်

---

78 ထိရောက်မှုအကဲဖြတ်ရန်အတွက် "ကြီးကြပ်သူများ" ဆိုရာတွင် SRB များလည်းပါဝင်သည်။

79 ဥပမာ- ကဏ္ဍအသီးသီးတွင် စီးပွားရေး သိပ်သည်းမှုလည်းအပါအဝင်ဖြစ်သည်။ ထိုထက်မကလည်း ပါဝင်နိုင်သည်။

b) စနစ်တည်ဆောက်ရန် လိုအပ်သည့် အချက်များနှင့် အခြား ဆက်စပ်အကြောင်းတရားများ (ဥပမာ- ကဏ္ဍတိုင်းအတွက် တာဝန်ခံမှု၊ သိက္ခာ၊ နှင့် ပွင့်လင်းမြင်သာမှုရှိသော ကြီးကြပ်သူများ ခန့်အပ်ထားရှိပြီး ရှိမရှိ၊ နှင့် ကဏ္ဍတိုင်းအတွက် စည်းကမ်းချမှတ်မှု နှင့် ကြီးကြပ်မှု စနစ်များ၏ ရင့်ကျက်မှုနှင့် အတွေ့အကြုံများမှ)[80].

အကဲဖြတ်သူများက အန္တရာယ်များ၊ စီးပွားရေးအတွက် အခရာကျသည့်အချက်များ၊ စနစ်တည်ဆောက်ရန် လိုအပ်ချက်နှင့် အခြား ဆက်စပ်အကြောင်းတရားများကို မည်သို့ ထည့်သွင်းစဉ်းစားရန် ဆိုသည့်အချက် အလက်များသိရှိရန်၊ ဤနည်းပညာရှိ အပိုဒ် ၅ မှ ၁၂ အထိ ကြည့်ပါ။ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP ကဏ္ဍများ၏ အရေးပါမှုကို သုံးသပ် ဆုံးဖြတ်ချက်အပေါ် အစီရင်ခံစာတွင် မည်သို့ ပေါ်လွင်အောင် ဖော်ပြနိုင်မည့်လမ်းညွှန်များကို ဤနည်းပညာ၏ ဖြည့်စွက်ချက် ၂ ပါ အပြန်အလှန်အကဲဖြတ်မှု အစီရင်ခံစာပုံစံ(MER template) ကို ကြည့်ပါ။

3) ဤ IO ကို အကဲဖြတ်သည့်အခါ၊ ကြီးကြပ်သူများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် (ငွေကြေးဆိုင်ရာ အုပ်စုအဆင့် အပါအဝင်) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အဆင့်အပေါ် တွေ့ရှိချက်များကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။

## ရလဒ် ပြည့်မီခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ပင်မ အရေးကိစ္စများ

3.1. ကြီးကြပ်သူများ သို့မဟုတ် အခြား အာဏာပိုင်များမှ အကောင်အထည်ဖော်သည့် လိုင်စင်ချမှတ်ခြင်း၊ မှတ်ပုံတင်ခြင်း သို့မဟုတ် အခြား ထိန်းချုပ်မှုများက ပြစ်မှုကျူးလွန်သူများနှင့် ၄င်းတို့၏ အပေါင်းပါများအား ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များတွင် ကြီးမားသော သို့မဟုတ် ထိန်းချုပ်သော အကျိုးစီးပွား ပိုင်ဆိုင်ခြင်း၊ အကျိုးခံစားခွင့်ရှိသူ ဖြစ်ခြင်း သို့မဟုတ် စီမံခန့်ခွဲရေး လုပ်ငန်းတာဝန် ယူခြင်းတို့ကို မည်မျှ ကောင်းစွာ တားဆီးကာကွယ်နိုင်သနည်း။ ထိုသို့ လိုင်စင်၊ မှတ်ပုံတင် စည်းမျဉ်းများကို ချိုးဖောက်မှုများအား မည်မျှကောင်းစွာ ဖော်ထုတ်သိရှိနိုင်သနည်း။

3.2. အလုံးခြုံအားဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် အခြားကဏ္ဍများရှိ ML/TF အန္တရာယ်များ၊ ၊ ကဏ္ဍအမျိုးမျိုး နှင့် အဖွဲ့အစည်းအမျိုးမျိုးတို့အကြား အန္တရာယ်များ နှင့် အဖွဲ့အစည်းတစ်ခုစီတွင် ရှိသည့် ML/TF အန္တရာယ်များကို ကြီးကြပ်သူများ မည်သို့ကောင်းစွာ ဖော်ထုတ်နိုင်ပြီး ဆက်လက်နားလည်သဘောပေါက်မှု ရှိသနည်း။

3.3. အန္တရာယ်များကို လျှော့ချရန်အလို့ငှာ၊ AML/CFT သတ်မှတ်ချက်များအပေါ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များ၏ လိုက်နာဆောင်ရွက်မှု အတိုင်းအတာကို ကြီးကြပ်သူများက အန္တရာယ်အလိုက်တုံ့ပြန်နိုင်သည့် မူဖြင့် မည်သို့ကောင်းမွန်စွာ ကြီးကြပ်၊ စောင့်ကြည့် ကြပ်မတ်နိုင်သနည်း။

---

80 . ခေါင်းစဉ်အလိုက် ပြန်လှန်သုံးသပ်မှုများ၊ နှင့်သီးခြားကဏ္ဍများ သို့မဟုတ် အဖွဲ့အစည်းများအား ဦးတည် ဆောင်ရွက်သည့် အထူးကြီးကြပ်ရေးလုပ်ငန်းစဉ်များ

3.4. လက်တွေ့အခြေအနေတွင် ကုစားမှု နှင့်/(သို့) ထိရောက်၊ အချိုးညီပြီး နောင်ကြဉ်စေမည့် အရေးယူ ဒဏ်ခတ်မှုများကို မည်သည့်အတိုင်းအတာအထိ ကျင့်သုံးဖော်ဆောင်သနည်း။

3.5. ကြီးကြပ်သူများက ၄င်းတို့၏ ဆောင်ရွက်ချက်များကြောင့် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များ၏ လိုက်နာဆောင်ရွက်မှု ပိုမိုကောင်းမွန်လာကြောင်း မည်သည့်အတိုင်းအတာအထိ ပြသနိုင်သနည်း။

3.6. ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBPများက AML/CFT တာဝန်များနှင့် ML/TF အန္တရာယ်များကို ရှင်းလင်းစွာ နားလည်စေရန် ကြီးကြပ်သူများက မည်သို့ ကောင်းမွန်စွာ တိုးမြှင့်ဆောင်ရွက်နိုင်သနည်း။

### a) *ပင်မအရေးကိစ္စများများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် အချက်အလက်ဆိုင်ရာ သာဓကများ*

*1.* ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBPကဏ္ဍများနှင့် တရားဝင်မဟုတ်သည့်သို့မဟုတ် စည်းကမ်း ကြီးကြပ်မှု အောက်တွင် မရှိသည့် ကဏ္ဍများ၏ အရွယ်အစား၊ ပေါင်းစည်းမှုနှင့် ဖွဲ့စည်းမှုဆိုင်ရာ ဆက်စပ်အကြောင်းတရားများ*) ဥပမာ -ငွေရေးကြေးရေး အဖွဲ့အစည်း(MVTS အပါအဝင်)၊ အမျိုးအစားများတစ်ခုချင်း၌ လိုင်စင်သို့မဟုတ် မှတ်ပုံတင်ရပြီး DNFBPများ ၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများ (နယ်စပ်ဖြတ်ကျော်လုပ်ငန်းများ အပါအဝင်) ၊ ကဏ္ဍများ၏ အရွယ်အစား အရေးပါမှု နှင့် စီးပွားရေးအတွက် အခရာကျမှုများ)။*

2. ကြီးကြပ်သူများ၏ AML/CFT အန္တရာယ် တွက်ချက်သည့် ပုံစံများ၊ လက်စွဲစာအုပ်များနှင့် လမ်းညွှန်များ *(ဥပမာ-ကြီးကြပ်ရေးဝန်ထမ်းများအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလက်စွဲများ၊ AML/CFT ကြီးကြပ်ရေး/ စောင့်ကြည့် ကြပ်မတ်ရေးချဉ်းကပ်ပုံကို ဖော်ပြသည့်စာစောင်များ၊ ကြီးကြပ်ရေးဆိုင်ရာ ဖြန့်ဝေစာများ၊ ဆောင်ရန် ရှောင်ရန် ကျင့်စဉ်များ၊ အကြောင်းအရာလိုက် လေ့လာမှုများ၊ နှစ်ပတ်လည် အစီရင်ခံစာများ)*။

3. AML/CFT အရေးကိစ္စများအပေါ် လုပ်ငန်းစု၊ FIU နှင့် အခြား ကြီးကြပ်ရေးအာဏာပိုင်များနှင့် ကြီးကြပ်ရေးဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများကို ဖော်ပြသည့် အချက်အလက်များ၊*(ဥပမာ -ငွေရေးကြေးရေးအဖွဲ့အစည်းများ DNFBP များအား လမ်းညွှန်မှုနှင့် သင်တန်းများ ပေးခြင်း၊ ၊ အစည်းအဝေးများ သို့မဟုတ် အပြန်အလှန် တုံ့ပြန်မှုများ စီစဉ်ဆောင်ရွက်ခြင်း)*

4. ကြီးကြပ်မှုနှင့်သက်ဆိုင်သည့်အချက်အလက်များ (ဥပမာ -*စောင့်ကြည့်ကြပ်မတ်သည့်၊ )ကွင်းဆင်းနှင့် လေ့လာသုံးသပ် စစ်ဆေးသည့် ကြိမ်ရေ၊ အတိုင်းအတာ နှင့် သဘောသဘာဝ၊ ဖော်ထုတ်သိရှိရသည့် ချိုးဖောက်မှုများ၏ သဘောသဘာဝ၊ ကျင့်သုံးသည့်အရေးယူ ဒဏ်ခတ်မှုများနှင့် အခြား ကုစားရေးလုပ်ငန်းစဉ်များ (ဥပမာ -ပြုပြင် တည့်မတ်ခြင်း၊ သတိပေးခြင်း၊ ဒဏ်ဆောင်စေခြင်း၊)* အရေးယူ ဒဏ်ခတ်မှုနှင့် *အခြားကုစားမှု လုပ်ငန်းစဉ် များကြောင့် AML/CFT လိုက်နာ ဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာကြောင်းဖော် ပြသည့် သာဓကများ)*

***b)*** *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် သီးခြား အကြောင်းတရား သာဓကများ*

5. နိုင်ငံတွင်း သဏ္ဌာန်ဆောင်ဘဏ်များ လုပ်ငန်းထူထောင်ခြင်း လည်ပတ်ခြင်းတို့ကို တားဆီးကာကွယ်ရန် အတွက် မည်သည့်အစီအမံများ အကောင်အထည်ဖော်ထားသနည်း။

6. ငွေရေးကြေးရေးအဖွဲ့အစည်းများ DNFBP များတွင် အကြီးတန်း စီမံခန့်ခွဲရေးလုပ်ငန်းများကို တာဝန်ယူ သူများ၊ ကြီးမားသော သို့မဟုတ် ချုပ်ကိုင်နိုင်သည့် အကျိုးစီးပွားပိုင်ဆိုင်သူများ သို့မဟုတ် တရားဝင်ခန့်အပ် အသိအမှတ် ပြုခံရသူများအပေါ် "သင့်တော် ကောင်းမွန်" (fit and proper tests) သည့် စစ်ဆေးမှုများ သို့မဟုတ် အလားတူ အစီအမံများကို မည်သည့် အတိုင်းအတာအထိ အသုံးပြုသနည်း။

7. ကြီးကြပ်သူများ ကြီးကြပ်၊ စောင့်ကြည့်ကြပ်မတ်ရသည့် ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ကျရောက်သည့် ML/TF အန္တရာယ်များကို အကဲဖြတ်ရန်အတွက် မည်သည့် အစီအမံများ အသုံးပြုဆောင်ရွက်သနည်း။ အန္တရာယ် အဆင့်အနေအထားတို့ကို မကြာမကြာ ပြန်လှန်သုံးသပ်မှု မည်မျှပြုလုပ်ပြီး၊ ပြန်လှန်သုံးသပ်မှု ပြုလုပ်ရသည့် အကြောင်းရင်းများ (ဥပမာ -*စီမံခန့်ခွဲမှုသို့မဟုတ် စီးပွားရေးဆောင်ရွက်ချက်များ အပြောင်းအလဲ ရှိသောကြောင့်*) ။

8. ငွေရေးကြေးရေးအဖွဲ့အစည်းများ( ငွေကြေးဆိုင်ရာအုပ်စုများအပါအဝင်) နှင့် DNFBP များသည် စည်းကမ်း ကြီးကြပ်မှု အောက်ခံယူလျက်ရှိပြီး AML/CFT တာဝန်များ (အကြမ်းဖက်မှုအပေါ် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှုများ၊ FATF က တောင်းဆိုသည့် တန်ပြန်အစီအမံများနှင့် စပ်လျဉ်းသည့်တာဝန်များ အပါအဝင်) လိုက်နာဆောင်ရွက်ကြကြောင်း သေချာစေရန် မည်သည့်အစီအမံများ ကြီးကြပ်နည်းများ အသုံးပြု သနည်း။ ဤအချက်ကြောင့် မည်သည့်အတိုင်းအတာအထိ တရားဝင် ငွေကြေးစနစ်ကို အသုံးပြုရန်အားပေး မြှင့်တင်နိုင်သနည်း။

9. ကွင်းဆင်းစစ်ဆေးခြင်း နှင့် လေ့လာသုံးသပ်မှုဖြင့်စစ်ဆေးခြင်းတို့၏ ကြိမ်ရေ၊ ပြင်းထန်မှု နှင့် အတိုင်းအတာ တို့က ငွေရေးကြေးရေး အဖွဲ့အစည်းများ (ငွေကြေးဆိုင်ရာအုပ်စုများအပါအဝင်) နှင့် DNFBP များ၏ အန္တရာယ် အဆင့် အနေအထား တို့နှင့် မည်သည့်အတိုင်းအတာအထိ စပ်ဆိုင်မှု ရှိသနည်း။

10. AML/CFT အရေးကိစ္စများ နှင့် ပတ်သက်ပြီး( ငွေကြေးဆိုင်ရာအုပ်စု၏ ML/TF အန္တရာယ် စီမံခန့်ခွဲရေး အပါ အဝင်) ကြီးကြပ်သူများနှင့် အခြားကြီးကြပ်ရေးအာဏာပိုင်များ၏ ပူးပေါင်း ဆောင်ရွက်မှု အဆင့် မည်မျှ ရှိသနည်း။ မည်သည့် အခြေအနေများတွင် (ဈေးကွက် ဝင်ရောက်မှု အပါအဝင်) AML/CFT ကိစ္စရပ်များ အတွက်၊ ကြီးကြပ်သူများက အခြားကြီးကြပ်ရေး အာဏာပိုင်များနှင့် အချက်အလက် ဖလှယ် သို့မဟုတ် တောင်းခံကြသနည်း။

11. MVT လုပ်ငန်းလုပ်ကိုင်သူများကို သိရှိအောင်ဖော်ထုတ်ရန်၊ လိုင်စင်ယူရန် သို့မဟုတ် မှတ်ပုံတင်ရန်၊ စောင့်ကြည့်ကြပ်မတ်ရန် နှင့် အရေးယူ ဒဏ်ခတ်ရန် မည်သည့် အစီအမံများ ချမှတ်ကျင့်သုံးသနည်း။

12. ကြီးကြပ်သူများတွင် မိမိ ကြီးကြပ်စောင့်ကြည့်ရသည့် ကဏ္ဍ၏ အန္တရာယ်အဆင့်အနေအထား၊ အရွယ်အစား၊ ရှုပ်ထွေးမှုတို့အလိုက် AML/CFT ကိစ္စရပ်များအပေါ် ကြီးကြပ်ရန် သို့မဟုတ် စောင့်ကြည့်ကြပ်မတ်ရန်၊ လုံလောက်သည့် ရင်းမြစ်များ ရှိသလား။

13. ငွေကြေးဆိုင်ရာ ကြီးကြပ်သူများတွင် AML/CFT ကိစ္စရပ်များ အပေါ် မလိုလားအပ်သော သြဇာလွှမ်းမိုးခံရခြင်း မရှိဘဲ သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် မည်သည့် အစီအမံများ အကောင်အထည် ဖော်ထားသနည်း။

| | |
|---|---|
| **လက်ငင်းရလဒ် ၄** | **ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များသည် ၄င်းတို့၏ အန္တရာယ်များ နှင့် အချိုးညီသော AML/CFT တားဆီးကာကွယ်ရေးဆိုင်ရာ အစီအမံများကို ကျင့်သုံးကြပြီး သံသယဖြစ်ဖွယ်များကို သတင်းပို့ကြသည်။** |

*ထိရောက်သည့် စနစ်တစ်ခု၏ လက္ခဏာများ*

ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များသည် ၄င်းတို့၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်၏ သဘောသဘာဝနှင့် အဆင့်များကို နားလည်သဘောပေါက်ကြသည်။ ထိုအန္တရာယ်များကို လုံလောက်စွာ လျှော့ချနိုင်ရန် AML/CFT မူဝါဒများ )အုပ်စုလိုက် မူဝါဒများအပါအဝင်(၊ဌာနဆိုင်ရာ စည်းမျဉ်းများနှင့် အစီအစဉ်များ ချမှတ်ကျင့်သုံးကြသည်၊ ၄င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်များ )အကျိုးခံစားခွင့်ရှိသူများ အပါအဝင် (တို့ မည်သူမည်ဝါဖြစ်သည်ကို သိရှိအောင်လုပ်ပြီး အတည်ပြုစိစစ်ရန် သင့်လျော်သည့် CDD အစီအမံများ ကျင့်သုံးပြီး စဉ်ဆက်မပြတ် စောင့်ကြည့်ကြပ်မတ်ကြသည်။

သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှုများကို သိရှိဖော်ထုတ်ပြီး သံသယဖြစ်ဖွယ် သတင်းပို့ချက်များ တင်ပို့ကြပြီး အခြား AML/CFT သတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်ကြသည်။ နောက်ဆုံး၌ ဤအဖွဲ့အစည်းများတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု လုပ်ရပ်များ လျော့နည်းသွားသည်။

ဤရလဒ်သည် အဓိကအားဖြင့် အကြံပြုချက် ၉ မှ ၂၃ အထိနှင့် အကြံပြုချက် ၁၊ ၆၊ နှင့် ၂၉ ရှိ အပိုင်းများနှင့်ပါ သက်ဆိုင်သည်။

*အကဲဖြတ်သူများအတွက် မှတ်ချက်*

1) အကဲဖြတ်သူများသည် မည်သည့် ငွေရေးကြေးရေး အဖွဲ့အစည်းများ သို့မဟုတ် DNFBP များက အရေးကြီးဆုံးဖြစ်သည်၊ အလယ်အလတ် အရေးကြီးသည် သို့မဟုတ် အရေးသိပ်မကြီး စသဖြင့် အလေးပေးရမည်ကို ဆုံးဖြတ်သင့်ပြီး၊ ထိုဆုံးဖြတ်ချက်များကို အစီရင်ခံစာ၏ အပိုင်း ၁၊ ၅ နှင့် ၆ တို့အောက်တွင် ထင်ဟပ် စေသင့်သည်။ ဤရလဒ်၏ အလုံးခြုံ ထိရောက်မှုကို ဆုံးဖြတ်ရာတွင်၊ အကဲဖြတ်သူများသည် ၄င်းတို့ ဖော်ထုတ် သိရှိရသည့် အားနည်းချက်များအပေါ် မည်သို့ အလေးပေးကြောင်း(weighted)၊ ရှင်းပြသင့်သကဲ့သို့၊ အခြား ကဏ္ဍအမျိုးမျိုး၌ အလေးပေး သုံးသပ်ရာတွင်၊ ဤအချက်များကို မည်သို့ ထည့်သွင်း သုံးသပ်ခဲ့ကြောင်းကို လည်း ရှင်းပြသင့်သည်။
2) ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP ကဏ္ဍ အသီးသီးအား မည်သို့ အလေးပေးရမည်ကို ဆုံးဖြတ်ရာတွင်၊ အကဲဖြတ်သူများသည် ၄င်းတို့၏ အရေးပါမှုကို အောက်ပါ အချက်များကို ထည့်သွင်း စဉ်းစားကာ သုံးသပ်သင့်သည်။

a) ကဏ္ဍတစ်ခုချင်း ကြုံတွေ့လျက်ရှိသည့် ML/TF အန္တရာယ်များ၊ ကဏ္ဍတစ်ခုချင်းအတွက် စီးပွားရေးအရ အရေးကျသည့် အချက်များ (ဥပမာ -*ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP ၊ အမျိုးမျိုးတို့ရှိ မတူသော အပိုင်းများ၏ အရေးကြီးမှု၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ပမာဏ၊ ပေါင်းစည်းပုံနှင့် ဖွဲ့စည်းပုံများ* [81]; *ငွေကြေးဆိုင်ရာ အသုံးပစ္စည်းအမျိုးမျိုး သို့မဟုတ် အဖွဲ့အစည်းအမျိုးမျိုး၏ အရေးပါမှုများ၊ ပြည်တွင်း စီးပွားရေးလုပ်ငန်း သို့မဟုတ် နယ်စပ်ဖြတ်ကျော် လုပ်ငန်း၏ လုပ်ငန်းပမာဏ၊ ငွေသားအသုံးပြုသည့် စီးပွားရေး အတိုင်းအတာ၊ နှင့် တရားဝင်မဟုတ်သော စီးပွားရေးကဏ္ဍ နှင့်/(သို့) မှောင်ခို စီးပွားရေး၏ ခန့်မှန်းပမာဏ*)။ ထိုနောက်

b) စနစ်တည်ဆောက်ရန် လိုအပ်သည့် အချက်များနှင့် အခြား ဆက်စပ်အကြောင်း တရားများ (ဥပမာ- ကဏ္ဍတိုင်းအတွက် တာဝန်ခံမှု၊ သိက္ခာ၊ နှင့် ပွင့်လင်းမြင်သာမှုရှိသော ကြီးကြပ်သူများ ခန့်အပ်ထားရှိပြီး ရှိမရှိ၊ နှင့် ကဏ္ဍတိုင်းအတွက် စည်းကမ်းချမှတ်မှု နှင့် ကြီးကြပ်မှု စနစ်များ၏ ရင့်ကျက်မှုနှင့် အဆင့်မြင့်မှုများ) [82].

အကဲဖြတ်သူများအနေနှင့် အန္တရာယ်များ၊ စီးပွားရေးအတွက် အရေးကျမှု၊ စနစ်တည်ဆောက်ရန် လိုအပ်ချက်များ နှင့် အခြား ဆက်စပ်အကြောင်းတရားများကို မည်သို့ ထည့်သွင်းစဉ်းစားရန် ဆိုသည့် အချက်အလက်များကို ဤ နည်းပညာ၏ အပိုဒ် ၅ မှ ၁၂ အထိ ကြည့်သင့်သည်။ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP ကဏ္ဍများ၏ အရေးကြီးပုံ အသီးသီးကို ဆုံးဖြတ်ချက်ချခြင်းအပေါ် အစီရင်ခံစာတွင် မည်သို့ ထင်ဟပ်စေသင့်သည် ဆိုသည့် လမ်းညွှန်များကို ဤနည်းပညာ၏ဖြည့်စွက်ချက် ၂ ပါ အပြန်အလှန်အကဲဖြတ်မှု အစီရင်ခံစာပုံစံ(MER template) ကို ကြည့်ပါ။

3) အကဲဖြတ်သူများအနေနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်DNFBPများ၏လုပ်ငန်းလည်ပတ်မှုများကို အသေးစိတ် ပြန်လှန်သုံးသပ်ရန် မလိုပါ။ သို့သော်လည်း ကြီးကြပ်သူများ၊ FIU များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များနှင့် တွေ့ဆုံ မေးမြန်းမှုများ၊ အထောက်အထားများအရ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက ၄င်းတို့၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ် ဒဏ်ခံရနိုင်မှုကို လုံလောက်စွာ အကဲဖြတ် နားလည်ခြင်းရှိမရှိ၊ ၄င်းတို့၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဌာနဆိုင်ရာ စည်းမျဉ်းများက ထိုအန္တရာယ်များကို လုံလောက်စွာ ဖြေရှင်း နိုင်ခြင်း ရှိမရှိ ၊ စည်းမျဉ်း တာဝန်သတ်မှတ်ချက်များ (STR ပို့ခြင်း အပါအဝင်) ကို စနစ်တကျ အကောင်အထည် ဖော်နေခြင်းရှိမရှိ သုံးသပ်သင့်သည်။

---

81 ဥပမာ- ကဏ္ဍအသီးသီးတွင် စီးပွားရေး သိပ်သည်းမှုလည်းအပါအဝင်ဖြစ်သည်။ ထိုထက်မကလည်း ပါဝင်နိုင်သည်။

82 ခေါင်းစဉ်အလိုက် ပြန်လှန်သုံးသပ်မှုများ၊ နှင့်သီးခြားကဏ္ဍများ သို့မဟုတ် အဖွဲ့အစည်းများအား ဦးတည် ဆောင်ရွက်သည့် အထူးကြီးကြပ်ရေးလုပ်ငန်းစဉ်များ

## ရလဒ် ပြည့်မီခြင်း ရှိမရှိ ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ပင်မ အရေးကိစ္စများ

4.1. ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက ML/TF အန္တရာယ်များနှင့် AML/CFT တာဝန်များကို မည်မျှ ကောင်းစွာ နားလည်သနည်း။

4.2. ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက ၄င်းတို့၏ အန္တရာယ်များနှင့် အချိုးညီသည့် အန္တရာယ် လျှော့ချရေးအစီအမံများကို မည်မျှ ကောင်းစွာ ကျင့်သုံးကြသနည်း။

4.3. ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက CDD နှင့် မှတ်တမ်းမှတ်ရာ ထိန်းသိမ်းထားရှိသည့် အစီအမံများ( အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာအချက်အလက်များနှင့်စဉ်ဆက်မပြတ် စောင့်ကြည့်ကြပ်မတ်မှုများ အပါအဝင်) ကို မည်မျှကောင်းမွန်စွာ ဆောင်ရွက်ကြသနည်း။ CDD မပြည့်စုံပါက မဆောင်ရွက်ရန် မည်သည့် အတိုင်းအတာအထိ ငြင်းပယ်သနည်း။

4.4. ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက အောက်ပါတို့အတွက် တိုးမြှင့် အစီအမံများ သို့မဟုတ် သီးခြား အစီအမံများ မည်မျှ ကောင်းမွန်စွာ ချမှတ်ကျင့်သုံးကြသနည်း- (က) PEP များ (ခ) အဆက်အသွယ်ဘဏ် (ဂ) နည်းပညာအသစ်များ (ဃ) အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပြောင်းခြင်း စည်းမျဉ်းများ (c)TF နှင့် ဆက်နွယ်သည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထားအရေးယူ ဒဏ်ခတ်မှုများ၊ နှင့် (စ) FATF က သတ်မှတ် ဖော်ပြသည့် အန္တရာယ်အဆင့်မြင့် နိုင်ငံများ။

4.5. ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များ၊ အကြမ်းဖက်မှု ကို ထောက်ပံ့သည့်ရန်ပုံငွေများဟု သံသယရှိသည့်အခါ၊ ၄င်းတို့၏ သတင်းပို့ရန် တာဝန်များကို မည်သည့်အတိုင်းအတာအထိ ပြည့်မီအောင် ဆောင်ရွက်ကြသနည်း။ သတင်းပေါက်ကြားမှု ကာကွယ်ရန် မည်သည့် လက်တွေ့ကျသည့် အစီအမံများ ထားရှိသနည်း။

4.6. ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များ(ငွေကြေးဆိုင်ရာ အုပ်စုများအဆင့်တွင် အပါအဝင်)က AML/CFT သတ်မှတ်တာဝန်များ လိုက်နာဆောင်ရွက်မှု သေချာစေရန် ဌာနဆိုင်ရာ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများ ကို မည်မျှ ကောင်းမွန်စွာ ချမှတ်ကျင့်သုံးကြသနည်း။ ထိုသို့ အကောင်အထည် ဖော်ရာတွင် အဟန့်အတားဖြစ်စေသည့် ဥပဒေဆိုင်ရာ သို့မဟုတ် စည်းမျဉ်းဆိုင်ရာ သတ်မှတ်ချက်များ (ဥပမာ - *ငွေကြေးဆိုင်ရာ လျှို့ဝှက်ချက်များ*) မည်သည့်အတိုင်းအတာ အထိ ရှိသနည်း။

### *a) ပင်မအရေးကိစ္စများ၏ နောက်ဆုံး ကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် အချက်အလက်ဆိုင်ရာ သာဓကများ*

*1.* ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP ကဏ္ဍများနှင့် တရားဝင်မဟုတ်သည့် သို့မဟုတ် စည်းကမ်းကြီးကြပ်မှု အောက်တွင် မရှိသည့် ကဏ္ဍများ၏ အရွယ်အစား၊ ပေါင်းစည်းမှုနှင့် ဖွဲ့စည်းမှုဆိုင်ရာ ဆက်စပ်အကြောင်း တရားများ *(ဥပမာ -ငွေရေးကြေးရေး အဖွဲ့အစည်း(MVTS အပါအဝင်)၊ အမျိုးအစားများတစ်ခုချင်း၌ လိုင်စင် သို့မဟုတ် မှတ်ပုံတင်ရပြီး DNFBPများ ၊ ငွေကြေးဆိုင်ရာ လုပ်ငန်းများ (နယ်စပ်ဖြတ်ကျော်*

*လုပ်ငန်းများ အပါအဝင်)၊ ကဏ္ဍများ၏ အရွယ်အစား အရေးပါမှု နှင့် စီးပွားရေးအတွက် အခရာကျမှုများ)။*

2. အန္တရာယ်များ၊. လိုက်နာဆောင်ရွက်မှု အထွေထွေ အဆင့်များ ဖော်ပြသည့် အချက်အလက်များ ( ကျူးလွန်ပုံ အလားအလာများ အပါအဝင်) *(ဥပမာ- ဌာနဆိုင်ရာ AML/CFT မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် အစီအစဉ်များ၊ ကျူးလွန်ပုံ အလားအလာများ နှင့် ကျူးလွန်မှု အမျိုးအစား လေ့လာမှု အစီရင်ခံစာများ)*

3. လိုက်နာဆောင်ရွက်မှု ပျက်ကွက်သည့် သာဓကများ (အချက်အလက်များ ဖြုတ်နှုတ်ထားသည့် အမှုများ၊ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များကို အလွဲသုံးစားပြုပုံ အမျိုးအစားများ)

4. ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များ၏ လိုက်နာဆောင်ရွက်မှုကို ဖော်ပြသည့်အချက်အလက်များ *(ဥပမာ- AML/CFT လိုက်နာဆောင်ရွက်မှုကို ပြန်လှန်သုံးသပ်ချက် အကြိမ်ရေ၊ ဖော်ထုတ်သိရှိရသည့် ချိုးဖောက်မှု၏ သဘော သဘာဝ နှင့် ကုစားရေး ဆောင်ရွက်ချက်များ သို့မဟုတ် အရေးယူဒဏ်ခတ်မှုများ၊ AML/CFT သင်တန်းပို့ချမှု ကြိမ်ရေနှင့် အရည်အသွေး၊ AML/CFT ကိစ္စရပ်များအတွက် ကြီးကြပ်ရေး အာဏာပိုင်များအား တိကျမှန်ကန်ပြီး ပြည့်စုံသည့် CDD အချက်အလက် ပေးပို့ရန် ယူသည့် အချိန်၊ CDD အချက်အလက် မပြည့်စုံမှု ကြောင့် ငြင်းပယ်သည့် ငွေစာရင်းများ/ စီးပွားဆက်ဆံဆောင်ရွက်မှုများ၊ မဖြစ်မနေထည့်သွင်းရမည့် အချက်အလက်များ မပြည့်စုံမှုကြောင့် ငြင်းပယ်သည့် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပြောင်းမှုများ)။*

5. STR သတင်းပို့ချက်နှင့်စပ်လျဉ်းသည့် အချက်အလက်များနှင့် အမျိုးသား ဥပဒေအရ သတ်မှတ်ထားသည့် အခြားအချက်အလက်များ (ဥပမာ *ပေးပို့သည့် STR အရေအတွက်၊ နှင့် ဆက်စပ် ငွေလွှဲပြောင်းမှုများ၏ တန်ဖိုး၊ အခြားကဏ္ဍများမှ ရရှိသည့် STR အရေအတွက်နှင့် အချိုးအဆ၊* ML/TF *အန္တရာယ်များနှင့် သက်ဆိုင်သည့် STR သတင်းပို့ချက် အမျိုးအစား၊ သဘောသဘာဝ နှင့် အလားအလာများ ၊ STR မပေးပို့မီ သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှုကို ပိုင်းခြား သုံးသပ်ရန် ပျမ်းမျှ ကြာမြင့်သည့် အချိန်။)*

*b) ပင်မအရေးကိစ္စများ၏နောက်ဆုံးကောက်ချက်များအပေါ် အထောက်အပံ့ပြုနိုင်သည့် သီးခြားအကြောင်းတရား သာဓကများ*

6. အန္တရာယ်အဆင့်မြင့်သော (နှင့်ဆီလျော်သည့်အခြေအနေတွင်) အန္တရာယ်အဆင့်နိမ့်သော ဆက်သွယ်ဆောင်ရွက်သူနှင့် စီးပွားဆက်ဆံ ဆောင်ရွက်မှု၊ ငွေလွှဲပြောင်းမှု၊အသုံးပစ္စည်းနှင့် နိုင်ငံစသည်တို့ကို သိရှိ ဖော်ထုတ် ရန် နှင့် ကိုင်တွယ်ဆောင်ရွက် ရန် မည်သည့် အစီအမံများ ထားရှိသနည်း။

7. AML/CFT အစီအမံများ ချမှတ်ကျင့်သုံးပုံကြောင့် တရားဝင် ငွေကြေးစနစ် အသုံးပြုမှုကို အတားအဆီး ဖြစ်စေသလား၊ အားလုံးပါဝင် နိုင်သော ငွေကြေးကဏ္ဍ မြှင့်တင်ရန်အတွက် မည်သည့် အစီအမံများ ချမှတ်ဆောင်ရွက် သနည်း။

8. ကဏ္ဍအမျိုးမျိုး အဖွဲ့အစည်းအမျိုးမျိုး၊ နှင့် အဖွဲ့အစည်းတစ်ခုချင်းတွင်၊ CDD နှင့် တိုးမြှင့် အစီအမံများ သို့မဟုတ် သီးခြားအစီအမံများသည် ML/TF အန္တရာယ်များအလိုက် မည်သည့်အတိုင်းအတာအထိ ကွဲပြားခြားနားသနည်း၊ ပြည်ပ ငွေကြေးဆိုင်ရာအုပ်စုများနှင့် ပြည်တွင်းအဖွဲ့အစည်းများအကြားလိုက်နာ ဆောင်ရွက်မှု အဆင့် မည်မျှ ရှိသနည်း။

9. CDD လုပ်ငန်းစဉ်အတွက် ကြားခံအဖွဲ့များကို(တတိယအဖွဲ့) အားထားအသုံးပြုမှု မည်သည့် အတိုင်းအတာ အထိ ရှိပြီး၊ အထိန်းအချုပ် စည်းမျဉ်းများ မည်မျှ ကောင်းမွန်စွာ ချမှတ် ဆောင်ရွက်သနည်း။

10. ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များက ၊ AML/CFT လိုက်နာဆောင်ရွက်မှု လုပ်ငန်းစဉ်မှ အချက်အလက် လုံလောက်စွာ အလှမ်းမီရယူနိုင်မှု သေချာစေရန် မည်သို့ ကောင်းမွန်အောင် ဆောင်ရွက်ထားသနည်း။

11. ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် အုပ်စုများ၊ DNFBP များ၏ ဌာနဆိုင်ရာ မူဝါဒနှင့် အထိန်းအချုပ် စည်းမျဉ်းများက အောက်ပါတို့ကို ဆောလျင်စွာ ပြန်လှန် သုံးသပ်နိုင်ပါသလား-

(၁) ရှုပ်ထွေးသော သို့မဟုတ် ပုံမှန်မဟုတ် သော ငွေလွှဲပြောင်းမှုများ၊

(၂) FIU ထံ သတင်းပို့ရန် အလားအလာရှိမည့် STR များ

( ၃) မှားယွင်းပြီး သံသယဖြစ်ဖွယ်ဟု သတ်မှတ်ချက်များ။။ သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှုနှင့်ပတ်သက်၍ ပေးပို့ကြသည့် STR များတွင် ပြည့်စုံ၊ တိကျမှန်ကန်ပြီး လုံလောက်သည့် အချက်အလက်များ မည်သည့် အတိုင်းအတာအထိ ပါရှိသနည်း။

12. အန္တရာယ် အကဲဖြတ်ရန်၊ မူဝါဒ ရေးဆွဲ သုံးသပ်ရန်အတွက် မည်သည့် အစီအမံများနှင့် နည်းများ အသုံးပြုကာ၊ ML/TF အန္တရာယ်များအတွက် သင့်လျော်သောအန္တရာယ်လျှော့ချရေး စနစ် အထိန်းအချုပ်များ ချထားသနည်း။

13. AML/CFT မူဝါဒများနှင့် အထိန်းအချုပ် စည်းမျဉ်းစည်းကမ်းများကို အကြီးတန်း စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများ သိရှိစေရန် မည်သည့် ဆက်သွယ် အကြောင်းကြားသနည်း။ AML/CFT သတ်မှတ်တာဝန်များ ချိုးဖောက်ခံရပါက ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များက မည်သည့် ကုစားမှုနှင့် အရေးယူ ဒဏ်ခတ်မှုများကို လုပ်ဆောင် ကြသနည်း။

14. ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များက ML/TF အန္တရာယ်အကဲဖြတ်ချက်များကို မည်မျှကောင်းမွန်စွာ မှတ်တမ်းယူပြီး အချိန်နှင့် တစ်ပြေးညီထားလျက်ရှိသနည်း။

15. ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များတွင် ၄င်းတို့၏ အရွယ်အစား၊ ရှုပ်ထွေးမှု၊ စီးပွားရေး ဆောင်ရွက်ချက်များနှင့် အန္တရာယ်အဆင့်အနေအထားအလိုက် AML/CFT မူဝါဒများနှင့် အထိန်းအချုပ်များ အကောင်အထည်ဖော်ရန် လုံလောက်သည့် ရင်းမြစ်များ ရှိသလား။

16. ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် DNFBP များ သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှုများကို သိရှိဖော်ထုတ် သတင်းပို့ရာတွင် အကူအညီဖြစ်စေမည့် တုံ့ပြန်ချက်များကို မည်မျှ ကောင်းမွန်စွာ ပေးနိုင်သနည်း။

| | |
|---|---|
| **လက်ငင်း ရလဒ် ၅** | **ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများကို ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် အလွဲသုံးစားပြုခြင်းမှ ကာကွယ်နိုင်ပြီး ၄င်းတို့၏ အကျိုးခံစားခွင့် ရှိသူပိုင်ရှင်နှင့် သက်ဆိုင်သည့် အချက်အလက်များကို ကြီးကြပ်ရေးအာဏာပိုင်များမှ အဟန့်အတားမရှိ ရယူနိုင်သည်။** |

*ထိရောက်သောစနစ်တစ်ခု၏ လက္ခဏာများ*

အောက်ပါတို့ကို ဆောင်ရွက်ရန် အစီအမံများ ချထားပြီးဖြစ်သည်။

- ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများကို ပြစ်မှုကျူးလွန်ရန်အတွက် အသုံးချခံ ရခြင်းမှ ကာကွယ်ရန်၊
- ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများကို ပွင့်လင်းမြင်သာမှု လုံလောက်စွာ ရှိစေရန်၊
- အခြေခံအချက်အလက်နှင့်အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အချက်အလက်များကို ဆောလျင်စွာ ရရှိနိုင်မှု သေချာစေရန်။

အခြေခံအချက်အလက်များကို အများပြည်သူရယူကြည့်ရှုနိုင်ပြီး၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်အချက်အလက်များကို ကြီးကြပ်ရေး အာဏာပိုင်များက ရယူကြည့်ရှုနိုင်သည်။ ဤအစီအမံများကို ချိုးဖောက်သူများသည် ထိရောက်၊ အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူခြင်း ခံရသည်။ ထိုသို့ဖြင့် ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများသည် ပြစ်မှုကျူးလွန်သူများအတွက် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှု ကို ငွေကြေးထောက်ပံ့မှုဖြင့် အလွဲသုံးစား ပြုရန် ဆွဲဆောင်မှု မရှိတော့ပေ။

ဤရလဒ်သည် အကြံပြုချက် ၂၄၊ ၂၅ တို့နှင့် လည်းကောင်း၊ အကြံပြုချက် ၁၊၁၀၊၃၇ နှင့် ၄၀ ရှိ အပိုင်းများနှင့် လည်းကောင်း အဓိက သက်ဆိုင်သည်။

*အကဲဖြတ်သူများအတွက် မှတ်ချက်*

အကဲဖြတ်သူများသည် ဤလက်ငင်းရလဒ်ကို အကဲဖြတ်သည့်အခါတွင် ၄င်းတို့ ပါဝင်ဆောင်ရွက်သည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအဆင့်နှင့်စပ်လျဉ်းသည့် တွေ့ရှိချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ ထိုသို့ စဉ်းစားရာ တွင် ကြီးကြပ်ရေးအာဏာပိုင်များက ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများ (အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်အချက်အလက်များ အပါအဝင်) အချက်အလက် ဖော်ထုတ်ရန်အတွက်သို့မဟုတ် ဖလှယ်ရန်အတွက် လိုအပ်သည့် အကူအညီများ တောင်းခံသည့် အတိုင်းအတာနှင့် မိမိတို့က အကူအညီ ပေးသည့် အတိုင်းအတာများကိုပါ ထည့်သွင်း စဉ်းစားရမည်ဖြစ်သည်။

## ရလဒ် ပြည့်မီခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ပင်မ အရေးကိစ္စများ

5.1. နိုင်ငံတွင် ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများ ထူထောင်မှုနှင့် အမျိုးအစားများ သိရှိရန် အချက်အလက်များကို မည်သည့် အတိုင်းအတာ အထိ အများပြည်သူ ရယူနိုင်သနည်း။

5.2. သက်ဆိုင်ရာ အာဏာပိုင်များက ခုခံနိုင်မှုအားနည်းချက်များကို လည်းကောင်း၊ နိုင်ငံတွင်း၌ ထူထောင်ထားရှိသည့် ဥပဒေရေးရာ ပုဂ္ဂိုလ်များက ML/TF အတွက် အလွဲသုံးစားပြုခြင်း ခံရနိုင်သည့် သို့မဟုတ် ခံနေရသည့် အတိုင်းအတာကိုလည်းကောင်း၊မည်မျှကောင်းမွန်စွာ ဖော်ထုတ်၊ အကဲဖြတ်ပြီး နားလည်သနည်း။

5.3. နိုင်ငံက ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများကို ML/TF ကိစ္စရပ်များ အတွက် အလွဲသုံးစားပြုခြင်းမှ ကာကွယ်ရန်အစီအမံများကိုမည်မျှကောင်းမွန်စွာအကောင်အထည် ဖော်နိုင် သနည်း။

5.4. နိုင်ငံတွင်းထူထောင်ထားသည့် ဥပဒေရေးရာ ပုဂ္ဂိုလ် အမျိုးအစားအားလုံး၏ လက်ရှိအချိန်အထိ လုံလောက်တိကျမှန်ကန်သည့် အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူ အချက်အလက်များကို မည်သည့် အတိုင်းအတာအထိ ဆောလျင်စွာ ရရှိနိုင်သနည်း။

5.5. ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၏ လုံလောက် တိကျမှန်ကန်သည့် အခြေခံ အချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်များနှင့် ပတ်သက်သည့် လက်ရှိအချိန်အထိ အချက်အလက်များကို မည်သည့် အတိုင်းအတာ အထိ ဆောလျင်စွာ ရရှိနိုင်သနည်း။

5.6. သတင်းအချက်အလက်များနှင့် ပတ်သက်သည့် တာဝန်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသူများ အားထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူဒဏ်ခတ်မှုများကို မည်သည့်အတိုင်းအတာအထိ ချမှတ်ကျင့်သုံး သနည်း။

### a) *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်ကို အထောက်အပံ့ပြုနိုင်သည့် အချက်အလက် ဆိုင်ရာ သာဓကများ*

1. နိုင်ငံတွင်းရှိ ဥပဒေရေးရာ ပုဂ္ဂိုလ်နှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၏ အမျိုးအစား၊ ပုံစံနှင့် အခြေခံ လက္ခဏာများအပေါ် ဆက်စပ်အကြောင်းခံများဆိုင်ရာ အချက်အလက်များ။

2. ဥပဒေစိုးမိုးရေး အဖွဲ့များနှင့် အခြားကြီးကြပ်ရေးအာဏာပိုင်များ၏ အတွေ့အကြုံများ (ဥပမာ- အချက်အလက်ဆိုင်ရာ သတ်မှတ်တာဝန်များ ချိုးဖောက်မှုအတွက် ချမှတ်သည့် အရေးယူ ဒဏ်ခတ်မှု အဆင့်၊ အခြေခံ အချက်အလက်နှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက် (ထူထောင်သူ၊ ယုံကြည်အပ်နှံသူ (များ)၊ စောင့်ရှောက်သူနှင့် အကျိုးခံစားခွင့် ရှိသူများ၏ အချက်အလက်များ အပါအဝင်)တို့ကို တောင်းခံ ရရှိသည့်နေရာ နှင့် ရရှိပုံ၊ စုံစမ်းစစ်ဆေးမှုများကို အထောက်အကူဖြစ်စေရန် အသုံးပြုသည့် အချက်အလက်များ)။

3. ဥပဒေရေးရာ ပုဂ္ဂိုလ်နှင့် စီစဉ်ဆောင်ရွက်မှုများကို အလွဲသုံးစားပြုပုံ သာဓကများနှင့် အမျိုးအစား

*လေ့လာချက်များ (ဥပမာ- နိုင်ငံတွင်းရှိ ဥပဒေရေးရာ ပုဂ္ဂိုလ်နှင့် စီစဉ်ဆောင်ရွက်မှုများကို ML/TF အတွက် အသုံးပြုခြင်းခံနေရသည်ဟု ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးမှုများမှ သက်သေအထောက်အထား ရှာဖွေ ဖော်ထုတ်ရရှိသည့် ကြိမ်ရေ၊ တရားမဝင် လုပ်ငန်းများ အတွက် အလွဲသုံးစား ပြုလုပ်ခံရသည့်အတွက် ဖျက်သိမ်းခံရသည့် သိမဟုတ် လုပ်ငန်းဆောင်ရွက်ခြင်းမှ အပြီးအပိုင် တားမြစ်ခံရသည့် ဥပဒေရေးရာ ပုဂ္ဂိုလ်များ)။*

4. အခြေခံအချက်အလက်နှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များရရှိနိုင်သည့် ဧစ်မြစ်များ *(ဥပမာ- ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များ ရယူနိုင်သည့် အများ ရယူကြည့်ရှုနိုင်သော အချက်အလက် အမျိုးအစားများ၊ ကုမ္ပဏီ မှတ်ပုံတင်ဌာန သို့မဟုတ် ကုမ္ပဏီတွင် ထိန်းသိမ်းထားရှိသည့် အချက်အလက် အမျိုးအစားများ။)*

5. ဥပဒေရေးရာ ပုဂ္ဂိုလ်နှင့် စီစဉ်ဆောင်ရွက်မှုများ ထူထောင်မှုနှင့် အုပ်ချုပ်မှုတွင် ဆောင်ရွက်ရသည့် "တံခါးမှူးများ" *(ဥပမာ -ကုမ္ပဏီ ဝန်ဆောင်မှုပေးသူများ၊ စာရင်းကိုင်များ၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများ)* ၏ အခန်းကဏ္ဍနှင့် ပတ်သက်သည့် အချက်အလက်များ။

6. အခြားအချက်အလက်များ *(ဥပမာ -ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ တည်ရှိမှုနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ အခြားနိုင်ငံများက အခြေခံအချက်အလက်နှင့် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက် တောင်းခံချက်များကို တုံ့ပြန်မှုများ (လက်ခံခြင်း။ ငြင်းဆိုခြင်း)၊ အကူအညီပေးမှု အရည်အသွေး နှင့် ပတ်သက်၍ စောင့်ကြည့်ကြပ်မတ်သည့် အချက်အလက်များ)။*

### *b) ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များအပေါ် အထောက်အပံ့ပြုနိုင်သည့် သီးခြား အကြောင်းတရား ဆိုင်ရာသာဓကများ*

7. ဥပဒေရေးရာ ပုဂ္ဂိုလ်များ (ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများနှင့် ကိုင်ဆောင်သူ လုပ်ပိုင်ခွင့် စာတမ်းများဖြင့် ဆောင်ရွက်သူများ၊ အမည်ခံ အစုရှယ်ယာရှင်များနှင့် ဒါရိုက်တာများအပါအဝင်)နှင့် စီစဉ်ဆောင်ရွက်မှုများ၏ ပွင့်လင်းမြင်သာမှုကို ပိုမိုကောင်းမွန်စေရန် မည်သည့် အစီအမံများ ချမှတ်ဆောင်ရွက်သနည်း။

8. ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ အချက်အလက်များကို လက်ရှိအချိန်အထိ တိကျမှန်ကန်စွာ ထားရှိမှု သေချာစေရန် သက်ဆိုင်ရာ အာဏာပိုင်များက မည်သို့ လုပ်ဆောင်သနည်း။ အချက်အလက် ရှိမရှိ၊ တိကျမှန်ကန်မှု ရှိမရှိကို စောင့်ကြည့်ကြပ်မတ်၊ စမ်းသပ်/အတည်ပြု စိစစ်မှု ရှိသလား။

9. ဥပဒေရေးရာ ပုဂ္ဂိုလ်များတွင် အချက်အလက်များလုံလောက်မှု၊ တိကျမှန်ကန်မှုနှင့် အချိန်နှင့် တစ်ပြေးညီရှိမှု လိုအပ်ချက်အတိုင်း အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ အချက်အလက်များ အပြောင်းအလဲရှိပါက တင်ပြရန် အချိန်မည်မျှယူသနည်း။ အကျုံးဝင်သည့် အခြေအနေများတွင် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၌ အလားတူ အပြောင်းအလဲများကို ဆောလျင်စွာ စာရင်းသွင်းတင်ပြရန် အချိန်မည်မျှ ယူသနည်း။

10. ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများ၏ လက်ရှိအချိန်အထိ တိကျမှန်ကန်သည့် အခြေခံအချက် အလက်များနှင့် အကျိုးခံစားခွင့်ရှိသူ အချက် အလက်များကို မည်သည့်အတိုင်းအတာအထိ ရယူနိုင်သနည်း။ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များအား ယုံကြည်အပ်နှံခြင်းခံရသူများက မည်သည့်အတိုင်းအတာအထိ အချက်အလက်များ ထုတ်ပေးသနည်း။

11. သက်ဆိုင်ရာ အာဏာပိုင်များက အစီအမံများကို လုံလောက်စွာ အကောင်အထည်ဖော်ရန် လုံလောက်သည့် ရင်းမြစ်များရှိသလား။

| | |
|---|---|
| **လက်ငင်း ရလဒ် ၆** | **ကြီးကြပ်ရေးအာဏာပိုင်များက ငွေကြေးဆိုင်ရာစုစည်းသတင်းနှင့် အခြား သက်ဆိုင်သည့် အချက်အလက် အားလုံးကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများအတွက် သင့်လျော်လုံလောက်စွာ .အသုံးပြုကြသည်။** |

*ထိရောက်သောစနစ်တစ်ခု၏ လက္ခဏာများ*

ကြီးကြပ်ရေးအာဏာပိုင်များက ငွေကြေးခဝါချမှု၊ ဆက်စပ်မှုလပြစ်မှုများနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုများ စုံစမ်း စစ်ဆေးရန် ငွေကြေးဆိုင်ရာစုစည်းသတင်းနှင့် အခြား သက်ဆိုင်သည့် အချက်အလက် အသွယ်သွယ်ကို တောင်းခံ ရရှိပြီး အသုံးပြု ကြသည်။ အားထား ယုံကြည်ရပြီး တိကျမှန်ကန်သော နောက်ဆုံး အချက်အလက်များ ရရှိသည်။ ကြီးကြပ်ရေး အာဏာပိုင်များတွင် ထိုအချက်အလက်များကို အသုံးပြုပြီး ၄င်းတို့၏ ပိုင်းခြားစိတ်ဖြာမှုနှင့် ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်၊ ပိုင်ဆိုင်မှုများ ရှာဖွေဖော်ထုတ် ခြေရာခံရန်၊ ဆောင်ရွက်မှုဆိုင်ရာ ပိုင်းခြားစိတ်ဖြာမှု ပြုလုပ်ရန် လိုအပ်သည့် ရင်းမြစ်များနှင့် ကျွမ်းကျင်မှုများ ရှိသည်။

ဤရလဒ်သည် အဓိကအားဖြင့် အကြံပြုချက် ၂၉ မှ ၃၂ အထိလည်းကောင်း၊ အကြံပြုချက် ၁၊၂၊ ၄၊ ၈၊၉၊ ၃၄ နှင့် ၄၀ ရှိ အပိုင်းများနှင့် လည်းကောင်း သက်ဆိုင်သည်။

*အကဲဖြတ်သူများအတွက် မှတ်ချက်*

1) ဤရလဒ်တွင် FIU က ဆောင်ရွက်ရသည့် တာဝန်ဖြစ်သော STR များနှင့် အခြားသော ဒေတာများကို ပိုင်းခြားစိတ်ဖြာမှု ပြုလုပ်မှု ၊ ကြီးကြပ်ရေး အာဏာပိုင်များမှ FIU မှ ထုတ်ပေးသည့် အချက်အလက်များ၊ အခြားသော ငွေကြေးဆိုင်ရာ ပိုင်းခြားစုစည်း သတင်းနှင့် အခြား သက်ဆိုင်ရာအချက်အလက်များ အသုံးပြုမှုများ ပါဝင်သည်။ [83].

2) ဤရလဒ်ကို အကဲဖြတ်သည့်အခါ ကြီးကြပ်ရေး အာဏာပိုင်များ ပါဝင်ဆောင်ရွက်ရသည့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှု အဆင့်အပေါ် တွေ့ရှိချက်များကိုပါ ထည့်သွင်းစဉ်းစားသင့်သည်။ ထိုသို့စဉ်းစားရာတွင် FIU များနှင့် ဥပဒေစိုးမိုးရေး အဖွဲ့များက ပြည်ပ လုပ်ဖော် ကိုင်ဖက်များထံမှ လိုအပ်သည့် ငွေကြေးဆိုင်ရာ သတင်း အချက်အလက် များနှင့်အခြားသောအချက်အလက်များ ကောက်ခံနိုင်သည့်အတိုင်းအတာနှင့်အမှန်တကယ် ကောက်ခံခဲ့သည့်အတိုင်း အတာ တို့ကိုပါ စဉ်းစားရန် ဖြစ်သည်။

---

83 ထိုဇစ်မြစ်များတွင် STR များ၊ နယ်စပ်ဖြတ်ကျော် သယ်ဆောင်သည့် ငွေကြေးနှင့် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သည့်စာချုပ်များအပေါ် သတင်းပို့ချက်များ၊ ၊ ဥပဒေ စိုးမိုးရေး အဖွဲ့များ၊ ပြစ်မှုမှတ်တမ်းများ၊ ကြီးကြပ်ရေးနှင့် စည်းကမ်းစည်းမျဉ်းဆိုင်ရာ အချက်အလက်များနှင့် ကုမ္ပဏီ မှတ်ပုံတင် စာရင်းများ စသည့် အချက်အလက်များ ပါဝင်သည်။ အကျုံးဝင်သည့်အခြေအနေများတွင် ငွေသားလွှဲပြောင်းမှု၊ နိုင်ငံခြားငွေလွှဲပြောင်းမှုများ၊ အီလက်ထရွန်နစ်နည်းဖြင့် လွှဲပြောင်းမှု မှတ်တမ်းများ၊ လုံခြုံရေးအဖွဲ့များအပါအဝင် အခြားအစိုးရအဖွဲ့များမှ ရရှိသည့် အချက်အလက်များ၊ အွန်အာဏာပိုင်များ၊ ပိုင်ဆိုင်မှု စာရင်းများ၊ အကျိုးအမြတ်အေဂျင်စီများ၊ ပရဟိတအဖွဲ့အာဏာပိုင်များ၊ နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များထံမှ CDD အချက်အလက်များနှင့် ငွေလွှဲပြောင်းမှု မှတ်တမ်းများအပါအဝင်၊ မပေးမနေရ အစီအမံများဖြင့် တောင်းခံရရှိနိုင်သည့် အချက်အလက်များ အပြင်၊ အင်တာနက်ပေါ်မှ အချက်အလက်များ။

## ရလဒ် ပြည့်မီခြင်း ရှိမရှိ ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ပင်မ အရေးကိစ္စများ

6.1. ML ပြစ်မှုများ၊ ဆက်စပ်မူလပြစ်မှုများနှင့် TF တို့နှင့် ဆက်နွယ်သည့် ပြစ်မှုများ ကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များကို ခြေရာခံရန်နှင့် သက်သေအထောက်အထား တည်ဆောက်ရန်အတွက် ငွေကြေးဆိုင်ရာ ပိုင်းခြားစုစည်း သတင်းနှင့် အခြား သက်ဆိုင်ရာအချက်အလက်များကို မည်သည့် အတိုင်းအတာ အထိ အလုမ်းမီ ရယူနိုင်ပြီး စုံစမ်း စစ်ဆေးမှုများတွင် အသုံးပြုသနည်း။

6.2. ကြီးကြပ်ရေး အာဏာပိုင်များသည် ၄င်းတို့၏ တာဝန်များ ထမ်းဆောင်ရာတွင် အထောက်အကူပြုမည့် သင့်လျော် တိကျမှန်ကန်သော အချက်အလက်များ ပါရှိသည့် သတင်းပို့ချက်များ မည်သည့်အတိုင်းအတာအထိ လက်ခံရရှိသနည်း သို့မဟုတ် တောင်းခံသနည်း။ (ဥပမာ- STR များ၊ ငွေကြေးနှင့် လွှဲပြောင်းကိုင်ဆောင်နိုင်သည့် ငွေလွှဲ စာချုပ်များ)

6.3. FIU ပိုင်းခြားစိတ်ဖြာချက် နှင့် ဖြန့်ဝေချက်များက ကြီးကြပ်ရေး အာဏာပိုင်များ လုပ်ငန်းဆောင်ရွက်မှုများကို မည်သည့်အတိုင်းအတာအထိ အထောက်အကူပြုသနည်း။

6.4. FIU နှင့် အခြား ကြီးကြပ်ရေးအာဏာပိုင်များသည် မည်သည့်အတိုင်းအတာ အထိ ပူးပေါင်းဆောင်ရွက်ပြီး အချက်အလက်များ၊ ငွေကြေးဆိုင်ရာ စုစည်းသတင်းအချက်အလက်များ ဖလှယ်ကြသနည်း။ FIU နှင့် ကြီးကြပ်ရေး အာဏာပိုင်များက ၄င်းတို့ ဖလှယ်သည့် သို့မဟုတ် အသုံးပြုသည့် အချက်အလက်များကို မည်မျှ လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်ကြသနည်း။

### *a) ပင်မ အရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များအပေါ် အထောက်အပံ့ပြုနိုင်သည့် အချက်အလက် ဆိုင်ရာ သာဓကများ*

*1.* ဥပဒေစိုးမိုးရေး အဖွဲ့နှင့် အခြား ကြီးကြပ်ရေး အာဏာပိုင်များ၏ အတွေ့အကြုံများ (ဥပမာ -ငွေကြေးဆိုင်ရာ စုစည်းသတင်းအချက်အလက် အမျိုးအစားများနှင့် အခြား ရရှိနိုင်သည့် အချက်အလက်များ၊ ထိုအချက်အလက်များကို စုံစမ်းစစ်ဆေးရေး နည်းလမ်းကိရိယာအဖြစ် အသုံးပြုသည့် ကြိမ်ရေ)

2. FIU များနှင့် အခြား ကြီးကြပ်ရေး အာဏာပိုင်များအကြား ပူးပေါင်းဆောင်ရွက်မှု သာဓကများ နှင့် -ငွေကြေးဆိုင်ရာ ပိုင်းခြားစိတ်ဖြာမှု ပြုထားသည့် သတင်းအချက်အလက် အသုံးပြုမှု သာဓကများ၊ (ဥပမာ- - *ငွေကြေးဆိုင်ရာ ပိုင်းခြားစိတ်ဖြာမှု ပြုထားသည့် စုစည်းသတင်းအချက်အလက် ဖြန့်ဝေ/ဖလှယ် သည့် အရေအတွက် ကိန်းဂဏန်းများ၊ ML/TF နှင့် ဆက်စပ် မူလပြစ်မှုများ စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆို တင်ပို့ရာတွင် သော်လည်းကောင်း၊ ပိုင်ဆိုင်မှုများ ရှာဖွေဖော်ထုတ် ခြေရာခံရာတွင်သော်လည်းကောင်း၊ ထို ငွေကြေးဆိုင်ရာ စုစည်းသတင်းအချက်အလက် အသုံးပြုသည့် အမှု သာဓကများ)*

*3.* STR ဆိုင်ရာ အချက်အလက်များ(ဥပမာ -*STR အရေအတွက်/ပိုင်းခြားစိတ်ဖြာသည့် အမှုများ၊ STR များတွင် ဖော်ပြသည့် အချက်အလက်များ၏အရည်အသွေးအပေါ် ထင်မြင်ချက်၊ သတင်းမပို့သည့် သံသယဖြစ်ဖွယ်*

*ငွေလွှဲပြောင်းမှုများကို ကြီးကြပ်ရေး အာဏာပိုင်များ တွေ့ရှိရသည့် ကြိမ်ရေ သာဓကများ၊ STR သတင်းပို့ချက် နှင့် စပ်လျဉ်း၍ လက်ငင်းရလဒ် ၄ ကိုပါ ကြည့်ရန်)။*

4. အခြား ငွေကြေးဆိုင်ရာ စုစည်းသတင်းအချက်အလက် နှင့် အခြားအချက်အလက်များ (ဥပမာ -*ငွေကြေးနှင့် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သည့်စာချုပ်များ အပေါ် သတင်းပို့ချက် လက်ခံရရှိသည့် အရေအတွက်နှင့် ပိုင်းခြားစိတ်ဖြာမှု ပြုလုပ်သည့် အရေအတွက်၊ ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် အခြား ကြီးကြပ်ရေး အာဏာပိုင်များက အခြား အာဏာပိုင်များ၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များထံမှ လက်ခံရရှိသည့် သို့မဟုတ် တောင်းခံရယူ/အလှမ်းမီရယူသည့် အချက်အလက် အမျိုးအစားများ)။*

5. အခြား စာရွက်စာတမ်းများ (ဥပမာ -*STR နှင့် အခြား ငွေကြေးဆိုင်ရာစုစည်းသတင်းအချက်အလက် အသုံးပြုပုံနှင့်သတင်းပို့ပုံလမ်းညွှန်များ၊ ငွေကြေးဆိုင်ရာပိုင်းခြားစိတ်ဖြာပြီးစုစည်းသတင်းအချက် အလက်များ အသုံးပြုကာ ဖော်ထုတ်သည့် ကျူးလွန်ပုံအမျိုးအစားများ) typologies))*

**b)** *ပင်မ အရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် သီးခြား အကြောင်းတရား ဆိုင်ရာ သာဓကများ*

6. FIU က STR များကို ပိုင်းခြားစိတ်ဖြာပြီး တန်ဖိုးရှိသတင်းအဖြစ် ထုတ်လုပ်ရန် အတွက် ၊ အချက်အလက်များကို မည်မျှကောင်းမွန်စွာ အလှမ်းမီ ရယူ နိုင်ပြီး မည်မျှ ကောင်းမွန်စွာ အသုံးပြုနိုင်သနည်း။ မိမိတို့၏ ပိုင်းခြားစိတ်ဖြာမှုဆိုင်ရာ အကဲဖြတ်ချက်များက အသေးစိတ်ခြင်း တိကျ သေချာခြင်း ရှိစေရန် မည်သို့ လုပ်ဆောင်သနည်း။

7. ကြီးကြပ်ရေး အာဏာပိုင်များက လုပ်ငန်းတာဝန်ဆောင်ရွက်မှုနှင့် ပတ်သက်သည့် ပိုင်းခြားစိတ်ဖြာမှု ပြုလုပ်နိုင်ရန် အတွက်၊ STR များနှင့် အခြား ငွေကြေးဆိုင်ရာ စုစည်းသတင်းများတွင် ပါရှိသည့် အချက်အလက်များကို မည်မျှ ကောင်းမွန်စွာ အသုံးပြုသနည်း။

8. ကြီးကြပ်ရေး အာဏာပိုင်များ ထံမှ ရရှိသော တုံ့ပြန်ချက်များ၊ ကျူးလွန်ပုံ အမျိုးအစားလေ့လာမှုများ နှင့် လုပ်ငန်း လက်တွေ့ဆောင်ရွက်မှု အတွေ့အကြုံများကို FIU က မိမိ လုပ်ငန်းတာဝန်များအတွင်း မည်သည့် အတိုင်းအတာ အထိ ထည့်သွင်းအသုံးပြုသနည်း။

9. ကြီးကြပ်ရေး အာဏာပိုင်များ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ DNFBP များနှင့် အခြား သတင်းပို့အဖွဲ့အစည်းများအကြား လိုအပ်သည့် အချက်အလက်များ ဆောလျင်စွာ ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်မှု အပြည့်အဝ ရရှိအောင် မည်သည့်ယန္တရားများအသုံးပြုကာ အကောင်အထည် ဖော်သနည်း။

10. သတင်းပို့သည့် STR များတွင် သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှုနှင့် စပ်လျဉ်း၍ ပြည့်စုံ၊ တိကျမှန်ကန်ပြီး လုံလောက်သည့် အချက်အလက်များ မည်သည့်အတိုင်းအတာအထိ ပါရှိသနည်း။

11. ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ သတင်းပို့မှု ပိုမို ကောင်းမွန်စေရန်၊ သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များက သတင်းပို့အဖွဲ့အစည်းများနှင့် မည်သည့်အတိုင်းအတာအထိ ပြန်လှန်သုံးသပ်မှု ထိတွေ့

ဆောင်ရွက်မှု (FIU မှ အသိပညာပေးမှုများ အပါအဝင်) ပြုလုပ်သနည်း။

12. သက်ဆိုင်ရာ အာဏာပိုင်များတွင် ၄င်းတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန် လုံလောက်သည့် ရင်းမြစ်များ (ဒေတာ ထုတ်ယူရန် နှင့် ငွေကြေးဆိုင်ရာ သတင်းအချက်အလက်များ စိတ်ဖြာရန်အတွက် အိုင်တီ နည်းများ၊ ထိုအချက်အလက်များ ထိန်းသိမ်းထားရှိရန် ရင်းမြစ်များ) ရှိသလား။

13. FIU တွင် AML/CFT ကိစ္စရပ်များတွင် မလိုလားအပ်သော လွှမ်းမိုးမှုများ မရှိစေရန် အတွက်၊ လုပ်ငန်းတာဝန်ကို သီးခြားလွတ်လပ်စွာ ဆောင်ရွက်နိုင်ရေး သေချာစေရန် မည်သည့် အစီအမံများဖြင့် အကောင်အထည် ဖော်လုပ်ဆောင်သနည်း။

| | |
|---|---|
| **လက်ငင်းရလဒ် ၇** | **ငွေကြေးခဝါချမှု ပြစ်မှုများ နှင့် လူပ်ရှားမှုများကို စုံစမ်းစစ်ဆေးပြီး ပြစ်မှုကျူးလွန်သူများ အား တရားစွဲဆိုတင်ပို့ကာ၊ ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူ ဒဏ်ခတ်မှုများ ကျခံစေသည်။** |

*ထိရောက်သည့် စနစ်တစ်ခု၏ လက္ခဏာများ*

ငွေကြေးခဝါချသည့် လူပ်ရှားမှုများ၊ အထူးသဖြင့် ကြီးမားသော အကျိုးအမြတ် ရရှိစေသည့် ပြစ်မှုများကို စုံစမ်း စစ်ဆေးနိုင်သည်၊ ပြစ်မှု ကျူးလွန်သူများအား အောင်မြင်စွာ တရားစွဲဆိုတင်ပို့နိုင်သည်၊ တရားရုံးများက ပြစ်မှုထင်ရှား စီရင်ခံရသူများအား ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူဒဏ်ခတ်မှုများ ချမှတ်သည်။ ထိုအထဲတွင် ပြိုင်တူ ငွေကြေးဆိုင်ရာ စုံစမ်း စစ်ဆေးမှုများ နှင့် နိုင်ငံပြင်ပရှိ ဖြစ်ပွားသော ဆက်စပ်မူလပြစ်မှုများကိုပါ လိုက်လံ ဆောင်ရွက်နိုင်သကဲ့သို့၊ မူလပြစ်မှုဖြင့် တရားစွဲဆိုနိုင်ခြင်း မရှိ သော်လည်း ငွေကြေးခဝါချမှု ပြစ်မှု ကျူးလွန်မှု တစ်ခုတည်း (stand-alone money laundering) ဖြင့်လည်း စုံစမ်းစစ်ဆေးပြီး တရားစွဲဆို တင်ပို့ခဲ့သည်။ ငွေကြေးခဝါချမှု အန္တရာယ်များ လျှော့ချရန်အတွက်၊ စနစ်များ၌ ပါဝင်သည့်အပိုင်းများ (စုံစမ်းစစ်ဆေးမှု၊ တရားစွဲဆိုမှု၊ ပြစ်မှု ထင်ရှားစီရင်မှုနှင့် အရေးယူ ဒဏ်ခတ်မှု လုပ်ငန်းစဉ်များ)လည်း ရှင်းလင်းပြတ်သားစွာ လည်ပတ်လျက်ရှိသည်။ ထိုသို့ ရှာဖွေ ဖော်ထုတ်၊ ပြစ်မှု ထင်ရှားစီရင် ပြီး အရေးယူ ဒဏ်ခတ်ခံ ရမည့် အလားအလာကြောင့် နောက်ဆုံးတွင် ပြစ်မှုကျူးလွန်ရန် အလားအလာ ရှိသူများ အတွက် တရားမဝင် အကျိုးအမြတ် များ ရရှိသည့် ပြစ်မှုများနှင့် ငွေကြေးခဝါချမှုများ ကျူးလွန်ရန် အတားအဆီး ဖြစ်လာသည်။

ဤရလဒ်သည် အဓိကအားဖြင့် အကြံပြုချက် ၃၊ ၁၀ နှင့် ၁၁ နှင့်လည်းကောင်း၊ အကြံပြုချက်၁၊၂၊၃၂၊ ၃၇ နှင့် ၄၀ ၌ပါရှိသော အပိုင်းများနှင့် လည်းကောင်း သက်ဆိုင်သည်။

*အကဲဖြတ်သူများအတွက် မှတ်ချက်*

ဤလက်ငင်းရလဒ်ကို အကဲဖြတ်သည့်အခါတွင် ကြီးကြပ်ရေးအာဏာပိုင်များ ပါဝင်ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအဆင့်အပေါ် တွေ့ရှိချက်များကိုပါ ထည့်သွင်းစဉ်းစား သင့်သည်။ ထိုသို့ စဉ်းစားရာတွင် ဥပဒေစိုးမိုးရေးအဖွဲ့များက ၄င်းတို့၏ ပြည်ပ လုပ်ဖော်ကိုင်ဖက်များထံမှ နယ်စပ် ဖြတ်ကျော် ငွေကြေးခဝါချမှုများနှင့် ပတ်သက်သည့် လိုအပ်သောအကူအညီ တောင်းခံသည့် အတိုင်းအတာကိုလည်း ထည့်သွင်း သုံးသပ်ရမည် ဖြစ်သည်။

## ရလဒ်ပြည့်မီခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ပင်မ အရေးကိစ္စများ

7.1. MLကျူးလွန်ရန်အလားအလာရှိသည့် အမှုများကို မည်သည့်အခြေအနေများ၌ မည်မျှ ကောင်းမွန်စွာ ဖော်ထုတ် စုံစမ်းစစ်ဆေးသနည်း (ငွေကြေးဆိုင်ရာ ပြိုင်တူ စုံစမ်းစစ်ဆေးမှုများဖြင့် စုံစမ်းစစ်ဆေးခြင်း အပါအဝင်)။

7.2. ML လူပ်ရှားမှု အမျိုးအစားများကို နိုင်ငံ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်အဆင့် အနေအထားများ၊ အမျိုးသား အဆင့် AML/CFT မူဝါဒများနှင့် အညီ မည်သည့်အတိုင်းအတာအထိ စုံစမ်းစစ်ဆေးပြီး တရားစွဲဆို တင်ပို့

လျက်ရှိသနည်း။

7.3. ML အမှုအမျိုးအစားများကို မည်သည့်အတိုင်းအတာအထိ တရားစွဲဆိုတင်ပို့ပြီး ကျူးလွန်သူများကို ပြစ်မှု ထင်ရှား စီရင်နိုင်သနည်း။ (ဥပမာ -*ပြည်ပ မူလပြစ်မှု၊ တတိယ လူက ငွေကြေး ခဝါချမှု ကျူးလွန်မှု၊ ခဝါချမှုတစ်မှုတည်းဖြင့် တရားစွဲဆိုတင်ပို့သည့်အမှု စသဖြင့်*) [84]၊

7.4. ML ပြစ်မှု ထင်ရှားစီရင်ခံရသည့် ဥပဒေရေးရာ ပုဂ္ဂိုလ်များ သို့မဟုတ် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများအား အရေးယူ ဒဏ်ခတ်မှုသည် မည်သည့်အတိုင်းတာအထိ ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသနည်း။

7.5. ML စုံစမ်းစစ်ဆေးမှုတစ်ခုကို ပြုလုပ်ပြီး၊ ကျိုးကြောင်း မခိုင်လုံသဖြင့် ML အမှုဖြင့် ပြစ်မှု ထင်ရှားစီရင်ရန် မဖြစ်နိုင်သည့်အခါ၊ အခြား ပြစ်မှုကြောင်းဖြင့် တရားစီရင်ရေး အစီအမံများ ကျင့်သုံးရမှု မည်သည့်အတိုင်း အတာ အထိ ရှိသနည်း။ ထိုသို့ အခြား အစီအမံများဖြင့် လှည့်၍ ပြစ်မှုတရားစီရင်မှုမှာ ML ပြစ်မှုများအတွက် တရားစွဲဆိုခြင်းနှင့် ပြစ်မှုစီရင်ခြင်းတို့၏အရေးကြီးမှုကိုမပျက်ပြယ်စေသင့်သကဲ့သို့ ML ပြစ်မှုကို အစားထိုးခြင်း လည်း မဖြစ်သင့်ပေ။

### a) *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် အချက်အလက်ဆိုင်ရာ သာဓကများ*

*1.* စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုတင်ပို့မှုများ နှင့် ပြစ်မှုထင်ရှားစီရင်မှုများ၏ အတွေ့အကြုံ နှင့် သာဓကများ (ဥပမာ -*စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး သက်သေအထောက်အထား မခိုင်လုံသဖြင့် ပယ်ချခံရသည့် အမှု သာဓကများ၊ နိုင်ငံက တရားစွဲဆိုတင်ပို့ပြီး ပြစ်မှုထင်ရှားစီရင်သည့် ကြီးမားသော သို့မဟုတ် ရှုပ်ထွေးသော* ML *အမှုများ၊ ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော် ဂိုဏ်းဖွဲ့ကျူးလွန်မှုများကို အောင်မြင်စွာ တရားစွဲဆိုနိုင်ခဲ့သည့်အမှု သာဓကများ၊* ML *အမှုအစား အခြား ပြစ်ဒဏ်များဖြင့် အရေးယူ ဒဏ်ခတ်ရသည့် အမှုများ*)

[84]တတိယလူမှ ငွေကြေးခဝါချခြင်း (Third party money laundering ) ဆိုသည်မှာ မူလပြစ်မှု ကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခြင်းမရှိသူတစ်ဦးက တရားမဝင်ရရှိသည့် အကျိုးအမြတ်များကို ခဝါချခြင်းဖြစ်သည်။ ကိုယ်တိုင်ငွေကြေးခဝါချခြင်း (Self-laundering )ဆိုသည်မှာ မူလပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပြီး တရားမဝင်ရရှိသည့် အကျိုးအမြတ်များကို ခဝါချခြင်းဖြစ်သည်။ ငွေကြေးခဝါချမှုတစ်ခုတည်းဖြင့်တရားစွဲဆိုမှု (Stand-alone (or autonomous) money laundering) ဆိုသည် မှာ မူလပြစ်မှုဖြင့်လည်းတရားစွဲဆိုခြင်းမရှိဘဲ၊ ML ပြစ်မှုများဖြင့်သာ တရားစွဲဆိုခြင်းဖြစ်သည်။ ထိုသို့ဖြစ်နိုင်သည့်အခြေအနေများတွင် (၁) တရားမဝင် အကျိုးအမြတ်များရစေသည့် ထိုမူလပြစ်မှုဖြင့် တရားစွဲဆိုရန် သက်သေအထောက်အထားမလုံလောက်မှုကြောင့်သော်လည်းကောင်း၊ (၂) ထိုမူလပြစ်မှုအပေါ် စီရင်ပိုင်ခွင့်အာဏာ မရှိသည့် အခြေအနေများကြောင့်သော်လည်းကောင်း ဖြစ်နိုင်သည်။ ထိုအကျိုးအမြတ်များကို တရားခံမှသော်လည်းကောင်း (self-laundering) တတိယလူမှသော်လည်းကောင်း (third party ML) ခဝါပြီးခြင်းဖြစ်နိုင်သည်။

2. ML စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုတင်ပို့မှုများနှင့် ပြစ်မှုထင်ရှားစီရင်မှုများကို ဖော်ပြသည့် အချက် အလက်များ (ဥပမာ- ML *လုပ်ရှားမှုများအပေါ် စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုတင်ပို့မှု အရေအတွက်၊ တရားစွဲဆိုခံရသည့် အမှု သို့မဟုတ် တရားရုံးသို့ တင်ပို့ခံရသည့်အမှု အချိုးအစား၊ မူလပြစ်မှုတွင် ပါဝင် ပတ်သက်မှုမရှိသူ တတိယလူမှ ခဝါချမှုနှင့် ဆက်နွယ်ပြီး ML ပြစ်မှုထင်ရှားစီရင်သည့်အမှုများ ၊ ခဝါချမှုတစ်ခုတည်းဖြင့် တရားစွဲဆိုသည့်အမှု၊ မူလပြစ်မှုကျူးလွန်ပြီး ကိုယ်တိုင် ခဝါချသည့် ပြစ်မှု နှင့် ပြည်ပ မူလပြစ်မှုများ၏ အရေအတွက် သို့မဟုတ် အချိုးအစား၊ ကျူးလွန်သည့် မူလပြစ်မှု အမျိုးအစားများ၊ ML ပြစ်မှုများအတွက် ချမှတ်သည့် အရေးယူ ဒဏ်ခတ်မှု အဆင့်၊ ML အတွက် ချမှတ်သည့် အရေးယူဒဏ်ခတ်မှုနှင့် အခြား မူလပြစ်မှုများအတွက်ဒဏ်ခတ်မှုနှိုင်းယှဉ်ချက်များ*)။

**b)** *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် သီးခြား အကြောင်းတရား ဆိုင်ရာ သာဓကများ*

3. မည်သည့် ML အမှုများကို စုံစမ်းစစ်ဆေးရန် ဖော်ထုတ်သတ်မှတ်ကာ စတင်တည်ဆောက်ပြီး ဦးစားပေးရမည် (အနည်းဆုံးအားဖြင့် အခြားအကျိုးအမြတ် ကြီးမားသည့် ပြစ်မှုများနှင့် ပတ်သက်၍) ကို မည်သည့် အစီအမံများဖြင့် ချမှတ်လုပ်ဆောင်သနည်း (ဥပမာ- *အမှုသေး၊ အမှုကြီး၊ ရှုပ်ထွေးသောအမှုများ အကြား။ ပြည်ပ နှင့် ပြည်တွင်း မူလပြစ်မှုများ အကြား မည်သည့်အမှု ကို အာရုံစိုက်မည် စသည်*)။

4. ကြီးကြပ်ရေးအာဏာပိုင်များက ML စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်သည့် ငွေကြေး ဆိုင်ရာ အချက်အလက်များနှင့် အခြား အချက်အလက်များကို မည်သည့်အတိုင်းအတာအထိနှင့် မည်မျှ မြန်ဆန်စွာ တောင်းခံရယူနိုင်သနည်း၊ အလှမ်းမီရယူနိုင်သနည်း။

5. တရားမဝင်သည့် အကျိုးအမြတ် ကြီးမားသော ပြစ်မှုများတွင် အသုံးပြုသည့် ပူးပေါင်း လုပ်ဆောင်သည့် စုံစမ်းစစ်ဆေးမှုများ (စုံစမ်းထောက်လှမ်းရေးအဖွဲ့ပေါင်းစုံ အပါအဝင်)နှင့် အခြား စုံစမ်းထောက်လှမ်းရေးနည်းစနစ်များ (ဥပမာ *-ပါဝင်ပတ်သက်သူများ မည်သူမည်ဝါ ဖြစ်သည်ကို ရှာဖွေဖော်ထုတ်လိုသဖြင့် ဖမ်းဆီးရန် သို့မဟုတ် ငွေကြေး သိမ်းဆည်းရန် ဆိုင်းငံ့ထားခြင်း သို့မဟုတ် မဆောင်ရွက်ခြင်း)* မည်သည့် အတိုင်းအတာ အထိ ရှိသနည်း။

6. ML အမှုများ ကို ဆောလျင်စွာ တရားစွဲဆိုပြီး တရားရုံးသို့ တင်ပို့နိုင်ရန် မည်သို့ ပြင်ဆင်သနည်း။

7. ML ပြစ်မှု ကျူးလွန်မှုဟု သက်သေပြရန် လုံလောက်ထင်ရှားခြင်းမရှိသော အထောက် အထားကြောင့် တရားစွဲဆိုမှုများ ဆက်လက် မလုပ်ဆောင်ရန် မည်သည့်အခြေအနေများတွင် ဆုံးဖြတ်ရသနည်း။

8. ML တရားစွဲဆိုမှုများကို မည်သည့်အတိုင်းအတာအထိ (၁) မူလပြစ်မှုနှင့် ချိတ်ဆက် တရားစွဲဆိုနိုင် သနည်း (ပြည်ပ မူလပြစ်မှုများ အပါအဝင်)၊ သို့မဟုတ် (၂) ဆက်နွယ်မှု မရှိသည့် သီးခြား ကျူးလွန်မှု အဖြစ် တရားစွဲဆိုတင်ပို့ရသနည်း။

9. သက်ဆိုင်ရာ အာဏာပိုင်များက ဥပ ဒေစနစ်များနှင့် အညီ၊ ML အမှုတစ်ခုလုံး၏ သက်တမ်း တစ်လျှောက်

(စုံစမ်းစစ်ဆေးမှုတစ်ခု စချိန်မှ သက်သေအထောက်အထား စုဆောင်းခြင်း၊ တရားလို ရှေ့နေ ထံသို့ အမှုလွှဲခြင်းနှင့်တရားစွဲတင်ပို့ရန်ဆုံးဖြတ်ခြင်း)တွင် မည်သို့ အပြန်အလှန် ဆက်သွယ် ဆောင်ရွက် ကြသနည်း။

10. ML တရားစွဲဆိုတင်ပို့ခြင်း နှင့် အရေးယူ ဒဏ်ခတ်ခြင်းများကို အဟန့်အတား ဖြစ်စေသည့် စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေး သို့မဟုတ် တရားစီရင်ရေး ရှုဒေါင့်များ ရှိသလား။

11. ကြီးကြပ်ရေး အာဏာပိုင်များတွင် ၄င်းတို့၏ လုပ်ငန်းတာဝန်များ စီမံခန့်ခွဲရန် သို့မဟုတ် ML အန္တရာယ် များကို လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းရန်အတွက် လုံလောက်သည့် ရင်းမြစ်များ ရှိသလား(ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးနည်း ကိရိယာများ အပါအဝင်)

12. ML စုံစမ်းစစ်ဆေးရန်အတွက် ဝန်ထမ်း /အဖွဲ့ သီးခြား ထားရှိသလား။ ရင်းမြစ်များ မျှဝေသုံးစွဲရသည့် အခြေအနေ များတွင် ML စုံစမ်းစစ်ဆေးမှုများကို မည်သို့ ဦးစားပေး လုပ်ဆောင်သနည်း။

| | |
|---|---|
| **လက်ငင်း ရလဒ် ၈** | **ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များနှင့် ကျူးလွန်ရန် အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကို သိမ်းဆည်းရမိသည်။** |

ထိရောက်သည့်စနစ်တစ်ခု၏ လက္ခဏာများ

ပြစ်မှုကျူးလွန်သူများသည် ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များနှင့် ကျူးလွန်ရန် အသုံးပြုသည့် အထောက်အကူပစ္စည်းများ )ပြည်တွင်း ရော ပြည်ပပါ (သို့မဟုတ် တန်ဖိုးညီမျှသောပစ္စည်းများကို )အာဏာပိုင်များက ကြားဖြတ် အစီအမံများ နှင့် သိမ်းဆည်းရေး အစီအမံများ အချိန်မီ ဆောင်ရွက်နိုင်မှုကြောင့် (ဆုံးရှုံးကြသည်။ သိမ်းဆည်း ရမိသည့် ပစ္စည်းများတွင် ပြစ်မှုကြောင်းအရ၊ တရားမကြောင်းအရ သို့မဟုတ် ဌာနဆိုင်ရာ လုပ်ငန်းစဉ်များမှ ပြန်လည်ရရှိသည့် အကျိုးအမြတ်များ၊ နယ်စပ်ဖြတ်ကျော် သယ်ဆောင်မှု အပေါ် မမှန်မကန် ကြေညာမှု သို့မဟုတ် မြွက်ဟပြောဆိုမှုကြောင့် သိမ်းဆည်းခံ ပစ္စည်းများနှင့် နစ်နာသူများအား )တရားရုံးကြားနာ မှုများဖြင့် (ပေးအပ်သော နစ်နာကြေးများ ပါဝင်သည်။ ငွေကြေးနှင့် ပစ္စည်းများကို နိုင်ငံက ထိန်းချုပ် သိမ်းဆည်းနိုင်ပြီး၊ သိမ်းဆည်းခံ ပစ္စည်းများကို အခြားနိုင်ငံများမှ ပြန်လည်သယ်ဆောင်နိုင်သည် သို့မဟုတ် အခြားနိုင်ငံများနှင့် မျှဝေယူကြသည်။ နောက်ဆုံးတွင် ပြစ်မှု ကျူးလွန်ခြင်း သည်အကျိုးမဲ့သည့်လုပ်ရပ် အဖြစ် ရောက်ရှိပြီး မူလပြစ်မှုနှင့် ငွေကြေးခဝါချမှု များ ကျဆင်းသွားသည်။

ဤရလဒ်သည် အကြံပြုချက် ၁၊ ၄။ ၃၂ နှင့်လည်းကောင်း၊ အကြံပြုချက် ၃၀၊ ၃၁၊ ၃၇၊ ၃၈ နှင့် ၄၀ ရှိ အပိုင်းများနှင့် လည်းကောင်း အဓိကအားဖြင့် သက်ဆိုင်သည်။

## အကဲဖြတ်သူများအတွက် မှတ်ချက်

အကဲဖြတ်သူများသည် ဤလက်ငင်းရလဒ်ကို အကဲဖြတ်ရာတွင်၊ ကြီးကြပ်ရေးအာဏာပိုင်များ ပါဝင်ဆောင်ရွက်သည့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အဆင့်အပေါ် တွေ့ရှိချက်များကိုပါ ထည့်သွင်း စဉ်းစားသင့်သည်။ ထိုသို့စဉ်းစား ရာတွင် ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် တရားစွဲဆိုရေးအဖွဲ့များက ၄င်းတို့၏ ပြည်ပလုပ်ဖော်ကိုင်ဖက်များထံမှ နယ်စပ်ဖြတ်ကျော် ကျူးလွန်ရာမှ ရရှိသောအကျိုးအမြတ်များနှင့် ကျူးလွန်ရန် အသုံးပြုသည့် အထောက်အကူ ပြုပစ္စည်းများနှင့် ပတ်သက်၍ လိုအပ်သည့်အကူအညီ တောင်းခံသည့်အတိုင်းအတာကိုပါ ထည့်သွင်းစဉ်းစားရမည်။

## ရလဒ်ပြည့်မီခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် စဉ်းစားရမည့် ပင်မ အရေးကိစ္စများ

8.1. ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များ၊ အထောက်အကူပြုပစ္စည်းများ နှင့် တန်ဖိုးညီမျှသည့် ပစ္စည်းများ သိမ်းဆည်းရေးကို မည်သည့် အတိုင်းအတာအထိ မူဝါဒ ဦးတည်ချက်အနေနှင့် ဆောင်ရွက်သနည်း။

8.2. ကြီးကြပ်ရေးအာဏာပိုင်များက ပြည်တွင်း ပြည်ပ မူလပြစ်မှုများ ကျူးလွန်ပြီး အခြားနိုင်ငံများသို့ ရွှေ့ပြောင်းထုတ်ယူသွားသည့် ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များ၊ အထောက်အကူပြုပစ္စည်းများ တန်ဖိုးညီမျှသည့် ပစ္စည်းများကို မည်မျှကောင်းစွာ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သနည်း။(ပစ္စည်းများ ပြန်လည်သယ်ဆောင်ခြင်း၊ အခြားနိုင်ငံနှင့် ဝေမျှခြင်းနှင့် နစ်နာမှုများ ပေးလျော်ခြင်းတို့အပါအဝင် 85)

8.3. နယ်စပ်/အကောက်ခွန် သို့မဟုတ် အခြားသက်ဆိုင်ရာ အာဏာပိုင်များက မမှန်မကန် နှုတ်ဖြင့်/စာဖြင့် ကြေညာသည့် သို့မဟုတ် လုံးဝမကြေညာသည့် နယ်စပ်ဖြတ်ကျော် သယ်ဆောင်သည့် ငွေကြေးနှင့် ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သည့် စာချုပ်များ သိမ်းဆည်းမှုကို ထိရောက် အချိုးညီပြီး နောင်ကြဉ်စေမည့် အရေးယူ ဒဏ်ခတ်သည့် အနေနှင့် မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်သနည်း။

8.4. ထိုသို့ သိမ်းဆည်းရမိသည့် ရလဒ်များက ML/TF အန္တရာယ် အကဲဖြတ်ချက်များ၊ အမျိုးသား ဆိုင်ရာ AML/CFT မူဝါဒများ၊ ဦးစားပေးရပ်များနှင့် မည်မျှကောင်းစွာ ထင်ဟပ်သနည်း။

### a) ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်ကို အထောက်အပံ့ပြုနိုင်သည့် အချက်အလက်ဆိုင်ရာ သာဓကများ

1. နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ကြားနာမှုများ၏ အတွေ့အကြုံများနှင့် သာဓကများ )ဥပမာ -ယခင်ကအကြီးမားဆုံးအမှုများ၊ နိုင်ငံက ရယူသည့် သိမ်းဆည်းမိန့်အမျိုးအစားများ၊ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များကို ခဝါချနည်းများ ပြောင်းလဲလုပ်ဆောင်နေကြောင်း ညွှန်ပြသည့် အလားအလာများ။

2. နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းမှုများကို ဖော်ပြသည့်အချက်အလက်များ )ဥပမာ -နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရသည့် ကျူးလွန်မှု အရေအတွက်၊ ကျူးလွန်ရာမှ ရရှိသောအကျိုးအမြတ်၏ တန်ဖိုး၊ သိမ်းဆည်းသည့် အထောက်အကူပြုပစ္စည်းများ သို့မဟုတ် တန်ဖိုးတူညီသည့် ပစ္စည်းများ၊ ပြည်ပ ကျူးလွန်မှုနှင့် ပြည်တွင်းကျူးလွန်မှု ခွဲခြား စာရင်းပြုထားမှု၊ ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ သို့မဟုတ် တရားမကြောင်းအရ သိမ်းဆည်းခြင်း၊ (ပြစ်မှုစီရင်ခြင်း မပြုဘဲ သိမ်းဆည်းမှုများအပါအဝင်) နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုများကို ဖော်ပြသည့်အချက်အလက်များ (ဥပမာ -နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ခြင်းခံရသည့် ကျူးလွန်မှု အရေအတွက်၊ ကျူးလွန်ရာမှ ရရှိသောအကျိုးအမြတ်၏ တန်ဖိုး၊ သိမ်းဆည်းသည့် အထောက်အကူ ပြုပစ္စည်းများ သို့မဟုတ် တန်ဖိုးတူညီသည့် ပစ္စည်းများ၊ပြည်ပ ကျူးလွန်မှုနှင့် ပြည်တွင်း ကျူးလွန်မှု ခွဲခြား စာရင်းပြုထားမှု၊

85 လက်ငင်းရလဒ် (၈) 10 8 ၏ ထိရောက်မှုကို အကဲဖြတ်ရာတွင်၊ အခွန်စနစ်ကို လိုအပ်သည့်အတိုင်း အသုံးပြုမှုကို အမှတ်ပြည့်ပေးသင့်သည်။ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များနှင့် ကျူးလွန်ရန် အသုံးပြုသည့် ပစ္စည်းများနှင့် ပတ်သက်သည့် အခွန်အစည်းကြေပ်မှုများကို အသုံးပြုကာ ပြန်လည်သိမ်းယူနိုင်သည့် ပမာဏများကို ရည်ညွှန်းသည်။ အကဲဖြတ်ခံရသည့်နိုင်ငံ သည် မိမိအားပေးအပ်သည့် ဒေတာများမှာ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များနှင့် ကျူးလွန်ရန် အသုံးပြုသည့် ပစ္စည်းများနှင့် ပတ်သက်သည့် ဒေတာများသာ ဖြစ်ကြောင်း သေချာစေရန် စိစစ်သင့်သည်။ ကိန်းဂဏန်းများ မသေချာလျှင် မသေချာကြောင်း လိုအပ်သလို ဖော်ပြသင့်သည်။

ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ သို့မဟုတ် တရားမကြောင်းအရ သိမ်းဆည်းခြင်း၊( ပြစ်မှုစီရင်ခြင်း မပြုဘဲ သိမ်းဆည်းမှုများအပါအဝင်) နယ်စပ်ဖြတ်ကျော် ငွေကြေးများ နှင့်ကိုင်ဆောင်သူလွှဲပြောင်းနိုင်သည့် စာချုပ်များကို မမှန်မကန် ကြေညာ/ပြောဆိုသဖြင့် သို့မဟုတ် မကြေညာ သဖြင့် သိမ်းဆည်းခံရသည့် တန်ဖိုး၊ နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ထိန်းချုပ်ထားသည့် အကျိုး အမြတ်များ၏ တန်ဖိုး သို့မဟုတ် အချိုးအစား၊ သိမ်းဆည်း မိန့်ချမှတ်ထားသည့် အကျိုးအမြတ် တန်ဖိုး သို့မဟုတ် အချိုးအစား။

3. အခြားသက်ဆိုင်သည့်အချက်အလက်များ (ဥပမာ -ထိန်းချုပ်/သိမ်းဆည်း ရရှိသည့်အကျိုးအမြတ်၏ တန်ဖိုး)၊ ဝေမျှသည့်၊ ပြန်လည်သယ်ဆောင်သည့်၊ သို့မဟုတ် နစ်နာသူများအား လျော်ကြေးအဖြစ် ပေးအပ်သည့် ၊ပြစ်မှု ကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်ပမာဏ၊

### b) ပင်မအရေးကိစ္စများကို နောက်ဆုံးကောက်ချက်ချရာတွင် အထောက်အပံ့ပြုနိုင်မည့် သီးခြား အကြောင်းတရား ဆိုင်ရာသာဓကများ

4. ကြီးကြပ်ရေးအာဏာပိုင်များ(ကြီးမားသော အကျိုးအမြတ် ရရှိစေသည့် ပြစ်မှုများနှင့် ပြည်တွင်း၌ စတင် ဖြစ်ပွားခြင်း မဟုတ်သည့် ပြစ်မှုများ သို့မဟုတ် ပြည်ပသို့ စီးထွက် ရွှေ့ပြောင်းသည့် အကျိုးအမြတ်များ အပါ အဝင်) ပြစ်မှုကျူးလွန်ရာမှ ရရှိသော အကျိုးအမြတ်များနှင့် ကျူးလွန်ရန် အထောက်အကူပြုပစ္စည်းများ ကို ပစ်မှတ်ထားဆောင်ရွက်ရန် ချမှတ်သည့် အစီအမံများနှင့် ချဉ်းကပ်ပုံမှာ အဘယ်နည်း။

5. အာဏာပိုင်များက မှခင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စတင်သည့်အချိန်တွင်၊ နိုင်ငံ့ဘဏ္ဍာအဖြစ် ပစ္စည်း သိမ်းဆည်းရန် ရှေးရှု၍ ငွေကြေးဆိုင်ရာ စုံစမ်း စစ်ဆေးမှုပါ စတင်ရန် မည်သို့ ဆုံးဖြတ်သနည်း။

6. ကျူးလွန်မှုမှ အကျိုးအမြတ်များနှင့် အထောက်အကူပြုပစ္စည်းများ သို့မဟုတ် တန်ဖိုးညီမျှသည့် ငွေကြေးနှင့် ပစ္စည်းများကို ကြီးကြပ်ရေးအာဏာပိုင်များကမည်မျှကောင်းမွန်စွာ ဖော်ထုတ် ခြေရာခံနေသနည်း။ ငွေကြေးနှင့် ပစ္စည်းများ ရွှေ့ပြောင်းခြင်း သို့မဟုတ် ပျက်စီးဆုံးရှုံးခြင်း မရှိစေရန် ကြားကာလအစီအမံများ (ထိန်းချုပ်မှု သို့မဟုတ် ယာယီ သိမ်းဆည်းမှုများ)ကို မည်မျှကောင်းမွန်စွာ လုပ်ဆောင်သနည်း။

7. ML/TF နှင့်လည်းကောင်း၊ ဆက်စပ် မူလပြစ်မှုများ နှင့် ဆက်နွယ်သည်ဟုလည်းကောင်း သံသယရှိသည့်၊ သို့မဟုတ် မမှန်မကန် နှုတ်ဖြင့်/စာဖြင့် ကြေညာသော သို့မဟုတ် လုံးဝ ကြေညာခြင်းမရှိသော နယ်စပ် ဖြတ်ကျော် သယ်ဆောင်သည့် ငွေကြေးနှင့် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သည့် စာချုပ်များကို နိုင်ငံက ရှာဖွေ ဖော်ထုတ် ချမှတ်သည့် ချဉ်းကပ်ပုံမှာ အဘယ်နည်း။

8. ထိန်းချုပ် သိမ်းဆည်းထားသော ပစ္စည်းများကို မပျောက်မပျက် ထိန်းသိမ်းရန် နှင့် စီမံခန့်ခွဲရန် ချမှတ်သည့် အစီအမံများမှာ အဘယ်နည်း။

9. ပြစ်မှုကျူးလွန်ရာတွင် ရရှိသည့် အကျိုးအမြတ်များနှင့် အသုံးပြုသည့် အထောက်အကူပြုပစ္စည်းများကိုဖြစ်စေ၊ တန်ဖိုးညီမျှသည့် ပစ္စည်းများကို ဖြစ်စေ၊ ရှာဖွေ ဖော်ထုတ်ခြင်း၊ ခြေရာခံခြင်း နှင့် သိမ်းဆည်းခြင်းတို့ကို

အထောက်အကူပြုမည့် သို့မဟုတ် အဟန့်အတားဖြစ်စေမည့် အပိုင်းများ စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုရေး သို့မဟုတ် တရားစီရင်ရေး လုပ်ငန်းစဉ်များ၌ ရှိသလား။

10. သက်ဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်များတွင် ၄င်းတို့၏ လုပ်ငန်းတာဝန်များကို လုံလောက်စွာ ထမ်းဆောင်ရန် လုံလောက်သည့် ရင်းမြစ်များ ရှိသလား။

| | |
|---|---|
| **လက်ငင်းရလဒ် ၉** | **အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှုများနှင့် လုပ်ရပ်များကို စုံစမ်းစစ်ဆေးပြီး အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူများကိုလည်း တရားစွဲဆို တင်ပို့ကာ ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူ ဒဏ်ခတ်မှုများ ချမှတ်သည်။** |

*ထိရောက်သည့် စနစ်တစ်ခု၏လက္ခဏာများ*

အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့်လုပ်ရပ်များကို စုံစမ်းစစ်ဆေးသည်၊ ပြစ်မှုကျူးလွန်သူများကို အောင်မြင်စွာ တရားစွဲဆို တင်ပို့သည်၊ တရားရုံးများကလည်း ပြစ်မှု ထင်ရှားစီရင်ခံရသူများအား ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူ ဒဏ်ခတ်မှုများ ချမှတ်သည်။ သင့်လျော်သည့် အခြေအနေများတွင် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့သည့် ပြစ်မှုကို သီးခြားထင်ရှားသော ပြစ်မှု ကျူးလွန်မှု တစ်ခုအနေနှင့် သတ်မှတ်ပြီး၊ အကြမ်းဖက်မှု တားဆီးနှိမ်နှင်းရေး စုံစမ်းစစ်ဆေးမှုများ ကို အထောက်အကူပြုသည့် ငွေကြေး ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများကို သက်ဆိုင်ရာ အာဏာပိုင်များ အကြား အချိတ်အဆက်မိစွာ ညှိနှိုင်းဆောက်ရွက်သည်။ စနစ်၏ အပိုင်းများ (စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆို တင်ပို့ခြင်း၊ ပြစ်မှု ထင်ရှားစီရင်ခြင်းနှင့် အရေးယူဒဏ်ခတ်ခြင်း) သည်လည်း အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု အန္တရာယ်များ လျှော့ချ နိုင်ရန် ပီပြင်စွာ လည်ပတ်လျက်ရှိသည်။ နောက်ဆုံးတွင် အကြမ်းဖက်မှုကို ရှာဖွေဖော်ထုတ်ခြင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် အရေးယူ ဒဏ်ခတ်ခြင်းခံရမည့်အလားအလာတို့ကြောင့် ငွေကြေး ထောက်ပံ့သည့်လုပ်ရပ်များအတွက် အဟန့်အတား များ ဖြစ်လာသည်။

ဤရလဒ်သည် အကြံပြုချက် ၅၊၃၀၊၃၁ နှင့် လည်းကောင်း အကြံပြုချက် ၁၊၂၊၃၂၊ ၃၇ နှင့် ၄၀ ရှိ အပိုင်းများနှင့် လည်းကောင်း အဓိက သက်ဆိုင်သည်။

*အကဲဖြတ်သူများအတွက် မှတ်ချက်*

1) အကဲဖြတ်သူများသည် ဤရလဒ်၏ အပိုင်းအချို့၌ မိမိတို့အား ထုတ်မပြနိုင်သည့် သို့မဟုတ် ထုတ်ပြရန် ဝန်လေးမည့် ထိလွယ်ရှလွယ်သည့် သဘောရှိသော ကိစ္စရပ်များ ပါဝင်နိုင်သည်ကို သတိပြုသင့်သည် (ဥပမာ -အမျိုးသား လုံခြုံရေး ကိစ္စရပ်များအတွက် ထောက်လှမ်းရရှိသည့် သတင်းအချက်အလက်များ)။

2) ဤလက်ငင်းရလဒ်ကို အကဲဖြတ်ရာတွင် အကဲဖြတ်သူများသည် ကြီးကြပ်ရေး အာဏာပိုင်များ ပါဝင်ဆောင်ရွက်သည့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အဆင့်အပေါ် တွေ့ရှိချက်များကိုလည်း စဉ်းစားသင့်သည်။ ထိုသို့ စဉ်းစားရာတွင် ဥပဒေစိုးမိုးရေး အဖွဲ့များနှင့် တရားစွဲဆိုရေးအဖွဲ့များက နယ်စပ်ဖြတ်ကျော် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ကျူးလွန်မှုများနှင့်ပတ်သက်၍ လိုအပ်သည့် အကူအညီများကို ပြည်ပ လုပ်ဖော်ကိုင်ဖက်များထံမှ တောင်းခံသည့် အတိုင်းအတာကိုပါ ထည့်သွင်းစဉ်းစား ရမည် ဖြစ်သည်။

## ရလဒ် ပြည့်မီခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် ပင်မ အရေးကိစ္စများ

*9.1.* TF လုပ်ရပ်အမျိုးအစား အသီးသီး *(ဥပမာ- ရန်ပုံငွေ သို့မဟုတ် အခြား ငွေကြေးနှင့် ပစ္စည်းများ ကောက်ခံခြင်း၊ သယ်ဆောင်ရွှေ့ပြောင်းခြင်း၊ အသုံးပြုခြင်း)* ကို မည်သည့်အတိုင်းအတာအထိ တရားစွဲဆိုတင်ပို့ပြီး ကျူးလွန်သူများအား ပြစ်မှုထင်ရှား စီရင်ချက်ချမှတ်နိုင်သနည်း။ နိုင်ငံ၏ TF အန္တရာယ်အဆင့် အနေအထား နှင့် ကိုက်ညီသလား။

9.2. TF အမှုများကို မည်မျှကောင်းမွန်စွာ ဖော်ထုတ်ပြီး စုံစမ်းစစ်ဆေးနိုင်သနည်း။ စုံစမ်းစစ်ဆေးမှုများမှ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူ ပါဝင်ပတ်သက်သည့် အခန်းကဏ္ဍကို မည်သည့်အတိုင်းအတာ အထိ ဖော်ထုတ်နိုင်သနည်း။

9.3. အမျိုးသား အကြမ်းဖက်မှု တားဆီးနှိမ်နှင်းရေး မဟာဗျူဟာများနှင့် စုံစမ်းထောက်လှမ်းမှုများ (ဥပမာ- အကြမ်းဖက်သမားများ၊ အကြမ်းဖက် အဖွဲ့အစည်းများနှင့် အကြမ်းဖက်မှုကို ထောက်ပံ့သည့် ကွန်ရက်များ မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်ခြင်း၊ အကြမ်းဖက်မှု စာရင်းသွင်း သတ်မှတ်ခြင်း၊) ကို အထောက်အကူ ဖြစ်စေရန် TF စုံစမ်းစစ်ဆေးမှုများအား မည်သည့် အတိုင်းအတာအထိ ပေါင်းစပ် ဆောင်ရွက်သနည်း။

9.4. TF မှုဖြင့် ပြစ်မှုထင်ရှားစီရင်ခံရသည့် လူပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာ ပုဂ္ဂိုလ်များကို ချမှတ်သည့် အစီအမံများ သို့မဟုတ် အရေးယူဒဏ်ခတ်မှုများသည် မည်သည့်အတိုင်းအတာ အထိ ထိရောက် အချိုးညီပြီး နောင်ကြဉ် စေသနည်း။

9.5. TF ပြစ်မှုဖြင့် တရားစီရင်ရန် မဖြစ်နိုင်သည့်အခြေအနေတွင် TF လုပ်ရပ်များကို တားဆီးနှိမ်နှင်းရေး အတွက် အခြား ပြစ်မှုဆိုင်ရာ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ သို့မဟုတ် အခြား အစီအမံများ ချမှတ်ခြင်းသည် ဤလက်ငင်းရလဒ်၏ ဦးတည်ချက်ကို မည်သည့်အတိုင်းအတာအထိ ပြည့်မီစေသနည်း။

### *a) ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် အချက်အလက် ဆိုင်ရာ သာဓကများ*

*1.* TF စုံစမ်းစစ်ဆေးမှုများနှင့် တရားစွဲဆိုတင်ပို့မှုများနှင့် စပ်လျဉ်းသည့် အတွေ့အကြုံများ၊ သာဓကများ (ဥပမာ- *TF စုံစမ်းစစ်ဆေးမှုကို အသုံးပြု၍ အကြမ်းဖက်မှု တားဆီးနှိမ်နှင်းရေး စုံစမ်း စစ်ဆေးမှုများ (counter terrorism investigations) နှင့် တရားစွဲဆိုတင်ပို့မှုများကို အထောက်အကူ ပြုသည့်အမှုများ၊ (ပြည်တွင်း ပြည်ပ) အကြမ်းဖက်သမားနှင့် အကြမ်းဖက် အုပ်စုများကို ပစ်မှတ်ထား၊ တရားစွဲဆို တင်ပို့ရသည့် သို့မဟုတ် ဖြတ်တောက် ခံနိုင်သည့် ကြီးမားသည့် အမှုများ၊ TF အဆင့်များနှင့် နည်းစနစ်များကို အလားအလာ လေ့လာမှုများ၊ TF ဖြင့် ပြစ်မှုထင်ရှားစီရင်မှုအစား အခြား ပြစ်မှုများဖြင့် ချမှတ်သည့် အရေးယူဒဏ်ခတ်မှုများ သို့မဟုတ် အစီအမံများ ချမှတ်ဆောင်ရွက်သည့် အမှုများ)*။

2. TF စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုတင်ပို့များနှင့် ပြစ်မှုထင်ရှားစီရင်မှုများကို ဖော်ပြသည့် အချက်အလက်များ (ဥပမာ -TF စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုတင်ပို့မှု အရေအတွက်၊ TF တရားစွဲဆိုတင်ပို့မှု နိုင်သည်အထိ ဆောင်ရွက်သည့် အမှု အချိုးအစား)၊ TF တရားစွဲဆိုတင်ပို့မှုများနှင့် ပြစ်မှုထင်ရှားစီရင်မှု အမျိုးအစားများ

*(ဥပမာ- ပုဒ်မအသီးသီးဖြင့် စွဲဆို စီရင်သည့်ကျူးလွန်မှုများ၊ပြည်တွင်း ပြည်ပ အကြမ်းဖက်သမားများ၊ အကြမ်းဖက် တိုက်ခိုက်ရန် ပြည်ပသို့ သွားရောက်သူများအား ခရီးစရိတ် ထောက်ပံ့မှုများ( TF ကျူးလွန်မှုများ အတွက် ချမှတ်သည့် အရေးယူ ဒဏ်ခတ်မှု အဆင့်၊ TF အတွက် ချမှတ်သည့် အရေးယူဒဏ်ခတ်မှု နှင့် အခြား ပြစ်မှု များနှိုင်းယှဉ်ချက်၊ တားဆီး ဟန့်တားရန် အသုံးပြုသည့် အစီအမံ အမျိုးအစား နှင့် အဆင့်များ)။*

### b) *ပင်မ အရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် သီးခြား အကြောင်း တရား သာဓကများ*

3. ကြီးမားသော ခြိမ်းခြောက်မှုများကို မဆိုင်းမတွ စုံစမ်းစစ်ဆေး အရေးယူ ဆောင်ရွက်ပြီး အကျယ်ပြန့်ဆုံး တားဆီး ဖြတ်တောက်နိုင်ရန် မည်သည့် အစီအမံများဖြင့် TF အမှုများကို ဖော်ထုတ်၊ စတင်ပြီး ဦးစားပေးရပ် သတ်မှတ်သနည်း။

4. ကြီးကြပ်ရေး အာဏာပိုင်များက TF စုံစမ်း စစ်ဆေးမှုများနှင့် တရားစွဲဆိုတင်ပို့မှုများအတွက် လိုအပ်သည့် သက်ဆိုင်သည့် ငွေကြေးဆိုင်ရာ စုစည်း သတင်းအချက်အလက်များနှင့် အခြား အချက်အလက်များကို မည်သည့် အတိုင်းအတာ အထိ၊ မည်မျှ ဆောလျင်စွာ တောင်းခံ၊ အလှမ်းမီ ရယူနိုင်သနည်း။

5. TF ကျူးလွန်မှုတစ်ခုကို စုံစမ်းစစ်ဆေးမှုများ ဆက်လက် မပြုလုပ်ရန် ဆုံးဖြတ်ရသည့် အကြောင်းခံများမှာ အဘယ်နည်း။

6. အာဏာပိုင်များက အချို့ TF ခြိမ်းခြောက်မှုများနှင့် ကျူးလွန်သည့် အလားအလာများကို ကိုင်တွယ်ရန် သီးခြား လှုပ်ရှားမှုအစီအစဉ်များ သို့မဟုတ် မဟာဗျူဟာများကို မည်သည့်အတိုင်းအတာအထိ ကျင့်သုံး သနည်း။ ထိုသို့ ကျင့်သုံးမှုသည် အမျိုးသား AML/CFT မူဝါဒများ၊ မဟာဗျူဟာများ၊ အန္တရာယ်များ နှင့် ကိုက်ညီမှု ရှိသလား။

7. ဥပ ဒေစိုးမိုးရေး အာဏာပိုင်များ၊ FIU ၊ အကြမ်းဖက် တားဆီးနှိမ်နှင်းရေးတပ်ဖွဲ့များနှင့် အခြားလုံခြုံရေးအဖွဲ့ များ၊ ထောက်လှမ်းရေးဌာနများသည် ဤရလဒ်နှင့် ဆက်စပ်သည့် တာဝန်များကို မည်သို့ ကောင်းမွန်စွာ ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်သနည်း။

8. TF တရားစွဲဆိုတင်ပို့မှု၊ အရေးယူဒဏ်ခတ်မှု သို့မဟုတ် တားဆီးဖြတ်တောက်နိုင်မှုများကို နှောင့်နှေးစေသည့် သို့မဟုတ် အဟန့်အတားဖြစ်စေသည့် စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုတင်ပို့ရေး သို့မဟုတ် တရားစီရင်ရေး ဆိုင်ရာ အမြင်ရှုဒေါင့်များ ရှိသလား။

9. ကြီးကြပ်ရေးအာဏာပိုင်များတွင် ၄င်းတို့၏ လုပ်ငန်းတာဝန် စီမံခန့်ခွဲရန်နှင့် TF အန္တရာယ်များကို လုံလောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လုံလောက်သည့် ရင်းမြစ်များ (ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်း နည်းကိရိယာများ အပါအဝင်) ရှိသလား။

10. TF အမှု စုံစမ်းစစ်ဆေးရန် သီးသန့် ဝန်ထမ်း/တပ်ဖွဲ့များ ချမှတ် ခန့်အပ်ထားသလား။ ရင်းမြစ်များ ခွဲဝေ အသုံးပြုရသည့်အခြေအနေများတွင် TF စုံစမ်းစစ်ဆေးရေးကို မည်သို့ ဦးစားပေးသနည်း။

| | |
|---|---|
| **လက်ငင်းရလဒ် ၁၀** | **အကြမ်းဖက်အဖွဲ့များနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့သူများအား ရန်ပုံငွေကောက်ခံခြင်း၊ နေရာ ရွှေ့ပြောင်းခြင်း အသုံးပြုခြင်းနှင့် NPO ကဏ္ဍကို အလွဲသုံးစား မပြုလုပ်နိုင်ရန် တားဆီးနိုင်သည်။** |

*ထိရောက်သည့်စနစ်တစ်ခု၏ လက္ခဏာများ*

အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့များနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့သည့် ကွန်ရက်များ ဖော်ထုတ်နိုင်ပြီး၊ အကြမ်းဖက် လုပ်ရပ်များကို ငွေကြေး ထောက်ပံ့ အကူအညီပေးရန် ရင်းမြစ်များနှင့် နည်းလမ်းများ ဆုံးရှုံးသွားစေသည်။ ထိုသို့ ဆောင်ရွက်ရာ၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အခြား အမျိုးသား သို့မဟုတ် ဒေသဆိုင်ရာ အရေးယူ ဒဏ်ခတ်မှု လုပ်ငန်းစဉ်များအရ စာရင်းသွင်းသတ်မှတ်ခံရသူများနှင့် အဖွဲ့အစည်းများအပေါ် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများကို ကောင်းမွန်စွာ အကောင်အထည် ဖော်နိုင်မှုလည်း ပါဝင်သည်။ နိုင်ငံသည် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ အန္တရာယ်များကိုလည်း ကောင်းစွာ နားလည်ပြီး၊ အကြမ်းဖက်သမားများ အများဆုံးအလွဲသုံးစား ပြုခံရ နိုင်သည့် အဖွဲ့အစည်းများ သို့မဟုတ် နည်းလမ်းများဖြင့် ရန်ပုံငွေများ ကောက်ခံခြင်း၊ ရွှေ့ပြောင်းခြင်းများ မပြုလုပ်နိုင်ရန် တားဆီးသည့် အစီအမံများအပါအဝင်၊ ထိုအန္တရာယ်များ လျှော့ချရန် လိုအပ်သင့်လျော်ပြီး အချိုးညီသည့် ဆောင်ရွက်မှုများ ပြုလုပ်နိုင်သည်။

ဤရလဒ်သည် အကြံပြုချက် ၁၊၄၊ ၆ နှင့် ၈ နှင့်လည်းကောင်း၊ အကြံပြုချက် ၁၄၊ ၁၆၊ ၃၀ မှ ၃၂အထိ၊ ၃၇၊ ၃၈ နှင့် ၄၀ ရှိ အပိုင်းများနှင့်လည်းကောင်း အဓိက သက်ဆိုင်သည်။

*အကဲဖြတ်သူများအတွက် မှတ်ချက်*

ဤလက်ငင်းရလဒ်ကို အကဲဖြတ်သည့် အခါတွင်၊ အကဲဖြတ်သူများသည် ကြီးကြပ်ရေးအာဏာပိုင်များ ပါဝင် ဆောင်ရွက် သည့် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှု အဆင့်အပေါ် တွေ့ရှိချက်များကိုပါ ထည့်သွင်း စဉ်းစား သင့်သည်။

## ရလဒ်ပြည့်မီခြင်း ရှိမရှိ ဆုံးဖြတ်ရာတွင် စဉ်းစားရမည့် ပင်မအရေးကိစ္စများ

10.1. နိုင်ငံသည် ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို (၁)UNSCR ၁၂၆၇ နှင့် ၄၄၆ ဆင်းသက်သည့် ဆုံးဖြတ်ချက်များ၊ နှင့် (၂) UNSCR ၁၃၇၃ (နိုင်ငံအများပေါ် လွှမ်းမိုးသည့် ဆုံးဖြတ်ချက်အရ သို့မဟုတ် နိုင်ငံ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ ဖြစ်စေ၊ သုံးသပ်စိစစ်ပြီးသည့်အခါ အခြားနိုင်ငံတစ်ခု၏ တောင်းခံချက်ကို သက်ရောက်စေရန်အမျိုးသားအဆင့် ဆုံးဖြတ်ချက်အရဖြစ်စေ) မည်မျှကောင်းမွန်စွာ အကောင်အထည်

ဖော်လျက်ရှိသနည်း။

10.2. တရားဝင် NPO လုပ်ငန်းများကို အနှောင့်အယှက် မဖြစ်စေဘဲ သို့မဟုတ် စိတ်ပျက်ဖွယ်မဖြစ်စေဘဲ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအလွဲသုံးစား ပြုလုပ်နိုင်ခြေအများဆုံးရှိသည်ဟု နိုင်ငံက သတ်မှတ်သည့် ထို NPO များကို ဦးတည်၍ အချိုးညီသည့် အစီအမံများကို အန္တရာယ်အခြေပြု ချဉ်းကပ်ပုံနှင့် အညီ၊ မည်သည့်အတိုင်းအတာ အထိ ကျင့်သုံးသနည်း။

10.3. အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့များနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူများ၏ TF လုပ်ရပ်များနှင့် ဆက်နွယ်သည့် ငွေကြေးနှင့် ပစ္စည်းများ၊ ကျူးလွန်ရန် အသုံးပြုသည့် အထောက်အကူပြု ပစ္စည်းများကို (ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဌာနဆိုင်ရာ လုပ်ငန်းစဉ်များအရ ဖြစ်စေ) မည်သည့် အတိုင်းအတာအထိ တားဆီးဖြတ်တောက်နိုင်သနည်း။

10.4. အထက်ပါ အစီအမံများသည် အလုံးခြုံ TF အန္တရာယ်အဆင့် အနေအထား နှင့် မည်သည့်အတိုင်းအတာအထိ ကိုက်ညီမှု ရှိသနည်း။

## a) *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် အချက်အလက်ဆိုင်ရာ သာဓကများ*

1. ဥပဒေစိုးမိုးရေးအဖွဲ့များ၊ FIU နှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး အာဏာပိုင်များ ၏ အတွေ့အကြုံများ (ဥပမာ- အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူများက ရန်ပုံငွေ ကောက်ခံ/ ပို့ဆောင်သည့် အခြားနည်းများ ရှာဖွေလေ့လာနေကြောင်း ညွှန်ပြသည့် အလားအလာများ၊ အကြမ်းဖက်အဖွဲ့အစည်းများက နိုင်ငံတွင်း ရန်ပုံငွေ ကောက်ခံရန် အခက်အခဲဖြစ်နေကြောင်း ညွှန်ပြသည့် စုစည်းသတင်း အချက်လက်/ဇစ်မြစ်များ။

2. ကြားဖြတ်တားဆီး ဆောင်ရွက်ချက်များ နှင့် သိမ်းဆည်းမှုများ ဆိုင်ရာ သာဓကများ (ဥပမာ -အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့အစည်းများ သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူများက ရန်ပုံငွေများ ကောက်ခံခြင်း၊ ရွှေ့ပြောင်းခြင်း နှင့် အသုံးပြုခြင်းတို့ မပြုလုပ်နိုင်ရန် တားဆီးခံရသည့် သို့မဟုတ် ၄င်းတို့၏ ငွေကြေးနှင့် ပစ္စည်း ထိန်းချုပ် /သိမ်းဆည်းခံရသည့် ကြီးမားသောအမှုများ၊ အကြမ်းဖက် သမားများ အလွဲသုံးစားပြုခံရသည့် *NPO* များအား စုံစမ်းစစ်ဆေးမှုများနှင့် ကြားဖြတ် တားဆီးဆောင်ရွက် မှုများ )။

3. ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများ ဖော်ပြသည့် အချက်အလက်များ (ဥပမာ -*UNSC* အရ သို့မဟုတ် အခြား စာရင်းသွင်း သတ်မှတ်ချက်များအရ ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူပိတ်ဆို့ခံရသည့် ပုဂ္ဂိုလ်နှင့် ငွေစာရင်းများ၊ *UNSCR* ၁၃၇၃ နှင့် စပ်လျဉ်း၍ စာရင်းသွင်း သတ်မှတ်ခြင်းများ၊ ထိန်းချုပ်ထားသည့် ငွေကြေးနှင့် ပစ္စည်းများ၊ ငွေလွှဲပြောင်းမှု ငြင်းပယ်ခံရသည့် အချက်အလက်များ၊ လူပုဂ္ဂိုလ်များကို အကြမ်းဖက်မှု ဆိုင်ရာ စာရင်းသွင်း သတ်မှတ်ရန် ကြာမြင့်ချိန်၊ စာရင်းသွင်း သတ်မှတ်ပြီးသည်နှင့် ငွေကြေးနှင့် ပစ္စည်း ထိန်းချုပ်မှု အကောင်အထည် ဖော်ရန် ကြာမြင့်ချိန်။

4. အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအတွက် အလွဲသုံးစားပြုခံရနိုင်သည့် အန္တရာယ်ရှိသည်ဟု နိုင်ငံက ဖော်ထုတ်သတ်မှတ်သည့် NPOများအပေါ် ပစ်မှတ်ထား အန္တရာယ်အခြေပြု ကြီးကြပ်မှုဖြင့် မပြတ် ဆက်သွယ်

စောင့်ကြည့် ကြပ်မတ်ကြောင်း ဖော်ပြသည့် အချက်အလက်များ (ဥပမာ- ထိုသို့ NPO များအပေါ် ပြန်လှန် အကဲဖြတ်သုံးသပ်ခြင်းနှင့် စောင့်ကြည့် ကြပ်မတ်ခြင်း (အန္တရာယ် အကဲဖြတ်ချက်များ အပါအဝင်)၊ CFT အစီအမံများ အလားအလာများနှင့် စပ်လျဉ်း၍ NPO များနှင့် လူချင်း ထိတွေ့ ဆောင်ရွက်မှု နှင့် အခြားသော နည်းလမ်းများ(လမ်းညွှန်များအပါအဝင်)၊ ကုစားနည်းအစီအမံများနှင့် NPOများအား အရေးယူ ဒဏ်ခတ်မှုများ။

### b) *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့်သီးခြားအကြောင်း တရားဆိုင်ရာ သာဓကများ*

5. ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများကို မဆိုင်းမတွ ကောင်းမွန်စွာ အကောင်အထည်ဖော်မှု သေချာစေရန် နိုင်ငံက မည်သည့် အစီအမံများ ချမှတ်သနည်း။ ထိုသို့ အကြမ်းဖက်မှုဆိုင်ရာ စာရင်းသွင်း သတ်မှတ်ချက်များကို ငွေရေးကြေးရေး အဖွဲ့အစည်းများ၊ DNFBP များနှင့် အများပြည်သူတို့အား မည်သို့ အသိပေး အကြောင်းကြားသနည်း။

6. အောက်ပါလုပ်ငန်းစဉ်များအတွက် လုပ်ထုံးလုပ်နည်းများနှင့် ယန္တရားများကို မည်မျှ ကောင်းမွန်စွာ ချမှတ် အကောင်အထည် ဖော်သနည်း။

(၁) အကြမ်းဖက်မှုဆိုင်ရာ စာရင်းသွင်း သတ်မှတ်ရန် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း ပစ်မှတ်များကို ဖော်ထုတ်ခြင်း၊

(၂) ပစ္စည်း ထိန်းချုပ်ခြင်း /ထိန်းချုပ်မှုမှ ပြန်လည်ဖြေလျော့ လွှတ်ပေးခြင်း၊

(၃) စာရင်းမှ ပြန်လည်ပယ်ဖျက်ခြင်း၊ နှင့်

(၄) ခြွင်းချက် ပေးခြင်း။ သက်ဆိုင်သည့် အချက်အလက်များကို မည်မျှကောင်းမွန်စွာ တောင်းခံနိုင်သနည်း။

7. အကြမ်းဖက်သမားများ၏ ငွေကြေးစီးဆင်းမှု လမ်းကြောင်းများကို ထိန်းချုပ်ရန်နှင့် တားဆီးရန် UNSCR ၁၂၆၇ နှင့် ၁၃၇၃ တို့မှ ချမှတ်ထားသည့် နည်းလမ်းများကို နိုင်ငံက မည်သည့်အတိုင်းအတာ အထိ အသုံးပြုလျက် ရှိသနည်း။

8. စာရင်းသွင်း သတ်မှတ်ခံရသည့် အဖွဲ့များက ၄င်းတို့၏ ငွေကြေးနှင့် ပစ္စည်းများကို ခွင့်ပြုထားသည့် ကိစ္စများ အတွက်သာ အသုံးပြုနိုင်ရန် အတည်ပြုခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးခြင်း စနစ်များသည် သက်ဆိုင်ရာ UNSCR များတွင် ချမှတ်သည့် သတ်မှတ်လိုအပ်ချက်များနှင့် မည်မျှ ကိုက်ညီသနည်း (ဥပမာ -UNSCR ၁၄၅၂ နှင့် ၄င်းမှ ဆင်းသက်သော ဆုံးဖြတ်ချက်များ)။

9. အကြမ်းဖက်မှုနှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများကို ပစ်မှတ်ထား ဆောင်ရွက်ရန် ချမှတ်သည့် ချဉ်းကပ်ပုံသည် အဘယ်နည်း။ ငွေကြေးနှင့် ပစ္စည်းများ ခြေရာခံသည့် အစီအမံများ၊ငွေကြေးဆိုင်ရာ စုံစမ်း စစ်ဆေးမှ များနှင့် ကြားကာလအစီအမံများ(ဥပမာ- ထိန်းချုပ် ယာယီ သိမ်းဆည်းခြင်း) ကို ထိုချဉ်းကပ်ပုံနှင့် သဟဇာတဖြစ်စေရန် မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်သနည်း။

10. NPO များအား အလွဲသုံးစားပြုခြင်းကို ဖော်ထုတ်၊ တားဆီး၊ နှိမ်နှင်းရန်အတွက် အောက်ပါ အချက် လေးချက်

စလုံးကို မည်သည့် အတိုင်းအတာ အထိ အသုံးပြုလျက်ရှိသနည်း

(က) အဆက်မပြတ် ဆက်သွယ် ဆောင်ရွက်ခြင်း၊

(ခ) ပစ်မှတ်ထား အန္တရာယ်အခြေပြု ကြီးကြပ်ခြင်းသို့မဟုတ် စောင့်ကြည့် ကြပ်မတ်ခြင်း၊ )

(ဂ) ထိရောက်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် သတင်း အချက်အလက် စုဆောင်းခြင်း၊ နှင့်

(ဃ) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအတွက် ထိရောက်သည့် ယန္တရားများ ချမှတ်ခြင်း။။ အန္တရာယ် အခြေပြု ချဉ်းကပ်မှု ဖြင့် NPO များကို အကြမ်းဖက်မှု ငွေကြေးထောက်ပံ့မှု အလွဲသုံးစားပြုခံရခြင်းမှ ကာကွယ်သည့်တစ်ချိန်တည်း၌ ၄င်းတို့၏ တရားဝင် ပရဟိတ လုပ်ငန်းများကို အနှောင့်အယှက် မဖြစ်ရန်နှင့် စိတ်ပျက်ဖွယ်မဖြစ်စေရန် ယင်းအစီအမံများကို မည်သည့် အတိုင်းအတာအထိ ဆောင်ရွက်လျက်ရှိသနည်း။

11. အကြမ်းဖက်မှုလုပ်ရပ်များ သို့မဟုတ် အကြမ်းဖက် အဖွဲ့များက အလွဲသုံးစားပြုခြင်းခံရသည်ဟု သံသယ ရှိသော သို့မဟုတ် ထိုလုပ်ရပ်များ သို့မဟုတ် အဖွဲ့များကို တက်ကြွစွာ ကူညီထောက်ပံ့နေသည်ဟု သံသယ ရှိသော NPO များအား သင့်လျော်သည့် စုံစမ်းစစ်ဆေးမှု၊ ပြစ်မှုကြောင်းအရ တရားမကြောင်းအရ သို့မဟုတ် ဌာနဆိုင်ရာ အရေးယူများ၊ ပူးပေါင်း ညှိနှိုင်းသည့် ယန္တရားများကို မည်သည့်အတိုင်းအတာအထိ ဆောင်ရွက် သနည်း။

12. NPO များက မိမိတို့သည် အကြမ်းဖက်မှု အလွဲသုံးစားပြုခံရနိုင်သည့် ခြိမ်းခြောက်မှုမှ မိမိကိုယ်မိမိကာကွယ် နိုင်ရန် အားနည်းချက်များကို မည်မျှ ကောင်းစွာ သိရှိနားလည်ပြီး၊ ချမှတ်ထားသည့်အစီအမံများကို မည်မျှ ကောင်းမွန်စွာ လိုက်နာဆောင်ရွက်သနည်း။

13. အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့များ သို့မဟုတ် အကြမ်းဖက်အဖွဲ့ကို ငွေကြေးထောက်ပံ့သူများနှင့် ဆက်နွယ်သည့် ငွေကြေးနှင့် ပစ္စည်းများ၊ အထောက်အကူပြု ပစ္စည်းများကို ရှာဖွေ ဖော်ထုတ်၊ ခြေရာခံ ပြီး သိမ်းဆည်းရေးကို လွယ်ကူစေသည့် သို့မဟုတ် နှောင့်နှေး စေသည့် စုံစမ်းစစ်ဆေးရေး၊ တရားစွဲဆိုတင်ပို့ရေး သို့မဟုတ် တရားစီရင်ရေး လုပ်ငန်းစဉ်များ၏ ရှုဒေါင့် ကဏ္ဍများ ရှိသလား။

14. ကြီးကြပ်ရေးအာဏာပိုင်များတွင် ၄င်းတို့၏ လုပ်ငန်းတာဝန်များကို လုံလောက်စွာ စီမံခန့်ခွဲရန် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် လုံလောက်သည့် ရင်းမြစ်များ ရှိသလား။

15. ရင်းမြစ်များကို ခွဲဝေ သုံးစွဲရသည့် အခြေအနေများတွင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း သည့် ဆောင်ရွက်ချက်များကို မည်သို့ ဦးစားပေးရပ် သတ်မှတ်သနည်း။

| | |
|---|---|
| **လက်ငင်း ရလဒ် ၁၁** | **ဖျက်အားပြင်းသည့် လက်နက်ပြန့်ပွားမှုတွင် ပါဝင်ပတ်သက်သည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများမှ ရန်ပုံငွေများ ကောက်ခံခြင်း၊ နေရာ ရွှေ့ပြောင်းခြင်းနှင့် အသုံးပြုခြင်း တို့ မပြုလုပ်နိုင်ရန် သက်ဆိုင်ရာ UNSCR များနှင့် အညီ တားဆီးနိုင်သည်။** |

*ထိရောက်သောစနစ်တစ်ခု၏ လက္ခဏာများ*

ဖျက်အားပြင်းသည့် လက်နက်ပြန့်ပွားမှု (WMD) ဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ (UNSCR) များဖြင့် စာရင်းသွင်း သတ်မှတ်ခံရသည့် လူပုဂ္ဂိုလ်များနှင့်အဖွဲ့များကို ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုအတွက် ရန်ပုံငွေများ ကောက်ခံခြင်း၊ နေရာ ရွှေ့ပြောင်းခြင်းနှင့် ရန်ပုံငွေနှင့် အခြားပစ္စည်းများ အသုံးပြုခြင်းတို့ မပြုလုပ်နိုင်ရန် ရှာဖွေဖော်ထုတ်နိုင်ပြီး ရင်းမြစ်များ အသုံးမပြုနိုင်စေရန် တားဆီးဖြတ်တောက်နိုင်သည်။ ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူပိတ်ဆို့မှုများကို အပြည့်အဝ ကောင်းမွန်စွာ မဆိုင်းမတွ အကောင်အထည် ဖော်နိုင်သည်၊ လိုက်နာ ဆောင်ရွက်ရေး စောင့်ကြည့် ကြပ်မတ်ပြီး၊ အရေးယူပိတ်ဆို့မှုကို ရှောင်တိမ်းခြင်း မပြုနိုင်ရန်နှင့်၊ ဖျက်အားပြင်းသည့် လက်နက်ပြန့်ပွားမှုကို တိုက်ဖျက်ရန် မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ အကောင် အထည် ဖော်နိုင်ရန်၊ သက်ဆိုင်ရာ အာဏာပိုင်များအကြား လုံလောက်သည့် ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်မှုရှိသည်။

ဤရလဒ်သည် အကြံပြုချက် ၇ နှင့် အကြံပြုချက် ၂ ရှိ အပိုင်းများနှင့် သက်ဆိုင်သည်။

## ရလဒ်ပြည့်မီခြင်းရှိမရှိ ဆုံးဖြတ်ရာတွင် စဉ်းစားရမည့် ပင်မအရေးကိစ္စများ

11.1. နိုင်ငံသည် ဖျက်အားပြင်းသည့် လက်နက်ပြန့်ပွားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် UNSCR များအရ၊ ငွေကြေးဆိုင်ရာပစ်မှတ်ထားအရေးယူဒဏ်ခတ်မှုများကို မည်မျှ ကောင်းမွန်စွာ မဆိုင်းမတွ အကောင် အထည် ဖော်နိုင်သနည်း။

11.2. စာရင်းသွင်း သတ်မှတ်ခံရသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ( နှင့် ၄င်းတို့၏ ညွှန်ကြားမှုဖြင့် ကိုယ်စားဆောင်သူများ) ၏ ရန်ပုံငွေများ သို့မဟုတ် အခြားငွေကြေးနှင့် ပစ္စည်းများကို မည်သည့် အတိုင်းအတာအထိ ရှာဖွေဖော်ထုတ်ပြီး ထိုလက်နက်ပြန့်ပွားမှုနှင့် ဆက်နွယ်သည့် ငွေကြေး လွှဲပြောင်းမှုများ ပြုလုပ်ခြင်းနှင့် ဆောင်ရွက်ခြင်းများ မပြုလုပ်နိုင်ရန် တားဆီးနိုင်သနည်း။

11.3. ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူပိတ်ဆို့မှုများကို ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များက မည်သည့်အတိုင်းအတာအထိ လိုက်နာဆောင်ရွက်ပြီး ၄င်းတို့၏ တာဝန်များကို နားလည်သဘောပေါက်သနည်း။

11.4. ကြီးကြပ်ရေးအာဏာပိုင်များက ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များအပေါ် စောင့်ကြည့်

ကြပ်မတ်ခြင်းနှင့် လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့ခြင်းနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူပိတ်ဆို့မှုများအရ ၄င်းတို့၏ တာဝန်များကို လိုက်နာဆောင်ရွက်ရေး သေချာစေရန် မည်မျှ ကောင်းမွန်စွာ ဆောင်ရွက်လျက်ရှိသနည်း။

### a) *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်ကို အထောက်အပံ့ပြုနိုင်သည့်အချက်အလက်ဆိုင်ရာ သာဓကများ*

1. ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှုများနှင့် ကြားဖြတ်တားဆီး ဆောင်ရွက်မှုများ ဖော်ပြသည့် သာဓကများ (ဥပမာ -*အရေးယူ ပိတ်ဆို့မှုများ အပေါ် ဖောက်ဖျက်မှုများ အား စုံစမ်းစစ်ဆေးမှု၊ နိုင်ငံက အရေးယူဆောင်ရွက်သည့် ကြီးမားသော အမှုများ (ဥပမာ -ထိန်းချုပ်ခြင်း သို့မဟုတ် ယာယီ သိမ်းဆည်းခြင်း) သို့မဟုတ် အကူအညီပေးခြင်း)*။

2. ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ ဖော်ပြသည့်အချက်အလက်များ(ဥပမာ - *ငွေကြေးဆိုင်ရာပစ်မှတ်ထားအရေးယူဒဏ်ခတ်ခံရသည့် လူပုဂ္ဂိုလ်များ နှင့် အဖွဲ့အစည်းများ၏ ငွေစာရင်းများ၊ ထိန်းချုပ်ခံရသည့် ငွေကြေးနှင့် ပစ္စည်းများ တန်ဖိုး၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား စာရင်းသွင်းသတ်မှတ်ရန် ကြာမြင့်ချိန်၊ UNSC မှ စာရင်းသွင်း သတ်မှတ်ပြီးနောက် ထိုလူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ၏ ငွေကြေးနှင့် ပစ္စည်းများ ထိန်းချုပ်ရန် ကြာမြင့်ချိန်*။)

3. ဖျက်အားပြင်းသည့် လက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် အခြား သက်ဆိုင်သည့် အချက်အလက်များ (ဥပမာ -*ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များ ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူပိတ်ဆို့မှုနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်မှုကို ပြန်လှန် သုံးသပ်မှုနှင့် စောင့်ကြည့်ကြပ်မတ်မှု ကြိမ်ရေ။ ထိတွေ့ဆောင်ရွက်မှုနှင့် အလှမ်းဝေး ဆက်သွယ်မှု၊ လမ်းညွှန်မှု ဆိုင်ရာ စာတမ်းများ၊ - ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များ ဖောက်ဖျက်မှု ကြောင့် အရေးယူ ဒဏ်ခတ်မှု အဆင့်များ)*။

### b) *ပင်မအရေးကိစ္စများ၏ နောက်ဆုံးကောက်ချက်များကို အထောက်အပံ့ပြုနိုင်သည့် သီးခြားအကြောင်းတရားဆိုင်ရာသာဓကများ*

4. ဖျက်အားပြင်းသည့်လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုနှင့်သက်ဆိုင်သည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူပိတ်ဆို့မှုများကို မဆိုင်းမတွ ကောင်းမွန်စွာ အကောင်အထည် ဖော်နိုင်ရေး သေချာစေရန် မည်သည့် အစီအမံများ ချမှတ်သနည်း။ ထိုသို့ စာရင်းသွင်း သတ်မှတ်ခြင်းနှင့် တာဝန်များကို သက်ဆိုင်သည့် ဌာနများအား ဆောလျင်စွာ မည်သို့ အသိပေးအကြောင်းကြားသနည်း။

EFFECTIVENESS ASSESSMENT

5. သင့်လျော်သည့် အခြေအနေများတွင် အောက်ပါ ကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းများကို မည်မျှ ကောင်းမွန်စွာ အကောင်အထည် ဖော်သနည်း။

(၁) စာရင်းသွင်း သတ်မှတ်ရေး

(၂) ထိန်းချုပ်ရေး /ထိန်းချုပ်မှု ဖြေလျော့ရေး

(၃) စာရင်းမှ ပယ်ဖျက်ရေး နှင့်

(၄) ခြွင်းချက် ပေးရေး။ ထိုသို့ ဆောင်ရွက်ချက်များသည် UNSCR သတ်မှတ်လိုအပ်ချက်များနှင့် မည်သည့် အတိုင်းအတာ အထိ လိုက်နာဆောင်ရွက်မှု ရှိသနည်း။

6. ထိန်းချုပ်ထားသည့် ငွေကြေးနှင့် ပစ္စည်းများကို စီမံခန့်ခွဲရေးနှင့်၊ ထို ငွေကြေးနှင့် ပစ္စည်းများကို စာရင်းသွင်း သတ်မှတ်ခံရသည့် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအား ခွင့်ပြုချက်ရသည့် ကိစ္စရပ်များ အတွက်သာ အသုံးပြုရန် ခွင့်ပြုချက်ပေးရေး တို့အတွက် ချမှတ်သည့် စနစ်များ၊ ယန္တရားများက လူ့အခွင့်အရေးကို မည်မျှ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက် ပြီး ရန်ပုံငွေများကို အလွဲသုံးစားမပြု နိုင်ရန် တားဆီးနိုင်သနည်း။

7. အရေးယူဒဏ်ခတ်မှုများမှ ရှောင်တိမ်းခြင်း မပြုလုပ်နိုင်ရန် မည်သည့် ယန္တရားများ ဖြင့် အသုံးပြုကာ ကာကွယ်သနည်း။ ကြီးကြပ်ရေး အာဏာပိုင်များက -ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များအား အခြား လမ်းညွှန် သို့မဟုတ် သီးခြား တုံ့ပြန်ချက်များ ပေးသလား။

8. သက်ဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များက ကျူးလွန်မှုများနှင့် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် UNSCR များပါ တာဝန် ဖောက်ဖျက်မှုများကို စုံစမ်းစစ်ဆေးသည့် အခါ၊ ဥပဒေရေးရာ ပုဂ္ဂိုလ်များ ၏ အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်အချက်အလက်များ (ဥပမာ - ရှေ့တန်းမှ ဗန်းပြသည့်ကုမ္ပဏီများ)ကို မည်သည့် အတိုင်းအတာအထိ တောင်းခံရယူနိုင်သနည်း။

9. သက်ဆိုင်ရာ UNSCR များအရ ဖျက်အားပြင်းသည့်လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှု နှင့်စပ်လျဉ်း သည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှု၊ ချိုးဖောက်မှုများ နှင့် ကျိုးပေါက်မှုများ ကို စုံစမ်း စစ်ဆေးရန် ကြီးကြပ်ရေး အာဏာပိုင်များအချင်းချင်း မည်သည့်အတိုင်းအတာအထိ စုစည်းသတင်းများနှင့် အခြား အချက်အလက်များကို ဖလှယ်ကြသနည်း။

10. ကြီးကြပ်ရေးအာဏာပိုင်များတွင် ၄င်းတို့၏ လုပ်ငန်းတာဝန်များ လုံလောက်စွာ စီမံခန့်ခွဲရန် သို့မဟုတ် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုကို ကိုင်တွယ်ဖြေရှင်းရန်တို့အတွက် လုံလောက် သည့် ရင်းမြစ်များ ရှိသလား။

# ဖြည့်စွက်ချက် ၁

## နိုင်ငံအများကိုလွှမ်းမိုးသည့် စီရင်ပိုင်ခွင့်ဆိုင်ရာ အကဲဖြတ်ချက်

[ဖြည့်စွက်ချက် အပြီးသတ်ရန်လို]

# ဖြည့်စွက်ချက် ၂

## အပြန်အလှန်အကဲဖြတ်မှု အစီရင်ခံစာ ပုံစံ နမူနာ

**အကဲဖြတ်သူများအတွက် မှတ်စုများ**

ဤပုံစံကို FATF ၏ ၂၀၁၃ နည်းပညာကိုအသုံးပြုကာပြုလုပ်သည့် အကဲဖြတ်မှုများအတွက် အပြန်အလှန် အကဲဖြတ်မှု အစီရင်ခံစာများ (MER) ရေးဆွဲပြင်ဆင်သည့်အခါ အခြေခံအဖြစ်အသုံးပြုသင့်သည်။ MER ၏ ဖွဲ့စည်းမှုကိုရော၊ အခန်း တစ်ခုချင်း တွင် ပါဝင်သင့်သည့်အချက်အလက်နှင့် ကောက်ချက်ချ သုံးသပ်ချက်များကိုပါ ချမှတ်ထားသည်။
ဤပုံစံတွင် အကဲဖြတ်သူများအတွက် MER ရေးသားရန်လမ်းညွှန်၊ ထည့်သွင်းသင့်သည့် အချက်အလက်များ၊ ပိုင်းခြား စိတ်ဖြာမှုများနှင့် ကောက်ချက်ချမှုတင်ပြပုံများကိုပါ ထည့်သွင်းဖော်ပြထားသည်။ ဤလမ်းညွှန်၏ စာသားကို Calibri စာလုံးပုံဖြင့် အရိပ်ထည့်ကာ ရှင်းလင်းစွာ ပြသထားသည်။ ထိုသို့ အရိပ်အောက်ရှိစာသားကို နောက်ဆုံး MER တွင် မထည့်သွင်း သင့်ပါ။
အရိပ်မထည့်ထားသောစာသား (အပိုင်း နှင့် အခန်းခေါင်းစည်းများနှင့် ရှေ့ပြေး စာပိုဒ်များအပါအဝင်) တို့ကို (လေးထောင့် ကွင်းစ ကွင်းပိတ်များအထဲ လိုအပ်သလို ဖြည့်သွင်းပြီး)နောက်ဆုံးအစီရင်ခံစာတွင် ထည့်သွင်းသင့်သည်။
MER ရေးသားအပြီးတွင် စာမျက်နှာ ၁၀၀ သို့မဟုတ် ၁၀၀ ထက်မပိုရန် ရည်မှန်းချက်ကို (နည်းပညာဆိုင်ရာ ဖြည့်စွက်ချက်စာမျက်နှာ စုစုပေါင်း ၆၀ သို့မဟုတ် ၆၀ အောက်နှင့်အတူ) အကဲဖြတ်သူများ မှတ်သားသင့်သည်။ အပိုင်းတစ်ပိုင်း၏ အရှည်မည်မျှရှိရမည်ဟု ကြိုတင်ကန့်သတ်ခြင်းမရှိပါ။ နိုင်ငံ၏ အခြေအနေကိုလိုက်၍ အရေးကိစ္စ တစ်ခုခု ပေါ် ပိုအာရုံစိုက်ရန်သို့မဟုတ်လျှော့ရန် အကဲဖြတ်သူများက ဆုံးဖြတ်နိုင်သည်။သို့သော် အလွန်ရှည်လျားသော MER မဖြစ်စေရန် လိုအပ်သလို မိမိတို့၏ ပိုင်းခြားစိတ်ဖြာမှုကို တည်းဖြတ်ရန် အသင့်ရှိသင့်သည်။ နောက်ဆုံး အစီရင်ခံစာတွင် အတိုအရှည် ချိန်ဆမှု နည်းလမ်းကျစေရန်အတွက်၊ အကြံပြုချက်တိုင်း၏ နည်းပညာဆိုင်ရာ လိုက်နာ ဆောင်ရွက်မှုကို တစ်ပိုဒ် နှစ်ပိုဒ်မျှဖြင့် အကျဉ်းချုပ်ပြီး၊ စုစုပေါင်း အများဆုံး စာမျက်နှာ တစ်ဝက်ခန့် ရှိရန် ရည်မှန်းသင့်သည်။ အကဲဖြတ်သူများအနေနှင့် အစီရင်ခံစာအတွက် အကြောင်းအရာဖော်ပြချက် မရှိသော နည်းသော အရေးကိစ္စများအပေါ် အတိုချုပ်သာဖော်ပြနိုင်သည်။(ဥပမာ -"လိုက်နာဆောင်ရွက်မှုရှိ" ဟူသည့် အကြံပြု ချက်များ အတွက် စာတစ်ကြောင်းစာဖြင့် ဖော်ပြရုံနှင့်လုံလောက်သည်)။
အစီရင်ခံစာအကျဉ်းချုပ်ကို အပြန်အလှန် အကဲဖြတ်မှုတစ်ခုချင်းအပေါ် စုံညီဆွေးနွေးပွဲအတွက် အခြေခံအဖြစ် အသုံးပြုရန် နှင့် အကဲဖြတ်ခံသည့်နိုင်ငံမှ ဝန်ကြီးများ၊ ဥပဒေပြုသူများနှင့် အခြား မူဝါဒချမှတ်သူများအတွက် ရှင်းလင်းသည့် ကောက်ချက်များနှင့် အကြံပြုချက်များ ဖော်ပြရန် ရည်ရွယ်သည်။ ထိုအတွက် စာမျက်နှာ ငါးမျက်နှာထက် မပိုရန် အရေးကြီးသလို၊ ထိုအခန်းတွင် အကဲဖြတ်သူများက အရေးကိစ္စများကို ရွေးချယ်တင်ပြမှုနှင့် ဆိုင်သည့် လမ်းညွှန်ကိုလည်း လိုက်နာရန် အရေးကြီးသည်။ အပိုင်း၂ ရှိ ပုံစံ အပေါ် ညွှန်ကြားချက်များသည် အကဲဖြတ်သူများက လက်ငင်းရလဒ်တိုင်းအတွက် ၄င်းတို့၏ ထိရောက်မှုဆိုင်ရာ ပိုင်းခြား စိတ်ဖြာမှုများကို တင်ပြသည့် အခါနှင့် သုံးသပ်ဆုံးဖြတ်ချက်များ၊ အပိုင်းတိုင်းအတွက် အဓိကတွေ့ရှိချက်များနှင့် အကြံပြုသည့် လုပ်ဆောင်ရန်များ ချမှတ်သည့် အခါများတွင် လိုက်နာသင့်သည် အထွေထွေချဉ်းကပ်ပုံကို ဖော်ပြထားသည်။

# မာတိကာ


| | |
|---|---|
| အစီရင်ခံစာအကျဉ်းချုပ် ..... | ၁၆၉ |
| အဓိကတွေ့ရှိချက်များ..... | ၁၆၉ |
| အန္တရာယ်များနှင့် အထွေထွေအခြေအ နေ..... | ၁၆၉ |
| ဦးစားပေးဆောင်ရွက်မှုများ..... | ၁၇၁ |
| ထိရောက်မှုနှင့် နည်းပညာလိုက်နာဆောင်ရွက်မှုအဆင့်သတ်မှတ်ချက်များ..... | ၁၇၁ |
| အဖွဲ့ဝင်နိုင်ငံအချင်းချင်းအပြန်အလှန်အကဲဖြတ်မှု အစီရင်ခံစာ..... | ၁၇၃ |
| နိဒါန်း..... | ၁၇၃ |
| အပိုင်း ၁။ ML/TF ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် ဆက်စပ်အကြောင်းတရားများ..... | ၁၇၄ |
| ML/TF ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် အန္တရာယ်အဆင့်မြင့် အရေးကိစ္စများကို လွှမ်းခြုံလေ့လာမှု..... | ၁၇၄ |
| စီးပွားရေးအရ အခရာကျမှု..... | ၁၇၅ |
| စနစ်တည်ဆောက်မှုဆိုင်ရာ အစိတ်အပိုင်းများ ..... | ၁၇၆ |
| နောက်ခံအကြောင်းများနှင့် အခြားဆက်စပ်အကြောင်းတရားများ..... | ၁၇၆ |
| အပိုင်း ၂။ အမျိုးသားအဆင့် AML/CFT မူဝါဒများနှင့် ညှိနှိုင်းဆောင်ရွက်မှု..... | ၁၈၀ |
| အဓိကတွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ..... | ၁၈၀ |
| လက်ငင်းရလဒ် (၁) (အန္တရာယ်၊ မူဝါဒနှင့် ညှိနှိုင်းဆောင်ရွက်မှု)..... | ၁၈၁ |
| အပိုင်း ၃ ။ ဥပဒေစည်းမျဉ်းစနစ်နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြဿနာများ..... | ၁၈၃ |
| အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ..... | ၁၈၃ |
| လက်ငင်းရလဒ် ၆ (ငွေကြေးဆိုင်ရာ စုစည်းသတင်း ML/TF)..... | ၁၈၃ |
| လက်ငင်းရလဒ် ၇ (ML စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုတင်ပို့မှု) ..... | ၁၈၃ |
| လက်ငင်းရလဒ် ၈ (နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမှု) | ၁၈၃ |
| အပိုင်း ၄။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှု..... | ၁၈၄ |
| အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ..... | ၁၈၄ |
| လက်ငင်းရလဒ် ၉ (TF စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုတင်ပို့မှု) ..... | ၁၈၄ |
| လက်ငင်းရလဒ် ၁၀ (TF အကာအကွယ် အစီအမံများနှင့် ငွေကြေးဆိုင်ရာအရေးယူ ဒဏ်ခတ်မှုများ) ..... | ၁၈၅ |
| လက်ငင်းရလဒ် ၁၁ (PF ငွေကြေးဆိုင်ရာ အရေးယူဒဏ်ခတ်မှုများ) ..... | ၁၈၅ |
| အပိုင်း ၅။ အကာအကွယ် အစီအမံများ..... | ၁၈၆ |
| အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ..... | ၁၈၆ |
| လက်ငင်းရလဒ် ၄ (အကာအကွယ်အစီအမံများ) ..... | ၁၈၆ |
| အပိုင်း ၆။ ကြီးကြပ်ကွပ်ကဲမှု..... | ၁၈၇ |

အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ..... ၁၈၇
လက်ငင်းရလဒ် ၃ ( ကြီးကြပ်ကွပ်ကဲမှု) ..... ၁၈၇
အပိုင်း ၇။ ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ..... ၁၈၈
အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ..... ၁၈၈
လက်ငင်းရလဒ် ၅ (ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ). ၁၈၈
အပိုင်း ၈။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု..... ၁၈၉
အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ..... ၁၈၉
လက်ငင်း ရလဒ် ၂ (နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု) ..... ၁၈၉
နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုဖြည့်စွက်ချက်..... ၁၉၁
အကြံပြုချက် ၁ -ဆုံးရှုံးနိုင် ခြေများအကဲဖြတ်ခြင်းနှင့် အန္တရာယ်အခြေပြု ချဉ်းကပ်မှုဖြင့် ဖြေရှင်းခြင်း..... ၁၉၁
အကြံပြုချက် ၂ -အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်မှု နှင့် ညှိနှိုင်းမှု..... ၁၉၂
အကြံပြုချက် ၃ -ငွေကြေးခဝါချသည့် ပြစ်မှု..... ၁၉၂
အကြံပြုချက် ၄ -နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့် ကြားကာလအစီအမံများ..... ၁၉၂
အကြံပြုချက် ၅ -အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှု..... ၁၉၂
အကြံပြုချက် ၆ -အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှုတို့နှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ..... ၁၉၂
အကြံပြုချက် ၇ -ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ..... ၁၉၂
အကြံပြုချက် ၈ -ပရဟိတအဖွဲ့အစည်းများ..... ၁၉၃
အကြံပြုချက် ၉ -ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လျှို့ဝှက်လုံခြုံမှုဆိုင်ရာ ဥပဒေများ..... ၁၉၃
အကြံပြုချက် ၁၀ -ဆက်သွယ်ဆောင်ရွက်သူကို အလေးထား စိစစ်ခြင်း..... ၁၉၃
အကြံပြုချက် ၁၁ -မှတ်တမ်းမှတ်ရာ ထားရှိခြင်း..... ၁၉၃
အကြံပြုချက် ၁၂ -ပြည်တွင်းပြည်ပ၌ သြဇာ တိကျမ ရှိသူများ..... ၁၉၃
အကြံပြုချက် ၁၃ -အဆက်အသွယ်ဘဏ်လုပ်ငန်း..... ၁၉၃
အကြံပြုချက် ၁၄ -ငွေကြေး သို့မဟုတ် တန်ဖိုး လွှဲပြောင်းသည့် ဝန်ဆောင်မှုများ ..... ၁၉၃
အကြံပြုချက် ၁၅ -နည်းပညာအသစ်များ..... ၁၉၃
အကြံပြုချက် ၁۶ -အီလက်ထရွန်နစ် နည်းဖြင့် ငွေလွှဲပြောင်းမှုများ..... ၁၉၃
အကြံပြုချက် ၁၇ -ကြားခံအဖွဲ့ (တတိယအဖွဲ့) ကို အသုံးပြုမှု..... ၁၉၃
အကြံပြုချက် ၁၈ -အဖွဲ့အစည်းဆိုင်ရာ အထိန်းအချုပ်များနှင့် နိုင်ငံခြား ဘဏ်ခွဲများနှင့် လက်အောက်ခံလုပ်ငန်းများ ..... ၁၉၃
အကြံပြုချက် ၁၉ -အန္တရာယ်အဆင့်မြင့် နိုင်ငံများ..... ၁၉၃
အကြံပြုချက် ၂၀ - သံသယဖြစ်ဖွယ် သတင်းပို့မှု..... ၁၉၃
အကြံပြုချက် ၂၁ - သတင်းပေါက်ကြားမှုနှင့် လျှို့ဝှက် လုံခြုံမှု..... ၁၉၃
အကြံပြုချက် ၂၂- DNFBP များ၊ ဆက်သွယ်ဆောင်ရွက်သူကို အလေးထား စိစစ်ခြင်း... ၁၉၃

အကြံပြုချက် ၂၃ - DNFBP များ- အခြား အစီအမံများ..... ၁၉၃

အကြံပြုချက် ၂၄ - ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ ပွင့်လင်းမြင်သာမှုနှင့် အကျိုးခံစားခွင့် ရှိသူပိုင်ရှင်..... ၁၉၃

အကြံပြုချက် ၂၅- ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၏ ပွင့်လင်းမြင်သာမှုနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင် ..... ၁၉၃

အကြံပြုချက် ၂၆- ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်ကွပ်ကဲမှု..... ၁၉၃

အကြံပြုချက် ၂၇- ကြီးကြပ်ကွပ်ကဲသူများ၏ လုပ်ပိုင်ခွင့်များ..... ၁၉၃

အကြံပြုချက် ၂၈- DNFBP များ၏ စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်ကွပ်ကဲမှု..... ၁၉၃

အကြံပြုချက် ၂၉- ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့..... ၁၉၃

အကြံပြုချက် ၃၀- ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ တာဝန်ဝတ္တရားများ..... ၁၉၃

အကြံပြုချက် ၃၁- ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များ..... ၁၉၃

အကြံပြုချက် ၃၂ - နယ်စပ်ဖြတ်ကျော် ငွေကြေး သယ်ဆောင်သူများ..... ၁၉၃

အကြံပြုချက် ၃၃ - ကိန်းဂဏန်း အချက်အလက်များ..... ..... ၁၉၄

အကြံပြုချက် ၃၄ - လမ်းညွှန်မှုနှင့် တုံ့ပြန်ချက်..... ၁၉၄

အကြံပြုချက် ၃၅ - အရေးယူ ဒဏ်ခတ်မှုများ..... ၁၉၄

အကြံပြုချက် ၃၆ -အပြည်ပြည်ဆိုင်ရာ စာချုပ်များ..... ၁၉၄

အကြံပြုချက် ၃၇ - ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး..... ၁၉၄

အကြံပြုချက် ၃၈ - ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး- ထိန်းချုပ်ခြင်းနှင့် နိုင်ငံ၏ ဘဏ္ဍာ အဖြစ်သိမ်းဆည်းခြင်း..... ၁၉၄

အကြံပြုချက် ၃၉ - တရားခံလွှဲပြောင်းပေးခြင်း..... ၁၉၄

အကြံပြုချက် ၄၀ - အခြားပုံစံဖြင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု..... ၁၉၄

# အစီရင်ခံစာအကျဉ်းချုပ်

ဤအစီရင်ခံစာသည် [အကဲဖြတ်ခံနိုင်ငံ၏ အမည်] တွင် အကဲဖြတ်ခရီးစဉ် သွားရောက်သည့် [ရက်စွဲ]၌ ချမှတ်ထားရှိသည့် AML/CFT အစီအမံများကို အကျဉ်းချုပ်ကို ဖော်ပြသည်။ FATF အကြံပြုချက် ၄၀ နှင့် လိုက်နာ ဆောင်ရွက်မှုအဆင့်နှင့် [နိုင်ငံ]၏ AML/CFT စနစ် ထိရောက်မှုအဆင့်ကို ပိုင်းခြားသုံးသပ်ပြီး၊ စနစ် ပိုမို အားကောင်းစေရန် မည်သို့ ဆောင်ရွက်နိုင်သည်ကို အကြံပြုချက်များ ပေးသည်။

## *အဓိကတွေ့ရှိချက်များ*

အကဲဖြတ်သူများသည် နိုင်ငံ၏ အန္တရာယ်အဆင့် အနေအထားနှင့် AML/CFT စနစ်ကို ပါထည့်သွင်း စဉ်းစားကာ အပြုသဘောဆောင်သည့်အဓိက တွေ့ရှိချက်များရော အနှုတ်သဘောဆောက်သည့် တွေ့ရှိချက်များကိုပါ အကျဉ်းချုပ် ဖော်ပြ သင့်သည်။ လက်ငင်းရလဒ် (IO) တိုင်း သို့မဟုတ် အပိုင်းတိုင်း၏ အကျဉ်းချုပ်ကို ဖော်ပြမည့်အစား၊ ဦးတည်သုံးသပ် သင့်သည့် အချက်များမှာ အစီရင်ခံစာတွင် ထောက်ပြသည့် အချက် ၅-၇ ချက်များဖြစ်သည်။

## *အန္တရာယ်များနှင့် အထွေထွေ အခြေအ နေ*

ဤအခန်းတွင် နိုင်ငံ၏ ML/TF အန္တရာယ်အခြေအ နေ (situation) နှင့် ဆက်စပ်အကြောင်းတရားများ(context) ကို )စာပိုဒ် ၁-၂ ခန့် (အကျဉ်းချုပ်ဖော်ပြသင့်ပြီး၊ နိုင်ငံရှိ အကာအကွယ်အားနည်းသည့် ပြည်တွင်းနှင့် ပြည်ပ ML/TF အန္တရာယ်များကို အထူး အလေးပေး ဖော်ပြကာ၊ အန္တရာယ်အကြီးဆုံး ကျရောက်နိုင်သည့် အရေးကိစ္စများနှင့် ကဏ္ဍများကို ဖော်ပြ သင့်သည်။ အကဲဖြတ်သူများအနေနှင့် နိုင်ငံ၏ ကိုယ်ပိုင် အန္တရာယ်အကဲဖြတ်ချက်တွင် ထည့်သွင်းစဉ်းစား ခဲ့ခြင်း မရှိသော သို့မဟုတ် အကဲဖြတ်သူများ သုံးသပ်သည့် အန္တရာယ်နှင့် အဆင့်အလွန်ကွာခြားနေသော အခရာကျသည့် အန္တရာယ်ရှိ နယ်ပယ်များကို မှတ်သားသင့်သည်။

## *နည်းပညာ လိုက်နာဆောင်ရွက်မှု အလုံးစုံအဆင့်*

အကဲဖြတ်သူများသည် နိုင်ငံ၏ နည်းပညာ လိုက်နာဆောင်ရွက်မှုနှင့် ထိရောက်မှု အဆင့်များအပါ်မူတည်၍ လက်ရှိ AML/CFT အခြေအနေကို ယေဘူယျအားဖြင့် အကျဉ်းချုပ် ဖော်ပြသင့်သည်။ FATF အကြံပြုချက်များအား နည်းပညာ ဆိုင်ရာ လိုက်နာဆောင်ရွက် အလုံးစုံအဆင့်ကို အကျဉ်းချုပ်ဖော်ပြကာ အထူးအားကောင်းသော သို့မဟုတ် အားနည်းသော နယ်ပယ်များကို မှတ်ချက်ပြုသင့်သည်။ ယခင် MER အကဲဖြတ်မှုပြီးနောက် တိုးတက်ဖြစ်ပေါ်မှု များကိုလည်း ကြီးမားသော အပြောင်းအလဲများနှင့် ယခင်အကဲဖြတ်ချက်မှ ဆက်လက် ပြုပြင်ရန် ကျန်ရှိနေသေးသည့် အဓိက အရေးကိစ္စများကိုပါထောက်ပြသင့်သည်။

*အန္တရာယ်အကဲဖြတ်မှုများ။ ညှိနှိုင်းမှုနှင့် မူဝါဒ ချမှတ်မှု (အပိုင်း ၂ -I0.1; R.1, R.2, R.33)*

အကဲဖြတ်သူများသည် ၄င်းတို့၏ တွေ့ရှိချက်များကို အောက်ပါ အခန်းခွဲများ ဖွဲ့ထားသည့်အတိုင်း ပင်မ အစီရင်ခံစာရှိ အပိုင်း တစ်ခုစီ ကို ပိုမိုအသေးစိတ် ဖော်ပြသင့်သည်။ သက်ဆိုင်သည့် နေရာများတွင် နိုင်ငံအတွက် အန္တရာယ် အဆင့်မြင့်သည်၊ သို့မဟုတ် အရေးပါသည့် ဆက်စပ်အကြောင်းတရားများ သို့မဟုတ် အရေးကိစ္စများ ရှိသည် စသဖြင့် အရေးကြီးသည့် အချက်များကို ထောက်ပြသင့်သည်။ နိုင်ငံက ထိရောက်မှုတွင်ရော နည်းပညာ လိုက်နာဆောင်ရွက်မှု တွင် ပါ အထူးလုပ်ဆောင် နိုင်သည့် နယ်ပယ်များနှင့် ထူးခြားသော တီထွင်ဆန်းသစ်သော ယန္တရားများ၊ ထိရောက်မှု၏ ဆိုးရွားသော ပျက်ကွက်မှုများ၊ နှင့် နည်းပညာ လိုက်နာဆောင်ရွက်မှု မရှိသည့် အရေးကြီး နယ်ပယ်များကို မီးမောင်းထိုးပြ သင့်သည်။ အခန်းတိုင်းတွင် သက်ဆိုင်ရာ I0 များတွက် အဓိကတွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် လိုအပ်သည် များ အပါအဝင်၊ လိုက်နာဆောင်မှုနှင့် ထိရောက်မှု အဆင့်ဆိုင်ရာ အကဲဖြတ်သူ၏ အလုံးစုံကောက်ချက်များကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ ထိုဖော်ပြချက်တွင် အကဲဖြတ်သူများ၏ နောက်ဆုံးကောက်ချက်များနှင့် အဓိက ပြဿနာ များ / တိုးတက်မှုများကို ဖတ်ရှုသူများ နားလည်စေရန် အသေးစိတ် လုံလောက်စွာ ပါဝင်သင့်သည်။ သို့သော် ပိုင်းခြားသုံးသပ်မှု တစ်ခုလုံး မ ဖော်ပြသင့်သကဲ့သို့ အကဲဖြတ်သူများ၏ နောက်ဆုံးကောက်ချက်များကို ကာကွယ် ဖော်ပြချက်များ၊ ကန့်ကွက်မှုများကို ကြိုတင် မှန်းဆ ပြီး ချေပချက်များ မပါသင့်ပေ။ အချက်အလက်များ ထပ်မံဖော်ပြရန် ရှိသည့် အချက်အလက်များကို အကျဉ်းချုပ် အစီရင်ခံစာ တွင် ဖော်ပြမည့်အစား အစီရင်ခံစာ၏ စာကိုယ်တွင် ထည့်သွင်းသင့်သည်။

*ငွေကြေးဆိုင်ရာ စုစည်းသတင်း၊ ငွေကြေးခဝါချမှုနှင့် သိမ်းဆည်းမှု (အပိုင်း ၃ -I0s 6-8; R.3, R.4, R.29- 32)*

*အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့ခြင်းနှင့် ဖျက်အားပြင်းသည့်လက်နက်ပြန့်ပွားမှုကိုငွေကြေးထောက်ပံ့မှု (အပိုင်း ၄ - I0s 9-11; R.5-8)*

*အကာအကွယ် အစီအမံများ (အပိုင်း ၅ -I04; R.9-23 )*

*ကြီးကြပ်မှု (အပိုင်း ၆ -I03; R.26-28, R. 34-35)*

*ဥပေဒရေးရာပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများ၏ ပွင့်လင်းမြင်သာမှု (အပိုင်း ၇ -I05; R.24-25)*

*နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု (အပိုင်း ၈ -I02; R. 36-40)*

### *ဦးစားပေး ဆောင်ရွက်မှုများ*

အစီရင်ခံစာတွင် နိုင်ငံက ဆောင်ရွက်သင့်သည့် ဦးစားပေးဆောင်ရွက်ချက်များကို အစဉ်လိုက်ချမှတ်သင့်သည်။

- အကဲဖြတ်သူများသည် နိုင်ငံ၏ AML/CFT စနစ် ပိုမိုတိုးတက်စေရန် အကောင်အထည် ဖော်သင့်သည့် ဦးစားပေး ဆောင်ရွက်ချက်များကို ချမှတ်သင့်သည်။ ထိုအထဲတွင် ထိရောက်မှု တိုးတက်ရန် အစီအမံများ၊ နည်းပညာ လိုက်နာ ဆောင်ရွက်မှု ပြဿနာများ သို့မဟုတ် ဖွဲ့စည်းမှုဆိုင်ရာ သို့မဟုတ် ကဏ္ဍအသီးသီးအပေါ်သက်ရောက်မှု ရှိသည့် အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းရန် အစီအမံများ ပါဝင်သင့်သည်။
- အကဲဖြတ်သူများသည် မည်သည်ဆောင်ရွက်ချက် အကောင်အထည်ဖော်ရန် လိုအပ်သည်၊ ဘာကြောင့် ဤအချက်ကို ဦးစားပေးဆောင်ရွက်သင့်သည်ကို ဖော်ပြသင့်သည်၊ (ဥပမာ-AML/CFT စနစ်၏ အုတ်မြစ်ဖြစ် ခြင်းကြောင့်)
- ထိုသို့ ဖော်ထုတ်သည့်ဆောင်ရွက်ရန်များသည် သာမန်အားဖြင့် အထက်ပါ *အဓိက တွေ့ရှိချက်* အခန်းများတွင် ဖော်ပြထားသည့် အရေးကိစ္စများနှင့် သက်ဆိုင်တတ်သော်လည်း၊ အမြဲတမ်း သက်ဆိုင်ရန်မလိုပေ၊ (ဥပမာ-အဓိက တွေ့ရှိချက်များတွင် မပါရှိသော အားနည်းချက်အသီးသီးကို ဖြေရှင်းနိုင်မည့် တစ်ခုတည်းသော ဆောင်ရွက်ချက်ကို အကဲဖြတ်သူများက ဖော်ထုတ်သည့် အခါမျိုး)
- ဦးစားပေးဆောင်ရွက်ရန်များ ဖော်ပြချက်သည် သာမန်အားဖြင့် စာမျက်နှာ တစ်ရွက်ထက် မပိုပေ။
- အကယ်၍ အကဲဖြတ်သူများက ကြီးမားသောတိုးတက်မှုတစ်ခုကို မြန်ဆန်စွာနှင့် အကုန်အကျ နည်းစွာ လုပ်ဆောင်နိုင်မည့် အချက်များကို ဖော်ထုတ်ပါက၊ ထိုအချက်များကို ဤအခန်းတွင် အသားပေး ဖော်ပြသင့်သည်။

### *ထိရောက်မှုနှင့် နည်းပညာ လိုက်နာဆောင်ရွက်မှု အဆင့်သတ်မှတ်ချက်များ*

*ထိရောက်မှု အဆင့်သတ်မှတ်ချက်များ*

| IO.1 | IO.2 | IO.3 | IO.4 | IO.5 | IO.6 | IO.7 | IO.8 | IO.9 | IO.10 | IO.11 |
|---|---|---|---|---|---|---|---|---|---|---|
| High/Sub./Mod./Low | | | | | | | | | | |

*နည်းပညာ လိုက်နာဆောင်ရွက်မှု အဆင့်သတ်မှတ်ချက်များ*

| R.1 | R.2 | R.3 | R.4 | R.5 | R.6 | R.7 | R.8 | R.9 | R.10 |
|---|---|---|---|---|---|---|---|---|---|
| C/LC/PC/NC | | | | | | | | | |

| R.11 | R.12 | R.13 | R.14 | R.15 | R.16 | R.17 | R.18 | R.19 | R.20 |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |

| R.21 | R.22 | R.23 | R.24 | R.25 | R.26 | R.27 | R.28 | R.29 | R.30 |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |

| R.31 | R.32 | R.33 | R.34 | R.35 | R.36 | R.37 | R.38 | R.39 | R.40 |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | |

# အဖွဲ့ဝင်နိုင်ငံအချင်းချင်းအပြန်အလှန်အကဲဖြတ်မှု အစီရင်ခံစာ

## နိဒါန်း

ဤအစီရင်ခံစာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်ရေးခရီးစဉ် သွားရောက်သည့် ရက်စွဲအထိ ချမှတ်ထားရှိသည့် AML/CFT အစီအမံများ၏အကျဉ်းချုပ်ကို ဖော်ပြသည်။ FATF 40 Recommendations နှင့် လိုက်နာ ဆောင်ရွက်မှု အဆင့်နှင့် AML/CFT စနစ် ထိရောက်မှု အဆင့်ကို ပိုင်းခြားသုံးသပ်ပြီး၊ စနစ် ပိုမို အားကောင်းစေရန် မည်သို့ ဆောင်ရွက်နိုင်သည်ကို အကြံပြုချက်များ ပေးသည်။

ဤအကဲဖြတ်မှု ကို 2012 FATF Recommendations ကိုအခြေခံထားပြီး၊ ၂၀၁၃ နည်းပညာ (2013 Methodology) ကို အသုံးပြုကာ ရေးဆွဲ ပြင်ဆင်သည်။ အကဲဖြတ်မှုကို နိုင်ငံမှ ပေးအပ်သည့် အချက်အလက်များ၊ အကဲဖြတ်အဖွဲ့ [.ရက်စွဲများ ]. အတွင်း နိုင်ငံသို့ အကဲဖြတ်ခရီးစဉ်သွားရောက်စဉ်ကာလအတွင်း ရရှိသည့် အချက်အလက်များကို အခြေခံထားသည်။

အကဲဖြတ်ချက်ကို FATF အတွင်းရေးမှူးရုံးမှ [.FATF အတွင်းရေးမှူးရုံးမှ ပုဂ္ဂိုလ်များ၏ အမည်များ ]၏ အကူအညီဖြင့် [စစ်ဆေးသူများ၏ အမည်များ၊ ဌာနများ၊ နှင့် ၄င်းတို့၏ လုပ်ငန်းအခန်းကဏ္ဍများ၊ ဥပမာ- ဥပ ဒေ ကျွမ်းကျင်သူ] တို့ပါဝင်သည့် အကဲဖြတ်အဖွဲ့က ပြုလုပ်ခြင်း ဖြစ်သည်။ အစီရင်ခံစာကို [ ပြန်လှန်သုံးသပ်သူများ၏ အမည်များ ] က ပြန်လှန်သုံးသပ်ကြသည်။

[နိုင်ငံ] သည် [နှစ် ] က 2004 FATF Methodology နှင့် အညီ FATF အပြန်အလှန်အကဲဖြတ်မှုကို ခံယူခဲ့ပါသည်။ ထို [ရက်စွဲပါ ] အကဲဖြတ်မှုနှင့် [ရက်စွဲပါ] နောက်ဆက်တွဲ အစီရင်ခံစာကို ထုတ်ပြန်ထားပြီး[ အင်တာနက် စာမျက်နှာ အမည်] တွင် ရယူကြည့်ရှုနိုင်ပါသည်။

ထို အပြန်အလှန်အကဲဖြတ်မှုတွင် နိုင်ငံသည် အကြံပြုချက် [...] များနှင့် လိုက်နာဆောင်ရွက်မှု ရှိသည်( compliant) ၊ [...] များနှင့် အများအားဖြင့် လိုက်နာဆောင်ရွက်မှုရှိသည် (largely compliant)၊ [...] နှင့် တစ်စိတ်တစ်ဒေသ လိုက်နာ ဆောင်ရွက်မှုရှိသည် (partially compliant၊ [...] နှင့် လိုက်နာဆောင်ရွက်မှုမရှိ (non-compliant] ဟု နောက်ဆုံး ကောက်ချက်ချသည်။ နိုင်ငံကို ပင်မအကြံပြုချက် ၁၆ ချက်နှင့် အဓိက အကြံပြုချက် (16 Core and Key Recommendations) များအနက် [...] အကြံပြုချက်များနှင့် လိုက်နာဆောင်ရွက်မှုရှိသည်၊ သို့မဟုတ် အများအားဖြင့် လိုက်နာ ဆောင်ရွက်မှု ရှိသည်ဟု အဆင့် သတ်မှတ်သည်။

[နောက်ဆက်တွဲ လုပ်ငန်းစဉ် follow-up process) တွင်(နိုင်ငံ၏ အနေအထား -နောက်ဆက်တွဲလုပ်ငန်းစဉ် ဝင်ရခြင်းရှိမရှိ၊ ဝင်ရလျှင် စတင် ဝင်ရောက်ချိန် နှင့် ပြီးဆုံးချိန် အပါအဝင် -ထိုလုပ်ငန်းစဉ်ကို အခြေပြုစဉ်းစားသည့် အကြောင်းအရာများ (ဆိုလိုသည်မှာ -အများအားဖြင့် ပင်မနှင့် အဓိက အကြံပြုချက်များနှင့် လိုက်နာဆောင်ရွက်မှုတွင် LC အဆင့်ရှိခြင်း သို့မဟုတ် ပြဿနာများ ကျန်ရှိနေသေးခြင်း)ကိုပါ မှတ်သားရန် ဖြစ်သည်။ အကဲဖြတ်သူများသည် LC နှင့် အဆင့်ပင် မရှိသေးဟု သုံးသပ်သည့် မည်သည့်ပင်မနှင့် အဓိက အကြံပြုချက်များကိုမဆို မှတ်သားသင့်သည်။]

## အပိုင်း ၁။ ML/TF ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် ဆက်စပ်အကြောင်းတရားများ

ဤအခန်းကို နိုင်ငံ၏ အထွေထွေအခြေအနေကို အကျဉ်းချုပ် ဖော်ပြကာ စတင်သင့်သည်- အရွယ်အစား၊ ပထဝီအနေအထား၊ လူဦးရေ၊ ဂျီဒီပီ နှင့် အခြေခံဥပဒေဖွဲ့စည်းပုံ။

အကဲဖြတ်မှုအပေါ် သက်ရောက်မှုရှိသည့် မည်သည့် စီရင်ပိုင်ခွင့် သို့မဟုတ် ဒေသဆိုင်ရာ ပြဿနာများကိုမဆို မှတ်သား ဖော်ပြသင့်သည် (ဥပမာ- MER တွင် မတူညီသည့် AML/CFT စနစ်များရှိသော စီရင်ပိုင်ခွင့်များ သို့မဟုတ် ဒေသများ၏ အကဲဖြတ် ချက်များပါ ဖော်ပြရလျှင်၊ သို့မဟုတ် နိုင်ငံက နိုင်ငံအများအပေါ် လွှမ်းမိုးသက်ရောက်သည့် စီရင်ပိုင်ခွင့် (supranational ) ၏အစိတ်အပိုင်း တစ်ခု ဖြစ်လျှင်)။

အကဲဖြတ်သူများသည်အခန်း၏ အပိုဒ်ခွဲ 1.1.1.4 တွင် ပါဝင်သည့် မည်သည့်အချက်အလက် ကိုမဆို၊ ဖြစ်နိုင်သည့် အခြေအနေများတွင် ဥပမာ- အန္တရာယ်အဆင့်မြင့်နယ်ပယ်များ သို့မဟုတ် အန္တရာယ်အဆင့်နိမ့် နယ်ပယ်များ၊ အားသာချက် နှင့် အားနည်းချက်များကို ကာမိအောင် မျှတစွာ သရုပ်သကန်ပေါ်အောင် တင်ပြသင့်သည်။

### *ML/TF ဆုံးရှုံးနိုင်ခြေအန္တရာယ်များနှင့် အန္တရာယ်အဆင့်မြင့် အရေးကိစ္စများကို လွှမ်းခြုံလေ့လာမှု (scoping)*

#### *ML/TF ဆုံးရှုံးနိုင်ခြေအန္တရာယ်များ ခြုံငုံသုံးသပ်မှု*

ဤအခန်းတွင် နိုင်ငံတွင်း ကြုံတွေ့နေရသည့် ML. နှင့် TF ခြိမ်းခြောက်မှုများနှင့် အန္တရာယ်များကို ဖော်ပြသင့်သည်။ နည်းပညာစာတမ်း၏ နိဒါန်းပိုင်းတွင် ဖော်ပြခဲ့သည့် အတိုင်း၊ နိုင်ငံ၏ အန္တရာယ် အကဲဖြတ်ချက်နှင့် အခြား သက်ဆိုင်ရာ အချက်အလက်များကို အခြေပြုကာ၊ အဓိက ခြိမ်းခြောက်မှုများ၏ အကြောင်းခံများကို ထည့်သွင်းဖော်ပြသင့်သည်။ အထူး လွှမ်းခြုံဖော်ပြသင့်သည့် အချက်များတွင် -

- နိုင်ငံတွင်းရှိ အကျိုးအမြတ်များစွာ ရရှိနိုင်သည့် ပြစ်မှုများ၏ အကြောင်းခံအဆင့်များနှင့် ၄င်း၏ သဘော သဘာဝ
- တရားမဝင် ပစ္စည်းများ သို့မဟုတ် ရန်ပုံငွေများအတွက် ကြားခံလမ်းကြောင်း အဖြစ် အသုံးပြုနိုင်ခြေရှိသည့် အလားအလာများအပြင်၊ နိုင်ငံ၏ ခုခံကာကွယ်နိုင်မှုအားနည်းသည့် နယ်စပ်ဖြတ်ကျော် တရားမဝင် စီးဆင်းမှုများ (အခြားနိုင်ငံများမှ မှုခင်းများနှင့် ဆက်နွယ်၍)
- နိုင်ငံ ကြုံတွေ့နိုင်ခြေရှိသည့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ခြိမ်းခြောက်မှုများ (နိုင်ငံတွင်း အကြမ်းဖက် အုပ်စုများ လှုပ်ရှား တက်ကြွလျက်ရှိနေမှု အပါအဝင်)၊ သို့မဟုတ် အခြားနိုင်ငံများမှ တက်ကြွလှုပ်ရှားနေသည့် အကြမ်းဖက်အုပ်စုများတွက် ရန်ပုံငွေရနိုင်သည့် သို့မဟုတ် တပ်သားစုဆောင်းနိုင်မည့် ဇစ်မြစ်အဖြစ် နိုင်ငံကို အသုံးချမှု၊ နှင့် ဖျက်အားပြင်းလက်နက် ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှု နှင့်
- ခုခံကာကွယ်ရန် အားနည်းချက်များနှင့် အကျိုးဆက်များပါ ဖော်ပြသည့် ML/TF အန္တရာယ်များ ဖော်ပြရန်ဖြစ်သည်။

### *နိုင်ငံ၏ အန္တရာယ်အကဲဖြတ်မှုနှင့် အန္တရာယ်အဆင့်မြင့် အရေးကိစ္စများကို လွှမ်းခြုံလေ့လာမှု(Scoping)*

အထက်ပါအချက်ကို နိုင်ငံက မိမိနိုင်ငံရှိ အန္တရာယ်များကို နားလည်မှု၊ ကိုယ်ပိုင်အကဲဖြတ်မှုတို့နှင့် ဆက်စပ်ပြီး သုံးသပ်သင့်သည်။ အကဲဖြတ်သူများသည် အမျိုးသား အဆင့် အန္တရာယ်အကဲဖြတ်မှု(များ)ကို ပြုစုရေး ချမှတ်စီစဉ်မှုများ ဖော်ပြသင့်သည်- အန္တရာယ် အကဲဖြတ်မှု (များ)ကို မည်သူများနှင့် စတင်ဖွဲ့စည်းသည်၊ မည်သို့ ဖွဲ့စည်းတည်ဆောက်သည် (ဥပမာ- တစ်ခုတည်း တည်ရှိသည့် အကဲဖြတ်ချက် လား သို့မဟုတ် ဒေသဆိုင်ရာ/ကဏ္ဍဆိုင်ရာ အကဲဖြတ်ချက်များလား) ၊ မည်သို့ ပြင်ဆင်သည်၊ မည်သည့် အချက်အလက်များကို အသုံးပြု၍ အန္တရာယ်အကဲဖြတ်ချက်(များ)ကို ဆောင်ရွက်သည်။ ဤလုပ်ငန်းစဉ် သင့်လျော်လုံလောက်မှုရှိမရှိ အကဲဖြတ်သူများ၏ ကောက်ချက်များလည်း ထည့်သွင်းသင့်သည်။
အကဲဖြတ်သူများသည်ဤအကဲဖြတ်ချက်(များ)၏ နောက်ဆုံးကောက်ချက်၏ ကျိုးကြောင်း သင့်လျော်မှု (reasonableness) နှင့် စပ်လျဉ်း၍ ၄င်းတို့၏ အမြင်များကို ဖော်ပြသင့်သည့်အပြင် ကျိုးကြောင်း သင့်လျော်မှု မရှိလျင်လည်း မည်သည့် အချက်များတွင် မရှိကြောင်း၊ ကြီးမားသည့် အန္တရာယ်ဆိုင်ဂှ အကြောင်းတရားများ သို့မဟုတ် နောက်ထပ် အန္တရာယ်များ ဟု ယူဆရပြီး၊ အကဲဖြတ်စဉ်က ထိုအချက်အများကို လုံလောက်စွာ ထည့်သွင်းစဉ်းစားမှု မရှိခဲ့ကြောင်း တွေ့ရှိပါက ထို အမြင်များကိုလည်း ဖော်ပြသင့်သည်။ ထိုသို့တွေ့ရှိလျှင် မည်သည့် အချက်များကို အခြေပြု၍ တွေ့ရှိကြောင်းကို ယုံကြည် အားထားလောက်သည့် ဇစ်မြစ်များဖြင့် အထောက်အထား ပြသင့်သည်။ ထို့အပြင် အကဲဖြတ်ခရီးစဉ် မစတင်မီ ပြုလုပ်သည့် လွှမ်းခြုံလေ့လာမှုကို ပြုလုပ်ရခြင်းမှာ အကဲဖြတ်လုပ်ငန်းစဉ် ပြုလုပ်သည့်အခါ အသေးစိတ် သုံးသပ်ရန် လိုမည့် အဆင့်မြင့်အန္တရာယ်ကိစ္စများ သို့မဟုတ် အဆင့်နိမ့် အန္တရာယ် ကိစ္စများ ဖော်ထုတ်ရန် ဖြစ်ကြောင်း အကျဉ်းချုပ် ဖော်ပြသင့်သည်။ အန္တရာယ်အဆင့်မြင့်ရခြင်း သို့မဟုတ် အန္တရာယ် အဆင့်နိမ့်ရခြင်း သုံးသပ်ရသည့် အကြောင်းရင်း များကိုလည်း ဖော်ပြပြီး အကဲဖြတ် လုပ်ငန်းစဉ် တစ်လျှောက် ယင်းအရေးကိစ္စများအပေါ် အထူးအလေးပေး အာရုံစိုက် ကြောင်း ဖော်ပြသင့်သည်။

### *စီးပွားရေးအရ အခရာကျမှု (Materiality)*

ဤအခန်းတွင် စီးပွားရေး၏ အရှယ်အစား၊ တည်ဆောက်ပုံနှင့်၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP ကဏ္ဍ စသည်တို့ ၏ အရှယ်အစားနှင့် ပါဝင်သည့် ကဏ္ဍများကို ယေဘူယျအားဖြင့် ဖော်ပြသင့်သည်။ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP အမျိုးအစားအလိုက် လုပ်ငန်းအလိုက် အရေးပါမှုအမျိုးမျိုး၊ နိုင်ငံရှိ ငွေရေးကြေးရေး နှင့် DNFBP ကဏ္ဍများ၏ နိုင်ငံတကာတွင် ပါဝင်သည့် အခန်းကဏ္ဍ(ဥပမာ- နိုင်ငံသည် ဒေသတွင်းရှိ ငွေကြေး ဆိုင်ရာ ဗဟိုဌာနလား၊ နိုင်ငံတကာ ငွေကြေး ဆိုင်ရာ ဗဟိုဌာန လား၊ ကုမ္ဂဏီ ဖွဲ့စည်း မှတ်ပုံတင်ရာ ဗဟိုဌာန လား)၊ နှင့် နိုင်ငံ၏ ငွေရေး ကြေးရေး နှင့် DNFBP ကဏ္ဍများ၏ ထင်ရှား ကြီးမားသည့် အင်္ဂါရပ်များကို မှတ်ချက်ပြုသင့်သည်။ စီးပွားရေးအရ အခရာကျသော အခြား ကြီးမားသည့် အကြောင်း တရားများကိုလည်း ဤနည်းပညာ၏ နိဒါန်းပိုင်းရှိ စာပိုဒ် ၈ ၌ ဖော်ပြသည့်အတိုင်း၊ မှတ်ချက်ပြုသင့်သည်။

### *စနစ်တည်ဆောက်မှုဆိုင်ရာ အစိတ်အပိုင်းများ (Structural Elements)*

အကဲဖြတ်သူများသည် ထိရောက်သည့် AML/CFT စနစ်တစ်ခုဖြစ်မြောက်ရန်လိုအပ်သည့် စနစ်တည်ဆောက်မှုဆိုင်ရာ အစိတ်အပိုင်းများ နိုင်ငံတွင်ရှိမရှိကို (ဤနည်းပညာ၏ နိဒါန်းပိုင်းရှိ အပိုဒ် (၉) ၌ ဖော်ပြသည့်အတိုင်း မှတ်ချက်ပြုသင့်သည်။ အကယ်၍ ထိရောက်မှုရှိသည့် AML/CFT စနစ်ကို ကျားကန်ပေးသည့် တည်ဆောက်မှုဆိုင်ရာ အစိတ်အပိုင်းတစ်ခုခုတွင် စိုးရိမ်ဖွယ် များရှိပါက၊ အကဲဖြတ်သူများက ထိုစိုးရိမ်မှုများကို ဤအခန်းတွင် ထောက်ပြသင့်သည်။ ထိုအကြောင်းတရားများ မည်သည့် အတိုင်းအတာအထိရှိနေသည်ကို အကဲဖြတ်သူများအနေနှင့် အထွေထွေ ကောက်ချက်ချရန် မမျှော်မှန်းပါ။

### *နောက်ခံအကြောင်းများနှင့် အခြားဆက်စပ်အကြောင်းတရားများ (Background and other Contextual Factors)*

အကဲဖြတ်သူများသည် နိုင်ငံ၏ AML/CFT အစီအမံများ၏ ထိရောက်မှုကို ကြီးမားစွာ လွှမ်းမိုးနိုင်သည့် ပြည်တွင်း နှင့် ပြည်ပ ဆက်စပ်အကြောင်းတရားများကို မှတ်ချက်ပြုသင့်သည်။ ထိုအထဲတွင် AML/CFT စနစ်၏ ရင့်ကျက်မှု၊ အတွေ့အကြုံများမှ နှင့် ထိုကဲ့သို့ အကောင်အထည်ဖော်သည့် အဖွဲ့အစည်းများ၊ သို့မဟုတ် အဂတိလိုက်စားမှု၊ ငွေကြေးဝန်ဆောင်မှုကို အလှမ်းမမီမှု စသည့် အကြောင်း တရားများ ပါဝင်နိုင်သည်။ အောက်ပါအချက်များအပြင်၊ ထိရောက်မှုရှိမရှိ ပိုင်းခြားသုံးသပ်မှု လုပ်ရာတွင် စဉ်းစား ရသည့် ဤအစီရင်ခံစာ၏ အဓိကအပိုင်းများရှိ ကျန် နောက်ခံအကြောင်းများကိုလည်း ဤနေရာ၌ ပေါင်းစပ် ဖြည့်သွင်း သင့်သည်။

### *AML/CFT မဟာဗျူဟာ*

ဤအခန်းတွင် အစိုးရ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာအဓိက မူဝါဒများ နှင့် ဦးတည်ချက်များကို ဖော်ပြသင့်သည်။ဤနယ်ပယ်များ၌ ချမှတ်သည့်အစိုးရ၏ ဦးစားပေးရပ်များနှင့် ဦးတည်ချက်များ ကို ဖော်ပြပြီး၊ AML/CFT မဟာဗျူဟာ အပေါ် သက်ရောက်မှုရှိသည့် (ငွေကြေးဝန်ဆောင်မှုကို အလှမ်းမီမှု ကဲ့သို့သော) ပိုမိုကျယ်ပြန့်သောမူဝါဒဦးတည်ချက်များရှိလျှင်လည်း ဖော်ပြသင့်သည်။ဖျက်အားပြင်းလက်နက် ပြန့်ပွားမှု တိုက်ဖျက်ရေး အတွက်ချမှတ်သည့် မူဝါဒနှင့် ဦးတည်ချက်များလည်း သက်ဆိုင်မှု ရှိလျှင် ဤအခန်း၌ ဖော်ပြသင့်သည်။

### *ဥပဒေစည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်*

အကဲဖြတ်သူများသည် အစိုးရ၏ AML/CFT နှင့် ဖျက်အားပြင်းဆိုင်ရာ မူဝါဒများကို မည်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းနှင့် အာဏာပိုင်များက ချမှတ် အကောင်အထည်ဖော်ရန် တာဝန်ရှိသည်ကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ ထို့အပြင် AML/CFT မဟာဗျူဟာတွင် ပါဝင်ဆောင်ရွက်ရသည့် အဖွဲ့တစ်ခုစီ၏ ပင်မ အခန်းကဏ္ဍနှင့် တာဝန်အသီးသီး တို့ကို လည်းကောင်း ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအတွက် တာဝန်ရှိသော အဖွဲ့များကို လည်းကောင်း၊ အကျဉ်းချုပ်ဖော်ပြသင့်သည်။ ယခင် MER အကဲဖြတ်မှုပြီးနောက် ဥပ ဒေ စည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင်၏ ကြီးမားသည့် အပြောင်းအလဲများ (ထိုသို့ပြောင်းလဲရခြင်းအကြောင်းရင်း အပါအဝင်) ကိုလည်းရည်ညွှန်း ဖော်ပြသင့်သည်။ ဤအခန်းသည် နိုင်ငံ၏ AML/CFT နှင့် ဖျက်အားပြင်းလက်နက်ပြန့်ပွားမှု တိုက်ဖျက်ရေးအတွက် ဥပဒေမူဘောင်ကို ဖော်ပြရာတွင် အကျဉ်းချုပ် ပုံစံဖြင့် ဖော်ပြသင့်သည်။ အစိတ်အပိုင်းတစ်ခုစီကို အသေးစိတ် ဖော်ပြခြင်း၊ ပိုင်းခြားသုံးသပ်ခြင်းများ ဖော်ပြရန် မလိုဘဲ နည်းပညာစာတမ်း၏ဖြည့်စွက်ချက် အခန်းတွင်သာ ဖော်ပြသင့်သည်။ နိုင်ငံက ကျင့်သုံးသည့် AML/CFT မူဝါဒများ နှင့် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှု တိုက်ဖျက်ရေးအတွက် မူဝါဒများ ချမှတ်ရန် အထောက်အကူဖြစ်စေမည့် ပူးပေါင်းဆောင်ရွက်ရေး နှင့် ညှိနှိုင်းရေး ယန္တရားများကို အကဲဖြတ် သူများ ဖော်ပြသင့်သည်။

### *ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များ*

ဤအခန်းတွင် အကဲဖြတ်သူများသည် ငွေကြေးဆိုင်ရာကဏ္ဍနှင့် DNFBP ကဏ္ဍများ၏ အရွယ်အစားနှင့် ဖွဲ့စည်းမှုကို ဖော်ပြသင့်သည်။ ငွေကြေးဆိုင်ရာကဏ္ဍအမျိုးမျိုးနှင့် ၄င်းတို့ဆောင်ရွက်သည့်လုပ်ငန်းများ၊ DNFBP အမျိုးမျိုးတို့၏ အမျိုးအစားများအနက် အရေးပါ သည့် အမျိုးအစားများကို မှတ်ချက်ပြုသင့်သည်။ အကဲဖြတ်သူများအနေနှင့် ထိုငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP အမျိုးမျိုးတို့၏ အရေးပါမှုကို မည်သို့ အလေးပေးသည် (weighting) ဆိုသည့် အချက်ကို MER တစ်ခုလုံး၌ အလေးပေးမှုနှင့် ရှေ့နောက် ကိုက်ညီစေရန် အတွက်၊ အထူးသဖြင့် IO 3 နှင့် IO4 ကို အကဲဖြတ်ရာတွင် ကိုက်ညီမှုရှိစေရန် ရှင်းလင်းဖော်ပြသင့်သည်။ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ၊ စီးပွားရေးအတွက် အခရာကျသည့် အချက်များ(materiality)နှင့် ဆက်စပ်အကြောင်း တရားများ (context) သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူကြပေ။ (ဥပမာ -အချို့နိုင်ငံများတွင် DNFBP အမျိုးအစားတစ်ခုဖြစ်သော TCSP များ၊ သို့မဟုတ် ကာစီနိုကဲ့သို့လုပ်ငန်းများသည် ဘဏ်လုပ်ငန်းလောက်(သို့မဟုတ်နီးပါး) အရေးပါကြသည့် အတွက်၊ ထိုကဏ္ဍများတွင် ကြီးကြပ်မှု သို့မဟုတ် အကာအကွယ်အစီအမံများ လျော့ရဲသည့် ထိုနိုင်ငံများကို IO.3 နှင့် IO.4 တို့၌ ထိုလုပ်ငန်းများ ၏ အရေးပါမှု လျော့နည်းသည့် နိုင်ငံများထက် ပိုမို အလေးပေးမှု (weighted)ရှိမည် ဖြစ်သည်)။

ဤအခန်းတွင် အကဲဖြတ်သူများသည် ငွေကြေးဆိုင်ရာကဏ္ဍနှင့် DNFBP ကဏ္ဍများ၏ အရွယ်အစားနှင့် ဖွဲ့စည်းမှုကို ဖော်ပြသင့်သည်။ ငွေကြေးဆိုင်ရာကဏ္ဍအမျိုးမျိုးနှင့် ၄င်းတို့ဆောင်ရွက်သည့်လုပ်ငန်းများ၊ DNFBP အမျိုးမျိုးတို့၏ အမျိုးအစားများအနက် အရေးပါ သည့် အမျိုးအစားများကို မှတ်ချက်ပြုသင့်သည်။ အကဲဖြတ်သူများအနေနှင့် ထိုငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP အမျိုးမျိုးတို့၏ အရေးပါမှုကို မည်သို့ အလေးပေးသည် (weighting) ဆိုသည့် အချက်ကို MER တစ်ခုလုံး၌ အလေးပေးမှုနှင့် ရှေ့နောက် ကိုက်ညီစေရန် အတွက်၊ အထူးသဖြင့် IO 3 နှင့် IO 4 ကို အကဲဖြတ်ရာတွင် ကိုက်ညီမှုရှိစေရန် ရှင်းလင်းဖော်ပြသင့်သည်။ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ၊ စီးပွားရေးအတွက် အခရာကျသည့် အချက်များ (materiality)နှင့် ဆက်စပ်အကြောင်းတရားများ(context) သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူကြပေ။ (ဥပမာ -အချို့နိုင်ငံများတွင် DNFBP အမျိုးအစားတစ်ခုဖြစ်သော TCSP များ၊ သို့မဟုတ် ကာစီနိုကဲ့သို့ လုပ်ငန်းများသည် ဘဏ်လုပ်ငန်းလောက်(သို့မဟုတ်နီးပါး) အရေးပါကြသည့်အတွက်၊ ထိုကဏ္ဍများတွင် ကြီးကြပ်မှု သို့မဟုတ် အကာအကွယ် အစီအမံများ လျော့ရဲသည့် ထိုနိုင်ငံများကို IO.3 နှင့် IO.4 တို့၌ ထိုလုပ်ငန်းများ၏ အရေးပါမှု လျော့နည်းသည့် နိုင်ငံများထက် ပိုမို အလေးပေးမှု (weighted)ရှိမည် ဖြစ်သည်။

အကဲဖြတ်သူများက ကဏ္ဍအမျိုးမျိုးကို အလေးပေးပုံ ရှင်းပြသည့်အခါ ကဏ္ဍတစ်ခုချင်း၏ အရေးပါပုံကို (ဥပမာ -၁၊၂၃၊၄၊၅၊၆၊၇၊၈၊ စသဖြင့်) အဆင့်ပေးပါက၊ FATF အကြံပြုချက်များ လိုက်နာရသည့် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP အမျိုးမျိုးအလွန် များပြားသည့်အတွက်၊ အလွန်အသေးစိတ်ကျလွန်းပြီး သဘာဝ မကျသည့် ကွဲပြားခြားနားမှုများ ဖြစ်စေသဖြင့် မသတ်မှတ်သင့်ပါ။ ယေဘူယျအားဖြင့်(ဥပမာ -မည်သည့်ကဏ္ဍများကို အရေးပါဆုံး ဖြစ်သည် အလွန် အရေးပါသည်၊ အတန်အသင့် အရေးပါသည် သို့မဟုတ် အရေးပါမှု နည်းသည် စသဖြင့်)ရှင်းပြသင့်သည်။

ဤအခန်းတွင် အကဲဖြတ်သူများက နိုင်ငံ၏ ငွေရေးကြေးရေး ကဏ္ဍ၏ နိုင်ငံတကာ၌ပါဝင်လှုပ်ရှားသည့် အခန်းကဏ္ဍ ကိုလည်း ဖော်ပြ သင့်သည် (ဥပမာ -နိုင်ငံသည် ဒေသဆိုင်ရာ ငွေကြေး ဗဟိုဌာန၊ နိုင်ငံတကာ ငွေကြေးဗဟိုဌာန သို့မဟုတ် ကုမ္ဗဏီ တည်ထောင်ရေး နှင့် မှတ်ပုံတင်ရေး ဗဟိုဌာနဖြစ်လျှင်)။ ထိုနောက် နိုင်ငံ၏ ငွေကြေးနှင့် DNFBP ကဏ္ဍများ၏ ကြီးမားသည့် အရေးပါသည့် အင်္ဂါရပ်များကိုလည်း အထူးထောက်ပြသင့်သည်။ နိုင်ငံတွင် တည်ရှိသည့် ငွေရေးကြေးရေး နှင့် DNFBP အမျိုးမျိုး၊ အမျိုးမျိုးတစ်မျိုးစီ၌ ရှိသော အရေအတွက်နှင့် ၄င်းတို့၏ အဓိက အင်္ဂါရပ်များကို အကျဉ်းချုပ်ဖော်ပြသင့်သည်။ ထိုအပြင် ထိုကဏ္ဍများက စီးပွားရေး၌ အခရာကျမှုရှိပါက စပ်လျဉ်းရာ အချက်အလက်များ၊ ထိုကဏ္ဍအတွင်းရှိ အဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် အချက်အလက်များကိုပါ ဖော်ပြသင့်သည်။ အကျဉ်းချုပ် ဖော်ပြနိုင်ရန် ဇယားကွက်ဖြင့် ပြနိုင်သည်။

### *အကာအကွယ်အစီအမံများ*

ဤအခန်းတွင် အကာအကွယ် အစီအမံများကို ပြဋ္ဌာန်းသည့် ဥပ ဒေ(သို့မဟုတ်အခြား အာဏာသက်ရောက် စေသည့်) စာရွက်စာတမ်းများနှင့်တကွ ၄င်းတာဝန်များ၏ အတိုင်းအတာကိုပါ ဖော်ပြသင့်သည်။ အကဲဖြတ်သူများက AML/CFT တာဝန် အတိုင်းအတာ နှင့် စပ်လျဉ်းသည့် ပြဿနာများ ဖော်ထုတ်တွေ့ရှိလျှင် ဤအခန်း၌ အကျဉ်းချုပ်ဖော်ပြသင့်သည်။ နိုင်ငံများသည် ထိုတာဝန်များမှ ကဏ္ဍအချို့ သို့မဟုတ် ဆောင်ရွက်ချက်အချို့ကို ခြွင်းချက် သတ်မှတ်ထားပါက၊ ထိုခြွင်းချက်များကို ဤအခန်းတွင် မှတ်ချက် ပြုသင့်သည်။ ထိုသို့ခြွင်းချက်များ သတ်မှတ်မှုသည် အကြံပြုချက် ၁ ရှိ သတ်မှတ်စံများနှင့် ပြည့်မီမှု ရှိမရှိနှင့် နိုင်ငံ၏ML/TF အန္တရာယ် အကဲဖြတ်ချက်များအရ ထိုခြွင်းချက်များ ချမှတ်ခြင်းသည် မှန်ကန်မှု ရှိမရှိကို အကဲဖြတ်သူများ ဖော်ပြသင့်သည်။ နိုင်ငံများက အန္တရာယ်အနေအထား အရ AML/CFT အကာအကွယ် အစီအမံများကို FATF အကြံပြုချက်များ မှ ချမှတ်သည့် တာဝန်များထက် ကဏ္ဍထပ်တိုး၍ ချမှတ်ရန် ဆုံးဖြတ်သည့် အခြေအနေများရှိပါက ဤအခန်းတွင် မှတ်ချက်ပြုသင့်သည်။

### *ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများ*

အကဲဖြတ်သူများသည် နိုင်ငံ၌ တည်ထောင်ခွင့်ပြုသည့်၊ သို့မဟုတ် တည်ထောင်ထားပြီး AML/CFT ရှုဒေါင့်အရ အကျုံးဝင်သည့်၊ ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှု အမျိုးအစားများကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ ၄င်းတို့၏ အခြေခံ လက္ခဏာများ၊ အရေအတွက်နှင့်တကွ နိုင်ငံတွင်ရော ငွေရေးကြေးရေး နှင့် DNFBP ကဏ္ဍများအတွက် ပါ အရေးပါပုံကိုလည်း ဖော်ပြသင့်သည်။ အချက်အလက်များကို အကျဉ်းချုပ်ဖော်ပြရန် ဇယားကွက်များ အသုံးပြုနိုင်သည်။ အခန်းခွဲ ဂ အရ၊နိုင်ငံတကာနှင့် ဆက်စပ်သည့် အပိုင်းများကိုလည်း ကာမိအောင်ထည့်သွင်းသင့်သည်။ အထူးသဖြင့် နိုင်ငံက ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှု ထူထောင်သည့် သို့မဟုတ် စီမံအုပ်ချုပ်သည့် နိုင်ငံတကာ ဗဟိုဌာနအဖြစ် ဆောင်ရွက်ပါက( ဥပဒေပြဋ္ဌာန်းရာ စီရင်ပိုင်ခွင့်တစ်ခုအဖြစ်သာ ဆောင်ရွက်စေကာမူ)၊ ထိုသို့ ဆောင်ရွက် သည့် အတိုင်းအတာ၊ နှင့် အခြားနိုင်ငံတစ်ခုတွင် (သို့မဟုတ် အခြားနိုင်ငံ၏ ဥပဒေအောက်တွင်) ထူထောင်သည့် ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှုများဖြစ်ပြီး နိုင်ငံအတွင်း၌ ငွေကြေးနှင့် ပစ္စည်းများ ထိန်းသိမ်းထားရှိပြီး အသုံးပြုပါက၊ ထိုသို့ ထိန်းသိမ်းထားရှိသည့် အသုံးပြုသည့် အတိုင်းအတာများကို ဖော်ပြသင့်သည်။

### *ကြီးကြပ်ရေးကွပ်ကဲမှုဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ*

အကဲဖြတ်သူများသည် စည်းကမ်းထိန်းသိမ်းသူများ၊ ကြီးကြပ်သူများနှင့် SRB များ၏ တာဝန် ဝတ္တရားများ အပါအဝင်၊ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များအပေါ် ကြီးကြပ် လေ့လာရန်အတွက် စည်းမျဉ်းစည်းကမ်းများ စီစဉ်ချမှတ်မှုများ၊ ၄င်းတို့၏ ယေဘူယျ လုပ်ပိုင်ခွင့်များနှင့် ရင်းမြစ်များကို ဖော်ပြသင့်သည်။ ထိုနည်းတူစွာ၊ ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာစီစဉ် ဆောင်ရွက်မှုများအတွက် ဥပဒေစည်းမျဉ်း စည်းကမ်းဆိုင်ရာ မူဘောင် များကို ဖော်ပြသကဲ့သို့၊ ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာစီစဉ်ဆောင်ရွက်မှု ထူထောင်ရန်၊ မှတ်ပုံတင်ရန် နှင့် ကြီးကြပ်ရန် တာဝန်ရှိသည့် အာဏာပိုင်များ (ရှိပါက) ထိုအချက်များကိုပါ မှတ်ချက်ပြုသင့်သည်။

### *နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု*

အကဲဖြတ်သူများသည် နိုင်ငံက ကြုံတွေ့နေရသည့် ပြည်ပ ML/TF အန္တရာယ်များနှင့် ခြိမ်းခြောက်မှုများ၊ အခြားနိုင်ငံမှ လာရောက်၍ ဖြစ်စေ အခြားနိုင်ငံကို သွားရောက်၍ ဖြစ်စေ တရားမဝင် ငွေကြေးနှင့် ပစ္စည်းများကို ခဝါချ အသုံးပြုနိုင်ခြေတို့ကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ နိုင်ငံအတွက် ML/TF အရေးကိစ္စများနှင့် စပ်လျဉ်း၍ အရေးပါဆုံး ပြည်ပ လုပ်ဖော် ကိုင်ဖက်များကို တတ်နိုင်သမျှ သိရှိအောင် ဖော်ထုတ်သင့်သည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဥပ ဒေ စည်းမျဉ်း မူဘောင်များ( ဥပမာ _MLA အတွက် ဗဟိုအာဏာပိုင်)ကိုလည်း မှတ်ချက်ပြုသင့်သည်။

## အပိုင်း ၂။ အမျိုးသားအဆင့် AML/CFT မူဝါဒများနှင့် ညှိနှိုင်းဆောင်ရွက်မှု

### *အဓိကတွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ*

***အဓိက တွေ့ရှိချက်များ***

အကဲဖြတ်သူများသည် ဤအပိုင်းအတွက် အရေးကြီးဆုံးတွေ့ရှိချက်များကို ထောက်ပြကာ၊ ၄င်းတို့၏ကောက်ချက်များကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ အဓိကတွေ့ရှိချက်များနှင့် အဓိက ဆောင်ရွက်ရန် အကြံပြုချက်များသည် ထိုအကြောင်းအရာ နှင့် ကိုက်ညီသင့်သော်လည်း ထပ်တူဖြစ်ရန်မလိုပါ။

***ဆောင်ရွက်ရန် အကြံပြုချက်များ***

ဤအခန်းတွင် နိုင်ငံအတွက် ထိရောက်မှုအဆင့်နှင့် လိုက်နာဆောင်ရွက်မှုအဆင့်တို့ မည်သို့ပိုမို တိုးတက်အောင် ဆောင်ရွက် သင့်သည်ကို FATF အကြံပြုချက်များအရ ဦးတည် ချပြသည့် ဦးစားပေးရပ်အစုံများ ပါရှိသင့်သည်။ MER ၏ ဤအပိုင်း၌ဖော်ပြသည့် လက်ငင်းရလဒ်များ နှင့် FATF အကြံပြုချက်များ အပေါ် အကဲဖြတ်သူများ၏ အကြံပြုချက်များကို ဤအခန်းတွင် ပါဝင်သင့်သည်။ ထိုအတွက် အကဲဖြတ်သူများသည် ရလဒ်(Outcomes)နှင့် အကြံပြုချက် (Recommendations) အသွယ်သွယ်ကို စဉ်းစားရန် လိုအပ်သကဲ့သို့၊ နည်းပညာဆိုင်ရာ အားနည်းချက်များ (technical deficiencies) နှင့် အကောင်အထည် ဖော်မှုတွင်လက်တွေ့ ကြုံတွေ့ရသည့် ပြဿနာများသို့မဟုတ်ထိရောက်မှုဆိုင်ရာ ပြဿနာများ ကို ဖြေရှင်းရန် ဆောင်ရွက်နည်းများကိုလည်းသုံးသပ်ရန်လိုပြီး၊ မည်သည်ကို ဦးစားပေး ဆောင်ရွက်ရမည်ကိုလည်း ဆုံးဖြတ် သင့်သည်။

အကဲဖြတ်သူများ အကြံပြုသည့် ဆောင်ရွက်ချက်သည် မည်သည့် FATF အကြံပြုချက်(များ) သို့မဟုတ် လက်ငင်းရလဒ် (များ) ကို ဖြေရှင်းရန်ရည်ရွယ်သည်ကိုလည်း ရှင်းလင်းစွာ ဖော်ပြသင့်သည်။ အကဲဖြတ်သူများအနေနှင့် MER ၏ အခြားအပိုင်း များတွင် အကြံပြုချက်များပေးစဉ်က ယေဘူယျ ချဉ်းကပ်ပုံစံမျိုးကို ဆက်လက်ကျင့်သုံးသင့်သည်။

ဤအပိုင်းတွင် သုံးသပ်ပြီး အကဲဖြတ်သည့် လက်ငင်းရလဒ်မှာ IO 1 ဖြစ်သည်။ ဤအခန်းအောက်ရှိ ထိရောက်မှုကို အကဲဖြတ်ချက်များနှင့် သက်ဆိုင်သည့် အကြံပြုချက်များသည် R1 နှင့် R2 ဖြစ်သည်။

### *လက်ငင်းရလဒ် ၁ (အန္တရာယ်၊ မူဝါဒနှင့် ညှိနှိုင်းဆောင်ရွက်မှု)*

ဤအခန်းတွင် အကဲဖြတ်သူများ၏ လက်ငင်းရလဒ်၁ အပေါ် ပိုင်းခြားစိတ်ဖြာမှုကို တင်ပြသင့်သည်။ ပထမစာပိုဒ်(များ)တွင် အကဲဖြတ်မှုအပေါ် သက်ရောက်မှုရှိသော နိုင်ငံ၏ အန္တရာယ်များ ဆက်စပ် အကြောင်းတရားများနှင့် စပ်လျဉ်းသည့် အထွေထွေ စဉ်းစားသုံးသပ်ချက်များကို မှတ်ချက်ပြုသင့်သည်။ ဤအခန်းတွင် နိုင်ငံက *ထိရောက်သည့် စနစ်တစ်ခု၏ လက္ခဏာများ* ပြသနိုင်ခြင်းရှိမရှိ အကဲဖြတ်သူများ၏ ယေဘူယျအမြင်ကို အကျဉ်းချုပ်တင်ပြသင့်သည်။ အကဲဖြတ်သူများသည် ၄င်းတို့၏ ပိုင်းခြားသုံးသပ်မှုအတွင်း ပင်မအရေးကိစ္စများ ( Core Issues) တစ်ခုချင်း ပါအောင် တင်ပြသင့်သည်။ ဤအခန်း၌ ပိုင်းခြားသုံးသပ်မှုကို မည်သို့ ချပြမည်ကို အတိုင်းအတာတစ်ခုအထိ စိတ်ကြိုက်စီစဉ်နိုင်သည်။ သို့သော် အချို့လက်ငင်း ရလဒ်များ အတွက်မူ ပင်မအရေး ကိစ္စတစ်ခုချင်းအလိုက် စဉ်းစားသုံးသပ်ရန် ပိုသင့်လျော်လိမ့်မည်။ အခြားလက်ငင်းရလဒ်များအတွက်( ဥပမာ -I.0.4) ပိုင်းခြားသုံးသပ်မှုကို ကဏ္ဍတစ်ခုပြီး တစ်ခု တင်ပြလျှင် ပိုမို ကောင်းလိမ့်မည်၊ သို့မဟုတ် (ဥပမာ- I.0.7 အတွက်) လက်ငင်းရလဒ်အောက်ရှိလုပ်ငန်းစဉ်၏ အပိုင်းတစ်ခုချင်းကို တစ်ဆင့်ပြီးတစ်ဆင့် ပိုင်းခြား စိတ်ဖြာမှု ပြုလုပ်သွားလျှင် ပိုမို ကောင်းလိမ့်မည်။ မိမိတို့၏ ပိုင်းခြား သုံးသပ်မှုကို မည်သည့် ချဉ်းကပ်ပုံဖြင့် ပြုလုပ်သည်ဖြစ်စေ၊ ပင်မအရေးကိစ္စတစ်ခုချင်းကို သုံးသပ်မှု သေချာရန်လိုပြီး **ထိုမှတဆင့် ချမှတ်သည့် အထွေထွေ ကောက်ချက်များကို မီးမောင်းထိုးပြရန် လိုသည်။** အကဲဖြတ်သူများသည် ၄င်းတို့၏ ပိုင်းခြားသုံးသပ်မှုကို တည်ဆောက်ရာတွင် ခေါင်းစဉ်ခွဲများသုံးရန်လိုပြီး၊ ပင်မအရေးကိစ္စများကို မည်သို့ ကိုင်တွယ် ဖြေရှင်းကြောင်းကို ရှင်းရှင်းလင်းလင်း ဖော်ပြသင့်သည်။ ထိုသို့စီစဉ်သဖြင့် လိုအပ်သည့် နေရာများတွင် ပင်မအရေးကိစ္စတစ်စုံတရာသည် နိုင်ငံတစ်ခုနှင့် အကျုံးမဝင်ကြောင်း ဖော်ပြရန် (ဘာကြောင့် အကျုံးမဝင်ခြင်းအပါအဝင်)ခေါင်းစဉ်ခွဲများ ထပ်တိုး အသုံးမပြုရဟု မဆိုလိုပေ။ IO 1 တွင် အောက်ပါ ခေါင်းစဉ်ခွဲများ သုံးလိုက သုံးနိုင်သည် ဟု အကြံပြုထားသည်။

ML/TF *အန္တရာယ်များအပေါ် နိုင်ငံ၏ နားလည်မှု*

*ဖော်ထုတ်သိရှိရသည့် ML/TF အန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန် အမျိုးသား အဆင့် မူဝါဒများ*

*ခြွင်းချက်များ၊ တိုးမြှင့် အစီအမံများနှင့် ရိုးရှင်းသော အစီအမံများ*

*ကြီးကြပ်ရေးအာဏာပိုင်များ၏ ဦးတည်ချက်များနှင့် ဆောင်ရွက်ချက်များ*

*အမျိုးသားအဆင့် ညှိနှိုင်းမှု နှင့် ပူးပေါင်းဆောင်ရွက်မှု*

*ပုဂ္ဂလိက ကဏ္ဍက အန္တရာယ်များကို သိရှိမှု*

အခြား 10 များအတွက် ခေါင်းစဉ်ခွဲများ အသုံးပြုရန် ဥပမာများကို အောက်တွင် ဖော်ပြထားသည်။ အကဲဖြတ်သူများအနေနှင့် ၄င်းတို့၏ ပိုင်းခြားစိတ်ဖြာမှုနှင့် အစီရင်ခံစာ တစ်ခုလုံးအတွက် အကောင်းဆုံး ဖြစ်မည် ဆိုလျှင် ပြင်ဆင်နိုင်သည့်၊ အစဉ်ပြောင်းလဲ စီစဉ်နိုင်သည်။ အလားတူစွာပင်၊ အကဲဖြတ်ခံနိုင်ငံ၏ သီးခြား အခြေအနေများနှင့် အညီ၊ မိမိတို့ သင့်လျော်သလို ခေါင်းစဉ်ခွဲများကို ထပ်မံထည့်သွင်းနိုင်သည် သို့မဟုတ် ဖြုတ်နိုင်သည်။ သို့သော် ခေါင်းစဉ်ခွဲများသည် သက်ဆိုင်ရာ 10 အပေါ် နိုင်ငံက မည်သို့ ဖော်ဆောင်နေသည်ကို အရည်အသွေးဆိုင်ရာ ထင်မြင်ချက်များ မပါသင့်ပေ။ အကဲဖြတ်သူများသည် အချက်အလက်များနှင့် အထောက်အထားများ ရရှိသည့် မူရင်းဇစ်မြစ်ကို ဖော်ပြသင့်သည်။ (ဥပမာ -လက်ငင်းရလဒ်၏ အခန်း ကနှင့်ခ များမှ ရရှိသည့် ဇစ်မြစ်များ)။ နည်းပညာ အောက်တွင် ဖော်ပြထားသည့် အချက်အလက်များ အားလုံးကို အသုံးပြုရန်မလိုဘဲ၊ မိမိတို့၏ ကောက်ချက်အတွက် အခရာ ကျသော အချက်အလက်များနှင့် အထောက် အထားများ ကိုသာ တင်ပြသင့်သည်။ ထိရောက်မှုအဆင့်အပေါ် သက်ရောက်မှုရှိသည့် နည်းပညာဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု ပြဿနာများ ကိုလည်း မိမိတို့ ပိုင်းခြားသုံးသပ်မှုအတွင်း ဖော်ပြသင့်သည်။

ဤအခန်း၏ အဆုံးပိုင်းတွင် အကဲဖြတ်သူများသည် ဤ**လက်ငင်းရလဒ်အတွက် ထိရောက်မှု အဆင့် သတ်မှတ်ချက် ဖော်ပြသင့်သည်။** အလုံးစုံ ထိရောက်မှု အဆင့်ကို ဆုံးဖြတ်ရာတွင်၊ အကဲဖြတ်သူများသည် (က)ပင်မအရေး ကိစ္စများ (ခ)သက်ဆိုင်သည့် နည်းပညာဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု ပြဿနာများ /အားနည်းချက်များ၊ (ဂ) အန္တရာယ်များနှင့် ဆက်စပ် အကြောင်းတရားများနှင့် (ဃ) အခြား လက်ငင်းရလဒ်များရှိ သက်ဆိုင်သည့် ထိရောက်မှု အဆင့်များကို ထည့်သွင်း စဉ်းစားသင့်သည်။

နိုင်ငံက ရလဒ်များ ပြည့်မီနေသည့် အတိုင်းအတာကို အကျဉ်းချုပ်ဖော်ပြသည့် အဓိက တွေ့ရှိချက်များကို အပိုင်းတစ်ခုစီ၏ အစပိုင်းရှိ အဓိက တွေ့ရှိချက်များ (Key Findings) အခန်းတွင် တင်ပြရန်ဖြစ်သည်။ ပင်မအရေးကိစ္စ တစ်ခုချင်း အတွက် ပြုစုရာတွင် ပြည့်စုံသင့်သည် မှန်သော်လည်း (ဥပမာ -နိဒါန်း၊ ပိုင်းခြားသုံးသပ်မှု နှင့် နောက်ဆုံး ကောက်ချက်) လက်ငင်းရလဒ်အဆုံးရှိ နိဂုံးစာပိုဒ်တစ်ခု သီးသန့် ထပ်မံထည့်သွင်းရန် မလိုပေ။ အဓိက တွေ့ရှိချက်များ အခန်းကို နှစ်ကြိမ် ထပ်ရာရောက်ပေမည်။

**အကဲဖြတ်သူများသည် အခြားလက်ငင်းရလဒ်များအားလုံး၏ ထိရောက်မှုကို သုံးသပ်ချက်များ ပြုလုပ်သည့်အခါ ဤပုံစံတစ်ခုတည်းဖြင့် ချဉ်းကပ် ဆောင်ရွက်သင့်သည်။**

## အပိုင်း ၃ ။ ဥပဒေစည်းမျဉ်းစနစ်နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ပြဿနာများ

### *အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ*

***အဓိက တွေ့ရှိချက်များ***

အကဲဖြတ်သူများသည် ဤအပိုင်းအတွက် အရေးကြီးဆုံးတွေ့ရှိချက်များကို ထောက်ပြကာ၊ ၄င်းတို့၏ကောက်ချက်များကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ အဓိကတွေ့ရှိချက်များနှင့် အဓိက ဆောင်ရွက်ရန် အကြံပြုချက်များသည် ထိုအကြောင်းအရာ နှင့် ကိုက်ညီ သင့်သော်လည်း ထပ်တူဖြစ်ရန်မလိုပါ။

***ဆောင်ရွက်ရန် အကြံပြုချက်များ***

အကဲဖြတ်သူများသည် နိုင်ငံ၏ ထိရောက်မှု နှင့် နည်းပညာလိုက်နာဆောင်ရွက်မှုအဆင့်များ တိုးတက်စေရန် လိုအပ်သည့် တည့်မတ် ပြုပြင်ရမည့်အဓိက ဆောင်ရွက်ချက်များကို ဦးတည်ပြီးဦးစားပေး ဆောင်ရွက်ရန်ပုံစံဖြင့် စာရင်းပြု သင့်သည်။ ဆောင်ရွက်ရန် အကြံပြုချက်များသည် မည်သည့် IO/REC နှင့် သက်ဆိုင်ကြောင်းကိုလည်း ရှင်းလင်းစွာ ညွှန်ပြသင့်သည်။

ဤအပိုင်းတွင် သုံးသပ်အကဲဖြတ်သည့် သက်ဆိုင်ရာ လက်ငင်းရလဒ်များမှာ IO6 မှ 8 ဖြစ်သည်။ ဤအခန်းရှိ ထိရောက်မှုဆိုင်ရာ အကဲဖြတ်ချက်အတွက် သက်ဆိုင်သည့် အကြံပြုချက်များမှာ R.3၊ R4 နှင့် R29 မှ 32 ထိဖြစ်သည်။

### *လက်ငင်းရလဒ် ၆ (ငွေကြေးဆိုင်ရာ စုစည်းသတင်း ML/ TF)*

ဤလက်ငင်းရလဒ်သည် ငွေခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု နှစ်မျိုးလုံးနှင့် သက်ဆိုင်သည်။ အကဲဖြတ်သူများသည် ML သို့မဟုတ် TF နှင့် သက်ဆိုင်သည့် မည်သည့် အရေးကိစ္စများမဆို မှတ်ချက်ပြုသင့်သည်။ ပင်မအရေးကိစ္စများနှင့် ပတ်သက်သည့် အောက်ပါ ခေါင်းစဉ်ခွဲများ ပါဝင်နိုင်သည်။

*ငွေကြေးဆိုင်ရာ စုစည်းသတင်းနှင့် အခြားသတင်းအချက်အလက်များအသုံးပြုမှု*

*ကြီးကြပ်ရေးအာဏာပိုင်များလက်ခံရရှိသည့် STR နှင့် တောင်းခံသည့် STR များ*

FIU *ပိုင်းခြား စိတ်ဖြာမှု နှင့် ဖြန့်ဝေမှုများဖြင့် အထောက်အကူပြုသည့် လုပ်ငန်းဆောင်ရွက်ရန် အတွက် လိုအပ်မှုများ*

*သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှု /ငွေကြေးဆိုင်ရာ စုစည်းသတင်း*

***လက်ငင်းရလဒ် ၇ (ML စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုတင်ပို့မှု)***

ML *ဖော်ထုတ်မှုနှင့် စုံစမ်းစစ်ဆေးမှု*

*ML စုံစမ်းစစ်ဆေးမှုများ၊ တရားစွဲဆိုတင်ပို့မှုများက ခြိမ်းခြောက်မှုများ၊ အန္တရာယ်အဆင့် အနေအထား တို့နှင့်ကိုက်ညီမှု*

*လိုက်လံအရေးယူ ဆောင်ရွက်သည့် ML အမှု အမျိုးအစားများ*

*အရေးယူ ဒဏ်ခတ်မှုများ၏ ထိရောက်မှု၊ အချိုးညီမှုနှင့် နောင်ကြဉ်စေမှု*

***လက်ငင်းရလဒ် ၈ (နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမှု)***

*တရားမဝင်ငွေကြေးနှင့်ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများနှင့် တန်ဖိုးညီမျှသည့် ပစ္စည်းများကို မူဝါဒ ဦးတည်မှု တစ်ရပ်အနေနှင့် သိမ်းဆည်းမှု*

*ပြည်တွင်းနှင့် ပြည်ပတွင် မူလပြစ်မှုများကျူးလွန်ပြီး ရရှိသော ငွေကြေး၊ ပစ္စည်းများ နှင့် ပြည်ပတွင် ရှိသည့် ငွေကြေး၊ ပစ္စည်းများ သိမ်းဆည်းမှု*

*မမှန်မကန်ကြေညာသော သို့မဟုတ် လုံးဝကြေညာခြင်းမရှိသော နယ်စပ်ဖြတ်ကျော် ငွေကြေးလွှဲပြောင်း သယ်ဆောင်မှု / BNI*

*နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမှုသည် ML/TF အန္တရာယ်များ၊ အမျိုးသားအဆင့် AML/CFT မူဝါဒများနှင့် ဦးစားပေးရပ်များနှင့် ကိုက်ညီမှု*

## အပိုင်း ၄။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှု

### *အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ*

***အဓိက တွေ့ရှိချက်များ***

အကဲဖြတ်သူများသည် ဤအပိုင်းအတွက် အရေးကြီးဆုံးတွေ့ရှိချက်များကို ထောက်ပြကာ၊ ၄င်းတို့၏ကောက်ချက်များကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ အဓိကတွေ့ရှိချက်များနှင့် အဓိက ဆောင်ရွက်ရန် အကြံပြုချက်များသည် ထိုအကြောင်းအရာ နှင့် ကိုက်ညီ သင့်သော်လည်း ထပ်တူဖြစ်ရန်မလိုပါ။

***ဆောင်ရွက်ရန် အကြံပြုချက်များ***

အကဲဖြတ်သူများသည် နိုင်ငံ၏ ထိရောက်မှု နှင့် နည်းပညာလိုက်နာဆောင်ရွက်မှုအဆင့်များ တိုးတက်စေရန် လိုအပ်သည့် တည့်မတ် ပြုပြင်ရမည့်အဓိက ဆောင်ရွက်ချက်များကိုဦးတည်ပြီး ဦးစားပေး ဆောင်ရွက်ရန်ပုံစံဖြင့် စာရင်းပြု သင့်သည်။ ဆောင်ရွက်ရန် အကြံပြုချက်များသည် မည်သည့် IO/REC နှင့် သက်ဆိုင်ကြောင်းကိုလည်း ရှင်းလင်းစွာ ညွှန်ပြသင့်သည်။

ဤအပိုင်းတွင် သုံးသပ်အကဲဖြတ်သည့် သက်ဆိုင်ရာ လက်ငင်းရလဒ်များမှာ IO9 မှ 11 အထိဖြစ်သည်။ ဤအခန်းရှိ ထိရောက်မှုဆိုင်ရာ အကဲဖြတ်ချက်အတွက် သက်ဆိုင်သည့် အကြံပြုချက်များမှာ R. 5 မှ 8 ထိဖြစ်သည်။

### *လက်ငင်းရလဒ် ၉ (TF စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုတင်ပို့မှု)*

*နိုင်ငံ၏ အန္တရာယ်အဆင့် အနေအထားနှင့် အညီ TF လုပ်ရပ်အမျိုးအစားများကိုတရားစွဲဆိုတင်ပို့မှု/ ပြစ်မှုထင်ရှားစီရင်မှု*

*TF ဖော်ထုတ်မှုနှင့် စုံစမ်းစစ်ဆေးမှု*

*အမျိုးသားအဆင့် မဟာဗျူဟာများနှင့် ပေါင်းစည်းဆောင်ရွက်သည့်၊ အထောက်အကူဖြစ်စေသည့် TF စုံစမ်းစစ်ဆေးမှု*

*အရေးယူ ဒဏ်ခတ် မှုများ၏ ထိရောက် အချိုးညီပြီး နောင်ကြဉ်စေမှု*

*TF ဖြင့် ပြစ်မှု ထင်ရှားစီရင်ရန် မဖြစ်နိုင်ပါက အခြားနည်းဖြင့် စီရင်သည့် အစီအမံများ*

***လက်ငင်းရလဒ် ၁၀ (TF အကာအကွယ် အစီအမံများနှင့် ငွေကြေးဆိုင်ရာ အရေးယူ ဒဏ်ခတ်မှုများ)***

*TF အမှု အတွက် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်ရေး မဆိုင်းမတွ အကောင်အထည်ဖော်မှု*

*ပစ်မှတ်ထား ချဉ်းကပ်ပုံ၊ အန္တရာယ်ကျရောက်နိုင်သော ပရဟိတအဖွဲ့အစည်းများ အား အနီးကပ်ရော အဝေးမှပါ ကြီးကြပ်မှု*

*TF မှ ရသည့် ငွေကြေးနှင့် ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများကို ဖြတ်တောက် သိမ်းဆည်းမှု*

*အစီအမံများက အလုံးစုံ TF အန္တရာယ်အဆင့်အနေအထားနှင့် ကိုက်ညီမှု*

## *လက်ငင်းရလဒ် ၁၁ (PF ငွေကြေးဆိုင်ရာ အရေးယူဒဏ်ခတ်မှုများ)*

*ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် ပစ်မှတ်ထား ငွေကြေးဆိုင်ရာ အရေးယူဒဏ်ခတ်မှုများကို မဆိုင်းမတွ အကောင်အထည်ဖော်မှု*

*စာရင်းသွင်းသတ်မှတ်ခံရသူများ/အဖွဲ့အစည်းများ ရှိ ပစ္စည်းနှင့် ရန်ပုံငွေများ ရှာဖွေဖော်ထုတ် FI နှင့် DNFBP* များက ၄င်းတို့၏ တာဝန်များ နားလည် လိုက်နာဆောင်ရွက်မှု

*လိုက်နာဆောင်ရွက်မှု သေချာစေရန် စောင့်ကြည့်ကြပ်မတ်လျက်ရှိသော ကြီးကြပ်ရေးအာဏာပိုင်များ*

## အပိုင်း ၅။ အကာအကွယ် အစီအမံများ

### *အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ*

***အဓိက တွေ့ရှိချက်များ***

အကဲဖြတ်သူများသည် ဤအပိုင်းအတွက် အရေးကြီးဆုံးတွေ့ရှိချက်များကို ထောက်ပြကာ၊ ၄င်းတို့၏ကောက်ချက်များကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ အဓိကတွေ့ရှိချက်များနှင့် အဓိက ဆောင်ရွက်ရန် အကြံပြုချက်များသည် ထိုအကြောင်းအရာ နှင့် ကိုက်ညီ သင့်သော်လည်း ထပ်တူဖြစ်ရန်မလိုပါ။

***ဆောင်ရွက်ရန် အကြံပြုချက်များ***

အကဲဖြတ်သူများသည် နိုင်ငံ၏ ထိရောက်မှု နှင့် နည်းပညာလိုက်နာဆောင်ရွက်မှုအဆင့်များ တိုးတက်စေရန် လိုအပ်သည့် တည့်မတ် ပြုပြင်ရမည့်အဓိက ဆောင်ရွက်ချက်များကို ဦးတည်ပြီးဦးစားပေး ဆောင်ရွက်ရန်ပုံစံဖြင့် စာရင်းပြု သင့်သည်။ ဆောင်ရွက်ရန် အကြံပြုချက်များသည် မည်သည့် IO/REC နှင့် သက်ဆိုင်ကြောင်းကိုလည်း ရှင်းလင်းစွာ ညွှန်ပြသင့်သည်။

ဤအပိုင်းတွင် သုံးသပ်အကဲဖြတ်သည့် သက်ဆိုင်ရာ လက်ငင်းရလဒ်မှာ 104 ဖြစ်သည်။ [86] ဤအခန်းရှိ ထိရောက်မှု ဆိုင်ရာ အကဲဖြတ်ချက်အတွက် သက်ဆိုင်သည့် အကြံပြုချက်များမှာ R. 9 မှ 23 ထိဖြစ်သည်။

### *လက်ငင်းရလဒ် ၄ (အကာအကွယ်အစီအမံများ)* [87]

*ML/TF အန္တရာယ်များနှင့် AML/CFT တာဝန်များကို နားလည်သဘောပေါက်ခြင်း*

*အန္တရာယ်လျော့ချရေး အစီအမံများ ကျင့်သုံးမှု*

*တိုးမြှင့် CDD သို့မဟုတ် သီးခြား CDD ကျင့်သုံးမှုနှင့် မှတ်တမ်းမှတ်ရာ ထားရှိရန် သတ်မှတ်ချက်များ*

*EDD အစီအမံများ ကျင့်သုံးမှု*

*သတင်းပို့ရန် တာဝန်များနှင့် သတင်းပေါက်ကြားမှု*

*အကောင်အထည်ဖော်မည့် အဖွဲ့အစည်းဆိုင်ရာ အထိန်းအချုပ်များနှင့် ဥပဒေစည်းမျဉ်းများ*

---

86 လက်ငင်းရလဒ် ၄ အောက်တွင် ထိရောက်မှုကို အကဲဖြတ်ရာတွင်၊ အကဲဖြတ်သူများသည် အကဲဖြတ်ခံနိုင်ငံ၏ အန္တရာယ်၊ ဆက်စပ်အကြောင်းတရားများနှင့် စီးပွားရေးအတွက် အခရာကျမှုကို ထည့်သွင်းစဉ်းစားသင့်သည်။ ဤအကြောင်းအချက်များကို နည်းပညာ စာတမ်း၏ စာမျက်နှာ ၁၃၁ တွင် သတ်မှတ်ထားသည့်အတိုင်း၊ အပြန်အလှန်အကဲဖြတ်သည့် အစီရင်ခံစာ၏ အပိုင်း ၁ ရှိ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များ ခေါင်းစဉ်အောက်တွင် သေချာရှင်းလင်းပြသင့်သည်။

87 ပထမ အပိုဒ်တွင် အကဲဖြတ်ခံ နိုင်ငံ၏ အန္တရာယ်၊.ဆက်စပ်အကြောင်းတရားနှင့် စီးပွားရေးအပေါ် အခရာကျမှုတို့အပေါ်မူတည်၍ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP နှင့် ပညာဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်အမျိုးမျိုးတို့အပေါ် အရေးပါမှု (weighted)ကို မည်သို့ သတ်မှတ်ကြောင်း အကျဉ်းချုပ်ဖော်ပြသင့်သည်။ ထို့အပြင်၊ ဤအချက်ကို အပိုင်း ၁ ၌ ကဏ္ဍတစ်ခုချင်းကို အလေးပေးထားပုံများဖြင့်)အန္တရာယ်၊.ဆက်စပ်အကြောင်းတရားနှင့် စီးပွားရေးအပေါ် အခရာကျမှုတို့ကို မူတည်၍) (နည်းပညာစာတမ်း၏ စာမျက်နှာ ၁၃၁) တွင် ပိုမိုအသေးစိတ်ဖော်ပြသည့်အချက်အလက်များကို သတ်မှတ်ထားသည့်အတိုင်း ပေါင်းစပ်ပေးသင့်သည်။

## အပိုင်း ၆။ ကြီးကြပ်ကွပ်ကဲမှု

### *အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ*

***အဓိက တွေ့ရှိချက်များ***

အကဲဖြတ်သူများသည် ဤအပိုင်းအတွက် အရေးကြီးဆုံးတွေ့ရှိချက်များကို ထောက်ပြကာ၊ ၄င်းတို့၏ကောက်ချက်များကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ အဓိကတွေ့ရှိချက်များနှင့် အဓိက ဆောင်ရွက်ရန် အကြံပြုချက်များသည် ထိုအကြောင်းအရာ နှင့် ကိုက်ညီ သင့်သော်လည်း ထပ်တူဖြစ်ရန်မလိုပါ။

***ဆောင်ရွက်ရန် အကြံပြုချက်များ***

အကဲဖြတ်သူများသည် နိုင်ငံ၏ ထိရောက်မှု နှင့် နည်းပညာလိုက်နာဆောင်ရွက်မှုအဆင့်များ တိုးတက်စေရန် လိုအပ်သည့် တည့်မတ် ပြုပြင်ရမည့်အဓိက ဆောင်ရွက်ချက်များကိုဦးတည်ပြီး ဦးစားပေး ဆောင်ရွက်ရန် ပုံစံဖြင့် စာရင်းပြုသင့်သည်။ ဆောင်ရွက်ရန် အကြံပြုချက်များသည် မည်သည့် IO/REC နှင့် သက်ဆိုင်ကြောင်းကိုလည်း ရှင်းလင်းစွာ ညွှန်ပြသင့်သည်။

ဤအပိုင်းတွင် သုံးသပ် အကဲဖြတ်သည့် လက်ငင်းရလဒ်မှာ IO3 ဖြစ်သည်။ [88] ဤအခန်းရှိ ထိရောက်မှု ဆိုင်ရာ အကဲဖြတ်ချက်အတွက် သက်ဆိုင်သည့် အကြံပြုချက်များမှာ R26 မှ 28 မှ R 34 နှင့် 35 ထိဖြစ်သည်။

### *လက်ငင်းရလဒ် ၃ (ကြီးကြပ်ကွပ်ကဲမှု)* [89]

*လိုင်စင်ချမှတ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ပြစ်မှုကျူးလွန်သူများနှင့် အပေါင်းပါများ စျေးကွက်တွင်း မဝင်နိုင် စေရန် တားဆီးကာကွယ်သည့် အထိန်းအချုပ်များ*

*ကြီးကြပ်သူများ၏ ML/TF အန္တရာယ်များအပေါ် နားလည်မှုနှင့် ဖော်ထုတ်သိရှိမှု*

88 လက်ငင်းရလဒ် ၃ အောက်ရှိ ထိရောက်မှုကို အကဲဖြတ်သည့်အခါ၊ အကဲဖြတ်သူများသည် အကဲဖြတ်ခံနိုင်ငံ၏ အန္တရာယ်၊ဆက်စပ်အကြောင်းတရားနှင့် စီးပွားရေးအပေါ် အခရာကျမှုတို့ကို ထည့်သွင်း စဉ်းစားသင့်သည်။ ဤအကြောင်းအရာများကို အကဲဖြတ်သူများသည် အပိုင်း ၁ ရှိ အပြန်အလှန်အကဲဖြတ်မှု )ME) အခန်း၌ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များဆိုသည့် ခေါင်းစဉ်အောက်တွင် ၊ နည်းပညာစာအုပ်၏ စာမျက်နှာ (၁၃၁) တွင် သတ်မှတ်သည့်အတိုင်း ရှင်းလင်းစွာ ရှင်းပြသင့်သည်။

89 ပထမ အပိုဒ်တွင် အကဲဖြတ်ခံနိုင်ငံ၏ အန္တရာယ်၊ဆက်စပ်အကြောင်းတရားနှင့် စီးပွားရေးအပေါ် အခရာကျမှုတို့ကို မူတည်၍ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP နှင့် ပညာဖြင့် အသက်မွေးဝမ်းကျောင်းအလုပ်အမျိုးမျိုးတို့အပေါ် အရေးပါမှု မည်သို့သတ်မှတ်ကြောင်း အကျဉ်းချုပ်ဖော်ပြသင့်သည်။
ဤအကြောင်းအချက်များကို အပိုင်း ၁ ရှိ ကဏ္ဍတစ်ခုချင်းအပေါ် )အန္တရာယ်၊ဆက်စပ်အကြောင်းတရားနှင့် စီးပွားရေးအပေါ် အခရာကျမှုတို့အပေါ် မူတည်၍ အလေးပေးပုံနှင့် ပတ်သက်၍ အသေးစိတ်ပါရှိသည့် အချက်အလက်များဖြင့် ကိုးကားပြီး နည်းပညာ စာအုပ်၏ စာမျက်နှာ ၁၃၁ တွင် သတ်မှတ်ထားသည့်အတိုင်း၊ သေချာရှင်းလင်းပြသင့်သည်။

*AML/CFT သတ်မှတ်လိုအပ်ချက်များနှင့် အညီ အန္တရာယ်အခြေပြုကြီးကြပ်ကွပ်ကဲမှု ကုစားရေး ဆောင်ရွက်ချက်များနှင့် ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူဒဏ်ခတ်မှုများ*

*ကြီးကြပ်ရေးလုပ်ငန်းစဉ်များဖြင့် လိုက်နာဆောင်ရွက်မှုအပေါ် အကျိုးသက်ရောက်မှု*

*AML/CFT တာဝန်များနှင့် ML/TF အန္တရာယ်များ ပိုမိုနားလည်စေရန် ဆောင်ရွက်ခြင်း*

## အပိုင်း ၇။ ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ

### *အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ*

***အဓိက တွေ့ရှိချက်များ***

အကဲဖြတ်သူများသည် ဤအပိုင်းအတွက် အရေးကြီးဆုံးတွေ့ရှိချက်များကို ထောက်ပြကာ၊ ၄င်းတို့၏ကောက်ချက်များကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ အဓိကတွေ့ရှိချက်များနှင့် အဓိက ဆောင်ရွက်ရန် အကြံပြုချက်များသည် ထိုအကြောင်းအရာ နှင့် ကိုက်ညီ သင့်သော်လည်း ထပ်တူဖြစ်ရန်မလိုပါ။

***ဆောင်ရွက်ရန် အကြံပြုချက်များ***

အကဲဖြတ်သူများသည် နိုင်ငံ၏ ထိရောက်မှု နှင့် နည်းပညာလိုက်နာဆောင်ရွက်မှုအဆင့်များ တိုးတက်စေရန် လိုအပ်သည့် တည့်မတ် ပြုပြင်ရမည့်အဓိက ဆောင်ရွက်ချက်များကို ဦးတည်ပြီးဦးစားပေး ဆောင်ရွက်ရန် ပုံစံဖြင့် စာရင်းပြုသင့်သည်။ ဆောင်ရွက်ရန် အကြံပြုချက်များသည် မည်သည့် IO/REC နှင့် သက်ဆိုင်ကြောင်းကိုလည်း ရှင်းလင်းစွာ ညွှန်ပြသင့်သည်။

ဤအပိုင်းတွင် သုံးသပ်အကဲဖြတ်သည့် သက်ဆိုင်ရာ လက်ငင်းရလဒ်မှာ IO5 ဖြစ်သည်။ ဤအခန်းရှိ ထိရောက်မှု ဆိုင်ရာ အကဲဖြတ်ချက်အတွက် သက်ဆိုင်သည့် အကြံပြုချက်များမှာ R24 နှင့် 25 ဖြစ်သည်။[90]

### *လက်ငင်းရလဒ် ၅ (ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ)*

*ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများ ထူထောင်မှု၊ အမျိုးအစား စသည့်အချက်အလက်များကို အများပြည်သူ ရယူကြည့်ရှုနိုင်မှု*

90 အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့် ရှိသူပိုင်ရှင်ဆိုင်ရာ အချက်အလက်များကို OECD Global Forum on Transparency and Exchange of Information for Tax Purposes မှလည်း အကဲဖြတ်သည်။ အချို့ကိစ္စများတွင် FATF နှင့် Global Forum တို့၏ နည်းပညာ၊ ဦးတည်ချက်များနှင့် သတ်မှတ်စံအ တိုင်းအတာများ ကွာခြားမှုကြောင့် တွေ့ရှိချက်များကွာခြားနိုင်သည်။

*ဥပဒေရေးရာအဖွဲ့များ၏ ML/TF အန္တရာယ်များနှင့် အားနည်းချက်များကို ဖော်ထုတ်သိရှိမှု၊ အကဲဖြတ်မှုနှင့် နားလည်သဘောပေါက်မှု*

*ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများကို အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်ရန် လျှော့ချသည့် အစီအမံများ*

*ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်နှင့် စပ်လျဉ်းသည့် လုံလောက်တိကျမှန်ကန်ပြီး နောက်ဆုံးရ အချက် အလက်များအား ဆောလျင်စွာ အလှမ်းမီ ရယူနိုင်မှု*

*ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၏ အခြေခံအချက်အလက်များနှင့် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်နှင့် စပ်လျဉ်းသည့် လုံလောက် တိကျမှန်ကန်ပြီး နောက်ဆုံးရ အချက် အလက်များအား ဆောလျင်စွာ အလှမ်းမီ ရယူနိုင်မှု*

*ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူဒဏ်ခတ်မှုများ*

## အပိုင်း ၈။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု

### *အဓိက တွေ့ရှိချက်များနှင့် ဆောင်ရွက်ရန် အကြံပြုချက်များ*

***အဓိက တွေ့ရှိချက်များ***

အကဲဖြတ်သူများသည် ဤအပိုင်းအတွက် အရေးကြီးဆုံးတွေ့ရှိချက်များကို ထောက်ပြကာ၊ ၄င်းတို့၏ ကောက်ချက်များကို အကျဉ်းချုပ် ဖော်ပြသင့်သည်။ အဓိကတွေ့ရှိချက်များနှင့် အဓိက ဆောင်ရွက်ရန် အကြံပြုချက်များသည် ထိုအကြောင်း အရာ နှင့် ကိုက်ညီ သင့်သော်လည်း ထပ်တူဖြစ်ရန်မလိုပါ။

***ဆောင်ရွက်ရန် အကြံပြုချက်များ***

အကဲဖြတ်သူများသည် နိုင်ငံ၏ ထိရောက်မှု နှင့် နည်းပညာလိုက်နာဆောင်ရွက်မှုအဆင့်များ တိုးတက်စေရန် လိုအပ်သည့် တည့်မတ် ပြုပြင်ရမည့်အဓိက ဆောင်ရွက်ချက်များကို ဦးတည်ပြီး ဦးစားပေး ဆောင်ရွက်ရန် ပုံစံဖြင့် စာရင်းပြုသင့်သည်။ ဆောင်ရွက်ရန် အကြံပြုချက်များသည် မည်သည့် IO/REC နှင့် သက်ဆိုင်ကြောင်းကိုလည်း ရှင်းလင်းစွာ ညွှန်ပြသင့်သည်။

ဤအပိုင်းတွင် သုံးသပ်အကဲဖြတ်သည့် သက်ဆိုင်ရာ လက်ငင်းရလဒ်မှာ IO2 ဖြစ်သည်။ ဤအခန်းရှိ ထိရောက်မှု ဆိုင်ရာ အကဲဖြတ်ချက်အတွက် သက်ဆိုင်သည့် အကြံပြုချက်များမှာ R 36 မှ 40 အထိ ဖြစ်သည်။

### *လက်ငင်း ရလဒ် ၂ (နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု)*

*အပြုသဘောဆောင်ပြီး ဆောလျင်စွာ ဆောင်ရွက်သည့် MLA နှင့် တရားခံလွှဲပြောင်းမှု*

*ပြည်တွင်း ML မှ၊ ဆက်စပ် မူလပြစ်မှုနှင့် TF အမှုများ ကိုလိုက်လံအရေးယူရေး ပြစ်မှုဆိုင်ရာ အကူအညီ ၊ဆောလျင်စွာ တောင်းခံမှု*

*အခြား AML/CFT ကိစ္စရပ်များအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နည်းများ ဖြင့် အကူအညီတောင်းခံမှု*

*အခြား AML/CFT ကိစ္စရပ်များအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်နည်းများဖြင့် အကူအညီပေးအပ်မှု*

*ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အချက်အလက်များ နိုင်ငံတကာနှင့် ဖလှယ်မှု*

# နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှုဖြည့်စွက်ချက်

1. ဤ ဖြည့်စွက်ချက်အပိုင်းတွင် FATF 40 အကြံပြုချက်များအပေါ် လိုက်နာ ဆောင်ရွက်မှုအဆင့် အသေးစိတ် ပိုင်းခြား သုံးသပ်မှုကို FATF အကြံပြုချက်များ၏ အစဉ်အတိုင်း ဖော်ပြထားသည်။ နိုင်ငံ၏ အခြေအ နေ သို့မဟုတ် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ဖော်ပြသည့် အချက်များ မပါဘဲ FATF အကြံပြုချက်တစ်ခုချင်းအတွက် နည်းပညာ ဆိုင်ရာ သတ်မှတ်စံ ပိုင်းခြားသုံးသပ်မှုကိုသာ ဖော်ပြထားသည်။ အပြန်အလှန် အကဲဖြတ်အစီရင်ခံစာနှင့် အတူ တွဲ၍ ဖတ်သင့်သည်။

2. FATF သတ်မှတ်လိုအပ်ချက်များနှင့် အမျိုးသားအဆင့် ဥပ ဒေ စည်းမျဉ်းများ ဆက်လက်၍တူညီပါက၊ ဤအစီရင်ခံစာသည် [ရက်စွဲပါ] ယခင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် အကဲဖြတ်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြုလုပ်ခဲ့သည့် ပိုင်းခြားသုံးသပ်မှုကို ကိုးကားရည်ညွှန်းသည်။ ဤအစီရင်ခံစာကို [လင့်ခ် ] တွင် ရယူကြည့်ရှုနိုင်သည်။

## *အကြံပြုချက် ၁ -ဆုံးရှုံးနိုင် ခြေများအကဲဖြတ်ခြင်းနှင့် အန္တရာယ်အခြေပြု ချဉ်းကပ်မှုဖြင့် ဖြေရှင်းခြင်း*

3. အကြံပြုချက်တစ်ခုစီ၏ အဖွင့်စာပိုဒ်တွင် ပိုင်းခြားသုံးသပ်မှု အသစ် ပြုလုပ်ရန်လိုသော ကိစ္စများနှင့် ယခင် က ပြုလုပ်ထားသည့် ပိုင်းခြားသုံးသပ်မှုနှင့် ကိုးကားမည့်ကိစ္စများကို ဖော်ပြသင့်သည်။ ထိုအထဲတွင်-
   1. ယခင် MER တွင်သတ်မှတ်ခဲ့သော အဆင့်များ (အကျုံးဝင်လျှင်)၊ နှင့် ဖော်ထုတ်တွေ့ရှိရသည့် အဓိက အားနည်းချက်များ၊
   2. နိုင်ငံကင်း၏ အားနည်းချက်များကို ဖြေရှင်းနိုင်မှုရှိမရှိ နောက်ဆက်တွဲလုပ်ငန်းစဉ်တွင်ရှိ သုံးသပ် ဆုံးဖြတ်ချက်၊
   3. FATFသတ်မှတ်လိုအပ်ချက် အသစ်များကို ၂၀၁၄ နည်းပညာနှင့် ဆက်စပ်စဉ်းစားမှု၊ နှင့်
   4. နိုင်ငံတွင် ပြောင်းလဲပြင်ဆင်သည့် ဥပဒေစည်းမျဉ်းနှင့် အခြား အစိတ်အပိုင်းများ

4. *Criterion 1.1* – (ပြည့်မီ/ အများအားဖြင့် ပြည့်မီ/ တစ်စိတ်တစ်ဒေသ ပြည့်မီ/ ပြည့်မီခြင်း မရှိ)- သတ်မှတ်စံ (Criterion) တိုင်းကို ပုံမှန်အားဖြင့် စာပိုဒ်တစ်ပိုဒ်စာ ပြန်လှန်သုံးသပ်သင့်သည်။

5. သတ်မှတ်စံတစ်ခုသို့မဟုတ် တစ်ခုမကကို ယခင်က သုံးသပ်ခဲ့ပြီးဖြစ်သကဲ့သို့၊ ဆိုင်ရာ ဥပဒေများ၊ နည်းလမ်းများ သို့မဟုတ် အခြားအစိတ်အပိုင်းများသည်လည်း မပြောင်းလဲဘဲ ရှိပါက၊ ယခင် ပိုင်းခြားသုံးသပ်မှုကို ထပ်မံမပြုလုပ်သင့်ပေ။ နောက်ဆုံးကောက်ချက်ကို အကျဉ်းချုပ်ဖော်ပြပြီး၊ အသေးစိတ် ပိုင်းခြားသုံးသပ်မှုကို အစီရင်ခံစာ၏ မည်သည့် အပိုင်းတွင် တင်ပြထားသည်ကို(စာပိုဒ် အမှတ်များဖြင့်ပါ) ကိုးကားဖော်ပြသင့်သည်။ ထိုသို့ ကိုးကားချက်များ ကို အများက ရယူကြည့်ရှုနိုင်သည့် MER, FSAP သို့မဟုတ် နောက်ဆက်တွဲ-မှ အထွက် အစီရင်ခံစာများ (exit-from-follow-up reports) တွင်သာ ကိုးကားဖော်ပြသင့်သည်။ ထို့ပြင် ပိုင်းခြားသုံးသပ်၊ စဉ်းစားပြီး အကဲဖြတ်အဖွဲ့က အတည် ပြုချက် ယူပြီး ဖြစ်ရမည်။ ထို သုံးသပ်ချက်များ နှင့် ကောက်ချက်များ မှန်ကန်သည်ဟု ယူဆပြီး ဖြစ်ရမည်။ တင်ပြချက်မစမီ သတ်မှတ်စံ( Criteria) တစ်ခုချင်းအတွက်၊ နိုင်ငံက FATF သတ်မှတ် တာဝန်များ ကို

ပြည့်မီခြင်းရှိမရှိကိုကွင်းစကွင်းပိတ် ဖြင့် အကဲဖြတ်အဖွဲ့က ဖော်ပြသင့်သည်။ နောက်ဆုံး၌အစီရင်ခံစာ မထုတ်ဝေမီ ထိုအချက်များကို ဖြုတ်ပစ်မည် ဖြစ်သော်လည်း၊ မျက်နှာစုံညီအစည်းအဝေး မတိုင်မီနှင့် အစည်းအဝေး အတွင်း ဆွေးနွေးမှုများကို အညွှန်းအဖြစ် အသုံးပြုရန် ထည့်သွင်းခြင်းဖြစ်သည်။

6. *Criterion 1.2* (ပြည့်မီ/ အများအားဖြင့် ပြည့်မီ/ တစ်စိတ်တစ်ဒေသ ပြည့်မီ/ ပြည့်မီခြင်း မရှိ) – သတ်မှတ်စံ ပြည့်မီခြင်း ရှိမရှိ ဖော်ပြသည့် အကဲဖြတ်သူများ၏ ပိုင်းခြားသုံးသပ်မှုကိုသာ ဖော်ပြသင့်သည်။ နိုင်ငံ၏ အထွေထွေ အခြေအ နေ၊ ဆက်စပ်အကြောင်းတရားများ၊ သို့မဟုတ် ဥပဒေစည်းမျဉ်းစည်းကမ်းဆိုင်ရာ မူဘောင် စသည်တို့ကို ဤဖြည့်စွက်ချက်တွင် မထည့်သွင်းဘဲ ပင်မ အစီရင်ခံအတွင်းသာ ထည့်သွင်းသင့်သည်။ (ပင်မ အစီရင်ခံတွင်ရှိသည့် သက်ဆိုင်သည့် အချက်များကိုမူ ကိုးကားဖော်ပြနိုင်သည်)။

7. အကဲဖြတ်သူများ၏ ပိုင်းခြားသုံးသပ်ချက်၌ ဖော်ပြရန် နေရာထပ်မံလိုအပ်လျှင်၊ အထူးသဖြင့် ရှုပ်ထွေးသည့် သတ်မှတ်စံများ သို့မဟုတ် ကဏ္ဍ အမျိုးမျိုးနှင့် သက်ဆိုင်သည့် သတ်မှတ်စံများနှင့် ပတ်သက်၍ နေရာ ထပ် ယူနိုင်သည်။ သို့သော်လည်း ဤနည်းပညာဆိုင်ရာ ဖြည့်စွက်ချက်အပိုင်းသည် အများဆုံး စာမျက်နှာ ၆၀ ထက် မပိုသင့်သည်ကို သတိပြု သင့်သည်။

အလေးပေးခြင်း( Weighting) နှင့် ကောက်ချက်ချခြင်း

8. အကဲဖြတ်သူများသည် ဆိုင်ရာ နည်းပညာဆိုင်ရာ လိုက်နာဆောင်ရွက်မှု အဆင့်သတ်မှတ်ချက်နှင့် စပ်လျဉ်း သည့် ကောက်ချက်ချပြီး၊ ဤသို့ကောက်ချက်ချရသည့်အကြောင်းကိုလည်း ဖော်ပြသင့်သည်။ သတ်မှတ်စံ တစ်ခု ချင်း အတွက် ဘာကြောင့် အရေးကြီးသည်ကို (နိုင်ငံ၏ အန္တရာယ်နှင့် ဆက်စပ်အကြောင်းတရားများကို ပင်မ MER အပိုင်းတွင် ဖော်ပြသည့်အတိုင်း ကိုးကားပြီး) ရှင်းလင်းစွာ ဖော်ပြသင့်သည်။ အဆင့်သတ်မှတ်ချက်ကို စာလုံးမည်းဖြင့် **စာပိုဒ်အဆုံး၌ ဖော်ပြသင့်သည်။**

*အကြံပြုချက် ၂ -အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်မှု နှင့် ညှိနှိုင်းမှု*

*အကြံပြုချက် ၃ -ငွေကြေးခဝါချသည့် ပြစ်မှု*

*အကြံပြုချက် ၄ -နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းနှင့် ကြားကာလအစီအမံများ*

*အကြံပြုချက် ၅ -အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှု*

*အကြံပြုချက် ၆ -အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သည့် ပြစ်မှုတို့နှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ*

*အကြံပြုချက် ၇ -ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ*

*အကြံပြုချက် ၈ -ပရဟိတအဖွဲ့အစည်းများ*

*အကြံပြုချက် ၉ -ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လျှို့ဝှက်လုံခြုံမှုဆိုင်ရာ ဥပဒေများ*

*အကြံပြုချက် ၁၀ -ဆက်သွယ်ဆောင်ရွက်သူကို အလေးထား စိစစ်ခြင်း*

*အကြံပြုချက် ၁၁ -မှတ်တမ်းမှတ်ရာ ထားရှိခြင်း*

*အကြံပြုချက် ၁၂ -ပြည်တွင်းပြည်ပ၌ ဩဇာ တိကျမှု ရှိသူများ*

*အကြံပြုချက် ၁၃ -အဆက်အသွယ်ဘဏ်လုပ်ငန်း*

*အကြံပြုချက် ၁၄ -ငွေကြေး သို့မဟုတ် တန်ဖိုး လွှဲပြောင်းသည့် ဝန်ဆောင်မှုများ*

*အကြံပြုချက် ၁၅ -နည်းပညာအသစ်များ*

*အကြံပြုချက် ၁۶ -အီလက်ထရွန်နစ် နည်းဖြင့် ငွေလွှဲပြောင်းမှုများ*

*အကြံပြုချက် ၁၇ -ကြားခံအဖွဲ့ (တတိယအဖွဲ့) ကို အသုံးပြုမှု*

*အကြံပြုချက် ၁၈ -အဖွဲ့အစည်းဆိုင်ရာ အထိန်းအချုပ်များနှင့် နိုင်ငံခြား ဘဏ်ခွဲများနှင့် လက်အောက်ခံလုပ်ငန်းများ*

*အကြံပြုချက် ၁၉ -အန္တရာယ်အဆင့်မြင့် နိုင်ငံများ*

*အကြံပြုချက် ၂၀ -သံသယဖြစ်ဖွယ် သတင်းပို့မှု*

*အကြံပြုချက် ၂၁ -သတင်းပေါက်ကြားမှုနှင့် လျှို့ဝှက် လုံခြုံမှု*

*အကြံပြုချက် - ၂၂ - DNFBP များ၊ ဆက်သွယ်ဆောင်ရွက်သူကို အလေးထား စိစစ်ခြင်း*

*အကြံပြုချက် ၂၃ -DNFBP များ -အခြား အစီအမံများ*

*အကြံပြုချက် ၂၄ -ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ ပွင့်လင်းမြင်သာမှုနှင့် အကျိုးခံစားခွင့် ရှိသူပိုင်ရှင်*

*အကြံပြုချက် ၂၅ -ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၏ ပွင့်လင်းမြင်သာမှုနှင့် အကျိုးခံစားခွင့် ရှိသူပိုင်ရှင်*

*အကြံပြုချက် ၂۶ -ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်ကွပ်ကဲမှု*

*အကြံပြုချက် ၂၇ -ကြီးကြပ်ကွပ်ကဲသူများ၏ လုပ်ပိုင်ခွင့်များ*

*အကြံပြုချက် ၂၈ -DNFBP များ၏ စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်ကွပ်ကဲမှု*

*အကြံပြုချက် ၂၉ -ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့*

*အကြံပြုချက် ၃၀ -ဥပဒေဖိုးမိုးရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ တာဝန်ဝတ္တရားများ*

*အကြံပြုချက် ၃၁ -ဥပဒေဖိုးမိုးရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များ*

*အကြံပြုချက် ၃၂ -နယ်စပ်ဖြတ်ကျော် ငွေကြေး သယ်ဆောင်သူများ*

*အကြံပြုချက် ၃၃ - ကိန်းဂဏန်း အချက်အလက်များ*

*အကြံပြုချက် ၃၄ -လမ်းညွှန်မှုနှင့် တုံ့ပြန်ချက်*

*အကြံပြုချက် ၃၅ -အရေးယူ ဒဏ်ခတ်မှုများ*

*အကြံပြုချက် ၃၆ -အပြည်ပြည်ဆိုင်ရာ စာချုပ်များ*

*အကြံပြုချက် ၃၇ -ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး*

*အကြံပြုချက် ၃၈ -ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး -ထိန်းချုပ်ခြင်းနှင့် နိုင်ငံ၏ ဘဏ္ဍာ အဖြစ်သိမ်းဆည်းခြင်း*

*အကြံပြုချက် ၃၉ -တရားခံလွှဲပြောင်းပေးခြင်း*

*အကြံပြုချက် ၄၀ -အခြားပုံစံဖြင့်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု*

## *လိုက်နာဆောင်ရွက်မှု အကျဉ်းချုပ် -အဓိက အားနည်းချက်များ*

| FATF အကြံပြုချက်များအား လိုက်နာဆောင်ရွက်မှု | | |
|---|---|---|
| **အကြံပြုချက်** | **အဆင့်** | **အဆင့်သတ်မှတ်ရသည့်အကြောင်းခံများ** |
| **1.** ရှုံးနိုင်ခြေအန္တရာယ်များ အကဲဖြတ်ခြင်းနှင့် အန္တရာယ်အခြေပြု ချဉ်းကပ်မှုဖြင့်ဖြေရှင်းခြင်း | [C] | ဤဇယားတွင် အဆင့်နှင့် ထိုအဆင့်တစ်ခုစီကိုသက်ရောက်မှုပေးသည့် အကြောင်းများအကျဉ်းချုပ်ဖော်ပြသင့်သည်။ |
| **2.**အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်မှု နှင့်ညှိနှိုင်းမှု | [LC] | • |
| **3.**ငွေကြေးခဝါချသည့် ပြစ်မှု | [PC] | • |
| **4.** နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းနှင့် ကြားကာလအစီအမံများ | [NC] | • |
| **5.** အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့သည့် ပြစ်မှု | | • |
| ***6.*** အကြမ်းဖက်မှုနှင့် **TF** နှင့် စပ်လျဉ်း သည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ | | • |
| ***7.***ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ | | |
| **8.** ပရဟိတအဖွဲ့အစည်းများ | | |
| **9.**ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လျှို့ဝှက်လုံခြုံမှုဆိုင်ရာ ဥပဒေများ | | |
| **10.** ဆက်သွယ်ဆောင်ရွက်သူကို အလေးထား စိစစ်ခြင်း | | |

| | | |
|---|---|---|
| **11.** မှတ်တမ်းမှတ်ရာ ထားရှိခြင်း | | |
| **12.** နိုင်ငံ၏ ဩဇာ တိကျမှု ရှိသူများ | | |
| **13.** အဆက်အသွယ်ဘဏ်လုပ်ငန်း | | |
| **14.** -ငွေကြေး သို့မဟုတ် တန်ဖိုး လွှဲပြောင်းသည့် ဝန်ဆောင်မှုများ | | |
| **15.** နည်းပညာအသစ်များ | | |
| **16.** အီလက်ထရွန်နစ် နည်းဖြင့် ငွေလွှဲပြောင်းမှုများ | | |
| **17.** ကြားခံအဖွဲ့(တတိယအဖွဲ့)ကို အားထား အသုံးပြုမှု | | |
| **18.** အဖွဲ့အစည်းဆိုင်ရာ အထိန်း အချုပ်များနှင့် နိုင်ငံခြား ဘဏ်ခွဲများနှင့် လက်အောက်ခံလုပ်ငန်းများ | | |
| **19.** အန္တရာယ်အဆင့်မြင့် နိုင်ငံများ | | |
| **20.** သံသယဖြစ်ဖွယ် သတင်းပို့မှု | | |
| **21.** သတင်းပေါက်ကြားမှုနှင့် လျှို့ဝှက် လုံခြုံမှု | | |
| **22.** DNFBP များ- ဆက်သွယ် ဆောင်ရွက်သူကို အလေးထား စိစစ်ခြင်း | | |
| **23.** DNFBP -အခြား အစီအမံများ | | |
| **24.** ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ ပွင့်လင်း မြင်သာမှုနှင့် အကျိုးခံစားခွင့် ရှိသူပိုင်ရှင် | | |
| 25. ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၏ ပွင့်လင်းမြင်သာမှုနှင့် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင် | | |
| 26. ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်ကွပ်ကဲမှု | | |

| | | |
|---|---|---|
| 27. ကြီးကြပ်ကွပ်ကဲသူများ၏ လုပ်ပိုင်ခွင့်များ | | |

| | | |
|---|---|---|
| 28. DNFBP များ၏ စည်းမျဉ်းစည်းကမ်းနှင့် ကြီးကြပ်ကွပ်ကဲမှု | | |
| 29. ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေး အဖွဲ့ | | |
| 30. ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ တာဝန် ဝတ္တရားများ | | |
| 31. ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေး အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များ | | |
| 32. နယ်စပ်ဖြတ်ကျော် ငွေကြေး သယ်ဆောင်သူများ | | |
| 33. ကိန်းဂဏန်း အချက်အလက်များ | | |
| 34. လမ်းညွှန်မှုနှင့် တုံ့ပြန်ချက် | | |
| 35. အရေးယူ ဒဏ်ခတ်မှုများ | | |
| 36. အပြည်ပြည်ဆိုင်ရာ စာချုပ်များ | | |
| 37. ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံ အချင်းချင်းအကူအညီပေးရေး | | |
| 38.ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်း ချင်း အကူအညီပေးခြင်း -ထိန်းချုပ်ခြင်း နှင့် နိုင်ငံ၏ ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်း | | |
| 39. တရားခံလွှဲပြောင်းပေးခြင်း | | |
| 40.အခြားပုံစံဖြင့်နိုင်ငံတကာ ပူးပေါင် းဆောင်ရွက်မှု | | |

# ဖြည့်စွက်ချက် ၃
# FATF လမ်းညွှန်စာတမ်းများ

အကဲဖြတ်သူများသည် FATF လမ်းညွှန်ကိုနိုင်ငံများက သီးခြား သတ်မှတ်လိုအပ်ချက်များကို လက်တွေ့တွင် မည်သို့ အကောင်အထည်ဖော်နိုင်ကြောင်း ညွှန်ပြသည့် နောက်ခံအချက်အလက်အဖြစ် ယူဆသင့်သည်။ သို့သော် FATF လမ်းညွှန်သည် **စည်းနှောင်မှုမရှိသည်**ကို မှတ်သားသင့်သည်။ လမ်းညွှန်ကို မည်သို့အသုံးချသည်ကို အကဲဖြတ်ချက် အတွင်း ထည့်သွင်းဖော်ပြခြင်း မပြုသင့်ပေ။ နည်းပညာ စာတမ်း (Methodology) ၏ အပိုဒ် ၂၉ ကို ကြည့်ပါ။

| **လမ်းညွှန်** | **သက်ဆိုင်သည့် FATF သတ်မှတ်စံများ/ နည်းပညာ (Methodology)** |
|---|---|
| အမျိုးသားအဆင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ် အကဲဖြတ်ချက် )၀၅ မတ်လ ၂၀၁၃) (National money laundering and terrorist financing risk assessment (05 Mar 2013) | **R.1** ဆုံးရှုံးနိုင်ခြေအန္တရာယ်များ အကဲဖြတ်ခြင်းနှင့် အန္တရာယ်အခြေပြု ချဉ်းကပ်မှုဖြင့်ဖြေရှင်းခြင်း (Assessing Risks and Applying a Risk Based Approach) |
| အကြံပြုချက် ၂ အတွက် အကောင်းဆုံးကျင့်စဉ် စာတမ်း- ပြည်တွင်းကြီးကြပ်ရေးအာဏာပိုင် များ အကြား ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုနှင့်စပ်လျဉ်းသည့် သတင်း အချက်အလက် ဖလှယ်ခြင်း (၀၇ မတ်လ ၂၀၁၂)(Best Practices Paper on Recommendation 2: Sharing among domestic competent authorities information related to the financing of proliferation (07 Mar2012)) | **R.2** အမျိုးသားအဆင့်ပူးပေါင်းဆောင်ရွက်မှုနှင့်ညှိနှိုင်းမှု(National Co-operation and Co-ordination)<br>*R.7* ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ (TFS Related to Proliferation) |
| သိမ်းဆည်းမှုနှင့်စပ်လျဉ်းသည့် အကောင်းဆုံး ကျင့်စဉ်များ) အကြံပြုချက် ၄ နှင့် ၃၈ (နှင့် ငွေကြေးနှင့် ပစ္စည်း ပြန်လည် ရယူမှုဆိုင်ရာ စဉ်ဆက်မပြတ် လုပ်ငန်းအတွက် မူဘောင်) ၁၉ အောက်တိုဘာ ၂၀၁၂)(Best Practices on Confiscation (Recommendations 4and38)anda FrameworkforOngoingWorkon Asset Recovery (19 Oct 2012) | **R.4** နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းနှင့် ကြားကာလ အစီအမံများ(Confiscation and Provisional Measures)<br>**R.38** ထိန်းချုပ်ခြင်း နှင့် နိုင်ငံ၏ ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်း (Freezing and Confiscation) |
| အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအား ပြစ်မှုအဖြစ် သတ်မှတ်ခြင်းဆိုင်ရာ လမ်းညွှန်(၂၁ | **R.5** အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့သည့် ပြစ်မှု (Terrorist Financing Offence) |

| | |
|---|---|
| အောက်တိုဘာ ၂၀၁၆) (Guidance on Criminalising Terrorist Financing (21 Oct 2016) | |
| နိုင်ငံတကာ အကောင်းဆုံးကျင့်စဉ်များ - အကြမ်းဖက်မှုနှင့် TF နှင့် စပ်လျဉ်း သည့် ငွေကြေး ဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှုများ (အကြံပြုချက် ၆) (၂၈ ဇွန် ၂၀၁၃ (International Best Practices: Targeted Financial Sanctions Related to Terrorism and Terrorist Financing(Recommendation6) *(28 June2013)*) | *R.6* အကြမ်းဖက်မှုနှင့် **TF** နှင့် စပ်လျဉ်း သည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှုများ (Targeted Financial Sanctions related to Terrorism and Terrorist Financing) |
| ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေး FATF လမ်းညွှန်- ဖျက်အားပြင်း လက်နက် ပြန့်ပွားမှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရန် UNSCR ၏ ငွေကြေး ဆိုင်ရာ ပြဋ္ဌာန်းချက်များအကောင်အထည်ဖော်ခြင်း (၂၈ ဖေဖော်ဝရီ ၂၁၀၈)<br>(FATF Guidance on Counter Proliferation Financing - The Implementation of Financial Provisions of United Nations Security Council Resolutions to Counter the Proliferation of Weapons of Mass Destruction (28 Feb 2018) ) | **R.7** ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှုများ (Targeted Financial Sanctions related to Proliferation) |
| ပရဟိတအဖွဲ့အစည်းများအား အလွဲသုံးစားပြုခြင်းကို တိုက်ဖျက်ရန် အကောင်းဆုံးကျင့်စဉ်များ - ၂၆ ဇွန် ၂၀၁၅(Best Practices on Combating the Abuse of Non- Profit Organisations (26 Jun 2015)) | **R.8** ပရဟိတအဖွဲ့အစည်းများ (Non-Profit Organisations (NPOs)) |
| FATF လမ်းညွှန် -နိုင်ငံ၏ သြဇာ တိက္ကမ ရှိသူများ (အကြံပြုချက် ၁၂ နှင့် ၂၂ (၂၇ ဇွန် ၂၀၁၃)<br>FATF Guidance: Politically Exposed Persons (Recommendations 12 and 22) (27 Jun 2013) | **R.12** နိုင်ငံ၏ သြဇာ တိက္ကမ ရှိသူများ (Politically Exposed Persons (PEPs))<br>**R.22** . DNFBP များ- ဆက်သွယ် ဆောင်ရွက်သူကို အလေးထား စိစစ်ခြင်း (Designated Non-Financial Businesses and Professions (DNFBPs): Customer Due Diligence) |
| အဆက်အသွယ်ဘဏ်လုပ်ငန်းလမ်းညွှန် (၂၁ အောက်တိုဘာ ၂၀၁၆) .<br>Guidance on Correspondent Banking Services (21 Oct 2016) | **R.13** အဆက်အသွယ်ဘဏ်လုပ်ငန်း (Correspondent Banking) |

| | |
|---|---|
| FATF လမ်းညွှန် -ပုဂ္ဂလိက ကဏ္ဍ အချက်အလက် ဖလှယ်ခြင်း )၀၄ နိုဝင်ဘာ ၂၀၁၇( )FATF Guidance - Private Sector Information Sharing (04 Nov 2017)) | **R.18** အဖွဲ့အစည်းဆိုင်ရာ အထိန်း အချုပ်များနှင့် နိုင်ငံခြား ဘဏ်ခွဲများနှင့် လက်အောက်ခံလုပ်ငန်းများ (Internal Controls and Foreign Branches and Subsidiaries)<br>**R.21** သတင်းပေါက်ကြားမှုနှင့် လျှို့ဝှက် လုံခြုံမှု (Tipping-Off and Confidentiality) |

| | |
|---|---|
| ပွင့်လင်းမြင်သာမှုနှင့် အကျိုးခံစားခွင့် ရှိသူပိုင်ရှင် ဆိုင်ရာ လမ်းညွှန် (Guidance on Transparency and Beneficial Ownership (27 Oct 2014)) | **R.24** . ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ ပွင့်လင်း မြင်သာမှုနှင့် အကျိုးခံစားခွင့် ရှိသူပိုင်ရှင် (Transparency and Beneficial Ownership of Legal Persons)<br>**R.25** . ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ၏ ပွင့်လင်း မြင်သာမှုနှင့် အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင် (Transparency and Beneficial Ownership of Legal Arrangements)<br>**Methodology IO.5** - ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် စီစဉ်ဆောင်ရွက်မှုများကို ငွေကြေးခဝါချမှု (သို့) အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုအတွက် အလွဲသုံးစားပြုခြင်းမှ တားဆီးနိုင်သည်၊ အကျိုးခံစားခွင့် ရှိသူ ပိုင်ရှင်အချက်အလက်များကို ကြီးကြပ်ရေး အာဏာပိုင်များက အဟန့်အတားမရှိ ရယူနိုင်သည်။ |
| လက်တွေ့ဆောင်ရွက်မှုဆိုင်ရာ အရေးကိစ္စများ - ငွေကြေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ လမ်းညွှန် )၁၁ ဇူလိုင် ၂၀၁၂(Operational Issues - Financial Investigations Guidance (11 Jul 2012)) | **R.30** ဥပဒေစိုးမိုးရေးအဖွဲ့များ နှင့် စုံစမ်း စစ်ဆေးရေး အာဏာပိုင်များ၏ တာဝန် ဝတ္တရားများ (Responsibilities of Law Enforcement and Investigative Authorities)<br>**R.31** ဥပဒေစိုးမိုးရေးအဖွဲ့များနှင့် စုံစမ်း စစ်ဆေးရေး အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်များ (Powers of Law Enforcement and Investigative Authorities)<br>**Methodology IO.7** (ငွေကြေးခဝါချမှု ပြစ်မှုများနှင့် လုပ်ရပ်များကို စုံစမ်းစစ်ဆေးပြီး ပြစ်မှုကျူးလွန်သူ များအား တရားစွဲဆို တင်ပို့ပြီး ထိရောက် အချိုးညီပြီး နောင်ကြဉ် စေမည့် အရေးယူ ဒဏ်ခတ်မှုများ ချမှတ်သည် ။ |
| AML/CFT ဆိုင်ရာ ဒေတာ နှင့် ကိန်းဂဏန်း များဆိုင်ရာ လမ်းညွှန် (၂၇ နိုဝင်ဘာ ၂၀၁၅) (Guidance on AML/CFT-related data and statistics (27 Nov 2015)) | **R.33** ကိန်းဂဏန်း အချက်အလက်များ(Statistics)<br>**Methodology** နည်းပညာ ထိရောက်မှု အကဲဖြတ်ချက် |

| | |
|---|---|
| အန္တရာယ်အခြေပြု ချဉ်းကပ်မှု -ငွေကြေးကဏ္ဍ နှင့် ဥပဒေစိုးမိုးရေးအဖွဲ့မှ AML/CFT ကြီးကြပ်သူများက ထိရောက်သော ကြီးကြပ်ကွပ်ကဲမှုနှင့် အာဏာသက်ရောက်စေမှု(၂၃ အောက်တိုဘာ ၂၀၁၅) (Guidance for a Risk-Based Approach: Effective Supervision and Enforcement by AML/CFT Supervisors of the Financial Sector and Law Enforcement (23 Oct 2015)) | **Methodology IO.3** - ကြီးကြပ်သူများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBPများ AML/CFT စည်းမျဉ်းများကို ၄င်းတို့အပေါ်ရှိ အန္တရာယ် များနှင့် အညီ သင့်လျော်စွာ ကြီးကြပ် ကွပ်ကဲခြင်း စောင့်ကြည့် ကြပ်မတ်ခြင်း စည်းကမ်း ချမှတ်ခြင်းများ ပြုလုပ် ကြသည်။ |
| AML/CFT အစီအမံများနှင့် ငွေကြေးဝန်ဆောင်မှု အလုမ်းမီရေး ဆိုင်ရာ FATF လမ်းညွှန်၊ နောက်ဆက်တွဲ အဖြစ် ဆက်သွယ်ဆောင်သူအပေါ် အလေးထားစိစစ်မှု ပါ၊ (၀၄ နိုဝင်ဘာ ၂၀၁၇) (FATF Guidance on AML/CFT measures and financial inclusion, with a supplement on customer due diligence (04 Nov 2017)) | **Methodology IO.4** ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များက AML/CFT အကာအကွယ် အစီအမံများကို ၄င်းတို့အပေါ်ရှိ အန္တရာယ်များနှင့် အညီ သင့်လျော်စွာ ချမှတ်ဆောင်ရွက်နိုင်ပြီး၊ သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှု များကို သတင်းပို့ကြသည်။ |
| အကောင်းဆုံးကျင့်စဉ် စာတမ်း-အဂတိလိုက်စားမှု တိုက်ဖျက်ရန် FATF အကြံပြုချက်များကို အသုံးပြုခြင်း (၁၈ အောက်တိုဘာ ၂၀၁၃) (Best Practices Paper: The Use of the FATF Recommendations to Combat Corruption (18 Oct 2013)) | **Methodology** နိဒါန်း (အဂတိလိုက်စားမှု ) |
| ▪ Guidance for a Risk-Based Approach: Life Insurance Sector (29 Oct 2018)<br>▪ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအတွက် လမ်းညွှန် - အသက်အာမခံကဏ္ဍ (၂၉ အောက်တိုဘာ ၂၀၁၈)<br>▪ Guidance for a Risk-Based Approach: Securities Sector (29 Oct2018)<br>▪ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအတွက် လမ်းညွှန် - ငွေချေးသက်သေခံလက်မှတ်ကဏ္ဍ (၂၉ အောက်တိုဘာ ၂၀၁၈)<br>▪ Guidance for a Risk-Based Approach: Money or Value Transfer Services (23 Feb 2016)<br>▪ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအတွက် လမ်းညွှန် - ငွေကြေး သို့မဟုတ် တန်ဖိုးလွှဲပြောင်းဝန်ဆောင်မှု (၂၃ ဖေဖော်ဝါရီ ၂၀၁၆)<br>▪ Guidance for a Risk-Based Approach: Effective Supervision and Enforcement by AML/CFT | နည်းပညာ နိဒါန်း(**RBA**) |

| | |
|---|---|
| Supervisors of the Financial Sector and Law Enforcement (23 Oct 2015)<br>▪ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအတွက် လမ်းညွှန် - - ငွေကြေးကဏ္ဍ နှင့် ဥပဒေစိုးမိုးရေးအဖွဲ့မှ AML/CFT ကြီးကြပ်သူများက ထိရောက်သော ကြီးကြပ်ကွပ်ကဲမှု နှင့် အာဏာသက်ရောက်စေမှု (၂၃ အောက်တိုဘာ ၂၀၁၅) | |

| | |
|---|---|
| ▪ Guidance for a Risk-Based Approach: Virtual Currencies (26 June 2015)<br>▪ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအတွက် လမ်းညွှန် - အင်တာနက် ငွေကြေးများ (၂၆ ဇွန် ၂၀၁၅)<br>▪ Guidance for a Risk-Based Approach: The Banking Sector (27 Oct2014)<br>▪ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအတွက် လမ်းညွှန် - ဘဏ်လုပ်ငန်း (၂၇ အောက်တိုဘာ ၂၀၁၄)<br>▪ Guidance for a Risk-Based Approach: Prepaid Cards, Mobile Payments and Internet-Based Payment Services (26 June 2013)<br>▪ အန္တရာယ်အခြေပြု ချဉ်းကပ်မှုအတွက် လမ်းညွှန် - ကြိုပေးဖုန်းကဒ်ပြားများ၊မိုဘိုင်းလ် ငွေပေးချေမှုများနှင့် အင်တင်နက်မှ ငွေပေးချေသည့် ဝန်ဆောင်မှုများ (၂၆ ဇွန် ၂၀၁၃) | |

# ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များ အပေါ် သတ်မှတ် လိုအပ်ချက်များ၏ ဥပဒေအခြေခံ

1. ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များအတွက် သတ်မှတ်လိုအပ်ချက်အားလုံးကို (က) ဥပဒေတွင် ဖြစ်စေ (အကြံပြုချက် ၁၀၊၁၁ နှင့် ၂၀ ရှိ သတ်မှတ်ချက်များကို ကြည့်ပါ) အခြား ကိစ္စများအတွက် ဥပ ဒေ သို့မဟုတ် အာဏာသက်ရောက်စေသည့် နည်းလမ်းများဖြင့် ဖြစ်စေ ပြဋ္ဌာန်းသင့်သည် (မည်သည့်နည်းလမ်း သုံးမည် ဆိုသည် ကို နိုင်ငံက ရွေးချယ်နိုင်သည်)။

2. အကြံပြုချက် ၁၀၊၁၁ နှင့် ၂၀ တို့တွင်၊ "ဥပ ဒေ" ဆိုသည်မှာ လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပ ဒေ မူဘောင်အောက်တွင်၊ မဖြစ်မ နေ ကျင့်သုံးရမည့် အရေးယူဒဏ်ခတ်မှုများ ပြဋ္ဌာန်းသည့် လွတ်တော်လုပ်ငန်းစဉ်တစ်ခုမှဖြစ်စေ အခြားတူညီသော နည်းလမ်းများမှ ဖြစ်စေ အတည်ပြု ပြဋ္ဌာန်းချက်ကို ဆိုလိုသည်။ လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူဒဏ်ခတ်မှုသည် ထိရောက် အချိုးညီပြီး နောင်ကြဉ် စ ေ သင့်သည်။ (အကြံပြုချက် ၃၅ ကို ကြည့်ပါ)။ ဥပဒေဆိုသည့် သဘောတွင် ဆိုင်ရာ သတ်မှတ် လိုအပ်ချက်များကို ချမှတ်သည့် တရားစီရင်ရေး ဆုံးဖြတ်ချက်များပါ ပါဝင်ပြီး၊ နိုင်ငံတစ်ဝှမ်း၌ စည်းနှောင်မှု အာဏာ ရှိသည်။

3. "အာဏာသက်ရောက်စေသည့်နည်းလမ်းများ" ဆိုသည်မှာ လိုက်နာဆောင်ရွက်မှု မရှိခြင်းကို ကြီးကြပ်ရေး အာဏာပိုင်တစ်ရပ်ရပ်မှ အရေးယူဒဏ်ခတ်မှုများဖြင့် AML/CFT သတ်မှတ် လိုအပ်ချက်များ ထုတ်ပြန် အတည်ပြုသော ဥပ ဒေကဲ့သို့ အာဏာတည်သည့် စည်းမျဉ်းများ၊ လမ်းညွှန်များ၊ ညွှန်ကြားချက်များ သို့မဟုတ် အခြား စာတမ်း သို့မဟုတ် ယန္တရားများကို ဆိုလိုသည်။

4. စာတမ်း သို့မဟုတ် ယန္တရားတစ်ခုသည် အာဏာသက်ရောက်စေသည့်နည်းလမ်း မြောက်မမြောက် စဉ်းစားရာတွင် အောက်ပါ အကြောင်းများကို ထည့်သွင်း စဉ်းစားသင့်သည်။

   (a) FATF အကြံပြုချက်များ တွင် ပါသည့် အရေးကိစ္စများကို ဖြေရှင်းရန် ချမှတ်သည့် သို့မဟုတ် ကျောထောက်နောက်ခံပြုသည့် စာတမ်း သို့မဟုတ် ယန္တရားတစ်ရပ် ရှိရမည်ဖြစ်ပြီး၊ ထိုသို့ အာဏာသက်ရောက်ကြောင်းနားလည်ရမည့်သတ်မှတ်ချက်များရှင်းလင်းစွာ ဖော်ပြထားခြင်းရှိရမည်။

      (i) အစီအမံများက *shall* သို့မဟုတ် *must* သုံးလျှင်၊ မဖြစ်မနေလုပ်ရမည်ဟု ယူဆသင့်သည်။

      (ii) should ဟု သုံးပါက၊ စည်းကမ်းချမှတ်သူရော စည်းကမ်းလိုက်နာရသည့် အဖွဲ့ အစည်းများက တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်စွာဖြင့် လိုအပ်သည်၊ အကောင် အထည် ဖော်လျက်ရှိသည် ဆိုလျှင် မဖြစ်မနေလုပ်ရမည်ဟု ယူဆနိုင်သည်။ အစီအမံများ အကောင်အထည်ဖော်ရန် အားပေး တိုက်တွန်းသည် (encouraged)၊ အကြံပြုသည် (recommended) သို့မဟုတ် အဖွဲ့အစည်းများက စဉ်းစားသင့်သည် (should consider)ဟူ၍ သုံးနှုန်းလျှင်၊ မဖြစ်မနေဟု ယူဆရန် အကြောင်း နည်းသည်။ အားပျော့သည့် အသုံးအနှုန်းများ သုံးသည့် အခြေအနေများ၌ မဖြစ်မ နေ ဆိုသည့် အသုံးအနှုန်းမဟုတ်ဟု ယူဆရသည် (နိုင်ငံက မဖြစ်မန ေ လုပ်ရမည်ဟု မဆိုခဲ့သော်)။

   (b) ထိုစာတမ်း သို့မဟုတ် ယန္တရားကို ကြီးကြပ်ရေး အာဏာပိုင်တစ်ရပ်ရပ်မှ ထုတ်ပြန်ရမည် သို့မဟုတ်

ခွင့်ပြုချက်ရရှိရမည်။

(c) လိုက်နာဆောင်ရွက်မှု မရှိခြင်းအတွက် အရေးယူဒဏ်ခတ်မှုများ ပါရှိရမည်။ နောက် စာတမ်းတစ်ခုတွင် ထိုသတ်မှတ်တာဝန်များနှင့် ပြစ်ဒဏ်များ ရှင်းလင်းစွာ ချိတ်ဆက်မှု ပြသထားမည် ဆိုပါက သတ်မှတ်လိုအပ်ချက် ချမှတ်သို့မဟုတ် ထောက်ကန်ပေး သည့် စာတမ်းအတွင်း ထို ပြစ်ဒဏ်များ ပါရှိရန် မလိုပေ။ ထို ပြစ်ဒဏ်များသည် ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသင့်သည်။ အောက်ပါ ကိစ္စရပ်များကိုလည်း ထည့်သွင်းစဉ်းစား ရမည်။

(i) သတ်မှတ်တာဝန်များကို လိုက်နာရန် ပျက်ကွက်သူများအား ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူဒဏ်ခတ်မှု အသွယ်သွယ် လုံလောက်စွာ ထားရှိ သင့်သည်။

(ii) ထို ပြစ်ဒဏ်များသည် AML/CFT သတ်မှတ်လိုအပ်ချက်တစ်ခုခုကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်မှုအပေါ် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ချမှတ် နိုင်သည့် အရေးယူ ဒဏ်ခတ်မှု ဖြစ်သင့်သည်။ AML/CFT သတ်မှတ်တာဝန် တစ်ခုခုကို မလိုက်နာသဖြင့် ချမှတ်ရန် တိုက်ရိုက်အကျုံးဝင်သည့် ပြစ်ဒဏ် မရှိပါက၊ သင့်လျော်ကောင်းမွန်သည့် စနစ်များ သို့မဟုတ် အထိန်းအချုပ်များ မရှိမှုဖြင့်သော်လည်းကောင်း၊ အန္တရာယ်ကင်း လုံခြုံသည့် နည်းလမ်းဖြင့် လုပ်ငန်း လည်ပတ်ခြင်း မရှိမှုဖြင့်သော်လည်းကောင်း၊ အကျယ်အားဖြင့် ချမှတ်ထားသော တာဝန် ပျက်ကွက်မှုဖြင့် အရေးယူနိုင်လျှင် ကျေနပ်ဖွယ်ရှိသည်။ အနည်းဆုံး အားဖြင့် AML/CFT မဟုတ်သည့် အခြား ဘဏ်လုပ်ငန်းနှင့် စပ်လျဉ်းသည့် (prudential) ပျက်ကွက်မှုများ ရှိကြောင်း သက်သေပြရန် လိုအပ်ခြင်းမရှိ ဘဲ၊ AML/CFTသတ်မှတ်တာဝန် တစ်ခု သို့မဟုတ် တစ်ခုမက ပျက်ကွက်ခြင်းကို အထက်ပါအတိုင်း အကျယ် ပြဋ္ဌာန်းချက်များဖြင့် လုံလောက်စွာ အရေးယူ နိုင်သည် ဆိုလျှင် ကျေနပ်ဖွယ် ရှိသည်။

(iii) ထိရောက် အချိုးညီပြီး နောင်ကြဉ်စေသည့် အရေးယူဒဏ်ခတ်မှုများ လက်တွေ့ ချမှတ်နိုင်ခဲ့သည့် ကျေနပ်ဖွယ် အထောက်အထား ရှိမရှိ။

5. ကိစ္စရပ်တိုင်းတွင် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် DNFBP များသည် လိုက်နာဆောင်ရွက်မှု မရှိလျှင် အရေးယူခံရမည်ဖြစ်ကြောင်းနှင့် မည်သည့်ပြစ်ဒဏ်များနှင့် အရေးယူခံရမည်ဆိုသည်ကို နားလည်ကြောင်း ပြသနိုင်သင့်သည်။

## အထွေထွေ ဝေါဟာရ စာရင်း

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| ငွေစာရင်းများ | "ငွေစာရင်းများ"ဆိုရာတွင် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ၄င်းတို့၏ ဆက်သွယ်ဆောင်ရွက်သူများအကြား အခြားအလားတူ စီးပွားဆက်ဆံဆောင်ရွက်မှုများ ပါဝင်သည်ဟု ဖတ်ရှုသင့်သည်။ |
| တိကျမှန်ကန် | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| ကိုယ်စားလှယ် | အကြံပြုချက် ၁၄ နှင့် ၁၄ တွင်၊ 'ကိုယ်စားလှယ်' ဆိုသည်မှာ ကန်ထရိုက်ပေး၍ဖြစ်စေ MVTS ဝန်ဆောင်မှုလုပ်ငန်း၏ ညွှန်ကြားချက်ဖြင့် ဖြစ်စေ MVTS ဝန်ဆောင်မှုလုပ်ငန်းကိုယ်စား MVTS ဆောင်ရွက်ပေးသော လူပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်ကို ဆိုလိုသည်။ |
| သင့်လျော်သော အာဏာပိုင်များ | အကြံပြုချက် ၈ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| တွဲဖက် NPO | အကြံပြုချက် ၈ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| အသုတ်လိုက် ငွေလွှဲပြောင်းမှု | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ | *ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ (BNIs)* ဆိုသည်မှာ ခရီးသွားချက်လက်မှတ်များ၊ လွှဲပြောင်းနိုင်သည့် စာတမ်းများ(ချက်လက်မှတ်များ၊ ငွေပေးကတိစာချုပ် နှင့် ငွေလွှဲစာများအပါအဝင်) ကိုင်ဆောင်နိုင်သည့်ပုံစံဖြင့်၊ ကန့်သတ်ချက် မရှိအတည်ပြုပြီး အမှန်တကယ်မရှိသောလူတစ်ဦးဦးအားပေးနိုင်သည့် သို့မဟုတ် ထိုပုံစံဖြင့် ကိုင်ဆောင်သူ လွှဲပြောင်းနိုင်သည့် စာတမ်းများ၊ လက်မှတ်ထိုးထားသော်လည်း လက်ခံသူ အမည်မပါသည့် စာတမ်းများ (ချက်လက်မှတ်များ နှင့် ငွေလွှဲစာများအပါအဝင်) |
| ကိုင်ဆောင်သူ အစုရှယ်ယာများ | ကိုင်ဆောင်သူ အစုရှယ်ယာများဆိုသည်မှာ ထိုလက်မှတ်ကိုင်ဆောင်သူအား ဥပဒေရေးရာ ပုဂ္ဂိုလ်တွင် ပိုင်ဆိုင်မှု ပေးအပ်သည့် လွှဲပြောင်းနိုင်သည့် စာတမ်းများကို ဆိုလိုသည်။ |
| အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင် | အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုသည်မှာ ဆက်သွယ်ဆောင်ရွက်သူတစ်ဦးဦးအား အဆုံးစွန် ပိုင်ဆိုင်သော သို့မဟုတ် ထိန်းချုပ်သော လူပုဂ္ဂိုလ် [91] သို့မဟုတ် ဆက်သွယ်ဆောင်ရွက်သူ ကိုယ်စား ငွေလွှဲပြောင်းမှု ပြုလုပ်သော လူပုဂ္ဂိုလ်ကို ဆိုလိုသည်။ ထို့အပြင် ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ခုခုအပေါ် အဆုံးစွန် ထိရောက်သည့် ထိန်းချုပ်နိုင်သူများ လည်းပါဝင်သည် [92] |

91 "အဆုံးစွန် ပိုင်ဆိုင်သူ သို့မဟုတ် ထိန်းချုပ်သူ" နှင့် "အဆုံးစွန် ထိရောက်သော ထိန်းချုပ်မှု" ဆိုသည်မှာ ပိုင်ဆိုင်မှုအဆင့်ဆင့် သို့မဟုတ် တိုက်ရိုက်ထိန်းချုပ်ခြင်း မဟုတ်သည့် ထိန်းချုပ်မှုအဆင့်ဆင့်ဖြင့် ပိုင်ဆိုင်မှု/ထိန်းချုပ်မှု ပြုလုပ်သည့် အခြေအနေများကို ဆိုလိုသည်။

92 ဤအဓိပ္ပါယ်ဖွင့်ဆိုချက်တွင် အသက်အာမခံ သို့မဟုတ် အခြားရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် အာမခံပေါ်လစီတစ်ခုခု၏ အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်တစ်ဦးကိုပါ အကျုံးဝင်စေသင့်သည်။

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| အကျိုးခံစားခွင့်ရှိသူများ | အကြံပြုချက် ၈ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| အကျိုးခံစားခွင့်ရှိသူ | FATF အကြံပြုချက်များရှိ အကျိုးခံစားခွင့်ရှိသူ၏ အဓိပ္ပါယ်သည် ဆက်စပ်စကားရပ်ပေါ်တွင် မူတည်သည်။<br>■ ယုံကြည်အပ်နှံမှု ဥပဒေတွင်၊ အကျိုးခံစားခွင့်ရှိသူဆိုသည်မှာ မည်သည့် ယုံကြည်အပ်နှံ မှု အစီအစဉ်၌ မဆို အကျိုးခံစားခွင့်ရှိသူ)များ(ကို ဆိုလိုသည်။ အကျိုးခံစားခွင့်ရှိသူ သည် ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ခုခုလည်း ဖြစ်နိုင်သည်။ ယုံကြည်အပ်နှံမှုအားလုံးသည်)ပရဟိတဆိုင်ရာ ယုံကြည် အပ်နှံမှု သို့မဟုတ် ဥပဒေကခွင့်ပြုသည့် ပရဟိတမဟုတ်သည့် ယုံကြည်အပ်နှံမှုများ မှလွဲ၍ (မည်သူမည်ဝါဖြစ်သည်ကို အသေအချာသိနိုင်မည့် အကျိုးခံစားခွင့်ရှိသူများ ရှိရန်လိုသည်။ ယုံကြည်အပ်နှံမှုများတွင် အသေအချာသိနိုင်မည့် အကျိုးခံစားခွင့် ရှိသူများ အမြဲ ရှိရန်လိုသော်လည်း လုပ်ပိုင်ခွင့်များသာ ပေးအပ်ထားသော အသေအချာ သီးခြားမသတ်မှတ်ဘဲ တည်ရှိနေသာ အကျိုးခံစားခွင့်ရှိသူများရှိတတ်ပြီး၊ အမှန်စင်စစ်အကျိုးခံစားခွင့်ရှိသူအဖြစ် ခံစားခွင့်ရှိသူကို accumulation period ဟုခေါ် သော သတ်မှတ်ကာလတစ်ခုကုန်ဆုံးချိန်ရောက်မှ ဝင်ငွေသို့မဟုတ် ငွေလုံးငွေရင်းကို ခံစားရသူကို တွေ့ရှိရတတ်သည်။ ဤကာလသည် သာမန်အားဖြင့် ယုံကြည်အပ်နှံမှု စာချုပ်တွင် “ယုံကြည်အပ်နှံမှုသက်တမ်း” ဟုခေါ်ဆိုသည့် ရှိသမျှ တည်ရှိသည်။<br>■ အသက်အာမခံ သို့မဟုတ် အခြား ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သည့် အာမခံပေါ်လစီ တွင်၊ အကျိုးခံစားခွင့်ရှိသူ ဆိုသည်မှာ ပေါ်လစီတွင် အကျုံးဝင်သော ငွေကြေးများကို အာမခံ ကာလ ပြည့်ချိန်တွင် ရရှိသည့် လူပုဂ္ဂိုလ် သို့မဟုတ် ဥပေဒရေးရာ ပုဂ္ဂိုလ် သို့မဟုတ် စီစဉ်ဆောင်ရွက်မှု သို့မဟုတ် လူပုဂ္ဂိုလ်အမျိုးအစား ဖြစ်သည်။<br>အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကိုလည်း ကိုးကားပါ။ |
| အကျိုးခံစားခွင့်ရှိသူလွှဲပို့သည့် ငွေရေးကြေးရေး အဖွဲ့အစည်း | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| ကြီးကြပ်ရေး အာဏာပိုင်များ | ကြီးကြပ်ရေး အာဏာပိုင်များဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေးတာဝန်အသီးသီးရှိသော ပြည်သူ့အာဏာပိုင်များအားလုံးကို ဆိုလိုသည်။ [93] အထူးသဖြင့် FIUi ငွေကြေးခဝါချမှု၊ ဆက်စပ်မှုလပြစ်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတို့ကို စုံစမ်းစစ်ဆေးခြင်းနှင့်/(သို့) တရားစွဲဆိုတင်ပို့ခြင်းတာဝန်များ၊ |

| | |
|---|---|
| | ပြစ်မှု ကျူးလွန်ရာမှရရှိသည့်ပစ္စည်းများ ထိန်းချုပ် သိမ်းဆည်းခြင်း တာဝန်များရှိသော အာဏာပိုင်များ၊ နယ်စပ်ဖြတ်ကျော် ငွေကြေးနှင့် BNI သယ်ဆောင်မှုများအတွက် သတင်းပို့ချက်များ လက်ခံသော အာဏာပိုင်များ၊ နှင့် ငွေကြေးအဖွဲ့အစည်းများနှင့် DNFBP များက AML/CFT တာဝန်များ လိုက်နာ ဆောင်ရွက်ရေး အတွက် AML/CFT ကြီးကြပ်ရေး သို့မဟုတ် စောင့်ကြည့်ကြပ်မတ်ရေး တာဝန်များရှိသောအာဏာပိုင်များ ကို ဆိုလိုသည်။ SRB များကို ကြီးကြပ်ရေး အာဏာပိုင်များဟု မသတ်မှတ်ပေ။ |
| သိမ်းဆည်းမှု | သိမ်းဆည်းခြင်း((confiscation) ဆိုသည့်စကားရပ်သည် ၊ အကျုံးဝင်သည့်အခြေအနေတွင် အပြီးအပိုင် ဆုံးရှုံးခံရခြင်း(forfeiture) ပါပါဝင်ပြီး၊ ကြီးကြပ်သည့် အာဏာပိုင်တစ်ရပ်ရပ် သို့မဟုတ် တရားရုံးတစ်ခုခု၏ အမိန့်ဖြင့် ရန်ပုံငွေ သို့မဟုတ် ပစ္စည်းများကို အပြီး သိမ်းယူခြင်းကို ဆိုလိုသည်။ သိမ်းဆည်းခြင်း သို့မဟုတ် အပြီး ဆုံးရှုံးခံရခြင်းတို့ကို စီရင်ကြားနာမှု သို့မဟုတ် စီမံအုပ်ချုပ်မှုတစ်ခုခု၏ လုပ်ထုံးလုပ်နည်းအရ ထိုရန်ပုံငွေ သို့မဟုတ် အခြားပစ္စည်းများကို နိုင်ငံပိုင်အဖြစ် လွှဲပြောင်းယူခြင်းဖြစ်သည်။<br><br>ထိုသို့ သိမ်းဆည်းသည့် သို့မဟုတ် အပြီး သိမ်းယူသည့်အခါ၌ ထိုရန်ပုံငွေ သို့မဟုတ် အခြားပစ္စည်းများတွင် အကျိုးစီးပွား ပိုင်ဆိုင်သည့် လူ သို့မဟုတ် အဖွဲ့အစည်း)များ(သည်၊ သဘောတရားအားဖြင့် ထိုရန်ပုံငွေသို့မဟုတ် အခြားပစ္စည်းများနှင့် ပတ်သက်သည့် အခွင့်အရေး အားလုံးလက်လွှတ် ဆုံးရှုံးသည်။ ထိုသို့ သိမ်းဆည်း(Confiscation သို့မဟုတ် forfeiture) အမိန့်များသည် ပုံမှန်အားဖြင့် ထိုပစ္စည်းများသည် ဥပဒေချိုးဖောက်မှုမှ ရရှိသော သို့မဟုတ် ဥပဒေချိုးဖောက်သည့် လုပ်ရပ်တစ်ခုခုတွင် အသုံးပြုရန် ရည်ရွယ်သော ပစ္စည်းများဟု ပြစ်ဒဏ်စီရင်ချက် သို့မဟုတ် တရားရုံး ဆုံးဖြတ်ချက်များနှင့် ဆက်စပ်သည်။ |
| ပင်မ အခြေခံစည်းမျဉ်းများ | ပင်မ အခြေခံစည်းမျဉ်းများ ဆိုသည်မှာဘဏ်လုပ်ငန်း ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာ၊ ဘေဇယ်လ် ကော်မတီမှ ထုတ်ပြန်သည့် ထိရောက်သော ဘဏ်လုပ်ငန်းဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုအတွက် ပင်မ အခြေခံစည်းမျဉ်းများ ၊ ငွေချေးသက်သေခံလက်မှတ်ဆိုင်ရာ စည်းမျဉ်းများအတွက် အပြည်ပြည်ဆိုင်ရာ ငွေချေးသက်သေခံလက်မှတ် ကော်မရှင်များမှထုတ်ပြန်သည့် ဦးတည်ချက် များနှင့် အခြေခံစည်းမျဉ်းများ၊ နှင့် အပြည်ပြည်ဆိုင်ရာ အာမခံလုပ်ငန်း ကြီးကြပ်ကွပ်ကဲသူများ အသင်း မှ ထုတ်ပြန်သည့် ကြီးကြပ်ကွပ်ကဲရေး အခြေခံစည်းမျဉ်းများကို ဆိုလိုသည်။ |
| အဆက်အသွယ်ဘဏ် | အဆက်အသွယ်ဘဏ်ဆိုသည်မှာ ဘဏ်တစ်ခု (အဆက်အသွယ်ဘဏ်) မှ နောက်ဘဏ်တစ်ခု (လက်ခံသည့်ဘဏ် respondent bank) အား ဘဏ်ဝန်ဆောင်မှုများ ပေးအပ်ခြင်းကို ဆိုလိုသည်။ အပြည်ပြည်ဆိုင်ရာ ဘဏ်ကြီးများသည် ကမ္ဘာတစ်လွှားရှိ အခြားဘဏ် ထောင်ပေါင်းများစွာအတွက် အဆက်အသွယ်ဘဏ်အဖြစ် ဆောင်ရွက်ကြသည်။ လက်ခံသည့် ဘဏ်များအာ ငွေကြေး စီမံခန့်ခွဲမှု အပါအဝင် (ဥပမာ- ငွေကြေးအမျိုးအစားအမျိုးမျိုးဖြင့် အတိုးခံစားရသည့် ငွေစာရင်းများ)၊ နိုင်ငံတကာ အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပြောင်းခြင်း များ၊ချက်လက်မှတ်ဖြင့် ရှင်းခြင်း။ ပေးချေမှုကိုတစ်ဆင့်လက်ခံ ငွေစာရင်း(payable-through accounts) နှင့် ငွေလဲလှယ် သည့် ဝန်ဆောင်မှု စသည့် ဝန်ဆောင်မှုအသွယ်သွယ် ပေးကြသည်။ |

| | |
|---|---|
| နိုင်ငံ | **FATF** အကြံပြုချက်များရှိ နိုင်ငံ သို့မဟုတ် နိုင်ငံများဆိုသည်မှာ စီရင်ပိုင်နက် သို့မဟုတ် တရားစီရင်ပိုင်ခွင့်ကို ဆိုလိုသည်။ |
| ပေးချေမှုကို ကာမိရန် ကြားခံဘဏ် သို့ ပို့သည့် စာ | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| ပြစ်မှု ကျူးလွန်သည့်လုပ်ရပ် | ပြစ်မှု ကျူးလွန်သည့်လုပ်ရပ်ဆိုသည်မှာ(က) နိုင်ငံတွင် ငွေကြေးခဝါချမှုအတွက် မူလပြစ်မှု မြောက်သည့် လုပ်ရပ်အားလုံးကို ဆိုလိုသည်၊ သို့မဟုတ်(ခ) အနည်းဆုံးအားဖြင့် အကြံပြုချက် ၃ အရ မူလပြစ်မှုမြောက်သည်ဟု သတ်မှတ်သည့် ပြစ်မှုများကိုဆိုလိုသည်။ |
| နယ်စပ်ဖြတ်ကျော် အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပြောင်းမှု | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |

93 ဥပဒေအရ လုပ်ပိုင်ခွင့်ရှိသော သီးခြားလွတ်လပ်သော အစိုးရမဟုတ်သည့် အာဏာပိုင်များအဖြစ် ထူထောင်ထားသည့် ငွေရေးကြေးရေး ကြီးကြပ်ကွပ်ကဲသူများ ပါဝင်သည်။

| | |
|---|---|
| ငွေကြေး | *ငွေကြေး* ဆိုသည်မှာ ငွေလည့်ပတ်မှုအတွင်း ရှိ ဖလှယ်နိုင်သည့် ကြားခံအဖြစ် အသုံးပြုကြသည့် ဘဏ် ငွေစက္ကူများနှင့် အကြွေစေ့ များကိုဆိုလိုသည်။ |
| ပြစ်မှုအဖြစ် သတ်မှတ်ထား သည့် အမျိုးအစားများ | *ပြစ်မှုအဖြစ် သတ်မှတ်ထားသည့် အမျိုးအစားများ ဆိုသည်မှာ-*<br>■ ရာဇဝတ်ဂိုဏ်းများတွင် ပါဝင်မှု၊ ဒုစရိုက်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမှု<br>■ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အပါအဝင် အကြမ်းဖက်မှု<br>■ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှု၊<br>■ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင် အပါအဝင် အခြားသော လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှု၊<br>■ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ တရားမဝင် ကုန်ကူးမှု<br>■ လက်နက်တရားမဝင် မှောင်ခိုမှု<br>■ ခိုးရာပါ ပစ္စည်းနှင့် အခြားသော ကုန်စည်များ တရားမဝင်ကုန်ကူးမှု၊<br>■ အဂတိလိုက်စားမှုနှင့် လာဘ်ပေး လာဘ်ယူမှု၊<br>■ လိမ်လည်မှု၊<br>■ ငွေကြေးအတု ပြုလုပ်မှု၊<br>■ ကုန်ပစ္စည်းအတု ပြုလုပ်မှုနှင့် မူပိုင်ခွင့်ချိုးဖောက်မှု၊<br>■ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြစ်မှု၊<br>■ လူသတ်မှု၊ လူခန္ဓာကိုယ်ကို အပြင်းအထန် နာကျင်စေမှု၊<br>■ ပြန်ပေးဆွဲမှု၊ မတရားဖမ်းဆီးချုပ်နှောင်မှုနှင့် ဓားစာခံဖမ်းဆီးမှု၊<br>■ လုယက်မှု သို့မဟုတ် ခိုးယူမှု၊<br>■ မှောင်ခိုမှု (အခွန်အကောက်များအပါအဝင်)<br>■ အခွန်အကောက်ဆိုင်ရာ ပြစ်မှုများ၊ (တိုက်ရိုက်ခွန်နှင့် သွယ်ဝိုက်ခွန်များ အပါအဝင်)<br>■ ခြိမ်းခြောက် တောင်းယူမှု၊<br>■ အတုပြုလုပ်မှု၊<br>■ ပင်လယ်ဓားပြမှုနှင့် |

| | |
|---|---|
| | ■ အတွင်းသတင်း အမြတ်ထုတ်မှုနှင့် ဈေးကွက် ချယ်လှယ်မှု။<br>■ အထက်ပါအမျိုးအစာတစ်ခုချင်းအောက်ရှိ ပြစ်မှုအသွယ်သွယ်ကို မူလပြစ်မှုများအဖြစ် အကျုံး ဝင်မှု ရှိမရှိကို နိုင်ငံများသည် မိမိတို့၏ ပြည်တွင်းဥပဒေနှင့် အညီ လည်းကောင်း၊ ယင်းပြစ်မှု များကို အဓိပ္ပါယ်ဖွင့်ဆိုမှုအရလည်းကောင်း၊ ထိုပြစ်မှုများကို ကြီးလေးသော ပြစ်မှု မြောက် စေသည့် သီးခြား အကြောင်းအချက်များအရ လည်းကောင်း ဆုံးဖြတ်နိုင်သည်။ |
| ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း | ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆိုသည်မှာ-<br>a) ကာစီနိုများ [94]<br>b) အိမ်ခြံမြေ အကျိုးဆောင်များ<br>c) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်သည့်လုပ်ငန်းများ<br>d) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာများ ရောင်းဝယ်ခြင်း၊<br>e) ရှေ့နေများ၊ နိထရီပတ်ဗလစ်၊ အခြား သီးခြားလွတ်လပ်သော ဥပဒေဖြင့် အသက်မွေးဝမ် းကျောင်းပြုသူများ နှင့် စာရင်းကိုင်များ - တစ်ဦးတည်းလုပ်ကိုင်သူများ၊ အစုစပ်လုပ်ကိုင် သူများ သို့မဟုတ် အခြား တရားဝင် လုပ်ငန်းများအတွင်း ခန့်ထားသော ဆိုင်ရာ ပညာဖြင့် အသက်မွေးဝမ်းကျောင်း သူများကို ရည်ညွှန်းသည်။ သို့သော် AML/CT အစီအမံများ လိုက်နာဆောင်ရွက်ရန် တာဝန် ရှိပြီးဖြစ်သည့် အခြား လုပ်ငန်းအမျိုး အစားများ ၊သော်လည်းကောင်း အစိုးရဌာနများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပညာဖြင့် အသက်မွေးဝမ်းကျောင်းသူများဖြစ်သည့် 'ဌာနဆိုင်ရာ' ပညာရှင်များကို ကိုးကားခြင်း မဟုတ်ပါ။ |

[94] FATF အကြံပြုချက်များတစ်လျှောက် သတ်မှတ်သည့် ကာစီနိုများ ဆိုသည်စကားရပ်တွင် အင်တာနက်ဖြင့်လည်းကောင်း၊ သင်္ဘောပေါ် ကစားသည့် ကာစီနိုများလည်းကောင်း ပါဝင်သည်။

(ယုံကြည်အပ်နှံမှုနှင့် ကုမ္ပဏီဝန်ဆောင်မှု ပေးသူများ ဆိုသည်မှာ ဤအကြံပြုချက်များအောက် မည်သည့်နေရာတွင်မှ အကျုံးဝင်မှု မရှိသေးသော လူပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းများ၊ နှင့် တတိယကြားခံအဖွဲ့များ (third parties)များအားစီးပွားရေး လုပ်ငန်းတစ်ခုအဖြစ် အောက်ပါ ဝန်ဆောင်မှုများ ပေးသည့် လူပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းများကို ဆိုလိုသည်။

- ဥပဒေရေးရာ ပုဂ္ဂိုလ်များ ထူထောင်ပေးသည့် ဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊
- ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးအဖြစ် သော်လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြား ဥပဒေရေးရာ ပုဂ္ဂိုလ်များနှင့် အလားတူ အဆင့်ရှိသူအဖြစ် ဆောင်ရွက်ခြင်း၊
- မှတ်ပုံတင်ပြီး တရားဝင်ရုံးတစ်ခု တာဝန်ယူ ဆောင်ရွက် ပေးခြင်း၊ ကုမ္ပဏီတစ်ခုခု၊ အစုစပ်လုပ်ငန်းတစ်ခုခု သို့မဟုတ် မည်သည့် ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် စီစဉ်ဆောင်ရွက်မှုကို မဆို၊ လုပ်ငန်းလိပ်စာ သို့မဟုတ် နေရာ ထိုင်ခင်း၊ စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှုလိပ်စာတို့ကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊
- အထူး ယုံကြည်အပ်နှံမှုတစ်ခုအတွက် ယုံကြည်အပ်နှံခြင်း ခံရသူအဖြစ် သို့မဟုတ် နောက် ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုတစ်ခုအတွက် ထပ်တူ တာဝန် ဆောင်ရွက်ခြင်း သို့မဟုတ် အခြားသူတစ်ဦးအား ယုံကြည်အပ်နှံခြင်းခံရသူအဖြစ်ဆောင်ရွက်စေခြင်း၊
- သူတစ်ဦးအတွက် အမည်ခံ အစုရှယ်ယာရှင်အဖြစ် ဆောင်ရွက်ခြင်း (သို့မဟုတ် အခြားသူ တစ်ဦးအား ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း)၊

**စာရင်းသွင်း သတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်း**

စာရင်းသွင်း သတ်မှတ်ခံရသူ သို့မဟုတ် အဖွဲ့အစည်းဆိုသည်မှာ-

(i) ဆုံးဖြတ်ချက် ၁၂၆၇ (၁၉၉၉) အရ ဖွဲ့စည်းသည့် (၁၂၆၇ ကော်မတီဟု ခေါ်ဆိုသော) လုံခြုံရေးကောင်စီ ကော်မတီ မှ စာရင်းသွင်း သတ်မှတ်သည့် အယ်လ်ခိုင်းဒါးနှင့် ဆက်နွယ်မှုရှိသူများ၊ သို့မဟုတ် အယ်လ်ခိုင်းဒါးနှင့် ဆက်နွယ်မှုရှိသည့် အဖွဲ့အစည်း များ၊ အုပ်စုများနှင့် ဆောင်ရွက်ချက်များ၊

(ii) ဆုံးဖြတ်ချက် ၁၉၈၈ (၂၀၁၁) (၁၉၈၈ ကော်မတီအရ) ဖွဲ့စည်းသည့် လုံခြုံရေးကောင်စီ ကော်မတီမှ အာဖဂန်နစ်စတန်၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် လုံခြုံမှုကို ခြိမ်းခြောက်မှုမြောက်သည့် တာလီဘန်နှင့် ဆက်နွယ်သူများ၊ အုပ်စုများ၊ ဆောင်ရွက်ချက်များ နှင့် အဖွဲ့အစည်းများ၊ သို့မဟုတ် တာလီဘန်နှင့် ဆက်နွယ်သူများ၊ အဖွဲ့အစည်းများနှင့် အခြားအုပ်စုများနှင့် ဆောင်ရွက်ချက်များ

(iii) လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၇၃ (၂၀၀၁)အရ စီရင်ပိုင်ခွင့်အလိုက် သို့မဟုတ် နိုင်ငံအများကို လွှမ်းခြုံသည့် စီရင်ပိုင်ခွင့်အလိုက် စာရင်းသွင်း သတ်မှတ်ခံရသူ သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်များ၊

(iv) လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၇၁၈ (၂၀၀၆)အရနှင့် ဆိုင်ရာ ဆုံးဖြတ်ချက်များ၏ ဖြည့်စွက်ချက်များအဖြစ် လုံခြုံရေးကောင်စီ၏ နောင်ချမှတ် မည့် မည်သည့်ဆုံးဖြတ် ချက် များအရ သော်လည်းကောင်း၊ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် ၁၇၁၈ (၂၀၀၆) အရ ဆုံးဖြတ်ချက် ၁၇၁၈ (၂၀၀၆ )(၁၇၁၈ အရေးယူဒဏ်ခတ်မှုဆိုင်ရာကော်မတီ) ဟုခေါ်ဆိုသောလုံခြုံရေးကောင်စီ ကော်မတီ မှ သော်လည်းကောင်း ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှုများ ချမှတ်ရန် စာရင်းသွင်းသတ်မှတ်ခံရသည့် မည်သည့်သူ၊ ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် စီစဉ်ဆောင်ရွက်မှုများမဆို။

(v) လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၂၃၁ (၂၀၁၅) နှင့် လုံခြုံရေးကောင်စီမှ နောင်ချမှတ် မည့် ထိုမှ ဆင်းသက်သည့် ဆုံးဖြတ်ချက်များ အရ ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုများ ချမှတ်ရန် စာရင်းသွင်းသတ်မှတ်ခံရသည့် မည်သည့်သူ၊ ဥပဒေရေးရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများမဆို။

| Terms | Definitions |
|---|---|
| စာရင်းသွင်းသတ်မှတ်ခြင်း | စာရင်းသွင်းသတ်မှတ်ခြင်းဆိုသည့် စကားရပ်တွင် အောက်ပါ ဆုံးဖြတ်ချက်များအရ ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှု ချမှတ်ခံရသည့် သူတစ်ဦး၊ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း မည်သူမည်ဝါဖြစ်သည်ကို ရည်ညွှန်းခြင်းဖြစ်သည်။<br>■ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၂၆၇ (၁၉၉၉) နှင့် ၄င်းမှ ဆင်းသက်သည့် ဆုံးဖြတ်ချက်များ<br>■ ထိုသူ သို့မဟုတ် အဖွဲ့အစည်းအား ဆိုင်ရာ အရေးယူ ဒဏ်ခတ်မှုများ ချမှတ်မည့် ဆုံးဖြတ်ချက်အပါအဝင်၊လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၃၇၃ (၂၀၀၁) နှင့် ထိုဆုံးဖြတ်ချက်ကို အများပြည်သူအား အကြောင်းကြားမှု၊<br>■ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၇၁၈(၂၀၀၆) နှင့် ၄င်းမှ ဆင်းသက်သည့် ဆုံးဖြတ်ချက်များ<br>■ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၂၃၁ (၂၀၁၁) နှင့် ၄င်းမှ ဆင်းသက်သည့် ဆုံးဖြတ်ချက်များနှင့်<br>■ ဖျက်အားပြင်း လက်နက်ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်မှုများ နောင်အခါတွင် ချမှတ်မည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ။<br>■ လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၂၃၁ (၂၀၁၅) နှင့် နောင်အခါတွင် ချမှတ်မည့် ထိုမှ ဆင်းသက်သည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များရှိ စာရင်းသွင်းခြင်း (listing ) ဟူသော ရည်ညွှန်းချက်များသည် စာရင်းသွင်းသတ်မှတ်ခြင်း (designations) နှင့် တူညီသည်။ |
| ကြေးနန်း/အီလက်ထရွန်နစ်နည်းဖြင့် ပြည်တွင်းငွေလွှဲပို့မှု | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| အာဏာသက်ရောက်စေသည့် နည်းလမ်းများ | ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များအတွက် သတ်မှတ်လိုအပ်ချက်များဆိုင်ရာ ဥပဒေအခြေခံ၏ စာစုကို ကိုးကားပါ။ |
| မျက်ကွက်ဆောင်ရွက်ခြင်း | မျက်ကွက်ဆောင်ရွက်ခြင်း ဆိုသည်မှာ အခြားတစ်ဖက် အဖွဲ့/သူအားကြိုတင် အကြောင်းမကြားဘဲ၊ ပါဝင်ရန် မလိုဘဲ တစ်ဖက်တည်းမှ ကြားနာခြင်းကို ဆိုလိုသည်။ |

95 လူ သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| အထူးယုံကြည်အပ်နှံမှု | အထူးယုံကြည်အပ်နှံမှုဆိုသည်မှာ ယုံကြည်အပ်နှံမှု ထူထောင်သူက သတ်မှတ်ထားသည့် ယုံကြည် အပ်နှံမှု တစ်ခုဖြစ်ပြီး၊စာတမ်းတစ်ခုအနေနှင့် (ဥပမာ -ယုံကြည်အပ်နှံမှု စာချုပ်) တည်ရှိသည်။ ထိုယုံကြည်အပ်နှံမှုမျိုးနှင့် ဥပဒေအရ ထူထောင်ထားပြီး ထူထောင်သူမှ မည်သည့်ရည်ရွယ်ချက် သို့မဟုတ် ဆုံးဖြတ်ချက်ဖြင့် ထူထောင်သည်ကို ရှင်းလင်းစွာ မသိရသည့် သည့် ယုံကြည် အပ်နှံမှုများ သို့မဟုတ် အလားတူ ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုနှင့် ခြားနားသည်။ (ဥပမာ -နစ်နာမှုအတွက် ထူထောင်သည့် ယုံကြည်အပ်နှံမှု constructive trust) |
| လိမ်ညာ၍ ကြေညာခြင်း | အကြံပြုချက် ၃၂ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| လိမ်ညာ၍ ဖွင့်ဟ ပြောဆိုခြင်း | အကြံပြုချက် ၃၂ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| ငွေကြေးဆိုင်ရာ အုပ်စု | ငွေကြေးဆိုင်ရာအုပ်စုဆိုသည်မှာ မိခင်ကုမ္ပဏီ သို့မဟုတ် မည်သည့် ဥပေဒရေးရာ ပုဂ္ဂိုလ်ဖြစ်စေ ပါဝင်ပြီး၊ အုပ်စုအဆင့် AML/CFT မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ လိုက်နာရသည့် ရုံးခွဲ သို့မဟုတ် လက်အောက်ခံလုပ်ငန်းများနှင့်အတူ ကျန်အုပ်စုဝင်များအား ပင်မအခြေခံစည်းမျဉ်းများ အရ အုပ်စုလိုက် ကြီးကြပ်ကွပ်ကဲရန် ထိန်းချုပ် ညှိနှိုင်းရေး တာဝန်များ ဆောင်ရွက်သည့် အုပ်စုကိုဆိုလိုသည်။ |
| ငွေရေးကြေးရေး အဖွဲ့အစည်းများ | ငွေရေးကြေးရေး အဖွဲ့အစည်းများဆိုသည်မှာ ဆက်သွယ်ဆောင်ရွက်သူအတွက်ဖြစ်စေ၊ ထိုသို့၏ ကိုယ်စားဖြစ်စေ အောက်ပါဆောင်ရွက်ချက်များ သို့မဟုတ် လုပ်ငန်းများကို လုပ်ဆောင်သည့် သူ သို့မဟုတ် ဥပေဒရေးရာ ပုဂ္ဂိုလ်ကို ဆိုလိုသည်။<br>1. အများပြည်သူထံမှ အပ်ငွေသို့မဟုတ် အခြား ပေးချေရန်ရှိသည့် ရန်ပုံငွေများကို လက်ခံခြင်း [96]<br>2. ငွေ ထုတ် ချေးခြင်း[97]<br>3. ငွေကြေးစိုက်ထုတ်ခြင်း. [98]<br>4. ငွေကြေးသို့မဟုတ် တန်ဖိုးတူ ဝန်ဆောင်မှုများ[99] |

96 ပုဂ္ဂိုလ်ဘဏ်များလည်းပါဝင်သည်။

97 စားသုံးသူ၏ အမတော်ကြေး၊ စာချုပ်ဖြင့်အပေါင်ထားခြင်း၊ နစ်နာကြေးပါသည့် /မပါသည့် အကြောင်းများ နှင့် စီးပွားဆက်ဆံဆောင်ရွက်မှုများအတွက် ငွေထုတ်ချေးခြင်း(ဆုံးရှုံးမှုများအပါအဝင်)

98 စားသုံးကုန်များနှင့်စပ်လျဉ်းသည့် ငွေကြေးစိုက်ထုတ်ခြင်းများ မပါဝင်။

99 ငွေရေးကြေးရေးအဖွဲ့အစည်းများအား ရန်ပုံငွေ လွှဲပို့ခြင်းအတွက် စာပို့ခြင်း သို့မဟုတ် အခြားအထောက်အကူပြုခြင်းသာ ဆောင်ရွက်သည့် လူပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာပုဂ္ဂိုလ် မပါဝင်ပါ။ အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| | 5. ပေးချေမှုနည်းလမ်းများ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်း(ဥပမာ -အကြွေးကဒ်ပြားနှင့် မြီစားကဒ်ပြားများ၊ ချက်လက်မှတ်များ၊ ခရီးသွားချက်လက်မှတ်များ ၊ငွေလွှဲစာများ နှင့် ဘဏ်ကထုတ်ပေးသည့် ချက်လက်မှတ်များ၊ အီလက်ထရွန်နစ် ငွေကြေး(၊<br>6. ငွေကြေးဆိုင်ရာ အာမခံများနှင့် ကတိကဝတ်များ<br>7. အောက်ပါတို့နှင့် အရောင်းအဝယ်ဆောင်ရွက်ခြင်း<br>(a) ငွေကြေး စျေးကွက်ဆိုင်ရာ စာချုပ်များ ချက်လက်မှတ်များ၊ တောင်းခံလွှာများ၊ ဘဏ်မှထုတ်ရောင်းသည့် ငွေချေးစာချုပ်များ၊ အဆွယ်အပွား စာချုပ်များ၊<br>(b) နိုင်ငံခြား ငွေလဲလှယ်ခြင်း<br>(c) ငွေလဲလှယ်ခြင်း၊ အတိုးနှုန်းထားနှင့် အညွှန်းကိန်းဆိုင်ရာ စာတမ်းများ<br>(d) လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ<br>(e) ရောင်းသူမှ ကတိပြုစာချုပ်များ<br>8. ငွေချေးသက်သေခံလက်မှတ်ထုတ်ပေးခြင်းနှင့် ထိုသို့ထုတ်ပေးမှုနှင့် စပ်လျဉ်းသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း<br>9. တစ်ခုချင်း နှင့် အစုလိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲမှု<br>10. အခြားသူများ၏ကိုယ်စား ငွေသား သို့မဟုတ် ငွေဖြစ်လွယ်သည့် ငွေချေးသက်သေခံလက်မှတ်များ ထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်ခြင်း<br>11. အခြားသူများကိုယ်စား အခြားနည်းဖြင့်ရန်ပုံငွေများ သို့မဟုတ် ငွေကြေးများကို ရင်းနှီးမြှုပ်နှံခြင်း၊ စီမံအုပ်ချုပ်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း<br>12. ပုဂ္ဂလိက. အသက်အာမခံနှင့် အခြား ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် အာမခံများ၏ ပရီမီယံကြေးများ သတ်မှတ်ခြင်းနှင့် [100].<br>13. ငွေသားနှင့် ငွေကြေးလဲလှယ်ခြင်း |
| ပြည်ပ လုပ်ဖော်ကိုင်ဖက်များ | ပြည်ပ လုပ်ဖော်ကိုင်ဖက်များဆိုသည်မှာ သဘော သဘာဝ သို့မဟုတ် ရာထူးမတူညီသော်လည်း )ဥပမာ -နိုင်ငံပေါ် မူတည်၍ အချို့ငွေရေးကြေးရေးကဏ္ဍများ၌ AML/CFT ဆိုင်ရာ ကြီးကြပ်ကွပ်ကဲမှုကို prudential ဆိုင်ရာ ကြီးကြပ်ရေး တာဝန်ထမ်းဆောင်ရသည့် ကြီးကြပ်သူ ကလည်းကောင်း၊ FIU ၏ ကြီးကြပ်ကွပ်ကဲရေး အဖွဲ့က လည်းကောင်း ဆောင်ရွက်ရတတ်သည်( ပူးပေါင်းဆောင်ရွက်ရန် အကူအညီတောင်းခံ နိုင်သည့် လုပ်ငန်း တာဝန် အလားတူသော ပြည်ပ ကြီးကြပ်ရေးအာဏာပိုင်များ ကိုဆိုလိုသည်။ |

| | |
|---|---|
| ထိန်းချုပ်ခြင်း (freeze) | သိမ်းဆည်းရေးနှင့် ကြားကာလအစီအမံများနှင့်စပ်လျဉ်း၍ (ဥပမာ -အကြံပြုချက် ၄၊ ၃၂ နှင့် ၃၈) ထိန်းချုပ်ခြင်းဆိုသည်မှာ ကြီးကြပ်ရေးအာဏာပိုင်တစ်ရပ် သို့မဟုတ် တရားရုံးတစ်ခုမှ ထိန်းချုပ်ရေး လုပ်ငန်းစဉ်ယန္တရားအရ ကာလတစ်ခုအထိ ဆောင်ရွက်ရန်ဖြစ်စေ၊ ကြီးကြပ်ရေး အာဏာပိုင်တစ်ရပ်ရပ်မှ နိုင်ငံ့ဘဏ္ဍာအဖြစ် အပြီးအပိုင် သိမ်းဆည်းရန် ဆုံးဖြတ်ချိန်အထိ ဖြစ်စေ၊ ဥစ္စာ ပစ္စည်း ကိရိယာ သို့မဟုတ် အခြား အထောက်အကူပြု ပစ္စည်းများ လက်လွှဲပြောင်းခြင်း၊ ပုံစံပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်းတို့မှ တားမြစ်ခြင်းကို ဆိုလိုသည်။<br>ငွေကြေးဆိုင်ရာ ပစ်မှတ်ထား အရေးယူဒဏ်ခတ်မှုကို အကောင်အထည်ဖော်သည့် အကြံပြုချက် ၆ နှင့် ၇ အရ ၊ ထိန်းချုပ်ခြင်း ဆိုသည်မှာ စာရင်းသွင်းသတ်မှတ်ခံ ရသော သူများ သို့မဟုတ် အဖွဲ့အစည်းများ ပိုင်ဆိုင်သော၊ ထိန်းချုပ်သော ရန်ပုံငွေများ သို့မဟုတ် အခြား ငွေကြေးနှင့် ပစ္စည်းများကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီမှ ဖြစ်စေ၊ ကြီးကြပ်ရေး အာဏာပိုင် သို့မဟုတ် တရားရုံးတစ်ရပ်မှ အကျုံးဝင်သော လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် အညီ ဖြစ်စေ ချမှတ်သည့် ကာလအတိုင်းအတာတစ်ခုအထိ လက်လွှဲ ပြောင်းခြင်း၊ ပုံစံပြောင်းလဲခြင်း ဖျောက်ဖျက်ခြင်း သို့မဟုတ် သယ်ဆောင် ရွှေ့ပြောင်းခြင်း တို့ မပြုလုပ်နိုင်ရန် စတင် ထိန်းချုပ်ခြင်းကို ဆိုလိုသည်။<br>အမှုတိုင်းတွင် ထိန်းချုပ်ထားသည့် ပစ္စည်း ကိရိယာ အထောက်အကူပြုပစ္စည်းများ၊ ရန်ပုံငွေများ သို့မဟုတ် အခြား ပစ္စည်းများသည် ထိန်းချုပ်စဉ်က အကျိုးစီးပွား ထိန်းသိမ်း ထားရှိသော သူများ သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်များ၏ ပစ္စည်းများအဖြစ် ဆက်လက် တည်ရှိပြီး၊ တတိယအဖွဲ့များက ဖြစ်စေ၊ အခြား အမျိုးသားအဆင့် ပြဋ္ဌာန်းချက်များနှင့် အညီ ထိုသူများ သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်များကိုယ်တိုင်မှ ဖြစ်စေ ထိန်းချုပ်ယန္တရား မစတင်မီ ချမှတ်ထားသည့် အစီအစဉ်များအရ ဖြစ်စေ၊ ဆက်လက် စီမံခန့်ခွဲနိုင်သည်။ ထိန်းချုပ်ရေး အကောင်အထည်ဖော်မှု၏ အစိတ်အပိုင်း တစ်ခုအရ နိုင်ငံများသည် ပစ္စည်း ကိရိယာ အထောက်အကူပြုပစ္စည်းများ၊ ရန်ပုံငွေများ သို့မဟုတ် အခြား ပစ္စည်းများ မပျောက်ပျက်စေရန်အတွက် နိုင်ငံများက ထိန်းချုပ်ရန် ဆုံးဖြတ်နိုင်သည် |
| ပြည်တွင်းဥပဒေ၏ အခြေခံ စည်းမျဉ်းများ | ပြည်တွင်းဥပဒေ၏ အခြေခံ စည်းမျဉ်းများဆိုသည်မှာ အမျိုးသားအဆင့် ဥပဒေစနစ်များ အခြေခံသည့်၊ အမျိုးသားအဆင့် ဥပဒေများပြဋ္ဌာန်းရန် မူဘောင် ချမှတ်ပြီး လုပ်ပိုင်ခွင့်များ ကျင့်သုံးသည့် အခြေခံ စည်းမျဉ်းများကို ဆိုလိုသည်။ ထိုအခြေခံ စည်းမျဉ်းများသည် အမျိုးသား ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း သို့မဟုတ် အလားတူ စာတမ်းတွင် ဖော်ပြပါရှိလေ့ရှိသည်။ သို့တည်းမဟုတ် အမျိုးသားဥပဒေ၏ အဓိပ္ပါယ် ဖွင့်ဆိုချက်များ သို့မဟုတ် သတ်မှတ် ဆုံးဖြတ်ချက်များကို စည်းနှောင်မှု ရှိစေရန် အမြင့်ဆုံး တရားရုံး၏ ဆုံးဖြတ်ချက်လည်း ဖြစ်နိုင်သည်။ နိုင်ငံတစ်ခုနှင့် တစ်ခု ခြားနားမှု ရှိနိုင်သော်လည်း အခြေခံစည်းမျဉ်း၏ သာဓက အချို့မှာ ဥပဒေကို တရားမျှတစွာ ရင်ဆိုင်ပိုင်ခွင့်၊ အမိန့်မချမီ အပြစ်မရှိဟု ယူဆပိုင်ခွင့် နှင့် တရားရုံးများ၏ ကာကွယ်စောင့်ရှောက်မှု ထိရောက်စွာ ရရှိပိုင်ခွင့်တို့ ပါဝင်သည်။ |

100 ဤအချက်တွင် အာမခံလုပ်ငန်းများရော အာမခံကိစ္စ ကြားခံဆောင်ရွက်သူများ (ကိုယ်စားလှယ်များနှင့် အကျိုးဆောင်များ ) ပါ အကျုံးဝင်သည်။

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| ရန်ပုံငွေများ | *ရန်ပုံငွေများ* ဆိုသည်မှာ ဒြပ်ရှိဖြစ်စေ ဒြပ်မဲ့ ဖြစ်စေ၊ ရပ်ဝတ္ထု အဖြစ်ဖြစ်စေ ရပ်ဝတ္ထုမဲ့ ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည့်အရာ ဖြစ်စေ မရွှေ့ပြောင်းနိုင်သည့်အရာဖြစ်စေ ၊ မည်သည့် အမျိုးအစားကို မည်သည့်နည်းဖြင့် ဖြစ်စေ ရရှိသည့် ငွေ ကြေးနှင့်ပစ္စည်းများကို ဆိုလိုသည်။ ထိုသို့ ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း အကျိုးခံစားခွင့်ရှိကြောင်း ဖော်ပြသည့် ဒစ်ဂျစ်တယ် ပုံစံ သို့မဟုတ် အီလက်ထရွန်နစ်ပုံစံအပါအဝင် မည်သည့်ပုံစံဖြင့် ဖြစ်စေ တည်ရှိသည့် တရားဝင် စာချုပ် စာတမ်းများ လည်း ပါဝင်သည်။ |
| ရန်ပုံငွေများ သို့မဟုတ် အခြား ပစ္စည်းများ | *ရန်ပုံငွေများ သို့မဟုတ် အခြား ပစ္စည်းများ*ဆိုသည်မှာ<br>စာချုပ်စာတမ်းဖြင့် တန်ဖိုးသတ်မှတ်သော ရပ်ဝတ္ထုမဲ့ ပိုင်ဆိုင်မှု ပစ္စည်းများ၊ မြေယာ၊ လုပ်အား၊ ငွေပင်ငွေရင်း၊ နည်းပညာစသည့် ရင်းမြစ်များ(ရေနံနှင့် သဘာဝ သယံဇာတများအပါအဝင်) ဒြပ်ရှိ ဒြပ်မဲ့၊<br>ရွှေ့ပြောင်းနိုင်သည်ဖြစ်စေမရွှေ့ပြောင်းနိုင်သည်ဖြစ်စေ မည်သို့ပင် ရရှိသည့် မည်သည့် ပစ္စည်းအမျိုးအစားမဆို အားလုံးပါဝင်ပြီး၊ ထိုမျှမကလည်း ပါဝင်နိုင်သည်။ ထိုအပြင် ထိုရန်ပုံငွေ သို့မဟုတ် အခြား ပိုင်ဆိုင်မှုပစ္စည်းများဆိုရာတွင် တရားဝင် ပိုင်ဆိုင်ခွင့်ရှိကြောင်း သို့မဟုတ် အကျိုးခံစားခွင့်ရှိကြောင်း အထောက်အထားပြသော အီလက်ထရွန်နစ် သို့မဟုတ် ဒစ်ဂျစ်တယ်ပုံစံဖြင့် အပါအဝင် စာချုပ်စာတမ်း ပုံစံအမျိုးမျိုး ကိုလည်းခေါ်ဆိုသည်။ ထိုအထဲတွင် တရားဝင် စာချုပ် စာတမ်းများ၊ ဘဏ်မှချေးငွေလက်မှတ်၊ ခရီးသွားလက်မှတ်၊ ဘဏ်ချက်လက်မှတ်၊ ငွေလွှဲစာ၊ အစုရှယ်ယာ၊ ငွေချေးသက်သေခံလက်မှတ်၊ ငွေချေးစာချုပ်၊ ဘဏ်ငွေလွှဲလက်မှတ်၊ သို့မဟုတ် ငွေထုတ်ခွင့်ပေးပို့စာများအပြင် ထိုထက်မကလည်း ပါဝင်နိုင်သည်။<br>ထိုသို့ရန်ပုံငွေများ အခြား ပစ္စည်းများမှ ထွက်ပေါ်ရရှိသော မည်သည့်အတိုးနှုန်း၊ အစုပေါ်အမြတ် သို့မဟုတ် အခြား ဝင်ငွေ သို့မဟုတ် တန်ဖိုး၊တို့သာမက ရန်ပုံငွေ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ ရယူရန် အသုံးပြုနိုင်ခြေရှိသည့် အခြား ပိုင်ဆိုင်မှုပစ္စည်းများလည်း ပါဝင်သည်။ |
| သက်သေခံအ ထောက်အ ထား ပြဒေတာ | *သက်သေခံအထောက်အထားပြ ဒေတာ* ဆိုသည်မှာ ယုံကြည်စိတ်ချရသော သီးခြားလွတ်လပ်သည့် ဇစ်မြစ်များမှ ရရှိသည့် စာရွက်စာတမ်းများ၊ ဒေတာများ သို့မဟုတ် အချက်အလက်များကို ဆိုလိုသည်။ |
| ကြားခံ | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| ငွေရေးကြေးရေး အဖွဲ့အစည်း | |
| အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ | I<br>အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဆိုသည်မှာ အဖွဲ့ဝင်နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်အဆင့်ရှိသော တရားဝင် နိုင်ငံရေး သဘောတူစာချုပ်များဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများကို ခေါ်သည်။ ၄င်းတို့ တည်ရှိမှုကို အဖွဲ့ဝင်နိုင်ငံများက ဥပဒေဖြင့် အသိအမှတ်ပြုကြပြီး၊ ၄င်းတို့ တည်ရှိသည့်နိုင်ငံများတွင် ဌာနေ စီးပွားရေးဆိုင်ရာအဖွဲ့အစုများဟု မယူဆပါ။<br>အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ ဥပမာများတွင် ကုလသမဂ္ဂ အဖွဲ့အစည်းနှင့် ၄င်းနှင့်ဆက်စပ် သည့် အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်း အဖွဲ့အစည်းကဲ့သို့ အဖွဲ့အစည်းများ၊ ဥရောပ ကောင်စီ၊ ဥရောပ သမဂ္ဂအဖွဲ့အစည်းများကဲ့သို့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဥရောပရှိ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် အမေရိကနိုင်ငံများဆိုင်ရာအဖွဲ့၊ မြောက်အတ္တလန်တိတ် စာချုပ်ဆိုင်ရာ အဖွဲ့ကဲ့သို့စစ်ဘက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ သို့မဟုတ် အရှေ့တောင်အာရှနိုင်ငံများအသင်း စသည်တို့ပါဝင်သည်။ |
| ဥပ ဒေ | ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် DNFBP များအပေါ် သတ်မှတ်လိုအပ်ချက်များ၏ ဥပဒေအခြေခံ ရှိ စာစုကို ကိုးကားပါ။ |
| ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ | *ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများ* ဆိုသည်မှာ ယုံကြည်အပ်နှံမှုများ သို့မဟုတ် အလားတူ ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများကို ဆိုလိုသည်။ အလားတူ(AML/CFT ကိစ္စရပ်များ အတွက်) စီစဉ်ဆောင်ရွက်မှုများတွင် Fiducie, Treuhand နှင့် Fideicomiso တို့ ပါဝင်သည်။ |
| ဥပဒေရေးရာ ပုဂ္ဂိုလ်များ | ဥပဒေရေးရာ ပုဂ္ဂိုလ်များဆိုသည်မှာ လူပုဂ္ဂိုလ် မှလွဲ၍ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပစ္စည်းတစ်ရပ်ဖြင့် အမြဲတမ်း ဆက်သွယ်ဆောင်ရွက်သူ ဆက်ဆံရေး ထူထောင် နိုင်သော အခြားမည်သည့် အဖွဲ့အစည်းကို မဆိုခေါ်သည်။ ထိုအထဲတွင် ကုမ္ပဏီများ၊ ကော်ပိုရိတ် အဖွဲ့များ ဖောင်ဒေးရှင်းများ၊ anstalt ခေါ် လီမိတက် ကုမ္ပဏီနှင့် ဖောင်ဒေးရှင်း စပ်ကြား အဖွဲ့များ၊. အစုစပ်များ၊ သို့မဟုတ် အသင်းများ နှင့် အလားတူ အဖွဲ့အစည်းများ ပါဝင်နိုင်သည်။ |
| ငွေကြေးခဝါချမှု ပြစ်မှု | *ငွေကြေးခဝါချမှု ပြစ်မှု* ဟု ကိုးကားမှုသည် (အကြံပြုချက် ၃ မှလွဲ၍) မူလပြစ်မှု(များ) သာမက အားပေးကူညီမှု (ancillary offence) များလည်းပါဝင်သည်။ |

| | |
|---|---|
| ငွေကြေး သို့မဟုတ် တန်ဖိုး လွှဲပြောင်းသည့် ဝန်ဆောင်မှု | *ငွေကြေး သို့မဟုတ် တန်ဖိုး လွှဲပြောင်းသည့် ဝန်ဆောင်မှု* ဆိုသည်မှာ ငွေကြေး၊ ချက်လက်မှတ်များ၊ အခြား ငွေကြေး စာချုပ်များ သို့မဟုတ် အခြား တန်ဖိုး ခိုင်မြဲသည့် ပစ္စည်းများကို လက်ခံခြင်း နှင့် တန်ဖိုးတူညီသည့် ငွေသားဖြင့်ဖြစ်စေ အခြား ပုံစံတစ်မျိုးဖြင့်ဖြစ်စေ အကျိုးခံစားခွင့်ရှိသူအား ဆက်သွယ်ရေးလမ်းကြောင်းတစ်မျိုးဖြင့် အကြောင်းကြားစာ ပေးပို့ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် MVTS ဝန်ဆောင်မှုလုပ်ငန်း ပိုင်ဆိုင်သည့် ပေးချေသည့် ကွန်ရက်မှ ဖြစ်စေ ပေးချေခြင်းကို ခေါ်သည်။ ထိုသို့ ဝန်ဆောင်မှုလုပ်ငန်းများ၏ စီးပွားဆက်ဆံဆောင်ရွက်မှုများတွင် ကြားခံ တစ်ခုသို့မဟုတ် အများပါဝင်နိုင်ပြီး၊ နောက်ဆုံးအဆင့် တတိယ ပုဂ္ဂိုလ်/လုပ်ငန်း သို့ ငွေပးချေမှု အပြင်၊ နည်းလမ်းသစ်များလည်း ပါဝင်နိုင်သည်။ တစ်ခါတရံ ဤဝန်ဆောင်မှုများသည် ပထဝီဒေသအလိုက် *ဟာဝါလာ၊ ဟွန်ဒီ နှင့် ဖီချင်* စသဖြင့် အသုံးအနှုန်း ပြောင်းလဲသုံးစွဲတတ်သည်။ |
| ပြစ်မှု စီရင်ခြင်း မပါသည့် နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းမှု | ပြစ်မှု စီရင်ခြင်း မပါသည့် နိုင်ငံ့ဘဏ္ဍာ သိမ်းဆည်းမှု ဆိုသည်မှာ ပြစ်မှုကျူးလွန်မှုတစ်ခု အပေါ် ပြစ်ဒဏ် စီရင်ရန် မလိုအပ်ဘဲ ကြားနာမှု လုပ်ထုံးလုပ်နည်းများဖြင့် သိမ်းဆည်းခြင်းကို ဆိုလိုသည်။ |
| ပရဟိတအဖွဲ့ အစည်းများ | အကြံပြုချက် ၈ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| ငွေစတင်လွှဲ ပြောင်းပေးသူ | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| လွှဲပြောင်းရန် ညွှန်ကြားသည့် ငွေရေးကြေးရေးဖွဲ့ အစည်း | အကြံပြုချက် ၁၆ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| ပေးချေမှုကို တစ်ဆင့်လက်ခံစာ ရင်း | အကြံပြုချက် ၁၃ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |
| နယ်စပ်ဖြတ်ကျော် သယ်ဆောင်ခြင်း | အကြံပြုချက် ၃၂ ရှိ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ကိုးကားပါ။ |

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| ပြည်ပနိုင်ငံမှ သြဇာတိက္ကမရှိ သူများ(PEPs) | *ပြည်ပနိုင်ငံမှ သြဇာတိက္ကမရှိသူများ(PEPs)* ဆိုသည်မှာ ပြည်ပနိုင်ငံတစ်ခုမှ ထင်ရှားသော နိုင်ငံ့တာဝန်များအပ်နှင်းခံ(ခဲ့) ရသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ (ဥပမာ- အစိုးရ သို့မဟုတ် နိုင်ငံ့ခေါင်းဆောင်များ၊ အဆင့်မြင့် နိုင်ငံ့တာဝန် ထမ်းဆောင်သူ၊ အဆင့်မြင့် အစိုးရ၊ တရားရေး သို့မဟုတ် စစ်တပ်အရာရှိများ၊ နိုင်ငံပိုင် ကော်ပိုရေးရှင်းများ၏ အကြီးတန်း အရာရှိများ၊ အရေးပါသော နိုင်ငံရေးပါတီ အရာရှိများ။<br><br>ပြည်တွင်း၌ သြဇာတိက္ကမရှိသူများ(PEPs) ဆိုသည်မှာ ပြည်တွင်း၌ ထင်ရှားသော နိုင်ငံ့တာဝန်များ အပ်နှင်းခံ(ခဲ့)ရသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ ဥပမာ-(ဥပမာ- အစိုးရ သို့မဟုတ် နိုင်ငံ့ခေါင်းဆောင်များ၊ အဆင့်မြင့် နိုင်ငံ့တာဝန်ထမ်းဆောင်သူ၊ အဆင့်မြင့် အစိုးရ၊ တရားရေး သို့မဟုတ် စစ်တပ်အရာရှိများ၊ နိုင်ငံပိုင်ကော်ပိုရေးရှင်းများ၏ အကြီးတန်း အရာရှိများ၊ အရေးပါသော နိုင်ငံရေးပါတီ အရာရှိများ။<br><br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခုမှ ထင်ရှားသောလုပ်ငန်းတာဝန် အပ်နှင်းခံ(ခဲ့)ရသော သူများဆိုသည်မှာ အကြီးတန်း စီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ ဆိုလိုသည်မှာ -ညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဘုတ်အဖွဲ့ဝင်များ သို့မဟုတ် အလားတူ တာဝန်ရှိသူများ၊<br><br>PEP ဆိုသည့် အဓိပ္ပါယ်တွင် အထက်တွင် ဖော်ပြခဲ့သည့် တာဝန်များအောက်ရှိ အမျိုးအစားတွင် အလတ်တန်းအရာရှိ သို့မဟုတ် အငယ်တန်း အရာရှိများ မပါဝင်ပါ။ |
| တရားမဝင်ရရှိသော ငွေကြေးနှင့် ပစ္စည်းများ | တရားမဝင်ရရှိသော ငွေကြေးနှင့် ပစ္စည်းများ ဆိုသည်မှာ ပြစ်မှုတစ်ခုခု ကျူးလွန်ပြီး တိုက်ရိုက် ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ ရရှိသည့် သို့မဟုတ် ရယူသည့် မည်သည့် ပစ္စည်းမဆိုကို ခေါ်သည်။ |
| ပစ္စည်း | ပစ္စည်း ဆိုသည်မှာ ပိုင်ဆိုင်မှု အမျိုးအစားတိုင်းကို ဆိုလိုပြီး၊ ရုပ်ဒြပ် ရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ မပြောင်းနိုင်သည်ဖြစ်စေ လက်ဆုပ်လက်ကိုင် ပြနိုင်သည်ဖြစ်စေ မပြနိုင်သည်ဖြစ်စေ အားလုံးပါဝင်သည်။ ထိုပိုင်ဆိုင်မှုများအား တရားဝင်ပိုင်ဆိုင်ကြောင်း အကျိုးခံစားခွင့်ရှိကြောင်း အထောက်အထား ပြသသည့် စာချုပ်စာတမ်းများ လည်းပါဝင်သည်။ |
| လိုအပ်သည့်အချက်များနှင့် ပြည့်စုံသည့် အီလက်ထရွန်နစ်နည်းဖြင့် လွှဲပြောင်းမှုများ | အကြံပြုချက် ၁၆ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှုစာစုကို ကိုးကားပါ။ |
| ကျိုးကြောင်းသင့်တော်သည့် အစီအမံများ | *ကျိုးကြောင်းသင့်တော်သည့် အစီအမံများ* ဆိုသည်မှာ ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု အန္တရာယ်များနှင့် အချိုးညီစွာ သင့်လျော်သည့် အစီအမံများကိုခေါ်သည်။ |

| | |
|---|---|
| အကြမ်းဖက်မှု ကိုငွေကြေး ထောက်ပံ့မှု )သို့ ( ငွေကြေးခဝါချ မှုနှင့် စပ်လျဉ်း၍ | အကြံပြုချက် ၃၂ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှုစာစုကို ကိုးကားပါ။ |
| လိုအပ်သော | အကြံပြုချက် ၁၆ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှုစာစုကို ကိုးကားပါ။ |
| အန္တရာယ် | ငွေကြေးခဝါချမှုနှင့်/(သို့ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်းသည့် အန္တရာယ် အားလုံးကို ရည်ညွှန်းသည်။ ဤစကားရပ်ကို အကြံပြုချက် ၁ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုနှင့် အတူ ဖတ်ရှုသင့်သည်။ |
| ကျေနပ်သည် | ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ကိစ္စရပ်တစ်ခုခုအပေါ် ကျေနပ်သည်ဟု ဆိုလျှင်၊ ထိုအဖွဲ့အစည်းသည် ကြီးကြပ်ရေးအာဏာပိုင်များအား ၄င်း၏ အကဲဖြတ်ချက် မှန်ကန်ကြောင်း ပြသနိုင်ရမည်။ |
| သိမ်းဆည်းခြင်း | *သိမ်းဆည်းခြင်း* ဆိုသည်မှာ ပစ္စည်းကို လွှဲပြောင်းခြင်း၊ ပုံစံပြောင်းခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် နေရာပြောင်းခြင်းများ တားမြစ်ရန် ကြီးကြပ်ရေးအာဏာပိုင်က ထိန်းချုပ်သည့် ယန္တရားတစ်ခုခုဖြင့် စတင်ဆောင်ရွက်ခြင်းကို ခေါ်သည်။ သို့သော် သိမ်းဆည်းခြင်းဆိုသည်မှာ ထိန်းချုပ်သည့် ဆောင်ရွက်ချက်ကဲ့သို့ မဟုတ်ဘဲ၊ ကြီးကြပ်ရေးအာဏာပိုင် သို့မဟုတ် တရားရုံးက အဆိုပါ ပစ္စည်းကို ထိန်းသိမ်းပိုင်ခွင့်ရှိသည်။ သိမ်းဆည်းထားသည့် ပစ္စည်းများမှာ သိမ်းဆည်းချိန်တွင် အကျိုးခံစားခွင့် ရှိသည့် လူပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်)များ(၏ ပစ္စည်းများအဖြစ် ဆက်လက် တည်ရှိသည်။ သို့သော် ထိုသိမ်းဆည်းထားသည့် ပစ္စည်းများကို ကြီးကြပ်ရေးအာဏာပိုင် သို့မဟုတ် တရားရုံးက မကြာခဏ ပိုင်ဆိုင်မှု၊ စီမံအုပ်ချုပ်မှု သို့မဟုတ် စီမံခန့်ခွဲမှုတို့ပြုလုပ်ရန် လွှဲယူနိုင်သည်။ |
| ကိုယ်တိုင် စည်းကမ်းချမှတ်သည့်အဖွဲ့ | SRB ဆိုသည်မှာ ပညာဖြင့် အသက်မွေးကျောင်းပြုမှုကို ကိုယ်စားပြုသည့်အဖွဲ့ဖြစ်သည် (ဥပမာ- ရှေ့နေများ၊ နိုထရီများ၊ အခြား သီးခြားလွတ်လပ်သည့် ဥပဒေပညာရှင်များ သို့ဟုတ် စာရင်းကိုင်များ) နှင့် ပညာရှင်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သည်။ ထိုအသက်မွေးဝမ်းကျောင်းပညာအရည်အချင်းပြည့်ဝ၍ ထိုအဖွဲ့ကို ဝင်ကာ ပညာဖြင့် လုပ်ကိုင်ကြသူများအား စည်းကမ်းချမှတ်ရန် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ပြီး သီးခြား ကြီးကြပ်ကွပ်ကဲရေး သို့မဟုတ် စောင့်ကြည့် ကြပ်မတ်ရေးတာဝန်လည်း ထမ်းဆောင်ကြသည်။ ထိုအဖွဲ့များသည် ပညာဖြင့် လုပ်ကိုင်ကြသူများအပေါ် ကျင့်ဝတ်များ အကျင့်သိက္ခာ စံနှုန်းများခြင့်မားရေးအတွက် စည်းကမ်းများ အာဏာ သက်ရောက်စေသင့်သည်။ |
| အစဉ်လိုက် | အကြံပြုချက် ၁၆ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှုစာစုကို ကိုးကားပါ။ |

| ပေးချေမှု | |
|---|---|
| ထူထောင်သူ | *ထူထောင်သူများ*ဆိုသည်မှာ မိမိတို့၏ ပိုင်ဆိုင်မှုပစ္စည်းများကို ယုံကြည်အပ်နှံသူများထံ ယုံကြည်အပ်နှံမှု စာချုပ် သို့မဟုတ် အလားတူ အစီအစဉ်ဖြင့် လွှဲအပ်သည့် လူပုဂ္ဂိုလ် သို့မဟုတ် ဥပဒေရေးရာ ပုဂ္ဂိုလ်)များ (ကိုခေါ်သည်။ |
| သဏ္ဌာန်ဆောင်ဘဏ် | *သဏ္ဌာန်ဆောင်ဘဏ်*ဆိုသည်မှာဖွဲ့စည်းခြင်းလိုင်စင်ရယူခြင်း ပြုလုပ်ထားသည့် နိုင်ငံအတွင်း ရုပ်ဒြပ်အရ တည်ရှိခြင်းမရှိသည့်အပြင်၊ စည်းကမ်းစည်းမျဉ်များအောက်တွင် ထိရောက်သော ကြီးကြပ်ထိန်းချုပ်မှု ခံယူထားသည့် ငွေကြေးဆိုင်ရာ အုပ်စုတစ်စုစုနှင့် လည်း ပေါင်းစည်း ဆက်စပ်ခြင်းမရှိသော ဘဏ်ဖြစ်သည်။<br>*ရုပ်ဒြပ်အရ တည်ရှိခြင်း* ဆိုသည်မှာ တည်ရှိသည့် နိုင်ငံတစ်ခုတွင် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်ပြီး ဗဟိုစီမံခန့်ခွဲမှုလည်းရှိခြင်းကို ဆိုလိုသည်။ နယ်ခံကိုယ်စားလှယ်တစ်ဦး သို့မဟုတ် အငယ်တန်းဝန်ထမ်းထားရှိကာမျှဖြင့်ရုပ်ဒြပ်အရတည်ရှိသည်ဟု မခေါ်ဆိုနိုင်ပေ။ |
| လုပ်သင့်သည် | *FATF* အကြံပြုချက်များနှင့် လိုက်နာဆောင်ရွက်မှုကို အကဲဖြတ်ချက်များအတွက်၊ လုပ်သင့်သည် *'should'* ဆိုသည့် စကားရပ်သည် လုပ်ရမည် *'must'* ဆိုသည့် စကားနှင့် အဓိပ္ပါယ်တူသည်။ |
| တောက်လျှောက်ဆောင် ရွက်သည့် နည်းဖြင့် ပေးချေခြင်း | အကြံပြုချက် ၁၆ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှုစာစုကို ကိုးကားပါ။ |
| ကြီးကြပ်ကွပ်ကဲသူများ | ကြီးကြပ်ကွပ်ကဲသူများဆိုသည်မှာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတာဝန်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများ နှင့် (သို့)/ *DNFBP* များ မှ လိုက်နာ ဆောင်ရွက်ရေး သေချာစေရန်အတွက် ခန့်အပ်ထားသည့် ကြီးကြပ်ရေးအာဏာပိုင်များ သို့မဟုတ် အစိုးရမဟုတ်သည့်အဖွဲ့များ )"ငွေကြေးဆိုင်ရာ ကြီးကြပ်ကွပ်ကဲသူများ *101*) ကို ဆိုလိုသည်။ အစိုးရမဟုတ်သည့်အဖွဲ့များ (*SRB* အမျိုးအစားအချို့ပါဝင်နိုင်သည်ဆိုရာတွင် ( ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် *DNFBP* များအား *AML/CFT* သတ်မှတ်တာဝန်များလိုက်နာရေး ကြီးကြပ်ကွပ်ကဲ ရန် နှင့် အရေးယူဒဏ်ခတ်ရန် လုပ်ပိုင်ခွင့်များရှိသင့်သည်။ ဤအစိုးရမဟုတ်သည့်အဖွဲ့များသည် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်သင့်ပြီး၊ ထိုလုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် ဥပ ဒေ ပြဋ္ဌာန်းသည့် လုပ်ပိုင်ခွင့်များရှိသင့်ပြီး သက်ဆိုင်သည့် ကြီးကြပ်ရေးအာဏာပိုင်တစ်ရပ်၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ရှိသင့်သည်။ |

101 FATF အကြံပြုချက်များ အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် ကြီးကြပ်ရေးတာဝန်များ ဆောင်ရွက်သည့် ပင်မအခြေခံစည်းမျဉ်းဆိုင်ရာ ကြီးကြပ်သူများ (Core Principles supervisors (အပါအဝင်)

| ဝေါဟာရ | အဓိပ္ပါယ်ဖွင့်ဆိုချက် |
|---|---|
| ငွေကြေး ဆိုင်ရာ ပစ်မှတ်ထား အရေးယူ ဒဏ်ခတ်ခြင်း | ငွေကြေးဆိုင်ရာ ပစ်မှတ်ထားအရေးယူဒဏ်ခတ်ခြင်းဆိုသည်မှာ ရန်ပုံငွေများ သို့မဟုတ် ပိုင်ဆိုင်မှု ပစ္စည်းများကို စာရင်းသွင်း သတ်မှတ်ခံရသည့် သူများနှင့် အဖွဲ့အစည်းများ၏ အကျိုးအတွက် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ ရယူခြင်းမရှိစေရန် တားမြစ်ရန်အတွက် ထိန်းချုပ်ခြင်းနှင့် တားမြစ်ခြင်းနှစ်ရပ်လုံးကို ဆိုလိုသည်။ |
| အကြမ်းဖက်သမား | *အကြမ်းဖက်သမား*ဆိုသည်မှာ<br>(၁) အကြမ်းဖက်လုပ်ရပ်များကို မည်သည့်နည်းဖြင့် မဆို၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်၍ တမင်တကာ ကျူးလွန်ခြင်း၊<br>(၂) အကြမ်းဖက်လုပ်ရပ်များတွင် ကြံရာပါအဖြစ်ပါဝင်ခြင်း<br>(၃) အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် စီစဉ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်း၊ သို့မဟုတ်<br>(၄) ရည်ရွယ်ချက်တူညီသော လူတစ်စုမှ ကျူးလွန်သည့် အကြမ်းဖက်မှုများ ဆက်လက်ကျူးလွန်ရန် အားပေးခြင်း၊ ထိုသို့အားပေးခြင်းသည်လည်း အကြမ်းဖက်လုပ်ရပ် ဆက်လက်ကျူးလွန်စေရန် တမင်တကာ ရည်ရွယ်ချက်ဖြင့် ဖြစ်စေ၊<br>ထိုအုပ်စုမှ အကြမ်းဖက်လုပ်ရပ် ကျူးလွန်ရန် ရည်ရွယ်ချက်ကို သိသဖြင့်ဖြစ်စေ ငွေကြေးထောက်ပံ့ခြင်းတို့ ပြုလုပ်သည့် မည်သည့် လူပုဂ္ဂိုလ်မဆိုကို ခေါ်သည်။ |
| အကြမ်းဖက်လုပ်ရပ် | *အကြမ်းဖက်လုပ်ရပ်* ဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်။<br>(a) အောက်ပါ သဘောတူစာချုပ်များအထဲမှ တစ်ခုခုတွင် အဓိပ္ပါယ် ဖွင့်ဆိုသည့်အတိုင်း ထိုစာချုပ်ပါ ကျူးလွန်မှု မြောက်သည်ဟု သတ်မှတ်သည့် လုပ်ရပ်တစ်ခုခုကို ခေါ်သည်။<br>(i)လေယာဉ် အနုကြမ်းစီးမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (၁၉۷၀)<br>(ii) မြို့ပြလေကြောင်း ပျံသန်းရေး လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ လုပ်ရပ်များ တားဆီးနှိမ်နှင်းရေး ကွန်ဗင်းရှင်း (၁၉۷၁)<br>(iii) သံကိုယ်စားလှယ်များအပါအဝင် အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးရမည့် ပုဂ္ဂိုလ်များ အပေါ် ကျူးလွန်မှုများကို တားဆီး နှိမ်နှင်းရေး ကွန်ဗင်းရှင်း (၁၉۷၃)<br>iv) ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှု တားဆီး နှိမ်နှင်းရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (၁၉۷၉)<br>(v) နျူကလီးယားဒြပ်ပစ္စည်းကို တရားမဝင်ရွှေ့ပြောင်းသယ်ဆောင်မှုမှ ကာကွယ်ရေး ကွန်ဗင်းရှင်း<br>(vi) မြို့ပြလေကြောင်း ပျံသန်းရေး လုံခြုံမှုကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ လုပ်ရပ်များ တားဆီးနှိမ်နှင်းရေး ကွန်ဗင်းရှင်းကို ဖြည့်စွက်သည့် အပြည်ပြည်ဆိုင်ရာ မြို့ပြ လေကြောင်း များ အသုံးပြုသည့် လေဆိပ်များတွင် ဥပဒေနှင့် ဆန့်ကျင်သည့် အကြမ်းဖက်လုပ်ရပ်များ တားဆီးနှိမ်နှင်းရေး သဘောတူစာချုပ် (၁၉၈၈) |

| | |
|---|---|
| | (vii) ရေကြောင်း ပို့ဆောင်သွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ လုပ်ရပ်တားဆီးနှိမ်နှင်းရေး ကွန်ဗင်းရှင်း (၂၀၀၅)<br>(viii) ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတ ရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ် ဖြစ်စေသည့် ဥပဒေမဲ့လုပ်ရပ်များ တားဆီးနှိမ်နှင်းရေး သဘောတူ စာချုပ် (၂၀၀၅)<br>(ix) အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုများ တားဆီးနှိမ်နှင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၉၇) နှင့်<br>(x) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တားဆီးနှိမ်နှင်းရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၉၉)<br>(b) အရပ်သားတစ်ဦးဦး သို့မဟုတ် လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုတွင် တက်ကြွစွာ ပါဝင်နေသူမဟုတ်သည့်အခြား မည်သည့်သူကိုမဆို၊ သေစေလိုသည့် သို့မဟုတ် ပြင်းထန်စွာ ကိုယ်ခန္ဓာ အနာတရ ဖြစ်စေလိုသည့် ဆန္ဒဖြင့် ပြုလုပ်သည့်အခြား လုပ်ရပ်များ၊ ထိုလုပ်ရပ်၏ ရည်ရွယ်ချက်မှာလည်း၊ ၄င်း၏ သဘောသဘာဝအရဖြစ်စေ ဆက်စပ်အခြေအနေအရဖြစ်စေ၊ ပြည်သူလူထုအား ကြောက်လန့်စေရန်လည်းကောင်း အစိုးရ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ရပ်ကို တစ်စုံတရာ ပြုလုပ်စေရန် သော်လည်းကောင်း၊ မပြုလုပ်စေရန်သော်လည်းကောင်း အကျပ်ကိုင် ပြုလုပ်သည့် လုပ်ရပ်ကိုခေါ်သည်။ |
| အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု | *အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု*ဆိုသည်မှာ အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်များနှင့် အကြမ်းဖက်အဖွဲ့များကို ငွေကြေးထောက်ပံ့ခြင်းကိုခေါ်သည်။ |
| အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ အလွဲသုံးစားပြုမှု | အကြံပြုချက် ၈ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှုစာစုကို ကိုးကားပါ။ |
| အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု ကျူးလွန်မှု | *အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုကျူးလွန်မှု*ဆိုသည့် စကားရပ်ကိုးကားချက်များ (အကြံပြုချက် ၄ မှလွဲ၍) သည် မူလပြစ်မှု(များ)သာမက အားပေးကူညီသည့် အရန်ပြစ်မှုများ ကိုပါ ခေါ်သည်။ |
| အကြမ်းဖက်အဖွဲ့ | *အကြမ်းဖက်အဖွဲ့*ဆိုသည်မှာ အောက်ပါလုပ်ရပ်များကို ပြုလုပ်သည့် မည်သည့် အကြမ်းဖက်အဖွဲ့ကို မဆို ခေါ်သည်။<br>(၁) အကြမ်းဖက်လုပ်ရပ်များကို မည်သည့်နည်းဖြင့် မဆို၊ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ၊ ဥပဒေနှင့် ဆန့်ကျင်၍ တမင်တကာ ကျူးလွန်ခြင်း၊<br>(၂) အကြမ်းဖက်လုပ်ရပ်များတွင် ကြံရာပါအဖြစ်ပါဝင်ခြင်း<br>(၃) အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ရန် စီစဉ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်း၊ သို့မဟုတ်<br>(၄) ရည်ရွယ်ချက်တူညီသော လူတစ်စုမှ ကျူးလွန်သည့် အကြမ်းဖက်မှုများ |

| | |
|---|---|
| | ဆက်လက်ကျူးလွန်ရန် အားပေးခြင်း၊ ထိုသို့အားပေးခြင်းသည်လည်း အကြမ်းဖက်လုပ်ရပ် ဆက်လက်ကျူးလွန်စေရန် တမင်တကာ ရည်ရွယ်ချက်ဖြင့် ဖြစ်စေ၊ ထိုအုပ်စုမှ အကြမ်းဖက်လုပ်ရပ် ကျူးလွန်ရန် ရည်ရွယ်ချက်ကို သိသဖြင့်ဖြစ်စေ ငွေကြေးထောက်ပံ့ခြင်း။ |
| တတိယ ပုဂ္ဂိုလ်/အဖွဲ့များ | အကြံပြုချက် ၆ နှင့် ၇ ပါကိစ္စရပ်များအတွက် တတိယ ပုဂ္ဂိုလ်/အဖွဲ့များ ဆိုသည့်စကားရပ်သည် ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP များပါဝင်ပြီး၊ ထိုမျှမကလည်း ပါဝင်နိုင်သည်။ အကြံပြုချက် ၁၇ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှုစာစုကို ကိုးကားပါ။ |
| ယုံကြည်အပ်နှံခြင်းခံရသူ | ယုံကြည်အပ်နှံမှုနှင့် ယုံကြည်အပ်နှံခြင်းခံရသူ ဆိုသည့်စကားရပ်များကို ယုံကြည်အပ်နှံမှုနှင့် ၄င်းအား အသိအမှတ်ပြုမှုနှင့် အကျုံးဝင်သည့် ဥပ ဒေ ဆိုင်ရာ ဟော့ဂ် ကွန်ဗင်းရှင်းရှိ အပိုဒ် ၂ တွင် ဖော်ပြချက်နှင့် အညီ [102] နားလည်သဘာပေါက်ရန်ဖြစ်သည်။<br>ယုံကြည်အပ်နှံခြင်း ခံရသူများသည် ၄င်းတို့၏ လုပ်ငန်း ဆောင်ရွက်မှုအလျောက် ယုံကြည်အပ်နှံခြင်းခံသူအဖြစ် ဆောင်ရွက်ရန် အကျိုးဆောင်ခ ပေး၍ ဆောင်ရွက်စေသည့် ပညာဖြင့် အသက်မွေးဝမ်းကျောင်း သူများ ဖြစ်နိုင်သကဲ့သို့(စီရင်ပိုင်ခွင့်အပေါ် မူတည်၍ ရှေ့နေ သို့မဟုတ် ယုံကြည်အပ်နှံမှု ကုမ္ပဏီတစ်ရပ်ဖြစ်နိုင်)၊ ပညာဖြင့် အသက်မွေးဝမ်းကျောင်းသူ မဟုတ်သည့် သူလည်းဖြစ်နိုင်သည် (ဥပမာ-အကျိုးဆောင်ခ မပါဘဲ မိသားစု ကိုယ်စား ဆောင်ရွက်ပေးသူ) |
| သီးခြား ကိုးကား အမှတ်အသား | အကြံပြုချက် ၁၆ ပါ အဓိပ္ပါယ်ဖွင့်ဆိုမှုစာစုကို ကိုးကားပါ။ |
| မဆိုင်းမတွ | မဆိုင်းမတွ ဆိုသည်မှာ စံပြအခြေအနေတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့မဟုတ် ဆိုင်ရာ အရေးယူ ဒဏ်ခတ်မှု ကော်မတီ (ဥပမာ- ၁၂၆၇ ကော်မတီ၊ ၁၉၈၈ ကော်မတီ၊ ၁၇၁၈ အရေးယူဒဏ်ခတ်မှု ကော်မတီ)မှ စာရင်းသွင်း ချမှတ်သည့် နာရီပိုင်းအတွင်း လုပ်ဆောင်ခြင်းကို ခေါ်သည်။ *S/RES/1373(2001)* ကိစ္စရပ်များအတွက်၊ မဆိုင်းမတွ ဆိုသည်မှာ လုံလောက်သင့်လျော်သည့် အကျိုးအကြောင်းအရ၊ သို့မဟုတ် ကျိုးကြောင်းသင့်လျော်သည့် အခြေခံတစ်ခုအရ၊ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့သည် အကြမ်းဖက်သမား ဖြစ်သည်၊ အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်အဖွဲ့ကို ငွေကြေးထောက်ပံ့သူ ဖြစ်သည်ဟု သံသယဖြစ်လျှင် သို့မဟုတ် ယုံကြည်ရလျှင် ရချင်း ထိုအချိန်ကို ခေါ်သည်။ ထိုကိစ္စရပ်နှစ်ခုစလုံးတွင် မဆိုင်းမတွ ဆိုသည့် စကားရပ်ကို အကြမ်းဖက်သမားများ၊ အကြမ်းဖက်အဖွဲ့များ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့သူ များနှင့် ဖျက်အားပြင်းလက်နက် ပြန့်ပွားမှုကို ငွေကြေးထောက်ပံ့သူများက ရန်ပုံငွေများ သို့မဟုတ် အခြားပိုင်ဆိုင်ပစ္စည်းများဖြင့် ထွက်ပြေးတိမ်းရှောင်ခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်းကို တားဆီးရန် အတွက်လည်းကောင်း၊ ထိုငွေကြေး စီးဆင်းမှုကို အမြန် ဖြတ်တောက်ရန် တစ်ကမ္ဘာလုံးမှ ဟန်ချက်ညီစွာ ဆောင်ရွက်ရန်လည်းကောင်းလိုအပ်သဖြင့် မဆိုင်းမတွ ဆောင်ရွက်သည်ဟု အဓိပ္ပါယ်ဖွင့်ဆိုသင့်သည်။ |

102 ဟော့ဂ် ကွန်ဗင်းရှင်းရှိ အပိုဒ် ၂ သည် အောက်ပါဖော်ပြပါအတိုင်းဖြစ်သည်။

ဤကွန်ဗင်းရှင်းအတွက်၊ ယုံကြည်အပ်နှံမှု ဆိုသည့်စကားရပ်သည် ထူထောင်သူ လူတစ်ဦးမှ အသက်ထင်ရှား ရှိစဉ်အခါတွင်ဖြစ်စေ သေဆုံးသည့်အခါတွင်ဖြစ်စေ၊ ပိုင်ဆိုင်မှုပစ္စည်းများကို အကျိုးခံစားခွင့်ရှိသူတစ်ဦး၏ အကျိုးအတွက် သို့မဟုတ် အခြားကိစ္စရပ်တစ်ခုအတွက် ယုံကြည်အပ်နှင်းခြင်းခံရသူ၏ ထိန်းသိမ်းမှုအောက်တွင် ထားရှိသည့် ဥပဒေရေးရာ ဆက်ဆံဆောင်ရွက်မှုကို ခေါ်သည်။

ယုံကြည်အပ်နှံမှုတစ်ခုတွင် အောက်ပါ လက္ခဏာများ ရှိသည်။

က.( ပိုင်ဆိုင်မှုသည် ယုံကြည်အပ်နှံခြင်း ခံရသူ၏ ကိုယ်ပိုင် ပစ္စည်း ခြံမြေနှင့် ခွဲခြားထားရှိသည့် ရန်ပုံငွေဖြစ်သည်။

ခ.( ယုံကြည်အပ်နှံထားသည့် ပိုင်ဆိုင်မှုပစ္စည်းများ၏ ပိုင်ရှင်အဖြစ် ယုံကြည်အပ်နှံခြင်းခံရသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်းခံရသူ၏ ကိုယ်စားအခြားသူ၏ အမည်ဖြင့် တည်ရှိသည်။

ဂ.( ယုံကြည်အပ်နှံခြင်းခံရသူသည် မိမိတာဝန်ခံထားသည့် ကိစ္စရပ်အတွက် ယုံကြည်အပ်နှံမှုပါ စည်းမျဉ်းများနှင့် အညီလည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်အရ ခံယူရသည့် အထူးတာဝန်များနှင့် အညီလည်းကောင်း၊ စီမံခန့်ခွဲရန်၊ အသုံးပြုရန် သို့မဟုတ် ထုခွဲရောင်းချရန် လုပ်ပိုင်ခွင့် နှင့် တာဝန်ရှိသည်။

တည်ထောင်သူမှ အချို့ အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်များကို ကန့်သတ်ခြင်း၊ ယုံကြည်အပ်နှံခြင်းခံရသူကိုယ်တိုင် အကျိုးခံစားခွင့်ရှိသူအဖြစ် အခွင့်အရေးများရရှိခြင်းတို့သည် ယုံကြည်အပ်နှံမှုတစ်ခု တည်ရှိခြင်းနှင့် မကိုက်ညီစရာ အကြောင်းရှိချင်မှ ရှိမည်။

## TABLE OF ACRONYMS အတိုကောက်စာလုံးဇယား

| | |
|---|---|
| AML/CFT | ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး (အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး အတွက်လည်း သုံးသည်) |
| BNI | ကိုင်ဆောင်သူလွှဲပြောင်းနိုင်သောစာချုပ်စာတမ်း |
| CDD | ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်မှု |
| DNFBP | ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ |
| FATF | ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်မှု အဖွဲ့ |
| FIU | ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| IN | အဓိပ္ပါယ်ရှင်းလင်းဖွင့်ဆိုမှုစာစု |
| ML | ငွေကြေးခဝါချမှု |
| MVTS | ငွေကြေးသို့မဟုတ် တန်ဖိုးရှိပစ္စည်းလွှဲပြောင်းရေးဝန်ဆောင်မှု(များ) |
| NPO | ပရဟိတအဖွဲ့အစည်း |
| Palermo Convention | ကုလသမဂ္ဂ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေး ဆိုင်ရာ ကွန်ဗင်းရှင်း (၂၀၀၀) |
| PEP | ပြည်တွင်းပြည်ပ၌ ဩဇာတိက္ကမရှိသူ |
| R. | အကြံပြုချက် |
| RBA | အန္တရာယ်အခြေပြု ချဉ်းကပ်မှု |
| SR. | အထူးအကြံပြုချက် |
| SRB | ကိုယ်တိုင်စည်းကမ်းချမှတ်သည့်အဖွဲ့များ |
| STR | သံသယဖြစ်ဖွယ်သတင်းပို့ချက် |
| TCSP | ယုံကြည်အပ်နှံမှုနှင့် ကုမ္ပဏီဝန်ဆောင်မှုပေးသူ |
| Terrorist Financing Convention | အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တားဆီးနှိမ်နှင်းရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (၁၉၉၉) |
| UN | ကုလသမဂ္ဂ |
| Vienna Convention | မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် တရားမဝင်ရောင်းဝယ်မှု တားဆီးနှိမ်နှင်းရေး ဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်း ၁၉၈၈ |

# နည်းပညာ မွမ်းမံ ပြင်ဆင်မှု ရက်စွဲများ

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် FATF နည်းပညာကို အတည်ပြုပြီးနောက် အောက်ပါမွမ်းမံပြင်ဆင်ချက်တို့ကို ပြုလုပ်ခဲ့သည်။

| ရက်စွဲ | မွမ်းမံပြင်ဆင်မှု အမျိုးအစား | မွမ်းမံပြင်ဆင်မှု ပြုလုပ်သည့် အခန်းများ |
|---|---|---|
| ၂၀၁၅ အောက်တိုဘာ | သတ်မှတ်စံ ၂၉.၃ (criterion 29.3)ကို အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုကို ထပ်မံရှင်းလင်းသည့် အောက်ခြေမှတ်စုဖြည့်စွက်ချက် | • R.29 – စာမျက်နှာ ၇၅<br>FIU ၏ အချက်အလက်ထပ်မံ တောင်းခံရယူရန် လုပ်ပိုင်ခွင့်အပေါ် နည်းပညာ၏ criterion 29.3. ကျင့်သုံးမှုကို လမ်းညွှန်ရန် အောက်ခြေမှတ်စု ထပ်ဖြည့်စွက်ရန်။ |
| ၂၀၁၆ ဖေဖော်ဝါရီ | R.5 နှင့် IO.9 ကို ပြင်ဆင်ချက် | • R.5 နှင့် IO.9 - စာမျက်နှာ ၁၁၅-၁၁၆<br>R.5 နှင့် IO.9 အတွက် နည်းပညာကို UNSCR 2178 နှင့်စပ်လျဉ်းသည့် အကြံပြုချက် ၅ အပေါ် အဓိပ္ပါယ်ဖွင့်ဆိုမှု စာစု ပြင်ဆင်ချက်နှင့် ကိုက်ညီစေရန်။ |
| ၂၀၁၆ ဖေဖော်ဝါရီ | သတ်မှတ်စံ ၃၃.၁ (criterion 33.1) ရှိ သတ်မှတ်လိုအပ်ချက်များကို ရှင်းလင်းရန် အောက်ခြေမှတ်စု ဖြည့်စွက်ချက် | • R 33 - စာမျက်နှာ ၈၁<br>သတ်မှတ်စံ ၃၃.၁ (criterion 33.1) အတွက် နည်းပညာ ကျင့်သုံးပုံကို ရှင်းလင်းရန် အောက်ခြေမှတ်စု ဖြည့်စွက်ရန်။ |
| ၂၀၁၆ ဖေဖော်ဝါရီ | IO.7. ရှိ ML လုပ်ရပ် အမျိုးအစားများ၏ စကားရပ်ကို အောက်ခြေမှတ်စု ဖြည့်စွက်ချက် | • IO.7 – စာမျက်နှာ ၁၁၀ ၁၁၂- IO.7 အတွက် (ပင်မအရေးကိစ္စ ၇.၃) နည်းပညာတွင် ညွှန်းဆိုထားသည့် အတိုင်း ML လုပ်ရပ် အမျိုးအစား အမျိုးမျိုး၏ စကားရပ်ကို ရှင်းလင်းသည့် အောက်ခြေမှတ်စု ထပ်ဖြည့်ရန်။ |
| ၂၀၁၆ အောက်တိုဘာ | R.8 နှင့် IO.10. ပြင်ဆင်မွမ်းမံချက် | R.8 နှင့် IO.10၊ ဝေါဟာရ စာရင်း -စာမျက်နှာ ၃၉-၄၁ နှင့် ၁၁၇-၁၁၉<br>R.8 နှင့် IO.10 တို့အတွက် နည်းပညာနှင့် ပြန်လည် ပြင်ဆင်ထားသည့် အကြံပြုချက် ၈ နှင့် ထိုအကြံပြုချက် ၈ အတွက် အဓိပ္ပါယ်ဖွင့်ဆိုသည့် စာစုတို့ နှင့် ကိုက်ညီရန်၊ |

| | | |
|---|---|---|
| ၂၀၁၆ အောက် တိုဘာ | 10.8. ရှိ အခွန်နှင့် သိမ်းဆည်းမှု အတွက် အောက်ခြေမှတ်စု ဖြည့်စွက်ချက် | • 10.8 – စာမျက်နှာ ၁၁၃-၁၁၄<br>• 10.8 (ပင်မအရေးကိစ္စ ၈.၂(အောက်ရှိ ထိရောက်မှုကို အကဲဖြတ်ချက်အတွက် အခွန်ဆိုင်ရာ သိမ်းဆည်းမှု ကိန်းဂဏန်းများကို မည်သို့ထည့်သွင်း စဉ်းစား သင့်သည်ကို ဖော်ပြသည့် အောက်ခြေမှတ်စု ဖြည့်စွက်ရန်၊ |
| ၂၀၁၇ ဖေ ဖော်ဝါ ရီ | R.5 နှင့် 10.9. တို့အား ပြင်ဆင်ချက် | • R.5 နှင့် 10.9 – စာမျက်နှာ ၃၀-၃၁ နှင့် ၁၁၅-၁၁၆<br>R.5 နှင့် 10.9 တို့အတွက် နည်းပညာနှင့် ပြန်လည်ပြင်ဆင်ထားသည့် အကြံပြုချက် ၅ ၏ အဓိပ္ပါယ်ဖွင့်ဆိုမှု စာစုနှင့်လည်းကောင်း၊<br>“ရန်ပုံငွေများနှင့်အ ခြားပိုင်ဆိုင်မှုပစ္စည်းများ” ဆိုသည့် စကားရပ်နှင့်လည်းကောင်း ချိန်ညှိရန်။ |
| ၂၀၁၇ နိုဝင် ဘာ | အကြံပြုချက် ၇ ကို ပြန်လည်ပြင်ဆင်ချက် | • R.7 – စာမျက်နှာ ၃၆-၃၈<br>R.7ကို ၂၀၁၇ ဇွန်လတွင် ပြင်ဆင်ခဲ့သည့် FATF စံနှုန်းများ(INR.7 နှင့် ဝေါဟာရ စာရင်း) တို့အတိုင်းဖြစ်စေရန် ပြင်ဆင်ရန်။<br>(ဇွန်လ ပြင်ဆင်ချက်မှာ ၂၀၁၂ ဖေဖော်ဝါရီ က FATF စံနှုန်းများ ထုတ်ပြန်ခဲ့ပြီးနောက် ဖျက်အားပြင်းလက်နက်ပြန့်ပွားမှုအပေါ် ပြင်ဆင်သည့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်များကို ထင်ဟပ်စေသည့် ပြင်ဆင်ချက်ဖြစ်သည်) |

| ရက်စွဲ | မွမ်းမံပြင်ဆင်မှု အမျိုးအစား | မွမ်းမံပြင်ဆင်မှု ပြုလုပ်သည့် အခန်းများ |
|---|---|---|
| ၂၀၁၇ နိုဝင်ဘာ | အကြံပြုချက် ၂၅ ရှိ အောက်ခြေမှတ်စုကို ပြင်ဆင်ချက် | • R.25 – စာမျက်နှာ ၆၉-၇၀<br>အထူး ယုံကြည်အပ်နှံမှုနှင့် ပုံစံလက္ခဏာများ အလားတူ သဖြင့် ML/TF ရှုဒေါင့်အရ အထူး ခုခံမှုအားနည်းနိုင်ခြေ ရှိသော R.25 နှင့် IO.5. အောက်တွင် အကျုံးဝင်သည့် အခြား ဥပဒေရေးရာ စီစဉ်ဆောင်ရွက်မှုများကို သိရှိအောင် မည်သို့ ဖော်ထုတ်ရမည်ကို လမ်းညွှန်ပြရန် နည်းပညာ ရှိ R. 25 အတွက် အောက်ခြေမှတ်စု ၅၅ ကို ပြင်ဆင်ရန်၊ ထို့အပြင် အပြန်အလှန် အကဲဖြတ်မှုများတွင် ချဉ်းကပ်ပုံများ ရှေ့နောက် ကိုက်ညီရန်အတွက် ပြင်ဆင်မွမ်းမံရန်ဖြစ်သည်။ |
| ၂၀၁၈ ဖေဖော်ဝါရီ | အကြံပြုချက် ၁၈ နှင့် ၂၁ တို့ကို ပြင်ဆင်ချက် | • R.18 – စာမျက်နှာ 58 နှင့် R.21 - စာမျက်နှာ 62<br>R.18 နှင့် R.21 တို့ကို ၂၀၁၇ နိုဝင်ဘာတွင် ပြင်ဆင်ခဲ့သည့် FATF စံနှုန်းများ (INR.18နှင့် R.21)နှင့်ကိုက်ညီစေရန် အတွက် ပြင်ဆင်ခြင်း။ ၂၀၁၇ နိုဝင်ဘာ ပြင်ဆင်ချက်မှာ ငွေကြေးဆိုင်ရာအုပ်စုများ အကြား ပုံမှန်မဟုတ်သော သံသယဖြစ်ဖွယ် ငွေလွှဲပြောင်းမှုများအပေါ် သတင်းအချက်အလက် မျှဝေခြင်း၊ နှင့် စပ်လျဉ်းသည့် စည်းကမ်းများ၊ ထိုစည်းကမ်းများရှိ သတ်မှတ်လိုအပ်ချက်များနှင့် သတင်းပေါက်ကြားမှု ပြဋ္ဌာန်းချက်များဆက်စပ်မှုများကို ရှင်းလင်းထားသည့် ပြင်ဆင်ချက်ဖြစ်သည်။ |
| ၂၀၁၈ အောက်တိုဘာ | အကြံပြုချက် ၂ နှင့် လက်ငင်းရလဒ် ၁ တို့ ပြင်ဆင်မွမ်းမံချက် | • R.2 – စာမျက်နှာ ၂၆ နှင် IO.1 – စာမျက်နှာ ၉၄ နှင့် ၉၅<br>AML/CFT သတ်မှတ်လိုအပ်ချက်များ၊ ဒေတာ ကာကွယ်စောင့်ရှောက်မှုနှင့် ကိုယ်ရေးလွတ်လပ်ခွင့် စည်းကမ်းများကို ရှင်းလင်းသည့် FATF စံနှုန်းများ (R.2.) အား ၂၀၁၈ ဖေဖော်ဝါလက ပြင်ဆင်ချက်များနှင့် ကိုက်ညီစေရန် နှင့် အဖွဲ့အစည်းများအကြား CT/CFT သတင်းအချက်အလက်ဖလှယ်သည့် RTMG အစီရင်ခံစာ ဆုံးဖြတ်ချက်များကို အခြေတည်ရန် |

| | | |
|---|---|---|
| | | ပြင်ဆင်ခြင်း |
| ၂၀၁၈ အောက်တိုဘာ | အပိုင်း ၁ ကို ပြင်ဆင်ချက်များ၊ နှင့် လက်ငင်းရလဒ် ၃ နှင့် ၄ နှင့် ဆက်စပ်သည့် အပိုင်း ၅ နှင့် ၆ တွင် အောက်ခြေမှတ်စုများထပ်ဖြည့် စွက်ချက်များ | • အပိုင်း ၁ -စာမျက်နှာ ၁၃၂<br>• အပိုင်း ၅ -စာမျက်နှာ ၁၃၈ နှင့် အပိုင်း ၆ စာမျက်နှာ ၁၃၉<br>10.3 နှင့် 10.4 အောက် ထိရောက်မှုကို အကဲဖြတ်ရာတွင် မည်သည့်အချက်များ မျှော်လင့်ရမည်ကို ရှင်းလင်းရန်အတွက် အောက်ခြေမှတ်စုများ ထပ်ဖြည့်ခြင်း၊ ထိုသို့ အကဲဖြတ်ရာတွင် အကဲဖြတ်ခံနိုင်ငံ၏ အန္တရာယ်၊ ဆက်စပ် အကြောင်းတရား နှင့် စီးပွားရေးအတွက် အခရာကျမှုတို့ကို ထည့်သွင်းစဉ်းစားရန်များဖြစ်သည်။ |
| ၂၀၁၉ ဖေဖော်ဝါရီ | လက်ငင်းရလဒ် ၃ နှင့် ၄ ကို ပြင်ဆင်ချက်များ၊ အကဲဖြတ်သူများအတွက် မှတ်စုကို ဖြည့်စွက်ချက်များနှင့် အောက်ခြေမှတ်စုများ | • လက်ငင်းရလဒ် ၃ -စာမျက်နှာ ၉၉ -၁၀၀<br>လက်ငင်းရလဒ် ၄ -စာမျက်နှာ ၁၀၃-၁၀၄<br>ငွေရေးကြေးရေးအဖွဲ့များနှင့် DNFBP ကဏ္ဍအမျိုးမျိုး၏ တစ်ခုနှင့်တစ်ခု အရေးပါမှု မတူညီမှုကို မည်သို့ အကဲဖြတ် ရမည်ကို လမ်းညွှန်ရန် အကဲဖြတ်သူများ အတွက် မှတ်စုများ နှင့် အောက်ခြေမှတ်စုများ ထပ်ဖြည့်ခြင်း၊ |

FATF

www.fatf-gafi.org